http://www.dhammadownload.com

၃၅၀၀

ဓမ္မဘေရီစာစဉ်(၁၃)

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

လူတိုင်းအတွက် ပဌာန်း

နှင့်ဂမ္ဘီးအတွက်ရေး ■ (နှင့်ဒွေဟာ)ကုန်ဘွင်းမှုဆောင်ဝ

http://www.dhammadownload.com

၃၅၀၀

ဓမ္မဘေရီစာစဉ်(၁၃)



ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

ရုတိုင်းအတွက်

ပဌာန်း

http://www.dhammadownload.com



ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

လူတိုင်းအတွက်

ပဋ္ဌာန်း

ကူမိနာနန္တဋ္ဌာနမှိ၊ ဆေကော ဘဝေမိ သဗ္ဗဓိ။
သိတ္တာ နာဝါဝ နိဗ္ဗာနံ၊ လောကေ ကုဟိဦ နာလယံ။

အဟံ၊ ငါသည်။ ကူမိနာပုညကမွေန၊ ဤပစ္စယုဒ္ဒေသ၊ နိဿယကို၊ ရွရွနှုတ်တက်၊ ဆောင်ရွက်ကျက်မှတ် ရွတ်ဘတ်ဖွေနည်၊ ကြံစည်မြဲမြံ၊ ကုသိုလ်ကံကြောင့်။ သဗ္ဗဓိဘဝေ၊ ဘဝတိုင်း၌။ သဗ္ဗဓိအနန္တဋ္ဌာနမှိ၊ ကြွင်းမဲ့ ကုန်စင် မထင်ဆုံးကမ်း ပဋ္ဌာန်းကျမ်း၌။ ဆေကော၊ တတ်ပွန်သိမြင်ကျွမ်းကျင်လိမ္မာသည်။ ဧမိ၊ ဖြစ်ရလိုဏ်။ သိတ္တာ၊ လေးသည့်ရေဝန် ပက်သွန်ပြီးသော။ နာဝါ၊ လှေသည်။ တိတ္ထံ၊ လိုရာဆိပ်ကမ်းသို့။ ဧတိကူတိ၊ မတွယ်မတာ လျင်စွာထုတ်လျှောက် ရောက်သကဲ့သို့။ ကုဟိဦ့လောကေ၊ ရူပ သဒ္ဒ စသည့်အာရုံ တစ်စုံတခုသော လောက၌။ အနာလယံ၊ မတွယ်မတာ ဆိတ်စာမထောင့်သည်ဖြစ်၍။ နိဗ္ဗာနံ၊ အမတမွန် ငြိမ်းရာမှန်သည် နိဗ္ဗာန်ပြည်နန်းသို့။ ဧမိ၊ လျင်စွာ ထုတ်ချောက် ရောက်ရလိုဏ်။

http://www.dhammadownload.com

မမ္မဘေရီ စာစဉ်(၁၃)

လူတိုင်းအတွက် ပဌာန်း

မမ္မဘေရီ အရှင်ဝီရိယ
(တောင်စွန်း)

ပင်ရင်း

New Day Colour Separation

အမှတ်(၁၄၈)၊လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၁၄၃၇၊ ၂၉၈၆၄၂

http://www.dhammadownload.com

စာမူ ခွင့်ပြုချက်အမှတ်	■ ၆၀၀၁၀၁၀၂၁၁
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်	■ ၆၀၀၀၇၉၀၂၁၁
ထုတ်ဝေသည့်အကြိမ်	■ ပထမအကြိမ် (ဖေဖော်ဝါရီလ၊ ၂၀၁၁)
အုပ်ရေ	■ ၁၀၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	■ ဒေါ်ကြည်ပြာသွယ် ဝင်းတိုးအောင် အော့ဖ်ဆက် အမှတ်(၁၈၁)၊လမ်း(၅၀) ပုဇွန်တောင်မြို့နယ်။
ထုတ်ဝေသူ	■ ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေ၊ အမှတ်(၃၆၀) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံး	■ ဗကျီလင်းဝဏ္ဏာ
စာအုပ်ချုပ်	■ ဖူးပွင့်မွေး
တန်ဖိုး	■ ၃၀၀၀

၂၉၄.၃

ဝိရိယ/အရှင်၊ ဓမ္မဘေရီ(တောင်စွန်း)
လူတိုင်းအတွက် ပဌာန်း
ဓမ္မဘေရီ အရှင်ဝိရိယ(တောင်စွန်း)၊ ရန်ကုန်။
ပန်းဝေဝေစာပေ၊ (၂၀၁၁)
၄၁၄ – စာ၊ ၁၃× ၂၁ စင်တီ
(၁) လူတိုင်းအတွက်ပဌာန်း

http://www.dhammadownload.com



ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)

http://www.dhammadownload.com

http://www.dhammadownload.com

မာတိကာ

၁။ ကံထွန်းသစ်၏ အမှာစာ - က
၂။ မော်ကွန်းတင် ကျေးဇူးစကား - ၎
၃။ လူတိုင်းအတွက်ပဌာန်း - ၁
၄။ ဟေတုပစ္စည်း - ၁၁
(ဘုံမြေကြီးနဲ့ ရေသောက်မြစ်ခြောက်သွယ်)
၅။ ဟေတု - အာရမ္မဏ - ၂၁
(အချစ်လည်း မစောနဲ့ အပြစ်လည်း မပြောနဲ့)
၆။ အာရမ္မဏပစ္စည်း - ၃၁
(သက်ရှိအားလုံးတို့ရဲ့ အသက်သွေးကြော)
၇။ အဓိပတိပစ္စည်း - ၄၅
(ဇမ္ဗူတလူအစွမ်းအစများ)
၈။ အနန္တရပစ္စည်း - ၆၄
၉။ သဟဇာတ၊အညမညု၊နိဿယ (၁) - ၈၃
၁၀။ သဟဇာတ၊အညမညု၊နိဿယ (၂) - ၉၁
- အညမညု - ၉၂
- သဟဇာတ - ၉၆
- နိဿယ - ၁၀၁
၁၁။ ဥပနိဿယပစ္စည်း - ၁၀၈
၁၂။ ပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း - ၁၅၂
- ပစ္ဆာဇာတ - ၁၅၈

http://www.dhammadownload.com

၁၃။ အာသေဝနပစ္စည်း - ၁၆၄
၁၄။ ကမ္မပစ္စည်း - ၁၇၇
၁၅။ ဝိပါကပစ္စည်း - ၂၁၂
၁၆။ အာဟာရပစ္စည်း - ၂၆၂
၁၇။ ဣန္ဒြိယပစ္စည်း - ၂၈၅
၁၈။ ဈာနပစ္စည်း - ၃၂၁
၁၉။ မဂ္ဂပစ္စည်း - ၃၄၈
၂၀။ သမ္ပယုတ္တပစ္စည်း - ၃၇၂
၂၁။ ဝိပ္ပယုတ္တပစ္စည်း - ၃၇၅
၂၂။ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း - ၃၇၉
၂၃။ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း - ၃၈၁
၂၄။ ပစ္စယုဒ္ဒေသ၊ ပါဠိ - နိဿယ - ၃၈၇

http://www.dhammadownload.com

ကံထွန်းသစ် ၏ အမှာစကား

အသုံးချပဌာန်း

(၁)

စာအုပ်အတွက် အမှာစာရေးပေးရန် ဓမ္မဘေရီဆရာတော်က ဖုန်းဖြင့်လှမ်းတောင်းလိုက်သောအခါ အကြောင်းအရာဟောင်းနှစ်ခုသည် ခေါင်းထဲတွင် ပြန်သစ်လာကြသည်။

တစ်ခုက . . မဂ္ဂဇင်းတစ်စောင်ကို တာဝန်ခံအယ်ဒီတာအဖြစ်ဆောင်ရွက်စဉ်၊ စာရေးဆရာကြီးနှစ်ဦးနှင့်ပတ်သက်၍ ဖြစ်သည်။ တစ်ဦးက ရဟန်းတော် စာရေးဆရာ၊ ကမ္မဋ္ဌာနာစရိယအကျော်၊ ထိုပုဂ္ဂိုလ်ကြီး၏ စာမူများသည် ပြည်ပအတွေ့အကြုံများ ဖြစ်သော်ငြား မထူးခြား၊ ဘယ်အိမ်သွား ဆွမ်းစား၊ ပရိတ်ရွတ် ဆိုတာတွေ ဖြစ်နေပြီး၊ သုတ,ရသ မပေးနိုင်၊ ဂုဏ်သိက္ခာအရ ပယ်၍ကလည်းမသင့်၊ ထို့ကြောင့် ဆရာတော်အနေဖြင့် တွေ့ကြုံခဲ့ ရသောအကြောင်းအရာများ၊ ဆည်းကပ်ခဲ့သောပုဂ္ဂိုလ်များ၏ ကြီးကျယ်မှုများအရ ပြန်လည်ရေးသား ဖော်ပြသင့်သော သုတ၊ ရသ တွေရှိခဲ့ရာ ထိုအရာများကို ပြန်လည်ရေးသားပေးရန် အထူးသဖြင့် သူ၏

http://www.dhammadownload.com

ဆရာတော်ကြီး၏ စာမတင်ရသေးသော အကြောင်းများကို ပြန်ရေးပါရန်၊ အကြံပြုကာ၊ "တပည့်သိသော ဆရာ" ဟူသော ခေါင်းစဉ်ကို ပေးလိုက်ရုံမျှမက ကာဗာစတိုရီ (cover story) အဖြစ် အခန်းဆက် ဖော်ပြပေးခဲ့သည်။ ဟင်းစားလည်းပေး ပိုက်ချက်လည်းပြခဲ့သည် ဆိုပါတော့။ သို့သော် စာအုပ်အဖြစ် ထိုဆောင်းပါးများကို စုပေါင်းထုတ်ဝေသော အခါတွင်မူ၊ စာအုပ်တိုက်ပိုင်ရှင် သူဌေး၏ တိုက်တွန်းမှုကြောင့် ဤစာအုပ်ကိုရေးသား ထုတ်ဝေလိုက်ရပါသည် . . တဲ့။

နောက်တစ်ဦးက . . . အလွန်ရင်းနှီး၍ ခင်မင်လေးစားရသော ဟိန္ဒူစာပေ ဘာသာပြန်တွေ ရေးသားလေ့ရှိသည့် စာရေးဆရာကြီး၊ ပါရမီဆယ်ပါးကို လူငယ်များ စိတ်ဝင်စားအောင်၊ နောက်ပြီးခေတ်အနေအထားအရ "အဓိဋ္ဌာန်ပါရမီ" ကစပြီး ရေးသားပေးပါရန် တောင်းပန်ခဲ့၍ မဂ္ဂဇင်းတွင်လည်း တစ်ပါးချင်းလစဉ် (cover story) များအဖြစ် ဖော်ပြပေးခဲ့သည်။ စာအုပ်အဖြစ် ထိုစာမူများကို ပေါင်းချုပ်ထုတ်ဝေသောအခါတွင်လည်း အောက်ခြေမှတ်စုတွင် မဂ္ဂဇင်း၏အမည်လေးတောင်မျှ ဖော်ပြမထားခဲ့၊ တစ်ခုတော့ကွာသည် ထိုဆရာကြီးက မိမိကိုခင်မင်လေးစားမှု မပျက်သော်ငြား မဂ္ဂဇင်းထုတ်ဝေသူ၏ စရိုက်ကိုမူ မနှစ်မြို့ခဲ့။ ဤအချက်တို့ကို ပြန်လည်ကောက်ပြနေခြင်းသည် အခဲမကြေ၍ မဟုတ်ပါ၊ ထိုတို့နှင့်ခြားနားသည့်အချက်လေးကို "ထင်း" စေချင်လို သောကြောင့် ဖြစ်ပါသည်။ ထိုအချက်က ဓမ္မဘေရီဆရာတော်နှင့် ဆက်နွယ်ပါသည်။ အထက်ပါကဲ့သို့ပင် ဆရာတော် မိမိမဂ္ဂဇင်းတိုက်သို့ ရောက်လာစဉ်၊ စာစကား ပေစကားတွေပြောရင်း ဆရာတော်၏ ဝမ်းစာလျှံမှုကို သတိထားမိကာ စာရေးဖို့ တိုက်တွန်းခဲ့မိသည်။ စောင့်ကာ ဖော်ပြပေးမိသည် လစဉ် . . လစဉ် . . . ။ သို့ဖြင့်

http://www.dhammadownload.com

(၈)

ဆရာတော်လုံးချင်းတွေ ထုတ်တော့ ထုပ္ပုတ်မှာ မိမိကြောင့် စာရေးဖြစ်ခဲ့ရကြောင်း ကျေးဇူးကိုဖော်ပြခဲ့လေသည်။ မိမိအတွက် ပျိုးခဲ့သောအပင် ဝေဆာကြီးမြင့်မှုကို မော့ကြည့်ရသော ပီတိထက် ဘာမျှမပိုရခဲ့ရပေမင့်၊ ဆရာတော်၏ "ကတဝေဒီအလှ" ကမူ ဝင်းပြက်လှပါဘိ။ ဒါက ပထမအချက်။

ဒုတိယအချက်ကတော့ . . . ဆရာတော်သည် "အစွမ်းရှိသူတိုင်း၊ အစဖော်ပေးမှ" စွမ်းသည်ဟု ခံယူသည့်အလျောက် အစွမ်းရှိသူတိုင်းကို သင့်ရာ၌ နေရပေးလေ့ရှိရာ၊ မိမိကိုလည်း လျှော်ရာကြဲ့တိုင်း၊ သင့်အောင်နေရာပေးလေ့ရှိသည်။ ယောနိသောမနသိကာရ နှလုံးသားရှိသူဟု သိသာစေနိုင်သောအချက်ပင်၊ ဤနှစ်ချက်တို့ ပြန်လည်သစ်လာခဲ့သည်။ ယခုလည်း ထိုစိတ်ထားကြောင့်ပင် မိမိကို တကူးတကလှမ်း၍ အမှာစာရေးသား ခိုင်းခြင်းဟု ခံယူကာနှစ်လိုစွာလက်ခံလိုက်ပါသည်။

(၂)

အမှာစာက ယခုမှစပါတော့မည်။

ဓမ္မရိပ်မဂ္ဂဇင်းကို ဦးစီးထုတ်ဝေသောအခါ၊ ဓမ္မဘေရီ ဆရာတော်ကို ကဏ္ဍာတစ်ခု ပင်တိုင်ရေးဖို့ လျှောက်ထားလိုက်သည်။ ဆရာတော်က သူငယ်စဉ်မှာ နာယူခဲ့ဖူးသော မိုးညှင်းဆရာတော်ကြီး၏ စာပဌာန်းမဟုတ်၊ ရွာပဌာန်းအဖြစ် လူတွေနှင့် နီးစပ်အောင် ဟောကြားခဲ့သလို လူတိုင်းနားလည်လွယ်အောင် (လူတိုင်းအတွက် ပဌာန်း)အဖြစ် ရေးလိုကြောင်းပြောလာသည်၊ ဝမ်းသာအားရကြို ဆိုလိုက်ပါသည်။

နတ်မှီတောရဆရာတော်ကြီး၊ မိလိန္ဒပဉ္ဍာအဋ္ဌကထာ

http://www.dhammadownload.com

နိဿယကျမ်းပြု ဆရာတော်ကြီးစသည့် ထေရ်ကြီးများထံမှ အဘိဓမ္မာ သဘောများကို (အာစရိယမုဋ္ဌိ) ဆရာ့နည်းကျရရှိခဲ့သည်သာမက ကိုယ်တိုင်လည်း ပဌာန်းစာဝါကို အမရပူရ၊ တောင်ကြီး၊ ရန်ကုန်၊ မော်ဘီစသည့် ဒေသများရှိ စာသင်တိုက်ကြီးများတွင် နှစ်စဉ်ပို့ချ ပေးနေပြီး၊ အော်ဇီ၊ အမေရိကန်နိုင်ငံစသည့် ရေခြား မြေခြားဒေသ အချို့တို့မှာပင် ပဌာန်းသင်တန်းပို့ချပေးနေသောသူက ထိုအကြောင်း များကို ရေးသားပေးမည်ဆိုရာ ဝမ်းမသာသော အယ်ဒီတာသည် ဘယ်မှာရှိပေလိမ့်၊ ဆရာတော်ရေးသားလျှင် လူတိုင်း နားလည် သဘောပေါက်သည့် ပဌာန်းဖြစ်မည်မှာ ဧကန်ပင်၊ ထင်သည့်အတိုင်းပင် ပဌာန်းစာမူများ ဖော်ပြပေးလိုက်သောအခါ စာဖတ်ပရိသတ်ထံမှ ပဲ့တင်သံတွေပြန်လာသည်၊ သဘောကျ နှစ်ချိုက်ကြသည်၊ မဂ္ဂဇင်းကို စောင့်ဖတ်ကြသည်၊ ဖုန်းနှင့်တနည်း၊ စာနှင့်တမျိုး၊ လူတွေ့တဖုံ၊ ဆုံတိုင်းပြောလာကြသည်၊ အွန်လိုင်းမှာ(www.ashinsirinda.com) မေတ္တာဥယျာဉ် ဝက်ဘ်ဆိုဒ်က ဖော်ပြတော့လည်း သဘောကျသူ၊ ဖတ်သူ များလှသည်၊ ယခုတဖန် ရှေပါရမီ (အရှင်ဆန္ဒာဓိက) ဆရာတော်လေးက သူ့မွေးနေ့ ဓမ္မလက်ဆောင် အဖြစ်ထုတ်ဝေလိုက် ပြန်ပြီဆိုတော့ စာဖတ် ပရိသတ်ကြီးအတွက် အရတော်လှပေစွဟု ဝမ်းမြောက်မှု ဆင့်လောင်းရပြန်သည်။

(၃)

ဗုဒ္ဓဘာသာတိုင်းသည် ပဌာန်းကျမ်းကြီးကို အင်မတန် ရိုသေမြတ်နိုး တန်ဖိုးထားကြသည်၊ အနန္တနယကျမ်းကြီး၊ အနက်နဲ ဆုံး အဘိဓမ္မာကျမ်းကြီး သာသနာတော်ကွယ်လျှင် ဦးဆုံးကွယ် ပျောက်မည့် သာသနာ့ခံတပ်သဖွယ် ကျမ်းကြီးစသည်ဖြင့် တန်ဖိုး

http://www.dhammadownload.com

(c)

လေးမြတ်ကြသည်၊ အသံမစဲပဌာန်းပွဲများ တပြည်လုံးအနှံ့ ကျင်းပ
နေကြသလို၊ ပဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသတို့ဆိုလျှင် အတော်
များများ နှုတ်တက်ဆောင်ကြသည်၊ သို့သော် ပဌာန်းဆိုတာ ဘာလဲ
ဟု မေးလျှင်တော့ သိသူနည်းပြီး၊ လူရောရှင်ပါ ဝေဝါးသွားကြလေ့
ရှိသည်ကို တွေ့ရသည်၊ နည်းတူပင် နိုင်ငံတကာ ပညာရှင် အချို့က
လည်း မြတ်စွာဘုရား၏သုတ္တန်ဓမ္မများကို နှစ်သက် ကောင်းချီးပေး
ကြသလောက်၊ ပဌာန်းအပါဝင် အဘိဓမ္မာနှင့်ပတ်သက်၍မူ၊ စောဒက
နှင့် ချဉ်းကပ်ကြသည်၊ သံသယနှင့် လေ့လာကြသည်၊ ပညာရှင်တစ်ဦး
ကဆို အဘိဓမ္မာသည် စုလစ်မွန်းချွန်တွေနှင့် ခန်းနားသော အဆောက်
အဦကြီးတခု၊ ခန်းစီးရောင်နုတွေ ချထားသည့် ပြတင်းတွေနှင့် မှုန်ပြပြ
အလင်းရှိသော အဆောက်ဦကြီး၊ ထိုအထဲသို့ ရင်ဖိုလှိုက်မော ဝင်သွား
ခဲ့ရပြား၊ ပြန်ထွက်လာသောအခါ ဘာမျှပါမလာသည်နှင့်တူကြောင်း
ဆိုထားသည်ကို ဖတ်ရဖူးသည်၊ ဤသည်တို့ကို ချင့်ထောက်၍ ပဌာန်း
စသော အဘိဓမ္မာတို့ကို ဘာသာခြားသုတေသီများလည်း မထိမတွေ
မသုံးဆောင်နိုင်ကြသကဲ့သို့ ဘာသာဝင်များ အနေဖြင့်လည်း အန္တရာယ်
ကင်းရန်၊ လာဘ်ခေါ်ရန် မန္တာန်အဖြစ်သာ အသုံးပြုနေကြသည်ကို
တွေ့ရပေသည်။

(၄)

တကယ်တော့ ပဌာန်းဆိုသည်မှာ "ရုပ်နာမ်တွေဖြစ် ပေါ်
စေသည့်အကြောင်းအမျိုးမျိုး"ဟု ဆီလျှော်အောင်ဆိုရပါမည်၊
တနည်းအားဖြင့် စိတ်ကစိတ်ကို၊ စိတ်ကရုပ်ကို၊ စိတ်က စိတ်ရော
ရုပ်ကိုစသည်ဖြင့် အချင်းချင်း ကျေးဇူးပြုပုံ၊ ထောက်ပံ့ပုံများ ဟုဆို
နိုင်ပါသည်၊ တရားဦးဓမ္မစကြာမှစ၍ စလယ်ဆုံး ဒေသနာတိုင်း

http://www.dhammadownload.com

(၈)

အကြောင်းနှင့်အကျိုးများကိုသာ ဟောကြားခဲ့သော မြတ်ဗုဒ္ဓ၏ ဓမ္မကွန္ဒာတို့တွင် ဤပဌာန်းဒေသနာကြီးသည်၊ အကျယ်ဝန်းဆုံး အကြောင်းကျိုးဖြစ်စဉ်ပြ ဒေသနာကြီးဟုလည်းဆို လိုက်ချင်ပါ သည်၊ သည်နေရာ၌ မှတ်လိုသူတွေ ဆောင်နိုင်ရန် ပရိတ်ကြီး နိဿယသစ် ကျမ်းပြုသပြေကန် ဆရာတော်ဘုရားကြီး၏ ရှစ်လုံးဖွဲ့ ကဗျာလေးကို ဖော်ပြလိုက်ပါသည်။

ကြောင်းကျိုးသွယ်လျက်၊ ဆက်ဆက်ဆင့်ကာ
တရားမှန်သမျှ၊ ဖြစ်ကြမကွာ
ချင်းချင်းဆက်ကူး၊ ကျေးဇူးပြုကာ
ဖြစ်ပုံပြ၊ ပဌာနဒေသနာ။

(၅)

နောက်တဖန် သုတ္တန်များကို သဘောကျ၍၊ အဘိဓမ္မာကို မချိုမြိန်သူများအတွက်လည်း အဆိုတစ်ခုတင်ပြလိုက်ပါသည်၊ ပဌာန်းအပါဝင် အဘိဓမ္မာဟူသည် သုတ္တန်၏အဖွင့်ဒေသနာ၊ တနည်းအားဖြင့် သုတ္တန်ပါစကားလုံးများ၌ အနက်အဓိပ္ပါယ်ကို ပြည့်စုံစွာသိဖို့ အကျယ်ဝန်းဆုံးဖွင့်ဆိုပေးမှုများ ဟုဆိုလိုက်ချင်ပါ သည်၊ ဥပမာပြရလျင် "မေတ္တာထားရမည်ဟု" အကျဉ်းစကား ကို "သူတပါးအကျိုးပျက်ပြားစေလိုမှု ပယ်ရှားပြီး၊ သူတပါးအကျိုး လိုလားမှုနှင့် ယှဉ်သောသဘောထားကို မေတ္တာဟုခေါ်သည်" စ သည်ဖြင့်ဖွင့်ဆိုခြင်းမျိုးဖြစ်ပါသည်၊ သည်သဘောကိုသိလျင် "နည်း နည်းသိက မှားမှားတန်ဖိုးရှိ၍ မှားမှားသိကအကျိုးရောပါ တကား" ဟု ချိုမြိန်လာပေလိမ့်မည်၊ မိမိဘဝကို အထက်တန်းကျစွာ ပဲ့ကိုင် မောင်းနှင်ရန်အတွက်ဖြစ်စေ၊ မိမိစိတ်နှင့်မိမိကိုယ်၊ မိမိ စိတ်နှင့်

http://www.dhammadownload.com

(ဆ)

သူတပါးကိုယ်၊ မိမိကိုယ်နှင့်သူတပါးစိတ် အဆင်ပြေ ချောမွေ့ လျှက်ဘဝငြိမ်းချမ်းသာယာရန်ဖြစ်စေ၊ လက်တွေ့အသုံးချ သူတို့အတွက် မျှားစွာထောက်ကူမည်မှာ ဧကန်ဖြစ်ပါသည်၊ ဉာဏ်ကြီး သောသုတေသီ ပညာရှင်များအတွက်မူ apply ဖြစ်မှုမှာ အဘယ်ဆိုဖွယ်ရှိပါတော့မည်နည်း။

(ဇ)

သို့ရာတွင် ဗုဒ္ဓဘာသာဝင်တို့မှာ အဘိဓမ္မာကို အံ့ဖွယ်နက်နဲသော ဒေသနာကြီးအဖြစ်ထားရှိကြပြီး၊ မတို့မထိလိုကြပါ၊ အဘိဓမ္မာဝင်ဖြစ်သည့် ပဋ္ဌာန်းဒေသနာဆိုလျင်လည်း အထက်တွင်ဆိုခဲ့သလို အန္တရာယ်ကင်း၊ လာဘ်ခေါ်မန္တာန်အဖြစ်သာ ရွတ်ဖတ်နေကြပြီး၊ ဘဝမှာအသုံးပြုရမှန်းပင် မသိကြပါ။ apply ပဋ္ဌာန်းဖြစ်အောင်လေ့လာသင့်ကြပါသည်၊ မျက်မှောက်ကာလတွင် ပို၍အသုံးပြုသင့်ကြပါသည်၊ ဥပမာပဋ္ဌာန်းအဓိပတိပစ္စည်းဆိုပါတော့ အဓိပတိလေးမျိုးတို့တွင် တမျိုးကဦးဆောင်လျှင် ကျန်သုံးမျိုးက နောက်ကလိုက်ကူညီကြသလို အဖွဲ့စည်းအသင်းပင်းတွင်လည်း အရာဌာနအလိုက် စွမ်းနိုင်သူကို ဦးစားပေးရှေ့ ဆောင်စေကာ ဝိုင်းဝန်းကူညီပံ့ပိုးကြခြင်းဖြင့် အခက်ခဲများ၊ မည်ညွှတ်မှုများ ကင်းဝေး၍ အောင်မြင်မှုအကျိုးများရမည်မှာ မုချဖြစ်ပါသည်၊ ဤ သည်မှာစွမ်းနိုင်သူက ကျေးဇူးပြုပုံ "အဓိပတိ ပစ္စယေန ပစ္စယော" ပင်။

နည်းတူပင်မိမိအတွင်းအဖျွတ္တတွင်လည်း အရေးတခုဆောင်ရွက်ရန်ပြင်တိုင် ဆန္ဒပြဋ္ဌာန်းမှပြီးမည်ဆိုလျှင် ဆန္ဒကို အမှူးပြုကာ ကျန်သုံးပါးကိုမှီနှန်ချန်ထား၍ ပညာရှေ့သွားပြုဖို့လိုလျှင် ဆန္ဒမကဲသင့်သလို ကျန်သည့်စိတ်ဝိရိယတို့ကိုလည်း အရံများအဖြစ်

http://www.dhammadownload.com

(၀)

ထားနိုင်က မပြီးမြောက်နိုင်သည့် ကိစ္စဟူသည် အဘယ်မှာ ရှိပေလိမ့်၊ "ကိ နာမ ကမ္မံ နသိဗ္ဗတိ"ဟုပင် စကားတော်ရှိသည် မဟုတ်ပါလား။ ထိုသို့မပြုတတ်က power တူတွေအားပြိုင်ကာ ရောထွေးရှုပ်ပွေလျှက် အရေးကိစ္စတို့ လေးဖင့်ပျက်ပြားရသည် ကို ကြုံဖူးကြမည်ပင်။

(၂)

တဖန်"သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမကပ်ငြိဘဲ၊ မဗ္ဗိမ ပဋိပတ်ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပုရီဘေးမဲ့ပြည်သို့ ကောင်းစွာကြွတော်မူသော မြတ်စွာဘုရား"ဟု သုဂတဂုဏ်တော် ကိုရွတ်ဆိုပူဇော်တိုင်း သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့၏ သဘောကို စောကြော အဖြေရှာမိပါသည်။

နောက်ဘဝရှိသည်ဟူသောအယူ နောက်ဘဝမရှိဟူသော အယူတို့ကိုလွန်ကာ နိဗ္ဗာန်ဝင်စံတော်မူသော ဘုရားရှင်ကိုကြည်ညိုနိုင်ကာ နောက်ဘဝမရှိဟူသော ဥစ္ဆေဒဒိဋ္ဌိသမားများကိုလည်း ရုပ်ကြမ်းဝါဒီများအဖြစ် အလွယ်တကူ သဘောထားနိုင်သော်ငြား သံသရာယုံသူအဖြစ် ကြီးပြင်းခဲ့သော သူအဖို့မူနောက်ဘဝ ရှိသည်ဟုယူခြင်းသည် သဿတဒိဋ္ဌိသမားဖြစ်ရမည်ကိုမူကား ဘဝင်မကျနိုင်ခဲ့၊ စဉ်းစားလို့ ဥာဏ်မဝင်ဆံ့ခဲ့။

ကမ္မပစ္စည်းကိုဆင်ခြင်မိလိုက်မှ "ဒီဘဝပြီးလျှင်နောက်ဘဝမှာလည်း ငါဘဲခန္ဓာသစ်နှင့်ဖြစ်မှာ၊ ဒီဘဝရဲ့ဝိညာဉ်လေးက ခန္ဓာအိမ်တခုကို သွားကူးမှာ လိပ်ပြာကောင်လေးက လောက်လန်းသဖွယ်တွယ်သွားမှာ "စသည့်အယူများများကို ယူရန် မဆိုထားနှင့် "ငါပြုသမျှသည်နောက်ဘဝမှ အကျိုးပေးမှာပဲ"ဟုပင် တောင်းတ

http://www.dhammadownload.com

(၅)

နေစရာမလို၊ "အကျိုးပေးမှပေးပါ့မလား"ဟုလည်း ကြောင့်ကျနေ စရာမလို၊ မိမိပြု,ပြော,ကြံခဲ့သောစေတနာဆိုသည့် ကမ္မသတ္တိက သူ့ဝန်သူဆောင်၊ သူ့အမှုသူပြု သွားရမြဲပါလား၊ ဒါသည်ပင် "ကမ္မပစ္စယေန ပစ္စယော"လို့ ဆိုတာပါလားဟု သဘော ပေါက်လာ သည်၊ ထိုအခါ ဘဝတွင်လွတ်လပ်ပေါ့ပါး ခြင်းရသကို ခံစားလိုက် ရပါတော့သည်။

(၈)

ဤသို့ ကြောင်းကျိုးဉာဏ်ရင့်သန်မှုကို ပဌာန်းတရားတော် က ပေးပါသည်၊ ကြောင်းကျိုးဉာဏ်ရင့်သန်လာပြီဆိုလျင် မိမိ ကိုယ်မိမိ ယုံကြည်ခြင်း ခွန်းအားတို့ တိုးပွါးလာကာ ဘဝကိုခုံမင် လေးမြတ်ခြင်း တန်ဖိုးတို့ ကြီးမြင့်လာပါသည်၊ ထိုအခါ ဣသရ နိမ္မနတာဒိဋ္ဌိ (လောကကို တန်ခိုးရှင်ဖန်ဆင်းသည်)၊ နတ္ထိကဒိဋ္ဌိ (ပြုသမျှဘာကျိုးမျှမရှိ)၊ အဟေတုကဒိဋ္ဌိ (ဖြစ်သမျှ ဘာအကြောင်း မျှမရှိ)၊ အကြိယဒိဋ္ဌိ (ကောင်းဆိုးဘာမျှပြုဖွယ်မရှိ)တို့ကို အမြင်ရှင်း ကာပယ်ဖျောက်နိုင်ပါသည်။ ဒါတွင်မက အမြင့်ဆုံးသုခ အစွဲလွတ် ကင်း ချမ်းသာခြင်းကိုရလိုသူတို့အတွက် မျှားစွာအဟန့်အတား အပိတ်အဆို့ဖြစ်စေသော "ငါစွဲပြင်းမှု ငါစွဲတင်းမှု" (ဧတံမမ ဧသော ဟမသ္မိ ဧသောမေအတ္တာ) အမှားမှ "ငါစွဲကင်းခြင်း ငါစွဲရှင်းခြင်း" (နေတံမမ နေသောဟမသ္မိ နမေသော အတ္တာ) အသိဖြောင့် အမြင် မှန်သို့ကူးရေးတွင်လည်းမျှားစွာ အထောက်အမ ဖြစ်နိုင်ပါ သည်၊ ထိုကြောင့် ပဌာန်းတရားတော်ကို ဘဝထဲမှာ apply ဖြစ်ရန် ကြိုးစား သင့်ကြပေသည်၊ ထိုကြိုးစားမှုအတွက် ဤစာအုပ်ငယ်က အထောက် ကူဖြစ်မည်ဟု ယုံကြည်မိပါသည်၊ ယုံကြည်ရခြင်း အကြောင်း ကိုလည်း အထက်တွင်ဆိုခဲ့ပြီးဖြစ်ပါသည်။

http://www.dhammadownload.com

ခြုံ၍ဆိုရသော် . . . . ဤစာအုပ်ကို စေ့ငုသေချာ ဖတ်ရှု ခြင်းဖြင့် ပဌာန်းနာယူသူအဖြစ်မှ ရွတ်သူအဖြစ်၊ ရွတ်သူ အဖြစ်မှ သိသူအဖြစ်၊ သိသူအဖြစ်မှ ကျင့်သူအဖြစ်၊ ကျင့်သူ အဖြစ် မှ အကျိုးရ သူအဖြစ်ရောက်ရှိကာ "လူတိုင်းအတွက် ပဌာန်းမှ" သင့်အတွက် ပဌာန်းဖြစ်လာမည်မှာ ဧကန်ဟုဆိုရင်း နိဂုံးချုပ်ပါသည်။

ကံထွန်းသစ်

(ဓမ္မရိပ်မဂ္ဂဇင်း၊ အယ်ဒီတာချုပ်)

ပညာရာမကျောင်းတိုက်

Milwaukee, Wisconsin, USA

(၁၂-၀၉-၂၀၁၀၊ နံနက် ၃နာရီ)

http://www.dhammadownload.com

စာရေးသူ၏ မော်ကွန်းတင်ကျေးဇူးစကား

ကျေးဇူးတုံ့ ပူဇာ မော်ကွန်း

ပါဠိပိဋကတ်တော်နဲ့ အဘိဓမ္မာပညာရပ်များကို သင်ကြားပြသ လမ်းညွှန်ပေးတော်မူခဲ့ကြတဲ့ ကျေးဇူးရှင် အမရပူရမြို့၊ တောင်မြို့ ညဝါအကျော်ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ။ စာချဆရာတော် ဘဒ္ဒန္တမေဓိယ။ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ။ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)။ တောင်တွင်းကြီးမြို့၊ ကျမ်းပြုအဘိဓမ္မာပညာရှင် နတ်မှီတောရဆရာတော်ကြီး။ ဒေးဒရဲမြို့၊ ကွင်းကျောင်းဆရာတော် ဘဒ္ဒန္တဥဇ္ဇောတိက။ အထူးသဖြင့် ပဋ္ဌာန်းဘာသာရပ်ကို လွယ်ကူရှင်းလင်းတဲ့ စနစ် သစ်နဲ့ ယဌနာ၊ သဘာဝ၊ ပစ္စနိက်၊ ပစ္စည်းတွန်း၊ ပစ္စယုဒ္ဓါရ၊ ခန္ဓာဝါရတို့ပါမကျန် သင်ကြားပို့ချပေးတော်မူခဲ့တဲ့ စစ်ကိုင်းတောင်ရိုး၊ ပဋ္ဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တဣန္ဒက (အဂ္ဂမဟာပဏ္ဍိတ) တို့ကို ဒီစာအုပ်နှင့် ကျေးဇူးတုံ့ ပူဇော်ပြီး မဂ်လာမော်ကွန်းတင်အပ်ပါတယ်။

http://www.dhammadownload.com

ကျေးဇူးမှတ်တမ်း မော်ကွန်း

အမှန်အတိုင်း မိမိသဘောအရဆိုရင် အခုလို "လူတိုင်း အတွက်ပဌာန်း"ဆိုတာ ရေးဖြစ်ဖို့ အကြောင်းမရှိပါဘူး။ မိမိရဲ့ ရည်ရွယ်ချက်က မျိုးဆက်သစ် ပဌာန်းစာဝါပို့ချမည့် စာချဆရာတော် ကလေးများအတွက် "လို,တို,ရှင်း ပဌာန်းပို့ချနည်း"စာအုပ်ကလေး တစ်ခု ရေးဖို့ပါပဲ။ ဒါပေမယ့် ဓမ္မရိပ်မဂ္ဂဇင်းမှာ အယ်ဒီတာချုပ် လုပ်နေတဲ့ ရေးဖော်မိတ်ဆွေ စာရေးဆရာ ကံထွန်းသစ် (အရှင် ဇာဂရ)နဲ့ စကားစပ်မိကြတဲ့အခါ "ရဟန်းတော်များအတွက် ပဌာန်း ပို့ချနည်းကတော့ ပဌာန်းသိပ်ပွဆရာတော်ကြီးရဲ့ ပဌာန်းသိပ်ပွ သုံး ကျမ်းတွဲနဲ့ပဲ ပြည့်စုံလှပါပြီ။ လူတိုင်းအတွက် သိသင့်သိထိုက်တဲ့ ပဌာန်းအကြောင်းအရာများကို ရေးစမ်းပါ။ အခုတပည့်တော် အယ်ဒီတာချုပ်အဖြစ်နဲ့ တာဝန်ယူကိုင်တွယ်ရမည့် ဓမ္မရိပ်မဂ္ဂဇင်း မှာ လစဉ်ဖော်ပြမယ်"ဆိုပြီး တိုက်တွန်းတဲ့အတွက် "လို,တို,ရှင်း ပဌာန်းပို့ချနည်း" ကနေ "လူတိုင်းအတွက် ပဌာန်း" ဖြစ်လာရတာ ပါ။

လူတိုင်းအတွက် ပဌာန်းကို စတင်ရေးသားဖို့ အပူကပ် တိုက်တွန်းခဲ့သလို စိတ်ရှည်ရှည်နဲ့ စောင့်ပြီး လစဉ်ထည့်သွင်းပေးတဲ့

http://www.dhammadownload.com

(၃)

အယ်ဒီတာချုပ် ကံထွန်းသစ်နဲ့ ဓမ္မရိပ်အဖွဲ့သားများရဲ့ ကျေးဇူးများ။ အလားတူလစဉ် ဖော်ပြခဲ့တဲ့ "ဓမ္မဗျူဟာ စာစောင်" အယ်ဒီတာများနဲ့ အဖွဲ့သားများ။ အပတ်စဉ်မပြတ် ဖော်ပြပေးတဲ့ "အတွေးသစ် ဂျာနယ်" ဒါရိုက်တာအဖွဲ့၊ အယ်ဒီတာများနဲ့ အဖွဲ့ သားများ အပြင် စိတ်ရှည်ရှည်နဲ့ စောင့်ဖတ်ပြီး စာနဲ့ရော ဖုန်းနဲ့ပါ တိုက်တွန်းခဲ့ကြတဲ့ စာဖတ်သူများအားလုံးရဲ့ ကျေးဇူးများကိုလဲ ဒီစာအုပ်နဲ့ ကျေးဇူးမော်ကွန်းတင်လိုက်ပါတယ်။

http://www.dhammadownload.com

အထိမ်းအမှတ် မော်ကွန်း

လူတိုင်းအတွက်ပဌာန်းကို အမည်နဲ့လိုက်အောင် လူတိုင်းဖတ်နိုင်ဖို့အတွက် အမှန်တကယ်ကုန်ကျစရိတ်နဲ့ ဝန်ဆောင်စရိတ်ထက်မပိုတဲ့ နှုန်းထားနဲ့ ဖြန့်ချိနိုင်ရေးအတွက် အရှင်ဆန္ဒာဓိက(ရွှေပါရမီ)က (၄၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် နဝကမ္မ(၂၅)သိန်း မ,တည် လှူဒါန်းပါတယ်။

ဒီစာအုပ်ကို အရှင်ဆန္ဒာဓိက(ရွှေပါရမီ)ရဲ့ (၄၃)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၁၁-ခု၊ ဇန္နဝါရီ (၉)ရက်နေ့အမှီ ပြီးမြောက်အောင် ကြိုးစားခဲ့ပေမယ့် အကြောင်းကြောင်းကြောင့် တစ်လလောက် နောက်ကျပြီးမှ ထွက်လာနိုင်မှာပါ။ ဒါပေမယ့် ဒီစာအုပ်ကို အရှင်ဆန္ဒာဓိက(ရွှေပါရမီ)ရဲ့ (၄၃)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ဝိဇာတမင်္ဂလာ မော်ကွန်းတစ်ခုအဖြစ်နဲ့လဲ ရည်ညွှန်းလိုက်ပါတယ်။

အားလုံးရဲ့ ကျေးဇူးတရားများကိုတော့ မိမိရဲ့နှလုံးသားမှာ ထာဝရမော်ကွန်းတင်လျှက် ရှိပါကြောင်း မိမိရဲ့ အသက် (၆၅)နှစ် တိတိပြည့်တဲ့ ဒီနေ့ (၃၀-၁-၂၀၁၁)နေ့မှာ ဒီမော်ကွန်းစာကိုရေးထိုးလိုက်ပါတယ်။

စာဖတ်သူအားလုံး သတိထား အသိပွားနိုင်ကြပါစေ။

ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)

http://www.dhammadownload.com

လူတိုင်းအတွက် ပဌာန်း

ပဌာန်းကို သူလိုကိုယ်လို လူတိုင်းနားလည်နိုင်ဖို့ အရပ်သုံး စကားများနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဟောကြားခဲ့တဲ့ ပုဂ္ဂိုလ်ကတော့မိမိ လေ့လာသိရှိရသလောက်ဆိုရင် မိုးညှင်းဆရာတော်ကြီးဖြစ်ပါတယ်။

ဆရာတော်ကြီးရဲ့ ပဌာန်းတရားပွဲတွေကို နာယူလိုက်ရဖူးတဲ့ မန္တလေးမြို့၊ ဘုရားကြီးတိုက်က ဆရာတော်ကြီးတစ်ပါး မိန့် ကြားတာ ကတော့ -

မိုးညှင်းဆရာတော်ကြီး မန္တလေးကို ပဌာန်းတရားလာ ဟောတော့တို့လည်း ဗဟုသုတအဖြစ် သွားနာဖူးတယ်ကွ။ ဆရာတော်ကြီးက ပရိသတ်ကို မေးတဲ့ ပြောတဲ့အခါ "ဟရို့ တို့ရဲ့ . . . ဟရို့ တို့ရဲ့"နဲ့ လှမ်းခေါ်ပြီး ပြောလေ့ရှိတယ်။ မဟာမြတ်မုနိ ဘုရားကြီးနားမှာ လာဟောတော့ အနီးအနားမှာလည်း စာသင်တိုက်ကြီးတွေ ရှိနေတာကိုး။ အဲဒီတော့ ဆရာတော်ကြီးကသူ့တရား ပွဲစတဲ့ နေ့မှာ -

ဟရို့တို့ရေ . . . ဟောဒီနားတစ်ဝိုက်မှာ စာသင်တိုက်ကြီးတွေ ဝိုင်းဝိုင်းကိုလည်လို့ဗျ။ အဲဒီ စာသင်တိုက်ကြီးတွေမှာ စာချအကျော်အမော်ဆရာတော်ကြီးတွေလည်း ပဌာန်းကို ကျကျနနနားလည်ပြီး စာသင်သားတွေကို သင်ပေးနေတာပေါ့။ အဲဒီ

http://www.dhammadownload.com

ဆရာတော်ကြီးများ ပို့ချနေတာကတော့ ပိဋကတ်တော်မှာ လာတဲ့အတိုင်း စာသံပေသံတွေနဲ့ ခံ့ခံ့ညားညား ဘုရားနှုတ်ခပတ်တော်အတိုင်း ဟောတာဖြစ်လို့ "စာပဌာန်း" လို့ ဆိုကြပါစို့ဗျာ။ အဲဒါကတော့ စာနဲ့ပေနဲ့ အတတ်သင်တာဗျ။

အခု ဟရို့တို့တတွေ ပြောဆိုကြတဲ့အခါ "ငါစားတယ်၊ ငါမြင်တယ်" စတဲ့ စကားတွေကျတော့ အကြောင်း အကျိုး ရှိနေတဲ့အရာတွေဖြစ်လို့ ပဌာန်း သဘောနဲ့ မကင်းပေမယ့် "ငါ ငါ"ဆိုတဲ့ သက္ကာယဒိဋ္ဌိကြီးတန်းလန်းပါနေလို့ "ငါပဌာန်း" ဖြစ်နေတယ်ဗျ။ အဲဒါကတော့ တရားသဘောနဲ့ လုံးလုံးကြီးကင်းနေလို့ အမှန်မဟုတ်ဘူးဗျ။ သံသရာထုပ်ကြီးတွေ ဖြစ်နေတယ်။

အခု ကျုပ်တို့ဟောမှာကတော့ စာပေကျမ်းဂန်နဲ့လည်း မလွတ်စေဘဲ ဘုရားရှင်အာဘော်လည်းကျအောင် ရပ်သူရွာသားလူအများလည်း သဘောပေါက်နိုင်အောင် ဟောမှာဖြစ်လို့ "ရွာပဌာန်း" လို့ ဆိုရလိမ့်မယ်ဗျ။

စာသင်တိုက်က စာချဆရာတော်ကြီးများကတော့ ပဌာန်းဒေသနာတော်ကြီးကို အလုံးအရင်းနဲ့ သိအောင် ပို့ချတာဖြစ်လို့ ပဌာန်းကုမ္ပဏီကြီးတွေလို့ ဆိုရမယ်ဗျ။ ကျုပ်တို့ကတော့ အဲဒီကုမ္ပဏီကြီးတွေဆီက တစ်ဆင့် သင်ယူမှတ်သားပြီး ရပ်ထဲရွာထဲ ရောက်နိုင်သမျှ ရောက်အောင်လှည့်လည် ဖြန့်ချိနေရတာဖြစ်လို့ ခေါင်းရွက်ဗျပ်ထိုး ပဌာန်းတရားလေးတွေဗျနော်။ ဆရာတော် သံယာတော်တို့ဘုရား ပဌာန်းကုမ္ပဏီကြီးတွေ အနီးအနားမှာ ခေါင်းရွက်ဗျပ်ထိုး ပဌာန်းလေးလာပြီး ဖြန့်ချိတာ အမှားများ ပါရင်လဲ သည်းခံခွင့်လွှတ်ပြုပြင် ပေးတော်မူကြပါဘုရား"လို့ အစချီ တောင်းပန်ပြီးမှ ဟောတာကွ။ ဆရာတော်ကြီးဟောပုံက -

ဟရို့တို့ လူလူချင်းတွေ့လိုက်တဲ့အခါ စကားအနေနဲ့ ဘယ်

http://www.dhammadownload.com

လိုပြောကြသလဲ။ "ငဖြူကို ငမည်းကို ငါမြင်တယ်"လို့ ပြောကြတယ်မို့လား။ အဲဒါ ပရမတ္ထသဘောနဲ့ လုံးဝကင်းနေတဲ့ "ငါ ပဌာန်းကြီး"ဗျ၊ အဲဒီအတိုင်းသာ သိနေရင် သက္ကာယဒိဋ္ဌိ တန်းလန်းကြီးနဲ့ ဖြစ်မနေဘူးလား။

ဟော ကျောင်းတိုက်ကြီးတွေမှာ ဆရာတော်ကြီးများ ပို့ချတော့ "ရူပါရမ္မဏံ စက္ခုဝိညာဏသ အာရမ္မဏပစ္စယေန ပစ္စယော"လို့ ပို့ချသဗျ။ မှန်လည်း အလွန်မှန်တာပေါ့။ ဘယ်မမှန်ဘဲ ရှိမလဲ။ အဲဒါ ဘုရားဟောတော်မူတဲ့ အတိုင်းပဲဟာ၊ မှန်ပေမယ့် သာမန်ရပ်သူ ရွာသားတွေဖြစ်တဲ့ ဟရိုတို့ နားလည်နိုင်ကြပါ့မလား၊ စာနဲ့ပေနဲ့ အတတ်သင်ထားကြတဲ့ ဆရာတော် သံဃာတော်တွေက တော့ နားလည်ကြသဗျ။ အဲဒါကြောင့် "စာပဌာန်း"လို့ ပြောတာ။

ကိုင်း - ဒါဖြင့် စာနဲ့လည်းမလွတ်၊ ငါနဲ့လည်း မငြိရအောင် ဘယ့်နှယ်ပြောမလဲ၊ အပြင်မှာရှိတဲ့ အဆင်းရုပ်ကလေးက အာရမ္မဏ သတ္တိနဲ့ ကျေးဇူးပြုပေးလို့ မြင်သိစိတ်ဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်ကလေးက မြင်တာဗျ။ မြင်ရတာ ကလည်း ငါ,သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ဘူး။ အဆင်းရုပ် ဆိုတဲ့ ရူပါရုံလေးဗျ၊ မြင်တာကလည်း ငါသူတစ်ပါး ယောကျ်ား မိန်းမ မဟုတ်ဘူး။ စက္ခုဝိညာဉ်စိတ်ဗျလို့ ဟောပြပြီးတော့မှ . . . ဟရိုတို့မြင်ရတာ ဘာတုန်းလို့မေးလိုက်၊ ပရိသတ်က " အဆင်းရုပ်ပါ ဘုရား "ဖြေ၊ ဘာက မြင်တာတုန်း၊ " စက္ခုဝိညာဉ်က မြင်တာပါ ဘုရား"ဖြေ၊ ပြီးတော့မှ ဟိုမြောက်ဘက်က ဟရိုတို့၊ တောင်ဘက်က ဟရိုတို့၊ ဟိုးနောက်က ဟရိုတို့နဲ့ လှမ်းပြီးမေးလိုက်၊ ပရိသတ်က ဖြေလိုက်ပေါ့။

အဲဒီတော့ ဘယ့်နှယ်ဖြစ်လာတုန်းဆိုတော့ ဒကာ ဒကာမတွေ . . . အထူးသဖြင့်တော့ ဒကာမတွေပေါ့ကွာ။ ကိုယ်နဲ့ဘာမှ မဆိုင်ဘူး။ အနားတောင်သီခွင့် မရနိုင်ဘူးလို့ထင်နေတဲ့ ပဌာန်း

http://www.dhammadownload.com

ဒေသနာတော်ကြီးကို တို့ပါးစပ်ကလည်း ပြောနိုင်ပါလား၊ ပဌာန်း သဘောတွေကို တို့လည်း သိနေရတာပါလားဆိုပြီး လွှတ် သဘောကျ ကြတာပေါ့။ မိုးညှင်းတရားပွဲဆိုရင် အငြိမ့်ပွဲ၊ ဇာတ်ပွဲ ထက်စည်တယ်။ ကြိတ်ကြိတ်ကိုတိုးနေတာပဲ"လို့ မိန့်ကြားဖူးပါတယ်။

အခုရေးမဲ့ အကြောင်းအရာများဟာ လူတိုင်းရဲ့ သန္တာန်မှာ ရှိနေတဲ့ ပဌာန်းသဘောနဲ့ ကျေးဇူးပြုပေးနေတဲ့ ပဌာန်းပစ္စည်းတို့ အကြောင်းကို လူတိုင်း သိတန်သလောက်သိနိုင်အောင် ရေးပြမှာ ဖြစ်တဲ့အတွက် မိုးညှင်းဆရာတော်ကြီး စကားကို မှီးပြီး **"လူတိုင်း အတွက် ပဌာန်း"** လို့ အမည်ပေးလိုက်ပါတယ်။

" ပဌာန်း "

"ပဌာန်း" ဆိုတာဘာလဲ။ အဌကထာ ဆရာတော်က မေးခွန်းထုတ်ပြီး ကိုယ်တိုင်ပြောပြချက်အရ **"နာနာပွကာရ ပစ္စယ ဌေနပဌာနံ- အထူးထူး အပြားပြားရှိတဲ့အကြောင်း ပစ္စည်း တရားများ ရှိရာဖြစ်လို့ "ပဌာန်း"ခေါ်တယ်။ တစ်နည်း အကျိုး တရားတို့ကို ဆိုင်ရာအကြောင်းပစ္စည်းတို့ရဲ့ အစွမ်းသတ္တိနဲ့ ဝေဖန် ဟောကြားရာဖြစ်လို့ "ပဌာန်း"ခေါ်တယ်"**လို့ သိမှတ် ရပါတယ်။

ပဌာန်းဒေသနာတော်ဆိုတာ ဝေနေယျသတ္တဝါတို့ရဲ့ အလို ဆန္ဒ စရိုက်ဝါသနာတို့ကို ငဲ့ကွက်ပြီး ဟောတဲ့ ဒေသနာတော်မျိုး မဟုတ်ဘဲ သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းကိုသာငဲ့ပြီး ဉာဏ်စွမ်းပြ ဟောတဲ့ ဒေသနာ တော်ကြီးဖြစ်တာမို့ ပဌာန်းကို အပြည့်အစုံ နားလည် နိုင်စွမ်းဟာ သဗ္ဗညုတဘုရားရှင်မှတစ်ပါး ဘယ်ပုဂ္ဂိုလ်မှ မရှိနိုင်ပါဘူး၊ မိမိတို့-ဉာဏ်စွမ်းရှိသလောက် ရိပ်စား နားလည်တာပဲ ရှိပါတယ်။

http://www.dhammadownload.com

စားဖွယ်သောက်ဖွယ်အပြည့်အစုံနဲ့ မကုန်နိုင် မခမ်းနိုင်လောက်အောင် များပြားလှတဲ့ စားသောက်ပွဲကြီးနဲ့ ကြုံတဲ့အခါ စားသောက်စရာတွေကို အကုန်လုံး စားသောက်နိုင်မှ ခွန်အားဖြစ်တာ မဟုတ်ပါဘူး၊ မိမိဝမ်းနဲ့ ဆန့်သလောက် မိမိဝမ်းမီးနဲ့ ချေချက်နိုင်စွမ်းရှိသလောက် စားသုံးရင်လဲ တန်ရာတန်ရာခွန်အားကိုဖြစ်စေသလို၊ သဗ္ဗညုတညာဏ်တော်စွမ်းနဲ့ အဆုံးအပိုင်းအခြားမရှိ ဟောကြားထားတဲ့ ဒေသနာတော်ကြီးတွေကိုလည်း အပြည့်အစုံအကုန်သိမြင်မှ အသိခွန်အားရတာမဟုတ်ဘဲ မိမိတို့ဉာဏ်ဝမ်းမီးနဲ့ သုံးသပ် ချေချက်နားလည်နိုင်သလောက် အသိခွန်အားဖြစ်စေနိုင်ပါတယ်၊ ရရှိတဲ့ခွန်အားများဟာလည်း မသိမှု(အဝိဇ္ဇာ) ဦးဆောင်တဲ့ အကုသိုလ်ဒုစရိုက် ရန်သူတို့ကို ကာကွယ်နိုင်စွမ်းရှိပါတယ်။

ဒါ့ကြောင့် ပဌာန်းကို ဘယ်လောက်နားလည်မှ အကျိုးရှိမလဲဆိုရင် မိမိတို့ရဲ့ သဒ္ဓါအား၊ ဉာဏ်အားရှိသလောက် နားလည်ရင် နားလည်တဲ့ အတိုင်းအတာနဲ့ ညီမျှတဲ့ အကျိုးကိုတော့ မုချရရှိမယ်လို့ ဆိုရမှာပါ။ မှန်ပါတယ် ကဿပဘုရားရှင်လက်ထက်တော်တုန်းက လင်းနို့သတ္တဝါငါးရာတို့ဟာ ပဌာန်းရွတ်ဖတ်သံတို့ကို နားထောင်ခွင့်ရပြီး အသံအာရုံကို သဘောကျသလိုသာ ဖြစ်ခဲ့တာ ဘာအဓိပ္ပာယ်မှ မသိကြပါဘူး။ အဲဒီ ပါရမီဓာတ်ခံကြောင့် အခုဂေါတမဘုရားရှင် သာသနာတော်မှာ ရဟန်းပြုကြတော့ အရှင်သာရိပုတ္တရာက တစ်ဆင့် ဟောပြတဲ့ ပဌာန်းဒေသနာတော်ကို နာယူပွားများပြီး တရားအသိရရှိသွားတယ်လို့ ကျမ်းဂန်များမှာ ဆိုပါတယ်။

http://www.dhammadownload.com

"နက်နဲကျယ်ဝှမ်း အစွမ်းပြည့်ဝ"

ကုသိုလ်ဖြစ်ဖို့ ပါရမီဖြစ်ဖို့ဆိုတာ ဖြစ်အောင် တွေးတတ်တဲ့ (ယောနိသောမနသီကာရ)သာ အဓိကလို့ ဆိုရမှာပါ။ မိမိဉာဏ်နဲ့ မမှီလို့ မခန့်မှန်းနိုင်အောင် ကျယ်ဝန်းနက်နဲလှပါကလားလို့ တွေးမိရာကနေ အသိရသွားနိုင်တာမျိုးလည်း ရှိပါတယ်။

သီဟိုဠ်(သီရိလင်္ကာ)က အရှင်မဟာဂတိဂမိယ တိဿ ဒတ္တမထေရ်မြတ်ဟာ မဟာဗောဓိပင်ကို ဖူးမြော်ဖို့ ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယ၊ နီပေါ)ကို ပင်လယ်ခရီးနဲ့ သင်္ဘောစီးပြီး ကြွတော်မူတဲ့အခါ ပင်လယ်ပြင်ကြီးကို ကြည့်ပြီး ကမ်းကို မမြင်လောက်အောင် ကျယ်ဝန်းလှပါလား လို့ တွေးမိတယ်။ ဒီလိုတွေးနေရင်း မိမိသွားလိုတဲ့ ဆိပ်ကမ်းကို မြင်တဲ့အခါကျတော့ "ပင်လယ်ပြင်ကြီးဟာ ဘယ်လောက် ကျယ်ဝန်းတယ် ဆိုဦးတော့ တစ်ဘက်မှာ စက္ကဝဋ္ဌာ တောင်ခါးပန်း အနားသတ်ရှိတယ်။ တစ်ဘက်မှာလည်း ဆိပ်ကမ်း ဆိုတဲ့ အနားသတ်ရှိတယ်။ အောက်ခြေမှာလည်း မြေအထုနဲ့ ပိုင်းခြားထားတာရှိတယ်။ မြတ်စွာဘုရားရှင်ရဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးက ထက်, အောက်, ဝဲ, ယာ, ဘယ်မှာမှ အနားသတ်ပိုင်းခြားလို့မရနိုင်အောင် နက်နဲကျယ်ဝှမ်း (ကျယ်လဲကျယ် နက်လဲနက်) လှပါကလား။ ဒီလောက်နက်နဲကျယ်ဝှမ်းတဲ့ ဒေသနာတော်ကြီးကို ဟောတော်မူနိုင်တဲ့ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ဟာ ဒီထက် အဆရာထောင်မက ကြီးကျယ်မြင့်မြတ်လှပါကလားလို့ တွေးပြီး ဒီလိုကြီးကျယ် မြင့်မြတ်တဲ့ ဘုရားရှင်ရဲ့ သာသနာတော်ကြီးနဲ့ ကြုံကြိုက်ခွင့်ရတာကိုတွေးရင်း ဖြစ်ပေါ်လာတဲ့ နှစ်သက်ဝမ်း မြောက်စိတ် (ပီတိသောမနဿ)တို့ကို သတိပဋ္ဌာန်တရားနဲ့ ပွားများဆင်ခြင်ရင်း တစ်ထိုင်တည်း အရဟတ္တဖိုလ်အထိ ရရှိတော်မူတယ်လို့ ကျမ်းဂန်များမှာလာရှိပါတယ်။

http://www.dhammadownload.com

ဒကာကြီးတစ်ယောက်က "အသံမစဲပဌာန်းပွဲဆိုပြီး သံယာတော်တွေရွတ်နေကြတာ အသံတွေမပြတ် ကြားနေတာပဲရှိတယ်။ တပည့်တော်တို့ဖြင့် တစ်လုံးမျှ နားမလည်ပါဘူး"လို့ လျှောက်ထားဖူးပါတယ်။

"အဲဒီထဲက တစ်လုံးတစ်လေလေးမှ မှတ် မထားလိုက်မိဘူးလား"လို့မေးတော့ "တခြားဟာတွေတော့ ဘာဆိုမှန်းမသိပါဘူးဘုရား "ပစ္စယေန ပစ္စယော" ဆိုတာလောက်တော့ ကြားရဖန်များလို့ မှတ်မိနေပါတယ်"လို့ လျှောက်ထားပါတယ်။

အထက်မှာ ပြောခဲ့သလိုပါပဲ။ ကုသိုလ်ရမှု မရမှုဆိုတာ ကြည်ညိုတတ်မှု စိတ်ကောင်းထားတတ်မှု (သဒ္ဓါနဲ့ ယောနိသောမနသီကာရ) ရှိ မရှိပေါ်မှာ အဓိက တည်နေတာပါပဲ။ အဘိဓမ္မာအထူးသဖြင့်တော့ ပဌာန်းမှာ လူတိုင်း သတိမထားမိတဲ့ ထူးခြားချက်တစ်ခု ရှိပါတယ်။ "လူတိုင်းသတိ မထားမိတဲ့"လို့ ဆိုရတာ ကလည်း ကိုယ့်ဘာသာစကားမဟုတ်တဲ့ ပါဠိစကားဖြစ်နေလို့ သတိမထားတတ် ကြတာပါ၊ "ပါဠိ"လို့ ခေါ်တဲ့ မာဂဓဘာသာကိုပဲ အရပ်သုံး စကားအဖြစ် သုံးစွဲတဲ့ ဘုရားရှင်လက်ထက်က (အခုလည်းရှိတန် သလောက်ရှိတယ်လို့ ပြောပါတယ်) ပုဂ္ဂိုလ်တွေ အဖို့တော့ သတိထားလို့ရနိုင်ပါတယ်။ အဲဒါက ဘာလဲဆိုရင် တစ်ခြားသုတ္တန်ဒေသနာတော်တို့ ဝိနည်းဒေသနာတော်တို့မှာ မြို့၊ ရွာ၊ အရပ်ဒေသ၊ အမျိုးအနွယ်၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအမျိုးမျိုး အထီး၊ အမစတဲ့ "အဝိဇ္ဇမာန"လို့ခေါ်တဲ့ ပရမတ္ထတရား ကိုယ်အားဖြင့် တကယ်ထင်ရှားမရှိတဲ့ အမည်ဝေါဟာရတွေပါ တယ်။ လောကထဲက သတ်မှတ်ထားတဲ့ အမျိုးအမည်တွေဆိုတာက ကိုယ်နဲ့ သင့်တဲ့အမျိုး၊ မသင့်တဲ့အမျိုး၊ ကြိုက်နှစ်သက် စရာ၊ မကြိုက်နှစ်သက်စရာ၊ ချစ်စရာ၊ မုန်းစရာဆိုပြီး ကွဲပြားမြဲ ဖြစ်တယ်။ ဒီတော့ အဲဒီအသံတွေကို

http://www.dhammadownload.com

ကြားရတဲ့အခါ ပင်ကိုယ် စရိုက်အကြောက် ဓာတ်ခံကိုလိုက်ပြီး လောဘ၊ ဒေါသစတဲ့တရားတွေ ဖြစ်ပေါ်စေနိုင်တယ်။

ပဌာန်းဒေသနာမှာ သုံးစွဲထားတဲ့ စကားလုံးတွေဟာ ပါးစပ်က ပြောတာပဲဖြစ်လို့ ပညတ်တော့ ပညတ်ပါပဲ။ ဒါပေမယ့် ခေါ်ဝေါ်ပြောဆိုရုံသက်သက် အမည်မျိုးမဟုတ်ဘူး၊ ပရမတ္ထတရားတွေကို ကိုယ်စားပြု သုံးစွဲပြောဆိုတဲ့ ပညတ်တွေဖြစ်လို့ "ဝိဇ္ဇမာနပညတ်"လို့ ခေါ်ပါတယ်၊ ပရမတ္ထကိုယ်စားပြု စကားလုံးဆိုတာ အမည်၊ အမျိုး၊ ယောက်ျား၊ မိန်းမစသည် ခွဲခြားထားခြင်းမရှိသည့်အတွက် "ချစ်စရာ၊ မုန်းစရာ" ဆိုတဲ့သဘောကို မဆောင်ဘူး၊ ပြောကာမတ္တ ပြီးပြီး ပျောက်ပျောက် စကားသံမျိုးလည်း မဟုတ်ဘူး၊ တကယ် ထင်ရှားရှိတဲ့ ပရမတ္ထတရားတွေရဲ့ ကိုယ်စားပြု စကားတွေ၊ အသံတွေ ဖြစ်လို့ ထင်ရှားရှိတရားတို့ရဲ့ ကိုယ်စား စကားများ ပီပီ တခြား အဝိဇ္ဇမာနခေါ်တဲ့ ပညတ်စကားများထက် စွမ်းအားသတ္တိ ကြီးမားပါတယ်။ ဒါကြောင့် အသံကြားရတာချင်း တူပေမယ့် ထင်ရှားရှိတဲ့ တရားတို့ရဲ့ အသံက စိတ်ဝင်စားမိရင် ဝင်စားမိ သလောက် စွမ်းအင်သတ္တိ ဓာတ်ကူးပါတယ်၊ လင်းနို့သားငါးရာ တို့ အသံကြားကာမတ္တနဲ့ ပါရမီ ဓာတ်ခံဖြစ် သွားတယ်ဆိုတာ ဒီစွမ်းအင်သတ္တိရဲ့ အရှိန်အဟုန် ရိုက်ခတ်မှု စွမ်းအား ကြောင့်လို့ပဲ ဆိုရမှာပါ။ (အေးအေးဆေးဆေး လေးလေးနက်နက် တွေးကြည့်မှ ပိုပြီး သဘောပေါက်မှာပါ။ ဒါဟာ ယုတ္တိဗေဒနဲ့ မှန်းဆလို့ မရနိုင်ပါဘူး၊ ဓမ္မသတ္တိ ဓမ္မစွမ်းအားဖြစ်လို့ ဓမ္မကိုအလေးထားမှ သိသာမှာပါ)။ ထင်ရှားမရှိတဲ့ အရာကို ကိုယ်စားပြုတဲ့စကားနဲ့ ထင်ရှားရှိတဲ့အရာကို ကိုယ်စားပြုတဲ့စကားတို့ရဲ့ စွမ်းအားသတ္တိချင်း ကွာခြားပုံကို ခန့်မှန်းနိုင်း ယှဉ်ကြည့်ရင်တော့ စာသင်ခန်းတို့ လုပ်ငန်းခွင်တို့လို နေရာမျိုးမှာ "ဟိုးက . . ဘယ်သူမှန်းမသိဘူး လာတယ်၊

http://www.dhammadownload.com

ဘာကြီးမှန်းမသိဘူးလာတယ်" ဆိုတဲ့ စကားနဲ့ "ဟိုမှာ . . ဆရာကြီး လာနေတယ်၊ အရာရှိပုဂ္ဂိုလ် လာနေတယ်"ဆိုတဲ့ စကားနှစ်မျိုးကို နှိုင်းယှဉ်ကြည့်ပါ။ မိမိ ကိုယ်တိုင် ဘယ်စကားသံကို ကြားရတဲ့အခါ အလေးဂရုပြုမိသလဲဆိုတာ စဉ်းစားကြည့်ပါ။ ထင်ရှားမရှိတဲ့ အဝိဇ္ဇမာနပညတ် အသံနဲ့ ထင်ရှားရှိတဲ့ ဝိဇ္ဇမာနပညတ်အသံတို့ရဲ့ စွမ်းရည်သတ္တိချင်း ကွာခြားပုံကို သဘောပေါက်ပါလိမ့်မယ်။

ပိုပြီးအရေးပါတဲ့အချက်ကတော့ စောစောက ဒကာကြီးမှတ်မိလိုက်တယ်ဆိုတဲ့ "ပစ္စယေန ပစ္စယော" ဆိုတဲ့ စကားလုံးပါ။ "ပစ္စယေန ပစ္စယော"ဆိုတာ "အကြောင်းတရားက အကျိုးတရားဖြစ်ပေါ်အောင် ကျေးဇူးပြုပေးတယ်"လို့ အဓိပ္ပာယ်ရပါတယ်။ အကြောင်းတရားရှိလို့သာ အကျိုးတရားဆိုတာ ဖြစ်ပေါ်နိုင်တယ်လို့ ဆိုလိုရင်းပါ။ ဒီစကားလုံးဟာ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော် (အဆုံးအမတော်အားလုံး)ရဲ့ လိုရင်း အနှစ်ချုပ်ဖြစ်ပါတယ်။ ဒီစကားလုံးဟာ လက်ယာရံ အရှင်သာရိပုတ္တရာအလောင်းအလျှာ "ဥပတိဿ"ပရိဗိုဇ်ကို အရှင်အဿဇိမထေရ်မြတ်က မိန့်ကြားတဲ့ "ယေဓမ္မာ ဟေတုပ္ပဘဝါ"ဆိုတဲ့စကားနဲ့ အဓိပ္ပာယ်ခြင်း အတူတူပါပဲ။

ဥပတိဿပရိဗိုဇ်က လျှောက်ထားတဲ့အခါ အရှင်အဿဇိမထေရ်မိန့်ကြားတဲ့ စကားလေးကို သေချာ ပြန်စဉ်းစားကြည့်ပါ။ "ငါတို့ ဆရာရဲ့တရားတွေကို သိပ်ပြီးများများကြီးတော့ မပြောနိုင်ပါဘူး လိုရင်းအချုပ်လောက်ပဲ နည်းနည်းပါးပါးပြောနိုင်ပါတယ်"လို့ ဝန်ခံပြီး "ယေဓမ္မာဟေတုပ္ပဘဝါ"စတဲ့ ဂါထာကို ဟောပြတာ မို့လား။ ဥပတိဿပရိဗိုဇ်ဟာ ဒီဂါထာတစ်ပုဒ်ကို နာယူနှလုံးသွင်း ပြီးသောတာပန်ဖြစ်သွားတာပါ။ လက်ဝဲရံ အလောင်းဖြစ်တဲ့ သူငယ်ချင်းကောလိတပရိဗိုဇ်ကို ဥပတိဿက ပြန်ဟောပြတာလည်း ဒီတရား

http://www.dhammadownload.com

ပိုဒ်ပါပဲ၊ လက်ဝဲရံကြီးလည်း ဒီတရားပိုဒ်နဲ့ပဲ သောတာပန် အရိယာ ဖြစ်သွားတာပဲဆိုတာကိုကြည့်ရင် ဒီစကားပိုဒ်ရဲ့ တာသွားမှုကို ခန့်မှန်းလို့ရပါတယ်။

ဒီလောက် အရေးပါအရာရောက်တဲ့ စကားဖြစ်လို့လည်း အိန္ဒိယပြည်မှာရှိတဲ့ အစောဆုံး ဥဒ္ဒိသစေတီတော်တွေက စပြီး မြန်မာပြည်စောစောပိုင်း စေတီတော်တွေအထိ စေတီတည် ဆောက်တဲ့ အုတ်ချပ်တွေမှာ ဘုရားသာသနာတော်ရဲ့ အမှတ်အသား အဖြစ်နဲ့ "ယေဓမ္မာ ဟေတုပ္ပဘဝါ"ဆိုတဲ့ စကားလုံးတွေ ရေးထိုး ပူဇော်ကြတဲ့အထိ ဗုဒ္ဓဘာသာဝင်တို့ အလေးအနက် ထားခဲ့ကြ တာပါ။ "ပစ္စယေန ပစ္စယော"ဆိုတာ အဲဒီစကားလုံးနဲ့ သံကွဲ ကြောင်းတူ အဓိပ္ပာယ်တူဖြစ်သလို၊ အရေးပါမှု လေးနက်မှုခြင်း လည်း အတူတူပဲဖြစ်ပါတယ်။ (၂၄)ပစ္စည်းတို့ရဲ့ အဓိပ္ပာယ်ကို ဆက်လက်တင်ပြ ဆွေးနွေး သွားပါမယ်။

❑

http://www.dhammadownload.com

ဟေတုပစ္စည်း

"ဘုံမြေကြီးနှင့် ရေသောက်မြစ် ခြောက်သွယ်"

'ပဋ္ဌာန်းဒေသနာတော်ကြီးဟာ အလွန်ကြီးကျယ်' တယ်လို့ ပြောရတာက အတိုင်းအတာပမာဏကြီးမားတာကြောင့် သက်သက်မဟုတ်ပါဘူး။ ဆန့်ကျင်ဘက်ကို ပယ်ရှားနိုင်တဲ့ အစွမ်းသတ္တိကိုက ကြီးမားလို့ပါ။

ပဋ္ဌာန်းဒေသနာတော်ရဲ့ အနှစ်ချုပ်က 'ပစ္စယေနပစ္စယော' ဆိုတဲ့အတိုင်း သက်ရှိသက်မဲ့ သခါရဓမ္မဟူသမျှဟာ အကြောင်းအကျိုးဆက်စပ်ပြီးတော့သာ ဖြစ်တယ်။ အသခ်တဖြစ်တဲ့ နိဗ္ဗာန်ကလွဲယင် ဘယ်အရာမှ အကြောင်းနဲ့ကင်းပြီး မဖြစ်နိုင်သလို။ အရဟတ္တဖိုလ် မရောက်သေးသမျှ အကြောင်းရှိလျက် အကျိုးမပေးဆိုတာလည်း မရှိဘူးလို့ သိစေလိုရင်းဖြစ်ပါတယ်။

ဒီလိုသိရှိခံစားနိုင်တဲ့ပုဂ္ဂိုလ်များဟာ သတ္တဝါတွေကို သံသရာဝဋ်နယ်က ရုန်းမထွက်နိုင်အောင် တုပ်နှောင်ထားတဲ့ အခိုင်မာဆုံးကြိုးကြီးများလို့ဆိုရမည့် . . .

(၁) ကောင်းမှုဆိုးမှုတို့မှာ ကောင်းကျိုးဆိုးပြစ်ဆိုတာ ရှိကိုမရှိဘူးလို့ယူတဲ့ **နတ္ထိကဒိဋ္ဌိ** အယူမှား။

http://www.dhammadownload.com

(၂) 'ကောင်းကျိုးဆိုးပြစ်ဆိုတာ ဘာအကြောင်းမှမရှိ၊ သူ့အလိုလို ဖြစ်ချင်သလိုဖြစ်နေကြခြင်းသာ ဖြစ်တယ်' ဆိုတဲ့ အဟေတုကဒိဋ္ဌိ အယူမှား။

(၃) 'ကောင်းမှုဆိုးမှု ဘာတွေပဲပြုနေပြုနေ ကောင်းကျိုးနဲ့ ဆိုးပြစ်ကို ပေးနိုင်စွမ်းမရှိကြဘူး။ ဘာပဲပြုပြု ပြုတယ်မမည်ဘူး' ဆိုတဲ့ အကိရိယဒိဋ္ဌိ အယူမှားဆိုတဲ့သာသနာတော်နဲ့ အဆန့်ကျင်ဆုံး အယူမှားကြီးသုံးမျိုးကို 'ပစ္စယေနပစ္စယော' ဆိုတဲ့ ပဋ္ဌာန်းဒေသနာတော်က ဖယ်ရှားသုတ်သင် နိုင်စွမ်းရှိပါတယ်။

အကြောင်းနဲ့အကျိုးကို လက်ခံယုံကြည်ခြင်းဟာ အရိုင်းခေတ်က အယဉ်ခေတ်ကို ပြောင်းလဲတိုးတက်စေခြင်းရဲ့ အဓိက အခြေခံတရားဖြစ်လို့ ကမ္ဘာပြုတရားလို့လဲ ဆိုနိုင်ပါတယ်။ ဒီစွမ်းရည်သတ္တိဟာ ပဋ္ဌာန်းဒေသနာတော်ကြီးကို ' ကြီးကျယ်မြင့်မြတ်ပါ ပေတယ်' လို့ ပြောနိုင်ခြင်းရဲ့ ပိုပြီးအရေးပါတဲ့ အကြောင်းတရား လို့ ဆိုနိုင်ပါတယ်။

"ဟေတုပစ္စည်း = ရေသောက်မြစ်ခြောက်သွယ်"

ဒီကြီးကျယ်တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးမှာ အခြေခံအကျဉ်းချုပ်အဖြစ် ပြထားတဲ့အကြောင်းတရား (၂၄)ခု (နှစ်ဆယ့်လေးပစ္စည်း)ရှိတဲ့အထဲက ပထမဆုံးအကြောင်း (ပစ္စည်း) တရားက 'ဟေတုပစ္စည်း' ဖြစ်ပါတယ်။

ဟေတုပစ္စည်းအမည်ရတဲ့ ဟိတ်တရားခြောက်ပါးရှိပါတယ်။

လောဘ = လိုချင်တပ်မက်စွဲလန်းတဲ့သဘော။

ဒေါသ = စိတ်တို၊ စိတ်ဆိုး၊ အမျက်ထွက်၊ ရန်ငြိုးဖွဲ့တဲ့ သဘော။

မောဟ = တွေဝေတဲ့သဘော၊ ဆင်ခြင်တုံတရားကင်းမဲ့တာ၊ အမှားအမှန် မဝေဖန်တတ်တာစတဲ့

http://www.dhammadownload.com

ဒီဟိတ်တရားခြောက်ပါးကို အဋ္ဌကထာဆရာကရေသောက်မြစ်နဲ့ ဥပမာပေးပါတယ်၊ ဒါကြောင့် ပထမရွှေကျင်သာသနာပိုင်ဆရာတော်ကြီးရဲ့ (၂၄)ပစ္စည်းအနက်မြန်မာပြန်မှာ -

'ဟေတုပစ္စယော = ရေသောက်မြစ်လျှင် ယင်းသစ်ပင်ကို စိမ်းရှင်ညွှန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မ,သို့' လို့ ဆိုတာပါ။ သတ္တဝါတွေက သစ်ပင်ကြီးနဲ့တူတယ်။ ဟိတ်ခြောက် ပါးက ယင်းသစ်ပင်ကြီးရဲ့ ရေသောက်မြစ်ခြောက်ခု ဖြစ်တယ်လို့ ဥပမာပြုတာပါ၊ အကုသိုလ် ရေသောက်မြစ်သုံးခု၊ ကုသိုလ် ရေသောက်မြစ်သုံးခုပေါ့။ ရေသောက်မြစ်ဆိုတာရှိရင် စွဲမှီ ထောက်တည်ရာ မြေပြင်ဆိုတာလဲရှိရမှာပါ။ မြေပြင်က ဘယ်ဟာလဲ ဆိုတော့ 'အာရုံ ခြောက်ပါး' လို့ပဲပြောရပါလိမ့်မယ်။ ဒါကြောင့် ဟေတုပစ္စည်းဘက်က ထောက်ဆလိုက်ရင် အာရမ္မဏပစ္စည်းက မြေပြင်နဲ့ တူတယ်လို့ ဆိုရပါလိမ့်မယ်။ (တခြားတစ်ဘက်က ထောက်ဆရင်တော့ တခြားတူညီတဲ့ ဥပမာ တစ်မျိုးဖြစ်သွားပါလိမ့်မယ်။)

ဒီတော့ ဥပမေယျဖြစ်တဲ့ ဟေတုပစ္စည်းရဲ့သဘောကို ရိပ်စားမိဖို့အတွက် ဥပမာနဘက်ကို အရင်အကဲခတ်ကြည့်ရပါလိမ့်မယ်။

မြေကြီးဆိုတာ အရာဝတ္ထုအားလုံးရဲ့ တည်မှီရာဖြစ်သလို နွယ်မြက်သစ်ပင်အားလုံးတို့ရဲ့ ဘုံမိခင်ကြီးလို့လည်း ဆိုနိုင်ပါလိမ့်မယ်။ ဘယ်အပင်ကိုမှ ကန့်ကွက်ခြင်းမရှိသလို 'ဘယ်အပင်က ဘယ်လိုအရသာကို စုပ်ယူစေ' ဆိုတဲ့ ကန့်သတ်ခြင်း၊ ဘက်လိုက်ခြင်းလည်း မရှိပါဘူး။

ဒါပေမယ့် မြေကွက်ကလေးတစ်ခုအတွင်းမှာ အတူတူပေါက်နေကြတဲ့ သစ်ပင်တွေချင်းအတူတူ ငရုတ်ပင်က 'အစပ်သီး' သီးတယ်၊ သံပရာပင်က 'အချဉ်သီး' သီးတယ်၊ ကြောင်လျှာပင်က 'အခါးသီး' သီးတယ်၊ ဖရဲပင်က 'အချိုသီး' သီးတယ်၊ စပယ်ပင်က

http://www.dhammadownload.com

'မသိတာ၊ မလိမ္မာတာ၊ ဉာဏ်တုံးတာ၊ အဝိဇ္ဇာ၊ မောဟ' ဆိုတာ အဓိပ္ပါယ်တူ ပရိယာယ်တွေပါပဲ။ ဒီသုံးပါးက အကုသိုလ် တရားတို့ရဲ့ အခြေခံဖြစ်လို့ 'အကုသိုလ် ဟိတ်သုံးပါး' လို့ခေါ်ပါတယ်။

ဒီတရားများရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ကုသိုလ်ဟိတ်သုံးပါးကို -

အလောဘ ။ မလိုချင်တဲ့သဘော၊ အဒေါသ ။ အမျက်မထွက်တဲ့သဘော၊ အမောဟ ။ မတွေမဝေတဲ့သဘောလို့ အတိုချုပ်မြန်မာပြန်ထားပေမယ့် တကယ်စေတနာပါပါနဲ့ ဒီတရားတွေ ဖြစ်ဖို့ ဆိုရင်တော့

အလောဘ ။ စွန့်လွှတ်နိုင်စွမ်းရှိတဲ့သဘော၊

အဒေါသ ။ ခွင့်လွှတ်နိုင်စွမ်းရှိတဲ့သဘော၊

အမောဟ ။ စဉ်းစားဝေဖန် ခွဲခြမ်းနိုင်တဲ့သဘောလို့ ပြောမှ ပိုမှန်ပါလိမ့်မယ်။ ပစ္စည်းတစ်ခုကို ကိုယ်မကြိုက်တတ်လို့ မလိုချင်တာဟာ အလောဘမဟုတ်သေးပါဘူး။ လူတိုင်းကြိုက်တတ်တဲ့ ပစ္စည်း(အာရုံဝတ္ထုအကုန်)ကို စေတနာရှိရှိ အသိဓာတ်ခံနဲ့ စွန့်လွှတ်နိုင်စွမ်းရှိတာကမှ အလောဘဖြစ်မှာပါ။(လိုချင်လို့ ရှာဖွေ ထားတဲ့ပစ္စည်းဝတ္ထုမျိုး၊ နှစ်သက်စွဲလမ်းတဲ့ အာရုံမျိုးကိုပင် ဖြစ်စေ စွန့်ဖို့လိုအပ်ရင် စွန့်နိုင်စွမ်းရှိတဲ့ သဘောလို့ ဆိုလိုပါတယ်။)

အဒေါသဆိုတာလဲ အလားတူပါပဲ။ ကိုယ်နားမလည်လို့ ဘာမှန်းမသိတဲ့အတွက် ဘယ်လိုမှစိတ်တိုစိတ်ဆိုးမဖြစ်ရုံနဲ့ အဒေါသ မဟုတ်သေးပါဘူး။ နားလည်သဘောပေါက်ပြီး သည်းခံ ခွင့်လွှတ်နိုင်တာကမှ အဒေါသပါ။

အမောဟဆိုတာကတော့ ဝေဖန်သုံးသပ်၊ ဆုံးဖြတ် နိုင်စွမ်းဆိုတဲ့ တတ်သိလိမ္မာမှုများကို ဆိုလိုတာဖြစ်ပါတယ်။ လယ်တီဆရာတော် ဘုရားကြီးကတော့ 'အသိ၊ အလိမ္မာ၊ ဉာဏ် ပညာ၊ ဝိဇ္ဇာ၊ အမောဟ' လို့ဆိုပါတယ်။

http://www.dhammadownload.com

အပွင့်မွှေးတယ်။ ပဒိုင်းပင်က အပွင့်နံတယ်၊ တချို့က အသက်ရှည်စေတယ်၊ တချို့က အသက်သေစေတယ်၊ အဲဒါ ဘာကပေးတဲ့ အကျိုးတရားတွေလဲ၊ မြေကြီးကဘက်လိုက်ပြီး မမျှမတ ခွဲတမ်းချပေးတာလားဆိုတာ စဉ်းစားကြည့်လိုက်ယင် မြေကြီးက ဘယ်အပင်ကိုမှ ဘက်မလိုက်ဘူး။ ဆိုင်ရာ ဆိုင်ရာအပင်တွေရဲ့ ရေသောက်မြစ်က စုပ်ယူတဲ့အတိုင်း ပင်စည်အခက်အ ရွက်အပွင့် အသီးတွေမှာ ရသ,ဝိပါက,ဂုဏ်,သတ္တိတွေ ဖြစ်ပေါ်သွားခြင်းသာ ဖြစ်တယ်ဆိုတာ သိသာပါတယ်။

အဲဒီအတိုင်းပါပဲ။ ပတ်ဝန်းကျင်မှာ မြင်ကြားတွေ့သိရ သမျှ အာရုံတွေဆိုတာလဲ ဘယ်သူ့ကိုချစ်စေ၊ ဘယ်သူ့ကိုမုန်းစေ၊ ဘယ်သူ့အတွက် ကုသိုလ်ဖြစ်စေ၊ ဘယ်သူ့အတွက် အကုသိုလ် ဖြစ်စေ၊ ဘယ်သူ့အတွက် အပါယ်ဆင်းရဲရောက်ကြောင်း အထောက်အပံ့ ဖြစ်စေ၊ ဘယ်သူ့ကိုကြတော့ လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာရရာ ရကြောင်းဖြစ်စေဆိုတဲ့ ခွဲတမ်းချပေးခြင်း ဘက်လိုက်ခြင်း မရှိပါဘူး။ ဒါပေမယ့် ဒီအာရုံတွေကို အာရုံပြုပြီးတော့ တချို့မှာ မုန်းတီးစိတ်၊ တချို့မှာ ချစ်ခင်စိတ်၊ တချို့မှာ ကုသိုလ်၊ တချို့မှာ အကုသိုလ်၊တချို့ အပါယ်ရောက်ကြောင်း၊ တချို့ နိဗ္ဗာန် ရောက်ကြောင်းတွေ ဖြစ်ကြရတာလည်း အားလုံးအကဲ ခတ်မိ ကြပါလိမ့်မယ်၊ အဲဒါ ဘာကြောင့် ဖြစ်တာလဲ . . . ။

အဲဒါ ဟိတ်ခြောက်ပါးဆိုတဲ့ ရေသောက်မြစ်ခြောက် သွယ်တို့က ကိုယ်အားသန်ရာအလိုက်စုပ်ယူမှု ကွဲပြားကြလို့ပဲ။ အာရုံ တစ်မျိုးတည်းအပေါ်မှာပဲ လောဘရေသောက်မြစ်သန်သူက လောဘ ဖြစ်စရာလို့ ရှုမြင်ပြီး လောဘနဲ့ယှဉ်တဲ့ အကုသိုလ်တွေ ဖြစ်ကြတယ်။ ကျန်တဲ့ဟိတ်တရားတွေကလည်း အလားတူပါပဲ။ ကိုယ်သန်ရာက ရှုမြင်စုပ်ယူကြပြီး ဆိုင်ရာကုသိုလ်၊ အကုသိုလ်တွေ ဖြစ်ကြတာပါ။

http://www.dhammadownload.com

အဲဒီလို ကျေးဇူးပြုပေး တတ်တဲ့အတွက် ဒီဟိတ် တရားခြောက်ပါး တို့ကို ရေသောက်မြစ်နဲ့ တူတယ်လို့ ဥပမာ ပေးတာပါ။

ဆိုင်ရာရေသောက်မြစ်တို့ကို သန်မာစေတဲ့ မြေဩဇာ နှစ်မျိုး

ရေသောက်မြစ်ခြောက်သွယ် အုပ်စုနှစ်စုရှိရာမှာ ဘယ်လို ပုဂ္ဂိုလ်မျိုးမှာ ဘယ်ရေသောက်မြစ်အုပ်စု သန်မာအားကောင်း တတ်သလဲဆိုတာနဲ့ပတ်သက်လို့ အဋ္ဌကထာဆရာက ရေသောက် မြစ်များ သန်မာစေတဲ့ မြေဩဇာနဲ့တူတဲ့ အကြောင်းတရားနှစ်မျိုး ကိုလည်း ရှင်းပြပါတယ်။

'အယောနိသော မနသိကာရ' လို့ခေါ်တဲ့ တွေ့ကြုံရတဲ့ အာရုံတို့အပေါ်မှာ အကျိုးသင့်အကြောင်းသင့် ဆက်စပ်ပြီး သင့်တင့် မျှတအောင် နှလုံးသွင်းမှုမရှိဘဲ အကျိုးမဲ့ အကြောင်းမဲ့ ပရမ်းပတာ နှလုံးသွင်းတတ်သူ (စိတ်ကောင်းမထားတတ်သူ)ရဲ့ သန္တာန်မှာ လောဘ,ဒေါသ,မောဟဆိုတဲ့ အကုသိုလ်ရေသောက် မြစ်သုံးသွယ် တို့ သန်မာအားကောင်းပြီး အကုသိုလ်တရားများ ဖြစ်ပေါ်တယ်။ 'ယောနိသောမနသိကာရ' လို့ခေါ်တဲ့ တွေ့ကြုံသမျှ အာရုံတို့ အပေါ် မှာ အကျိုးသင့်အကြောင်းသင့် ဆက်စပ်ပြီး သင့်တင့်မျှတ အောင် နှလုံးသွင်းတတ်သူ (စိတ်ကောင်းထားတတ်သူ)တို့ရဲ့ သန္တာန်မှာ အလောဘ,အဒေါသ,အမောဟဆိုတဲ့ ကုသိုလ်ရေသောက်မြစ် သုံး သွယ်တို့ သန်မာအားကောင်းပြီး ကုသိုလ်တရားများ ဖြစ်ပေါ်တယ်လို့ ဆိုပါတယ်။

ဥပမာ အရက်မူးသမားတစ်ယောက်ယောက်က အေးအေး ဆေးဆေး ထိုင်နေကြတဲ့ လူအုပ်တစ်အုပ်ကို ဆဲရေးတိုင်းထွာပြု လုပ်တယ်ဆိုပါစို့။

http://www.dhammadownload.com

လောဘရေသောက်မြစ်သန်သူက ခုလိုသေရည်သေရက်သောက်တာဟာ စိတ်လွတ်ကိုယ်လွတ် နေချင်သလိုနေ ပြောချင်သလိုပြောရဲတဲ့အတွက် ပျော်စရာကောင်းတယ်လို့ သဘောထားအားကျအတုလိုက်မယ်။

ဒေါသရေသောက်မြစ်သန်သူကတော့ 'ဒါတို့ကို သက်သက်စော်ကားတာပဲ' ဆိုပြီး ရန်တုံ့ပြန်မယ်၊ မောဟရေ သောက်မြစ်သန်သူကတော့ အဆိုးအကောင်း အကျိုးအကြောင်း ဘာမျှ မသိတဲ့အတွက် ဘာမှတုံ့ပြန်မှုမပြုဘဲ ဖာသိဖာသာပဲနေမယ်။ ဖြစ်ပေါ်ပုံ သုံးမျိုးသုံးစားကွဲပေမယ့် ဒီသုံးမျိုး(သုံးဦး)လုံးဟာ 'အယောနိသောမနသိကာရ - အကျိုးအကြောင်း သင့်တင့် မှန်ကန်အောင် နှလုံးမသွင်းနိုင်မှု (စိတ်ကောင်းမထားတတ်မှု)' ချင်းကတော့ အတူတူပဲ ဖြစ်ပါတယ်။

အလောဘရေသောက်မြစ်သန်သူကတော့ ဒီလိုမူးယစ်သောက်စားခြင်းဟာ အရှက်အကြောက်ကင်းမဲ့စေတဲ့အတွက် ရှောင်ကြဉ်စရာလို့ ခံယူစွန့်လွှတ်မယ်။

အဒေါသရေသောက်မြစ်သန်သူကတော့ ဒီလိုမူးယစ် နေခြင်းဟာ သူ့ရဲ့ကိလေသဝဋ်နဲ့တူမျှတဲ့ ဝိပါကဝဋ်ကို ခံစားနေရတာဖြစ်လို့ ဒုက္ခကိုခံစားနေရတဲ့ ဒုက္ခိတသတ္တဝါတစ်ဦးအဖြစ် ရှုမြင်ပြီးသည်းခံခွင့်လွှတ်မယ်။ သနားကြင်နာစိတ်ဖြစ်ပေါ်မယ်။ (ဒုက္ခိတသတ္တဝါ ဆိုတာက ကရုဏာတရားရဲ့ အာရုံဖြစ်ပါတယ်)

အမောဟရေသောက်မြစ်သန်သူကတော့ မူးယစ်ခြင်းကြောင့် ကုသိုလ်တရားများ မေ့လျော့တယ်၊ အရှက်အကြောက်ကင်းပြီး မပြုသင့်တာကို ပြုသွားတဲ့အတွက် ဒုစရိုက်တရားကို ကျူးလွန်တတ်တယ်၊ ဒီအတွက် ပစ္စုပ္ပန်မှာကဲ့ရဲ့ဖွယ်ဖြစ်သလို အနာဂတ်မှာလဲ ဆိုးကျိုးဒုက္ခအမျိုးမျိုးကို ခံစားရမယ့် အမှုမျိုးဖြစ် တယ်လို့

http://www.dhammadownload.com

ကြောင်းကျိုးအဆင့်ဆင့်အထိ ဆင်ခြင်သိမြင်ပြီး သောက်စားမှီး ယစ်ခြင်းကို ရှောင်ကြဉ်မယ်။ ရှုမြင်သုံးသပ်ပုံ ကွဲပြားပေမယ့် ဒီသုံးမျိုး (သုံးဦး)လုံးဟာ 'ယောနိသော မနသိ ကာရ ။ အကျိုး အကြောင်း သင့်တင့်မှန်ကန်အောင် နှလုံးသွင်းနိုင်မှု (စိတ်ကောင်းထားတတ်မှု) ချင်းအတူတူပဲ ဖြစ်ပါတယ်။

သဘာဝဖြစ်စဉ်ကို သုံးသပ်ဆင်ခြင်ကြည့်မယ်ဆိုရင် ခံစားမှု (ဝေဒနာ)ကိုသာ အဓိကထားပြီး ဆုံးဖြတ်ခြင်းကြောင့် အယောနိသောမနသိကာရဖြစ်တယ်၊ ဆင်ခြင်သုံး သပ်မှု (သတိပညာ) ရှေ့သွားပြုပြီး ဆုံးဖြတ်ခြင်းကြောင့် ယောနိသောမနသိကာရ ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။ ဒီရေသောက်မြစ် ခြောက်သွယ် (အုပ်စုနှစ်ခု)တို့ရဲ့ အဓိကခြားနားချက်ကတော့ အကုသိုလ်ရေ သောက်မြစ်များဟာ အာရုံကိုစုပ်ယူရာမှာ ဘယ်တော့မှ ဝတယ် ပြည့်တယ်လို့မရှိဘူး။ ကုသိုလ်ရေသောက်မြစ်များက အာရုံကို စုပ်ယူရာမှာ ပြည့်တယ်ဝ တယ်ဆိုတဲ့ အဆုံး အကန့်အသတ် ရှိတယ်။

ဟုတ်ပါတယ်။ ဒေဝဒတ်ရဲ့အလောင်းဟာ ရွှဲကုန်သည် ဖြစ်ခဲ့စဉ်က ဘုရားအလောင်းရွှဲကုန်သည် တရားသဖြင့်ရတဲ့ ရွှေခွက်ကို မတရားရလိုတဲ့ လောဘနဲ့ တောင်းတပြီး မရတဲ့အတွက် ရန်ငြိုးဖွဲ့တဲ့ ဒေါသရေသောက်မြစ်များ သန်မာစေရမယ်ဆိုပြီး အစဉ်တစိုက် ကျင့်သုံးရခဲ့တာ အခုနောက်ဆုံး ဘုရားရှင်နဲ့တွေ့ရတဲ့ ဘဝမှာလဲ မြတ်စွာဘုရားရှင်ရဲ့ အရိုက်အရာကို ရလိုတဲ့ လောဘနဲ့ ရန်ငြိုးဖွဲ့ပြီး ဘုရားရှင်ကို အသက်သေစေအောင်အထိ ကျောက်မောင်းဆင်ပြီး လှိမ့်ချတာတို့၊ လေးသမားများကို စေလွှတ်ပြီး လုပ်ကြံခိုင်းတာတို့၊ နာဠာဂီရိဆင်နဲ့ တိုက်ခိုင်းတာတို့ လုပ်ခဲ့တယ်။ အဝီစိကျခါနီးမှာတော့ ဒီရန်ငြိုးနဲ့ ဒီလောဘ ဒေါသရေသောက်မြစ် တွေရဲ့ဆိုးကျိုးကို မရှုမလှကြီးခံစားရလို့ နောင်တရပြီး ဝန်ချ တောင်းပန်သွားတဲ့

http://www.dhammadownload.com

အတွက် ရန်ငြိုးဆိုတဲ့ ဒေါသရေသောက်မြစ်ကြီးတော့ဖြင့် ဆက်လက်သန့်စွမ်းစရာမရှိတော့ဘူးလို့ ထင်ရပါတယ်။

အလားတူပါပဲ။ စိဠမာနအလောင်းဟာလည်း ပရိဗိုဇ်မဘဝက သူ့အပေါ် ဘုရားအလောင်းက အရှက်ခွဲခဲ့တာကို အကြောင်းပြုပြီး ဘဝတိုင်းအရှက်ခွဲမယ်ဆိုတဲ့ ရန်ငြိုးအာယာတ (ဒေါသအပြင်းစား)ရေသောက်မြစ်ကြီး တိုးသည်ထက်တိုးအောင် ကြိုးစားခဲ့တာ ဘုရားဖြစ်တဲ့ဘဝရောက်တော့လည်း မဖွယ်မရာ စွပ်စွဲအရှက်ခွဲတုံးပါပဲ၊ သူ့အပြစ်နဲ့သူ အဝီစိရောက်သွားတဲ့အထိလည်း ဒီရန်ငြိုးဒေါသရေသောက်မြစ်ဟာ ပြည့်ဝပြီ ကျေနပ်ပြီလို့ မရှိသေးပါဘူး၊ အခုအချိန်မှာတောင် အဝီစိထဲမှာအသက်ရှူခွင့်လေးများ ခဏရခဲ့ရင် မြတ်စွာဘုရားကို ကျိန်ဆဲကောင်း ကျိန်ဆဲနေဦးမလားလို့ ထင်ရတယ်။

မောဟရေသောက်မြစ်ဆိုတာကတော့ လောဘ ဒေါသ ရေသောက်မြစ်များနဲ့ အမြဲပူးပေါင်းပြီး အာရုံကို စုပ်ယူဖက်ပါ။ တကယ်လို့ မောဟရေသောက်မြစ်ချည်း တသီးတခြား ကြီးထွားသန်မာနေသူဆိုရင်တော့ ဘာပြောစရာရှိမလဲ 'ကာလနဂါးကြီး မေ့ဆေးထိုးထားသလို'လို့ပဲ ပြောရတော့မှာပါ။

အလောဘ,အဒေါသ,အမောဟရေသောက်မြစ်များကတော့ ဒီလိုမဟုတ်ပါဘူး၊ အာရုံငါးပါးကာမဂုဏ်တရားတို့ကို အကြွင်းမဲ့စွန့်လွှတ်နိုင်စွမ်းရှိတဲ့အခါ အလောဘရေသောက်မြစ် ပြည့်ဝပါတယ်။ သတ္တဝါအားလုံးအပေါ်မှာ အကြွင်းမဲ့မေတ္တာထားရှိနိုင်တဲ့အခါ အဒေါသရေသောက်မြစ် ပြည့်ဝပါတယ်။ အရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာဝဋ်မြစ်အားလုံး ပယ်ရှင်းပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အချိန်မှာ အမောဟဆိုတဲ့ ပညာရေသောက်မြစ်လည်း အထွဋ်အထိပ်ရောက် ပြည့်ဝသွားပါတယ်။

http://www.dhammadownload.com

မလိုလားအပ်တဲ့ ရေသောက်မြစ်များ အားနည်းပြီး လိုလားအပ်တဲ့ ရေသောက်မြစ်များ ကြီးထွားရေးအတွက် အဓိက အရေးကြီးတာကတော့ 'ယောနိသောမနသိကာရ' လို့ခေါ်တဲ့ စိတ်ကောင်းထားတတ်မှုပါ။ ဒါကြောင့်လဲ မထေရ်မြတ်များက -

'စိတ်ကောင်းထားတတ်ဖို့က အဓိက' လို့ ဆိုဆုံးမတော်မူခဲ့တာဖြစ်ပါလိမ့်မယ်။

စိတ်ကောင်းထားနိုင်ကြပါစေ။

❑

http://www.dhammadownload.com

ဟေတု - အာရမ္မ

"အချစ်လည်း မစောနဲ့, အပြစ်လည်း မပြောနဲ့"

အဘိဓမ္မာသဘောသက်သက်ဖြစ်တဲ့ ပဋ္ဌာန်း ပစ္စည်းတရားတွေကို မှန်းဆပြီး အာရုံပြုနိုင်ဖို့အတွက် အဋ္ဌကထာဆရာအစရှိတဲ့ ရှေးဆရာမြတ်များက လောကဥပမာများနဲ့ ခိုင်းနှိုင်းဖွင့်ပြကြ တော်မူကြပါတယ်၊ ဒီလိုခိုင်းနှိုင်းတာဟာလည်း အနုမာနသဘောနဲ့ မှန်းဆကြည့်နိုင်ရုံလောက်ပါပဲ၊ တကယ်တော့ ပရမတ္ထသဘောနဲ့ လောကဝေါဟာရ ပညတ်သဘောတို့ဟာ ထပ်တူထပ်မျှတူညီမှု ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။

မှန်းဆပြီးခိုင်းနှိုင်းတယ်ဆိုရာမှာလဲ ရှုမြင်တဲ့မြင်ထောင့်ကွဲပြားသလို မြင်ကွင်းကလဲ ပြောင်းလဲသွားတာမို့ ခိုင်းနှိုင်းမှုများလဲ ပြောင်းလဲ သွားပါလိမ့်မယ်။ မြင်ထောင့်နဲ့ မြင်ကွင်းအလိုက် မြင်ရပုံကို ဘယ်လိုပဲ ခိုင်းနှိုင်းထားထား ဒါဟာ မှန်းဆကြည့်နိုင် ရုံမျှသာ ဖြစ်တယ်ဆိုတာကိုတော့ သဘောပေါက်ထားရပါလိမ့် မယ်။ ဒါကို အလေးအနက်ပြောနေရတာကတော့ တချို့က ဥပမာကို အသေကိုင်ပြီး ပရမတ္ထ သဘောတွေကို ကိုယ်လိုချင်သလို ဆွဲယူတာတို့၊ ကြံစည်သင့်တဲ့အတိုင်းအတာကို ကျော်လွန်ပြီး အတွေးလွန်ကြတာတို့ ကြုံရတတ်လို့ပါ။

http://www.dhammadownload.com

အခုပြောမယ့် ဟေတုပစ္စည်းနဲ့ အာရမ္မဏပစ္စည်းတို့ကိုလဲ တစ်ခုချင်းအလိုက် အဌကထာဆရာ ဥပမာပေးခဲ့တာက ဟေတုပစ္စည်းက ရေသောက်မြစ်နဲ့ တူတယ်၊ အာရမ္မဏပစ္စည်းက တောင်ဝှေး ကြိုးတန်းနဲ့ တူတယ်လို့ဆိုပါတယ်။

အာရမ္မဏပစ္စည်းကို တောင်ဝှေးကြိုးတန်းနဲ့ တူတယ်ဆိုတာက သက်ရှိလောကရဲ့ အခြေခံဖြစ်တဲ့ ရုပ်တရားနဲ့ နာမ် တရားနှစ်မျိုးထဲမှာ သိ,မှတ်,ခံစား,ကြံစည်မှုဆိုတဲ့ နာမ်တရား တွေဟာ သူတို့ချည်းသက်သက်ဖြစ် ပေါ်နိုင်စွမ်းမရှိဘဲ ဆိုင်ရာ အာရုံတစ်ခုခုကို အာရုံပြုပြီးတော့မှသာ ဖြစ်နိုင်ကြတဲ့ တရားတွေ ဖြစ်ပါတယ်။ လောကမှာ ပင်ကိုယ်အစွမ်းသတ္တိနဲ့ ထထိုင်ရပ်သွား ဆိုတဲ့ ဣရိယာပုထ် လေးပါးကို ပြုနိုင်စွမ်းမရှိကြသူ (မသန်မစွမ်းသူ) များဟာ တောင်ဝှေးကြိုးတန်းတစ်ခုခုကို စွဲကိုင်အားပြုပြီးမှ ထခြင်းထိုင်ခြင်း စသည်ကို ပြုလုပ်နိုင်ကြသလို သိမှုစတဲ့နာမ် တရားတွေဟာလဲ ဆိုင်ရာ အာရုံတစ်ခုခုကို စွဲမှီအားပြုပြီးမှသာ ဖြစ်နိုင်ကြတာကို အကြောင်းပြုပြီး အာရမ္မဏပစ္စည်းဖြစ်တဲ့ အာရုံခြောက်ပါးတို့ကို တောင်ဝှေးကြိုးတန်းနဲ့ ဥပမာပေးထားတာပါ။

တခြား မြင်ထောင့်တစ်မျိုးဖြစ်တဲ့ ဟေတုပစ္စည်းဘက် ကနေကြည့်မယ်ဆိုရင်တော့ ရေသောက်မြစ်ခြောက်သွယ်နဲ့ ပမာတူတဲ့ ဟိတ်ခြောက်ပါးဆိုတာ နာမ်တရားများပဲဖြစ်တဲ့အတွက် အာရုံခြောက်ပါးထဲက တစ်ပါးပါးကို အာရုံပြုမှီစွဲပြီးမှသာဖြစ်နိုင်တဲ့ တရားမျိုးဖြစ်ပါတယ်။ ဒါကြောင့် ဟိတ်ခြောက်ပါးဟာ သစ်ပင်တို့ရဲ့ ရေသောက်မြစ်နဲ့ ပမာတူတယ်ဆိုရင် အာရုံခြောက်ပါးတို့ဟာ ရေသောက်မြစ်ရဲ့တည်မှီရာ မြေကြီးအထုနဲ့ ပမာတူတယ်လို့ ဆိုရပါလိမ့်မယ်။

အရင်တစ်ပတ်က ပြောခဲ့တဲ့အတိုင်း မြေကြီးဟာ ဘယ်

http://www.dhammadownload.com

အပင်အတွက် ဘယ်လိုအရသာကိုပေးမယ်ဆိုတဲ့ သီးသန့် ရည်မှန်းပြီးပေးတဲ့ ခွဲတမ်းဆိုတာမရှိဘူး။ အပင်တို့ရဲ့ ရေသောက်မြစ်က စုပ်ယူတဲ့အတိုင်းသာ အရသာကို ရကြတာဖြစ်သလို အာရုံ ခြောက်ပါးတို့ ဟာလည်း ဘယ်ပုဂ္ဂိုလ်အတွက်မှ ကုသိုလ်ဖြစ်စေ, အကုသိုလ် ဖြစ်စေဆိုတဲ့ ခွဲတမ်းမရှိဘူး။ သတ္တဝါတို့ သန္တာန်မှာ အနုသယ သဘော၊ ပါရမီဓာတ်ခံသဘောနဲ့ရှိနေတဲ့ ဟိတ်ခြောက်ပါး ရေသောက်မြစ်များက ဦးဆောင်ရယူတဲ့ အတိုင်းသာ ကုသိုလ် တရား အကုသိုလ် တရားများ ဖြစ်ပေါ်ကြရတာပါ။(အကုသိုလ် ရေသောက်မြစ်များကို အနုသယ၊ ကုသိုလ်ရေသောက် မြစ်များကို ပါရမီဓာတ်ခံ လို့ ပြောဆိုသုံးစွဲရပါတယ်)

ဒါကြောင့် **အာရုံခြောက်ပါးတို့အပေါ်မှာ အချစ်လဲ မစောနဲ့၊ အပြစ်လဲမပြောနဲ့၊ စစ်ကြောသုံးသပ်ပြီး မိမိရည်မှန်းချက်ပြီးမြောက်အောင်သာ အသုံးချတတ်ကြပါ** လို့ သတိပေးချင်ပါတယ်။

မျိုးစေ့နဲ့ ရေသောက်မြစ်

အာရမ္မဏပစ္စည်းအကြောင်း အကျယ်တဝင့်မပြောသေးမှီ ဟေတုပစ္စည်းနဲ့ဆက်စပ်ပြီး စဉ်းစားစရာလေးတွေကို ထပ်ပြောချင်ပါသေးတယ်။

သစ်ပင်တို့ရဲ့ အခွံအခေါက် ပင်စည် ရွက်ပွင့် အသီးအစေ့ စသည်တို့မှာ ဖြစ်ပေါ်လာတဲ့အရသာအမျိုးမျိုးတို့ဟာ ရေသောက်မြစ်က တဆင့် မြေထဲကနေ စုပ်ယူပေးတဲ့ မြေဆီဓာတ်များပဲ ဖြစ်တယ်ဆိုတာ သဘောပေါက်ပြီးတဲ့အခါ အဲဒီအပင်တို့ရဲ့ ရေသောက်မြစ်တွေကကော အချိုဓာတ်ကို စုပ်ယူတဲ့ ရေသောက်မြစ်၊ အချဉ်ဓာတ်ကို စုပ်ယူတဲ့ ရေသောက်မြစ်စသည် ဘာဖြစ်လို့ ကွဲပြားကြ

http://www.dhammadownload.com

သလဲဆိုတာ စဉ်းစားမိကြမှာပဲ၊ ပြီးတော့ ဒါဟာ မျိုးစေ့ထဲမှာ တည်ရှိနေတဲ့ ဗီဇသတ္တိအားလျော်စွာ ကွဲပြားကြတာပဲလို့လဲ သဘော ပေါက်ကြမှာပါ။

ဒီလိုဆိုရင် သတ္တဝါတွေဟာ အာရုံခြောက်ပါးနဲ့ တွေကြတဲ့ အခါ တချို့က လောဘစတဲ့ အကုသိုလ်ရေသောက်မြစ်တွေ ဦးစီးပြီး အကုသိုလ် တရားတွေဖြစ်အောင် သုံးသပ်ကြတာတို့၊ တချို့က အလောဘစတဲ့ ရေသောက်မြစ်တွေနဲ့ ကုသိုလ်တွေဖြစ် အောင် သုံး သပ်ကြတာတို့ဟာလည်း သူတို့ရဲ့ ပဋိသန္ဓေစိတ်ဆိုတဲ့ ဗီဇမှာ အနုသယသဘော ပါရမီဓာတ်ခံသဘောနဲ့ပါရှိလာတဲ့ သတ္တိ အား လျော်စွာဖြစ်ကြတယ်ဆိုတာကို သဘောပေါက်ကြ ရမှာဖြစ်ပါ တယ်။

ဒီနေရာမှာ အထင်ရှားဆုံးသာဓကအဖြစ် သာကီဝင် မင်း သားချင်း အတူတူဖြစ်တဲ့ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားနဲ့ ဒေဝ ဒတ်တို့ရဲ့ ပဋိသန္ဓေ ဗီဇဓာတ်နှစ်ခုကို နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။

မြတ်စွာဘုရားအလောင်းတော်ဟာ သုမေဓာ သူဌေးသား ဘဝကတည်းက မိမိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို အများအတွက် စွန့်လွှတ်ခဲ့တယ်၊ ရသေ့အဖြစ်နဲ့ ဈာန်အဘိညာဉ် ရရှိပြီးချိန်မှာ ဒီပင်္ကရာဘုရားရှင်နဲ့ နောက်ပါသံယာတော်တွေ ကြွလာမယ့်လမ်း ကို အများ စုပေါင်းပြင်ဆင်နေချိန်နဲ့ ကြုံတွေ့တဲ့အခါ ရွှံ့ညွန်တွေ ထူထပ်တဲ့ ဗွက်အိုင်ကြီးကို သူတစ်ပါးတွေမပြင်လိုဘဲ ရှောင်ဖယ် ထားတာသိလို့ အဲဒီအခက်ခဲဆုံးနေရာကို သူက တာဝန်ယူပြုပြင် တယ်၊ ဒီလိုပြုပြင်ရာမှာလဲ ရရှိထားတဲ့ တန်ခိုးအဘိညာဉ်ကို အသုံး မပြုဘဲ ပင်ကိုယ်ကာယစွမ်း အားနဲ့ပဲ ကြိုးစားပြင်တယ်၊ ဘုရားရှင် နဲ့နောက်ပါ သံယာတော်တွေ ကြွလာချိန်မှာ ခန္ဓာကိုယ်တစ်လျှား စာလောက် ရွှံ့ဗွက်ကိုဖို့လို့မပြီးတဲ့အခါ ကိုယ်ကိုအလျှားစင်းပြီး တံတားခင်းပေးခဲ့တယ်။ နိယတဗျာဒိတ်ကို မရမီကတည်းက စွန့်

http://www.dhammadownload.com

လွှတ်စိတ် အနစ်နာခံစိတ်ထက်သန်ခဲ့တယ်လို့ ဆိုလိုတာပါ။

ဒီပက်ရာဘုရားရှင်နဲ့တွေ့လို့ နိယတဗျာဒိတ်ကို ရရှိပြီးတဲ့နောက်မှာတော့ အထူးပြောစရာမလိုတော့ပါဘူး။ စွန့်လွှတ်တဲ့ အလောဘ စိတ်ဓာတ်၊ ခွင့်လွှတ်သည်းခံနိုင်စွမ်းတဲ့ အဒေါသ စိတ်ဓာတ်၊ မတွေ့မဝေစဉ်းစားသုံးသပ်တဲ့ အမောဟစိတ်ဓာတ်တွေ ဘဝစဉ်ဆက် ပွားများထုံမွှမ်းခဲ့တာပါ။

နောက်ဆုံးဘုရားဖြစ်မယ့် ဘဝမရောက်မီ တုသိတာ နတ်ဘုံမှာဖြစ်တဲ့အခါ စကြဝဠာတစ်သောင်းမှာရှိကြတဲ့ နတ်ပြဟ္မာ တွေက "လူနတ်ပြဟ္မာသတ္တဝါ အပေါင်းကိုကယ်တင်ဖို့အတွက် လူပြည်မှာ ပဋိသန္ဓေနေပြီး ဘုရားဖြစ်တော်မူပါ (ဘုရားဖြစ်အောင် ကျင့်တော်မူပါ)၊ သတ္တဝါတွေကို ကယ်တင်တော်မူပါ"လို့ ဝိုင်းပြီး တောင်းပန်ကြတယ်။ အလောင်းတော်နတ်သားက ဘုရားဖြစ်ချိန် သင့်မသင့် အချိန်ကာလ၊ တည်နေရာကျွန်း၊ အရပ်ဒေသ၊ ဖြစ်သင့် တဲ့အမျိုးအနွယ်၊ မယ်တော်ရဲ့သက်တမ်းဆိုတဲ့ ကြည့်ခြင်းကြီး ငါးမျိုးတို့ကို ကြည့်ပြီး အချက်အလက် ပြည့်စုံတာကို သိပြီးတဲ့အခါ "သတ္တဝါတွေ ချမ်းသာစေဖို့ (ဒုက္ခက လွတ်မြောက်ဖို့)အတွက် လူပြည်ကိုဆင်းပြီး ပဋိသန္ဓေနေတော့မယ်၊ ဘုရားဖြစ်အောင် အားထုတ်မယ်၊ သတ္တဝါတွေ ချမ်းသာစေရမယ်"ဆိုတဲ့ မေတ္တာစိတ် အပြည့်နဲ့ နတ်ပြဟ္မာအပေါင်းတို့ရဲ့ တောင်းပန်စကားကို လက်ခံလိုက်တယ်။ လူပြည်ရွာဆင်းပြီး ပဋိသန္ဓေနေဖို့ ဆုံးဖြတ်လိုက်တယ်၊ လက်ရှိရရှိခံစားနေရတဲ့ နတ်စည်းစိမ်တွေကို ဘာမှထည့် မတွက်ဘူး၊ ကိုယ်ကျိုးအတွက် မစဉ်းစားဘူး၊ စွန့်လွှတ်တဲ့ အလောဘစိတ်၊ ခွင့်လွှတ်တဲ့ အဒေါသစိတ်၊ မေတ္တာစိတ်၊ လောက အကျိုးကို ချင့်ချိန် သုံးသပ်တဲ့ အမောဟစိတ်အပြည့်နဲ့ ဆုံးဖြတ်ပြီး နတ်သက်ကို စွန့်ချွေကာ လူပြည်မှာ ပဋိသန္ဓေတည်နေခဲ့ပါတယ်၊ အဲဒါ နောက်ဆုံးဘဝ ဘုရားအလောင်း သိद္ဓတ္ထမင်းသားရဲ့ ပဋိသန္ဓေ ဗီဇာတ်ဖြစ် ပေါ်လာပုံပါပဲ။

http://www.dhammadownload.com

ပဋ္ဌိသန္ဓေကိုဖြစ်စေတဲ့ ကံတွေအားလုံးဟာ စွန့်လွှတ်တဲ့ အလောဘ၊ ခွင့်လွှတ်တတ် မေတ္တာထားတတ်တဲ့ အဒေါသ၊ သုံးသပ်ဆုံးဖြတ်နိုင်စွမ်းတဲ့ အမောဟဆိုတဲ့ အမြတ်စားရေသောက်မြစ် သုံးခုအတွက် ပြည့်စုံ လုံလောက်တဲ့ ပဋ္ဌိသန္ဓေဗီဇဓာတ်ဖြစ်ပါတယ်၊ ဒါကြောင့်လဲ ဆိုင်ရာဌာနများကို အမှီပြုပြီး ဆိုင်ရာအာရုံတို့နဲ့ တွေ့ကြုံရတဲ့အခါတိုင်း စွန့်လွှတ်စရာ၊ ခွင့်လွှတ်စရာ ဆင်ခြင် သုံးသပ်စရာ အဖြစ်နဲ့သာ စုပ်ယူနိုင်ခဲ့တာဖြစ်လို့ အာရုံကို အချစ် စောခြင်းဆိုတဲ့ ကာမသုခလွှိကာနုယောဂ အစွန်း၊ အာရုံကို အပြစ်ပြောခြင်းဆိုတဲ့ အတ္တကိလမထာနုယောဂအစွန်းတို့ကို လွန်မြောက်ပြီး အာရုံတို့ရဲ့ သဘောအမှန်ကို သိမြင်နိုင်စွမ်းရှိတဲ့ မဇ္ဈိမပဋိပဒါလမ်းမှန်ကိုတွေ့ရှိကာ သဗ္ဗညုတဘုရားရှင်အဖြစ် ရောက်ရှိတော်မူခဲ့ တာပါ။

သဗ္ဗညုဘုရားရှင်အဖြစ် ရောက်ရှိတဲ့အခါမှာတော့ ပဋ္ဌိသန္ဓေဗီဇဓာတ်မှာကတည်းက အလေ့အထုံရင့်သန်လာခဲ့တဲ့ စွန့်လွှတ်မှု အလောဘရေသောက်မြစ်၊ ခွင့်လွှတ်မှု မေတ္တာဓာတ် အပြည့်ပါတဲ့ အဒေါသရေသောက်မြစ်၊ သိသင့်သိထိုက်တဲ့ တရားတို့ကိုသာမက တရားကိုသိနိုင်စွမ်းရှိတဲ့ ဝေနေယျတို့ရဲ့ ပါရမီဓာတ်ခံ အလိုအဖျာသယတို့ကိုပါ သုံးသပ်သိမြင်နိုင်စွမ်းရှိတဲ့ အမောဟရေသောက်မြစ်တို့ဟာ အတိုင်းထက်အလွန် သန်စွမ်း ကြီးမားတော်မူကြလို့ လောကီအာရုံကာမဂုဏ်တို့ကို စွန့်လွှတ် နိုင်ဆုံးပုဂ္ဂိုလ်လဲဖြစ်၊ ဒေဝဒတ်နဲ့ သားတော်ရာဟုလာ၊ စိဉ္စမာနနဲ့ ယသော်ရော၊ ဝိသာခါကျောင်းအမနဲ့ မာဂဏ္ဍိသူဌေးသမီးတို့ အပေါ်မှာပင် နှစ်မျိုးမပြား တစ်သားတည်း သဘောထားနိုင်တဲ့ မဟာကရုဏာသခင်၊ ကျွတ်ထိုက်တဲ့ ဝေနေယျတို့ကို ဆင်ခြင် သိမြင်ရာမှာ ရှင်တော်မြတ်ကိုယ်တိုင် ချေချွတ်မှ တရားအသိရမည့် နောက်ဆုံး မျက်မှောက်

http://www.dhammadownload.com

သာဝက သုဘဒ္ဒပရိဗိုဇ်အထိ အကြွင်းအကျန်မရှိ သိနိုင်စွမ်းတဲ့ ပုဂ္ဂိုလ်မြတ်အဖြစ်နဲ့ အများနဲ့ မဆက်ဆံတဲ့ သီးသန့် ဉာဏ်တော်များကို ပိုင်ဆိုင်တဲ့ အသာဓာရဏ ဉာဏ်တော်ရှင်ကြီး ဖြစ်တော်မူရတာပါ။

ပါရမီဖြည့်စဉ် ကာလတစ်လျှောက်ကစပြီး နောက်ဆုံး ဘုရားဖြစ်တော်မူတဲ့အထိ ဘုရားရှင်ကို အမြဲတမ်း ရန်လို ဆန့်ကျင်ခဲ့တဲ့ ရှင်ဒေဝဒတ်ရဲ့ ဗီဇာတ်ကိုကြည့်မယ်ဆိုရင် ရွှဲကုန်သည်ဘဝကတည်းက သူတစ်ပါးပစ္စည်းကို အချောင်ရလိုတဲ့ လောဘတရားကြီးမားခဲ့သူ၊ အမှန်အကန်လုပ်တဲ့ ဘုရားအလောင်း ကြောင့် သူအချောင်ရဖို့ကြိုးစားခဲ့တဲ့ ရွှေခွက်မရခဲ့တာကို အကြောင်း ပြုပြီး ဘုရားအလောင်းကို သံသရာရှည်သရွေ့ ဘယ်ဘဝမှာမဆို ရန်ငြိုး အာဃာတထားခဲ့သူ၊ အမှန်တရားကို လက်မခံနိုင်သလို အမှန်တရား သိရှိဖို့ ဘယ်တော့မှ စိတ်ဝင်စားခြင်းမရှိအောင် မောဟထူခဲ့သူ ဖြစ်တယ်။

ဒါကြောင့်လည်း ဘုရားအလောင်းတော်နဲ့ တွေ့ဆုံရတဲ့ ဘဝတိုင်းမှာ ဘုရားအလောင်းက သူ့အပေါ် ဘယ်လောက် ကောင်းကျိုးပြုထားထား အမြဲကျေးဇူးကန်းတတ်သူ၊ ရက်စက်ခဲ့သူ အဖြစ်နဲ့ ရပ်တည်ခဲ့ပါတယ်၊ ကျေးဇူးကန်းမှု ရက်စက်မှုတို့ကြောင့် အရှင်လတ်လတ် မြေမြှုပ်ပြီး အဝီစိငရဲအထိ ကျရောက်ခဲ့တဲ့ဘဝတွေ အများကြီး ကြုံခဲ့ပေမယ့်လည်း ဘယ်တော့မှနောင်တမရဘဲ လောဘ၊ ဒေါသ၊ မာန်မာနတွေနဲ့သာ ဘဝတိုင်းကျင်လည်ခဲ့ပြီး ဒီကံတွေနဲ့ ထုံမွှမ်းထားတဲ့ အနုသယ ဓာတ်အပြည့်ရှိတဲ့ ဗီဇပဋိသန္ဓေနဲ့ နောက်ဆုံးဆုံတွေ့ရတဲ့ ဘဝမှာ တစ်မျိုးတစ်နွယ်တည်း ညီအစ်ကို ဝမ်းကွဲအဖြစ် လာရောက်ဆုံတွေ့ကြပါတယ်။

ရှည်လျားလှတဲ့ သံသရာမှာ တစ်အောင့် တစ်ခဏ အားကျဆည်းပူးခဲ့ဖူးတဲ့ လောကီအဘိညာဉ်ဓာတ်ခံလေးနဲ့ အဲဒီလို ဘဝမှာ

http://www.dhammadownload.com

ပြုခဲ့ဖူးတဲ့ ကံကောင်း အထောက်အပံ့ကြောင့် ဘုရင့်သားတော် ဖြစ်ခဲ့တယ်၊ တခြားသာကီဝင်မင်းသား ငါးဦးတို့နဲ့အတူ သာသနာ ဘောင်လဲ ရောက်ခဲ့တယ်။ ကြိုးစားအားထုတ်မှုကြောင့် လောကီ အဘိညာဉ်အထိတောင် ရရှိပိုင်ဆိုင်ခဲ့ပါတယ်။

ခန့်မှန်းကြည့်ရတာကတော့ ဘဝတစ်ခုခုမှာ လောကီ အဘိညာဉ်အစွမ်းပြတဲ့ မထေရ်တစ်ပါးပါးကို တွေ့ဖူးပါလိမ့်မယ်၊ မြင်ရသူတွေက တအံ့တသြငေးမော အားကျကြည်ညိုကြတာကို လည်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါလိမ့်မယ်၊ အများရဲ့ အထင် ကြီးလေးစားမှုကို ခံယူလို တဲ့စိတ်ထားနဲ့ပဲ အဲဒီမထေရ်မြတ်ထံမှာ ချဉ်းကပ်ပြီး ရဟန်းတရားနဲ့ အဘိညာဉ်အခြေခံ သမထတရားများ ကိုလည်း ပွားများလေ့လာခဲ့ဖူး ပါလိမ့်မယ်၊ အဲဒီလိုကံတွေရဲ့ အကျိုး ပေးခွင့်အရ အခုနောက်ဆုံးတွေ့ရတဲ့ဘဝမှာ မင်းသားလဲဖြစ် သာသနာ့ ဘောင်လဲရောက် လောကီအဘိညာဉ်အထိလဲ အားထုတ်ရရှိခဲ့ တယ် လို့ ခန့်မှန်းကြည့်နိုင်ပါတယ်။

ဒါပေမယ့် သူလေ့လာဆည်းပူးခဲ့တဲ့ ကောင်းမှုများဟာ လူတွေအထင်ကြီး လေးစားခြင်းကိုခံလိုတဲ့ လောကီကျိုး အတွက်သာ ရည်ရွယ်ခဲ့တာဖြစ်ပြီး ကိလေသာကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရည်ရွယ်ခဲ့ တာမဟုတ်လို့ အမြင့်ဆုံးကိုရည်မှန်းတဲ့ ပါရမီတော့ မဟုတ်ခဲ့ပါဘူး။ လောဘ ဒေါသစတဲ့ ကိလေသာ ဓာတ်တွေဟာ ပါရမီစစ်စစ်ဆိုတဲ့ ဓာတ်ကောင်းနဲ့ အစားမထိုးနိုင် သေးသမျှ လောကီကျိုး အတွက် ရည်မှန်းပြုလုပ်တဲ့ ကုသိုလ်ဆိုတာ ခွေးမြီးကောက်ကိုစွပ်တဲ့ ကျီ တောက်လောက်ပဲ ရှိတာမျိုးဖြစ်လို့ ဒီကုသိုလ် ကျီတောက်ဖြုတ် လိုက် တာနဲ့ တပြိုင်နက် မူလက အလေ့အလာသန်ခဲ့တဲ့ လောဘ ဒေါသ မာန် မာနတွေကလည်း ထောင်ထလာမြဲ ဖြစ်ပါတယ်။

ရှင်ဒေဝဒတ်ဟာ သူရဲ့ကုသိုလ်ဓာတ်ခံရှိသလောက် အစွမ်း

http://www.dhammadownload.com

ကုန်လောကီအဘိညာဉ်ကိုရပြီးလို့ ကုသိုလ်ကံ ကျည်တောက်ပြုတ်သွားတဲ့အခါမှာတော့ ခွေးမြီးကောက် ပမာဖြစ်တဲ့ ပင်ကိုဓာတ်ခံ လောဘ,ဒေါသ,မောဟတရားများဟာ ဇာတိရုပ်ပြလာ ပါတော့တယ်။ ဒါကြောင့်လဲ ဘုရားရှင်သာသနာတော်ကြီးနဲ့ ကြုံတွေ့ပြီး သာသနာတွင်းသားရဟန်းအဖြစ်ကိုရခဲ့ပေမယ့် သာသနာတွင်းသား ရဟန်းတော်တို့ရဲ့ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ ကိလေသာ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာအဖြစ်ကို အားမကျဘဲ ရဟန္တာအရှင်မြတ်ကြီး တွေကို ဒကာ ဒကာမတွေက လေးစားကြည်ညြို ပူဇော်ကြတဲ့ လာဘ သက္ကာရတွေနဲ့ ထင်ပေါ် ကျော်ကြားမှုတွေကို အားကျပြီးနည်း မျိုးစုံ နဲ့ရဖို့ ကြိုးစားခဲ့ပါတယ်။ ဒါဟာ သူရဲ့ပဋိသန္ဓေ ဗီဇဓာတ်မှာ ကမ္ဘာနဲ့ ချီပြီး ထုံမွှမ်းတည်ဆောက်ထားတဲ့ ဓာတ်ခံများ အတိုင်း ဆိုင်ရာရေ သောက်မြစ်တွေ သန်စွမ်းလာတဲ့သဘောပါပဲ။

အာရုံချင်းတူပါလျှက် ဗီဇဓာတ်ခံအတိုင်းဆိုင်ရာ ရေ သောက်မြစ်တွေသန်စွမ်းပြီး အာရုံတို့ရဲ့အရသာကို စုပ်ယူကြပုံနဲ့ ပတ်သက်လို့ ရှင်ဒေဝဒတ်နဲ့အတူ ရဟန်းပြုကြတဲ့ သာကီဝင်မင်းသား တို့ကို နှိုင်းယှဉ်ကြည့်ရင် ပိုပြီးသိသာတယ်။

သူတို့ ခြောက်ဦးလုံးသာသနာ့ဘောင်ကို တစ်နေ့တည်း အတူဝင်ရောက်လာကြတယ်၊ ဘုရား၊ တရား၊ သံဃာဆိုတဲ့ အာရုံ တွေ၊ ဘုရားရှင်နဲ့ အရိယာ အရှင်သူမြတ်တို့ရဲ့ တရားဓမ္မနဲ့ အေးချမ်း မွေ့လျော်နေကြပုံတွေ၊ လူနတ်ပြဟ္မာသတ္တဝါတို့က လေးမြတ် ကော်ရော် ပူဇော်ကြပုံတွေစတဲ့ အာရုံတွေကို အားလုံး အတူတူ တွေ့ကြမြင်ကြတာပါပဲ။

အဲဒီအထဲမှာ အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလတို့က ကမ္ဘာပေါင်းတစ်သိန်းလောက် စွန့်လွှတ်တဲ့ အလောဘဓာတ်၊ ခွင့်လွှတ်သည်းခံတဲ့ အဒေါသဓာတ်၊ အမှားအမှန် အတုအစစ်ကို ဆန်းစစ်ဝေဖန်နိုင်စွမ်းတဲ့ အမောဟ

http://www.dhammadownload.com

ဓာတ်တွေနဲ့ ထုံမွှမ်းလာခဲ့တဲ့ ပါရမီရှင်တွေပီပီ သူတို့ရဲ့ ဗီဇဓာတ်မှာ အလောဘ အဒေါသ အမောဟရေသောက် မြစ်တွေ အားကောင်းတဲ့ သတ္တိအပြည့် ရှိကြတဲ့အတွက် သူတို့မြင်တွေ့ ကြားသိရသမျှ အာရုံတွေထဲက ဘုရားအစရှိတဲ့ အရိယာအရှင်မြတ်တို့ရဲ့ လောကီ အာရုံတို့ကို မငြိမတွယ် စွန့်ပယ်နိုင်ပုံနဲ့ ဖလသမာပတ်တို့နဲ့ ချမ်းချမ်းသာသာ နိဗ္ဗာန်ကို အာရုံပြုတော်မူနိုင်ကြပုံကို စုပ်ယူ အားကျ အတုယူကြပါတယ်။

ဘာမဆို မိမိအတွက်သာကြည့်ပြီး နှစ်သက်ရာ အာရုံမှန်သမျှကို ရတဲ့နည်းနဲ့အရယူဖို့၊ မကျေနပ်တဲ့ အရာတိုင်းကို ဒေါသ အာဃာတနဲ့ တုံ့ပြန်ဖို့၊ ဘယ်အရာကိုမှ ရှေ့နောက်တိုင်းထွာ စဉ်းစားလေ့မရှိဘဲ မဆင်မခြင် စိတ်ထင်တိုင်းပြုမူဖို့ အလေ့သန် ခဲ့တဲ့ အရှင်ဒေဝဒတ် ကတော့ သူ့ရဲ့ဗီဇဓာတ်မှာ လောဘ ဒေါသ မောဟ ရေသောက်မြစ်တွေ ထက်သန်အားကောင်းဖို့ သတ္တိ အပြည့် ရှိသူပီပီ သူတွေ့မြင်ရတဲ့ အာရုံတွေထဲက မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အာရုံကို လုံးဝစိတ်မဝင်စားဘဲ အချွေအရံ ပရိသတ်နဲ့ လာဘ်လာဘ တွေကိုသာ စိတ်ဝင်စားစုပ်ယူ မိလို့ နောက်ဆုံးမှာ သံဃာကို သင်းခွဲတဲ့ သံဃဘေဒက ကံ၊ ဘုရားကိုသွေးစိမ်းတည်အောင်ပြုတဲ့ လောဟိတုပ္ပါဒကံဆိုတဲ့ ပဉ္စာနန္တရိယကံကြီးနှစ်ခုကို ကျူးလွန်ပြီး အရှင်လတ်လတ်မြေမြိုကာ အဝီစိအထိ ကျရောက်သွားရပါတယ်။

ဒါကြောင့်လဲ အရှင်ဒေဝဒတ်ဟာ ရဟန်းတော်ဖြစ်ပါလျှက် အသက်ကိုစွန့်ရတဲ့အချိန်မှာ "ရဟန်းပီပီ ပျံလွန်တော်မူတယ်" လို့ သုံးခွင့်မရရှာဘဲ နစ်တော်မူတဲ့ ရဟန်းတော်တစ်ပါးအဖြစ် ပိဋကတ်စာပေမှာ ထင်ထင်ရှားရှား မှတ်တမ်းဝင် သွားရပါတော့တယ်။

အာရမ္ဘဏပစ္စည်းအကြောင်း ဆက်လက်ဆွေးနွေးပါဦးမယ်။

http://www.dhammadownload.com

အာရမ္မဏာပစ္စည်း

(သက်ရှိအားလုံးရဲ့ အသက်သွေးကြော)

ပဋ္ဌာန်းအကြောင်းကိုပြောနေတာ ဟေတုပစ္စည်း အကြောင်းပြောရင်းက အာရမ္မဏာပစ္စည်းရောက်သွားလိုက်၊ ပြီးတော့ ဟေတုပစ္စည်းပြန်လှည့်လာလိုက်နဲ့ ဘယ်လိုပါလိမ့် မတုန်းလို့မျှားအောက်မေ့ကြမလားပဲ၊ ဟုတ်တယ်။ ဟေတု ပစ္စည်းစတဲ့ နာမ်တရားတွေ အကြောင်းပြောမယ်ဆိုရင် အာရမ္မဏ ပစ္စည်းက ထည့်မပြောလို့မရသလို အာရမ္မဏာပစ္စည်းကို ပြောရင်လဲ နာမ်တရားပစ္စည်းတွေကို ထိုက်သင့်သလိုပြန်ပြောပေးမှ ပဋ္ဌာန်းကို သဘောပေါက်လို့ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိမှုဆိုင်ရာ နာမ်တရားတွေဆိုတာ သူ့ချည်း ဖြစ်နိုင်စွမ်းရှိကြတာမဟုတ်ဘူး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးဆိုတဲ့ အာရုံ(၆)မျိုးထဲက တစ်မျိုးမျိုးကို အာရုံပြုပြီးမှသာ ဖြစ်နိုင်ကြတာမို့ပါ။

ဟေတုပစ္စည်းအမည်ရတဲ့ လောဘ ဒေါသစတဲ့ တရားတွေကလည်း စေတသိက်နာမ်တရားတွေဖြစ်လို့ သူ့ချည်း မဖြစ်နိုင် သလို သူ့ချည်းပြောလို့လည်း နားမလည်နိုင်ဘူး။ သူတို့ကို ဖြစ် ပေါ်စေတဲ့ အာရုံတရား (အာရမ္မဏာပစ္စည်း)နဲ့တွဲပြီးတော့ ပြောမှ သဘောပေါက်နိုင်တဲ့တရားမျိုး။

http://www.dhammadownload.com

အဋ္ဌကထာဆရာတော်ကတော့ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေဟာ သူတို့ချည်းဖြစ်ပေါ်နိုင်စွမ်းမရှိတဲ့အတွက် မစွမ်းမသန် သူများနဲ့တူတယ်။ အာရုံ(၆)ပါးဆိုတဲ့ အာရမ္မဏပစ္စည်းကတော့ မသန်းမစွမ်းသူတွေ ထ,ထိုင်,ရပ်,သွားနိုင်အောင် ထောက်ကူပေးတဲ့ တောင်ဝှေးတို့ ကြိုးတန်းတို့နဲ့တူတယ်လို့ ဥပမာပေးပါတယ်။ ဒါကြောင့် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးရဲ့ ပဋ္ဌာန်း ၂၄ပစ္စည်း နိဿယမှာ အာရမ္မဏပစ္စည်းကို -

"တောင်ဝှေး ကြိုးတန်း၊ သူမစွမ်းကို၊ မပမ်းရလေ၊ ထိုင်ထ စေသို့၊ စိတ်စေလေးတန်၊ နာမကွန်ကို၊ ဖြစ်ဟန်တူစွာ၊ ရှစ်သဘာတွင်၊ ဆွဲငင်ထောက်ရာ၊ အာရုံ၏အဖြစ်တည်းဟူသော အာရမ္မဏသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း၊ လက္ခဏာရှိသော အာရုံခြောက်ပါးပစ္စည်းတရား လည်းကောင်း"လို့ အနက်မြန်မာပြန်ပါတယ်။

လောကမှာ လူတွေပြောနေကြတယ်။ သိတယ်(ဝိညာဏ)၊ ခံစားရတယ် (ဝေဒနာ)၊ မှတ်မိတယ် (သညာ)၊ ကြံစည်စိတ် ကူးတယ် (သင်္ခါရ)ဆိုတဲ့ နာမ်တရားအစုလေးမျိုး (နာမကွန္ဓာ လေးပါး) တို့ဟာ အဲဒီ အာရုံခြောက်မျိုးထဲက တစ်မျိုးမျိုးကို အာရုံမပြုဘဲ မဖြစ်ပေါ်နိုင်ပါဘူး၊ ဒီအာရုံခြောက်မျိုးတို့က အသိခံ အာရုံအနေနဲ့ ဖြစ်ပေါ်ပေးလို့ အာရုံပြုလိုက်မှသာ ဖြစ်နိုင်ကြတာပါ။

အာရုံခြောက်ပါးကို အာရုံမပြုဘဲ "သိမှု"ဆိုတဲ့ နာမ်တရားတွေ လုံးဝမဖြစ်ပေါ်နိုင်ဘူး။ သိမှုဆိုတဲ့ နာမ်တရား မဖြစ်ရင်လည်း သက်ရှိသတ္တဝါဆိုတာ မဖြစ်နိုင်ဘူး၊ ဒါကြောင့် အာရုံခြောက်ပါး (အာရမ္မဏပစ္စည်းတရား)ဆိုတာ သက်ရှိလောကအားလုံးရဲ့ မရှိမဖြစ်အသက် သွေးကြောဖြစ်တယ်လို့ဆိုရမှာပါ။

ဒီနေရာမှာ ချင်းချက်အနေနဲ့ "အသည်သတ်" ဆိုတဲ့

http://www.dhammadownload.com

သတ္တဝါတစ်မျိုးကတော့ သိမ္မမရှိဘဲ သတ္တဝါစာရင်း ဝင်နေတာ ရှိပါတယ်၊ ဒါကလည်း သူရဲ့ဝိပါက်ရှိသမျှ အခိုက်အတန့် လေးသာ ဖြစ်တာပါ။ ပြောရမယ်ဆိုရင် အသညသတ်ဘုံသားဆိုတာ နာမ်တရားတွေရဲ့ အပြစ်ကို ရှုပြီး ရူပါဝစရပဋ္ဌမဈာန်ကို ရသွားတဲ့ သတ္တဝါတွေ သေလွန်တဲ့အခါ သူရှုပွားခဲ့တဲ့ ပဋ္ဌမဈာန် ဝိပါက် အရှိန်အဝါ ရှိသလောက် အသညသတ်ဆိုတဲ့ ဘုံမှာသွားပြီး ဖြစ်နေကြရတယ်။ သတ္တဝါရယ်လို့ ပြောနေကြပေမယ့် ဘာသိမ္မမှမရှိဘဲ မပုပ်မသိုးတဲ့ ရူပ်အလောင်းကြီးတွေလို ဖြစ်နေရတာပါ။ သူရဲ့ဝိပါက်အရှိန်ကုန်သွားလို့ သတ္တဝါစစ်စစ် ပြန်ဖြစ်ချိန်ရောက် ပြီဆိုရင်တော့ အာရုံတရားတစ်ခုခုကို အာရုံပြုပြီး တကယ့် သက်ရှိသတ္တဝါစစ်စစ် ပြန်ဖြစ်ကြရပါတယ်။ ဒါကြောင့် အသိရှိတဲ့ သတ္တဝါ စစ်စစ်ဆိုတာ အာရုံနဲ့ကင်းပြီး လုံးဝဖြစ်ခွင့်မရှိဘူးလို့ ပြောရတာပါ။

အာရမ္မဏပစ္စည်းကို ဥပမာပေးတဲ့နေရာမှာ "တောင်ဝှေးနဲ့ ကြိုးတန်း"ဆိုပြီး ဥပမာနှစ်မျိုးပေးထားပါတယ်။ သဘာဝအရ ကြည့်ရင် "တောင်ဝှေး"ဆိုတာ ဝါး၊ သစ်သားစတဲ့ တုတ်ချောင်းတစ်ခုတည်းခေါ်တာ၊ ကြိုးဆိုတာက လျှော်၊ချည်မျှင်စတဲ့ အမျှင်ကလေးတွေအများ စုပေါင်းကျစ်ထားတဲ့အရာဖြစ်တယ်ဆိုတာ သိကြပြီးသားပါ။

အာရုံတွေထဲမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဆိုတဲ့ အပြင်အာရုံတွေက ရူပ်သက်သက်အာရုံတွေ၊ အတွေး အာရုံကတော့ အမြင်အာရုံ ငါးပါးကကြွင်းတဲ့ ရူပ်တရားများနဲ့ နာမ်တရားတွေ၊ ပညတ်တရားတွေပါ ပါပါတယ်။ အဲဒီအာရုံတွေထဲမှာ နာမ်တရားတွေက တစ်ကြိမ်မှာ စိတ်တစ်ခုသာဖြစ်နိုင်တာဖြစ်လို့ တစ်ချောင်းတည်းရှိတဲ့ တောင်ဝှေးနဲ့တူတယ်၊ ရူပ်အာရုံတွေကတော့ ရူပ်လေးမျိုးစုပေါင်း တည်ရှိနိုင်တာဖြစ်လို့ အမျှင်အများစုပေါင်း ကျစ်ထားတဲ့ ကြိုးနဲ့တူတယ်လို့ ဆရာများက ရှင်းပြတော်မူပါတယ်။

http://www.dhammadownload.com

အာရုံတရားတွေကို အာရုံပြုပြီးဖြစ်ပေါ်လာတဲ့ နာမ်တရားတွေဟာ အမျိုးအစားအားဖြင့် အကုသိုလ်နာမ်၊ ကုသိုလ်နာမ်နဲ့ အဗျာကတနာမ်ဆိုပြီး သုံးမျိုးကွဲပြားပါတယ်။ လောဘစတဲ့ ဟိတ်သုံးမျိုး ဦးစီးပြီးဖြစ်တဲ့ နာမ်တရားများကို အကုသိုလ်နာမ်တရားလို့ ခေါ်ပါတယ်။ "အကုသလံ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏံ" ဆိုတဲ့ အတိုင်း ဒီတရားတွေဟာ လောကမျက်မြင်လောကစည်း အရလည်းကဲ့ရဲ့ ရှုတ်ချထိုက်တဲ့အပြစ်ဖြစ်တယ်၊ နောက်ဆက်တွဲ အကျိုးအနေနဲ့လည်း ဆင်းရဲဒုက္ခကိုသာဖြစ်စေ တတ်တဲ့သဘောရှိတယ်။ ဒါကြောင့် အကုသိုလ်လို့ခေါ်တာပါ။ လုပ်ရပ်အနေနဲ့တော့ သတ်ဖြတ်ညှင်းဆဲခိုးဝှက်လိမ်ညာစတဲ့ ပြုသူကော အပြုခံရသူပါ နှစ်ဦးနှစ်ဘက် အကျိုးမဲ့စေတဲ့ အလုပ်မျိုးတွေပါပဲ။

အလောဘစတဲ့ ဟိတ်သုံးမျိုးဦးစီးပြီးဖြစ်တဲ့ နာမ်တရားတွေကတော့ ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကုသိုလ်တရားတွေနဲ့ ဝိပါက်၊ ကြိယာဆိုတဲ့ အဗျာကတတရားတွေဖြစ်ပါတယ်။ "ကုသလံ အနဝဇ္ဇသုခ ဝိပါကလက္ခဏံ"ဆိုတဲ့အတိုင်း လောကအမြင် လောက စည်းကမ်းအရလည်း လူကောင်းသူကောင်း လူယဉ်ကျေးတို့ချီးမွမ်း အားကျလောက်အောင် အပြစ်ကင်းစင် ပြီးနောက်ဆက်တွဲ အကျိုး အနေနဲ့လည်း ချမ်းသာသုခ အမျိုးမျိုးကို ပေးတတ်တဲ့ တရားမျိုးကို ကုသိုလ်လို့ခေါ် ရပြီး၊ ကုသိုလ် အကုသိုလ်လို့ မခေါ်ရဘဲ တခြားအမည်နဲ့ ခေါ်ရတဲ့ ဝိပါက်၊ ကြိယာ၊ နိဗ္ဗာန်ဆိုတဲ့ နာမ်တရားများနဲ့ ရုပ်တရားတို့ကို အဗျာကတလို့ ခေါ်တာပါ။

ဟေတုပစ္စည်းနဲ့ အာရမ္မဏပစ္စည်း တနည်းပြောရရင် နာမ်တရားများနဲ့ အာရုံခြောက်ပါးတို့ အကျိုး အကြောင်းဆက်ဆံပုံကို သဘောကျပြီဆိုရင် လူမိုက်နဲ့ လူလိမ္မာ၊ ဆင်းရဲသူနဲ့ချမ်းသာသူ၊ အပါယ်ရောက်သူနဲ့ နိဗ္ဗာန်ရောက်သူတို့ဟာ ကျက်စားရာ စား

http://www.dhammadownload.com

ကျက်ခြင်းအတူ တူဖြစ်တယ်။ စုပ်ယူစားသောက်မှုချင်းသာ ကွာခြားတယ်ဆိုတာကို ရိပ်စားမိမယ်လို့ထင်ပါတယ်။ (အာရုံ ခြောက်ပါးတို့ကို ဂေါစရ = စားကျက်လို့လဲခေါ်ပါတယ်) အာရမ္မဏာ ပစ္စည်းဆိုတဲ့ အာရုံခြောက်ပါးတို့အကြောင်းကို စဉ်းစားရင်းကနေ ဆေးဆရာကြီး ဇီဝကပြောတယ်ဆိုတဲ့ စကားတစ်ခုကိုလည်း ပြေးပြီး သတိရ မိလိုက်တယ်။ ဆရာဇီဝက က ပြောတယ်တဲ့ "လောကမှာ ဆေးဖက်မဝင်တဲ့ နွယ်မြက်သစ်ပင် ဆိုတာ မရှိဘူး၊ ဆေးဖက်ဝင် အောင် အသုံးမချတတ်သူတွေသာ ရှိတယ်"တဲ့။ ဒီ စကားထဲမှာ စကားကျ အနေနဲ့ အသေအချာ စဉ်းစားကြည့်မယ် ဆိုရင် "ဆေးဖက်မဝင်တဲ့ နွယ်မြက်သစ်ပင် ဆိုတာ မရှိသလို၊ အဆိပ်မဖြစ်တဲ့ နွယ် မြစ်သစ်ပင် ဆိုတာလည်း မရှိနိုင်ဘူး"လို့လည်း ဆိုနိုင်မယ်ထင်ပါတယ်။ "တန်ဆေး၊ လွန်ဘေးဆိုတဲ့ စကားအတိုင်း စားနေကျ အစားအစာ သည်ပင် လွန်သွားတဲ့အခါ ဘေးဖြစ်နိုင်တာလည်းရှိတယ်။ ပြီးတော့ သင့်သူအတွက် ဆေးဖြစ်စေတဲ့ အရာတိုင်းဟာ မသင့်သူအတွက် ဘေး ဖြစ်နိုင်တာချည်းပဲ မဟုတ်လား။

ဆရာဇီဝကရဲ့စကားကို မှီးပြီးတော့ပဲ "လောကမှာ ကုသိုလ် မရနိုင်၊ မဂ်ဖိုလ်ဗွာန်ကို အထောက်အကူ မပြုနိုင်တဲ့ အာရုံ ခြောက်ပါး ဆိုတာ မရှိဘူး၊ ကုသိုလ်ရအောင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်အောင် အသုံးမချတတ်သူတွေသာရှိတယ်"လို့ ပြောရင် မမှားနိုင်ပါဘူး။ ဒီစကားရဲ့ စကားကျအနေနဲ့လည်း "ကုသိုလ်နဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို မရောက်စေနိုင်တဲ့ အာရုံခြောက်ပါးဆိုတာ မရှိသလို၊ အပါယ်ဘုံလေးဘုံကို မပို့နိုင်တဲ့ အာရုံခြောက်ပါးဆိုတာလည်း မရှိနိုင်ပါဘူး"လို့လည်း ပြောနိုင်ပါလိမ့်မယ်။

ဟုတ်ပါတယ်၊ လူမိုက်များ၊ ဆင်းရဲဒုက္ခရောက် သူများ၊ အပါယ်ကျရောက်ရသူများဆိုတာလည်း ဒီအာရုံခြောက်ပါးကို တွေ

http://www.dhammadownload.com

သိပြီးတော့ပဲ ဖြစ်ကြရသလို၊ လူလိမ္မာများ၊ ချမ်းသာကြသူများ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုကြ သူများဟာလည်း ဒီအာရုံ ခြောက်ပါးကိုပဲ တွေ့သိပြီးဖြစ် ကြရတာပါပဲ၊ ခြားနားချက်ကတော့ ရေသောက်မြစ်သဖွယ်ဖြစ်တဲ့ ဟိတ်ခြောက်ပါးပစ္စည်းတရား ဓာတ်ခံချင်း ကွာခြားကြတာပါပဲ၊ ဒါကြောင့်လည်း အလောင်းတော် ကြီး များဟာ မိမိတို့ရဲ့ ပဋိသန္ဓေဗီဇဓာတ်မှာ အလောဘ,အဒေါသ,အမောဟဆိုတဲ့ ရေသောက်မြစ်ကောင်းများ ကြီးထွားထက်သန် ဖြစ်ပေါ်ရေးအတွက် စွန့်လွှတ်ခြင်း (အလောဘ)၊ ခွင့်လွှတ်သည်းခံ ခြင်း (အဒေါသ)၊ ကြောင်း ကျိုးဆင်ခြင်ခြင်း (အမောဟ)ဦးစီးတဲ့ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ပါရမီကောင်းမှုတွေကို ဘဝပေါင်း များစွာ ဖြည့်ဆည်းလေ့ကျင့်ပေးကြရတာပါ။ ဒါကိုပဲ ပါရမီဖြည့်တယ်လို့ခေါ် ပါတယ်။

နောက်ဆုံးမှာ ဘုရားဖြစ်ဖို့ ရည်မှန်းပြီး ပါရမီဖြည့်တဲ့ ပုဂ္ဂိုလ်က ဘုရားအဖြစ်ရောက်တယ်၊ အဂ္ဂသာဝက မဟာသာဝက စသည်ကို ရည်မှန်းပြီး ပါရမီဖြည့်တဲ့ ပုဂ္ဂိုလ်တွေကလည်း ရည်မှန်းတဲ့အတိုင်း ဖြစ်ကြတယ်ဆိုတာဟာ တွေ့ကြုံသမျှ အာရုံတွေကို စွန့်လွှတ်၊ သည်းခံ၊ အမှန်သိနိုင်စွမ်းရှိလောက်အောင် အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ရေသောက်မြစ်ကောင်း ဟိတ်ကောင်းသုံးပါးကို ရာနှုန်းပြည့်အသုံးချနိုင်သွားကြလို့ပါပဲ။ (ပါရမီပြည့်တယ်ဆိုတာ အလောဘစတဲ့ ရေသောက်မြစ်တွေ ရာနှုန်းပြည့်အသုံးချ နိုင်စွမ်း ရှိသွားတယ်လို့ ဆိုလိုတာပါ) အသုံးချတတ်ဖို့ အတွက်ကတော့ သဗ္ဗညုဘုရားရှင်နဲ့ ပစ္စေကဗုဒ္ဓတို့ကလွဲရင် အသုံးချနည်းကို အမှန်အကန် ညွှန်ပြနိုင်တဲ့ပုဂ္ဂိုလ်ကို ဆည်းကပ်ခွင့် (သပ္ပုရိသူပနိဿယ) ရှိဖို့လိုပါတယ်။

အလောဘစတဲ့ ရေသောက်မြစ်ဓာတ်ခံနည်းပါး သူတွေအတွက် အာရုံခြောက်ပါးတို့ဟာ ကောင်းကျိုးထက် ဆိုးကျိုးကပိုပြီး

http://www.dhammadownload.com

ပေးတတ်တယ်လို့ ပြောစမှတ် အနေနဲ့တော့ ပြောကြပါတယ်။ အမှန်ကတော့ အထက်မှာပြောခဲ့သလိုပဲ အာရုံတွေဟာ ဘယ်ပုဂ္ဂိုလ် အတွက်မှ ကောင်းကျိုးနဲ့ဆိုးပြစ်ဆိုပြီး ပေးတတ်တဲ့ သဘောမရှိပါဘူး၊ ပုထုဇဉ်တို့ရဲ့ အလေ့အထမှာ လောဘစတဲ့ ရေသောက်မြစ်တွေက အလေ့အထုံမျှားလာတဲ့အတွက်သာ အာရုံတို့နဲ့တွေ့တဲ့အခါ လောဘစတဲ့ မကောင်းတဲ့ ရေသောက်မြစ်တွေ အားသန်ပြီး မကောင်းတဲ့ ဓာတ်တွေကို စုပ်ယူကြလို့ ဆိုးကျိုးတွေနဲ့ ကြုံကြရတာပါ။ "ဘယ်သူ မပြု၊ မိမိမှု" ဆိုတဲ့ စကားကို သဘောပေါက်စရာပါ။

အာရမ္မဏာပစ္စည်းဖြစ်တဲ့ အာရုံခြောက်ပါးထဲက အပြင် အာရုံငါးပါးဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တို့နဲ့ ပတ်သက်လို့ ရှေးဆရာများက -

"**ငါးဖြာအာရုံ၊ သတိထုံ၊ ပြည်ဘုံထီးစည်ရောက်**"လို့ ဆိုရိုးစကားပြုထားတယ်၊ ဒီစကားက ငါးရာ့ငါးဆယ်ဇာတိပါတ် "တေလပတ္တ"ဆိုတဲ့ဇာတ်ကို အကြောင်းပြုပြီးဖြစ်ပေါ်လာတာပါ။ ဇာတ်ကြောင်းကို နည်းနည်းပြန်ပြောပါမယ်။

မြတ်စွာဘုရားအလောင်းတော်ဘဝတုန်းက ဗာရာဏသီမင်းရဲ့ သားတစ်ထောင်ထဲမှာ အငယ်ဆုံးသား ဖြစ်ခဲ့တယ်၊ အဲဒီတုန်းက ဗာရာဏသီမင်းရဲ့နန်းတော်ထဲကို အရှင်ပစ္စေက ဗုဒ္ဓါတို့ ဆွမ်းဘုန်းပေးအမြဲကြွကြတယ်၊ ဘုရားအလောင်း မင်းသားငယ်က ပစ္စေကဗုဒ္ဓါတို့ကို ဝတ်ကြီးဝတ်ငယ်ပြုပြီး ဆည်းကပ်လုပ်ကျွေးပါတယ်။

တစ်နေ့တော့ မင်းသားငယ်က "ငါ့မှာ နောင်တော် တွေများတယ်၊ ဒီဗာရာဏသီပြည်မှာ ဖခင်ရဲ့အရိုက်အရာကို ရပါ့မလား"လို့ ကြံစည်ပြီး အရှင်ပစ္စေကဗုဒ္ဓါတို့ကို မေးလျှောက်တဲ့အခါ အရှင်ပစ္စေကဗုဒ္ဓါတို့က "သင်မင်းသားဟာ ဒီဗာရာဏသီပြည်မှာ

http://www.dhammadownload.com

မင်းရဲ့အရိုက်အရာကို မရနိုင်ဘူး။ ဒီကနေ ယူဇနာတစ်ရာ့ ရှစ်ဆယ် ဝေးတဲ့ တက္ကသိုလ်ပြည်ကို သွားရင်တော့ ခုနှစ်ရက်အတွင်း မင်း ဖြစ်လိမ့်မယ်လို့ မိန့်ကြား လိုက်ပါတယ်။

ပြီးတော့ အရှင်မြတ်တွေက "ခရီးလမ်းကြားမှာ ဘီလူး စောင့်တဲ့ ကန္တာရခရီး ယူဇနာငါးဆယ်ရှိတယ်၊ အဲဒီကန္တာရကို ဖြတ်သန်းသွားလာရမှာ၊ အဲဒီမှာ ဘီလူးမများက နားနေစရာ အိမ်တွေ၊ ဇရပ်တွေ၊ လှလှပပ ဖန်ဆင်းပြီး သူတို့ကို သူတို့လည်း နတ်သမီးများလို ဖန်ဆင်းထားတယ်။ ခရီးသွားယောကျ်ားတွေ လာတဲ့အခါ အဆင်းအာရုံကို နှစ်သက်သူအတွက် အလှဆုံး အဆင်းကို ဖန်ဆင်းပြီး သူတို့အာရုံကို တပ်မက်သူများကို ဖြား ယောင်းပျော်ပါးပြီးတော့ ကိုက်စားကြတယ်။ အဆင်းနဲ့ဖြားယောင်းလို့ မရသူကို အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ နှစ်သက် ဖွယ်ရာ အာရုံတွေဖန်ဆင်းပြီး ဖျားယောင်းကိုက်စားကြတယ်၊ အဲဒီလို ဖမ်းစားခြင်းမခံရအောင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဣန္ဒြေငါးပါးတို့ကို သတိနဲ့လုံ့ အောင် စောင့်ပြီးသွားနိုင်မှ ခုနှစ်ရက်အတွင်း မင်းအဖြစ်ကို ရောက် မယ်လို့လည်း သတိပေးမိန့်ကြား လိုက်ပါတယ်။

မင်းသားငယ်က အရှင်ပစ္စေကဗုဒ္ဓါတို့ ရွတ်ပေးတဲ့ ပရိတ် သံ၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ပန်းတို့ကို ယူဆောင်ပြီး မိဘ တို့ကို လည်း ရှိခိုးကန်တော့ခွင့်ပန်တယ်၊ မင်းသားနှင့်အတူ သူငယ်ချင်း ငါးယောက်တို့ကလည်း လိုက်ပါရစေဆိုတော့ လမ်းခရီး အခက်အခဲ ကို ပြောပြတယ်။ ဘာပဲဖြစ်ဖြစ်လိုက်မယ် ဆိုပြီးတော့ လိုက်လာကြ ပါတယ်။

လမ်းခရီးမှာ ဘီလူးကန္တာရရောက်တော့ မင်းသားရဲ့ အဖော် ငါးယောက်တို့ဟာ ဘီလူးမတို့ ဖန်ဆင်းဖြားယောင်းတဲ့ အာရုံ ငါးပါးကို မစစ်မကြောဘဲ အချစ်စောမိကြလို့ အသက် ဆုံးရှုံး

http://www.dhammadownload.com

သွားကြတယ်။ မင်းသားကတော့ သတိနဲ့ဣန္ဒြေကို လုံခြုံအောင် စောင့်ထိန်းပြီး အာရုံ ငါးပါးတို့ကို ကျော်လွှား လွန်မြောက်နိုင်တဲ့အတွက် နေဝင်ခါနီးလောက်မှာ တက္ကသိုလ် မြို့တော် အပြင် ဇရပ်မှာ တည်းခိုတယ်။ ပရိတ်ချည်၊ ပရိတ်သဲတို့ ဝန်းရံပြီးလက်က သန်လျက်ကိုကိုင်ပြီး တစ်ညလုံးမအိပ်ဘဲ မတ်တပ်ရပ်နေတယ်။ ပရိတ်ချည်၊ ပရိတ်သဲတို့ရဲ့ အစွမ်းရယ်၊ မင်းသားရဲ့ သီလ၊ သမာဓိနဲ့ ဣန္ဒြေစောင့်စည်းမှု စွမ်းအားတွေရယ်ကြောင့် မင်းသားကို စားဖို့ တကောက်ကောက်လိုက်လာတဲ့ ဘီလူးမဟာ မင်းသား တည်းခိုတဲ့ ဇရပ်ထဲကိုတော့ မဝင်နိုင်ဘူး။

မနက်လင်းလို့ တက္ကသိုလ်ပြည်ရှင်ဘုရင် မြို့ပြင်ထွက်လာချိန်မှာတော့ ဘီလူးမဟာ နတ်သမီးလေးလို လှပအောင်ဖန်ဆင်းပြီး ဇရပ်အနီးမှာ ရပ်နေလိုက်တယ်။ တက္ကသိုလ်မင်းကမြင်တော့ အဆင်းအာရုံကို တပ်မက်ပြီး ပိုင်ရှင်ရှိမရှိ စုံစမ်းခိုင်းတယ်။ ဘီလူးမက မင်းသားငယ်ဟာ သူ့ယောကျ်ားပါလို့ပြောတော့ မင်းသားငယ်က ဒါဟာ လူသားမဟုတ်ဘူး၊ သူ့မယားလည်း မဟုတ်ဘူး၊ ဘီလူးမဖြစ်တယ်၊ သူ့အဖော်တွေကိုလည်း ဒီလိုပဲ ဖြားယောင်းပြီး စားပစ်တယ်ဆိုတဲ့ အကြောင်း ပြောပြပေမယ့် အာရုံကို တပ်မက်တဲ့ တက္ကသိုလ်မင်းက ပိုင်ရှင်မရှိရင် သိမ်းပိုက်တယ်ဆိုပြီး နန်းတော်ထဲ ခေါ်ဆောင်သွားပါတယ်။

ဘီလူးမ နန်းတွင်းကို ဝင်ခွင့်ရပြီးတဲ့အခါမှာတော့ ညအခါ အားလုံး အိပ်မောကျချိန်မှာ သူ့အပေါင်းအဖော်တွေ ပြန်ခေါ်ပြီး တစ်နန်း တော်လုံးမှာရှိတဲ့ ဘုရင်နဲ့အတူ နန်းတွင်းသူနန်းတွင်းသား သတ္တဝါအားလုံးကို စားပစ်လို့ ဘုရားအလောင်းမင်းသားငယ်ကို တက္ကသိုလ် ပြည်မှာရှိတဲ့ မှူးကြီးမတ်ရာနဲ့ တိုင်းသူပြည်သားများက ရှင်ဘုရင်အဖြစ်တင်မြှောက်ကြပါတယ်။

http://www.dhammadownload.com

ဒီဇာတ်တော်ရဲ့ဆိုလိုရင်းကတော့ ဘယ်သူမဆို ကိုယ့်ရဲ့ အတွင်း သန္တာန်မှာရှိတဲ့ မျက်စိ၊ နား၊ နှာ၊ ဣန္ဒြေတွေကို သတိနဲ့ မစောင့်ထိန်းနိုင်ရင် အာရုံတို့ဆွဲဆောင်ရာ (အမှန်ကတော့ အတွင်း မှာဖြစ်ပေါ်လာတဲ့ တဏှာ လောဘကအာရုံကို တပ်မက်ကပ် ငြိတာပါ) နောက်ပါပြီး ပျက်စီးဒုက္ခရောက်ကြရတယ်လို့ ဆိုလို တာပါ။ ဒါကြောင့်လည်း "စက္ခုနှာ သံဝရော သာဓု"စတဲ့ ဒေသနာ တော်မှာ မျက်စိစတဲ့ ဣန္ဒြေတွေကို သတိနဲ့စောင့်ထိန်းနိုင် ခြင်းဟာ အကောင်းဆုံးပဲ"လို့ ဟောတော်မူတာပါ။

ဒေးဒရဲနိကာယ်သင်တန်းမှာ ဆရာတော်အရှင်သေဋ္ဌလ မိန့်ကြားဘူးတယ်။ အနောက်နိုင်ငံမှာ ဒီ"စက္ခုနှာ သံဝရော သာဓု" စတဲ့ ဒေသနာတော်အကြောင်း ဟောပြောတော့ အဝတ်အထည် ကုမ္ပဏီပိုင်ရှင်ကြီးတစ်ဦးက "ဂေါတမဘုရားရှင်ရဲ့ တရားတော်ဟာ အလွန်လက်တွေ့ကျတယ်၊ သူတို့ကုမ္ပဏီက ထုတ်လုပ်နေတဲ့ အဝတ် အထည်တွေဟာ အခြေခံအရည်အသွေးအရ တစ်နှစ်နဲ့ တစ်နှစ် ဘာမှထူးတာ မဟုတ်ဘူး၊ ဒီဇိုင်းနဲ့ အရောင်အသွေးပဲ တစ် မျိုးပြီး တစ်မျိုး မတူအောင် ထုတ်လုပ်နေရတယ်။ ဒါကို လူတွေက အသစ် အဆန်းဆိုပြီး ဝယ်နေတာပဲ။ အမှန်ကတော့ အရင်ရှိပြီးသား အထည်တွေက အရောင်အသွေးမကောင်းတော့တာ မဟုတ် ဘူး၊ အဆင်အသွေး မော်ဒယ်လ်အောက်တယ်ဆိုပြီး လူတွေက မော် ဒယ်လ် အသစ်တွေကို ထပ်ထပ်ဝယ်နေကြတာ၊ ဒါဟာ မျက်စိကို မစောင့်စည်းနိုင်ကြလို့ပဲ၊ လူတွေ မျက်စိကို မစောင့်စည်းနိုင်လေ ဒီဇိုင်း သမားနဲ့ အဝတ်အထည်ကုမ္ပဏီတွေ စီးပွား ဖြစ်လေပဲ"လို့ ပြောပါ သတဲ့။

ဘုရားရှင်ရဲ့ တရားတော်နဲ့ အဝတ်အထည် ထုတ်လုပ်သူ တို့ရဲ့စကားတို့ကိုပေါင်းပြီး ကောက်ချက်ချ လိုက်ရင်တော့ -

http://www.dhammadownload.com

"တရားအသိဖြစ်ဖို့အတွက် မျက်စိစသည်ကို စောင့်စည်းနိုင်ရင် အကောင်းဆုံးပဲ။ စီးပွားဖြစ်ဖို့ အတွက်တော့ မျက်စိစသည်ကို ဆွဲဆောင်နိုင်ရင် အကောင်းဆုံး" လို့ ဆိုရမယ် သဘောပါပဲ။

သုံးစွဲသူများအတွက်ကြည့်ပြီး ပြောရရင်တော့ -

"မျက်စိစသည်ကို စောင့်စည်းနိုင်ရင် ဒုက္ခနည်းမယ်၊ မျက်စိစသည်ကို မစောင့်စည်းနိုင်ရင် ဒုက္ခများမယ်"လို့လည်း ကောက် ချက်ချနိုင်ပါလိမ့်မယ်။

အာရုံခြောက်ပါးလို့ခေါ်တဲ့ ဒီအာရမ္မဏာပစ္စည်းရဲ့ ထူးခြားချက်ကတော့ သူတို့က ဘယ်သူ့ကိုမှ ကောင်း၊ ဆိုး၊ မှား၊ မှန်၊ ဆင်းရဲ၊ ချမ်းသာဖြစ်စေရစေလို့ ဘက်လိုက်ပေးကမ်းတတ်တဲ့ သဘောမရှိပေမယ့် သတ္တဝါတွေ သန္တာန်မှာ ကောင်း၊ ဆိုး၊ မှား၊ မှန် စသည်ဖြစ်ပေါ်ရရှိခြင်းဟာ ဒီအာရုံခြောက်ပါး အာရမ္မဏာပစ္စည်းတရားကို အကြောင်းခံပြီးတော့ ဖြစ်ကြတာချည်းဖြစ်လို့ အာရမ္မဏာပစ္စည်းဟာ "အထက်မှာ နိဗ္ဗာန်၊ အောက်မှာ အဝီစီ" အထိ ပို့ဆောင်ပေးနိုင်စွမ်းသတ္တိရှိတယ်လို့ ဆိုရမလို ဖြစ်နေတာပါပဲ။

ဘာကြောင့် အကောင်းအဆိုး နှစ်မျိုးလုံးနဲ့ ဒုက္ခအားလုံးမှ လွတ်မြောက်ရာ နိဗ္ဗာန်အထိ ပေးဆောင်နိုင်တဲ့ သတ္တိရှိရသလဲဆိုတာ စဉ်းစားကြည့်ရင်တော့ ဒီအာရုံခြောက်ပါးထဲမှာ

၁။ "အဿာဒ"လို့ခေါ်တဲ့ သာယာဖွယ် သဘောလည်းရှိတယ်။

၂။ "အာဒီနဝ"လို့ခေါ်တဲ့ အပြစ်မကင်းတဲ့သဘော (ဖောက်ပြန်ပြောင်းလဲ မတည်မြဲတဲ့သဘော) လည်းရှိတယ်။

၃။ "နိဿရဏ"လို့ခေါ်တဲ့ ဆင်းရဲဒုက္ခအားလုံးမှ ထွက်မြောက်စေတဲ့ သဘောလည်းရှိတယ်။ အဲဒီလို သဘော သတ္တိသုံးမျိုးလုံး ရှိနေလို့ပါပဲ။

http://www.dhammadownload.com

(အတွင်းအာရုံဖြစ်တဲ့ ဓမ္မာရုံဆိုတာလည်း မျှားသော အားဖြင့် မြင်၊ ကြား၊ နံ၊ စား၊ တွေ့၊ ထိဘူးတဲ့ ဒီအပြင် အာရုံဟောင်း များကို အခြေခံပြီး ပြန်လည်တွေးတော ကြံဆတဲ့အခါ ဖြစ်ပေါ်တဲ့ အာရုံကိုခေါ်တာဖြစ်လို့ ဒီသဘောသတ္တိသုံးမျိုးနဲ့ မကင်း ပါဘူး)။

အစပိုင်းမှာ ပြောခဲ့သလိုပဲ ဟေတုပစ္စည်းဖြစ်တဲ့ ရေ သောက် မြစ် ခြောက်သွယ်ထဲက လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အည့ဲစားရေ သောက်မြစ်များ ထက်သန်သူက အာရုံတို့ရဲ့ အဿာဒ သဘောကိုပဲ စုပ်ယူတတ်တယ်။

အာရုံငါးပါး ကာမဂုဏ်တရားတို့ဆိုတာကလည်း "ကာမ ငါးထွေ၊ ဆားငံရေသို့၊ သောက်လေ သောက်လေ၊ ငတ် မပြေတည့်" ဆိုတဲ့အတိုင်း အာသာပြေတယ်၊ ကျေနပ်တယ်၊ ဝတယ် ရယ်လို့ ရှိနိုင်တာမျိုးမဟုတ်လေတော့ ဝအောင်သောက်လေ အဆာ တိုးလေနဲ့ နောက်ဆုံးတော့ အာရုံကို "စွဲ"လာကြတယ်။ အာရုံစွဲ လာလို့ အာရုံကို ရှာဖွေခံစားရတာကိုပဲ နိစ္စပတ် ကျင့်စဉ် ကြီးတစ်ခုလို မှတ်ယူကျင့်သုံးကြရင်း "ကာမသုခလွှိကာနုယောဂ" အစွန်းရောက် သူများဖြစ်သွားကြရော။ ဒါဟာ "ပုထုဇွန" လို့ခေါ်တဲ့ လူများစုကြီးမှာ ဖြစ်ပေါ်နေတဲ့ အစွန်းရောက် မှုကြီးပါပဲ။ **အာရုံကို အချစ်စော သူများအုပ်စုလို့ ဆိုရမှာပေါ့။**

ဒီထဲကမှ တစ်ချို့ကျတော့ အာရုံကိုအချစ်စောပြီး ရှာဖွေ ခံစားကြရင်းကပဲ ထင်သလိုချမ်းသာသုခကိုမရကြပဲ ကွေကွင်းရမှု၊ အလိုကျမဖြစ်မှုစတဲ့ အဖြစ်များနဲ့ ကြုံတွေ့ရဖန် များလာတဲ့အခါ အာရုံတို့ရဲ့ အာဒီနဝသဘောကို ကိုယ်တွေ့ကြုံလာကြပြန်တယ်။ ဒါပေမဲ့ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ရေသောက်မြစ် များက ကြီးထွားမလာတဲ့အတွက် အကျိုးသင့်အကြောင်းသင့် နှလုံး သွင်း နိုင်စွမ်းမရှိကြလို့ အာရုံကိုအပြစ်မြင် အမုန်းပွားပြီး လုံးဝ

http://www.dhammadownload.com

ရှောင်ရှားဖို့ ခံယူကျင့်သုံးရင်း "အတ္တကိလ မထာနုယောဂ" အစွန်းဘက် ရောက်သွားကြပြန်ရော။ **အာရုံကို အပြစ်ပြောသူများ အုပ်စု ဖြစ်သွားကြတာပေါ့။**

ဒီလိုနဲ့ ပုထုဇဉ်အများစုတို့ဟာ နာရီချိန်သီးပမာ ဟိုဘက်စွန်းရောက်လိုက်၊ ဒီဘက်စွန်းရောက်လိုက်နဲ့ လှုပ်ရှားနေပြီး အလယ်မှာ တည့်တည့်မတ်မတ် ရပ်နိုင်စွမ်း မရှိကြတဲ့အတွက် သူတို့ရဲ့ဘဝခရီးဟာလည်း တစ်ပတ်ပြီးတစ်ပတ် မပြတ်လှည့် လည်နေရတဲ့ သံသရာနာရီကြီး ဖြစ်နေကြရတာပါပဲ။

ထူးထူးခြားခြား အလောဘစတဲ့ အကောင်းစား ရေသောက်မြစ်ကြီးသုံးခုတို့ ကြီးထွားပြည့်စုံအောင် ဆည်းပူးလေ့ကျင့်လာကြတဲ့ အာဇာနည်ယောက်ျားမြတ်ပုဂ္ဂိုလ်တို့ အမြင့်ဆုံးရည်မှန်းချက်ပြီးမြောက်လို့ သမ္ဘာသမ္ဘုဒ္ဓဘုရားရှင်အဖြစ် ပွင့်ထွန်းပေါ်ပေါက်လာတဲ့အခါရောက်မှသာ မဏ္ဍိမပဋိပဒါခေါ်တဲ့ အလယ်မှာ တည့်တည့်မတ်မတ် ရပ်တည်ကျင့်သုံးတဲ့လမ်းစဉ်ကို ဖော်ထုတ်တွေ့ရှိ ဟောညွှန်တော်မူကြတဲ့အတွက် အာရုံတို့ရဲ့ အသာဒ သဘောနဲ့ အာဒီနဝ သဘောတို့ကို လိုအပ်သလိုအသုံးချရင်း အာရုံတို့ရဲ့ နိဿရဏခေါ်တဲ့ လွတ်မြောက်မှုရသကို ဖော်ထုတ်တွေ့ရှိပြီး သံသရာနာရီကြီးကို ရပ်ဆိုင်းနိုင်ကြတဲ့ အရိယာပုဂ္ဂိုလ်တို့ ဖြစ်ပေါ်လာကြပါတယ်။ သောတာပန်အရိယာ အဆင့်ကစပြီး စနစ်တကျ ဘရိတ်အုပ်လာနိုင်ခဲ့တာ အရဟတ္တဖိုလ်ပေါက် အမြင့်ဆုံး အရိယာအဆင့်ရောက်တဲ့အခါမှာတော့ သံသရာနာရီကို လုံးဝရပ်ဆိုင်းသွားစေနိုင်ပါတယ်။

ဒါကြောင့် အာရုံခြောက်ပါးဆိုတာ အပါယ်ဒုက္ခ ကျရောက်သူများကအစ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက် မှောက်ပြုကြသူများအထိ သက်ရှိအားလုံးတို့ရဲ့ အသက်သွေး ကြောကြီးဖြစ်တယ်လို့ ဆိုလိုက်ရတာပါ။

http://www.dhammadownload.com

ရရောက်မှု၊ မျက်မှောက်ပြုရမှု ကွဲပြားရတာကတော့ အာရုံတို့ကပေးတဲ့ ခွဲတမ်းမဟုတ်ဘူး၊ စုပ်ယူတဲ့ရေသောက်မြစ်တို့က ရယူတဲ့ ခွဲတမ်းသာဖြစ်တယ်ဆိုတာကတော့ အထူးထပ်ပြီး ပြောစရာမလိုလောက်တော့ပါဘူး။ ကိုယ်ကြီးထွားစေလိုတဲ့ ရေသောက် မြစ်များ ကြီးထွားအောင် လေ့ကျင့်ပျိုးထောင်ပေးကြဖို့ သာ တိုက်တွန်းလိုပါတယ်။

❑

http://www.dhammadownload.com

အဓိပတိပစ္စည်း

ဇမ္ဗူတလ္ဂ အစွမ်းအစများ

"အဓိပတိ" ဆိုတဲ့ စကားကိုလဲ မြန်မာလူမျိုးတို့ သိပ်ပြီး နားမစိမ်းလောက်ပါဘူး၊ ဟိုတစ်ချိန်က နိုင်ငံမှာ အကြီးဆုံး ပုဂ္ဂိုလ်ကို "နိုင်ငံတော်အဓိပတိ"လို့ ခေါ်ဆို သုံးစွဲခဲ့ဖူးတာကို ကြားဖူး လိမ့်မယ် ထင်ပါတယ်။ အဓိပတိဆိုတာ မြန်မာလိုတော့ အကြီး အမှူးပါပဲ။ အကြီးအမှူးဆိုပေမယ့် သာမန်အကြီးအမှူးတော့ မဟုတ်ပါဘူး၊ ခန္ဓာကိုယ်တစ်ခုလုံးအပေါ်မှာ အာဏာ အပြည့် အဝနဲ့ လွှမ်းမိုးနိုင် လောက်အောင် အာဏာစက်ကြီးမားတဲ့ အကြီးအမှူးပါ။ ခန္ဓာကိုယ် ထဲမှာ ဒီတရားတစ်ခုဖြစ်ပေါ် လာပြီဆိုရင် ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံး မှာရှိတဲ့ ရူပ်တရားနာမ်တရား တွေ အားလုံးဟာ သူ့အလိုကျ အတိုင်း လိုက်ပါ လုပ်ဆောင်ပေးရ လောက်အောင် အစိုးရတဲ့ အကြီးအမှူး မျိုးကိုမှ "အဓိပတိတရား"လို့ ခေါ်ဆိုနိုင်ပါတယ်။

အဓိပတိပစ္စည်းကို အဋ္ဌကထာဆရာတော်ကတော့ စကြာ ဝဠာတစ်ခုလုံးကို တစ်ဦးတည်း စိုးပိုင်အုပ်ချုပ်နိုင်အောင် အာဏာ စက်ကြီးမားပြင်းထန်တဲ့ စကြာမင်းနဲ့တူတယ်လို့ ဥပမာ ပေးပါတယ်။ စကြာမင်းတစ်ပါး ပွင့်ထွန်းပေါ်ပေါက်လာပြီဆိုရင် မြေပြင်မှာ ရှိရှိ သမျှ သူ့ဒေသ ကိုယ့်ဒေသအပိုင်းအခြားနဲ့ စီမံအုပ်ချုပ် မင်းလုပ်

http://www.dhammadownload.com

နေကြတဲ့ မင်းအပေါင်းတို့ဟာ စကြာမင်းထံ အခစား ဝင်ကြပြီး စကြာမင်းကြီးရဲ့ အမိန့်အာဏာအတိုင်း လိုက်နာကြရသလို အဓိပတိပစ္စည်းတပ်တဲ့ တရားတစ်ခုခု ခန္ဓာကိုယ်အတွင်းမှာ ဖြစ်ပေါ်လာပြီဆိုရင်လဲ ခန္ဓာကိုယ်မှာရှိသမျှ နာမ်တရားတွေ အားလုံးက အဓိပတိတရားရဲ့အမိန့်အတိုင်းသာ လိုက်နာပြီး မိမိတို့ကိစ္စကို ဆောင်ရွက်ကြရတယ်။ ရှေ့ဆောင်ရှေ့သွားဖြစ်တဲ့ နာမ်တရားများက အဓိပတိတရားရဲ့ အမိန့်ကို နာခံပြီဆိုရင် နာမ် ဦးဆောင်တဲ့အတိုင်း လိုက်ပါလှုပ်ရှားရတဲ့ ရူပ်တရားတွေကလဲ အဓိ ပတိတရားရဲ့ အမိန့်အတိုင်းပဲ လိုက်နာကြရတာပါပဲ။ ဒါကြောင့် အဓိပတိပစ္စည်းကို စကြာမင်းနဲ့ တူတယ်လို့ ဆိုတာပါ။ နိဿယပြန်တဲ့ ဆရာတော်ကလဲ အဌကထာ ဆရာတော်ဖွင့်ပြတဲ့ ဥပမာအတိုင်းပဲ "**အဓိပတိပစ္စယော = စကြာဘုန်းဌေ၊ မျှားဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘီသို့**"စသည်ဖြင့် မြန်မာနိဿယ ပြန်ဆိုပါတယ်။

ပဋ္ဌာန်း(၂၄)ပစ္စည်းထဲမှာ အစိုးရတဲ့ သဘောနဲ့ ကျေးဇူးပြုတဲ့ပစ္စည်းက နှစ်ခုရှိတယ်။ အဓိပတိပစ္စည်းရယ်၊ ဣန္ဒြိယ ပစ္စည်းရယ်ပါ။ ဣန္ဒြိယပစ္စည်းကတော့ ခန္ဓာကိုယ်နဲ့အပြင်အာရုံတို့ ဆက်သွယ်ထိတွေ့မိတဲ့အခါမှာ အဆင်းအာရုံကို မြင်သိမှုနယ်ပယ်၊ အသံအာရုံကို ကြားသိမှုနယ်ပယ်စတဲ့ သိမှုနယ်ပယ်ခြောက်ခုတို့မှာ တစ်ခုစီဖြစ်တဲ့ အစိတ်အပိုင်းမျှကိုသာ အစိုးရပါတယ်။ အဓိပတိပစ္စည်းကတော့ အဲဒီနယ်ပယ်ခြောက်ခုအပါအဝင် တစ်ကိုယ်လုံးကို လွှမ်းမိုးပြီး အစိုးရတာပါ။

အဓိပတိပစ္စည်းက အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ဆိုပြီး နှစ်မျိုးရှိပါတယ်။ အာရမ္မဏာဓိပတိ ဆိုတာကတော့ အထက်အာရမ္မဏပစ္စည်းမှာဆိုခဲ့ပြီးတဲ့ အာရုံခြောက်ပါးထဲမှာပဲ အလွန်အလေးအနက်ထားလောက်အောင် နှစ်သက်ဖွယ်ရှိပြီး ဆွဲအားပြင်း

http://www.dhammadownload.com

တဲ့ အတိုက္ကဋ္ဌာရုံဆိုတဲ့ အာရုံများကိုပဲ မြင်ရ,ကြားရသူကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့အတွက် အာရမ္မဏာဓိပတိ (လွှမ်းမိုးနိုင်စွမ်း အားကြီးတဲ့ အာရုံပစ္စည်း)လို့ သတ်မှတ်တာပါ။ ဇာတ်တော်တွေထဲမှာပါတဲ့ ဘုရားအလောင်းတော်ကိုတောင် ရှူးကြောင်ကြောင် ဖြစ်လောက် အောင် ဆွဲဆောင်နိုင်စွမ်းအားကြီးမားတဲ့ ဥမ္မာဒန္တီတို့, ပဘာဝတီတို့ရဲ့ အဆင်းအာရုံမျိုးတွေ။ အလွန်မာနကြီးပြီး အသပြာ တစ်ထောင်ပေး သူများတောင် တန်းစီတိုးရတယ်ဆိုတဲ့ ပြည့်တန်ဆာမကို ပြုံးတင်းပေါက်နဲ့ လှေခါး မှားဆင်းမိလောက်အောင်အထိ ဆွဲအားပြင်းလှတဲ့ ဂုတ္တိလ စောင်းသမားရဲ့ အသံတို့လို အာရုံမျိုးတွေပေါ့။

ဗုဒ္ဓဘာသာဝင်အများစုက အဓိပတိတရားလို့ အသိများတဲ့ အဓိပတိပစ္စည်းကတော့ သဟဇာတာဓိပတိလို့ခေါ်တဲ့ နာမ်အဓိပတိတရားများပဲဖြစ်ပါတယ်။

(၁) ဘယ်အရာကမှ ဝင်ရောက်ဟန့်တားလို့မရလောက်အောင် ထက်သန်တဲ့ ဆန္ဒ။

(၂) အသက်ပင်သေချင်သေပါစေ မရမနေကြိုးစားအားထုတ်တဲ့ ဝီရိယ။

(၃) စားလဲဒီစိတ်, သွားလဲဒီစိတ်လို့ဆိုရလောက်အောင် ပြင်းထန်တဲ့ စိတ္တ။

(၄) ဘယ်လိုကောင်းကျိုးရချင်ရင် ဘယ်လိုကြိုးစားလုပ်ကိုင်ရမယ်ဆိုတာကို ချွတ်ယွင်းချက်မရှိ ပိုင်းခြားသိနိုင် စွမ်းတဲ့ ပညာ(ဝိမံသ)ဆိုတဲ့ လေးပါးပါပဲ။

ဒီနာမ်အဓိပတိတရားတွေဟာ ဘယ်လောက်အထိ ခန္ဓာကိုယ်ပေါ်မှာ လွှမ်းမိုး အစိုးနိုင်သလဲဆိုရင်-

"ဆန္ဒဝတော ကိ နာမကမ္မံ နသိဗ္ဗတိ - ဆန္ဒကဲမို့, ငါသို့တသူ, ပြုမူဆောင်ရာ, အဖြာဖြာ, ဘယ်ခါမပြီး ရှိချိမ့်နည်း။

http://www.dhammadownload.com

ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဇတိ = လုံ့လကဲမို့၊ ငါသို့တသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာ၊ ဘယ်ခါမပြီး ရှိချိမ့်နည်း။

စိတ္တဝတော ကိံ နာမကမ္မံ နသိဇ္ဇတိ = စိတ်ဓာတ်ကဲမို့၊ ငါသို့တသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာ၊ ဘယ်ခါမပြီး ရှိချိမ့်နည်း။

ပညာဝတော ကိံ နာမကမ္မံ နသိဇ္ဇတိ = ပညာကဲမို့၊ ငါသို့တသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာ၊ ဘယ်ခါမပြီး ရှိချိမ့်နည်း" လို့ ဘုရားရှင်ကိုယ်တိုင်က သံသယစကားမဖက် မုချဧကန် အမှန်တကယ် ပြီးကိုပြီးရမယ်လို့ ဟောတော်မူခဲ့တာကို ထောက်ဆကြည့်ရင် အကဲခတ်မိပါလိမ့်မယ်။

သဟဇာတာဓိပတိတရားများဟာ မိမိရဲ့ အဇ္ဇတ္တသန္တာန်မှာ ဖြစ်ပေါ်တဲ့ နာမ်တရားများဖြစ်ကြလို့ အာရမ္မဏာဓိပတိ တရားတို့ထက် စွမ်းပကားပိုပြီး ကြီးပါတယ်။ အာရမ္မဏာ ဓိပတိတရားတို့နဲ့ ယှဉ်လာရင် သဟဇာတာဓိပတိတရားတို့ကပဲ အာရမ္မဏာ ဓိပတိ အပေါ်ကိုလဲ လွှမ်းမိုးနိုင်စွမ်းအားရှိလို့ သဟဇာဓိပတိတရား လေးပါးကမှ တကယ့်အဓိပတိအစစ်လို့တောင် ပြောရမလိုဖြစ်ပါတယ်။ ဒါကြောင့်လဲ အဘိဓမ္မာပညာရှင်များကိုယ်တိုင်က ဒီနာမ်အဓိပတိ ပစ္စည်းတရားလေးပါးကိုသာ အဓိပတိ တရားများအဖြစ် လေးစားအသိအမှတ်ပြုကြတာ ဖြစ်ပါလိမ့်မယ်။

အာရမ္မဏာဓိပတိနဲ့ သဟဇာတာဓိပတိတို့ယှဉ်လာရင် သဟဇာတာဓိပတိကသာ လွှမ်းမိုးအစိုးရပုံကို ဇာတက ဝတ္ထုများထဲက "တေလပတ္တဇာတ်"ကို ကြည့်မယ်ဆိုရင် ပိုပြီး သဘောပေါက်လောက်တယ်။

တေလပတ္တဇာတ်တော်မှာ ဘုရားအလောင်းက ဗာရာဏသီမင်းရဲ့သားတော်တစ်ရာထဲက သားငယ်တစ်ယောက်ဖြစ်တယ်၊ အဲဒီတုန်းက နန်းတွင်းကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေပဲ

http://www.dhammadownload.com

ကြွရောက်လေ့ရှိသတဲ့၊ ဘုရားလောင်းမင်းသားက ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့ကိုလဲ ရိုသေလုပ်ကျွေး ဆည်းကပ်ပါသတဲ့၊ တစ်နေ့ ကျတော့ အလောင်းတော်မင်းသားယောက်က "ငါ့မှာ နောင်တော်တွေ အများကြီးရှိတယ်၊ ဒီတိုင်းပြည်မှာတော့ ထီးနန်း အရိုက်အရာရဖို့ မလွယ်ဘူး"လို့ တွေးမိပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို အကျိုး အကြောင်းလျှောက်ထားတဲ့အခါ "သင်မင်းသားဟာ ဒီဗာရာဏသီ ပြည်မှာတော့ မင်းအဖြစ် မရနိုင်ဘူး၊ ဒီကနေ ယူဇနာ တစ်ရာ လောက်ဝေးတဲ့ ဂန္ဓာရတိုင်း တက္ကသီလာ မြို့ကို သွားနိုင်ရင်တော့ (ရ)ရက်အတွင်း မင်းဖြစ်လိမ့်မယ်၊ တက္ကသီလာကို လမ်းဖြောင့် တိုင်းသွားရင် ယူဇနာ၀ါးဆယ်ပဲဝေးတယ်၊ ဒါပေမယ့် အဲဒီလမ်းမှာ ဘီလူးတို့ကြီးစိုးတဲ့ ကန္တာရနယ်ကြီးရှိတယ်၊ ဘီလူးမတွေက မြို့ရွာပုံစံတွေ တည်းခိုဇရပ်တွေကို မွှေလျှော်စရာ ကောင်းလောက် အောင်ဖန်ဆင်းထားကြပြီး လာသမျှလူတွေကို အာရုံနဲ့ဖြားယောင်းပြီး သတ်စားကြလို့ လမ်းဖြောင့်အတိုင်း ခရီးပေါက်အောင် သွားနိုင် သူရယ်လို့ မရှိဘူး"ဆိုတဲ့ အကြောင်းရှင်းပြကြပါတယ်။

မင်းသားက "အရှင်မြတ်တို့ရဲ့အဆုံးအမကို နာခံပြီးဖြစ်လို့ ဘယ်လိုအာရုံနဲ့ပဲ ဖြားယောင်းဖြားယောင်း မတုန်လှုပ်ပါဘူး၊ တက္ကသီလာကိုအရောက် သွားပြီး ထီးနန်းစည်းစိမ်ကို ရယူမယ်" ဆိုပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ပရိတ်များရွတ်ဖတ်စေပြီးမှ၊ အရှင်မြတ်များနဲ့ ခမည်းတော်မယ်တော်တို့ကို ကန်တော့ တောင်းပန် တယ်၊ မင်းသားနဲ့အတူ သူငယ်ချင်း၀ါးယောက်တို့ကလဲ လိုက်ချင် တယ်ဆိုတော့ လမ်းခရီး အခြေအနေကို ရှင်းပြတယ်၊ သူငယ်ချင်း များက ကျွန်ုပ်တို့လဲ သင်မင်းသားလိုပဲ ဆောက်တည်မှာပေါ့"ဆိုပြီး လိုက်လာကြပါတယ်။

လမ်းခရီးမှာ ဘီလူးများက အလွန်လှတဲ့နတ်သမီး တမျှ ဖန်ဆင်း ဖြားယောင်းကြလို့ သူငယ်ချင်း၀ါးယောက်တို့ဟာ မင်းသား

http://www.dhammadownload.com

က သတိပေးတားမြစ်နေတဲ့ ကြားကပဲ ဘီလူးစာဖြစ်သွားကြတယ်၊ မင်းသားကတော့ တက္ကသီလာထီးနန်းရဖို့ကလွဲလို့ ဘယ်အာရုံကိုမှ စိတ်မဝင်စားတဲ့အတွက် ဖြားယောင်းလို့မရဘူး၊ အဲဒီထဲမှာ ဘီးလူးမတစ်ယောက်ကတော့ "ဒီလောက်ကျွန်ခြေကြီးတဲ့ မင်းသားကို ရအောင်ဖြားယောင်းပြီး စားမယ်"ဆိုပြီး နောက်ကတကောက် ကောက် လိုက်လာသတဲ့။

တက္ကသီလာရောက်တော့ မြို့တံခါးအနီးက ဇရပ်တစ်ခုမှာ အလောင်းတော်မင်းသားက နေရာယူပြီး ပရိတ်ခြည်တွေလဲ ဝန်းရံထားတယ်၊ ပရိတ်သဲကိုလဲ ခေါင်းရင်းမှာထားပြီး သံလျက်ကို လက်ကကိုင်ရင်း တစ်ညလုံးမတ်တပ်ပဲရပ်နေတယ်၊ လုံးဝ မအိပ်ဘူးတဲ့၊ ဘီလူးမကလဲ အလွန်လှပတဲ့ မိန်းကလေးလို ဖန်ဆင်းပြီးနေတယ်၊ ဘုရားလောင်းရဲ့ ကမ္မဇိဒ္ဓိကြောင့် ဇရပ်အတွင်းတော့ ဝင်လို့ မရဘူး၊ မနီးမဝေးမှာပဲ နေရသတဲ့။

မနက်လင်းတော့ တက္ကသီလာဘုရင်က မြို့ပြင်ထွက်တဲ့အခါ အလွန်လှပတဲ့မိန်းခလေးကိုမြင်ပြီ သဘောကျလို့ အရှင်(လင်) ရှိမရှိမေးတဲ့အခါ ဘီလူးမက ဇရပ်ပေါ်မှာရှိတဲ့ မင်းသားဟာ သူ့အရှင်သခင်ပဲလို့ ပြောပေမယ့် မင်းသားက "အဲဒါလူသား အစစ်မဟုတ်ဘူး၊ ဘီလူးမ ဖြစ်တယ်၊ ကျွန်ုပ်ရဲ့သူငယ်ချင်း ငါးယောက်တို့ကို ဒီဘီလူးမတွေက အဆင်း,အသံစတဲ့ နှစ်သက်ဖွယ် အာရုံတွေ ဖန်ဆင်းဖြားယောင်းပြီး စားပစ်တယ်"ဆိုတဲ့အကြောင်း ရှင်းပြတယ်၊ ဘီလူးမရဲ့ အလွန်လှပ အောင်ဖန်ဆင်း ထားတဲ့ အာရုံကို တပ်မက်မိတဲ့ တက္ကသီလာဘုရင်က "ပိုင်ရှင်မဲ့ဖြစ်ရင် သိမ်းပိုက်မယ်ဆိုပြီး နန်းတော်ထဲခေါ်သွားတယ်၊ မိဖုရားကြီး အရာ မြှောက်ပြီး ဘီလူးမက သူ့အဖော်တွေကိုပါ ခေါ်ယူစားသောက် လိုက်ကြလို့ နန်းတော် အတွင်းမှာ ကြက်ဝက်တို့ပါမကျန် သက်ရှိအားလုံး အရိုးပဲ ကျန်

http://www.dhammadownload.com

အောင် ဖြစ်သွားကြသတဲ့။

နံနက်လင်းတော့ မြို့သားတွေက နန်းတော်တံခါး ဖွင့်ချိန်တန်လို့ မဖွင့်တဲ့အခါ အတင်းတွန်းဖွင့်ပြီး ကြည့်လိုက်တော့ ဖြစ်ကြောင်းကုန်စင်သိကြပြီး၊ ဘုရားလောင်းမင်းသားကို မင်းအဖြစ် တင်မြှောက်ကြလို့ အလောင်းတော်မင်းသားဟာ ခုနှစ်ရက် မြှောက်နေ့မှာပဲ တက္ကသီလာထီးနန်းကို စိုးစံသွားရပါသတဲ့။

ဒီဇာတ်ကြောင်းကို သုံးသပ်ကြည့်လိုက်ရင် နာမ်အဓိပတိ တရားရှိသူကို အာရမ္မဏာဓိပတိက မလွှမ်းမိုးနိုင်ဘူးဆိုတာရယ်၊ တကယ်တမ်း ဆန္ဒာဓိပတိစသည် တပ်ခဲ့ရင် ဘယ်ကိစ္စမဆို ပြီးစီးအောင်မြင်ရမြဲ ဖြစ်တယ်ဆိုတာရယ်ကို သဘောပေါက်လောက်ပါတယ်၊ အလောင်းတော်တို့ ပါရမီဖြည့်စဉ်ကာလ တစ်လျှောက် အသက်အန္တရာယ်နဲ့ကြုံလို့တောင် မဖြုံခဲ့တာတွေ၊ နောက်ဆုံးဘဝမှာ အရိုးပေါ် အရေကျန်တဲ့အထိ ကြိုးစားခဲ့တာတွေ၊ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ "ဘုရားမဖြစ်သမျှ ငါမထတော့"ဆိုတဲ့ စိတ်ဓာတ်နဲ့ အားထုတ်ပြီ သဗ္ဗညုဘုရားရှင်ဖြစ်ခဲ့တာတွေဟာ အဓိပတိပစ္စည်းတပ်တဲ့ ဆန္ဒစသည်ထက်သန်မှုကြောင့်ပါပဲ။

ဒါကြောင့် လောကီရေးရာဖြစ်စေ၊ လောကုတ္တရာရေးရာဖြစ်စေ လုပ်ငန်းတစ်ခုခု၊ စီမံကိန်းတစ်ခုခု အောင်မြင်နိုင်မလား၊ ဘယ်လောက်ကြာရင် အောင်မြင်မလဲဆိုတာသိလိုရင်၊ ဒီလုပ်ငန်းနဲ့ ပတ်သက်လို့ အောင်မြင်လိုတဲ့ ဆန္ဒ၊ ကြိုးစားမှုစိတ်ဓာတ်နဲ့ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သိမြင်မှုတွေ ဘယ်လောက်အထိ အဓိပတိပစ္စည်းတပ်သလဲဆိုတာနဲ့ တိုက်ကြည့်ပြီး အဖြေရှာလို့ရနိုင်ပါတယ်။

အဓိပတိဆိုတာ "တစ်မိုးအောက် တစ်ယောက်" ဆိုတဲ့ အတိုင်း တရားတစ်ခုခုကသာ ဦးဆောင်ပြီး ကျေးဇူးပြုတာပါ၊ အဓိပတိလေးပါးထဲမှာ ဆန္ဒက အဓိပတိတပ်တယ်ဆိုရင် ဝီရိယ,စိတ္တ,

http://www.dhammadownload.com

ပညာတို့ကလဲ ဒီဆန္ဒကို အကောင်အထည်ဖော်နိုင်ရေးအတွက် နောက်လိုက်အဖြစ်နဲ့ ဝိုင်းဝန်းကူညီပေးကြပါတယ်၊ တကယ်တော့ ဒီတရားလေးခုကလဲ စိတ်တစ်ခဏတစ်ခုအတွင်းမှာပဲ အတူဖြစ်ကြတာဆိုတော့ ဦးဆောင်ရာကိုသာ အမည်တပ်ရတာပါ။ လုပ်ဆောင်မှုကတော့ တစ်ပြိုင်နက်တည်း တစ်ပေါင်းတစ်စည်း တည်းပါပဲ။

ဒီအဓိပတိတရားလေးပါးထဲမှာ ဆန္ဒ,ဝိရိယ,စိတ္တ,ဆိုတဲ့ အဓိပတိသုံးပါးက မကောင်းတဲ့ အကုသိုလ်တရားတွေမှာလဲ ယှဉ်တွဲဖြစ်ပေါ်တဲ့အတွက်၊ မကောင်းတဲ့ကိစ္စမှာ ဆန္ဒာဓိပတိတပ်ရင်လဲ မကောင်းမှုကို မဖြစ်မနေကျူးလွန်ဖြစ်ကြပါတယ်။

ဒါကြောင့် အဓိပတိတရားများဟာ အလွန်ခွန်အားကောင်းတဲ့ မြင်းကြမ်း,ဆင်ကြမ်းကြီးတွေနဲ့လဲ တူတဲ့အခါတူပါတယ်၊ ဇက်ကိုင်နိုင်အောင် ထိန်းနိုင်ရင် လိုရာခရီးတွင်သလို၊ ဇက်မနိုင်သူများအတွက်လဲ ဒုက္ခတွင်းနက်စေနိုင်ပါတယ်၊ ဒါကြောင့် အရေးအကြီးဆုံးသတိပြုရမှာကတော့ မိမိတို့ရဲ့ ဆန္ဒ,ဝိရိယ,စိတ်ဓာတ်တို့ကို ကောင်းတဲ့ဘက်ပြောင်းလာအောင် သတိတရား, ပညာတရားတို့နဲ့ ကြိုးစားတည်ဆောက်ကြဖို့ပဲဖြစ်ပါတယ်၊ ပညာတရားက အဓိပတိပစ္စည်းတပ်ပြီဆိုရင်တော့ ဆန္ဒ,ဝိရိယ, စိတ်ဓာတ် တို့ကလဲ ပညာဦးဆောင်ရာလိုက်ပြီး ကောင်းတဲ့အဓိပတိတွေဖြစ်လာကြမြဲပါ။

အတွင်းအဗျန္တာကို ကောင်းတဲ့ဘက်ပြောင်းလဲသွားအောင် အလေးအနက်ထားရမယ့် အာရုံသုံးမျိုးရှိတယ်တဲ့။

နံပါတ်(၁)က ကိုယ့်ကိုကိုယ်တန်ဖိုးထားအာရုံပြုခြင်း (အတ္တာဓိပတိ) ဖြစ်တယ်၊ ကိုယ့်ကိုကိုယ်ဆိုတာ ကိုယ့်ရဲ့အမျိုးအနွယ်မိဖ၊ သားသမီး၊ အမျိုး၊ ဘာသာ၊ သာသနာဆိုတဲ့ ကိုယ်နဲ့ပတ်သက်တဲ့ ထောက်ထားစရာတွေအားလုံးကို ဆိုလိုတာပါ။ အဲဒါကို အလေး

http://www.dhammadownload.com

အနက် အာရုံပြုပြီး အာရမ္မဏာဓိပတိတပ်လိုက်ရင် ကိုယ့်ရဲ့ အတွင်း အဖျတ္တမှာရှိတဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ ဝိမံသတွေဟာလည်း အကောင်းစား အထက်စားအဓိပတိတွေ ဖြစ်လာနိုင်တယ်ဆိုတဲ့ သဘောပါပဲ။

ဘုရားအလောင်း သုမေဓာရှင်ရသေ့က မိမိ လတ်တလော ရရှိနိုင်တဲ့ "တစ်ကိုယ်တော် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့်"ဆိုတာကို စွန့်လွှတ်ပြီး သဗ္ဗညုဘုရားဖြစ်လိုတဲ့ ဆန္ဒာဓိပတိ ဖြစ်ပေါ်လာတာဟာ "သဗ္ဗ ညုဘုရားဖြစ်နိုင်စွမ်းရှိတဲ့ မိမိကိုယ်ကို အလေးအနက် အာရမ္မဏာဓိပတိ ပစ္စည်းတပ်လိုက်တဲ့အတွက် အတွင်းအဖျတ္တ တရားပါ ပြောင်းလဲသွားတဲ့သဘောပါပဲ။

ခုခေတ်မှာလဲ တချို့ပြိုင်ပွဲတွေမှာ ပရိသတ်အားပေးမှု ထက်သန်တာကိုအကြောင်းပြုပြီး အောင်မြင်အောင်ကြိုးစားချင်တဲ့ ဆန္ဒတွေထက်သန်လာလို့ အောင်ပွဲတွေရခဲ့ကြတယ်ဆိုတာ ရှိပါတယ်၊ ဒါတွေဟာ အမြင်အာရုံတွေက အဓိပတိ တပ်လောက်အောင် ဖြစ်လာလို့ ကိုယ်က အာရမ္မဏာဓိပတိတပ်လိုက်တဲ့အတွက် အတွင်းအဖျတ္တ အဓိပတိတရားတွေလဲ ဖြစ်ပေါ်လာပြီး အောင်ပွဲရသွားတာပါပဲ။

နံပါတ်(၂)က ပတ်ဝန်းကျင်ကို အလေးအနက်တန်ဖိုးထားအာရုံပြုခြင်း (လောကာဓိပတိ)တဲ့၊ ပတ်ဝန်းကျင်မှာရှိတဲ့ မြင်အပ်မမြင်အပ်တဲ့ မဟိဒ္ဓိကပုဂ္ဂိုလ်များအပါအဝင် အားလုံးကိုအလေးထားတာပါ။ ကိုယ်လုပ်သမျှ အကောင်းအဆိုးဆိုတာ ဆိတ်ကွယ်ရာ မရှိဘူး၊ ကောင်းရင်ကောင်းသလို အသိအမှတ်ပြုသူရှိသလို မကောင်းရင်လဲမကောင်းသလို ရှုတ်ချပြစ်တင်ကြမယ့် မြင်အပ်မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေ ပတ်ဝန်းကျင်မှာ အမြဲရှိတယ်လို့ အလေးအနက် အာရုံပြုပြီး "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်"တဲ့ အတွင်းအဖျတ္တက ဆန္ဒစတဲ့ အဓိပတိ အကောင်းစားတွေကို မွေးမြူ တည်ဆောက်ပေးရတာပါ။

http://www.dhammadownload.com

ပတ်ဝန်းကျင်ကို အလေးအနက်ထားခြင်းနဲ့ပတ်သက်လို့ မြင်အပ်မမြင်အပ်တဲ့ အာရုံတွေသာမက မိမိအပေါ်မှာ ကျေးဇူးရှိတဲ့ မိဖဆရာသမား ကျေးဇူးရှင်များရဲ့ ကျေးဇူးတရားတွေ၊ ရဟန်းတော်များ အနေနဲ့ နေ့စဉ်သုံးဆောင်နေတဲ့ ဆွမ်းစတဲ့ပစ္စည်း လေးပါးတို့နဲ့ ပစ္စည်းလေးပါး အလှူရှင်တွေရဲ့ ကျေးဇူးတရားတွေကို အလေးအနက်အာရုံပြုပြီးတော့လည်း မိမိရဲ့အတွင်းအဖျတ္တမှာ ဆန္ဒ ဝီရိယ စတဲ့ သဟဇာတာဓိပတိတရားတွေ ဖြစ်ပေါ်တိုးပွားအောင် ပြုလုပ်လို့ ရပါတယ်။

ဟုတ်ပါတယ်၊ ပစ္စည်းလေးပါး အထူးသဖြင့်တော့ နေ့စဉ်လောင်းလှူနေတဲ့ ဆွမ်းဒကာ ဒကာမများနဲ့ပတ်သက်လို့ ရှေးမထေရ်မြတ်ကြီးများကတော့ သူတို့ကို ဒကာ ဒကာမတို့လို့ ရိုးရိုး မသတ်မှတ်သင့်ဘူး၊ "ပဝတ္တိ မာတာပိတရော နာမေတေ = သူတို့ဟာ ပဝတ္တိ မိဖတွေ ဖြစ်တယ်"လို့ သဘောထားရမယ်လို့ မိန့်ကြားပါတယ်။

ပစ္စည်းလေးပါးနဲ့ ပစ္စည်းလေးပါးအလှူရှင်တို့ရဲ့ ကျေးဇူးတွေကို အလေးအမြတ်ထားပုံနဲ့ပတ်သက်လို့ အဋ္ဌကထာ ဆရာမိန့်ဆို တာကတော့ -

သင်ရဲ့ဆွေမျိုးလည်းမဟုတ်၊ အခိုင်းအစေလည်းမဟုတ်တဲ့ ဒီလူတွေက သင့်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ပြုစု လုပ်ကျွေးကြတာဟာ သင့်ဆီက လောကီပစ္စည်းဥစ္စာတစ်ခုခုရလိမ့်နိုးနဲ့ မျှော်ကိုးပြီး ပေးလှူနေကြတာ မဟုတ်ဘူး၊ တကယ်တော့ ကိုယ်လုပ်တဲ့ ကောင်းမှုရဲ့ ကြီးမားမြင့်မြတ်တဲ့အကျိုးကို သိမြင်ပြီး ပေးလှူနေကြတာပါ။

မြတ်စွာဘုရားရှင်က ပစ္စည်းလေးပါးကို ခွင့်ပြုခဲ့တာဟာလဲ "သံဃာတွေဟာ ပစ္စည်းလေးပါးကို ဘုဉ်းပေးသုံးဆောင်ပြီး ချမ်းချမ်းသာသာ ဇိမ်နဲ့နေနိုင်ကြလိမ့်မယ်"လို့ သဘောထားပြီး ခွင့်ပြုခဲ့တာ မဟုတ်ဘူး၊ "ပစ္စည်းလေးပါးကို ဘုဉ်းပေးသုံးဆောင်ပြီး သာသနာ

http://www.dhammadownload.com

တော်လဲ တည်တန့်အောင် မိမိအတွက်လည်း ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင်ဆိုတဲ့ သာသနပြဟ္မစရိယ မဂ္ဂပြဟ္မစရိယကို ကျင့်နိုင်ကြလိမ့်မယ်၊ ကျင့်ပြီး ဝဋ်ဆင်းရဲကထွက်မြောက်လိမ့်မယ်"လို့ သိမြင်ပြီး ခွင့်ပြုခဲ့တာဖြစ်တယ်။ သင်ဟာ မြတ်စွာဘုရား နှလုံးသွင်း သိမြင်တဲ့အတိုင်း မကျင့်မကြံ ပျင်းရိနေမယ်ဆိုရင် ပစ္စည်းလေးပါးကို မလေးမစားသုံးစွဲရာရောက်တယ်။ (ဒါဟာ "ဣဏာပရိဘောဂ"လို့ခေါ်တဲ့ သံသရာနဲ့ချီပြီး ပေးဆပ်မကုန်နိုင်တဲ့ ကြွေးယူစားသောက်ခြင်းလည်းဖြစ်တယ်) လို့ အလေးအနက်ခံယူပြီး ကြိုးစားအားထုတ်ရမယ်၊ ဒါမှသာ ဆွမ်းနဲ့ဆွမ်းကို ခွင့်ပြုပေးတဲ့ဘုရားရှင်ကိုရော ဆွမ်းလှူသူများကိုပါ လေးစားရာရောက်တယ်လို့ဆိုပါတယ်။

"ကဿက"အမည်ရှိတဲ့ လှိုဏ်ဂူမှာ သီတင်းသုံးနေတဲ့ အယျမိတ္တမထေရ်မြတ်ကို ဆွမ်းခံရွာမှာရှိတဲ့ ဒကာမကြီး တစ်ယောက်က သားအရင်းလိုသဘောထားပြီး ပြုစုလုပ်ကျွေးပါတယ်။

တစ်နေ့မှာတော့ ဒကာမကြီးက တောထဲအလုပ် ကိစ္စနဲ့ သွားခါနီးမှာ သမီးကို "သမီးရေ . . ဟို နေရာမှာ ဆန်ဟောင်းလေးရှိတယ် (ဆန်ဟောင်းက ဆန်သစ်ထက် အစာကျေလွယ်တယ်)၊ ဟိုနေရာမှာ ထောပတ်တို့ နွားနို့တို့ တင်လဲတို့ရှိတယ်၊ ညီးအကိုကြီး အယျမိတ္တ ကြွလာတဲ့အခါ ဆွမ်းချက်ပြီး နွားနို့ ထောပတ် တင်လဲတွေနဲ့ လောင်းလှူလိုက်ပါ။ ကျန်တာကို ညီးလဲစားပေါ့၊ အမေတော့ မနေ့ကကျန်တဲ့ ထမင်းကြမ်းကို ပုံးရည်ဟင်းနဲ့ စားသွား တော့မယ်" လို့ မှာကြားတယ်။ "အမေနေ့လည်ပြန်လာတော့ ဘာကို စားမလဲ"လို့ သမီးကပြန်မေးတော့ "ဟို နားမှာရှိတဲ့ ဆန်ကွဲလေးတွေနဲ့ ဟင်းရွက်ကိုထည့်ပြီး ယာဂုချဉ်ကျိုထားလိုက်ပေါ့ သမီးရဲ့" လို့ ပြန်ပြောပါသတဲ့။

http://www.dhammadownload.com

ဆွမ်းခံထွက်ဖို့ သပိတ်သက်နှီးကိုပြင်နေတဲ့ မထေရ်မြတ်က ဒကာမကြီးမှာနေတဲ့ အသံကိုလည်း ကြားလိုက်ရော "ကြည့်စမ်း ဒကာမကြီးက ပုံးရည်ဟင်းနဲ့ ထမင်းကြမ်းကို စားမှာတဲ့၊ နေ့လည် စာကိုလည်း ဟင်းရွက်စပ်ပြုတ် ယာဂုချဉ်ကိုစားမယ်တဲ့၊ ငါ့အတွက်ကို တော့ စားသောက်ဖွယ်အကောင်းစားတွေ စီစဉ်မှာကြားနေတယ်၊ ဒီဒကာမကြီးဟာ လောကီစည်းစိမ်ဥစ္စာတွေကို တောင်းတပြီး ငါ့ကို လျှုဒါန်းနေတာမဟုတ်ဘူး၊ နိဗ္ဗာန်အထိ ပြည့်စုံမှုကိုရည်မှန်းပြီး လျှုဒါန်းနေရှာတာ၊ ဒကာမကြီးရဲအလျှုက အလွန်မြင့်မြတ်တဲ့ "ဒက္ခိဏာ"ဆိုတဲ့ အလျှုမျိုးဖြစ်တယ်။ ငါဟာ မြင့်မြတ်တဲ့ အလျှု (ဒက္ခိဏာ)ကို အလျှုခံထိုက်တဲ့ 'ဒက္ခိဏေယျ'ဂုဏ်နဲ့ ပြည့်စုံပါရဲ့လား" လို့ ကိုယ့်ကိုကိုယ်သုံးသပ်ဆင်ခြင်ပြီးတော့-

"ငါဟာ ဒီလိုဂုဏ်မြောက်တဲ့ဆွမ်းကို လောဘ ဒေါသ မောဟတွေရှိနေတဲ့ စိတ်နဲ့ခံဖို့ မသင့်ဘူး"လို့ ဆုံးဖြတ်ပြီး မိမိ သီတင်း သုံးနေတဲ့ ကဿက ဂူထဲပြန်ဝင်၊သပိတ်သက်နှီး တို့ကို မူလနေရာမှာ ပြန်ထားပြီး "ငါဟာ အရဟတ္တဖိုလ်ပေါက် ဒက္ခိဏေယျ ဂုဏ်မ မြောက်သမျှ လှိုဏ်ဂူထဲက မထွက်တော့" အဓိပတိတပ်တဲ့ စိတ် ဓာတ်နဲ့အခိုင်အမာ ဆုံးဖြတ်ပြီး ဝိရိယာဓိပတိနဲ့ ကြိုးစား အားထုတ် လိုက်တာ အရင်ကလဲ နေ့ညဉ့်မပြတ် သတိပဋ္ဌာန်တရားနဲ့ ပွားများ ခဲ့တဲ့ ဓာတ်ခံရှိလေတော့ ဆွမ်းစားချိန်မတိုင်ခင်မှာပဲ အရဟတ္တဖိုလ် ပေါက် ရဟန္တာအဖြစ်ရောက်သွားပါတယ်။

လှိုဏ်ဂူအနီးမှာရှိတဲ့ ရုက္ခစိုးနတ်က "ဆင်းရဲ ကင်းပျောက် ချမ်းသာရောက်တော်မူတဲ့ အရှင်မြတ်ဘုရား . . အာသဝေါ ကင်းကွာတဲ့ အရှင်မြတ်ဟာ မြတ်သောအလျှုကိုခံထိုက်တဲ့ဒက္ခိဏေ ယျပုဂ္ဂိုလ်ပါဘုရား၊ယောက်ျား အာဇာနည်ပီသတော်မူတဲ့ အရှင်မြတ် ဘုရား . . အရှင်မြတ်အား ရှိခိုးပါ၏"ဆိုပြီး ဥဒါန်းကျူးရင့်တယ်။

http://www.dhammadownload.com

ကြီးမားမှု၊ သတ္တဝါတို့အပေါ်မှာ ကြီးမားတဲ့ မေတ္တာ ကရုဏာ တော်တွေနဲ့ ဖြည့် ကျင့်တော်မူခဲ့ပြီး အခုနောက်ဆုံး ဘဝမှာလည်း ပဋ္ဌိသန္ဓေတည်နေချိန်ကစလို့ တောထွက်ရာအခါ၊ ဘုရားဖြစ်ရာအခါ၊ တရားဦးဟောရာ, လေးဆယ့်ငါးဝါပတ်လုံး မနေမနား ဝေနေယျများအတွက် လုပ်ဆောင်တော်မူခဲ့တာ၊ နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူချိန်အထိ ဝေနေယျတို့အတွက် အမြဲကြောင့်ကျ စိုက်တော်မူခဲ့တာတွေဟာ သက်ရှိဖြစ်တဲ့ လူနတ်ဗြဟ္မာတို့က မဆိုထားနှင့် သက်မဲ့ဖြစ်တဲ့ သြကာသလောကစကြဝဠာ လောကဓာတ်ကြီးကပါ တုန်လှုပ်ခဲ့ရပုံ။

ဒီဘုရားရှင်သာသနာတော်မှာ ဒီတရားကို သက်ဝင်ယုံကြည်လိုက်တာနဲ့တစ်ပြိုင်နက် အမြင့်မြတ်ဆုံးဖြစ်တဲ့ သာကီနွယ်ဖွား ဘုရားသားတော်ဖြစ်သွားလို့ အမျိုးဇာတ်အားဖြင့် အမြင့်မြတ်ဆုံး အဖြစ် ရောက်သွားပုံ။

ဘုရားရှင်ရဲ့ ဒီတရားအမွေကို ခံယူလိုက်တာနဲ့တပြိုင်နက် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စတဲ့ အရိယာပုဂ္ဂိုလ်မြတ်ကြီးများနဲ့ အယူအကျင့်တူညီသွားလို့ အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များနဲ့ ဘုရားသားတော်ချင်းအတူတူ ညီအကိုတော်စပ်ပြီး မြင့်မြတ်တဲ့အမွေခံ ဖက်များအဖြစ် ရောက်သွားပုံ၊ စသည် စသည် မိမိဥာဏ်မီသလောက် အလေးအမြတ်အာရုံပြုလိုက်ရင် မိမိရဲ့အတွင်း အဖျတ္တမှာ ထက်သန်တဲ့ ဆန္ဒဝိရိယစတဲ့ အဓိပတိတရားများ ဖြစ်ပေါ်တိုးတက်လာတဲ့ အတွက် လိုရာကိစ္စမှန်သမျှ ပြီးမြောက်အောင်မြင်နိုင်ပါတယ်တဲ့။

ကောင်းမွန်တဲ့ကိစ္စများကို အဓိပတိပစ္စည်းတပ်ပြီး ပြုလုပ်တဲ့ အခါ ဖြစ်ပေါ်လာတဲ့ကုသိုလ်တရားများဟာ အစွမ်းသတ္တိ အလွန်ကြီးမားတဲ့အတွက် ကုသိုလ် ဇောစိတ် ခုနစ်ကြိမ်ထဲက အခုပစ္စက္ခ ဘဝမှာ အကျိုးပေးနိုင်စွမ်းရှိတဲ့ ပထမဇောစေတနာဟာ သီသီ

http://www.dhammadownload.com

ပြီးတော့မှ အရှင်မြတ်တို့လို ရဟန္တာဖြစ်တဲ့ ဆွမ်းခံပုဂ္ဂိုလ်ကို ဆွမ်းလှူ ဒါန်းရတဲ့အတွက် အလှူရှင်မိန်းမအိုကြီး ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပါလိမ့်မယ်။ (ဆွမ်းခံကြွတော်မူပါဘုရား)"လို့ လျှောက်ထားပါတယ်။

မထေရ်မြတ်လည်း လှိုဏ်ဂူကထွက်ပြီး နေကိုကြည့်တဲ့အခါ အချိန်ရှိသေးတာကိုသိတော့ ဆွမ်းခံကြွတယ်။ ကလေးမလေးက မအေမှာခဲ့တဲ့အတိုင်း မထေရ်မြတ်ကို ဆွမ်းလောင်းလှူတဲ့အခါမှာ "ချမ်းသာပါစေ"လို့ မိန့်ကြားပြီး ကြွသွားတော်မူပါတယ်။ ကလေးမလေးက မထေရ်မြတ်ရဲ့ ခါတိုင်းနဲ့မတူအောင် ကြည်လင်တည်ငြိမ်တာကို သတိထားမိလိုက်တယ်။ အမေပြန်လာတဲ့အခါ တွေ့မြင်ရပုံကို အကုန်ပြောပြတော့ ဒကာမကြီးက "ငါ့သားကြီး ဒီနေ့ ရဟန်းကိစ္စ အထွတ်အထိပ်ရောက်ပြီ"လို့ သိလိုက်တဲ့အတွက် "သမီးရေ နင့်အကို ကြီးတော့ ဒီ ဘုရားသာသနာတော်မှာ အပျော်ကြီးနဲ့ပျော်နေပြီ၊ လူမထွက်တော့ဘူးဟဲ့"လို့ ဝမ်းမြောက်ဝမ်းသာ ပြောလိုက်ပါသတဲ့။

ဒီလိုနည်းနဲ့လည်း အဓိပတိတရားကို တည်ဆောက်လို့ ရနိုင်ပါတယ်။ နောက် နံပါတ်(၃)ကတော့ ယုံကြည်လက်ခံလိုက်နာ ကျင့်သုံးနေတဲ့ ဓမ္မကို အလေးအမြတ်တန်ဖိုးထားအာရုံပြုခြင်း (ဓမ္မာဓိပတိ) ဖြစ်ပါတယ်။

ဓမ္မကို အလေးအမြတ် အာရုံပြုခြင်းနဲ့ပတ်သက်လို့ အဋ္ဌကထာဆရာဖွင့်ဆိုတဲ့ ဝိရိယသမ္ဘောဇ္ဈင်တိုးပွားကြောင်းများထဲက ဓမ္မနဲ့ ပတ်သက်လို့ အလေးထားပုံများဟာ မှတ်သားလိုက်နာစရာ အလွန်ကောင်းပါတယ်။ အလေးအမြတ်အာရုံပြုပုံကတော့ -

ဒီတရားဓမ္မများကို ဖော်ထုတ်ဟောကြားတော်မူတဲ့ ဘုရားရှင်ဟာ ပါရမီတော်တွေကို စတင်ဖြည့်ကျင့်စဉ်ကတည်းက တစ်လောကလုံး ဘယ်သူမှမစွမ်းနိုင်တဲ့ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ ဇွဲလုံ့လ

http://www.dhammadownload.com

သာသာ ထင်ထင်ရှားရှားကြီးနဲ့ တန်ခိုးရှင်များက ဖန်ဆင်းလိုက်သလားလို့ ထင်ရလောက်အောင်ပဲ အကျိုးပေးတတ်စမြဲဖြစ်ပါတယ်။

အများကြားဖူး သိဖူးထားကြတဲ့ ကဿပဘုရားရှင် လက်ထက်က "မဟာဒုဂ်"ဆိုတဲ့ ဆင်းရဲသားလင်မယားတို့ဖြစ်ရပ်ဟာ အထင်ရှားဆုံး သာဓကတစ်ခုပါပဲ။

မဟာဒုဂ်ဆိုတဲ့ နာမည်နဲ့လိုက်အောင် လင်မယားနှစ်ယောက် တစ်နေကုန် အစွမ်းကုန်လုပ်မှ တစ်နပ်စာ သာသာလောက် စားရတဲ့ လာခြင်းမကောင်းရှာသူများဘဝမှာ သံယာတစ်ပါး ဆွမ်းကပ်ခွင့်ရရေးအတွက် အလုပ်ကိုနှစ်ဆ လောက်တိုးလုပ်ပြီး တစ်ဝက်လောက် လျှော့စားရင်း ဆွမ်းကပ်နိုင်ဖို့ ကြိုးစားကြရတာပါ၊ ဆွမ်းကပ်ဖို့ သံယာပင့်တဲ့နေ့ရောက်တော့ စာရေးတံမဲ စာရင်းမှာ မပါလို့ သံယာမရတော့ဘူး။ ဒါကိုသိတော်မူတဲ့ ကဿပဘုရားရှင်က မဟာဒုဂ်လက်ထဲ သပိတ်အပ်ပြီး ဆွမ်းအလှူခံမယ်လို့ အသိအမှတ်ပြုပေးလိုက်တဲ့အခါ ဘုရားရှင်ကို ဆွမ်းကပ်လှူ ခွင့်ရချင်ကြတဲ့ ရှင်ဘုရင်နှင့်တကွ မှူးကြီးမတ်ရာ သူဌေး သူကြွယ်တွေက မဟာဒုဂ်လက်ထဲရောက်နေတဲ့ ဘုရားရှင်သပိတ်ကို သူထက်ငါ အပြိုင်မက်လုံးတွေပေးပြီး တောင်းကြပေမယ့် မဟာဒုဂ်ကလက်မခံဘူး။ ပစ္စည်းဥစ္စာမွဲပေမယ့် စေတနာက ဒိတ်ဒိတ်ကျ၊ တကယ့်အဓိပတိ တရားတွေ အပြည့်နဲ့ပါ။

သူတို့ရဲ့ အလောဘရေသောက်မြစ်မှာ အဓိပတိမြောက်တဲ့ ဆန္ဒ ဝီရိယ စိတ်စေတနာဓာတ်တွေနဲ့ တပ်ဆင်ပြီး လှူဒါန်းတာဖြစ်လို့ ပထမဇောရဲ့အကျိုးပေးခွင့်က ချက်ချင်းဆိုသလိုအကျိုးပေးပြီး အိမ်ဝိုင်းနဲ့အပြည့် မြေရှိသမျှရွှေ အတိဖြစ်ပေါ် လာတာပါပဲ၊ ဒါဟာ ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့် ဖြစ်တာလဲမဟုတ်ဘူး၊ နတ်သိကြားတွေက ဖန်ဆင်းပေးတာလဲ မဟုတ်ဘူး၊ အဓိပတိတပ်ပြီး လှူလိုက်တဲ့

http://www.dhammadownload.com

ကုသိုလ်ကံရဲ့ ပထမဇောစေတနာအရ ဒိဋ္ဌမွေ ခံစားရမယ့်အကျိုးကို ပေးလိုက်တဲ့ "ပုညိဒ္ဓိ" စစ်စစ် ဖြစ်ပါတယ်။

အဓိပတိပစ္စည်းတပ်ပြီး လုပ်တဲ့အလုပ်မှန်သမျှ လောကီ လုပ်ငန်း တွေမှာလဲ စိတ်ကူးနဲ့မှန်းဆလို့မရနိုင်လောက်တဲ့ အကျိုးတွေ နေ့ချင်းညချင်းဆိုသလို တိုးပွားဖြစ်ပေါ်စမြဲဖြစ်ပါတယ်။ အဓိပတိ ပစ္စည်းရဲ့သဘောကို နားမလည်ကြသူများကတော့ဒီလိုဖြစ်တာတွေ ကိုပဲ မဟိဒ္ဓိက ပုဂ္ဂိုလ်တွေက မ,စတယ်လို့ အထင်မှား အယုံကြည်မှားတွေဖြစ်တတ်တဲ့အတွက် ဗုဒ္ဓဘာသာဝင်များအနေနဲ့ အဓိပတိပစ္စည်းမြောက်တဲ့ ဆန္ဒ ဝီရိယ စိတ္တ ဝိမံသတို့ရဲ့အစွမ်းကို ထဲထဲဝင်ဝင် အလေးအနက်သဘောပေါက်ထားဖို့ အရေးကြီးပါ တယ်၊ ဒါကိုသဘောမပေါက်ရင် အယူမှား အယုံမှားဖြစ်သွားတတ်လို့ တစ်ဘက်ကကြည့်ရင် ဘာဂ သမ္ဘတ္တိဖြစ်သလောက် တခြား တစ် ဘက်မှာ သီလဗျသန, ဒိဋ္ဌိဗျသနဆိုတဲ့ အကျင့်ပျက် အယူပျက်ဖြစ်ပြီး နစ်နာချက်ဆိုးသွားတတ်လို့ပါ။

မိမိနဲ့ရင်းနှီးသူတစ်ယောက်က မဟိဒ္ဓိကပုဂ္ဂိုလ်တစ်ပါးလို့ အများကပြောဆိုနေကြတဲ့ ဆရာတော်ကြီးတစ်ပါးထံ ရောက်သွားပြီး သူ့မှာ လုပ်သမျှတွေ အဆင်မပြေဖြစ်နေရပုံကို လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက ပုတီးတစ်ကုံးပေးလိုက်တယ်၊ ပြီးတော့ "ဒီပုတီးနဲ့ (၄၅)ရက်တိတိ ဘုရားဂုဏ်တော်တွေကို အနည်းဆုံးတစ်နေ့မှာ မနက်ကိုးပတ် ညကိုးပတ်စိတ်ရမယ်။ အဲဒီရက်မှာ (၈)ပါးသီလကိုလဲ မြဲအောင်စောင့်ရမယ်။ ပြီးရင် မင်းလုပ်နေတဲ့အလုပ်ကိုဆက်လုပ်၊ အားလုံးအဆင်ပြေသွားမယ်"လို့ မိန့်ကြားလိုက်ပါ သတဲ့။

အဲဒီလူက ဆရာတော်ကြီးမှာကြားတဲ့အတိုင်းလိုက်နာပြီး အလုပ်ကိုဆက်လုပ်တဲ့အခါ (၁)နှစ်ကျော်ကျော်လောက်အတွင်းမှာ အံ့ဩလောက်အောင်စီးပွားဖြစ်လာပြီး မင်္ဂလာစျေးမှာ ဆိုင်ခန်းကော

http://www.dhammadownload.com

မြို့ထဲမှာနေစရာတိုက်ခန်းနဲ့ကားတစ်စီးပါ ပိုင်ဆိုင်လာတယ်၊ "အဲဒါ ဆရာတော်ကြီးက မ,လိုက်တာပဲမို့လား"ဆိုပြီး လျှောက်ထားဖူးပါ တယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ဖြစ်စေ၊ တခြား သီလ သမာဓိ ပညာဂုဏ်တို့နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေပဲဖြစ်စေ လောက ကောင်းကျိုးကို ဆောင်လိုတဲ့ပုဂ္ဂိုလ် ဆောင်နိုင်တဲ့ပုဂ္ဂိုလ်တွေဆိုတာ အကျိုးဖြစ်ပေါ်အောင် ကူညီညွှန်ပြနိုင်စွမ်းရှိကြတဲ့ ပုဂ္ဂိုလ်များ သာဖြစ်ပါတယ်။ ပဋ္ဌာန်းလိုပြောမယ် ဆိုရင်တော့ "ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော" ဆိုတဲ့အတိုင်း အားကောင်းတဲ့မှီရာ ဥပနိဿယပစ္စည်း ထိုက်သူများလို့ ဆိုရပါတယ်။ မ,စနိုင်တဲ့ ပုဂ္ဂိုလ် များ မဟုတ်ပါဘူး။ **"တုမှေဟိ ကိစ္စံ မာတဗ္ဗံ ၊ အက္ခာတာရော တထာဂတာ = သင်တို့ဟာ ကောင်းကျိုးကို ရချင်တယ်ဆိုရင် ကိုယ် လုပ်သင့်တဲ့ကိစ္စကို ကိုယ်တိုင် ကြိုးစား အားထုတ်ရမယ်၊ ဘုရားရှင်တို့ဆိုတာ လမ်းညွှန်ပေးရုံသာဖြစ်တယ်"** ဆိုတဲ့ ဘုရား ရှင်ရဲ့ စကားတော်အတိုင်းပါပဲ။

ဒါဖြင့် အခုပြောတဲ့လူဟာ ချက်ချင်းဆိုသလို စီးပွားတွေ တိုးတက်သွားတာကိုတော့ ဘယ်လိုပြောမလဲလို့ မေးစရာရှိပါတယ်။ မိမိကိုလာပြီးလျှောက်တော့ အဲဒီလူကို မိမိက ပြန်မေးကြည့်တယ်၊ "ဆရာတော်ကြီး မိန့်ကြားလိုက်တော့ ခင်ဗျားစိတ်ထဲမှာ ဘယ်လို ဖြစ်သွားသလဲ" ဆိုတော့ "တပည့်တော်လဲ ဆရာတော်ကြီး ကိုယ်တိုင်က တပည့်တော်ခေါင်းကို လက်နဲ့သေသေချာချာပွတ်ပြီး မိန့်ကြားလိုက်တာဆိုတော့ "ဒါဟာ ငါ့ကို ဆရာတော်ကြီး မေတ္တာနဲ့ မ,စလိုက်တာပဲ၊ မဖြစ်မနေလုပ်မယ်ဆိုပြီး ဆရာတော်ကြီး ပြောတဲ့ အတိုင်း ရှစ်ပါးသီလ စောင့်ထိန်းပြီးပုတီးကို စိတ်ပါလက်ပါစိတ် တော့တာပဲ၊ ဘုရားဂုဏ်တော်တွေကိုလဲ ပိုပြီးလေးလေး နက်နက်

http://www.dhammadownload.com

အာရုံပြုနိုင်အောင်ဆိုပြီး မြန်မာ လိုအဓိပ္ပါယ်တွေကိုတောင် နားလည်အောင်ပြန်ကြည့်သေးတယ်၊ အဲဒါပြီးတော့ အလုပ်ပြန်လုပ်တဲ့အခါ ဒီတစ်ခါတော့ ဆရာတော်ကြီး မစလိုက်ပြီ၊ အဆင်ပြေတော့မှာပဲ ဆိုတဲ့စိတ်နဲ့ ဘာမှစိုးရိမ်မနေတော့ဘူး ပုံအောပြီး လုပ်လိုက်တာပဲ ဘုရား၊ တစ်ခေါက်ဆိုတစ်ခေါက် အုံ့ဩလောက်အောင်ကို အမြတ်က ရလာတာပဲ၊ တပည့်တော်လဲ ဆရာတော်ကြီးစကားကို ပိုယုံကြည်သွားပြီး ဆရာတော်ကြီးဆုံးမတဲ့အတိုင်း ငါးပါးသီလကိုလဲ လုံအောင်ထိမ်းပါတယ်” လို့ ပြောပြပါတယ်။

သူ့စကားတွေထဲမှာ အဖြေပါပါတယ်၊ ဆရာတော်ကြီးရဲ့ ဥပနိဿယပစ္စည်းတွန်းအားကြောင့် စိတ်စေတနာတွေ၊ လုံ့လဝီရိယတွေက အဓိပတိပစ္စည်းမြောက်လောက်အောင် အင်အားကောင်းလာပြီးကြိုးစား ပြုလုပ်တယ်၊ ကိုယ်တိုင်လုပ်တဲ့ကံကြောင့် သူ့မှာ ကောင်းကျိုးရတာပါ၊ ကောင်း တဲ့ကံတွေမှာ ပထမဇောစေတနာက ယခုဘဝမှာ ခံစားရတဲ့အကျိုးကိုပေးပါတယ်။ သူ့စကားထဲမှာ အဓိက အကျဆုံးက “ငါးပါးသီလ လုံခြုံတယ်” ဆိုတဲ့အချက် ဖြစ်တယ် ဆိုတာလဲ အထူးသတိပြုရပါမယ်။

“ဣဗ္ဘတိ ဘိက္ခဝေ သီလဝတော မနောပဏိဓိ ဝိ သုဒ္ဓတ္တာ ။ သီလရှိသူဟာ သီလစင်ကြယ်တဲ့အတွက်ကြောင့် စိတ် အလို ဆန္ဒရှိတဲ့အတိုင်း ပြည့်စုံတယ်” လို့ ဘုရားရှင်က ဟောတော်မူထားတာရှိပါတယ်။

ခြုံပြီးပြောရမယ်ဆိုရင် -

အလောဘစတဲ့ ကောင်းတဲ့ရေသောက်မြစ်များဟာ အဓိပတိလေးပါးဆိုတဲ့ အစွယ်တပ်ပေးလိုက်ရင် ပိုပြီးထက်မြက်တဲ့ အတွက် ပြုလုပ်တဲ့ကံတွေ အားကောင်းတယ်၊ အားကောင်းတဲ့ ကံတွေရဲ့ ပထမဇောစေတနာဟာ ယခုဘဝမှာပဲခံစားရမယ့် ကောင်း

http://www.dhammadownload.com

ကျိုးတွေကို အံ့သြ လောက်အောင် ပေးနိုင်စွမ်းရှိတယ်။

ကောင်းတဲ့အဓိပတိအစွယ်တွေ တကယ်ထက် မြက်သန်မာအောင် သီလတရားက ထောက်ပံ့ပေးတယ်၊ ဒါကြောင့် သီလမှာ တည်ပြီး အဓိပတိတရားနဲ့ယှဉ်တွဲတဲ့ စေတနာနဲ့ပြုတဲ့ကံတွေဟာ တန်ခိုးရှင်များ ဖန်ဆင်းလိုက်သလားထင်ရအောင် လက်ငင်း လက်တွေ့ အကျိုးပေးတယ်။ ဒါကြောင့်လဲ **အဓိပတိတရားတွေကို "ဣဒ္ဓိပါဒ = တန်ခိုးဣဒ္ဓိရဲ့အခြေခံများ"** လို့ ဘုရားရှင် ဟောတော်မူတာဖြစ်ပါတယ်။ ဒီလို အကြောင်းအကျိုး ဆက်စပ် ယုံကြည်လက်ခံမှသာ ကောင်းကျိုးဆိုးပြစ်တွေကို တန်ခိုးရှင် ဖန်ဆင်း ပေးတယ်လို့ ယုံကြည်မှုများတဲ့ ဣသရနိမ္မာနဟေတုဒိဋ္ဌိက လွတ်မြောက်ပြီး ကမ္မသကတ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံတဲ့အတွက် ဗုဒ္ဓဝါဒကို စနစ်တကျလက်ခံသူဖြစ်နိုင်ပါတယ်။

❑

http://www.dhammadownload.com

အနန္တရပစ္စည်း

'ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေတူစွာ၊ ခုနှစ်ဖြာတွင်၊ သမာန ဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အနန္တရပစ္စည်းတရား'

အနန္တရပစ္စည်းဆိုတာ အဘိဓမ္မာထဲမှာ အဘိဓမ္မာအဆန်ဆုံး ပစ္စည်းပါ။ ဒီအနန္တရပစ္စည်းနဲ့ပတ်သက်ပြီး အခြေခံသိထား သင့်တဲ့ အချက်တွေ၊ အခြံအရံအနေနဲ့ သိထားသင့်တဲ့အချက်တွေ တော့ တော်တော်လေးရှိပါတယ်။ အဲဒီထဲကမှ မဖြစ်မနေသိထားသင့်တဲ့ အကြောင်းအရာအချို့ကတော့ -

နိယာမတရား ငါးပါး

(၁) ဘယ်ရာသီမှာ ဘာပန်းတွေပွင့်တယ်ဆိုတဲ့ ဥတုနိယာမ၊

(၂) ဒီမျိုးစေ့က ဒီအပင်ပေါက်၊ ဒီအသီးသီးတယ်ဆိုတဲ့ ဗီဇနိယာမ၊

(၃) ကံအားလျှော်စွာ အကျိုးပေးတဲ့ ကမ္မနိယာမ၊

(၄) ဘုရားအလောင်းတော်တို့ ပဋိသန္ဓေနေတဲ့အခါ၊ ဖွားမြင်တဲ့အခါ စသည်တို့မှာ အလောင်းတော်ဖြည့်ဆည်းခဲ့တဲ့ ပါရမီဓမ္မ

http://www.dhammadownload.com

တွေက အစွမ်းသတ္တိထူးခြား ကြီးမားလှတဲ့အတွက် မြေလှုပ်ခြင်းစတဲ့ ဖြစ်ရပ်တွေ၊ သဗ္ဗညုတဉာဏ်တော်ကို ရရှိချိန် စသည်တို့မှာ တစ်လောကလုံးသိသာမြင်သာလောက်အောင် တစ်ခဏက် အလင်းရောင်ဖြစ်ခြင်း၊ ကုန်းပန်း ရေပန်းအားလုံးတို့ ဥတုနိယာမကို ဆန့်ကျင်ပြီး တစ်ပြိုင်နက်ပွင့်ခြင်းစတဲ့ ဓမ္မနိယာမနဲ့

(၅) စိတ်တို့ရဲ့ 'ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇)ကြိမ်၊ တဒါရုံနှစ်ကြိမ်' စသည် ရှေ့နောက်အစဉ်အတိုင်းသာ ဖြစ်ကြရတဲ့ စိတ္တနိယာမဆိုတဲ့ နိယာမတရားငါးမျိုးတို့ပါပဲ။

အဲဒီအထဲမှာ အခုပြောမယ့် အနန္တရပစ္စည်းဆိုတာ စိတ္တနိယာမအစဉ်အတိုင်း ရှေးရှေးစိတ်က နောက်နောက်စိတ် ဖြစ်ပေါ်ရေးအတွက် ချုပ်ပျောက်ဖယ်ရှားပေးခြင်းဖြင့် ကျေးဇူး ပြုတတ်တဲ့ ပစ္စည်းဖြစ်ပါတယ်။

'စိတ္တနိယာမ' ဆိုတဲ့ စိတ်တို့ရဲ့ဖြစ်စဉ်ဟာ အခြေခံအားဖြင့် အပြင်မှာရှိတဲ့ အဆင်း,အသံ,အနံ့,အရသာ,အတွေ့,အထိ ဆိုတဲ့ အာရုံငါးခုတို့နဲ့ မျက်စေ့,နား,နှာ,လျှာ,ကိုယ်ဆိုတဲ့ အကြည်ဓာတ်ငါးခု(မြီရာဝတ္ထုငါးမျိုးလို့လဲခေါ်တယ်၊ အာရုံတို့ရဲ့ ဝင်ရာတံခါး ပေါက်သဖွယ်ဖြစ်လို့ ဒွါရငါးခုလို့လည်း ခေါ်ပါတယ်)တို့ တိုက်ဆုံမှုကို အကြောင်းပြုပြီးဖြစ်တဲ့ ပဋ္ဌဒ္ဓါရစိတ်ဖြစ်စဉ် (ပဋ္ဌဒ္ဓါရဝီထိစိတ္တနိယာမ)နဲ့ တွေးတောကြံစည်စိတ်ကူးတဲ့ စိတ်ဖြစ်စဉ် (မနောဒ္ဓါရဝီထိ စိတ္တနိယာမ) ဆိုပြီးနှစ်မျိုးနှစ်စားရှိပါတယ်။

သတ္တဝါတစ်ယောက်ဟာ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, လျက်(စား)သိစိတ်၊ တွေ့ထိစိတ်နဲ့ တွေးကြံသိစိတ် ဆိုတဲ့ ပကတိနိုးကြားချိန်မှာဖြစ်တဲ့စိတ်တွေကို ဝီထိစိတ်လို့ခေါ်ပြီး၊ ဝီထိစိတ်တွေမဖြစ်ပေါ်တဲ့ အိပ်ပျော်ချိန်၊ တွေဝေမိန်းမောချိန်စသည်

http://www.dhammadownload.com

တို့မှာ ဘာရယ်လို့မယ်မယ်ရရ ပီပီပြင်ပြင် သိတာမဟုတ်ပေမယ့် ဘဝတစ်ခုမှာ ပဋ္ဌိသန္ဓေစပြီးတည်နေစဉ်က အာရုံပြုခဲ့တဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်မျိုးမျိုးကို အာရုံပြုပြီးဖြစ်ရတဲ့ သိစိတ် နာမ်တရားတစ်ခုခု ဖြစ်နေရပါတယ်။ ပကတိ မြင်,ကြား,နံ,လျက်, ထိ,တွေး သိစိတ်တို့လို ပီပီပြင်ပြင် မဟုတ်တဲ့အတွက် ဘာကို အာရုံပြုပြီး ဘယ်လိုသိနေတယ်ရယ်လို့တော့ ပြောလို့မလွယ်ပါဘူး။

ဒီလိုဖြစ်နေရတဲ့စိတ်ကို ဘဝရဲ့လိုအပ်တဲ့ အဂ်ါရပ်တစ်ခုအနေနဲ့ ဖြစ်နေရတဲ့စိတ်ဖြစ်လို့ ဘဝ+အဂ်ါ စိတ် (ဝါ) ဘဝင်စိတ်လို့ ခေါ်ပါတယ်။

ဟုတ်ပါတယ်။ သက်ရှိဘဝတစ်ခုလို့ ပြောနိုင်ဖို့အတွက် သိမှုဆိုတဲ့နာမ်တရားက မရှိမဖြစ်လိုအပ်တဲ့တရားပါ။ (နိရောဓ သမာပတ်ဝင်စားတဲ့ အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့ကလွဲလို့) သိမှု နာမ်တရားလုံးဝချုပ်ပြတ်သွားပြီဆိုရင် ဒီသတ္တဝါကို သက်ရှိလို့ မဆိုနိုင် တော့ပါဘူး၊ ဒါကြောင့် သက်ရှိသတ္တဝါအဖြစ် ဆက်လက် တည်တံ့နေဖို့အတွက် ပကတိသိစိတ်များ မဖြစ်တဲ့အချိန်မှာ 'ဘဝင်စိတ်'ဆိုတဲ့ စိတ်တစ်မျိုးဖြစ်ပေါ်ပေးရပါတယ်။

အဲဒီလို ဘဝင်စိတ်ဖြစ်ပေါ်နေရာက အာရုံတစ်ခုခုနဲ့ တွေ့ပြီဆိုရင် ဥပမာ 'အဆင်း'အာရုံပဲဆိုကြပါစို့၊ အဲဒီအခါမှာ ဘာရယ်လို့ မယ်မယ်ရရမဟုတ်ဘဲ စိတ်မည်ကာမတ္တအနေနဲ့ဖြစ်နေရတဲ့ ဘဝင်စိတ်အစဉ်ဟာ အရှိန်မသတ်နိုင်ဘဲ တစ်ကြိမ်လောက်အနည်းဆုံးဖြစ်ပါတယ်(အတီတဘဝင်)ပြီးတော့မှ ဘဝင်အစဉ် လှုပ်ရှားမှု(ဘဝဂ်စလန) ဖြစ်တယ်၊ နောက်ဘဝင် အစဉ်ပြတ်တဲ့ (ဘဝဂ်ုပစ္ဆေဒ) ဖြစ်တယ်၊ ပြီးတော့ ထိခိုက်လာတဲ့ အာရုံကိုဆင်ခြင်တဲ့ ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ် ဖြစ်တယ်၊ ပြီးတော့ အစဉ်အတိုင်း အဆင်းအာရုံ ကိုမြင်သိတဲ့ စက္ခုဝိညာဏ်၊ အာရုံကိုလက်ခံတဲ့ သမ္ပဋိစ္ဆိန်းစိတ်၊ အာရုံကို

http://www.dhammadownload.com

စုံစမ်းတဲ့ သန္ဓိရဏစိတ်၊ အာရုံကိုဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ်တို့ ဖြစ်ကြတယ်။ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းကစပြီး ဖြစ်သမျှစိတ်တွေဟာ သိစိတ်ဖြစ်စဉ်တွေဖြစ်လို့ ဝီထိစိတ်လို့ခေါ်ပါတယ်။ ဝုဋ္ဌောစိတ်အထိ ဖြစ်သမျှစိတ်တွေဟာ 'ဥပါဒ်- ဋ္ဌိ-ဘင်'ဆိုတဲ့ ခဏငယ် သုံးချက် ပြည့်ရင် ချုပ်ပျောက်သွားရပါတယ်။

ဝုဋ္ဌောစိတ်က အာရုံကို (အကောင်းအဆိုးစသည် သူကြိုက်သလို) ဆုံးဖြတ်ပြီးတဲ့အခါမှာ 'ဇော'လို့ခေါ်တဲ့ အာရုံရဲ့ ရသကို ခံစားတဲ့စိတ်က (၇)ကြိမ်ဖြစ်ပါတယ်။ ဒီဇောစိတ်ဟာ အာရုံရဲ့ အရသာကို အကောင်းအဆိုး ခွဲခြားခံစားသလို ကျေနပ်မှု၊ မကျေနပ်မှု အားလျှော်စွာ အမှားဖြစ်စေ၊ အမှန်ဖြစ်စေ တုံ့ပြန်တတ်တဲ့ သဘောလဲရှိတယ်၊ ဒီဇောစိတ်အခိုက်မှာ ပူးပေါင်းပါဝင် ကြတဲ့ စေတသိက်များအားလျှော်စွာ ကုသိုလ်,အကုသိုလ်စတဲ့ ကွဲပြားတဲ့အမည်များကို ရကြပါတယ်။ 'ဇော' စိတ်က အာရုံကို ကောင်းမွန်မှန်ကန်စွာခံစားရင် ကုသိုလ်စိတ်ဖြစ်တယ်၊ ဖောက်ဖောက်ပြန်ပြန်နဲ့ လောဘအလို ဒေါသအလိုလိုက်ပြီး ခံစားရင် အကုသိုလ်စိတ်ဖြစ်တယ်လို့ ဆိုတာပါ။

(ဇောစိတ်ဟာ အာရုံကို ကုသိုလ်စိတ်ဖြစ်အောင် ခံစားမလား၊ အကုသိုလ်စိတ်ဖြစ်အောင် ခံစားမလား ဆိုတာကတော့ ဇောရဲ့ ရှေ့ကဖြစ်တဲ့ 'ဝုဋ္ဌော'လို့ခေါ်တဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်ပါတယ်။ ပိဋ္ဌကတ်စာပေများမှာ တွေ့တွေ့နေတဲ့ 'ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရ' ဆိုတာ အဲဒီဝုဋ္ဌောစိတ်ကိုခေါ်တာပါ၊ ဒါနဲ့ပတ်သက်လို့တော့ မနသိကာရ သုံးမျိုး အကြောင်း နောက်မှဆက်ရှင်းပါမယ်) ဇော(၇)ကြိမ်နောက်မှာ၊ တဒါရုံဆိုတဲ့စိတ် နှစ်ကြိမ်ဖြစ်ပြီးရင် စိတ်ဖြစ်စဉ်(ဝီထိ)တစ်ခု ပြီးဆုံးပြီဖြစ်လို့ ဘဝင်စိတ်ပြန်ဖြစ်ပါတယ်။ အဲဒါကိုပဲ ဘဝင်ကျတယ် လို့ ပြောကြတာပါ။

http://www.dhammadownload.com

ဝီထိလို့ခေါ်တဲ့ စိတ်အစဉ်ဖြစ်ပုံနဲ့ပတ်သက်လို့ အဘိမွော အဌကထာ(အဌသာလိနီ)မှာ 'ကြံညှစ်သူများ၊ တံခါးစောင့်သူ၊ ပင့်ကူ,သရက်၊ ပုံမပျက်၊ မိန့်မြွက်အဌကထာ' ဆိုတဲ့အတိုင်း ဥပမာတွေအမျိုးမျိုးနဲ့ ပြထားပါတယ်၊ အဲဒီထဲက သရက်ဥပမာ ကတော့ -

သရက်ပင်အောက်မှာ လူတစ်ယောက် (၁)ခေါင်းမြီးခြုံပြီး အိပ်ပျော်နေတယ်၊ (၂) ဒီအချိန်မှာ သူ့ရဲ့အနီးအနားကို သရက်သီး တစ်လုံး ကြွေကျလာတယ်၊ (၃) သရက်သီးကြွေသံကြောင့် အိပ်ပျော် ရာက နိုးလာတယ်၊ (၄)ခေါင်းမြီးခြုံကို ဖွင့်ပြီး ကြည့်လိုက်တယ်၊ (၅) ပြီးတော့ သရက်သီးကိုလှမ်းယူတယ် (၆) သရက်သီးကို မှည့် မမှည့်သိရအောင် နှိပ်စမ်းကြည့် နမ်းကြည့်ပြီး စူးစမ်းတယ်၊ (၇) သရက်သီးကို မှည့်တယ်လို့သိပြီး ဆုံးဖြတ်လိုက်တယ်၊ (၈) နောက် တော့ ကျေကျေနပ်နပ် စားလိုက်တယ်၊ (၉) ပြီးတော့ မျိုချ လိုက်ပြီး နှုတ်ခမ်းကို အာသာမပြေသေးသလို လျှက်လိုက်တယ်၊ (၁၀) ပြီး တော့ ပြန်ပြီးအိပ် လိုက်တယ်တဲ့။

(၁) သတ္တဝါတို့ ဝီထိစိတ်မဖြစ်မီ ဘဝင်ကျနေခြင်း (ဘဝင် စိတ်ဖြစ်နေတာကို ဘဝင်ကျနေတယ်လို့ သုံးပါတယ်)ဟာ လူ တစ်ယောက် သရက်ပင်အောက်မှာ အိပ်ပျော်နေတာနဲ့တူပါတယ်။

(၂) ဝီထိစိတ်ဖြစ်ပေါ်လာနိုင်ဖို့အတွက် စက္ခုပသာဒမှာ ရူပါရုံလာပြီး တိုက်ဆုံထိခိုက်ခြင်းက အနီးအပါးမှာ သရက်သီး ကြွေကျပုံနဲ့တူတယ်။

(၃) ဘဝင်စိတ်အစဉ်ကိုဖြတ်ပြီး အာရုံကိုဆင်ခြင်တဲ့ ပဉ္စဒ္ဓါရာဝဇ္ဇန်းစိတ်ဖြစ်ခြင်းက သရက်သီးကြွေကျသံကြောင့် နိုးလာ တာနဲ့တူတယ်။

(၄) စက္ခုဝိညဏ်စိတ်ဖြစ်ပေါ်ပြီး ရူပါရုံကိုမြင်ရခြင်းက

http://www.dhammadownload.com

ခေါင်း မြီးခြုံကို ဖွင့်ပြီးကြည့်ခြင်းနဲ့တူတယ်။

(၅) သမ္ပဋိစ္ဆိုန်းစိတ်က အာရုံကို ခံယူသလိုဖြစ်ခြင်းဟာ သရက်သီးကို လှမ်းယူခြင်းနဲ့တူတယ်။

(၆) သန္တီရဏစိတ်က ဣဋ္ဌာရုံလား၊ အနိဋ္ဌာရုံလား သိအောင် စုံစမ်းသည့်ပမာဖြစ်ခြင်းက သရက်သီးကို မှည့် မမှည့် နှိပ်ကြည့် နမ်းကြည့်ပြီး စုံစမ်းပုံနဲ့တူတယ်။

(၇) ဝုဋ္ဌောစိတ်က ဣဋ္ဌာရုံပဲ၊ အနိဋ္ဌာရုံပဲလို့ ဆုံးဖြတ်လိုက်ခြင်းဟာ သရက်သီးမှည့်တယ်လို့သိပြီး ဆုံးဖြတ်ခြင်းနဲ့တူတယ်။

(၈) ဇောစိတ်ကအာရုံကိုခံစားတာဟာ သရက်သီးမှည့်ကို ကျေကျေနပ်နပ်စားနေခြင်းနဲ့တူတယ်။

(၉) တဒါရုံစိတ်က ဇောနောက်လိုက်ပြီး ဇောခံစားတဲ့ အာရုံကိုယူခြင်းက မျိုချလိုက်ပြီး နှုတ်ခမ်းကို လျှက်လိုက်ခြင်းနဲ့တူတယ်။

(၁၀) အဲဒီနောက် ဘဝင်စိတ်ကျမြဲ ပြန်ကျခြင်းက သရက်သီး မျိုပြီး အိပ်မြဲပြန်အိပ်တာနဲ့တူတယ်လို့ ဥပမာ ဥပမေယျယှဉ်တွဲပြီး မှန်းဆသိဖို့ပါ။

ဒီလိုစိတ်တွေ ရှေ့နောက်စဉ်ပြီး ဖြစ်ကြပျက်ကြတာတွေဟာ 'ဘယ်စိတ်ပြီး ဘယ်စိတ်ဖြစ်'လို့ နတ်လူဗြဟ္မာ တန်ခိုး ရှင်တစ်စုံတစ်ယောက်က စီမံပေးလို့မဟုတ်ဘဲ 'စိတ္တနိယာမ' သဘောအရ သူ့သဘောသူဆောင်၊ သူ့ကိစ္စသူဆောင်ရွက်ပြီး ဖြစ်နေတာပါ။ ဒီလိုဖြစ်နေတဲ့ စိတ်ဖြစ်စဉ်ကြီးမှာ ရှေးရှေးစိတ်တွေဖြစ်ပြီး ပျက်သွားခြင်းသည်ပင် နောက်နောင်စိတ်တွေ အဆက်မပြတ် အကြားမလပ်ဖြစ်ပေါ်ရေးအတွက် ကျေးဇူးပြုပေးခြင်းဖြစ်လို့ ရှေးရှေး ချုပ်ပျက် သွားတဲ့ စိတ်တွေက အနန္တရ ပစ္စည်းတရား၊ နောက်နောက်ဖြစ်ပေါ်တဲ့ စိတ်တွေက အနန္တရပစ္စယုပ္ပန်တရားလို့ ခေါ်တာပါ။

http://www.dhammadownload.com

ဒီပစ္စည်း ဒီပစ္စယုပ္ပန်တို့ကိုပဲ အကြားမလပ်ဖြစ်ပေါ် စေခြင်းဆိုတဲ့ အဓိပ္ပာယ်ကိုကြည့်ပြီး အနန္တရပစ္စည်း ပစ္စယုပ္ပန်လို့ခေါ်ဆိုသလို ကောင်းစွာအကြားမလပ်ဖြစ်ခြင်းဆိုတဲ့ အဓိပ္ပာယ်အရ သမနန္တရပစ္စည်း ပစ္စယုပ္ပန်လို့လည်း ခေါ်ပါတယ်။ ရှေးရှေး စိတ်ချုပ်ပျောက်သွားခြင်းသည် နောက်နောက်စိတ်တွေ ဖြစ်ပေါ်ရေးအတွက် 'မရှိ'တဲ့အနေနဲ့ (မရှိအောင် ချုပ်ပျောက်ပေးတဲ့ အနေနဲ့) ကျေးဇူးပြုပေးတာဖြစ်လို့ 'နတ္ထိ'ပစ္စည်းလည်းခေါ်တယ်၊ ပစ္စယုပ္ပန်ဖြစ်တဲ့ နောက်နောက်စိတ်ဖြစ်ပေါ်ချိန်မှာ ပစ္စည်း ဖြစ်တဲ့ ရှေ့ရှေ့စိတ်တွေက ချုပ်ပျောက်ကင်းကွာသွားခဲ့ပြီဖြစ်လို့ 'ဝိဂတ = ကင်းကွာ' ပစ္စည်းလို့လည်း ခေါ်ပါသေးတယ်။

ပဋ္ဌာန်းပစ္စည်းတရားတွေကို သေသေချာချာ နားလည်လာတဲ့အခါ အဘိဓမ္မာဒေသနာတော်နဲ့ပတ်သက်လို့ အနောက်တိုင်းပညာရှင်များရဲ့ မှတ်ချက်စကားကလည်း သူဟာနဲ့သူတော့ ဟုတ်ပေသားပဲလို့ သဘောကျစရာဖြစ်လာပါတယ်။

အနောက်တိုင်းပညာရှင်များက အဘိဓမ္မာဒေသနာတော်ကို (special Life)တဲ့၊ "စပါယ်ရှယ်လိုက်ဖ်"ဆိုတာ "အတ္ထုပ္ပတ္တိထူး"လို့ ဆိုလိုတဲ့သဘောပါ။ သုတ္တန်ဒေသနာတွေ၊ ဝိနည်းဒေသနာတွေမှာက ဆိုင်ရာဆိုင်ရာ သရုပ်ဆောင် ဇာတ်ကောင်တွေပါပေမယ့်၊ အဘိဓမ္မာဒေသနာတော်မှာ ပုဂ္ဂိုလ်သတ္တဝါ ဇာတ်ကောင်ရယ်လို့ မပါဘူး၊ အဘိဓမ္မာရဲ့ ဇာတ်လိုက် သရုပ်ဆောင်ဟာ အဘိဓမ္မာကို လေ့လာသူ၊ သင်ယူသူကိုယ်တိုင်ပဲဖြစ်တယ်၊ ဒါကြောင့် အဘိဓမ္မာဟာ သတ္တဝါ အားလုံးနဲ့ဆိုင်တဲ့ အကြောင်းအရာကြီးဖြစ်လို့ အတ္ထုပ္ပတ္တိထူးကြီးလို့ ဆိုရတာပါ။ သတ္တဝါတိုင်းရဲ့ အတ္ထုပ္ပတ္တိလို့ဆိုနိုင်သလို သတ္တဝါအားလုံးတို့ရဲ့ သတ္တလောကဝန်းကျင်ဆိုင်ရာ အကြောင်းအရာထူးကြီးလို့လည်းဆိုနိုင်ပါလိမ့်မယ်။

http://www.dhammadownload.com

အခု အနန္တရပစ္စည်းနဲ့ ဆက်စပ်ပြီး အလားတူပစ္စည်းများ ဖြစ်တဲ့ နတ္ထိပစ္စည်းတို့၊ ဝိဂတပစ္စည်းတို့ကိုလဲ အသေအချာစဉ်းစားကြည့်ပါ။

လူ့လောကထဲမှာတော့ ကျေးဇူးပြုတယ်၊ ကောင်းကျိုးဆိုးကျိုးဖြစ်တယ်ဆိုတာ ရှိမှသာဖြစ်စေနိုင်တယ်လို့သာ ယေဘုယျအားဖြင့် မှတ်ထင်တတ်ကြတယ်မဟုတ်လား၊ အတ္ထိပစ္စည်းတို့ နတ္ထိပစ္စည်းတို့ အကြောင်းကိုကြည့်လိုက်တဲ့အခါ တချို့က ရှိမှ ကောင်းကျိုး ဆိုးကျိုးကိုဖြစ်စေတာရှိသလို တချို့ကတော့ မရှိမှ ကောင်းကျိုးဆိုးကျိုးကိုဖြစ်စေတာလည်း ရှိသေးသကိုးလို့ သဘောပေါက်စရာပါ။ **တချို့ကရှိမှ အေးတယ်၊ တချို့ကျတော့ မရှိမှ အေးတယ်၊ တချို့က ရှိမှဖြစ်တယ်၊ တချို့ကျတော့ မရှိမှ ဖြစ်တယ် ဆိုတဲ့ လူ့လောကသရုပ်ကို ထင်ရှားစေတဲ့ သာဓကများပါပဲ။**

စိတ်ဆိုတာ တစ်ချိန်တည်းမှာနှစ်မျိုးမဖြစ်နိုင်သလို တစ်မျိုးချုပ်သွားပြီးရင်လည်း နောက်တစ်မျိုးက မဖြစ်ဘဲနေရိုး ထုံးစံမရှိပါဘူး။ ဒါဟာ စိတ္တနိယာမသဘောဖြစ်ပါတယ်။ ဒါကြောင့် ရှေးရှေးစိတ်ချုပ်ပျောက်ပေးခြင်းဟာ နောက်နောက်စိတ်တွေ မလွဲမသွေ ဖြစ်ပေါ်စေလောက်အောင်အားကြီးတဲ့ အကြောင်းတရား ဖြစ်တဲ့အတွက် 'ဥပနိဿယ- အားကြီးတဲ့ အကြောင်းတရား' ပစ္စည်းလို့လည်း ခေါ်ပါသေးတယ်။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတလို့ အမည်ငါးမျိုးရတဲ့ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ပါတယ်။

ဒီပစ္စည်းများနဲ့ပတ်သက်လို့ အဋ္ဌကထာမှာ ဆိုင်ရာအာရုံတွေ ဆိုင်ရာပသာဒ(အကြည်ဓာတ်)မှာ ထင်မြင်လာခြင်းနဲ့ ပတ်သက်လို့ အကြောင်းအပေါင်းတွေ အများကြီးစုပေါင်း ကျေးဇူးပြုကြပုံကိုလည်း ဖွင့်ပြလေ့ရှိပါတယ်။

http://www.dhammadownload.com

အဆင်းအာရုံကိုမြင်သိတဲ့ စက္ခုဝိညာဉ်ဖြစ်ဖို့အတွက် အလင်းရောင်၊ အသံအာရုံကိုကြားသိတဲ့ သောတဝိညာဉ်ဖြစ်ဖို့ အတွက် အာကာသ (ဟင်းလင်းကွက်လပ်)၊ အနံ့အာရုံကိုနံ့သိတဲ့ ဃာနဝိညာဉ်ဖြစ်ဖို့ (ဝါယော=လေ)၊ အရသာအာရုံကိုသိတဲ့ ဇိဝှါ ဝိညာဉ်ဖြစ်ဖို့(အာပေါ=အစိုဓာတ်)၊ အတွေ့အာရုံကိုထိတဲ့ ကာယ ဝိညာဉ်ဖြစ်ဖို့(ပထဝီ=အမာဓာတ်)တို့ရဲ့ အကူအညီကို ရရှိဖို့လိုအပ်ပြီး ဒီလိုအပ်မှုငါးမျိုးလုံးအတွက် နှလုံးသွင်းမှုဆိုတဲ့ မနသိကာရလည်း ရှိမှသာ ဆိုင်ရာအာရုံကိုသိတဲ့ သိစိတ်အစဉ် (ဝိထိ)များ ဖြစ်ပေါ်နိုင်ပါတယ်။

မျက်စိအကြည်ဓာတ်လည်းရှိပြီး အဆင်းအာရုံလည်း ရှိနေပေမယ့် အလင်းရောင်အကူအညီမရရင် အဆင်းကိုမြင်သိတဲ့ စိတ်မဖြစ်နိုင်ဘူး။

နားအကြည်ဓာတ်နဲ့ အသံအာရုံတိုက်ဆုံမိရာမှာလည်း ကြားမှာဟင်းလင်းပြင်ကွက်လပ်ဆိုတဲ့ အာကာသဓာတ်မရှိရင် မကြားနိုင်ပါဘူး။ တချို့ နားနည်းနည်းလေးသူများကို ကြားစေချင်လို့ နားနားကပ်ပြီးအော်ပြောလိုက်ရင် နားနဲ့အသံကြားမှာ အာကာသ ဆိုတဲ့ ဟင်းလင်းကွက်လပ်နည်းသွားတဲ့အတွက် နားသာအူသွားမယ်၊ အသံကိုတော့ ကွဲကွဲပြားပြား မကြားနိုင်ဘူးဆိုတာ နားလေးသူများနဲ့ ပြောဖူးသူတိုင်း သတိထားရင်သိနိုင်ပါတယ်။

နှာခေါင်းနဲ့အနံ့ တိုက်ဆိုင်မိရာမှာလည်း ဝါယောလေ ဓာတ်ရဲ့ အကူအညီကိုမရရင် အနံ့ကိုမသိနိုင်ဘူး။

လျှာပေါ်အရသာရှိတဲ့ စားစရာတစ်ခုခုလာထိပေမယ့် လျှာမှာဖြစ်စေ၊ စားစရာမှာဖြစ်စေ၊ အာပေါဓာတ်ခေါ်တဲ့ အစိုဓာတ်ခန်းခြောက်နေရင် အရသာကို မသိနိုင်ဘူး။

ကာယနဲ့ ဖောဋ္ဌဗ္ဗခေါ်တဲ့ တွေ့ထိစရာ အာရုံတစ်ခုခု ထိမှီရာ

http://www.dhammadownload.com

လည်း လိုအပ်တဲ့ ပထဝီအမာဓာတ်မရှိရင် အတွေ့အထိကို မသိနိုင်ဘူး။

ဖျက်စေ့၊ အဆင်း၊ အလင်း။

နား၊ အသံ၊ ဟင်းလင်းအာကာသ၊

နှာခေါင်း၊ အနံ့၊ ဝါယောလေဓာတ်၊

လျှာ၊ အစားအစာ၊ အစိုဓာတ်၊

ကိုယ်ကာယ၊ အတွေ့အာရုံ၊ ပထဝီဓာတ်ဆိုတဲ့ အခြေခံ အကြောင်းအပေါင်းသုံးခုစီ ပြည့်စုံပေမယ့်လည်း မနသိကာရ ခေါ်တဲ့ 'နှလုံးသွင်းမှု' မရှိရင်လည်း မသိနိုင်ပြန်ပါဘူး။ တချို့ပြောလေ့ရှိတဲ့ 'အမှတ်တမဲ့မို့ မသိလိုက်ဘူး' ဆိုတာ အဲဒီမနသိကာရ မရှိလို့ မသိဘူးလို့ဆိုလိုတာပါပဲ။

"မနသိကာရသုံးမျိုး"

အဘိဓမ္မာမှာ မနသိကာရခေါ်တဲ့ တရားက သုံးမျိုးရှိပါတယ်။

(၁) အာရမ္မဏ ပဋိပါဒကမနသိကာရ - အာရုံသိမှုကို ဖြစ်စေတဲ့ မနသိကာရ(နှလုံးသွင်းမှု)၊ အထက်မှာ ပြခဲ့တဲ့အတိုင်း အဆင်း, အသံစတဲ့ အာရုံတွေနဲ့ ဖျက်စီ,နားစတဲ့ ဒွါရတို့ တိုက်ဆုံမိတဲ့အခါ အာရုံသိမှုကိုဖြစ်ပေါ်အောင် နှလုံးသွင်းပေးတဲ့တရားကို ခေါ်တာပါ။ တရားကိုယ်အားဖြင့်တော့ စိတ်အားလုံးမှာ ယှဉ်တွဲဖြစ်ပေါ်နေတဲ့ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ခုထဲမှာ အပါအဝင်ဖြစ်တဲ့ မနသိကာရစေတသိက်ပါပဲ၊ ဒီအချိန်မှာ စိတ်အနေနဲ့တော့ ဘဝင်စိတ်ပါပဲ၊ ဒါပေမယ့် အမှတ်တမဲ့ ဘဝင်စိတ် မျိုးတော့ မဟုတ်တော့ဘူး၊ အာရုံထင်လာတာကို အသိအမှတ်ပြုဖို့ ပြင်ဆင်တဲ့အနေနဲ့ လှုပ်သွားတဲ့ဘဝင် (ဘဝင်စလန) စိတ် ဖြစ်ပါတယ်။

http://www.dhammadownload.com

(၂) ဝိထိပဋ္ဌိပါဒကမနသိကာရ - ဝိထိစိတ်ကိုဖြစ်စေတဲ့ မနသိကာရ(နှလုံးသွင်းမှု)၊ ဆိုင်ရာဒွါရနဲ့ အာရုံတို့ တိုက်ဆိုင်မိလို့ ရိုးရိုး မနသိကာရတရားက နှလုံးသွင်းမိတဲ့အခါ ဘဝင်စိတ်အစဉ်ဟာ လှုပ်တဲ့ဘဝင်စိတ်ဖြစ်ပြီး နောက်ဘဝင်စိတ် အစဉ်ပြတ်သွား တယ်၊ အဲဒီအခါမှာ ထင်လာတဲ့အဆင်း၊ အသံစတဲ့အပြင် အာရုံကို ဆင်ခြင်တဲ့ ပဉ္စဒ္ဒါရာဝဇ္ဇန်း စိတ်ဆိုတာ ဖြစ်ပါတယ်။ အဲဒီ ပဉ္စဒ္ဒါရာဝဇ္ဇန်း စိတ်သည်ပင် နောက်မှာ ပဥ္စဝိညာဏ်စတဲ့ ဝိထိစိတ်အစဉ်တွေဖြစ်ပေါ် အောင် နှလုံးသွင်းပေးတဲ့သဘောဖြစ်လို့ ဝိထိပဋ္ဌိပါဒက မနသိကာရလို့ခေါ်ပါတယ်။

(၃) ဇဝနပဋ္ဌိပါဒကမနသိကာရ - ဇောစိတ်တွေကိုဖြစ်စေတဲ့ မနသိကာရ(နှလုံးသွင်းမှု)၊ အပြင်မှာရှိတဲ့ အဆင်း,အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့ အာရုံငါးပါးတို့နဲ့ ခန္ဓာကိုယ်မှာရှိတဲ့ မျက်စေ့, နား,နှာ,လျှာ,ကိုယ်ဆိုတဲ့ ဒွါရငါးခုတို့ တိုက်ဆုံမှုကို အကြောင်းပြုပြီး ဖြစ်ပေါ်တဲ့ စိတ်ဖြစ်စဉ်ငါးခု(မြင်သိစိတ်ဖြစ်စဉ်၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိစိတ်ဖြစ်စဉ်)တို့ကို ပဉ္စဒ္ဒါရဝီထိလို့ ခေါ်ပါတယ်။ အဲဒီစိတ်ဖြစ်စဉ်ငါးမျိုးမှာ ဆင်ခြင်တဲ့ ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်၊ အဆင်းစတဲ့ အာရုံကိုသိတဲ့ စက္ခုဝိညာဏ်စိတ်စသည် တစ်မျိုးမျိုးဖြစ်ပြီးတော့ လက်ခံတဲ့ သမ္ပဋိစ္ဆိန်းစိတ်၊ စုံစမ်းတဲ့ သန္တီရဏစိတ်တို့ အစဉ်အတိုင်း ဖြစ်ချုပ်သွားပြီးတဲ့အခါ ဝုဋ္ဌောစိတ်လို့ခေါ်တဲ့ မနောဒွါရာဝဇ္ဇန်း စိတ်ဖြစ်ပါတယ်၊ ဒီစိတ်ကိုပဲ အာရုံကိုဆုံးဖြတ်တဲ့ အလုပ်ကိုလုပ်ဆောင်တတ်လို့ 'ဝုဋ္ဌော' စိတ်လို့ခေါ်ရပြီး အာရုံတွေကို ပြန်လည်တွေးတောစဉ်းစားတဲ့ မနေဒွါရဝီထိစိတ် အစဉ်မှာတော့ မနောရဲ့ အာရုံ ဖြစ်တဲ့ အတွေး အာရုံကို ဆင်ခြင်ပေးတဲ့စိတ်ဖြစ်လို့ မနောဒွါရာဝဇ္ဇန်း စိတ်လို့ခေါ်ပါတယ်။

စိတ်ဖြစ်စဉ် နိယာမအရ ပဉ္စဒ္ဒါရဝီထိမှာ ဝုဋ္ဌောစိတ်ပြီးရင်

http://www.dhammadownload.com

ဇော(၇)ကြိမ်ဖြစ်တယ်၊ မနောဒွါရာဝီထိမှာတော့ မနောဒွါရာ ဝဇ္ဇန်းစိတ်ပြီးရင် ဇောစိတ်(များသောအားဖြင့်) (၇) ကြိမ်ဖြစ်ပါတယ်။

ဒါကြောင့် ဇောစိတ်တို့ရဲ့ ရှေ့မှာဖြစ်တဲ့ ဝုဋ္ဌောနဲ့ မနောဒွါရာ ဝဇ္ဇန်းစိတ်တို့ကို ဇဝနပဋ္ဌိပါဒကမနသိကာရ (ဇောကို ဖြစ်ပေါ်အောင် နှလုံးသွင်းတဲ့စိတ်)လို့ ခေါ်ပါတယ်၊ တရားကိုယ်ကတော့ မနောဒွါရာ ဝဇ္ဇန်းစိတ်ပါပဲ။

ပိဋကတ်တော်မှာ အသုံးများတဲ့ 'ယောနိသော မနသိကာရ ။ သင့်တင့်မျှတတဲ့ နှလုံးသွင်းမှု'၊ 'အယောနိသော မနသိကာရ။ မသင့်မလျှော်တဲ့ နှလုံးသွင်းမှု'ဆိုတာ ဒီဇဝနပဋ္ဌိပါဒကမနသိကာရ စိတ်ဖြစ်တဲ့မနောဒွါရာဝဇ္ဇန်းစိတ်ကိုခေါ်တာပါ။

တိုတိုချုပ်ကတော့ အဘိဓမ္မာမှာ မနသိကာရစေတသိက်လို့ အများသိထားတဲ့ စေတသိက်က အာရမ္မဏာပဋ္ဌိပါဒက မနသိကာရ ဖြစ်ပါတယ်။ ပဉ္စဒ္ဒါရဝဇ္ဇန်းစိတ်ကို ဝီထိပဋ္ဌိပါဒက မနသိကာရ ခေါ်ပါတယ်။ မနောဒွါရာဝဇ္ဇန်းစိတ်ကို ဇဝနပဋ္ဌိပါဒက မနသိကာရ လို့ခေါ်ပါတယ်။ အမှတ်(၁)က စေတသိက်တရား၊ (၂) (၃) တို့က စိတ် ဝိညာဏ်တရားတို့ကိုခေါ်တာပါ။

စိတ်ဖြစ်စဉ်(ဝီထိ)တစ်ခုတစ်ခုမှာ ကုသိုလ်၊ အကုသိုလ် ဆိုတာ ဇောစိတ်တွေကိုခေါ်တာပါ။ ဇောစိတ်မှာ ယှဉ်တွဲဖြစ်ပေါ်တဲ့ စေတသိက်တွေက အကုသိုလ်ဖြစ်တဲ့ လောဘ၊ ဒေါသစတဲ့ စေတသိက်တွေဖြစ်ခဲ့ရင် အဲဒီဇောစိတ်ကို အကုသိုလ်စိတ်လို့ခေါ်ပြီး သဒ္ဓါ,သတိ,ပညာစတဲ့ ကုသိုလ်စေတသိက်တွေ ယှည်တွဲဖြစ်ပေါ်ခဲ့ရင် ကုသိုလ်စိတ်လို့ခေါ်ပါတယ်။

ဇောစိတ်မှာ အကုသိုလ်စေတသိက်တွေ ယှဉ်တွဲဖြစ်ပေါ်မှု၊ ကုသိုလ်စေတသိက်တွေ ယှဉ်တွဲဖြစ်ပေါ်မှုကတော့ ဝုဋ္ဌော၊ မနော ဒွါရာဝဇ္ဇန်းစိတ်တို့က နှလုံးသွင်းရာမှာ မသင့်မတင့် နှလုံးသွင်းရင်

http://www.dhammadownload.com

အကုသိုလ်စေတသိက်တွေယှဉ်တွဲပြီး အကုသိုလ်စိတ် ဖြစ်ပါတယ်။ သင့်တင့်မျှတအောင်နှလုံးသွင်းခဲ့ရင် ကုသိုလ်စေတသိက်တွေ ယှဉ်တွဲ ဖြစ်ပေါ်ပြီး ကုသိုလ်စိတ်ဖြစ်ပါတယ်။

ဒါကြောင့် အကုသိုလ်ဖြစ်ခြင်းရဲ့ အနီးကပ် အကြောင်းတရားက အယောနိသော မနသိကာရဖြစ်ပြီး၊ ကုသိုလ်ဖြစ်ခြင်းရဲ့ အနီးကပ်အကြောင်းတရားက ယောနိသောမနသိကာရဖြစ်တယ်လို့ အဋ္ဌကထာဋီကာတို့မှာဆိုတာပါ။ ဒီစိတ်ချုပ်သွားပြီး အနန္တရ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုပေးလိုက်တဲ့အတွက် နောက်က ကုသိုလ်, အကုသိုလ်အမည်ရတဲ့ ဇောစိတ်တွေ ဖြစ်ပေါ်ရတာကိုး။

အနန္တရပစ္စည်းဆိုတာ စိတ္တနိယာမအရ နောက်နောက်စိတ်တွေ ဖြစ်ပေါ်ဖို့ ရှေးရှေးစိတ်တွေကဖြစ်ပြီး ချုပ်ငြိမ်းပေးရတယ်။ အဲဒီလို ရှေးရှေးစိတ်တွေ ချုပ်ငြိမ်းပေးခြင်းသည်ပင် မိမိရဲ့ အခြားမဲ့မှာ နောက်နောက်စိတ်တွေ ဖြစ်ပေါ်ခွင့်ရအောင် ကျေးဇူးပြုပေးသလိုဖြစ်လို့ အနန္တရ(အကြားမရှိအောင် ကျေးဇူးပြုပေးတဲ့ပစ္စည်းလို့ခေါ်ရတာပါ။ ဒီအနန္တရပစ္စည်းဟာ ရှေးစိတ် နောက်စိတ် အစဉ်မပြတ် ဖြစ်ချုပ် ဖြစ်ချုပ်နဲ့ အကြောင်းအကျိုး(ပစ္စည်း-ပစ္စယုပ္ပန်) ဆက်စပ်ဖြစ်ပေါ်နေပုံကိုပြတဲ့ ပစ္စည်းဖြစ်လို့ အဘိဓမ္မာအဆန်ဆုံး(အစစ်ဆုံး) ပစ္စည်းဖြစ်သလို ပြောရ သင်ရတဲ့နေရာမှာလည်း လေးနက်ပါတယ်။

အသေးဆုံးအဟိတ်တိရစ္ဆာန်ကလေးကစပြီး အမြင့်မြတ်ဆုံး ဘုရားရှင်တို့အထိ သက်ရှိသတ္တဝါအားလုံးတို့ရဲ့ စိတ်ဖြစ်စဉ်ကို ဖော်ပြတဲ့ ပစ္စည်းဖြစ်လို့ ပြောစရာသိစရာတွေလည်း အလွန်ကျယ်ဝန်းပါတယ်။

ဒီအနန္တရပစ္စည်းနဲ့ ပတ်သက်ပြီး နောက်ထပ်သိသင့်တာ တစ်မျိုးကတော့ -

http://www.dhammadownload.com

'အနန္တရ - အကြားအလပ်မရှိ' ဆိုတာနဲ့ ပတ်သက်လို့ပါပဲ။

'အနန္တရ - အကြားမရှိ 'ဆိုတဲ့နေရာမှာ ဓမ္မအနန္တရ - ဓမ္မဖြစ်စဉ်အကြားမရှိတာ၊ ကာလအနန္တရ - အချိန်ကာလကြား မရှိတာ၊ ဘဝအနန္တရ - ဘုံဘဝဖြစ်မှု အကြားမရှိတာစတဲ့ အနန္တရ တွေ အမျိုးမျိုးရှိပါတယ်။

ဒီအထဲမှာ ဓမ္မအနန္တရ - ဓမ္မဖြစ်စဉ်ရ အကြားမရှိဆိုတဲ့ နေရာမှာလည်း - ရူပဓမ္မအနန္တရ - ရုပ်ဓမ္မဖြစ်စဉ် အကြား မရှိတာနဲ့ အရူပ(၀ါ)နာမဓမ္မအနန္တရ - နာမ်တရားဖြစ်စဉ်တို့ အကြား မရှိတာရယ်လို့ နှစ်မျိုးကွဲပြားပါတယ်။ အဲဒီ အနန္တရတွေ အမျိုးမျိုး ထဲက အခု ပဋ္ဌာန်းပစ္စည်းမှာပြထားတဲ့ အနန္တရဆိုတာ အရူပဓမ္ম အနန္တရ (ဝါ)နာမဓမ္မအနန္တရ- နာမ်တရားတို့ အကြားမရှိ ဖြစ်ပေါ် စေရန် ကျေးဇူးပြုပေးတာကို အနန္တရပစ္စည်းလို့ဆိုရတာပါ။

ဒီအဓိပ္ပာယ်ကို အလေးအနက်သဘောပေါက်မှ အနန္တရ ပစ္စည်းကိုသဘောကျမှာပါ။ ဒီလို နာမဓမ္မအနန္တရကိုသာ အနန္တရ ပစ္စည်းလို့ခေါ်ဆိုတာဖြစ်တယ်လို့ သဘောကျပြီဆိုမှသာ နိရောဓ သမာပတ်မှထတဲ့ ပုဂ္ဂိုလ်နဲ့၊ အသညသတ်ဘုံကနေ ပြန်ဖြစ်လာတဲ့ ပုဂ္ဂိုလ်တို့သဏ္ဌာန်မှာ အနန္တရသတ္တိဖြစ်ပုံကို သဘောပေါက်နိုင်ပါ တယ်၊ နိရောဓသမာပတ်ဝင်စားတဲ့ အနာဂါမ်နဲ့ ရဟန္တာပုဂ္ဂိုလ်တွေ ဟာ နိရောဓသမာပတ်ဝင်စားတော့မယ်ဆိုတဲ့အခါ ရူပါဝစရ ပထမ ဈာန်ကစပြီး ဈာန်တွေကို အစဉ်အတိုင်း ဖြစ်ရပါတယ်။ နောက်ဆုံး နေဝသညာနာသညာယတနဈာန်စိတ်ဆိုတဲ့ အရူပ ဈာန်စိတ် ဖြစ်ပြီး ချုပ်တာနဲ့ တစ်ပြိုင်နက်၊ နောက်ထပ် ဘာစိတ်မှ မဖြစ်တော့ဘဲ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်ဆိုတဲ့ ရုပ်သုံးမျိုး (ရူပကွန္ဓာ တစ်ခု) သာရှိတဲ့ ရုပ်သက်သက် ခန္ဓာအစဉ် ကြီးအဖြစ်နဲ့ (၇) ရက်လုံးလုံး အသက်ရှင် နေရတာပေါ့။

http://www.dhammadownload.com

အဓိဌာန်သတ်မှတ်ထားတဲ့ရက် အချိန်စေ့တဲ့အခါ နိရောဓ သမာပတ်မှထတဲ့အနေနဲ့ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိ ဖိုလ်စိတ်၊ ရဟန္တာပုဂ္ဂိုလ်မှာ အရတ္တဖိုလ်စိတ်ဖြစ်တယ်။ နိရောဓ သမာပတ် မဝင်စားမီ နောက်ဆုံးဖြစ်ခဲ့တဲ့ နေဝသညာနာသညာယတန ဈာန်စိတ်နဲ့ နိရောဓသမာပတ်ထတဲ့အခါဖြစ်တဲ့ အနာဂါမိဖိုလ်၊ အရတ္တဖိုလ်စိတ်တို့ရဲ့ကြားမှာ အချိန်အားဖြင့် (၇)ရက် လောက်အထိ ကာလခြားပြီး၊ တရားအနေနဲ့ ရုပ်သုံးမျိုး အစဉ်တွေဖြစ်နေပေမယ့် နာမ်တရားကတော့ တစ်ခုမျှမဖြစ်ခဲ့ပါဘူး၊ ဒါကြောင့် နိရောဓသမာပတ် မဝင်စားမီက ဖြစ်ခဲ့တဲ့စိတ်က နိရောဓသမာပတ်မှ ထတဲ့အချိန်မှာ ဖြစ်တဲ့စိတ်ကို အနန္တရ (အကြား အလပ်မရှိ) ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ပဲဆိုရပါတယ်။ (ကာလခြားခြင်း ရုပ်တရားခြားခြင်းဟာ အနန္တရပစ္စည်းနဲ့ မဆိုင်ဘူးလို့ဆိုလိုတာပါ။)

အလားတူပဲ ကာမာဝစရ(အထူးသဖြင့်တော့ လူ့ဘုံ)မှာ သမထဘာဝနာကို ပွားများတဲ့အခါ နာမ်တရားများကိုတော့ ဒုက္ခလို့မှတ်ထင်ပြီး ရုပ်တရားသက်သက်ရှိနေရင် ချမ်းသာမယ်ဆိုတဲ့ မှားယွင်းတဲ့နှလုံးသွင်းနဲ့ ရူပါဝစရပဋ္ဌမဈာန်အထိ ပွားများပြီး သေလွန်တဲ့အခါ အသည်တ်လို့ ခေါ်တဲ့နာမ်တရားမရှိတဲ့ ရုပ်ခန္ဓာချည်း သက်သက်ရှိတဲ့ဘုံမှာ မဟာကပ်ငါးရာတိတိ သွားဖြစ် နေရတယ်။ နာမ်တရားလည်းမရှိ၊ ပုပ်လည်း မပုပ်ဘဲ ဒီအတိုင်း ရုပ်ခန္ဓာ ချည်းသက်သက်ဖြစ်နေတာဆိုတော့ နာတာရှည်အတိတ် မေ့ရောဂါခံစားပြီး ဝင့်ခံနေရတဲ့ သဘောမျိုးနဲ့ ဖြစ်နေရတာပါပဲ) မဟာကပ် ငါးရာပြည့်တဲ့အခါမှာတော့ ကာမသုဂတိဘုံမှာပြန်ပြီး ပဋိသန္ဓေနေရတယ်။ အဲဒီအခါမှာ ကာမာဝစရ ပဋိသန္ဓေစိတ်တစ်ခုခုဖြစ်တော့တာပေါ့။

ကြားမှာ မဟာကပ်ပေါင်းငါးရာတိတိ အချိန်ကာလကြီးရယ်၊ ကမ္မဇရုပ် ဥတုဇရုပ်ဓမ္မတွေရယ်၊ ခြားနေပေမယ့် ဘာနာမ် တရားမှ

http://www.dhammadownload.com

မဖြစ်တဲ့အတွက် အသည်သတ်ဘုံမရောက်မှီ ကာမဘုံက နောက်ဆုံး စုတိစိတ်ဟာ အသည်သတ်ဘုံက အချိန်စေ့လို့ ကာမဘုံပြန်လာပြီး ပဋိသန္ဓေနေချိန်မှာဖြစ်တဲ့ ပဋိသန္ဓေစိတ်ကို အနန္တရပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ နာမဓမ္မအနေနဲ့ အနန္တရပဲ ဖြစ်လို့ အနန္တရ ပစ္စည်း တပ်တယ်လို့ပဲ ဆိုရပါတယ်။ အနန္တရပစ္စည်းရဲ့သဘောက အဲဒီ လောက်အထိကျယ်ဝန်းပါတယ်။

ပရမတ္တတရားတွေ ရှေ့နောက်စဉ်ဆက်မပြတ် အကြောင်းနဲ့ အကျိုးဆက်စပ်ဖြစ်နေပုံကိုပြတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာမှာ "ဧကတ္တ" စတဲ့နည်းလေးပါးနဲ့ ပိုင်းခြားဝေဖန်ပြီးသိရသလို၊ အနန္တပစ္စည်းဟာလဲ ပရမတ္တဖြစ်တဲ့ စိတ်စေတသိက်တရားတွေ အကြောင်းအကျိုး ဆက် စပ်ပြီး စဉ်ဆက်မပြတ်ဖြစ်ပေါ်နေပုံကို ပြတဲ့နည်းဖြစ်လို့ "ဧကတ္တ" စတဲ့ နည်းလေးပါးနဲ့ ခွဲခြားနားလည်ရင် အထင်အမြင် အယူအဆ လွဲမှားမှု (မိစ္ဆာဒိဋ္ဌိ) အမျိုးမျိုးတို့ကို လွန်မြောက်နိုင်တဲ့အတွက် ပိုပြီး အကျိုးကြီးမားပါလိမ့်မယ်။

အဲဒီနည်းလေးနည်းကတော့ -ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းတို့ ဖြစ်ပါတယ်။

(၁) သက်ရှိသတ္တဝါတစ်ဦးဟာ နောက်ဆုံး အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ပရိနိဗ္ဗာန်မပြုနိုင်သေးသမျှ (အသည် သတ်ဘုံမှာဖြစ်ခိုက်နဲ့ နိရောဓ သမာပတ်ဝင်စားချိန် ကလွဲရင်) နာမ် တရားတွေဟာ ဖြစ်ပျက်-ဖြစ်ပျက်နဲ့ အစဉ်မပြတ် အကြားအလပ်မရှိ ဖြစ်နေခြင်းကို 'ဧကတ္တနည်း' လို့ ခေါ်ပါတယ်။ (တစ်ဆက်တည်း တစ်တန်းတည်းလို စဉ်ဆက်မပြတ်တလစပ် ဖြစ်နေတယ်လို့ သဘော ပေါက်ရတဲ့နည်းပါ)

ဒီနည်းကို မှန်မှန်ကန်ကန်သဘောပေါက်ရင် သေပြီးပြတ် သွားတာပဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ 'သေရင် မြေကြီး ရှင်ရင်ရွှေထီး' ဆိုတဲ့ တဏှာက်ကန်း အယူဝါဒ ပျောက်ပါတယ်။

http://www.dhammadownload.com

ဒီနည်းကို ကျကျနနသဘောမပေါက်ပြန်ရင်လဲ တစ်ဆက်တည်း တစ်စပ်တည်းဖြစ်နေတာဟာ ဖောက်ပြန်ပြောင်းလဲခြင်းမရှိတဲ့ အတ္တကောင်ကလေးသည်ပင် အစဉ်တစိုက် မပြတ်ဆက်ပြီးဖြစ်နေတယ်လို့ အထင်မှားအယူမှားတဲ့ သဿတဒိဋ္ဌိ ဖြစ်သွားတတ်ပြန်ပါတယ်။ အကြောင်းအကျိုး စပ်ဖြစ်ပေါ်နေခြင်းသာ ဖြစ်တယ်လို့ သဘာဝကျကျသိဖို့လိုပါတယ်။

(၂) ရှေ့စိတ်နောက်စိတ်တို့ စဉ်ဆက်မပြတ် ဖြစ်နေပေမယ့် သဘောလက္ခဏာချင်း ဆောင်ရွက်တဲ့ကိစ္စခြင်း၊ ဖြစ်ခြင်း ပျက်ခြင်းတို့က သီးခြားစီသာ ဖြစ်နေခြင်းကို 'နာနတ္တနည်း' လို့ခေါ်ပါတယ်။

ဒီနည်းကို ဟုတ်တိုင်းမှန်စွာ သဘာဝကျကျ သဘောပေါက်လက်ခံနိုင်ရင် 'ဒီအတ္တကလေးသည်ပင် (သို့မဟုတ်) ဒီရုပ်ဒီ နာမ်သည်ပင် အခိုင်အမြဲပြောင်းလဲဖောက်ပြန်ခြင်းမရှိဘဲ တစ်ဆက်တည်း တစ်တန်းတည်း ဖြစ်နေတယ်လို့ ထင်မြင်မှားတဲ့ သဿတဒိဋ္ဌိကို စွန့်နိုင်ပါတယ်။

'နာနတ္တ = သီးခြားစီ' လို့ဆိုပေမယ့် အကြောင်းအကျိုးအနေနဲ့တော့ စဉ်ဆက်မပြတ် ကျေးဇူးပြုဖြစ်ပေါ်နေတယ်ဆိုတဲ့သဘောကို ကျကျနနသဘောမပေါက်ပြန်ရင် 'ဖြစ်ပြီး ပျက်သွားပြီးဆိုရင် ပြတ်သွားပြီးပေါ့' ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဘက် ပြန်ကပ်သွား တတ်ပါတယ်။ (အကြောင်းအကျိုးအနေနဲ့တော့ အဆက်မပြတ် ဖြစ်နေတယ်ဆိုတဲ့ အခြေခံအသိကို ကျေကျေနပ်နပ်ကြီး သဘောပေါက်ထားဖို့လိုပါတယ်)

(၃) အကြောင်းနဲ့အကျိုးအနေနဲ့ ဆက်စပ်ဖြစ်ပေါ်နေတယ်ဆိုပေမယ့်၊ အကြောင်းတရား (ရှေ့စိတ်) ကလဲ 'ငါဟာအကျိုး တရား (နောက်စိတ်)ကို ဖြစ်အောင်လုပ်ပေးမယ်၊ ဖြစ်စေသင့်တယ်' ဆိုတဲ့ ပယောဂဗျာပါရ လုံးဝမရှိခြင်းကို 'အဗျာပါရနည်း' လို့ခေါ်ပါတယ်။

http://www.dhammadownload.com

ဒီနည်းကို အမှန်အတိုင်းသဘောပေါက်ရင်၊ အရာရာတိုင်းမှာ ပျံ့နှံ့တည်နေပြီး အရာရာတိုင်းဟာ အတ္တရဲ့အလိုအတိုင်းသာဖြစ်နေရတယ် ဆိုတဲ့ အတ္တဒိဋ္ဌိနဲ့ တန်ခိုးရှင်(သို့မဟုတ်)တန်ခိုးရှိတဲ့ အရာအတစ်ခုခုက ဖန်ဆင်းတဲ့အတိုင်း ဖြစ်နေရတယ်လို့ အထင်မှားအယူမှားတဲ့ ဣသရနိမ္မာနဒိဋ္ဌိကို ပယ်စွန့်ပါတယ်။

ဒီနေရာမှာလဲ ဗျာပါရမရှိပေမယ့် အကြောင်းအကျိုး အနေနဲ့တော့ ကျေးဇူးပြုပေးနေတယ်ဆိုတာကို သဘာဝကျကျ သဘောမပေါက်ခဲ့ရင် 'ဒီလိုကြောင့်ကြဗျာပါရမရှိဘူးဆိုရင် အကြောင်း တရားတွေ၊ ကုသိုလ်၊ အကုသိုလ်တွေကို ပြုကြပေမယ့် ပြုတယ်လို့ မဆိုနိုင်တော့ဘူး၊ ပြုတယ်မမည်တော့ဘူး' ဆိုတဲ့ အကိရိယဒိဋ္ဌိ အစွန်းဘက်ပြေးပြီး ငြိတတ်ပြန်ပါတယ်။

(၄) ရှေ့စိတ်ချုပ်ပြီး နောက်စိတ် ဖြစ်ရခြင်း၊ သိစိတ်ဖြစ်စဉ်တွေမှာ ဆင်ခြင်တဲ့ ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်ဖြစ်ပြီးမှသာ အာရုံကိုသိတဲ့ ပဉ္စဝိညာဉ်စိတ်ဖြစ်ခြင်း၊ အကြောင်းကြောင့်သာ အကျိုးဖြစ်ခြင်းစတာတွေဟာ စိတ္တနိယာမအရ ဖြစ်ရိုးဖြစ်စဉ်ဓမ္မတာ အတိုင်းသာ ဖြစ်နေခြင်းဖြစ်လို့ 'ဇဝံဓမ္မတာနည်း' လို့ခေါ်ပါတယ်။

ဒီနည်းကို သဘောပေါက်တဲ့အတွက် အကြောင်းမဲ့ သူဖြစ်ချင်သလိုဖြစ်နေတယ်လို့ ထင်မြင်ယူဆတဲ့ အဟေတုကဒိဋ္ဌိ အမှားနဲ့၊ အကြောင်းတရားတွေကိုပြုနေလဲ အလကားပါပဲ၊ ဘာအကျိုးမှ မရှိပါဘူးလို့ အထင်မှားတဲ့ အကိရိယဒိဋ္ဌိအမှားတို့ကို ပယ်စွန့်နိုင်ပါတယ်။

ဒီဖြစ်စဉ်ဓမ္မတာနည်းကို သဘောမပေါက်ခဲ့ရင် 'သဘာဝဖြစ်စဉ်တွေဟာ ဘာအကြောင်းမှမရှိဘဲ သူဖြစ်ချင်သလို ပရမ်းပတာဖြစ်နေတာပါ' ဆိုတဲ့ အဟေတုကဒိဋ္ဌိ၊ လောကကြီးဟာဖြတ်လို့မပြတ်၊ ဖျက်လို့မပျက်နိုင်ဘဲ ချည်ကြိုးနဲ့သီကုံးထားတဲ့ အခိုင်အမာ ပတ္တမြားလုံးပမာ အမြဲတည်နေတယ်၊ ဒီလိုအမြဲတည်နေခြင်းဟာလဲ ဘယ်သူ

http://www.dhammadownload.com

(ဘယ်အကြောင်းတရား)ကမှ စီမံထားတာမဟုတ်ဘဲ သူ့အလိုလို အမြဲတည်နေတယ်လို့ယူဆကြတဲ့ နိယတဝါဒအမျိုးနဲ့ ကပ်ငြိတတ်ပါတယ်။

ဆိုခဲ့ပြီးတဲ့နည်းလေးမျိုးကို သဘောကျလက်ခံနိုင်ရင် မဂ်တား ဖိုလ်တား မိစ္ဆာအယူမှားများက ကင်းလွတ်ရပါတယ်။

'သဂြိုဟ်မှာ ဝီထိ၊ ယမိုက်မှာ သခ်ါရ၊ ပဋ္ဌာန်းမှာ အနန္တရပစ္စည်းတို့ကို သဘောကျမှ အဘိဓမ္မာကိုပိုင်နိုင်မယ်' လို့ ရှေးဆရာမြတ်များက မိန့်ကြားပါတယ်။ အနန္တရပစ္စည်းကို နားလည်မှလဲ သခ်ါရဖြစ်တဲ့နာမ်တရားတို့ရဲ့ အနိစ္စ,ဒုက္ခ,အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို အမှန်အတိုင်းသိမြင်တဲ့ ဝိပဿနာ ကုသိုလ်ဖြစ်ပေါ်ရင့်ကျက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရရောက်သိမြင်နိုင်တာဖြစ်လို့ အနန္တရပစ္စည်းဟာ မဂ်ဖိုလ်နိဗ္ဗာန် ရရောက်ရေးမှာ မသိမဖြစ် ပစ္စည်းတရားဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

သဘောပေါက်နားလည်နိုင်ကြပါစေ။

http://www.dhammadownload.com

သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်း (၁)

-ဒီပစ္စည်းသုံးခုဟာ အချင်းချင်း ဆက်စပ်မှုပိုရှိလို့ ရှေးဆရာတော်ကြီးများကလဲ ပစ္စည်းသုံးခုကို အတွဲလိုက်အဓိပ္ပါယ်ဆက်စပ်ဟောပြောလေ့ရှိကြပါတယ်။

သဟဇာတပစ္စည်း ဆိုတာက - ဆီးမီးတောက်ကြောင့် အလင်းရောင်ဖြစ်ပေါ်ရာမှာအကြောင်းဖြစ်တဲ့ဆီးမီးတောက်နဲ့ အကျိုးဖြစ်တဲ့ 'အလင်းရောင်'တို့ဟာ အတူတကွ တစ်ပြိုင်နက် ဖြစ်ကြသလို အကြောင်းတရားနဲ့ အကျိုးတရားတို့ တစ်ပြိုင်နက် အတူတကွ ဖြစ်ခြင်းဖြင့် ကျေးဇူးပြုပေးတတ်တဲ့ သဘောဖြစ်ပါတယ်။

အညမညပစ္စည်းကတော့ သစ်သားသုံးချောင်းကို ဆုံပြီး ထောင်လိုက်ရာမှာ အားလုံးတစ်စုတစ်ပေါင်းတည်း ရပ်တည်နေနိုင်ဖို့ အတွက်အချင်းချင်းကျေးဇူးပြုသလို အကြောင်းပစ္စည်းနဲ့ အကျိုးပစ္စယုပ္ပန်တို့ အချင်းချင်းအပြန်အလှန်ဖြစ်ပြီး ကျေးဇူးပြုတဲ့သဘောပါ။

နိဿယပစ္စည်းဆိုတာ မှီရာအဖြစ်နဲ့ ကျေးဇူးပြုတာပါ။ အတူတကွလည်းဖြစ် မှီရာလည်းဖြစ်အနေနဲ့ ကျေးဇူးပြုတဲ့ သဟဇာတ

http://www.dhammadownload.com

နိဿယရယ်၊ ရှေးကကြိုတင်ဖြစ်နှင့်ပြီး မှီရာအဖြစ်နဲ့ ကျေးဇူးပြုတဲ့ ပုရေဇာတနိဿယရယ်ဆိုပြီး နှစ်မျိုးရှိပါတယ်။အဌကထာမှာတော့ သဟဇာတနိဿယကို သစ်ပင်ပေါက်ရာမြေကြီးက သစ်ပင်ကိုကျေးဇူးပြုသလိုလို့ ဥပမာပေးပြီး ပုရေဇာတ နိဿယကိုတော့ ပန်းချီဆေးရေးတဲ့ နောက်ခံကားချပ်သဖွယ် ကျေးဇူးပြုတဲ့ သဘောလို့ ဥပမာပေးပါတယ်။

စဉ်းစားကြည့်ရင်တော့ တကွလည်းဖြစ်၊ မှီရာလည်းဖြစ်တဲ့ သဟဇာတနိဿယဆိုတာ ဘာနဲ့တူသလဲဆိုရင် ပင်လယ်ကို ဖြတ်ကူးကြတဲ့ ခရီးသည်တွေ ပင်လယ်ထဲမျောနေရာက သေက် မရောက်သက်မပျောက်ဆိုသလို ကျွန်းတစ်ကျွန်းပေါ် ရောက်သွားကြတဲ့ လေးငါးခြောက် ယောက်လောက်ပဲရှိတဲ့ ဖိုးကံကောင်းခရီးသည်များနဲ့ ပိုတူပါလိမ့်မယ်။ ကျွန်းပေါ်ကိုတစ်ပြိုင်နက် ရောက်သွား ကြလို့ 'သဟဇာတ'လည်းဖြစ် သေဖော်ရှင်ဖက်တွေဖြစ်လို့ အချင်းချင်း အားထားမှီခိုရာနိဿယလည်းဖြစ်ပါတယ်။ အဲဒီလို ကျေးဇူးပြုပေးတဲ့ သဘောကို သဟဇာတ နိဿယလို့ခေါ်တာပါ။

ဒီပစ္စည်းများကို အကြောင်းပြုပြီးပြောဆိုဆုံးမတဲ့ ဆရာတော်ကြီးနှစ်ပါးရဲ့ ဩဝါဒကို နာခံမှတ်သားရဖူးပါတယ်။ တစ်ပါးက အမရပူရမြို့၊ တူမောင်းကျောင်းတိုက် နာယကဆရာတော်ကြီး ဖြစ်တဲ့ တောင်မြို့ညဝါအကျော် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ နန္ဒိယ ဖြစ်ပါတယ်။

ဆရာတော်ကြီးက ဥပုသ်ပြုပြီးလို့ သံယာကိုဩဝါဒ ပေးတဲ့ အခါ ညဝါအကျော်ဆရာတော်ပီပီ ပဌာန်းဒေသနာတော်များကို ထုတ်နှုတ်ကိုးကားပြီး ဆုံးမလေ့ရှိပါတယ်။ များသောအားဖြင့် ဝါဆိုဦး လို ဥပုသ်နေ့များမှာဆိုရင် -

'အရှင်ဘုရားတို့ . . . အခုဆိုရင် ကျောင်းတိုက်တစ်တိုက်

http://www.dhammadownload.com

တည်းမှာ အတူတကွနေထိုင်ပြီး ပရိယတ္တိတာဝန်ကို ထမ်းဆောင်ကြဖို့ ရောက်လာကြတာဖြစ်တယ်။ ဘယ်သူမဆို သဟဇာတ= အတူတကွ နေထိုင်ကြပြီဆိုတဲ့အခါ 'အညမည= အချင်းချင်းတွေ' ဆိုတဲ့ စိတ်ဓာတ်မွေးပြီး တစ်ဦးနဲ့တစ်ဦး သည်းခံကြရမယ်။ မေတ္တာတရား လက်ကိုင်ထားကြရမယ်။ ဒါမှသာ အရေးဟယ် အကြောင်းဟယ် ဆိုရင် နေမကောင်း၊ ထိုင်မသာ ကိစ္စမျိုးလို ကြုံလာ ခဲ့ကြရင် 'နိဿယ' ဆိုတဲ့ အားထားမှီခိုရာတွေဖြစ်ကြပြီး အစစ အဆင်ပြေသွားမယ်။ 'သဟဇာတ' ဖြစ်နေကြပါလျှက်နဲ့ "အညမည" ဆိုတဲ့ စိတ်ဓာတ် မထားရင် အရေးအကြောင်းကြုံလာတဲ့အခါ "နိဿယ" ပစ္စည်း မဖြစ်တော့ဘဲ အားကိုး ရာမဲ့တွေ ဖြစ်သွားမယ်" လို့ အစခံပြီး ဆုံးမလေ့ရှိပါတယ်။

ဆရာတော်ကြီးက ပစ္စည်းတို့ရဲ့ သဒ္ဒါနက်လို့ခေါ်တဲ့ တိုက်ရိုက်နက်ကိုပဲ အဓိပ္ပါယ်ယူပြီး ဆုံးမသွားတာပါ။

*

နောက်တစ်ပါးကတော့ အဘိဓမ္မဟာရဋ္ဌဂုရု မန္တလေးမြို့၊ မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသ ဖြစ်ပါတယ်။

ဆရာတော်ကြီးကတော့ "အရှင်ဘုရားတို့ . . . လူအများနဲ့ ဆက်ဆံနေထိုင်ကြတဲ့အခါများ အညမညပစ္စည်းလို မကျင့်သုံးကြပါနဲ့၊ သဟဇာတပစ္စည်းလို ကျင့်သုံးကြပါ။ ဒါမှသာ အချင်းချင်း နိဿယ ပစ္စည်းနဲ့ ကျေးဇူးပြုနိုင်ကြမယ်"လို့ ဆုံးမလေ့ရှိပါသတဲ့။

ဆရာတော်ကြီးကတော့ ပစ္စည်းတရားတို့ရဲ့ သဒ္ဒါနက်ကို မယူဘဲ ကျေးဇူးပြုပုံကိုဖော်ပြတဲ့ အဓိပ္ပါယ်အနက်နဲ့ သိမြင်ခံစားရတဲ့ ဘာဝနက်တို့ကို ယူပြီးပြောတာဖြစ်လို့ ပစ္စည်းတို့ရဲ့ကျေးဇူးပြုပုံကို နည်းနည်းသဘောပေါက်မှသာ ဆရာတော်ကြီးရဲ့ ဆိုလိုချက်ကို ရိပ်စားမိမှာပါ။

http://www.dhammadownload.com

"အညမညပစ္စည်းလို မကျင့်သုံးကြပါနဲ့" ဆိုတာကတော့ အညမညပစ္စည်းက အထက်မှာပြောကြားခဲ့တဲ့ ဥပမာအတိုင်းပဲ သစ်သားသုံးချောင်း(သို့မဟုတ်)သုံးချောင်းထောက်ခုံစသည်တို့မှာ အချင်းချင်း အပြန်အလှန်အမှီသဟဲ ကျေးဇူးပြုသလို (တစ်ချောင်းဟာကျန်တဲ့ နှစ်ချောင်းကြောင့် နှစ်ချောင်းကလဲ ကျန်တဲ့တစ်ချောင်း ကြောင့်ပြိုလဲ မသွားဘဲ ရပ်တည်နေသလိုလို့ ဆိုလိုတယ်) အဲဒီလို ကျေးဇူးပြုတဲ့ ပစ္စည်းကို "အညမည" ပစ္စည်းလို့ခေါ်တာပါ။

သေသေချာချာ စဉ်းစားကြည့်လိုက်ရင် ဒီပစ္စည်းရဲ့ ကျေးဇူးပြုပုံက အရပ်ထဲမှာပြောပြောနေကြတဲ့ "အပေးအယူ" ဆိုတဲ့သဘော၊ သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိမယ်ဆိုတဲ့ သဘောမျိုးဆန်နေပါတယ်။ သူက ကိုယ့်ကိုကျေးဇူးပြုလို့ ကိုယ်ကလည်း သူ့ကိုပြန်ပြီး ကျေးဇူးပြုတဲ့ သဘောပါ။

လောကရေးရာ ယဉ်ကျေးမှုသဘောအရ ပြောရမယ်ဆိုရင်တော့ "ကတညုတ၊ ကတဝေဒီ" ဆိုတဲ့အတိုင်း သူပြုဖူးတဲ့ကျေးဇူးကို ပြန်လည်ပြီး သိမြင်ပေးဆပ်တဲ့ သဘောမျိုးဆောင်တဲ့အတွက် မဆိုးလှဘူးလို့ထင်ရပေမယ့် တစ်ဖက်ကကြည့်ရင်တော့ "သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" ဆိုတဲ့ သဘောမျိုးသက်ရောက်နေပါတယ်။ "သင်မကောင်းရင်တော့ ကျွန်ုပ်ကလည်းဆိုး ရမှာပဲ" ဆိုတဲ့ လက်တုံ့ပြန် သဘောမျိုးလည်း နည်းနည်းသက်ရောက်ပါတယ်။

"အပေးအယူ" ဆိုတဲ့ သဘောမျိုးဖြစ်နေတဲ့အတွက် လောကအပေါ်မှာ ကြွေးဆပ်နေတဲ့သဘောမျိုးသာရှိပြီး လောကကိုတာဝန်ယူဦးဆောင်နေတဲ့ သဘောမျိုးမဟုတ်ပါဘူး၊ ဒီသဘောမျိုးနဲ့ပေးတယ်၊ ယူတယ်ဆိုတာဟာ မင်္ဂလာတရားတော်မှာတော့ "ပုတ္တဒါရဿသင်္ဂဟော၊ ဥာတကာနဥ္စ သင်္ဂဟော" ဆိုပြီး "သင်္ဂဟ" တရားလို့ သုံးပါတယ်၊ ဒီမင်္ဂလာတရားတွေရဲ့ အဓိပ္ပါယ်ကိုအတိကျဆုံး မြန်မာလိုဖော်ပြတဲ့ မင်္ဂလာကဗျာကလေးတွေကို ရွတ်ကြည့်ပါ။

http://www.dhammadownload.com

"ကြွေးသစ်ချကာ၊ သားနှင့်မယားကို၊ မြှောက်စား ချီးမြှင့် ဝတ်ကုန်စေ"၊ "ဆွေးမျိုးတွေကို၊ ပြင်ပမထားနဲ့၊ သင်္ဂဟ တရားနဲ့ ချီးမြှောက်လေ" တဲ့။ အဓိပ္ပါယ်ကို ဖြေးဖြေးလေး စဉ်းစား ကြည့်ပါ။ ဒီမင်္ဂလာနှစ်မျိုးကို သင်္ဂဟမင်္ဂလာလို့ ခေါ်ပါတယ်။

'ကြွေးသစ်ချကာ'ဆိုတဲ့ စကားကလဲ ဟို .. သာလိကေ ဒါရဇာတ်ကို အခြေခံပြီး ဖြစ်ပေါ်လာတာဆိုတော့ အဲဒီဇာတ်မှာ ဇာတ်လိုက် ဖြစ်တဲ့ ကျေးသားရဲ့စကားကို ပြန်ပြီးနှလုံးသွင်းရပါမယ်။

ကျေးသားက လယ်ထဲကစပါးနှံတွေ သူ့ဝမ်းဝအောင်စားပြီး တဲ့အပြင် နှုတ်သီးနဲ့ချီသယ်လို့ နိုင်သလောက် သယ်သွားတာကို ကြည့်ပြီး လယ်ရှင်ပုဏ္ဏားက ဒီကျေးသားကို ပိုက်ကွန်နဲ့အဓိဖမ်းပြီး စုံစမ်းတဲ့အခါ ကျေးသားကပြောပြတာ 'ကျွန်ုပ်ကိုလုပ်ကျွေးခဲ့ဖူးတဲ့ မိအို ဖအိုတို့ကိုလည်း ကြွေးဟောင်းဆပ်ရပါတယ်၊ ကျွန်ုပ်အိုမင်းမစွမ်း ဖြစ်လာတဲ့အခါ သားသမီးတွေက ကျေးဇူးနဲ့ပြန်လည် ပေးဆပ်စေဖို့ အတွက် သားသမီးတို့ကိုလည်း ကြွေးသစ်ချထားရပါတယ်' ဆိုပြီး ရှင်းပြပါတယ်။ တိုတိုချုပ်ကတော့ ကိုယ့်ဘဝလုံခြုံရေးအတွက် ရင်းနှီး မြှုပ်နှံတဲ့ သဘော၊ ကိုယ်ကျိုးကို ရှေ့ရှုတဲ့သဘော၊ အပေးအယူ ဆိုတဲ့ သဘောနဲ့ ပေးတာပါပဲ၊ အဲဒါကို 'သင်္ဂဟ'လို့သာခေါ်တယ်၊ ဒါန အဆင့် မရောက်ဘူး။

ဒါကိုကြည့်ပြီး 'အညမည'ပစ္စည်းဆိုတာလည်း အချင်းချင်း သူကကိုယ့်ကို ကျေးဇူးပြုလို့ ကိုယ်ကလဲသူ့ကို ကျေးဇူးပြုတဲ့ သဘော ဖြစ်တယ်၊ အမြင်ကျဉ်းတဲ့ သဘောလိုဖြစ်နေတယ်၊ သူတစ်ပါး အကျိုးထက် ကိုယ်ကျိုးကိုအဓိကထားတဲ့ သဘောဆောင်တယ်။ အများနဲ့ နေတဲ့အခါ အဲဒီလို ကိုယ်ကျိုးအဓိကထားပြီး တွက်ချေ ကိုက်မှ လုပ်မယ်ဆိုတဲ့ စိတ်မျိုးမထားကြပါနဲ့လို့ ဆရာတော်ကြီးက ဆိုလိုတာပါ။

http://www.dhammadownload.com

'သဟဇာတပစ္စည်းလို ကျင့်သုံးကြပါ' ဆိုတာကတော့ -

သဟဇာတပစ္စည်းရဲ့ ကျေးဇူးပြုပုံက ဥပမာ - ကုသိုလ်စိတ်ကလေး တစ်မျိုးဖြစ်လိုက်တယ်ဆိုရင်၊ စိတ်ကသာတစ်ခုတည်းရယ်၊ အဲဒီစိတ်မှာ စေတသိက်က လောကီကုသိုလ်မှာ(၃၄)လောက်အထိ ယှဉ်တွဲပါဝင်နိုင်တယ်၊ လောကုတ္တရာကုသိုလ်မှာတော့ (၃၆)အထိ ရှိပါတယ်။ အုပ်စု(ခန္ဓာ)အရ ပြောရမယ်ဆိုရင် 'စိတ်'ဆိုတဲ့ 'ဝိညာဏက္ခန္ဓာရယ်၊ စေတသိက်တွေထဲမှာ ဝေဒနာစေတသိက်က 'ဝေဒနက္ခန္ဓာ'၊ သညာစေတသိက်က 'သညက္ခန္ဓာ'၊ ကြွင်းတဲ့စေတသိက် တွေက 'သင်္ခါရက္ခန္ဓာ' ဆိုပြီး ပေါင်းလိုက်ရင် စိတ်ကခန္ဓာတစ်ခု၊ စေတသိက်က ခန္ဓာသုံးခု အားလုံးခန္ဓာလေးခုရှိတယ်။ နာမက္ခန္ဓာ လေးပါးလို့ ခေါ်တာပေါ့။ အဲဒီနာမက္ခန္ဓာလေးပါးတို့ တစ်ပြိုင်နက် ဖြစ်လိုက်တာနဲ့ တပြိုင်နက် အဲဒီနာမ်ကြောင့်ဖြစ်တဲ့ 'စိတ္တဇရူပ်'တွေ လည်း တစ်ပြိုင်နက်ပဲ ဖြစ်ပါတယ်။

တကယ်တော့ စိတ္တဇရူပ်တွေဆိုတာ လူ့ရဲ့အတွင်း စိတ်ဓာတ်ကို ဖော်ပြနေတဲ့ 'နှလုံးသား စကားပြန်များ'လို့တောင် ဆိုနိုင်ပါတယ်။ (နှလုံးသား စကားပြန်လို့ သုံးလိုက်တာဟာ တမင်သက်သက် ဝေါဟာရထွင်လိုက်တာမဟုတ်ပါဘူး၊ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေဟာ နှလုံးသားကို တည်မှီဖြစ်ကြလို့ပါ) ဟုတ်ပါတယ်၊ လူတစ်ယောက်မှာ စိတ်ကောင်းလေးဖြစ်လိုက်တာနဲ့ မျက်နှာကိုက ကြည်လင်ပြီး အလွန်ကျက်သရေရှိလာတာကို တွေ့ရပါလိမ့်မယ်။ အဲဒါဟာ သူ့ရဲ့ နှလုံးအိမ်မှာ မှီပြီးဖြစ်တဲ့ စိတ်ဓာတ်တွေကလည်း ကောင်းမွန်ကြည်လင် တဲ့အတွက် အဲဒီစိတ်တွေကြောင့်ဖြစ်တဲ့ စိတ္တဇရူပ် တွေကလည်း ကောင်းမွန်ကြည်လင်တဲ့ရူပ်တွေ ဖြစ်လာတာပါ။ ဒီစိတ္တဇရူပ်ဟာ နှလုံးသွေးနဲ့အတူ တစ်ကိုယ်လုံးပျံ့နှံ့သွားတာဖြစ်လို့ အဲဒီအချိန်မှာ တစ်ကိုယ်လုံးရူပ်တွေ ကြည်လင်အေးမြနေပါတယ်။ မျက်နှာ

http://www.dhammadownload.com

ကတော့ အသိသာ အထင်ရှားဆုံးနေရာပါပဲ။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူပြီးဖျားနေတဲ့ ဒကာကြီးတစ်ယောက် ဘာဆေးမှလည်း သောက်စရာမရှိလို့ တရားကို အာရုံပြုပြီး နှလုံးသွင်းနေတာ မကြာခင် ကိုယ်အပူရှိန်ကျသွားတယ်လို့ ပြောပြဖူးပါတယ်။ အဲဒါလည်း စိတ္တဇ ရုပ်တွေရဲ့စွမ်းအားပါပဲ။

မကောင်းတဲ့ အကုသိုလ်စိတ်တွေကြောင့်လည်းပဲ စိတ္တဇ ရုပ်တွေ ဖြစ်ကြတာပါပဲ။ အဲဒီအခါမှာတော့ ရုပ်ကိုဖြစ်စေတဲ့ စိတ်ဓာတ်တွေက ဓာတ်ဆိုး၊ ဓာတ်ပူ၊ ဓာတ်မဲတွေဖြစ်လို့ သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေကလည်း ရုပ်ဆိုး၊ ရုပ်ပူ၊ ရုပ်မဲတွေပဲ ဖြစ်ပါတယ်။ ဒီရုပ်တွေပျံ့နှံ့ရာ တစ်ကိုယ်လုံးလည်း ဒီရုပ်တွေပဲ ထင်ရှားပါတယ်။ အပေါ်လွင်ဆုံးဖြစ်တဲ့ မျက်နှာကတော့ ပိုပြီးသိသာတာပေါ့။ ဒေါသကြောင့် မျက်နှာကြီးနီမြန်းနေတာ။ လောဘရဲ့ အလိုကျမဖြစ်လို့ မျက်နှာကြီးစူကောက်ပုပ်သိုး အရုပ်ဆိုးနေတာတွေဟာ အတွင်းမှာရှိတဲ့ စိတ်ဓာတ်ကို တိုက်ရိုက်ဖော်ပြနေတာပါပဲ။ ဒါကြောင့် စိတ္တဇရုပ်များဟာ နှလုံးသားရဲ့ စကားပြန်များဖြစ်တယ်လို့ ဆိုလိုက်တာပါ။

အဲဒီလို အတူတကွဖြစ်ခိုက်စိတ်ရဲ့ ခဏလေးတစ်ခု အခိုက်မှာပဲ နာမ်ခန္ဓာလေးပါးတို့ရယ်၊ အဲဒီနာမ်ကြောင့်ဖြစ်တဲ့ ရုပ်ကလေးရယ် အတူတကွဖြစ်ပေါ်လာရာမှာ နာမ်ခန္ဓာလေးပါးတို့ဟာ တစ်ပါးက သုံးပါးကို၊ သုံးပါးက တစ်ပါးကို၊ နှစ်ပါးက နှစ်ပါးကို အချင်းချင်းလည်း ကျေးဇူးပြုပေးတယ်၊ သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေကိုလည်း ကျေးဇူးပြုပေးပါတယ်၊ တစ်နည်းပြောရရင် နာမ်ခန္ဓာလေးပါးတို့ဟာ အချင်းချင်းကိုလည်း ကျေးဇူးပြုပေးတယ်၊ အချင်းချင်းမဟုတ်တဲ့ စိတ္တဇရုပ်တွေကိုလည်း ကျေးဇူးပြုပေးပါတယ်။ အပေးအယူသဘော မျိုးသာ မဟုတ်ဘဲ ဆက်စပ်သမျှကို ဇာတ်တူဇာတ်ပြားမခွဲခြားဘဲ ကျေးဇူးပြုပေးတဲ့သဘောပါ။

http://www.dhammadownload.com

ဒါကြောင့် မစိုးရိမ်ဆရာတော်ကြီးပြောလိုရင်းက အတူတူနေကြသူတွေအချင်းချင်း သူ့အရပ်သား၊ ကိုယ့်အရပ်သား၊ သူ့ကျောင်း၊ ကိုယ့်ကျောင်း၊ သူ့အပိုင်း၊ ကိုယ့်အပိုင်းဆိုတဲ့ ခွဲခြားစိတ်လည်း မထားကြဘဲ၊ အပြန်အလှန်အပေးအယူဆိုတဲ့ ကျဉ်းမြောင်းတဲ့ စိတ်လဲ မထားကြဘဲ စွမ်းနိုင်သမျှ ကူညီရိုင်းပင်းကြဖို့အတွက် သဟဇာတ ပစ္စည်းလို ကျင့်သုံးကြပါလို့ပြောတာပါ။

'ဒါမှသာ အချင်းချင်း နိဿယပစ္စည်းနဲ့ ကျေးဇူးပြုနိုင်ကြမယ်' ဆိုတာကတော့ နိဿယပစ္စည်းရဲ့ သဘောက 'မှီခိုရာ အားကိုးရာ' အဖြစ်ဖြင့် ကျေးဇူးပြုပေးတဲ့သဘောပါ။ ကိုယ်ရေးကိုယ်တာ ကျန်းမာရေးစတဲ့ ကိစ္စပဲပေါ်ပေါ်၊ တခြားပြုလုပ်စရာ အကြောင်းကိစ္စပဲပေါ်ပေါ် အားထားမှီခိုစရာ ရမယ်လို့ဆိုလိုပါတယ်။ ဒီပစ္စည်းသုံးခုရဲ့သဘောကို စာမှာရှိတဲ့အတိုင်းလည်း ဆက်လက်ပြောပါဦးမယ်။

❑

http://www.dhammadownload.com

သဟဇာတ၊ အညမည၊ နိဿယ (၂)

ဒေသနာတော် ဟောစဉ်အရတော့ သဟဇာတ, အညမည, နိဿယလို့ အစဉ်အတိုင်းရှိပါတယ်။ ဒီပစ္စည်းသုံးမျိုးနဲ့ ပတ်သက်လို့ ပဋ္ဌာန်းအကျော်ဆရာတော်ကြီးနှစ်ပါးတို့ရဲ့ အဆိုအမိန့် အဆုံးအမများကို အရင်တစ်ပတ်ကပြောခဲ့ပါတယ်။ တစ်ပါးက အသံရဲ့အနက်ကို ကောက်ယူဆုံးမတော်မူတာ၊ တစ်ပါးက အဓိပ္ပါယ် အနက်နဲ့ခံယူ (ခံစား)နက်ကို ကောက်ယူဆုံးမတော်မူတာဖြစ်ပါတယ်။

အခုတစ်ခါ ဒေသနာတော်မှာလာတဲ့ အတိုင်းကျေးဇူးပြုပုံကို နည်းနည်းဆက်ပြောချင်ပါသေးတယ်။ ဒီလိုပြောတဲ့အခါမှာ ဒေသနာတော်လာ အစဉ်အတိုင်းမဟုတ်ဘဲ ကျေးဇူးပြုပုံ ဧရိယာအကျဉ်းအကျယ်အလိုက် အညမည‌ပစ္စည်းကစပြီး ပြောပါမယ်။

❑

http://www.dhammadownload.com

အညမညပစ္စည်း

'အညမည'ဆိုတာ 'အချင်းချင်း(၀ါ)အပြန်အလှန်'လို့ အဓိပ္ပါယ်ရပါတယ်။ သက်ရှိသတ္တ၀ါလို့ သတ်မှတ်ခံရတဲ့ သတ္တ၀ါ အနန္တတွေထဲမှာ ရုပ်ချည်းသက်သက်တည်နေတဲ့ အသည်သတ် ဘုံသားသတ္တ၀ါတွေနဲ့ နာမ်တရားချည်းသက်သက် တည်နေတဲ့ အရူပဘုံသား သတ္တ၀ါတွေကလွဲလို့ ကျန်တဲ့လူတွေ, နတ်တွေ, ရူပဗြဟ္မာတွေပါ အားလုံးတို့မှာရုပ်တရားနဲ့ နာမ်တရားဆိုပြီး အခြေခံ တရားနှစ်ပါးရှိပါတယ်။

သဘောအကျဉ်းသိသာရုံလောက် မှတ်ထားဖို့ကတော့ ရုပ်တရားတွေဆိုတာ သိစရာအာရုံတရားများသာဖြစ်ပြီး နာမ်တရား ဆိုတာကတော့သိတတ်တဲ့အစွမ်းရော သိစရာအာရုံ သဘောပါ အစွမ်းသတ္တိနှစ်မျိုးရှိပါတယ်။ ဝိပဿနာတရားပြဆရာ အချို့ကတော့ ယောဂီများ မှတ်သားရလွယ်ကူအောင်ဆိုပြီး သိစရာက'ရုပ်'၊သိတာက 'နာမ်'လို့ ပြောလေ့ရှိပါတယ်။ ဒါက အကြမ်းဖျင်းသိလွယ်ရုံ ပြောတာ

http://www.dhammadownload.com

ပါ။ နာမ်တရားက သိတတ်တဲ့သဘောကော၊ သိစရာအာရုံ သဘောပါ နှစ်မျိုးလုံးဖြစ်နိုင်တယ်။ အတွေးအာရုံထဲက စိတ်ကူးယဉ် အတွေးတွေထဲမှာ ဘယ်လိုစိတ်ဓာတ်မျိုးတွေမွေးမြူမယ်၊ ဘယ်လိုအသိပညာတွေ လေ့လာသင်ယူမယ်လို့ တွေးကြံတဲ့အခါ အဲဒီအတွေးရဲ့အာရုံဖြစ်တဲ့ စိတ်ဓာတ်တို့၊ အသိပညာတို့၊ ဗဟုသုတတို့ဆိုတာတွေဟာ နာမ်အာရုံတွေဖြစ်ပါတယ်။ဒါက နောက်နောင်မှာ သံသယကင်းအောင်လို့ စကားကုန်ပြော လိုက်တာပါ။ တိုရှင်းလိုရင်းအနေ နဲ့တော့ သိတာက'နာမ်' ၊ သိစရာက 'ရူပ်' ဆိုတာလောက်ကို သဘောပေါက်ထားရင်ပဲ မဆိုးတော့ပါဘူး။

အဲဒီသိတာက 'နာမ်' လို့ဆိုတဲ့ စကားထဲမှာ 'သိတယ်'ဆိုတာ သိမှုသက်သက်ကလေး သီးသန့်ဖြစ်တာမဟုတ်ပါဘူး။ 'သိတယ်' လို့ဆိုနိုင်တဲ့ အဆင့်အထိပီပြင်အောင် သိဖို့အတွက် 'ခံစားမှုဝေဒနာအစု၊ မှတ်သားမှုသညာအစု၊ နှလုံးသွင်းဆင်ခြင် စဉ်းစားမှု သင်္ခါရအစု၊ သိမှုဝိညာဏ်အစု'ဆိုပြီး အစုအဝေးလေးခုတို့ စုပေါင်းပုံဖော်ပေးမှ 'သိမှု'ဆိုတဲ့ နာမ်တရားဖြစ်ပါတယ်။

ဒါကြောင့် 'သိတတ်တယ်' ဆိုတဲ့ နာမ်တရားမှာ 'ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ'ဆိုတဲ့ အစုအဝေးလေးခုပါဝင်ပါတယ်။ အဘိဓမ္မာမှာ 'နာမက္ခန္ဓာလေးပါး' လို့ခေါ်ပါတယ်။

ဒီနာမ်တရားအစုအဝေးလေးခုတို့ဟာ တစ်ခုနဲ့တစ်ခု သီးခြားစီကင်းကွာပြီး လုံးဝဖြစ်နိုင်စွမ်းမရှိကြပါဘူး၊ လေးပါးလုံး 'ဖြစ်လည်း အတူတူ၊ ချုပ်ပျောက်တော့လည်း အတူတူ၊ အာရုံပြုတော့လည်း အတူတူ၊ ရုပ်ဝတ္ထုကိုတည်မှီကြတော့လည်း အတူတူ' ဆိုတဲ့ တူညီမှုလေးမျိုးနဲ့ ပူးပေါင်းဖြစ်ပျက်ကြရတာပါ။

အဲဒီလို တူညီမှုလေးမျိုးနဲ့ နာမ်တရားအစုအဝေးလေးခုတို့ ဖြစ်ကြ၊ ပျက်ကြရာမှာ အချင်းချင်းတစ်ပါးက ကျန်သုံးပါးကို၊

http://www.dhammadownload.com

ကျန်သုံးပါးက တစ်ပါးကို၊ နှစ်ပါးက နှစ်ပါးကို အပြန်အလှန်ကျေးဇူး ပြုပေးနေတဲ့ သဘောကိုပဲ 'အညမည' ဖြစ်ကြတယ်၊ အညမည ပစ္စည်းနဲ့ ကျေးဇူးပြုပေးတယ်လို့ခေါ်ပါတယ်၊ ဒါက နာမကွန်ရှာ လေးပါးတို့ အချင်းချင်းကျေးဇူးပြုတာပါ။

နာမ်တရားတို့ဟာ အစုအဝေးလေးခု စုပေါင်းဖြစ်ပျက်ကြရ သလိုပဲ ရုပ်တရားများဟာလည်း အခြေခံတည်မှီရာ ဓာတ်ကြီးလေးပါး ဆိုတာရှိပါတယ်။ 'မြေဓာတ်,ရေဓာတ်၊ မီး,လေဓာတ်ဟု၊ လေးရပ် ဘုတ်ကြီး၊ ပွားစီးအနက်'လို့ လယ်တီဆရာတော် ဘုရားကြီးက လက်ာလေးနဲ့ ရေးထားခဲ့ပါတယ်။

အဲဒီဓာတ်ကြီးလေးပါးတို့ဟာလည်း တစ်ပါးစီသီးခြား ရပ်တည်နိုင်စွမ်းမရှိကြပါဘူး၊ အချင်းချင်းအမှီပြုပြီး ဖြစ်,တည်, ပျက် နေကြရတာပါ။ ဒါလည်း အညမည်ပါပဲ။

ပြီးတော့ ခန္ဓာငါးပါးရှိတဲ့ ပဋ္ဌဝေါကာဘုံသား သတ္တဝါတွေမှာ ဘဝသစ်တစ်ခု စတင်ဖြစ်ရတဲ့ အခိုက်ကလေးမှာကတည်းက နာမ်မျိုး စေ့ဖြစ်တဲ့ ပဋိသန္ဓေနာမ်တရားနဲ့ ရုပ်မျိုးစေ့ဖြစ်တဲ့ ကမ္မဇရုပ်တွေ တစ်ပြိုင်နက်ဖြစ်ကြပါတယ်၊ အဲဒီရုပ်တွေထဲမှာလည်း ပဓာနအနေနဲ့ ကတော့ နောင်တစ်ချိန်မှာ 'နှလုံးသား' ရယ်လို့ဖြစ်လာမယ့် 'ဟဒယ ဝတ္ထု' ရုပ်ပါပဲ။ အဲဒီ ဟဒယဝတ္ထုရုပ်နဲ့ ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမ် တရားတို့ဟာလည်း အချင်းချင်းကျေးဇူးပြုပေးလို့ ဖြစ်ခွင့်ရကြတာပါ။ ဒါလည်း အညမည်တစ်မျိုးပါပဲ။

အားလုံးချုပ်လိုက်ရင်တော့ (၁)နာမ်ခန္ဓာလေးပါးအချင်းချင်း ရယ်၊ (၂)မဟာဘုတ်ရုပ်ကြီးလေးပါးအချင်းချင်းရယ်၊ (၃)ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမ်ခန္ဓာနဲ့ ဟဒယဝတ္ထုတို့ အချင်းချင်းရယ် ဆိုပြီး သုံးမျိုးပြား ပါတယ်။ လောကမှာ ပြောဆိုနေကြတဲ့ 'ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ' ဆိုတာတို့၊ မိဖနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ နိုင်ငံနဲ့ နိုင်ငံသားတို့စတဲ့

http://www.dhammadownload.com

အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတတ်တဲ့ သဘောမျိုးတွေဟာလည်း အညမညပစ္စည်း သဘောမျိုးနဲ့အလားတူပါတယ်။

အဋ္ဌကထာဆရာတော်များကတော့ အညမညပစ္စည်းရဲ့ ကျေးဇူးပြုပုံဟာ 'လွင်တီးခေါင်မှ သစ်သားသုံးချောင်းတို့ အရင်းကား အဖျားစုပြီး အချင်းချင်းအမှီပြုရပ်တည်နေပုံ နဲ့တူတယ်'လို့ ဥပမာပေးပါတယ်။ တစ်ခုပေါ်တစ်ခု အမှီပြုရပ်တည်နေရတာဖြစ်လို့ တစ်ခုမရှိရင် ကျန်နှစ်ခုတို့လည်း ထောင်လျက်ရပ်တည် မနေနိုင်တော့ဘဲ လဲကျမှာပါ။ အချင်းချင်းအပြန်အလှန်သဘောဖြစ်လို့ ကျေးဇူးပြုပုံဟာ လောက အမြင်အရ ကျဉ်းမြောင်းသလိုထင်ရပေမယ့် သိပ်သိပ်သည်းသည်း စုစုစည်းစည်းရှိတယ်လို့တော့ ဆိုနိုင်ပါလိမ့်မယ်။ သုံးချောင်းထောက်ဟာ လေးချောင်းထောက်လို တစ်ချောင်းက လွတ်နေတတ်တဲ့သဘောမျိုးမရှိဘဲ အမြဲတမ်း အညီအညွှတ် ထောက်မိနေကြလို့ အခြေခိုင်တဲ့ ညီညွှတ်မှုကို ဖော်ညွှန်းသဘောလဲ ဆောင်ပါတယ်၊ ဒါကြောင့်လဲ အဋ္ဌကထာဆရာက အညမညပစ္စည်းကို သုံးချောင်းထောက်နဲ့ ဥပမာပေးတယ်လို့ ထင်မိပါတယ်။

❑

http://www.dhammadownload.com

သဟဇာတပစ္စည်း

'သဟဇာတ'ဆိုတာ အတူတူဖြစ်ဖော်ဖြစ်ဖက် အဖြစ်ကျေးဇူးပြုတာပါ။ အထက်မှာ ပြောခဲ့တဲ့အညမညပစ္စည်း ကျေးဇူးပြုပုံဟာလည်း အတူတူဖြစ်ဖော်ဖြစ်ဖက်ချင်း အပြန်အလှန်ကျေးဇူးပြုတာပဲဖြစ်လို့ အညမညပစ္စည်းဖြစ်တိုင်းမှာ သဟဇာတပစ္စည်းလည်းဖြစ်ပါတယ်။

ဘာထူးသလဲဆိုတော့ အညမညပစ္စည်းက အပြန်အလှန်ကျေးဇူးခံ၊ ကျေးဇူးစားဆိုသလိုဖြစ်တဲ့ တရားချင်းသာ ကျေးဇူးပြုတယ်။ သဟဇာတကတော့ အတူတကွဖြစ်ဖက်တရားမှတ်သမျှကို အပြန်အလှန်ကျေးဇူးတဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျေးဇူးပြုပေးပါတယ်။

ဥပမာ . . . ကုသိုလ်စိတ်တစ်ခုခု ဖြစ်လာတယ်ဆိုပါစို့၊ ကုသိုလ်စိတ်နဲ့အတူ ဆိုင်ရာယှဉ်ဖက် စေတသိက်တရားတွေလည်းဖြစ်တူ၊ ပျက်တူ၊ အာရုံတူ၊ မှီရာတူ အနေနဲ့ စုပေါင်းဖြစ်ပါတယ်။ ခန္ဓာအရပြောမယ်ဆိုရင် နာမကွန္ဓာတရားလေးပါး ဖြစ်ပါတယ်။ အဲဒီ ကုသိုလ် တရားစုတွေဟာ စိတ္တဇရူပ်တွေကိုလည်းဖြစ်စေနိုင်တဲ့

http://www.dhammadownload.com

သတ္တိရှိတဲ့အတွက် ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တွေလည်း အသစ်ဖြစ်လာပါတယ်။ အကုသိုလ်စိတ်ဖြစ်တဲ့အခါမှာလည်း အလားတူပါပဲ။ အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တွေဖြစ်တာပါပဲ။ ဒီစိတ္တဇရူပ်တွေက အတူဖြစ်တဲ့ နာမ်တရားကိုတော့ အပြန်အလှန်အဖြစ် ကျေးဇူးမပြုပါဘူး။ ဒီလိုအပြန်အလှန် အပေးအယူမဖြစ်ပေမယ့် နာမ်တရားတွေကတော့ သဟဇာတ သတ္တိနဲ့ ကျေးဇူးပြုပေးပါတယ်။

ဒီစိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေဟာ 'နှလုံးသား'လို့ ခေါ်တဲ့ ဟဒယဝတ္ထုကိုမှီပြီးဖြစ်ရတဲ့တရားတွေ ဖြစ်လေတော့ မှီပြီးဖြစ်တဲ့ နာမ်တရားက ကြည်လင်အေးမြခြင်း သဘောရှိတဲ့ ကုသိုလ်တရားတွေဖြစ်ခဲ့ရင် တည်မှီရာဖြစ်တဲ့ နှလုံးသားဟာလည်း ကြည်လင်အေးမြ ပါတယ်။ နှလုံးသားကြည်လင်အေးမြတဲ့အတွက် နှလုံးသားဗဟိုပြု တည်မှီလည်ပတ်နေတဲ့ နှလုံးသွေးများလည်း ကြည်လင်အေးမြတယ်။ နှလုံးသွေးများ ကြည်လင်အေးမြတော့ နှလုံးသွေးလည်ပတ်ပျံ့နှံ့ရာ တစ်ကိုယ်လုံးမှာရှိတဲ့ ရူပ်တွေလည်း ကြည်လင်အေးမြတဲ့ ရူပ်သစ်တွေ ဖြစ်ရပါတယ်။ အဲဒါစိတ္တဇရူပ်သစ်တွေဖြစ်တာပါပဲ။ တခြားနေရာတွေမှာ မသိသာလှပေမယ့် 'မျက်နှာ'မှာတော့ အတော်ကို သိသာထင်ရှားပါတယ်။ စိတ်ကောင်း စိတ်ကြည်လေးတွေဖြစ်နေချိန်မှာ မျက်နှာပြင်ရူပ်တွေဟာလည်း ရူပ်ကောင်း, ရူပ်ကြည်ရူပ်အေးလေးတွေ ဖြစ်ပေါ်တဲ့အတွက် ကိုယ်တိုင်လည်း အေးမြချမ်းသာတယ်။ မြင်ရသူတွေကိုလည်း အေးမြချမ်းသာစေပါတယ်။ 'ဓာတ်ကူးတယ်'ဆိုတာ ဒီသဘောပဲ ဖြစ်မယ်ထင်ပါတယ်။

အကုသိုလ်တရားတွေဖြစ်ချိန်မှာလည်း ဒီအတိုင်းပါပဲ။ ဒေါသဖြစ်နေချိန်မှာ မျက်နှာကြီးတစ်ခုလုံး နီမြန်းပုပ်သိုး အရုပ်ဆိုးနေတာကို တွေ့ကြရမှာပါ။ အဲဒါဟာ အကုသိုလ် ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်

http://www.dhammadownload.com

တွေပါ။ ကိုယ်တိုင်ပူလောင်ဆင်းရဲရသလို မြင်ရသူတွေကိုလည်း ပူလောင် ဆင်းရဲစေတဲ့ရုပ်မျိုးပါ။

'မြတ်စွာဘုရားရှင် ပဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူတဲ့အခါ ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးတယ်' ဆိုတာ အားလုံးကြားဖူးကြမယ် ထင်ပါတယ်။

မြတ်စွာဘုရားရှင်က သဗ္ဗညုတညာဏ်တော်ကြီးကို ရရှိတော်မူပြီးတဲ့အခါ လောကသုံးပါးမှာရှိတဲ့ ချေချွတ်ဟောကြားရမယ့် လူ,နတ်,ပြဟ္မာအားလုံးကို ကြည့်ရှုဆင်ခြင်လိုက်တော့ ဟောကြားရမယ့်တရားက ပါးပါးလေးပဲရှိတယ်။ သဗ္ဗညုတညာဏ်တော်ရဲ့ အစွမ်းက အဆမတန်အားကြီးနေတဲ့အတွက် ဉာဏ်တော်မကွန့်မြူးသာလောက်ဘဲ ဖြစ်နေတယ်။ 'ဉာဏ်တော်မကွန့်မြူးသာဘူး' ဆိုတာ အခုခေတ်လိုပြောရရင်တော့ 'ဒီလောက်ဝေနေယျတွေ အကျွတ်တရားရဖို့လောက် ဟောရမှာလေးကတော့ ပျင်းတောင်ပျင်းသေးတယ်' ဆိုတဲ့ သဘောမျိုး ဖြစ်နေတာပါ။

အဲဒီတော့ ဘုရားရှင်က ဝေနေယျတို့ရဲ့ စရိုက်ဝါသနာပါရမီ ဓာတ်ခံတွေနဲ့ အသိဉာဏ်ဓာတ်ခံတွေကို လုံးဝမင့်ကွက်ဘဲ ဉာဏ်တော်ကို အစွမ်းကုန်ဖြန့်ကျက်ပြီး ပဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်သုံးသပ်တော်မူလိုက်တဲ့အခါ အဌကထာဆရာတော်ပြောတဲ့ ဥပမာအတိုင်း ပြောရမယ်ဆိုရင် 'ပင်လယ်ပျော်ငါးကြီးတွေဟာ မြစ်ချောင်း,အင်းအိုင်ထဲရောက်နေတဲ့အခါ မလူးသာမလွန့်သာ ပျင်းရိပြီးငွေ့နေရာက အလွန်ကျယ်ဝန်းနက်ရှိုင်းတဲ့ သမုဒ္ဒရာကြီး ထဲရောက်တဲ့အခါမှာတော့ စိတ်ရှိတိုင်း ကျက်စားလူးလွန့်ကူးခပ်ခွင့်ရကြလို့ လှုပ်ရှားပျော်မြူးသွား သလိုပါပဲ' တဲ့။

သဗ္ဗညုတညာဏ်တော်ကြီးဟာလည်း ပညာအရာမှာ ဇေတဒဂ်ရတဲ့ အရှင်သာရိပုတ္တရာလို ဝေနေယျတို့ပင် မှန်းဆလို့ မမြင်မသိနိုင်

http://www.dhammadownload.com

လောက်အောင် နက်နဲကျယ်ဝန်းလှတဲ့ ပဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်လိုက်တဲ့အခါကျမှ ဉာဏ်တော်ဟာအစွမ်းကုန်လူးလွန့်ကျက်စားခွင့်ရတဲ့အတွက် ဉာဏ်တော်ကွန့်မြူးသွားသတဲ့။ ကွန့်မြူးတယ်ဆိုတာ ဉာဏ်တော်အစွမ်းကုန်ပျော်ရွှင်ပြီး အစွမ်းကုန်ကြည်လင်သွားတယ်လို့ပဲ ဆိုရမှာပေါ့။

ဉာဏ်တော်က အစွမ်းကုန်ကြည်လင်ကွန့်မြူးတဲ့အခါ ဉာဏ်တော်ရဲ့တည်မှီရာ ဟဒယနှလုံးအိမ်ဟာလည်း အစွမ်းကုန် ကြည်လင်သွားတယ်။ နှလုံးအိမ်က ကြည်လင်တော့ နှလုံးအိမ်မှာ တည်မှီလည်ပတ်တဲ့ နှလုံးသွေးများဟာလည်း အစွမ်းကုန် ကြည်လင်သွားတယ်။ နှလုံးသွေးလည်ပတ် ပျံ့နှံ့ရာ တစ်ကိုယ်လုံးသာမက ခန္ဓာကိုယ်နဲ့ဆက်စပ်နေတဲ့ ဆံတော်, မုတ်ဆိတ်တော် သွားတော်စသည်တို့ပါ အစွမ်းကုန် ကြည်လင်တောက်ပပြီး ညှိုတဲ့နေရာက ညှိုတဲ့ရောင်ခြည်တွေ၊ နီတဲ့နေရာ၊ ဖြူတဲ့နေရာ စသည်တို့ကလည်း ညှိုတဲ့ရောင်ခြည်၊ နီတဲ့ရောင်ခြည်စတဲ့ ရောင်ခြည်တော်ခြောက်သွယ်တွေ ကွန့်မြူးထွက်ပေါ်လာကြတာပါ။ အဲဒါတွေအားလုံးဟာ သဗ္ဗညုတဉာဏ်တော်နဲ့ ယှဉ်တွဲဖြစ်ပေါ်တဲ့ စိတ်စေတသိက်တရားတွေကြောင့် ဖြစ်ရတဲ့ စိတ္တဇရူပ်တွေကနေ ထွက်ပေါ်တဲ့အရောင်တွေ ဖြစ်ပါတယ်။

နာမက္ခန္ဓာတရားတွေဟာ အချင်းချင်းလည်း ခန္ဓာတစ်ပါးက သုံးပါးကို၊ သုံးပါးက တစ်ပါးကို၊ နှစ်ပါးက နှစ်ပါးကို အပြန်အလှန် (အညမည)အနေနဲ့လည်းကျေးဇူးပြုတယ်၊ အတူဖြစ်ဖက်(သဟဇာတ)အနေနဲ့လည်းကျေးဇူးပြုတယ်၊ စိတ္တဇရူပ်တွေကိုကျတော့ အပြန်အလှန် သဘောမျိုးမရှိပေမယ့် အတူဖြစ်ဖက်အဖြစ် သဟဇာတသတ္တိနဲ့ ကျေးဇူးပြုပေးပါတယ် လောကအလိုပြောရရင်တော့ သဟဇာတက အညမညထက် သဘောထားကြီးတယ်လို့ ဆိုရမှာပေါ့။

http://www.dhammadownload.com

မဟာဘုတ်တရားတွေလည်း အလားတူပါပဲ၊ အညမည ပစ္စည်းက မဟာဘုတ်လေးပါ။ အချင်းချင်းကိုပဲ အပြန်အလှန် ကျေးဇူးပြုတယ်၊ သဟဇာတပစ္စည်းကျတော့ အပြန်အလှန်မဟုတ်ပေမယ့် မိမိတို့ကိုမှီတွယ်ပြီးဖြစ်တဲ့ ဥပါဒါရူပ်တွေကိုလည်း ကျေးဇူးပြုပေးပါတယ်။

အညမည ပစ္စည်းက အချင်းချင်းအပြန်အလှန်အပေးအယူ အားကိုးအားထားပြုရတဲ့ သွေးရင်းသားရင်းဆွေမျိုးအချင်းချင်း ရိုင်းပင်းကူညီတာနဲ့ တူတယ်။ သဟဇာတပစ္စည်းက ဆွေမတော် မျိုးမတော် မိတ်ရင်းဆွေရင်းမဟုတ်ပေမယ့် တစ်ရပ်တည်းနေ၊ တစ်ရေတည်းသောက်များကိုလဲ အရေးရှိတဲ့အခါ ကိုယ်အသိနဲ့ကိုယ် ကူညီရိုင်းပင်းတာနဲ့တူတယ်လို့ ဥပမာပေးနိုင်မယ် လို့ထင်ပါတယ်။

လောကစကားမှာတော့ 'အကြောင်းနဲ့အကျိုး'လို့ ပြောလိုက်ရင် အကြောင်းကအရင်ဖြစ်ပြီးတော့ အကျိုးကနောက်မှ ဖြစ်တယ်လို့ပဲ သိကြတာများတယ်။ ပဋ္ဌာန်းဒေသနာတော်ကြီးကို လေ့လာကြည့်တော့မှ 'အကြောင်းနဲ့အကျိုး' ဆိုရာမှာ အကြောင်းက အရင် အကျိုးကနောက်မှ ဖြစ်တာရှိသလို၊ အကြောင်းနဲ့အကျိုး တစ်ပြိုင်နက်ဖြစ်တာလဲရှိတယ်၊ အကျိုးကအရင်ဖြစ်နှင့်ပြီး အကြောင်းက နောက်မှ ဖြစ်ရတာလည်းရှိတယ်လို့ သိလာရတယ်။

အဲဒီသုံးမျိုးထဲမှာ သဟဇာတပစ္စည်းဆိုတာ 'မီးတောက်ကြောင့် အလင်းရောင်ဖြစ်တယ်'ဆိုတဲ့ ကိစ္စမျိုးလိုပဲ အကြောင်းနဲ့ အကျိုး တစ်ပြိုင်နက်ဖြစ်ပြီး ကျေးဇူးပြုတဲ့ပစ္စည်းမျိုး ဖြစ်ပါတယ်။

❑

http://www.dhammadownload.com

နိဿယပစ္စည်း

"နိဿယ" ဆိုတာ မြန်မာလိုတော့ "မှီရာ" လို့ အဓိပ္ပါယ်ရပါတယ်။

ဒီနိဿယပစ္စည်းမှာ (၁)တစ်ပြိုင်နက်ဖြစ်ဖော်ဖြစ်ဖက် မှီရာအဖြစ် ကျေးဇူးပြုတဲ့သဟဇာတနိဿယနဲ့ (၂) ကြိုတင်ဖြစ်ပေါ်ပြီး မှီရာအဖြစ်နဲ့ ကျေးဇူးပြုတဲ့ ပုရေဇာတနိဿယလို့ နှစ်မျိုးရှိနိုင်ပါတယ်။

ဒီနှစ်မျိုးထဲမှာ သဟဇာတနိဿယဆိုတာကတော့ အထက်မှာပြောခဲ့တဲ့ သဟဇာတပစ္စည်းကိုပဲ အတူတကွဖြစ်ဖော်ဖြစ်ဖက်လဲဖြစ်၊ မှီရာလဲဖြစ်လို့ သဟဇာတနိဿယလို့ ခေါ်လိုက်တာပါ။

အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်တဲ့ဖြစ်ရပ်တစ်ခုတည်းမှာပဲ ကျေးဇူးပြုမှုရှုထောင့်အလိုက် ပစ္စယသတ္တိတွေ တစ်မျိုးမကဖြစ်လာတာကို သဘောပေါက်ရပါမယ်။ 'ကုသိုလ်စိတ်ကလေးတစ်ခု ဖြစ်လိုက်တာနဲ့တစ်ပြိုင်နက် သူနဲ့ယှဉ်ဘက် စေတသိက်တွေပါ အတူတကွဖြစ်ပေါ်ကြလို့ နာမက္ခန္ဓာလေးပါးရယ်လို့ ဖြစ်လာပါတယ်။

အဲဒီနာမက္ခန္ဓာလေးပါးတို့ဟာ အတူတကွ တပြိုင်နက်ဖြစ်ဖော်ဖြစ်ဖက်အနေနဲ့ ကျေးဇူးပြုတဲ့ သတ္တိကို ထောက်ပြီး

http://www.dhammadownload.com

သဟဇာတပစ္စယသတ္တိ (သဟဇာတပစ္စည်း)လို့ခေါ်ရသလို၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတဲ့ သဘောသတ္တိကိုထောက်ပြီး အညမညပစ္စယသတ္တိ (အညမညပစ္စည်း)လို့လည်းခေါ်ရတယ်။ ဒီလိုအပြန်အလှန်ကျေးဇူးပြုခြင်းသည်ပင် အပြန်အလှန်မှီရာသတ္တိ သဘောနဲ့လည်း ကျေးဇူးပြုတဲ့အတွက် နိဿယပစ္စယသတ္တိ (နိဿယပစ္စည်း)လို့လည်းခေါ်နိုင်ပါတယ်။ အတူတကွဖြစ်ဖက်မှီရာ ဖြစ်တဲ့ နိဿယသတ္တိကိုပဲ သဟဇာတနိဿယပစ္စည်းလို့ ခေါ်ဆိုတာပါ။ သဟဇာတပစ္စည်းသည်ပင် သဟဇာတနိဿယ ဖြစ်တယ်လို့ဆိုလိုပါတယ်။

နိဿယပစ္စည်းမှာ သဟဇာတပစ္စည်းထက်ပိုလာတာကတော့ နံပါတ်(၂)ဖြစ်တဲ့ ပုရေဇာတပနိဿယပဲဖြစ်ပါတယ်။ ပုရေ=အကျိုး ပစ္စယုပ္ပန်တရား မဖြစ်ပေါ်မီရှေးက၊ ဇာတ = ဖြစ်ပေါ်တည်ရှိနေပြီး၊ နိဿယ = မှီရာအဖြစ်နဲ့၊ ပစ္စယ = ကျေးဇူးပြုတဲ့တရား' လို့ ခေါ်တာပေါ့။

သတ္တဝါဆိုတာ(အထူးသဖြင့် ဒီနေရာမှာတော့)လူဆိုတာ = ခန္ဓာကိုယ်ရဲ့ အပြင်ပိုင်းမှာ'မျက်စိ,နား,နှာ,လျှာ,ကိုယ်'ဆိုတဲ့ အပြင်ဆက်သွယ်ရေးယန္တရားငါးခုရယ်၊ အတွင်းမှာနှလုံးသားကို တည်မှီနေတဲ့ 'မန'လို့ခေါ်တဲ့ ဗဟိုရ်ယန္တရားကြီးတစ်ခုရယ်၊ အားလုံး ယန္တရား (၆)ခု (သို့မဟုတ်)စက်(၆)လုံးတို့ ပုံမှန်လည်ပတ် လှုပ်ရှား နေတာကို သက်ရှိသတ္တဝါ၊ သက်ရှိလူလို့ ခေါ်ဆိုသတ်မှတ်ရတာပါ။

အပြင်ဆက်သွယ်ရေး ယန္တရားငါးခုကို အာရုံတို့ရဲ့ဝင်ရောက်ခံခါးပေါက်သဖွယ်ဖြစ်လို့ 'အပြင်ဒွါရငါးခု'လို့လည်း ခေါ်ရသလို၊ အတွင်းက'မန'ယန္တရားကိုလည်း အတွေးအကြံတို့ ထွက်ပေါ်ရာတံခါးပေါက်သဖွယ်ဖြစ်လို့ မနောဒွါရ=တွေးသိစိတ်တို့ ဝင်ရောတံခါးလို့လည်းခေါ်ပါတယ်။ ဒွါရခြောက်ပါးဆိုတာ အဲဒါပါပဲ မြန်မာလိုတော့ တံခါးခြောက်ပေါက်ပေါ့။

http://www.dhammadownload.com

'မျက်စိ'ဆိုတာ အဆင်းဝင်ရာတံခါး(စက္ခုဒ္ဒါရ)၊ 'နား'ဆိုတာ အသံဝင်ရာတံခါး(သောတဒ္ဒါရ)၊ 'နှာ'ဆိုတာ အနံ့ဝင်ရာတံခါး(ဃာနဒ္ဒါရ)၊ 'လျှာ'ဆိုတာ အရသာရဲ့ ဝင်ရာတံခါး(ဇိဝှာဒ္ဒါရ)၊ 'ကိုယ်'ဆိုတာ အတွေ့အထိတို့ရဲ့ဝင်ရာတံခါး(ကာယဒ္ဒါရ)လို့ အရပ်သုံးဝေါဟာရအရ အလွယ်တကူပြောဆိုသုံးစွဲနေကြပေမယ့် တကယ်တမ်း အဘိဓမ္မာသဘောအရ ဒဿနကျကျပြောရမယ်ဆိုရင်တော့ အဆင်းသိစိတ်(စက္ခုဝိညာဏ်)၊ အသံသိစိတ်(သောတဝိညာဏ်) စသည်တို့ရဲ့ တည်မှီဖြစ်ပေါ်ရာလို့ပြောမှသာ အဓိပ္ပါယ်ပိုပြီး တိကျပါတယ်။

ပါဠိလို စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယလို့ခေါ်တဲ့ ဒီငါးမျိုးတို့ဟာ ဆိုင်ရာအဆင်းအသံစတဲ့ အာရုံရုပ်တွေ အရိပ်ထင်လောက်အောင် အထိကြည်လင်နူးညံ့လို့ အကြည်ဓာတ်(ပသာဒ) လို့လည်းခေါ်တယ်။ အဆင်းအသိစိတ်စတဲ့ ဝိညာဏဓာတ်တို့ရဲ့ တည်မှီရာဖြစ်လို့ ဝတ္ထုရုပ်များလို့လည်း ခေါ်ပါသေးတယ်။ အတွင်းမှာရှိတဲ့ မနောဒ္ဒါရရဲ့ တည်မှီရာကတော့ နှလုံးသားလို့ခေါ်တဲ့ ဟဒယဝတ္ထုဖြစ်ပါတယ်။ ဒီဝတ္ထုရုပ်ခြောက်မျိုးကိုပဲ ဒ္ဒါရခြောက်ပါးလို့လည်းခေါ်ကြတာပါ။

'ဌက်မှာ ပျံရင်းသေ၊ လူမှာ ကြံရင်းသေ'ဆိုတဲ့အတိုင်း လူဆိုတာ အသက်ရှင်သန်နေသေးသမျှ တခြား ကာယက်၊ဝစီက်တွေ အလုပ်မလုပ်နိုင်တော့ဘူးဆိုရင်တောင် မနောက်ကတော့ နိုးကြားချိန်ကနေ အိပ်ပျော်ချိန်အထိ တစ်ခါတစ်လေမှာ အိပ်မက်ထဲအထိ မပြတ်တွေး ကြံနေကြမြဲ ဓမ္မတာဖြစ်ပါတယ်။

ခန္ဓာကိုယ်ရဲ့အတွင်း ဟဒယကို တည်မှီဖြစ်ပေါ်နေတဲ့ မနောက်တွေ အမြဲမပြတ် 'တွေးကြံစဉ်းစားတယ်၊ စိတ်ကူးတီထွင်တယ်'ဆိုတာဟာလည်း အပြင်ကမြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့ဆိုတဲ့ ရုပ်အာရုံအတွေ့အကြုံများကိုသာ အခြေခံရတာပါ။ လောကနယ်ပယ်

http://www.dhammadownload.com

မှာ အလွန်ဆန်းကျယ်တဲ့ ပန်းခ၊ ပန်းပု၊ အနုပညာများဆိုတာ သည်ပင်ပြင်ပအာရုံ အတွေ့အကြုံ များနဲ့ သီးခြားကင်းလွတ်ပြီး စိတ်ကူးကြံစည်ထားချက်များ မဟုတ်ကြပါဘူး။

ဥပမာ . . မြင်ဖူး၊ ကြားဖူးခဲ့တဲ့ သမင်ချို၊ ခြသေ့ဦးခေါင်း၊ ဆင်စွယ်၊ ငှက်တောင်ပံ၊ ငါးအမြီးတို့ကို စုပေါင်းပြီး 'ပဌ္ဌရူပ'ဆိုတဲ့ စိတ်ကူးရုပ်ပုံ ဖန်တီးကြသလိုမျိုးပေါ့။

ဒါကြောင့် သက်ရှိလူသားတစ်ယောက်ရဲ့ စိတ်ကူးစိတ်သန်းတွေ၊ တီထွင်ကြံဆမှုတွေ၊ ထိုးထွင်းသိမြင်မှုတွေ မှန်သမျှဟာပြင်ပအာရုံတွေကိုအာရုံပြုသိရှိထားတဲ့ မြင်သိစိတ်၊ကြားသိစိတ်စတဲ့ အပြင်အာရုံသိစိတ်ငါးမျိုး (ပဉ္စဝိညာဏ်)ကိုသာ အခြေခံရတယ်၊ အပြင် အာရုံသိစိတ်ငါးမျိုးတို့ဟာ သိမှုအားလုံးတို့ရဲ့ပင်ရင်းမူလ ပဓာနဖြစ်တယ်လို့ဆိုရင် မှားမယ်မဟုတ်ပါဘူး။

ဒီအာရုံအသိစိတ်ငါးမျိုးတို့ဟာလည်း ဆိုင်ရာဆိုင်ရာဝတ္ထုအကြည်ဓာတ်များကို တည်မှီပြီးတော့မှသာဖြစ်နိုင်ကြတာပါ။

မြင်သိစိတ်(စက္ခုဝိညာဉ်)က မျက်စိအကြည်ဓာတ်လို့ခေါ်တဲ့ စက္ခုဝတ္ထုရုပ်ကိုမှီ ပြီးဖြစ်ရတယ်၊ ကြားသိစိတ်စသည်တို့ကလည်း အလားတူပဲ၊ နားအကြည်ဓာတ်စသည်ကို မှီပြီးမှ ဖြစ်ခွင့်ရကြတာပါ။

ဒါကြောင့် . . . မျက်စိအကြည်ဓာတ်က မြင်သိစိတ်ကို . . ၊ နားအကြည်ဓာတ်က ကြားသိစိတ်ကို. . ၊ နှာခေါင်းအကြည်ဓာတ်က နံသိစိတ်ကို . . . ၊လျှာအကြည်ဓာတ်က အရသာသိစိတ်ကို . . ၊ ကိုယ်လုံးအကြည်ဓာတ်က အတွေ့အထိသိစိတ်ကို . . . ၊နှလုံးအကြည်ဓာတ်က တွေးကြံစဉ်းစားသိမြင်စိတ်ကိုမှီရာ နိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ဆိုရပါတယ်။

ဒီဝတ္ထုရုပ်အကြည်ဓာတ်တွေက ဆိုင်ရာသိစိတ်တွေကို ကျေးဇူးပြုရာမှာတော့ ပစ္စည်းလို့ခေါ်တဲ့ရုပ်ဝတ္ထု အကြောင်းတရား

http://www.dhammadownload.com

'မျက်စိ'ဆိုတာ အဆင်းဝင်ရာတံခါး(စက္ခုဒ္ဓါရ)၊ 'နား'ဆိုတာ အသံဝင်ရာတံခါး(သောတဒ္ဓါရ)၊ 'နှာ'ဆိုတာ အနံ့ဝင်ရာတံခါး(ဃာနဒ္ဓါရ)၊ 'လျှာ'ဆိုတာ အရသာရဲ့ ဝင်ရာတံခါး(ဇိဝှာဒ္ဓါရ)၊ 'ကိုယ်'ဆိုတာ အတွေ့အထိတို့ရဲ့ဝင်ရာတံခါး(ကာယဒ္ဓါရ)လို့ အရပ်သုံးဝေါဟာရအရ အလွယ်တကူပြောဆိုသုံးစွဲနေကြပေမယ့် တကယ်တမ်း အဘိဓမ္မာသဘောအရ ဒဿနကျကျပြောရမယ်ဆိုရင်တော့ အဆင်းသိစိတ်(စက္ခုဝိညာဏ်)၊ အသံသိစိတ်(သောတဝိညာဏ်) စသည်တို့ရဲ့ တည်မှီဖြစ်ပေါ်ရာလို့ပြောမှသာ အဓိပ္ပါယ်ပိုပြီး တိကျပါတယ်။

ပါဠိလို စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယလို့ခေါ်တဲ့ ဒီငါးမျိုးတို့ဟာ ဆိုင်ရာအဆင်းအသံစတဲ့ အာရုံရုပ်တွေ အရိပ်ထင်လောက်အောင် အထိကြည်လင်နူးညံ့လို့ အကြည်ဓာတ်(ပသာဒ) လို့လည်း ခေါ်တယ်။ အဆင်းအသိစိတ်စတဲ့ ဝိညာဏဓာတ်တို့ရဲ့ တည်မှီရာဖြစ်လို့ ဝတ္ထုရုပ်မျှားလို့လည်း ခေါ်ပါသေးတယ်။ အတွင်းမှာရှိတဲ့ မနောဒ္ဓါရရဲ့ တည်မှီရာကတော့ နှလုံးသားလို့ခေါ်တဲ့ ဟဒယဝတ္ထုဖြစ်ပါတယ်။ ဒီဝတ္ထုရုပ်ခြောက်မျိုးကိုပဲ ဒ္ဓါရခြောက်ပါးလို့လည်း ခေါ်ကြတာပါ။

'ဌက်မှာ ပျံရင်းသေ၊ လူမှာ ကြံရင်းသေ'ဆိုတဲ့အတိုင်း လူဆိုတာ အသက်ရှင်သန်နေသေးသမျှ တခြား ကာယက်၊ဝစီက်တွေ အလုပ်မလုပ်နိုင်တော့ဘူးဆိုရင်တောင် မနောက်ကတော့ နိုးကြားချိန်ကနေ အိပ်ပျော်ချိန်အထိ တစ်ခါတစ်လေမှာ အိပ်မက်ထဲအထိ မပြတ်တွေး ကြံနေကြမြဲ ဓမ္မတာဖြစ်ပါတယ်။

ခန္ဓာကိုယ်ရဲ့အတွင်း ဟဒယကို တည်မှီဖြစ်ပေါ်နေတဲ့ မနောက်တွေ အမြဲမပြတ် 'တွေးကြံစဉ်းစားတယ်၊ စိတ်ကူးတီထွင်တယ်'ဆိုတာဟာလည်း အပြင်ကမြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့ဆိုတဲ့ ရုပ်အာရုံအတွေ့အကြုံများကိုသာ အခြေခံရတာပါ။ လောကနယ်ပယ်

http://www.dhammadownload.com

မှာ အလွန်ဆန်းကျယ်တဲ့ ပန်းချီ၊ ပန်းပု၊ အနုပညာများဆိုတာ သည်ပင်ပြင်ပအာရုံအတွေ့အကြုံများနဲ့ သီးခြားကင်းလွတ်ပြီး စိတ်ကူးကြံစည်ထားချက်များ မဟုတ်ကြပါဘူး။

ဥပမာ . . မြင်ဖူး၊ ကြားဖူးခဲ့တဲ့ သမင်ချို၊ ခြသေ့ဦးခေါင်း၊ ဆင်စွယ်၊ ငှက်တောင်ပံ၊ ငါးအမြီးတို့ကို စုပေါင်းပြီး 'ပဥ္စရူပ'ဆိုတဲ့ စိတ်ကူးရုပ်ပုံ ဖန်တီးကြသလိုမျိုးပေါ့။

ဒါကြောင့် သက်ရှိလူသားတစ်ယောက်ရဲ့ စိတ်ကူးစိတ်သန်းတွေ၊ တီထွင်ကြံဆမှုတွေ၊ ထိုးထွင်းသိမြင်မှုတွေ မှန်သမျှဟာပြင်ပအာရုံတွေကိုအာရုံပြုသိရှိထားတဲ့ မြင်သိစိတ်၊ကြားသိစိတ်စတဲ့ အပြင်အာရုံသိစိတ်ငါးမျိုး (ပဥ္စဝိညာဏ်)ကိုသာ အခြေခံရတယ်၊ အပြင် အာရုံသိစိတ်ငါးမျိုးတို့ဟာ သိမှုအားလုံးတို့ရဲ့ပင်ရင်းမူလ ပဓာနဖြစ်တယ်လို့ဆိုရင် မှားမယ်မဟုတ်ပါဘူး။

ဒီအာရုံအသိစိတ်ငါးမျိုးတို့ဟာလည်း ဆိုင်ရာဆိုင်ရာဝတ္ထုအကြည်ဓာတ်များကို တည်မှီပြီးတော့မှသာဖြစ်နိုင်ကြတာပါ။

မြင်သိစိတ်(စက္ခုဝိညာဉ်)က မျက်စိအကြည်ဓာတ်လို့ခေါ်တဲ့ စက္ခုဝတ္ထုရုပ်ကိုမှီ ပြီးဖြစ်ရတယ်၊ ကြားသိစိတ်စသည်တို့ကလည်း အလားတူပဲ၊ နားအကြည်ဓာတ်စသည်ကို မှီပြီးမှ ဖြစ်ခွင့်ရကြတာပါ။

ဒါကြောင့် . . . မျက်စိအကြည်ဓာတ်က မြင်သိစိတ်ကို . . ၊ နားအကြည်ဓာတ်က ကြားသိစိတ်ကို. . ၊ နှာခေါင်းအကြည်ဓာတ်က နံသိစိတ်ကို . . . ၊လျှာအကြည်ဓာတ်က အရသာသိစိတ်ကို . . ၊ ကိုယ်လုံးအကြည်ဓာတ်က အတွေ့အထိသိစိတ်ကို . . . ၊နှလုံးအကြည်ဓာတ်က တွေးကြံစဉ်းစားသိမြင်စိတ်ကိုမှီရာ နိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ဆိုရပါတယ်။

ဒီဝတ္ထုရုပ်အကြည်ဓာတ်တွေက ဆိုင်ရာသိစိတ်တွေကို ကျေးဇူးပြုရာမှာတော့ ပစ္စည်းလို့ခေါ်တဲ့ရုပ်ဝတ္ထု အကြောင်းတရား

http://www.dhammadownload.com

များက သိစိတ်လို့ခေါ်တဲ့ အကျိုးပစ္စုပ္ပန်တရားများ မဖြစ်မီကတည်းက အရင်ရှိနှင့်တာဖြစ်လို့ 'ပုရေဇာတနိဿယ'လို့ခေါ်ပါတယ်။ 'အကျိုး တရားမဖြစ်မီ ရှေးကကြိုတင်ရှိနှင့်တဲ့မှီရာ ပစ္စည်းတရား'လို့ ဆိုလို တာပေါ့။

အကျိုးတရားတစ်ခု ဖြစ်ပေါ်လာမှုဆိုတာ 'အကြောင်း ပေါင်းစုံမှ' ဆိုတဲ့အတိုင်း အကြောင်းတရားတစ်ခု တည်းကြောင့် ဖြစ်ပေါ်လာနိုင်တာ မဟုတ်ကြပါဘူး၊ အကြောင်း တရားတွေ အတော် များများက စုပေါင်းကျေးဇူးပြုပေးမှ ဖြစ်ပေါ်လာ တာပါ။ ဒါကြောင့် ပဋ္ဌာန်း ပစ္စည်းများကို လေ့လာတဲ့အခါမှာလဲ၊ အကျိုးတရားတစ်ခုမှာ အကြောင်းပစ္စည်းကတစ်ခု နှစ်ခုမက ရှိနေတတ်ကြတယ်ဆိုတာ အထက်မှာပြောခဲ့ပါတယ်။

အကြောင်းတရား တစ်ခုချင်းစီမှာလည်း သူ့ရဲ့လုပ်ဆောင်တဲ့ သတ္တိအလိုက် ပစ္စည်းအမည်တစ်ခုမက ရရှိတယ်ဆိုတာလည်း အထက် မှာပြောခဲ့ပါပြီး၊ နာမကွန္ဓာလေးပါးတို့ အပြန်အလှန် ကျေးဇူးပြုကြ တာဟာ အတူဖြစ်ဖက် သဟဇာတသတ္တိလည်းဖြစ်တယ်၊ အချင်းချင်း ကျေးဇူးပြုတဲ့ အညမညသတ္တိလည်းဖြစ်တယ် မှီရာ နိဿယ (သဟဇာတနိဿယ)သတ္တိလည်း ဖြစ်တယ်ဆိုတဲ့ အကြောင်းပါ။

အခု ပုရေဇာတနိဿယပစ္စည်းဖြစ်တဲ့ ဝတ္ထုရုပ်ခြောက်ပါး တို့မှာလည်း အပြင်အာရုံယူဝတ္ထုရုပ်များဖြစ်ကြတဲ့ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု('ပဋ္ဌပသာဒဝတ္ထု အကြည်ဓာတ်ဝတ္ထုငါးပါး'လို့လည်း ခေါ်သေးတယ်)တို့ဟာလည်း မှီရာဖြစ်တဲ့ သတ္တိနဲ့ကျေးဇူးပြုပေးတာကိုထောက်ဆပြီး 'ဝတ္ထု ပုရေဇာတနိဿယပစ္စည်း'လို့ ခေါ်ဆိုရသလို သက်ဆိုင်ရာ သိမှုနယ် ပယ်ကို အစိုးရတဲ့အတွက် (မြင်သိစိတ်ဖြစ်ပေါ်မှုအတွက် မျက်စိ အကြည်ဓာတ်က မရှိမဖြစ်အရေးပါလို့ အစိုးရတယ်လို့ခေါ်ရတာပါ။

http://www.dhammadownload.com

ကြားသိစိတ်စသည်နှင့် နားအကြည် ဓာတ်စသည်တို့လည်း အလားတူပါပဲ) အဲဒီလို အစိုးရတဲ့အတွက် ဒီဝတ္ထုရုပ်ငါးမျိုးတို့ကို ဣန္ဒြေယ ပစ္စည်းလို့လည်း ခေါ်ပါသေးတယ်။ ဣန္ဒြေယပစ္စည်း ရောက်တော့ နည်းနည်း ပိုသိလာပါလိမ့်မယ်။

ဒီမှာ သဘောပေါက်စရာတစ်ခု ကတော့- နိဿယ ပစ္စည်းမှာ အခုပြောခဲ့တဲ့ 'ပုရေဇာတနိဿယ'ပစ္စည်းကို ကြည့်မယ်ဆိုရင် ပစ္စည်းတရားက ဝတ္ထုရုပ်တရားတွေဖြစ်ပြီး အကျိုးဖြစ်တဲ့ ပစ္စယုပ္ပန်တရားတွေက ဝိညာဏဓာတ်လို့ခေါ်တဲ့ နာမ်တရားတွေဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ ပြီးတော့ ပစ္စည်းဖြစ်တဲ့ရုပ်ဝတ္ထုတွေဟာ အရင်က ကြိုတင်ရှိနှင့်တဲ့တရားတွေဖြစ်လို့ အကျိုးတရားများနဲ့ အတူတကွ ဖြစ်ဖက်လည်း မဟုတ်ကြပါဘူး။ ဒီဝတ္ထုရုပ်တရားတွေဟာ (ဘဝတစ်ခုရဲ့အစဆုံးဖြစ်ခိုက် ပဋိသန္ဓေတစ်ခဏ ကလေးကလွဲလို့) အကျိုးပစ္စယုပ္ပန် တရားတွေနဲ့ အပြန်အလှန်အချင်းချင်းသဘောမျိုးလည်း မရှိကြပါဘူး၊ ဒါပေမယ့် အကျိုးနာမ်တရားတွေကို မှီရာသတ္တိ သဘောနဲ့ကျေးဇူး ပြုပေးနေတာဖြစ်ပါတယ်။

ဒါကြောင့် အညမညရယ်၊ သဟဇာတရယ်၊ နိဿယရယ်၊ ဒီပစ္စည်းသုံးမျိုးတို့ကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် . . . .

အညမညပစ္စည်းက မိသားစုအချင်းချင်း အပြန်အလှန် ကူညီရိုင်းပင်းပြီး ကျေးဇူးပြုနေတာနဲ့ အလားတူတယ်၊ သဟဇာတ ပစ္စည်းက သွေးသားမတော်စပ်ပေမယ့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ဆိုသလို အတူတကွဖြစ်ဖော်ဖြစ်ဖက် များအနေနဲ့ ကူညီရိုင်းပင်း ကျေးဇူးပြုနဲ့ အလားတူတယ်။ နိဿယပစ္စည်းကတော့ အမျိုးအနွယ်အရပ်ဒေသစသည် မတူကွဲပြားပေမယ့် လူသားချင်း စာနာစိတ်နဲ့ ရိုင်းပင်းကူညီကြတဲ့ သဘောနဲ့ အလားတူတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ အခုခေတ်စကားနဲ့ပြောရရင်တော့ နိဿယပစ္စည်းက "ဂလိုဘယ်ဆန်တယ်"လို့ဆိုရမှာပေါ့။

http://www.dhammadownload.com

လောကအလိုကြည့်မယ်ဆိုရင် အညမညပစ္စည်းက အမြင်နည်းနည်းကျဉ်းလွန်းတယ်၊ သဟဇာတပစ္စည်းက အညမည ပစ္စည်းထက် ပိုပြီးအမြင်ကျယ်တယ်။ နိဿယပစ္စည်းကတော့ သဘောထားအကြီးဆုံး စိတ်ထားအမြင့်မြတ်ဆုံးဖြစ်တယ်လို့ဆိုမယ်ဆိုရင် ဆိုနိုင်လောက်တာပေါ့။

ဒါကြောင့်လည်း မစိုးရိမ်ဆရာတော်ကြီးကတော့ "**အညမည ပစ္စည်းလို မကျင့်သုံးကြနဲ့၊ သဟဇာတပစ္စည်းလို ကျင့်သုံးကြ**" လို့ မိန့်ကြားတာဖြစ်မှာပါ။ ဖြစ်နိုင်ရင်တော့ "**နိဿယပစ္စည်းလို သဘောထားကြီးကြီးနဲ့ လောကအကျိုးကို သယ်ပိုးကြ**"လို့ ဆိုရပါလိမ့်မယ်။

အညမညပစ္စည်းက ကိုယ်ကျိုးအဓိကထားတဲ့ အတ္တတ္ထစရိယ သဘောမျိုးဆန်တယ်၊ သဟဇာတပစ္စည်းက ကိုယ့်ဆွေမျိုး၊ ကိုယ့်ဝန်းကျင်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးစတဲ့ ကန့်သတ်ရှိ ပရဟိတဖြစ်တဲ့ ဉာတတ္ထစရိယသဘောမျိုးဆန်တယ်။ နိဿယပစ္စည်းကတော့ ဒေသစွဲ၊လူမျိုးစွဲစတဲ့ ကန့်သတ်မှုမပါဘဲ လောကအားလုံးအကျိုးကိုအဓိကထားတဲ့ လောကတ္ထစရိယသဘောမျိုးဆန်တယ်လို့လည်း ပြောမယ် ဆိုပြောလို့ရတာပေါ့။

အမှန်ကတော့ ပရမတ္ထသဘာဝတို့ရဲ့ အကြောင်းအကျိုးဆက်နွယ်မှုဆိုတာ လူပုဂ္ဂိုလ်တို့လုပ်ကိုင်ဆောင်ရွက်သလို ကြောင့်ကျစိုက်မှု (ပုဂ္ဂလဗျာပါရ)ရယ်လို့တော့ မရှိပါဘူး၊ သူ့သဘောသူဆောင်ပြီး သူ့ကိစ္စသူ ဓမ္မသတ္တိသက်သက်နဲ့ ကြောင်းကျိုးဆက်သွယ် ဖြစ်ပေါ်နေတာပါ။ပရမတ္ထသဘာဝစစ်စစ်ကလေးချည်းဆိုတာ သိလို့ရသော်လည်း ပြောပြဖို့ခက်ခဲတဲ့အတွက် ဥပမာတွေ တင်စား ချက်တွေနဲ့ ပုံဆောင်ပြရတဲ့ သဘောဖြစ်ပါတယ်။

ဒီပစ္စည်းသုံးမျိုးနဲ့ပတ်သက်လို့တော့ ဒီလောက်ဆိုတော် သင့်ပါပြီ။

http://www.dhammadownload.com

ဥပနိဿယပစ္စည်း

ပဋ္ဌာန်းကျမ်းကြီး သို့မဟုတ် ပဋ္ဌာန်း(၂၄) ပစ္စည်းတို့နဲ့ ပတ်သက်ပြီး လူတိုင်းသိသင့်တဲ့ အခြေခံကလေးတွေကို လူတိုင်းနားလည်လောက်တဲ့ အသုံးအနှုန်းစကားလုံးသုံးပြီး လူတိုင်းနဲ့ နီးစပ် လောက်တဲ့သာဓကကလေးတွေနဲ့ ရေးတဲ့စာဖြစ်လို့ ဒီကြောင်းအရာ မျှားကို 'လူ့ ပဋ္ဌာန်း' လို့ ခေါင်းစဉ်ပေးခဲ့ပါတယ်။

ဒီလိုပေးရတာလဲ မိမိက တမင် 'ထွင်' လိုက်တာတော့ မဟုတ်ပါဘူး၊ ပဋ္ဌာန်းဒေသနာတော်ကို လူတိုင်းနားလည်သင့်သလောက် စတင်ဟောကြားပေးတော်မူခဲ့တဲ့ မိုးညှင်းဆရာတော် ဘုရားကြီးရဲ့ ဟောစဉ်မျှားထဲမှာ . .

သူသူငါငါက မြင်သမျှ ကြားသမျှတွေကို ' ငါမြင်တယ်၊ ငါကြားတယ်'လို့ သုံးနေကြတာတွေက အကြောင်းအကျိုး အစစ်အမှန်တွေ ကွယ်ပျောက်နေတဲ့အတွက် အဲဒါက 'ငါပဋ္ဌာန်း' တွေ။

စာသင်တိုက်ကြီးတွေမှာ သံယာတော်အရှင်မြတ်တွေ ရွတ်ဖတ်သင်ကြားနေကြတဲ့ 'ရူပါယတနံ စက္ခုဝိညာဏသ အာရမ္မဏ ပစ္စယေန ပစ္စယော' စတဲ့ ပါဠိတော်ကြီးတွေကတော့ 'စာပဋ္ဌာန်း' တွေပေါ့။

http://www.dhammadownload.com

အခု တို့ဟောမဲ့ပဌာန်းကတော့ အဘိဓမ္မာအကြောင်း အကျိုးနဲ့ရော ကျမ်းဂန်တွေနဲ့ရောလဲ လွတ်မသွားရအောင် ရပ်သူရွှာသားတိုင်းလဲ နားလည်ရအောင်ဟောတာဖြစ်လို့ 'ရွှာပဌာန်း' ပေါ့လို့ ဟောကြားခဲ့တာကို တွေ့ရပါတယ်။

ဆရာတော်ကြီးကတော့ ကျေးလက်မှာပဲ သီတင်းသုံးတာဆိုတော့ ရပ်သူရွှာသားကို အဓိကထားပြီး 'ရွှာပဌာန်း'လို့ အမည်ပေးခဲ့တာ၊ အခုမိမိတို့ခေတ်မှာတော့ အဘိဓမ္မာတရားတွေ ဟာ ရပ်သူရွှာသားများသာမကတော့ဘူး မြို့ပြတွေမှာအထိ အတော်ကို တွင်ကျယ် လာပြီဖြစ်နေလို့ ရပ်ရွှာမြို့ပြအားလုံးမှာရှိကြတဲ့ လူအားလုံး အတွက်ရည်ရွယ်ပြီး 'လူ့ပဌာန်း'လို့ အမည်ပေးခဲ့တာပါ။ အခုတော့ တချို့က အဲဒီ 'လူ့ပဌာန်း'ဆိုတာကိုပဲ ဘုရားရှင်ပဌာန်းမဟုတ်တဲ့ တခြားပဌာန်းတစ်မျိုးဆိုတဲ့ အဓိပ္ပါယ်ပေါက်သလိုလိုထင်ပြီး တယ် ဘဝင်ကျပုံမရ ကြဘူး၊ ဒါနဲ့ . . ရိုးရိုးလေးပဲ ' လူတိုင်းအတွက် ပဌာန်း' လို့ ခေါင်းစီး ပြောင်းပေးလိုက်ရပါတယ်။

အခုဆိုရင် ဥပနိဿယပစ္စည်းအကြောင်းရောက်လာပါပြီ၊ 'ဥပနိဿယ' ဆိုတာ မြန်မာလိုတော့ 'အားကြီးသော မှီရာအကြောင်း' လို့ တိုက်ရိုက်ပြန်ဆိုရမှာပါ။ 'အားကြီးသော အကြောင်း' ဆိုတာ အကျိုးတရားတွေ မလွဲမသွေဖြစ်ပေါ်လာလောက်အောင်အထိ ကြီးမားတဲ့ အစွမ်းသတ္တိရှိတဲ့ အကြောင်းတရားလို့ ဆိုလိုပါတယ်။

ပဌာန်း(၂၄)ပစ္စည်းထဲမှာတော့ ဒီ'ဥပနိဿယပစ္စည်း'ဟာ အတော်ကို အရာကျယ်ဝန်းတဲ့အတွက် 'မဟာပစ္စယ'လို့ အဋ္ဌကထာ များက ဖွင့်ပြပါတယ်၊ 'ဧရာမ အကြောင်းတရားကြီး'လို့ ဆိုလိုတာ ပေါ့။ ဘယ်လောက်ထိ အရာကျယ်သလဲဆိုရင်တော့ (၂၄) ပစ္စည်းထဲ က ကျန်တဲ့ ပစ္စည်းတရားတွေနဲ့ အကြောင်းအကျိုးဆက်လို့ မရနိုင်တဲ့ ကိစ္စတွေ၊ ဖြစ်ရပ်တွေ မှန်သမျှဟာ 'ဥပနိဿယ'ပစ္စည်းရဲ့ အကျိုး

http://www.dhammadownload.com

တရားတွေ ဖြစ်တယ်လို့ဆိုလိုက်ရင် မှားကိုမမှားနိုင်ပါဘူး၊ မိမိတို့ စာသင်သားဘဝမှာ စာမေးပွဲတွေဖြေစဉ်ကဆိုရင် ပဌာန်း နည်းနဲ့ ပတ်သက်လို့ မေးသမျှပုစ္ဆာတွေကို တခြားပစ္စည်း စဉ်းစားလို့မရရင် 'ဥပနိဿယ' ပစ္စည်းဆိုပြီး လုံးတုတ်လိုက်တာ မှန်နေတာပဲ။

'ဥပနိဿယ'ဆိုတဲ့ အသံကိုကြားလိုက်ရတဲ့အခါ ဗုဒ္ဓဘာသာဝင်တော်တော်များများကြားဖူးနားဝရှိနေတဲ့ 'သပ္ပုရိသူပနိဿယ' ဆိုတဲ့ စကားလေးကိုလဲ သတိရကောင်းရကြမလားပဲ၊ သမ္ပတ္တိစက်လေးပါးထဲမှာ ပါတာလေ၊ ဟုတ်ပါတယ်၊ သပ္ပုရိသူပနိဿယ'ဆိုတာ 'သပ္ပုရိသ'နဲ့ 'ဥပနိဿ'ကို တွဲစပ်ထားတဲ့ပုဒ်ပါ။ အမှန်ကတော့ 'သပ္ပုရိသူပနိဿယ' သာမကပါဘူး သမ္ပတ္တိစက်လေးပါးလုံးဟာ ဥပနိဿယပစ္စည်း တွေချည်းပါပဲ။ *(လယ်တီ- ဓာတ်ကမ္မဋ္ဌာန်းကျမ်းပေါင်းချုပ် -၃ ၄၄၃)*

သမ္ပတ္တိစက်လေးပါးဆိုတာကိုလဲ ပြန်ပြီး နှလုံးသွင်းနိုင်အောင် နည်းနည်းထည့်ပြောပါဦးမယ်၊ သိပ်ပြီး ခက်ခက်ခဲခဲကြီး မှတ်စရာတော့ မဟုတ်လှပါဘူး။ မဂ်လသုတ်မှာပါတဲ့ 'ပတိရူပဒေသဝါသ'စတဲ့ မင်္ဂလာသုံးပါးတည်းကို သပ္ပုရိသူပနိဿယ ဆိုတာ တစ်ပါးထည့်လိုက်ရုံပါပဲ၊ အစဉ်အတိုင်းရေတွက်ရင်တော့ . .

(၁) ပုဗ္ဗေကတ ပုညတာ ။ ကြိုတင်ပြုဖူးသောကောင်းမှုရှိခြင်း။

(၂) ပတိရူပဒေသဝါသ ။ သင့်လျော်တဲ့ အရပ်ဒေသမှာနေရခြင်း။

(၃) သပ္ပုရိသူပနိဿယ ။ သူတော်ကောင်းအမှီအခိုရရှိခြင်း။

(၄) အတ္တသမ္မာပဏိဓိ ။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်နိုင်ခြင်းဆိုတဲ့ လေးပါးပါပဲ။

ရှေးကပြုဖူးတဲ့ကံတွေ အားကြီးခြင်းဟာလဲ ဥပနိဿယပစ္စည်းပါပဲ၊ နတ်ပြည်မှာနတ်တွေဟာ ဘာမှအလုပ်အကိုင်မလုပ်ရဘဲ

http://www.dhammadownload.com

နေစရာ ဘုံဗိမာန်တွေလဲ အသင့်၊ စားစရာဝတ်စရာတွေဆိုလဲ ပဒေသာပင်တွေပေါက်လို့ အသင့်ယူပြီးသုံးရုံပဲ ဆိုတာမျိုးတွေ၊ (ကံဟောင်းစား လူပျင်းကြိုက်အကျိုးတွေပေါ့လေ၊ ဒါကြောင့်လဲ လူပြည်မှာသာ လူစွမ်းကောင်းအာဇာနည်ဆိုတာရှိပြီး နတ်ပြည်မှာ နတ်စွမ်းကောင်းအာ ဇာနည်ရယ်လို့ မရှိတာဖြစ်မှာပေါ့) ငရဲဘုံသားတွေမှာ ချမ်းသာသုခဆိုတာ ကြားခွင့်တောင်မရနိုင်လောက်အောင် ဘက်စုံဆင်းရဲမှုတွေ ခံစားနေရတာတို့ ဆိုတာတွေဟာ ရှေးကံဟောင်းက ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုပေးတဲ့ အကျိုးတွေပဲပေါ့။ ဒါကို ကမ္မူပနိဿယ (ကမ္မ+ဥပနိဿယ)လို့ ခေါ်ပါတယ်။

နေရာကောင်းတဲ့အတွက် အလုပ်အကိုင် အစစ အဆင်ပြေနေတယ်ဆိုတွေဟာလဲ ဥပနိဿယပစ္စည်းတွေပါပဲ၊ နေရာကောင်းဆိုလို့ ကိုလိုနီခေတ်က မြန်မာပြည်မှာ တာဝန်ထမ်းဆောင်သွားဖူးတဲ့ အင်္ဂလိပ်အရာရှိတစ်ဦးက မြန်မာပြည်နဲ့ မြန်မာလူမျိုးတို့အပေါ် 'ချီးမွမ်းကန်ကျောက်' လုပ်ထားတဲ့ မှတ်တမ်းတစ်ခုအကြောင်းလဲ ကြားရဖူးတယ်။ သူ့မှတ်ချက်က ကျေးဇူးတင်ချင်စရာလို့ ဆိုရမလား၊ ဆဲချင်စရာလို့ ဆိုရမလားတော့မသိဘူး၊ သူ့မှတ်ချက်ပြုပုံကတော့-

'မြန်မာပြည်ရဲ့ မြေဆီညြေဇာဟာ ဘယ်လောက်ကောင်းသလဲဆိုရင် မြန်မာတောင်သူလယ်သမားတွေဟာ ခေတ်မီစက်ယန္တရားဆိုတာ လုံးဝမပါဘဲ မိရိုးဖလာသစ်တုံးကို တုတ်ပြားလေးတွေ တပ်ထားတဲ့ ထွန်တုံးဆိုတာကို နွားနဲ့ရုန်းခိုင်းပြီး ဟိုခြစ်ဒီဆွဲလုပ်တဲ့ စိုက်ပျိုးရေးနဲ့ပဲ စားနိုင်သောက်နိုင်ဖြစ်နေကြတာ၊ ယားတတ်တဲ့ လူကိုလက်နဲ့ အသာအယာကလိထိုးလိုက်ရုံနဲ့ ရယ်မောလာသလိုပဲ၊ မြန်မာမြေကြီးကလဲ အဲသလို တုတ်ချောင်းကလေးတွေနဲ့ထိုးခြစ်စိုက်ပျိုးလိုက်တာနဲ့ပဲ အသီးအပွင့်တွေကို တခစ်ခစ်ရယ်မောပြီး ဖောဖောသီသီ သီးပွင့်ပေးနေတော့တာ။

http://www.dhammadownload.com

သူတို့မြေနဲ့ သူတို့တတွေ လုပ်ကိုင်စားသောက်နေပုံကို ကြည့်ပြီး သူတို့ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာကျောင်းတွေက ဆွမ်းတော်တင်တဲ့ ပလ္လင်နားမှာ နေထိုင်စားသောက်နေတဲ့ ခွေးကြီးတွေကို သတိရစရာပဲ၊ အဲဒီခွေးကြီးတွေဟာ တခြားခွေးတွေလို ပင်ပင်ပန်းပန်း တောလိုက် ပြေးလွှား ဘာမှကြိုးစားစရာမလိုဘူး၊ ဘုရားကျောင်းနား တခြားတိရစ္ဆာန်ကပ်လာတဲ့အခါ ချောက်သလိုလှန့်သလို ဟောင်သံကလေး ပေးလိုက်၊ ပြီးရင် ဇိမ်နဲ့ပြန်မှိန်းနေလိုက်၊ စားချိန်တန်တော့ ဆွမ်းတော်ကျ အကောင်းစားတွေစားလိုက်နဲ့ ဇိမ်ကိုကျလို့။

အဲဒီလိုပဲ မြန်မာပြည်စိုက်ပျိုးရေးသမားတွေဟာလဲ တခြားနိုင်ငံသားတွေလို အပင်ပန်းခံကြိုးစားစရာမလိုဘဲနဲ့ကို စားဝတ်နေရေးက ပြေလည်နေတာ'တဲ့။

သူပေးတဲ့ ဥပမာကြီးက ကြမ်းလွန်း ရိုင်းလွန်းသလို လိုဖြစ်နေတော့ သူ့စာကချီးမွမ်းတာလား၊ ကန်ကျောက်တာလား ဆိုတာ ခွဲခြားရ ခက်နေတဲ့အတွက် မိတ်ဆွေလား ရန်သူလားဆိုတာလဲ ခွဲခြားရခက်ကောင်း ခက်နေမှာပေါ့။ 'ဟုတ်တာဆို နာလိုခံခက်' ဆိုတာ မျိုးကြီးများ ဖြစ်နေကြမလားပဲ။

ဒါပေမယ့် 'ချွတ်ယွင်းချက်များကို ထောက်ပြသူဟာ မြှောက်ချသူထက် မိတ်ဆွေကောင်းပီသတယ်'ဆိုတဲ့ ခံယူချက် မြင့်မြတ်သူတို့အနေနဲ့ကြည့်မယ်ဆိုရင် 'မြန်မာမြေဟာ ပထမတန်းစား ပတိရူပဒေသကြီးဖြစ်လို့ စီမံခန့်ခွဲမှုတွေ၊ အသိပညာ နည်းပညာနဲ့ ဇွဲလုံ့လတွေသာ ကမ္ဘာ့အဆင့်မှီအောင် ကြိုးစားလိုက်မယ်ဆိုရင် မြန်မာဟာ ကမ္ဘာကိုလွှမ်းမိုးနိုင်လောက်တယ်' လို့ ထောက်ပြလိုက်သလို ဖြစ်တဲ့အတွက် အပျင်းကြီးအလွယ်လိုက်ရင်း အသိဉာဏ်ငိုက်မျဉ်း နေသူများကို လှုပ်နိုးပြီးလိုအပ်ချက်တွေကို မီးမောင်းထိုးပြ လိုက်တာ ဖြစ်တာမို့ မိတ်ဆွေကောင်းတစ်ယောက်လို့ မှတ်ချက်ချနိုင်လိမ့်မယ် ထင်

http://www.dhammadownload.com

ပါတယ်။ ဒါကတော့ ကောင်းမှု,ဆိုးမှု၊ ကောင်းကျိုး, ဆိုးပြစ် တွေမှာ နေရာတစ်ခုရဲ့ အားကြီးတဲ့အကြောင်းတရားဖြစ်ပုံ ဒေသူပနိဿယ (ဒေသ+ဥပနိဿယ)ပါ။

သပ္ပုရိသူပနိဿယ ဆိုတာကတော့ သမ္မတ္တိစက် လေးမျိုးထဲမှာ အရေးအကြီးဆုံးလို့ဆိုရင် မှားမယ်မထင်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သံယုတ္တနိကာယ်၊ ကလျာဏမိတ္တသုတ်မှာ အရှင်အာနန္ဒက မြတ်စွာဘုရားကို ' လောကမှာ . . အမျိုးကောင်း သားသမီးတွေ ကောင်းကျိုးချမ်းသာအဖြာဖြာနဲ့ ပြည့်စုံဖို့အရေးမှာ မိတ်ကောင်း ဆွေကောင်း (အပေါင်းအသင်း ဆရာသမား) တို့ဟာ ထက်ဝက် (၅၀ ရာနှုန်း) လောက်အရေးကြီးတယ်လို့ ထင်ပါတယ်ဘုရား' ဆိုပြီး လျှောက်ထားတဲ့အခါ မြတ်စွာဘုရားရှင်က . .

'အာနန္ဒာ . . . ဒီလိုမပြောနဲ့ . . အာနန္ဒာ . . . ဒီလို မပြောနဲ့'လို့ နှစ်ခွန်းဆင့် တားမြစ်ပြီးတော့မှ 'လောကမှာ ကောင်းကျိုး ချမ်းသာနဲ့ ပြည့်စုံဖို့အတွက် ကလျာဏမိတ္တဟာ ရာနှုန်းပြည့် အရေးပါတယ်။

အခု သင်တို့တတွေဟာ အတိတ်ကဖြည့်ဆည်းခဲ့တဲ့ ပါရမီတွေ ဘယ်လောက်ပဲပြည့်နေနေ သဗ္ဗညုမြတ်စွာဘုရားဆိုတဲ့ အမှီကောင်း ကိုမရတဲ့အတွက် မဂ်ဖိုလ်ရကြောင်းတရားကို မနာယူ မသိရှိ ရလျှင် ဘယ်သူမဂ်ဖိုလ်ကိုရနိုင်မလဲ။

ပါရမီအလျှောက် မဂ်ဖိုလ်အဆင့်ဆင့်ရောက်ရှိကြတဲ့ သာဝကတွေမှန်သမျှ ငါဘုရားတည်းဟူသော ကလျာဏမိတ္တ အမှီကောင်းကို ရရှိလို့သာ ဖြစ်ကြတာချည်းမဟုတ်လား။

ငါဘုရားတည်းဟူသော ကလျာဏမိတ္တအမှီကောင်းကြောင့် မွေး,အို,နာ,သေ စက်ရဟတ်ကြီးထဲမှာ တဝဲလည်လည် လှည့်လည် ခံစားနေတဲ့ ဝေနေယျအများအပြား မွေး,အို,နာ,သေဆိုတဲ့ ဘေးဆိုး

http://www.dhammadownload.com

ကြီးက လွတ်ခွင့်ရသွားကြတယ်မို့လား၊ ဒါကြောင့် ကလျာဏမိတ္တ ဆိုတာ ကောင်းကျိုးချမ်းသာအတွက် ရာနှုန်းပြည့်အရေးပါတယ်လို့ မှတ်ရမယ် အာနန္ဒာ'ဆိုပြီး အကျယ်တဝင့် ရှင်းပြထားပါတယ်။

မြတ်စွာဘုရားဟောတဲ့ ကလျာဏမိတ္တနဲ့ သပ္ပုရိသဆိုတာ အတူတူပါပဲ၊ ကောင်းမှု မကောင်းမှုနဲ့၊ ကောင်းကျိုး ဆိုးပြစ်တို့ကို စိစစ်ခွဲခြား ဆုံးမလမ်းညွှန်နိုင်စွမ်းရှိကြတဲ့ မိတ်ကောင်းဆွေကောင်း ဆရာသမားကောင်းအားလုံးကို ခေါ်တာချည်းပါပဲ။

ဒီသမ္မတ္တိစက်နေရာမှာတော့ ကောင်းကျိုးချမ်းသာ ပြည့်စုံမှု အတွက် ဟောတဲ့နေရာဖြစ်လို့သာ 'သပ္ပုရိသ'လို့ ပြောရတာပါ၊ ပဌာန်း ဥပနိဿယပစ္စည်းအတွက် ပြောရမယ်ဆိုရင်တော့ အပေါင်း အဖော်မှန်သမျှ သပ္ပုရိသပဲဖြစ်ဖြစ်၊ ဒုပုရိသပဲဖြစ်ဖြစ်၊ လူကောင်း ဖြစ်ဖြစ်၊ လူဆိုးဖြစ်ဖြစ် ဩဇာသက်ရောက်အောင် လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အပေါင်းအဖော်မှန်သမျှ ပုဂ္ဂလဥပနိဿယပစ္စည်း ဖြစ်တာချည်းပါပဲ။

အထင်ရှားဆုံးသာဓကတစ်ခုကတော့ လူသိများလှတဲ့ ကျေး သားညီနောင်ဇာတ်ပါပဲ၊ လေတိုက်လို့ အသိုက်ထဲကနေ လွင့်စင်သွားရာ က ရသေ့တို့ရဲ့ကျောင်းသခ်ိန်း ရောက်သွားတဲ့ ကျေးသားငယ်က ရသေ့ တို့ရဲ့ ဆုံးမသွန်သင်မှု မှီဝဲခွင့်ရပြီး သူတော်ကောင်း ဖြစ်သွားတယ်။

ခိုးသူတို့နေရာရောက်ပြီး ခိုးသူတို့ရဲ့ စောင့်ရှောက်သွန်သင်မှု ကို မှီဝဲခွင့်ရသွားတဲ့ ကျေးသားငယ်က သူယုတ်မာ ဖြစ်သွားတယ်ဆိုတဲ့ နေရာမှာ ရသေ့တို့ဟာလဲ သူတော်ကောင်းဖြစ်ခြင်းရဲ့ အကြောင်း ဥပနိဿယပစ္စည်းဖြစ်သလို ခိုးသူများဟာလဲ သူယုတ်မာဖြစ်ခြင်းရဲ့ ဥပနိဿယပစ္စည်းများပဲ ဖြစ်ပါတယ်၊ ဒါကိုတော့ ပုဂ္ဂလဥပနိဿယပေါ့။

နောက် သမ္မတ္တိစက်တစ်ခုကတော့ အတ္တသမ္မာပဏိဓိတဲ့၊ ဒီနေရာမှာ အတ္တသဒ္ဒါက 'စိတ်'ကိုလဲ ဟောတယ်၊ ခန္ဓာကိုယ်တစ်ခုလုံး ကိုလဲ ဟောပါတယ်၊ ခန္ဓာကိုယ်တစ်ခုလုံးမှာလဲ စိတ်ကပဲ ကံအားလုံး

http://www.dhammadownload.com

ကို ဦးဆောင်တာဖြစ်လို့ 'အတ္တ' အရ 'စိတ်'ကို ယူလိုက်ရင် ပြည့်စုံပါတယ်၊ မိမိရဲ့ အဲဒီ 'စိတ်' ကလေးကို ကောင်းအောင်ထားတာကို အတ္တသမ္မာပဏိဓိ ခေါ်ပါတယ်။

ကောင်းအောင်ထားတယ်ဆိုတာ ဓမ္မရေးရာမှာ သဒ္ဓါ,သီလ စတဲ့ သူတော်ကောင်းတရားတွေ မရှိသေးရင် ရှိလာအောင်၊ လောကရေးမှာလဲ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ လိုအပ်တဲ့ အရာတွေ မပြည့်စုံသေးရင် ပြည့်စုံအောင် ပျင်းရိဆုတ်နှစ်ခြင်း မဖြစ်စေဘဲ ကြိုးစားအားထုတ်ပြုပြင်ပေးရတာဖြစ်လို့ 'မိမိစိတ် (ကိုယ်)ကို ကောင်းစွာ တည်ဆောက်တယ်'လို့လဲ ဆိုနိုင်ပါတယ်။

ဒီအတ္တသမ္မာပဏိဓိဆိုတဲ့ သမ္မတ္တိစက်ဟာ လောကီ လောကုတ္တရာကောင်းကျိုးချမ်းသာ အဖြာဖြာတို့နဲ့ ပြည့်စုံရေးမှာ တော့ အလွန်ကို အရေးပါတဲ့တရားပါ။ အတိတ်ကံ မကောင်းလို့ တိရစ္ဆာန်ဖြစ်နေတဲ့ နာဌာဂိရိဆင်ကြီးတို့ ပလလဲ ဆင်ကြီးတို့၊ ဖားနတ်သား ဖြစ်သွားတဲ့ ဖားကလေးတို့ သုဂတိဘုံ ရောက်ခွင့်ရသွားကြတယ်ဆိုတာတွေကို ကြည့်မယ်ဆိုရင် ရှေးဘဝ ကုသိုလ်ကံမရှိသူများပင် အတ္တသမ္မာပဏိဓိ ရှိလာရင် ပစ္စုပ္ပန်မှာကော သံသရာအတွက်ပါ တိုးတက်ချမ်းသာ ကောင်းမွန်သွားစေနိုင်တယ် ဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့်လဲ ဘုရားရှင်က တကယ့် အရေး တကယ့် ဘေးနဲ့ ကြုံတွေ့ရတဲ့အခါ 'အတ္တာဟိ အတ္တနော နာထော - မိမိကိုယ်တိုင်သာ မိမိရဲ့အားကိုးရာ အစစ်ဖြစ်တယ်' လို့ ဟောတော်မူတာဖြစ်မှာပါ။

ကောင်းစွာတည်ဆောက်ထားတဲ့စိတ်နဲ့ မကောင်းသဖြင့် တည်ဆောက်ထားတဲ့ စိတ်တို့ရဲ့ ဥပနိဿယသတ္တိထူးရှိပုံနဲ့ ပတ်သက်လို့ ဓမ္မပဒ (၄၂-၄၃)မှာလဲ -

မကောင်းသော စိတ်ထားသည် ထိုစိတ်ရှိသူကို ယုတ်ညံ့ဆိုးဝါးသူ ဖြစ်အောင်ပြုတတ်သည်။

http://www.dhammadownload.com

ကောင်းသောစိတ်ထားသည် ထိုစိတ်ရှိသူကို အထက်တန်းရောက်အောင် ပြုတတ်သည် . . လို့ ဆိုထားပါတယ်။

မူရင်းပါဠိတော်နဲ့ နိဿယကို သိလိုသူတို့အတွက်တော့ -

မိစ္ဆာ ပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။

သမ္မာ ပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

မိစ္ဆာ ပဏိဟိတံ = မကောင်းသဖြင့် ဆောက်တည် အပ်သော၊ စိတ္တံ = အကုသိုလ်စိတ် ရန်ထိပ်ပိတ်သည်၊ နံ အတ္တာနံ = ထိုမိမိကိုယ်ကို၊ ပါပိယော = ဘဝများစွာ သံသရာ၌ ယုတ်မာလေအောင်၊ ကရေ = ပြုလေ၏။

သမ္မာပဏိဟိတံ=ကောင်းစွာဆောက်တည်အပ်သော၊ စိတ္တံ= ဆွေမျိုးထိပ်ပိတ် ကုသိုလ်စိတ်သည်၊ နံ အတ္တာနံ = ထိုမိမိကိုယ်ကို၊ တတော = ထိုဆွေမျိုးတို့ထက်၊ သေယျသော = တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်အောင်၊ ကရေ = ပြုလေ၏။ (သင်္ဂဏိသယ)

အတ္တသမ္မာပဏိမိ ဥပနိဿယရဲ့ အရေးကြီးပုံနဲ့ပတ်သက်လို့ ပရိတ်ကြီးနိဿယသစ်ကျမ်းပြု သပြေကန်ဆရာတော် ဘုရားကြီးကတော့ -

'အတ္တသမ္မာပဏိမိရှိလျှင် လူ့အဆင့်အတန်းရှိ၍၊ မရှိလျှင် လူဟုခေါ်ရုံမျှသာဖြစ်လျက် လူ့အဆင့်အတန်း မမှီဟုလည်း ဆိုရ၏။ မှန်၏။ မနုဿ၏အနက်မှာ 'စိတ်ထားမြင့်မြတ်သူ'ဟုဖြစ်ရာ အတ္တသမ္မာပဏိမိမရှိသူ၌ ထိုအနက်ဘယ်မှာ ရောက်နိုင်ပါမည်နည်း။

တိရစ္ဆာန်များ၌ မနာလိုဖြင်း၊ ဝန်တိုခြင်း၊ လောဘ, ဒေါသကြီးခြင်းများက လွန်ကဲလျက်ရှိရာ ထိုစိတ်မျိုးတွေ ပါးအောင်နည်းအောင်ပြုခြင်းဖြင့် တိရစ္ဆာန်နှင့်မတူ လူ့အဆင့်အတန်းမှီအောင် ကြိုးစားသင့်ပေ၏။

မေတ္တာကရုဏာကင်းပြီး အချင်းချင်းအပေါ် စိတ်ထား

http://www.dhammadownload.com

မကောင်းကြ၍ လူအချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ တစ်သင်းနှင့် တစ်သင်း၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ မတည့်မစပ် ကွဲပြားလျက်ရှိရာ အတ္တသမ္မာပဏိဓိရှိကြလျှင်ကား အချင်းချင်းလည်ဖက်နိုင်ကာ အေးချမ်းသာယာသော လူ့လောကကို ဖန်တီးနိုင်မည်ဖြစ်၍ လောကသာယာရေးခ္ခ ဤ'အတ္တသမ္မာပဏိဓိ'မှာ အရေးပါလှပေသည်'လို့ မိန့်ဆိုပါတယ်။*(သပ္ပေကန် ပရိတ်ကြီးနိဿယ၊ ၁၂၃)*

'ဥပနိဿယ'ဆိုတဲ့ ပါဠိစကားနဲ့ဆက်စပ်မိရာက သမ္မတ္တိစက် ၄-ပါးကို ရောက်သွားလိုက်တာ ပဌာန်းဥပနိဿယပစ္စည်း ဆီကိုတော့ မရောက်သေးဘူး၊ ဒါပေမယ့် ပြောမိလက်စနဲ့ သမ္မတ္တိစက်လေးပါးအကြောင်းတော့ ဆုံးအောင်ပဲပြောလိုက်ရတော့မှာပဲ။

အခုပြောခဲ့တဲ့ သမ္မတ္တိစက်လေးပါးမှာ 'ပုဗ္ဗေကတ ပုညတာ' ဟာ လိုရင် အချုပ်ဖြစ်တယ်၊ အသိဉာဏ် သဒ္ဓါစေတနာ ထက်သန်စွာနဲ့ ပြုလုပ်ထားတဲ့ ဉာဏသမ္မယုတ်ကုသိုလ်စိတ်က ကုသိုလ်ပြုလုပ်သူကို ပတိရူပအရပ်ကိုပို့ပေးတယ်။ သူတော်ကောင်း အမှီရအောင် စီမံပေးတယ်။ မိမိကိုယ်စိတ်နှစ်မျိုးလုံးကို ကောင်းစွာထားသူဖြစ်အောင် ပြုပေးတယ်လို့ အဂုံတ္တရအဋ္ဌကထာနဲ့ ဒီဃနိကာယ်-သင်္ဂီတိသုတ် အဋ္ဌကထာတို့မှာ မိန့်ဆိုပါတယ်။

သံယုတ္တနိကာယ် - ကလျာဏမိတ္တသုတ်မှာ ဘုရားရှင် မိန့်တော်မူတာကတော့ သပ္ပုရိသူပနိဿယက ပဓာနကျတယ်လို့ ဆိုပါတယ်။

ဒီအဆိုအမိန့်များနဲ့ပတ်သက်လို့ သပ္ပေကန်ဆရာတော် ဘုရားကြီး သုံးသပ်ပြတာကတော့ -

'ပုဗ္ဗေကတပုညတာဟာ လိုရင်းဖြစ်တယ် (သို့)သပ္ပုရိသူပနိဿယဟာ လိုရင်းဖြစ်တယ်'ဆိုတဲ့ ပြဆိုခဲ့ပြီး အချက်များမှာ တကယ့်ပါရမီ ပြည့်စုံပြီးတဲ့ ပစ္ဆိမဘဝိကတို့အတွက်သာ လုံလောက်

http://www.dhammadownload.com

ရာ၏။ သာမန်ကောင်းမှုရှင် ပါရမီရှင်များအတွက်ကား စိတ်မချရ သေး'တဲ့။ *(သပ္ပေကန် ပရိတ်ကြီးနိဿယ၊ ၁၂၅)*

ဟုတ်ပါတယ်၊ 'ပစ္ဆိမဘဝိက'ဆိုတာ အခုဘဝဟာ နောက်ဆုံးဘဝပဲ၊ ဒီဘဝမှာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ အဆင့်အထိရောက်ကိုရောက်မည့် ပုဂ္ဂိုလ်ဖြစ် လောက်အောင် ပါရမီအရင့်စားရှိတဲ့ ပုဂ္ဂိုလ်မျိုးကိုဆိုလိုတာပါ။

အဲဒီလို ပုဂ္ဂိုလ်မျိုးကိုတော့ မဂ်တား ဖိုလ်တား အကုသိုလ်များဖြစ်ပေါ်ဖို့အကြောင်း တိုက်ဆိုင်လာရင်တောင် သူတို့ပြုထားတဲ့ ပုဗ္ဗေကတပုညပါရမီကုသိုလ်တို့ရဲ့ အစွမ်းသတ္တိက ဖယ်ရှားပေးပါတယ်။

အထင်ရှားဆုံး သာဓကအနေနဲ့ ပြရမယ်ဆိုရင် အရှင်အင်္ဂုလိမာလမထေရ်ပါပဲ၊ မထေရ်မြတ်အလောင်း အင်္ဂုလိမာလ ခိုးသူကြီး ဘဝရဲ့ နောက်ဆုံးအချိန်ကို ကြည့်မယ်ဆိုရင် နောက်ဆုံးလိုအပ်နေတဲ့ လက်ညှိုးတစ်ချောင်းကိုရဖို့ ကြိုးစားနေချိန်မှာ မိခင်ကထွက်လာပြီးတားတယ်၊ လက်ညှိုးတစ်ထောင်ပြည့်ရေးကိုသာ အဓိကထားနေတဲ့ အင်္ဂုလိမာလဟာ မိခင်နောက်ကိုပြေးလိုက်ရင်း ဘုရားရှင်နဲ့တွေ့တာပဲ၊ ဘုရားရှင်ကိုလဲ ရမယ်ဆိုရင် လက်ညှိုးဖြတ်မယ်ဆိုပြီး လိုက်တာပါပဲ၊ တကယ်လို့သာ ဒီကံကြီးတစ်ခုခု ကျူးလွန်မိရင်တော့ ပဠာနန္ဒရိယဆိုတဲ့ မဂ်တား ဖိုလ်တားကံကြီး ထိုက်သွားမှာပေါ့။

ဒါပေမယ့် ပစ္ဆိမဘဝိကသားစစ်စစ်ဖြစ်လောက်အောင် ပါရမီကြီးရင့်တဲ့အတွက် ဒီကံကြီးတွေ မကျူးလွန်မိမှာပဲ ဘုရားရှင်ရဲ့ တရားကို နာယူပြီး အသိတရားရသွားလို့ နောက်ဆုံး အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သွားပါတယ်။

ဒီလိုပုဂ္ဂိုလ်မျိုးကိုကျတော့ သူပြုထားတဲ့ ကံပါရမီတွေကပဲ

http://www.dhammadownload.com

ဘုရားရှင်သာသနာတော်ဆိုတဲ့ ပတိရူပဒေသကို ရောက်အောင်လဲ ပို့တယ်၊ ဘုရားတည်းဟူသောအမှီကောင်း သပ္ပုရိသူပနိဿယနဲ့လဲ ဆက်သွယ်ပေးတယ်၊ နောက်ဆုံး ဒီကံဟာ ပါရမီအစွမ်းနဲ့ပဲ မိမိကိုယ်ကို အာသဝေါကုန်ခန်းတဲ့ ရဟန္တာအဖြစ်ရောက်အောင် တည်ဆောက်နိုင်သွားပါတယ်။

သာမန်ကောင်းမှုရှင်များအတွက်ဆိုရင်တော့ ပုဗ္ဗေကတပုညတာဟာ စိတ်မချသေးပါဘူး၊ ရှင်ဒေဝဒတ်ဟာ ပတိရူပဒေသ၌ လဲဖြစ်ရ၊ တကယ့်သပ္ပုရိသဘုရားရှင်ကိုလဲမှီရသလို ရှေးကောင်းမှုရှိရာမှာလဲ ရှင်ဘုရင့်သားဖြစ်ရတာကို ကြည့်ရုံနဲ့ ထင်ရှားပါတယ်၊ သို့သော် အတ္တသမ္မာပဏိဓိ ပျက်တဲ့အတွက် အကျိုးမဲ့ဆုံးရှုံး သွားခဲ့ပါတယ်။

အဇာတသတ်ဟာလဲ ကောင်းမှုရှင်တစ်ဦးပါပဲ၊ ဖခင်သောတာပန် ဘုရင်ကြီးကိုလဲ မှီခွင့်ရပါတယ်၊ ရှင်ဒေဝဒတ်နဲ့ အပေါင်းမှားရာက အတ္တသမ္မာပဏိဓိပျက်ပြီး နစ်နာချက်ဆိုး သွားရရှာပါတယ်။ အဇာတသတ်ဟာ ဆရာပေါင်းမှားတဲ့အတွက် သပ္ပုရိသူပနိဿယ ချို့တဲ့တာလို့ မပြောနိုင်ဘူးလားဆိုရင်တော့ မပြောနိုင်ပါဘူး၊ သူပထမဆုံးပေါင်းရတာက တကယ့် သူတော်ကောင်းသောတာပန် ဖခင်ဘုရင်ကြီးပါ၊ အတ္တသမ္မာပဏိဓိ ပျက်ခြင်းသာ အဓိကအကြောင်းရင်းဖြစ်ပါတယ်၊ အတ္တသမ္မာပဏိဓိ ရှိသူများဖြစ်တဲ့ လက်ဝဲရန် လက်ျာရန်အလောင်းတော်များကျတော့ သိဋ္ဌည်း ဆရာကြီးနဲ့ ပထမဆုံးပေါင်းသင်းမိပေမယ့် အတ္တသမ္မာပဏိဓိနဲ့ ပြည့်စုံတဲ့အတွက် ကျန်သမ္ဘတ္တိစက်တွေ ပြည့်စုံလာပြီး ကံကြမ္မာနဲ့ တန်ရာတန်ရာ ရောက်ရှိသွားကြတာပါပဲ။ နောက်ထပ် ဆင်ခြင်တက်စရာတစ်ခုကတော့ ရှင်ဒေဝဒတ်တို့ဆိုတာ ပုဗ္ဗေကတပုညတာက ပါရမီမြောက်အောင်အထိ မကြီးမားခဲ့လို့ကော မဖြစ်နိုင်ဘူးလားဆိုတဲ့ အချက်ပါပဲ။

http://www.dhammadownload.com

ဒါဆိုရင်တော့ လူသိမျှားလှတဲ့ ကုဋ္ဌေရှစ်ဆယ်သူဌေးသားကို လက်ညှိုးထိုးပြရပါလိမ့်မယ်။

'ပထမအရွယ်ကတည်းကသာ အတ္တသမ္မာပဏိဓိ ပြည့်စုံခဲ့ရင် လောကီစီးပွားရေးအရဆိုရင်လဲ ပထမတန်းစား သူဌေးကြီး ဖြစ်နိုင်လောက်တဲ့ ကံနဲ့ပြည့်စုံတယ်၊ လောကုတ္တရာရေး ကြိုးစားမယ် ဆိုရင်လဲ အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်နိုင်တယ်'လို့ ဘုရားရှင် ကိုယ်တိုင် မိန့်ကြားတော်မူပါတယ်၊ ဒါပေမယ့် အတ္တသမ္မာပဏိဓိ ပျက်စီးတဲ့အတွက် "အတ္တာဟိ အတ္တနော နာထော" မဖြစ်ဘဲ အဆင်းရဲ ကြီး ဆင်းရဲပြီး အရှုံးကြီး ရှုံးချက်နာသွားပါတယ်။

ဒီအချက်မျှားဟာ ပုထုဇဉ်နဂတိရဲ့ စိတ်မချရတဲ့အဖြစ်ကို ဖော်ပြနေတာဖြစ်တဲ့အတွက် ပုထုဇဉ်နဂတိကနေ စိတ်ချရတဲ့ အရိယ ဘူမိ ရောက်ရေးအတွက် ကိုယ့်ကိုကိုယ်ကြိုးစား တည်ဆောက်သင့်ကြောင်း သတိပေးနေသလိုရှိပါတယ်။*(သပ္ပေကန်ပရိတ်ကြီး နိဿယ-၁၂၅)*

ဥပနိဿယပစ္စည်းကို အဋ္ဌကထာဆရာတော်ကြီးက မိုးတွင်းကာလမှာ ထစ်ချုန်းရွာသွန်းတဲ့မိုးကြီးနဲ့ တူတယ်လို့ ဥပမာပေးပါတယ်။

မျိုးစေ့ပေါင်းများစွာတို့ဟာ ဘယ်လောက်ပဲအောင်အောင်မြင်မြင်ဖြစ်ပြီး အပင်ပေါက်ရောက်နိုင်စွမ်းတွေ၊ အညွှန့် အညောက်ဖြစ်ပေါ်နိုင်စွမ်းတွေရှိနေနေ၊ ပိတောက်တွေ ဘယ်လောက်ပဲ ပွင့်နိုင်စွမ်းရှိနေနေ၊ မိုးရေနဲ့ ထိတွေ့ကြုံကြိုက်ခွင့် မရရင် ဘာမှ မဖြစ်နိုင်ပါဘူး၊ တချို့ ဗျိုင်းအောက်လို တိရစ္ဆာန်တွေလဲ ဘယ်လောက်ပဲ အရွယ်ရောက်နေနေ မိုးချုန်းသံကို မကြားရရင် ဥ,မဥနိုင်ဘူးလို့ ဆိုပါတယ်၊ မိုးထစ်ချုန်းသံနဲ့ မိုးရေ မိုးပေါက်တို့ရဲ့ ကျေးဇူးပြုပေးမှုကို ရရှိမှသာ ရှိပြီးသားအစွမ်း သတ္တိတွေ အစွမ်းပြဖြစ်ပေါ်ခွင့် ရကြ

http://www.dhammadownload.com

သလိုပါပဲ၊ အတိတ်ကံပါရမီတွေ စွမ်းရည်သတ္တိတွေ ဆိုတာလဲ ဥပနိဿယပစ္စည်းတရားက အစထုတ်ပေးမှသာ ဆိုင်ရာ အစွမ်းတွေကို ပြခွင့်ရကြမှာပါ။ ကလျာဏမိတ္တသုတ်မှာ ဘုရားရှင်က အရှင်အာနန္ဒာကို မိန့်ကြားတာဟာလဲ ဒီသဘောပါပဲ။

ဒါကြောင့်လဲ ဥပနိဿယပစ္စည်းကြီးကို အဋ္ဌကထာ ဆရာများက အရာဌာနများစွာတို့နဲ့ဆက်ဆံတဲ့ အကြီးမားဆုံး မဟာ ပစ္စည်းကြီးလို့ မိန့်ကြားတော်မူတာပါ။ ဒီပစ္စည်းကို နိဿယပြန်တဲ့ ပရမတ္ထသရူပဘေဒနီကျမ်းပြု၊ ဒုတိယရွှေကျင် သာသနာပိုင် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက -

ဥပနိဿပစ္စယော = မိုးနှင့်မကင်း၊ စုံခပင်းကို၊ မိုးတွင်းခြိမ့်အုံး၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုး ပြားလတ်၊ စိတ္တုပ္ပါဒ်အား၊ ဆယ့်လေးပါးတွင်၊ အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ အာရမ္မဏူပ နိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယတည်းဟူသော ဥပနိဿယ သုံးပါးပစ္စည်းတရားငင်း"လို့ အဋ္ဌကထာ အာဘော်ကျ အနက်ပြန်ဆိုတော်မူခဲ့ပါတယ်။

ဥပနိဿယပစ္စည်းမှာ -

(၁) အာရမ္မဏူပနိဿယ

(၂) အနန္တရူပနိဿယ

(၃) ပကတူပနိဿယ ဆိုပြီး ဥပနိဿယ သုံးမျိုးရှိပါတယ်။

(၁) အာရမ္မဏူပနိဿယဆိုတာ အာရမ္မဏ+ဥပနိဿယ။ အာရုံသည်ပင် အားကြီးသောမှီရာအကြောင်း(သို့) အားကြီးတဲ့ မှီရာအကြောင်းတရားဖြစ်လောက်အောင် အားကောင်းတဲ့ အာရုံတရားမျိုးပါ။

http://www.dhammadownload.com

ဥပမာ ရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားရှင်ကို လုပ်ကြံဖို့ လွှတ်လိုက်တဲ့ လေးသမားများဟာ မြတ်စွာဘုရားရှင်ရဲ့ အသရေတော်ကိုဖူးမြင်လိုက်ရတဲ့အခါ ပြစ်မှားချင်စိတ်တွေ အားလုံးပျောက်ပြီး ကြည်ညိုသွားကြတာတို့၊ အမ္ဗပါလီဆိုတဲ့ ပြည့်တန်ဆာမဟာ အသက်အရွယ်အတော်ကြီးလာတဲ့အခါ သူ့ရဲ့တစ်ဦးတည်းသော သားကို သိပ်ပြီးသတိရလာတယ်၊ ဒီသားက သူ့နိုင်ငံ ဝေသာလီဥပဒေအရ သူ့ကိုပြည်တန်ဆာမအဖြစ် သတ်မှတ်ခြင်းမခံရမီ ရာဇဂြိုဟ်မင်းသား ဗိမ္ဗိသာရနဲ့ နှစ်ဦးသဘောတူရထားတဲ့သားပါ၊ ဒီသားကိုယ်ဝန်ရစအချိန်လောက်မှာပဲ ဝေသာလီမင်းသားအများအပြားကလဲ အမ္ဗပါလီကို သူရမှ ငါရမှဆိုတဲ့ပြဿနာ ကကြီးထွားလာတယ်၊ (ဝေသာလီနဲ့ ရာဇဂဟက အစဉ်အလာရန်ငြိုးရန်ဘက်ဖြစ်နေကြတာဆိုတော့ ရာဇဂဟမင်းသားနဲ့ ရည်ငံနေတာကိုသိလို့ ဒီပြဿနာက တက်လာတာလဲဖြစ်ချင်ဖြစ်မှာပေါ့) ဒါနဲ့ ဝေသာလီ တရားရုံးရောက်တော့ "မိန်းမ တစ်ယောက်ကြောင့် ယောက်ျားအများ ခိုက်ရန်ဖြစ်ပွားမည့်အခြေအနေရောက်ခဲ့သော် ထိုမိန်းမကို အများပိုင် (ပြည်တန်ဆာ) အဖြစ်သတ်မှတ်စေ"ဆိုတဲ့ ဥပဒေအရ အမ္ဗပါလီကို ပြည်တန်ဆာအဖြစ် သတ်မှတ်လိုက်တယ်။

အမ္ဗပါလီက သူ့ကိုယ်ရေးကိုယ်တာကိုသိတဲ့အတွက် တစ်နှစ်ခန့်ရွှေ့ဆိုင်းပြီးမှ ဒီတာဝန်ကို ယူခွင့်ပြုဖို့ အယူခံရာမှာ ခွင့်ပြုချက်ရတယ်၊ နောက်တော့ သားကလေးမွေးဖွားတယ်၊ ကလေးဖွားတဲ့သတင်းကို ကြားသိရတဲ့အခါ မကြာမီ ပြည့်တန်ဆာတာဝန် ထမ်းဆောင်ရမှာဖြစ်လို့ နှမကိုပြည်တန်ဆာအဖြစ် သတ်မှတ်ခံရချိန်ကစပြီး သာသနာဘောင်ဝင်ရောက်သွားတဲ့ အစ်ကို ရဟန်းက လာရောက်ယူဆောင်ပြီး ပြုစုစောင့်ရှောက်ရင်း အဲဒီသားကလေးလဲ အရွယ်ရောက်တဲ့အခါ သာသနာဘောင်ရောက်သွား

http://www.dhammadownload.com

တယ်ဆိုတဲ့ သတင်းကိုတော့ အမွှပါလီကြားသိပြီးသား။

အရှယ်ကလေးရလာလို့ လောကီအာရုံတွေကို ငြီးငွေ့လာချိန်မှာ ပြည်တန်ဆာအဖြစ်က အနားယူလိုက်တဲ့ အမွှပါလီဟာ အထီးကျန်ဖြစ်လာတာနဲ့အမျှ သားကိုသတိရလာတယ်။ ဒါပေမယ့် သားကမြတ်စွာဘုရားရဲ့သာသနာဘောင်မှာ ရဟန်းဖြစ်နေပြီဆိုတော့ ပြန်ခေါ်ဖို့ကမဖြစ်နိုင်တော့တဲ့အတွက် တအုံ့နွေးနွေး ခံစား နေရတယ်။

တစ်ခါတော့ မြတ်စွာဘုရားရှင် နောက်ပါရဟန်းများနဲ့အတူ ဝေသာလီပြည်ကို ကြွလာတယ်၊ သူ့ရဲ့ သရက်ဥယျာဉ်ထဲမှာပဲ သီတင်းသုံး(စခန်းချ) နားနေတယ်ဆိုတဲ့သတင်းကို အမွှပါလီ ကြားသိရတဲ့အခါ ကြောင်းကျိုးဖြစ်စဉ်တွေကို မစဉ်းစားနိုင်ဘဲ သားအပေါ်စွဲလန်းတမ်းတစိတ်က လွှမ်းမိုးနေတဲ့ အမွှပါလီဟာ ဘာမှ စဉ်းစားမနေတော့ဘဲ " လောကမှာ အလွန်တွယ်တာကြတဲ့ သားသမီးနဲ့ မိဖတို့ကို တကွဲတပြားစီဖြစ်စေမယ့် အဖွဲ့အစည်း(သံဃာ)ကို ဦးဆောင်တည်ထောင်တဲ့ ဒီရဟန်းဂေါတမ(သူ့ခေတ် သုံးဝေါဟာရ)ကို ငါသွားပြီးရန်တွေ့မယ်ဆိုပြီး မြင်းရထားနဲ့ဘုရား ရှိရာကိုရောက်သွားတယ်။

ဘုရားရှင်ထံတော်မှောက်ရောက်လို့ ဘုရားရှင်က 'ချစ်သမီး အမွှပါလီ'လို့လဲ ခေါ်ပြီး နှုတ်ခွန်းဆက်လိုက်ရော သူ့မှာ ရှိထားနှင့်တဲ့ ဒေါသပူတွေဟာ တစ်ခါတည်းအငွေ့ပျံပျက်ပြယ်ကုန်ပြီး ဘုရားရှင်ကို ဒူးထောက်ဦးညွှတ်အရိုအသေပြုမိရက်သား ဖြစ်သွားတော့တယ်။ ဘုရားရှင်ရဲ့ မျက်နှာတော်ကို ဖူးမျှော်လိုက်ရချိန်မှာတော့ ကြည်ညိုတဲ့ သဒ္ဓါတရားစိတ်တွေ တိုးပွားဖြစ်ပေါ် လာပြီး မိမိပိုင်ဆိုင်တဲ့ ဥယျာဉ်ခြံကြီးကို ဘုရားရှင်နဲ့တပည့်သံဃာတော်များ သီတင်းသုံး နေဖို့အတွက် လှူဒါန်းပြီး နောက်ဆုံး ဘိက္ခုနီပြုလုပ်သွားတဲ့အခါမှာတော့

http://www.dhammadownload.com

အမွပါလိရဟန္တာထေရ်ရိမကြီးဖြစ်သွားပါတယ်။ ဒါတွေကတော့ ဘုရားရှင်ရဲ့ မျက်နှာတော် အသံတော်စတဲ့ အာရုံတွေက သာမန် ထက်ထူးခြားလွန်းတဲ့အတွက် ကြုံတွေ့ရသူများရဲ့သန္တာန်မှာ အမှတ်တမဲ့ သဘောမ ထားနိုင်လောက်အောင် လွှမ်းမိုးနိုင်စွမ်း ရှိတဲ့ သတ္တိနဲ့ ပြည့်စုံနေတာပါ။ အဲဒီလို အာရုံမျိုးကို အာရမ္မဏာ ဓိပတိလို့ ခေါ်ပါတယ်၊ အာရမ္မဏာဓိပတိဖြစ်တဲ့ တရားမျိုးဟာ အာရမ္မဏူပ နိဿယလဲ ဖြစ်ပါတယ်၊ လွှမ်းမိုးအစိုးရနိုင်စွမ်းအားအနေနဲ့ အဓိပတိ ဆိုတဲ့ အမည်ရပြီး မုချအကျိုးတရားဖြစ်ပေါ် စေနိုင်စွမ်းအား အနေနဲ့ ဥပနိဿယဆိုတဲ့အမည်ရတာပါ။ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူ ပနိဿယျ သံကွဲ ကြောင်းတူပစ္စည်းဖြစ်ပါတယ်။

အာရမ္မဏူပနိဿယပတရားဆိုတာ ကောင်းတဲ့ဘက်မှာ ချည်း ဖြစ်တာတော့မဟုတ်ပါဘူး၊ ကောင်းကျိုးဖြစ်စေ,ဆိုးကျိုး ဖြစ်စေ မုချဖြစ်ပေါ် အောင်စွမ်းဆောင်နိုင်တဲ့ အာရုံဟူသမျှဟာ အာရမ္မဏူပ နိဿယပစ္စည်းတရားချည်းပါပဲ။

ဥမ္မာဒန္တီရဲ့အဆင်းကို မြင်ပြီးလာရောက်စုံစမ်းတဲ့မျူးမတ်တွေ ငေးငိုင်ယိုင်လဲဖြစ်ကုန်ကြတယ်၊ သိဝိဆိုတဲ့ ဘုရားအလောင်း တော်ရှင်ဘုရင်ကြီး မေ့မောရူးယောင်ဖြစ်သွားတယ် ဆိုတာတွေ ဟာလဲ ဥမ္မာဒန္တီရဲ့အဆင်းရှုပါရုံက အာရမ္မဏူပနိဿယပစ္စယသတ္တိ ရှိလို့ပဲဖြစ်ပါတယ်။ အဆင်းအာရုံသာမကပါဘူး အသံ,အနံ့,အရသာ, အတွေ့,အတွေးဆိုတဲ့ အာရုံခြောက်ပါးလုံးပဲ၊ အားကြီးတဲ့ အစွမ်း သတ္တိလွန်းကဲရင် အာရမ္မဏူပနိဿယဖြစ်ပါတယ်။ တေလပတ္တ ဇာတ် မှာ ဘုရားအလောင်းရဲ့နောက်လိုက်များကို ဘီးလူးမ များက အာရုံ အမျိုးမျိုးနဲ့ တပ်မက်အောင်ဖြားယောင်း သွေးဆောင်တယ် ဆိုတာ သာမန်အာရုံထက်ထူးကဲတဲ့ အာရမ္မဏူပနိဿယဖြစ်လို့ပါပဲ။ အယူဝါဒတွေကိုအကြောင်းပြုပြီး စစ်ပွဲကြီးတွေ အထိဖြစ်ခဲ့ရတာ

http://www.dhammadownload.com

တွေကိုကြည့်ရင် အတွေးအာရုံများဟာလည်း အာရမ္မဏူပနိဿယ သတ္တိရှိတယ်ဆိုတာ ထင်ရှားပါတယ်။

အနန္တရူပနိဿယဆိုတာကလဲ အထွေအထူးမဟုတ်ပါဘူး၊ အနန္တရပစ္စည်းကိုပဲခေါ်တာပါ၊ ရဟန္တာတို့ရဲ့ စုတိစိတ်က လွဲပြီး ရှေးရှေးသောစိတ္တုပ္ပါဒ်တို့ရဲ့ ချုပ်ပျောက်ခြင်းဟာ နောက်နောက် စိတ္တုပ္ပါဒ်တွေကို မုချဖြစ်ပေါ်စေတဲ့အတွက် အကြောင်း တရားတွေ အားလုံးထဲမှာ အနန္တရူပစ္စည်းဟာ ဥပနိဿယအစစ်ဆုံး တရားပဲ ဖြစ်ပါတယ်။

'အစစ်ဆုံး'လို့ ပြောရတာကတော့ အာရမ္မဏူနိဿယတို့ နောက်ထပ်ပြောမယ့် ပကတူပနိဿယတို့ဆိုတာတွေက အကျိုးကို ဖြစ်စေနိုင်စွမ်းအားကြီးရုံပဲရှိတာ၊ ရာနှုန်းပြည့်အကျိုးကို ဖြစ်စေတယ်လို့တော့ မဆိုနိုင်ပါဘူး၊ ကာလနဂါးကြီး ဘုရားဆိုတဲ့ အသံကို ကြားပေမယ့် ဘာမှအကျိုးမထူးဘဲ 'လူပြည်ကလဲ ဘုရားတွေ ခဏခဏတယ်ပွင့်သကိုး'လို့ တစ်ချက်ပဲညည်းညူပြီး ပြန်အိပ်ပျော်သွားတာမျိုးလဲ ရှိပါတယ်။ ပကတူပနိဿယမှာဆိုရင်လဲ သဒ္ဓါတရားတွေ ဘယ်လောက်ကောင်းနေပေမယ့် အခါခပ်သိမ်း ကုသိုလ်မပြု ဖြစ်တာ တွေရှိတာပါပဲ။ ဒီအနန္တရပစ္စည်းကတော့(ရဟန္တာတို့ စုတိစိတ်က လွဲရင်) ရှေးရှေးစိတ်တွေ ချုပ်ပျောက်ခြင်းဟာ နောက်နောက်စိတ် တွေကို မုချဖြစ်ပေါ်စေတဲ့အတွက် ဥပနိဿယအစစ်လို့ ဆိုရတာပါ။ ဒါနဲ့ပတ်သက်လို့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ဥပနိဿယပစ္စည်း ပါဠိတော်ကို လေ့လာကြည့်ရင်တော့ ပိုပြီးသဘောပေါက်နိုင်ပါတယ်၊ အနန္တရူပနိဿယ မရတဲ့နေရာမှာ ကျန်တဲ့ဥပနိဿယနှစ်မျိုးကို 'ကေသဠ'ဆိုတဲ့ ပုဒ်ကလေးထည့်ပြီး ဟောထားပါတယ်။ 'ကေသဠ' ဆိုတာ 'အကြွင်းမဲ့ မဟုတ်ဘူး'လို့ အဓိပ္ပါယ်ရပါတယ်။

http://www.dhammadownload.com

ဥပနိဿယသုံးမျိုးထဲမှာ အကျယ်အဝန်းဆုံးနဲ့ လူတိုင်းမဖြစ်မနေသဘောပေါက်ထားဖို့ အကောင်းဆုံးကတော့ 'ပကတူပနိဿယ'ပဲဖြစ်ပါတယ်။

'ပကတူပနိဿယ'ကို ပကတိ+ဥပနိဿယလို့ နှစ်ပုဒ်ခွဲမယ်ဆိုရင် ပင်ကိုယ်ပြကတော့အားဖြင့် အားကြီးတဲ့ အကြောင်းတရားလို့ အဓိပ္ပါယ်ရပါတယ်။ တခြားအကြောင်းတရားတွေနဲ့ မရောမနှောရဘဲ သူ့ချည်းသက်သက်နဲ့ကို အကျိုးတရားကို ဖြစ်စေနိုင်စွမ်းရှိတယ်လို့ ဆိုတဲ့ သဘောပါ။

တနည်းအားဖြင့်တော့ ပကတ+ဥပနိဿလို့ နှစ်ပုဒ်ခွဲပါတယ်။ 'ပကတ'ဆိုတာ ဖြစ်စေအပ်တဲ့သဘော၊ မှီဝဲသုံးဆောင်အပ်တဲ့သဘောလို့ အဓိပ္ပါယ်ရပါတယ်။ ဟုတ်ပါတယ်၊ 'ပကတ' တရားဆိုတာ 'ဥပ္ပါဒိတ ပကတ၊ ဥပသေဝိတ ပကတ 'ဆိုပြီး နှစ်မျိုးရှိပါတယ်။ မိမိတို့သန္တာန်မှာ ကောင်းမှု,မကောင်းမှုတွေရဲ့ အခြေခံအကြောင်းတရားအနေနဲ့ တင်ကြိုဖြစ်ပေါ်ပေးရတဲ့ သဒ္ဓါသီလစတဲ့ သူတော်ကောင်းတရားများနဲ့ ရာဂ,ဒေါသစတဲ့ တရားဆိုးများကို 'ဥပ္ပါဒိတ ပကတ။ ဖြစ်စေအပ်တဲ့ ပကတတရားများ'လို့ခေါ်ဆိုပြီး အစားအစာ၊ ရာသီဥတု၊ မိတ်ဆွေသင်္ဂဟ၊ နေရာဒေသစတဲ့ တရားတွေကိုတော့ 'ဥပသေဝိတ ပကတ ။သုံးဆောင်မှီဝဲ ဆည်းကပ်တဲ့ ပကတတရားများ'လို့ ခေါ်ပါတယ်။ ဒါတွေက အကျဉ်းချုပ် လောက်သာ နမူနာထုတ်ပြတာပါ။ တကယ်တော့ လောကထဲမှာ ကိုယ်ပြုလုပ်သမျှအလုပ်တွေ၊ ကံတွေနဲ့သဘာဝအရ ထင်ရှားရှိ နေကြတဲ့ သတ္တလောက သခါရ လောကကြီးတစ်ခုလုံးမှာ ပကတူပ နိဿယ မဖြစ်တဲ့ တရားရယ်လို့ ရှိကိုမရှိဘူးလို့ ဆိုရလောက်အောင် ဒီပစ္စည်းတရားကြီးက ကျယ်ဝန်းလှပါတယ်။

သာမန်အားဖြင့် ဗုဒ္ဓဘာသာဝင်အများစုတို့ သဘောပေါက်

http://www.dhammadownload.com

လက်ခံထားကြတာကတော့ 'သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ စတဲ့ တရားကောင်းတွေအခြေခံရှိရင် ကုသိုလ်တရားတွေဖြစ်တယ်၊ ရာဂ, ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ပတ္ထနာစတဲ့ တရားဆိုးတွေ အခြေခံရှိရင် အကုသိုလ်တရားတွေဖြစ်တယ်လို့ မှတ်ထင်ကြပါတယ်။ ဒီပကတူပ နိဿယ ဒေသနာတော်ရဲ့ အကျယ်ဖြစ်တဲ့ ပဋ္ဌာဝါရ ပဋ္ဌာန်းဒေသနာ တော်ကြီးကို အသေအချာလေ့လာကြည့်တဲ့အခါကျမှ အခြေခံ တရားကောင်းတွေကြောင့်လဲ ဖြစ်ရပ်တွေ အကောင်း, အဆိုးနှစ်မျိုး လုံးဖြစ်နိုင်သလို အခြေခံတရားဆိုးတွေကြောင့်လည်း ဖြစ်ရပ်တွေ အဆိုးရော၊ အကောင်းပါ နှစ်မျိုးလုံး ဖြစ်စေနိုင်တယ် ဆိုတာကို သဘောပေါက်လာမှာပါ။

ဒီတရားတွေထဲက 'သဒ္ဓါ'တရားအကြောင်းကို အထိုက် အလျှောက်ပြည့်ပြည့်စုံစုံလေး သိထားသင့်ပါတယ်။

'သဒ္ဓါ'ကို ယုံကြည်မှုလို့ မြန်မာပြန်ကြပါတယ်။ အဘိမ္မာ အဋ္ဌကထာများမှာတော့ သဒ္ဓါတရားကို စကြာမင်းရဲ့ ပတ္တမြား ရတနာနဲ့တူတဲ့တရားလို့ ဥပမာပြုပါတယ်။ စကြာမင်းရဲ့ ပတ္တမြား ရတနာဆိုတာ ဘယ်လောက်နောက်ကျိနေတဲ့ ရေထဲပဲဖြစ်ဖြစ် ပတ္တမြားရတနာကိုထည့်လိုက်ရင်ရှိသမျှ အနည်မှုံတွေ အောက်ခြေ ကို ထိုင်ကျသွားပြီး ရေကလုံးဝသန့်စင်ကြည်လင် သွားစေပါသတဲ့။

သဒ္ဓါတရားဆိုတာကလဲ အဲဒီအတိုင်းပါပဲ၊ စိတ်ထဲမှာ အမြင် မကြည်လင်အောင်၊ တားဆီးပိတ်ပင်ထားတဲ့ စိတ်ကြမ်း စိတ်ထိုင်း တွေ၊ စိတ်လေစိတ်လွင့်တွေ၊ တွေဝေယိမ်းယိုင်မှုတွေစတဲ့ အနှောက် အယှက်အပိတ်အပင်အတားအဆီးတွေ အားလုံးဟာ သဒ္ဓါတရား ဖြစ်ပေါ်လာလိုက်တာနဲ့တစ်ပြိုင်နက် အနယ်ထိုင်သင့် တာထိုင်၊ လွင့် ပျောက်သင့်တာလွင့်ပျောက်ပြီး တစ်ခါတည်း စိတ်ကို ကြည်လင် အေးမြသွားစေပါတယ်။

http://www.dhammadownload.com

သဒ္ဓါတရားဟာ မကောင်းတဲ့တရားတွေကင်းကွာပြီး စိတ်ကို ကောင်းတဲ့အာရုံ၊ ကောင်းတဲ့အလုပ်ဆီရောက်အောင် စည်းရုံး ဆွဲဆောင်နိုင်စွမ်းအားရှိတဲ့အတွက် စိတ်ရဲ့စွမ်းအား ဗလငါးပါးထဲမှာ ပထမဆုံးနေရာက သတ်မှတ်ခံရတာပါ။ ဘဝတိုးတက်မှု၊ စိတ်ဓာတ် မြင့်မားမှုကိုလိုလားတဲ့ ပုဂ္ဂိုလ်တိုင်းအတွက် မိမိကိုယ်မိမိပြီးရင် ဒုတိယ အရေးအကြီးဆုံး မိတ်ဆွေကြီးနဲ့တူတယ်၊ သဒ္ဓါတရားရှိသူကိုသာ အမြင့်ဆုံးဖြစ်တဲ့ ပညာတရားကမြင့်တင်ပေးတယ် (သဒ္ဓါဒုတိယာ ပုရိသသ ဟောတိ၊ ပညာ စေ နံ ပသာသတိ)လို့လဲ ဘုရားရှင်က ဟောကြားထားပါတယ်။

လောကနယ်ပယ်မှာဖြစ်စေ၊ ဓမ္မနယ်ပယ်မှာဖြစ်စေ ဘဝကို မြင့်တက်သွားစေဖို့ စိတ်ဓာတ်တွေ မြင့်မြတ်သွားစေဖို့ဆိုရင် သဒ္ဓါ တရားနဲ့ စိတ်ကိုစည်းရုံးပြီး ပညာတရားက မြင့်တင်ပေး ရတာချည်း ပါပဲ။

ပဏ္ဍာဝါရ ပဌာန်းပါဠိတော်မှာ -

'သဒ္ဓံ ဥပနိဿာယ ဒါနံဒေတိ၊ သီလ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိ ဥပ္ပါဒေတိ'လို့ ဟောတော်မူထားတဲ့အတွက် -

စစ်မှန်တဲ့ သဒ္ဓါတရားဆိုတဲ့ ဥပနိဿယတရား တစ်မျိုး လောက် မိမိသန္တာန်မှာ ဖြစ်ပေါ်စေနိုင်ပြီဆိုရင် ဒါန သီလကစပြီး ဈာန်, မဂ်, ဖိုလ် အဘိညာဉ်သမာပတ်အထိ အားလုံးပြီးပြည့်စုံနိုင်ပါ တယ်။

သဒ္ဓါတရားကလေးတစ်ခု ဖြစ်ပေါ်လာရုံနဲ့ ဒီကိစ္စတွေ အားလုံး ပြီးပြည့်စုံနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါမလားလို့ သံသယ ဝင်သူလဲ ရှိကောင်းရှိနိုင်ပါတယ်၊ ဒီပုဂ္ဂိုလ်များက 'တရားအား

http://www.dhammadownload.com

ထုတ်တယ်' ဆိုတာကို 'တရားထိုင်တယ်' ဆိုတာနဲ့ ရောထွေး စဉ်းစား နေကြလို့ ခုလိုသံသယဖြစ်ကြတာပါ။

အမှန်ကတော့ တရားအားထုတ်တယ်ဆိုတာ သူစကားသံ ထဲမှာ အဓိပ္ပါယ်အပြည့်အဝပါပြီးသားပါ၊ သဒ္ဓါ,ဝီရိယ,သတိ, သမာဓိ, ပညာဆိုတဲ့ တရားအားတွေထွက်ပေါ်လာအောင် ထုတ်ရတာပါ၊ ဒီတရားအားတွေထွက်ပေါ်ဖို့ဆိုတာ လုပ်ငန်းပုံစံမျိုးစုံနဲ့ ထုတ်ယူ နိုင်ပါတယ်၊ အများနားလည်ထားတဲ့အတိုင်း တရားထိုင်တဲ့ လုပ်ငန်း နဲ့လဲ ထုတ်ယူနိုင်သလို ဒါန,သီလစတဲ့ ပုံစံနဲ့လဲ ထုတ်လို့ရပါတယ်၊ ဂုဏ်တော်ပွားခြင်း၊ ဆွမ်းပန်းရေချမ်းကပ်လှူခြင်းစတဲ့ လုပ်ငန်းပုံစံ မျိုးစုံနဲ့ ထုတ်လို့ရပါတယ်၊ တရားအား ပြည့်ဝလာပြီဆိုရင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်တာချည်းပါပဲ၊ ဒါကြောင့် ပဋ္ဌာန်းဒေသနာတော်မှာ သဒ္ဓါစွမ်းအားတစ်ခု ဖြစ်ပေါ်စေနိုင်ရင် ဓမ္မကိစ္စအားလုံးကို ပြည့်စုံ စေနိုင်တယ်လို့ ဟောတော်မူတာပါ။

ဒါကြောင့် 'တရားအားတွေ ထွက်ဖို့အတွက် တရားကို ဘယ်လိုအားထုတ်ရမလဲ'ဆိုတဲ့ကိစ္စဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရောက် မျက်မှောက်ပြုနိုင်ရေးအတွက် အလွန်အရေးကြီးတယ်ဆိုတာကို သဘောပေါက်ကြဖို့ လိုအပ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ **အဂ်ုတ္တရနိကာယ်၊ ပဥ္စကနိပါတ်၊ ဒဋ္ဌဗ္ဗသုတ်** ပါဠိတော်မှာ ဘုရားရှင်ဟောတော်ထားတာကတော့

လူတိုင်း လူတိုင်းမှာ မိမိတို့ရဲ့ကံပါရမီအလျှောက် 'သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ' ဆိုတဲ့ စိတ်စွမ်းအား ဓမ္မစွမ်းအား ဓာတ်ခံများရှိကြတယ်၊ ဒီစွမ်းအားတွေဟာ တစ်ဦးနဲ့တစ်ဦးတော့ မတူညီကြဘူး၊ တချို့က သဒ္ဓါစွမ်းအားသာပြီး ကျန်စွမ်းအား လျှော့တယ်၊ တချို့ကျတော့ ဝီရိယစွမ်းအားသာတယ်စသည်ဖြင့်ပေါ့။

http://www.dhammadownload.com

အဲဒီလို အခြေခံစွမ်းအားချင်း အားသာ အားနည်း မတူကြတဲ့ အတွက်ကြောင့်ပဲ၊ တရားအားထုတ်ရာမှာလဲ လူတိုင်းအတွက် ဒီနည်းတနည်းကိုသာ အားထုတ်နေလို့မရနိုင်ပါဘူး။ ဒါဖြင့် ဘယ်အားသာရင် ဘယ်အလုပ်မျိုးကစပြီး အားထုတ်ရမလဲဆိုတော့ -

(၁) သဒ္ဓါစွမ်းအားသာလွန်တဲ့ပုဂ္ဂိုလ်များဟာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကိုပွားများခြင်း၊ ကိုယ်ကျင့်သီလ မြဲအောင် စောင့်ထိန်းခြင်းဆိုတဲ့ အလုပ်လေးမျိုးကစပြီး အားထုတ်ပါတဲ့၊ ဘုရားဂုဏ်ပွားများခြင်းဆိုတဲ့အထဲမှာ ဘုရားဂုဏ်ကို အာရုံပြုပြီး ဆွမ်းပန်းရေချမ်းကပ်လှူမှုများလဲ အကျုံးဝင်ပါတယ်။

(၂) ဝီရိယစွမ်းအားသာလွန်သူများကတော့ အကုသိုလ်ကင်းရေး၊ ကုသိုလ်တိုးပွားရေးဆိုတဲ့ သမ္မပ္ပဓာန်လေးမျိုးကစပြီး အားထုတ်ရမယ်။

(၃) သတိစွမ်းအားသာလွန်သူများကတော့ သတိပဋ္ဌာန်းတရားလေးပါးကစပြီး အားထုတ်သင့်ပါတယ်တဲ့၊ လူတိုင်းတရားအားထုတ်တယ်လို့ သိထားတဲ့ အာနာပါနစတဲ့ကမ္မဋ္ဌာန်းအလုပ်တွေပေါ့။

(၄) သမာဓိစွမ်းအားသာလွန်တဲ့ ပုဂ္ဂိုလ်များကတော့ ကံလမ်း ဉာဏ်လမ်းတွေကိုစမလုပ်ဘဲ ဈာန်လမ်းကစပြီး အားထုတ်သင့်ပါတယ်။

(၅) ပညာစွမ်းအားသာလွန်တဲ့ ပုဂ္ဂိုလ်များကျတော့ သစ္စာလေးပါးကို တိုက်ရိုက်စတင်ပွားများရပါမယ်။ (ပဋ္ဌဝဂ္ဂိတို့ဟာ ပညာစွမ်းအားသာလွန်သူတွေဖြစ်လို့ တရားဦးဓမ္မစက္ကြာမှာ သစ္စာလေးပါးကိုပဲ တိုက်ရိုက်ဟောတော်မူတာပေါ့)

မြန်မာစကားလုံးတွဲများထဲက "အစွမ်းအစ"ဆိုတာလိုပေါ့။ ကိုယ်စွမ်းရာကစပြီးအားထုတ်ရမယ်၊ စွမ်းရာကစမှသာ အစွမ်းကုန်

http://www.dhammadownload.com

ပေါ်ထွက်လာမယ်လို့ဆိုလိုတာပါ။

သဒ္ဓါစွမ်းအားကသာလွန်လို့ ဂုဏ်တော်ပွားများတာတို့၊ သီလကို မကျိုးမပေါက်အောင် စောင့်ထိန်းတာတို့၊ သီလဆိုတဲ့ နေရာမှာ ငါးပါး၊ ရှစ်ပါးစသဖြင့် ရှောင်ကြဉ်သင့်တာတွေကို ရှောင်ကြဉ်တာက ဝါရိတ္တသီလလို့ခေါ်ပြီး၊ သူတစ်ပါးကို ကူညီတာ ပေးကမ်းလှူဒါန်းတာတို့က စာရိတ္တသီလခေါ်ပါတယ်၊ အဲဒီ သီလ နှစ်မျိုးလုံးပါပဲ၊ အဲဒါတွေကို တစ်မျိုးဖြစ်စေ၊ နှစ်မျိုးဖြစ်စေ အာလုံးဖြစ်စေ ကိုယ်စွမ်းနိုင်သမျှကြိုးစားနေတာဟာ တရားအားထုတ်နေတာပဲ။ နိဗ္ဗာန်ရောက်ကြောင်းအလုပ်နေတာပါပဲ။

တရားဆိုတာ ထိုင်မှ၊ မှတ်မှလို့လောက်သာ သိရှိလက်ခံထားသူများအနေနဲ့တော့ ဒီလောက်ကလေးကို 'နိဗ္ဗာန်ရောက်ကြောင်း လုပ်ငန်းကြီးတစ်ခုဖြစ်ပြီ၊ တရားအားထုတ်နေသူဖြစ်ပြီ'ဆိုတဲ့ စကားကိုလက်ခံလိုကြမယ်မဟုတ်ပါဘူး။ ဒါကြောင့်လဲ အဋ္ဌကထာဆရာကြီးက ဒီနေရာမှာ ဥပမာတွေနဲ့ အကျယ်တဝင့်ရှင်းပြပါတယ်။ ဆိုကြပါစို့ -

သူဌေးသားလေးယောက်ရယ်၊ ရှင်ဘုရင်ရယ် သူငယ်ချင်းငါးယောက်ရှိကြတယ်၊ နက္ခတ်ပွဲသဘင်ရောက်တဲ့အခါ တစ်ဦး အိမ်တစ်လှည့်စီ စားသောက်စရာတို့၊ ကဆိုတီးမှုတ်ပျော်ပါး စရာတို့ကို စီစဉ်ပြီး စားသောက်ပျော်ပါးကြပါတယ်။

အဲဒီလို လှည့်လည်ပျော်ပါးကြရာမှာ သူဌေးသားတစ်ဦးဦးရဲ့ အိမ်ကိုရောက်ရင် အဲဒီအိမ်ရှင်သူဌေးသားက ပြုဖွယ်ကိစ္စ အားလုံးကို သူစွမ်းနိုင်သလို သူစီစဉ်တယ်၊ ကျန်သူငယ်ချင်းလေးဦးတို့က အိမ်ရှင်သူငယ်ချင်းဦးဆောင်စီစဉ်တဲ့အတိုင်း ကိုယ်စွမ်းရာ စွမ်းရာကပါဝင်ကူညီကြပါတယ်၊ အားလုံးပြည့်စုံလို့ ပြင်ဆင်ပြီးတဲ့အခါမှာတော့ ငါးယောက်လုံးပဲအတူတူ စားသောက်ပျော်ရွှင်ကြပါတယ်၊ ဒီနေရာမှာ

http://www.dhammadownload.com

ရှင်ဘုရင်ကလဲ ငါရှင်ဘုရင်ပဲဆိုပြီး သူတစ်ပါးအိမ်မှာဝင်ပြီး ဗိုလ်မကျဘူး၊ နောက်လိုက်အဖြစ်နဲ့ပဲ ကူညီတယ်၊သူ့နန်း တော်ရောက်တဲ့အခါမှာ ကျတော့လဲ 'ငါက ဘုရင်ဖြစ်တယ် သင်တို့သာလုပ်ကြ' ဆိုပြီး သူတစ်ပါးကိုတာဝန်မလွှဲဘူး ကိုယ့်အိမ်မှာ ကိုယ်ပဲဦးဆောင်တယ်၊ ပြီးပြည့်စုံတဲ့အခါလဲ အားလုံးပဲ တန်းတူရည်တူခံစားပျော်ပါးကြရပါတယ်တဲ့။

အဲဒီလိုပဲ စိတ်စွမ်းအားဓာတ်ခံများဖြစ်ကြတဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ဟာလဲ အချင်းချင်းအမြဲတွဲနေကြတဲ့ သူငယ်ချင်းငါးယောက်နဲ့တူတယ်။ စွမ်းရာက ဦးဆောင်ပြီး ကျန်တရားများက ဝိုင်းဝန်းကူညီကြပါတယ်၊ ဦးဆောင်တဲ့တရား ပြည့်ဝသွားတဲ့အခါမှာတော့ ကျန်တရားများလဲ အားလုံးပြည့်ဝသွားတာပါပဲ၊ အဲဒီအခါမှာ တရားမှန်သမျှအားလုံးကို လုပ်နိုင် (အားထုတ်နိုင်) စွမ်းရှိပြီး တရားလဲပြည့်သွားပါတယ်တဲ့။

ဒီနေရာမှာ ထင်ရှားတဲ့သာဓကတွေ အများကြီးရှိပါတယ်။ မြတ်စွာဘုရားရှင် တရားဦးဟောတော်မူတဲ့ ဝါဆိုလပြည့်ညက ရာဇဂြိုဟ်မြို့က အိမ်ကြီးတစ်အိမ်ရဲ့ ပြဿာဒ်ထက်မှာ ကာဠဆိုတဲ့ မိန်းကလေးတစ်ယောက် မီးဖွားခါနီးဆဲဆဲကြီးမှာပဲ ကိုယ်ဝန်ကြောင့် ခံစားရတဲ့ ဝေဒနာကိုပယ်ဖျောက်ဖို့ လေသာဆောင်ထွက်ပြီး လေညှင်းခံနေတယ်။

အဲဒီအချိန်မှာပဲ သာတာဂိရိနဲ့ဟေမဝတဆိုတဲ့ နတ်ဘီလူးကြီးနှစ်ဦးတို့ မြတ်စွာဘုရားပွင့်တော်မူပြီ၊ တရားဦးဟော နေပြီဆိုတဲ့အကြောင်းကို ပြောနေကြတယ်။ ဒီနတ်ဘီလူးကြီးနှစ်ဦးလုံးက ကဿပဘုရားရှင်သာသနာမှာ ပရိယတ်,ပဋိပတ် အခြေခံ ပါရမီကောင်းကောင်းကြီးရှိခဲ့သူများပီပီ ဘုရားစစ်ဘုရားမှန် တရားစစ်တရားမှန်ဆိုတာတွေကို ခွဲခြားနိုင်စွမ်းရှိကြတယ်။ သူတို့နှစ်ဦးလုံးဟာ

http://www.dhammadownload.com

ဝိနည်းဓိုရ်ကြီးတွေအဖြစ်နဲ့ ဘာမှမပြောပလောက်တဲ့ လာဘ်ကလေးကိုအကြောင်းပြုပြီး (လာဘ်စားမိခဲ့ ကြလို့ပေါ့လေ) ကဿပဘုရားရှင်သာသနာတော်ကြီးနဲ့ အချိုးနှိုးလွဲခဲ့ကြသူတွေဖြစ်လို့ နောက်ထပ်ဘုရားတစ်ဆူပွင့်ရင်တော့ အလွဲမခံတော့ဘူးဆိုပြီး ဘုရားပွင့်တယ်ဆိုတဲ့ အသံကြားတိုင်းသွားခဲ့ကြသူတွေပါ။ သွားခဲ့ဖူးသမျှ ဘုရားအမည်ခံပုဂ္ဂိုလ်တွေအားလုံးဟာလဲ အတုအယောင်တွေချည်းဆိုတာ သူတို့သိပြီးသား။

ဘုရားသံကြားတိုင်းသွားခဲ့ရတာ အတုအယောင်တွေနဲ့ချည်း အကြိမ်ကြိမ်ကြုံခဲ့ရလို့ ဒီတစ်ခါတော့ ဟေမဝတဘီလူး ကြီးကသတင်းလာပို့တဲ့ သာတဂိရိနတ်ဘီလူးကြီးကို အသေးစိတ် စစ်ဆေးမေးမြန်းတယ်၊ ဘုရားဂုဏ်,တရားဂုဏ်တွေ ထုတ်ထုတ် ပြပြီးတော့မှ 'အဲဒီ . . အဲဒီဂုဏ်တွေနဲ့ ပြည့်စုံကိုက်ညီရဲ့လား' ပေါ့။

ဒါကို အခုနပြာသာဒ်ထက်မှာ လေညှင်းခံနေတဲ့ ကာဠီအမျိုးသမီးကလေးက ကြားနေရတယ်၊ ပင်ကိုယ်ကလဲ သဒ္ဓါတရားဓာတ်ခံကလေးက အားကောင်းတဲ့မိန်းကလေးဆိုတော့ 'ဘုရား' ဆိုတဲ့ အသံကြားကတည်းက စိတ်ဝင်စားသွားတာ၊ နောက်တော့ နတ်ဘီဘူးကြီးနှစ်ဦး အချင်းချင်းမေးကြမြန်းကြတဲ့ ဘုရားဂုဏ်, တရားဂုဏ်တွေကို ကြားရတဲ့အခါမှာတော့ 'ဘုရားဆိုတာ ဒီလိုဂုဏ်တွေနဲ့ ပြည့်စုံမှပေါ့၊ တရားစစ် တရားမှန်ဆိုတာလဲ ဒါမျိုးမှပေါ့' ဆိုပြီး တစ်ခါတည်း ဘုရားအာရုံ တရားအာရုံထဲကို စိတ်ကစူး စိုက်သက်ဝင်သွားတော့သတဲ့။

ဒီနေရာမှာ သဘောပေါက်ရမှာကတော့ သဒ္ဓါစွမ်းအားကြောင့် ဘုရားတရားအာရုံပေါ်မှာ စိတ်ကရောက်သွားတယ်ဆိုတာထဲမှာ ဝိရိယတရားကလဲ စိတ်ကိုဘုရားတရားအာရုံပေါ်ရောက်နေအောင် မပြတ်ကြိုးစားတွန်းပို့ပေးတယ်၊ သတိတရားကလဲ

http://www.dhammadownload.com

စိတ်နဲ့ဘုရားတရား အာရုံလွတ်မသွားအောင် မပြတ်အောက်မေ့ ဆက်စပ်ပေးတယ်၊ သမာဓိတရားကလဲ စိတ်ကိုလိုအပ်တဲ့အာရုံ တစ်ခုတည်းပေါ်မှာပဲ စူးစိုက်ကျပေးတယ်၊ ပညာတရားကလဲ ဘုရား စစ်တရားစစ်ဆိုတဲ့ အသိတရားနဲ့ မြှင့်တင်ပေးနေတယ်၊ ဒါကြောင့် စွမ်းအားငါးခုလုံးဟာ တစုတလုံးတည်း စုပေါင်း လုပ်ဆောင်နေကြ တယ်လို့ သဘောပေါက်ရမှာပါ။

သဒ္ဓါတရားက ဘုရားတရားအာရုံထဲ စိတ်ကိုနစ်ဝင်သွား တယ်လို့ ဆိုရလောက်အောင်ကို အင်အားပြည့်လာတဲ့ အခါမှာတော့ ကျန်တဲ့စွမ်းအားတွေလဲ အားလုံးပြည့်သွားပါတယ်။ ဒီအခါမှာ ဝီရိယစွမ်းအား သတိစွမ်းအား သမာဓိစွမ်းအားတို့က သမာဓိ မဂ္ဂင်ကိစ္စကို ဆောင်ရွက်နိုင်သွားပါတယ်။ သဘောကတော့ ဝီရိယက အာရုံကိုမပြတ်မလပ်အောင် ကြိုးစားပေးတယ်၊ သမာဓိက မပြတ် မလပ်ကျရောက်တည်ကြည်တယ်၊ အဲဒီအခါမှာ သတိကလဲ ကြားပြီး သိနေရတဲ့အာရုံတွေ၊ အဲဒီအာရုံကို သိသိနေတဲ့ စိတ်ကလေးတွေ၊ ဒီအာရုံကို အာရုံပြုပြီးဖြစ်ပေါ်ကြည်နူးရတဲ့ ပီတိတရားလေးတွေ ပေါ်မှာ မပြတ်သတိပြုပေးနေတယ်၊ သမာဓိနဲ့စူးစိုက်ပြီး သတိနဲ့ သုံးသပ်ပေးလိုက်တဲ့အခါ ပညာတရားက အာရုံရုပ်တရားရော သိတဲ့ နာမ်တရားရော ဖြစ်လာတဲ့ ပီတိတရားတွေရော ဘယ်ဟာမှ အမြဲ တည်တန့် မနေပါလားဆိုတဲ့ ဝိပဿနာအသိရလာပြီး၊ နောက်တော့ အဲဒီတစ်ထိုင်တည်းမှာပဲ နတ်ဘီလူးကြီးနှစ်ဦးတို့ရဲ့ ဆွေးနွေးမေးမြန်း ခန်းတောင်မဆုံးလိုက်ခင်ဘူး ကာဠီအမျိုးသမီးကလေး သောတာပန် ဖြစ်သွားပါသတဲ့။

ဒီဖြစ်ရပ်ကို သာဓကပြပြီး တချို့က 'သောတာပန် ဖြစ်ဖို့ အတွက် ဝိပဿနာမလိုဘူး'လို့တောင် အထင်မှားအယူမှား ဖြစ်နေ ကြသူတွေ တွေ့ရဖူးပါတယ်၊ ဒါလဲ ဝိပဿနာအလုပ်ကို တရား ထိုင်

http://www.dhammadownload.com

တာနဲ့ အတူတူထင်မှတ်ပြီး တရားထိုင်တယ်လို့ မပါတဲ့အတွက် ဝိပဿနာမလိုဘူးလို့ အထင်မှားကြတာပါ။ ဝိပဿနာအလုပ်ဆိုတာ ထိုင်နေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ ခန္ဓာထဲမှာ ကြုံတွေ့နေရသမျှ ရုပ်တရားနာမ်တရားတွေရဲ့ သဘောအမှန်ကို သိနိုင်အောင် သတိနဲ့ပုံဖော်ပေးပြီး ဉာဏ်ကသိနေရတာပါ။ "တရားရှာကိုယ်မှာတွေ"ဆိုတဲ့အတိုင်း ဘယ်လိုဂ္ဂရိယာပုထ်နဲ့ ဘာပဲလုပ်နေနေ ခန္ဓာရှိတဲ့နေရာမှာ တရားရှာလို့ ရပါတယ်။ "ခန္ဓာရှိ၊ သတိထား၊ တရားတွေ"လို့သာ မြဲမြဲမှတ်ထားပြီး အခိုင်အမာခံယူကျင့်သုံးဖို့ လိုပါတယ်။ သတိထားရင် တရားသိမယ်။

စိတ်အစဉ်ဖြစ်ပျက်တဲ့ အမြန်နှုန်းက လက်ဖျစ်တစ်တွက် မျက်စိတစ်မှိတ်ဆိုတဲ့ အချိန်ကလေးတစ်ခုအတွင်းမှာ ကုဋေ တစ်သိန်းမက ဖြစ်နိုင်ပါတယ်၊ အဲဒီလောက်အထိမြန်တဲ့ စိတ်ရဲ့ ဖြစ်စဉ်အရ ကာဠီအမျိုးသမီးကလေးရဲ့သန္တာန်မှာ ဘုရားဂုဏ် တရားဂုဏ်တွေကို အာရုံပြုရာက သတိအား, သမာဓိအား, ပညာအားတွေ ပါပြည့်လာတဲ့အခါ သူ့သန္တာန်မှာဖြစ်ပေါ်နေတဲ့ရုပ် တရားတွေကို သတိထားကြည့်ရှုရင်း အနိစ္စ,ဒုက္ခ,အနတ္တဆိုတဲ့ သဘောလက္ခဏာ အမှန်တွေကို သိပေးနေတဲ့ ဝိပဿနာပညာတွေ ဘယ်လောက်အထိ ဖြစ်နေမယ်ဆိုတာ ခန့်မှန်းလို့တောင်မရလောက်အောင်ပါပဲ။

အဘိဓမ္မာဒေသနာတော်ကို လေ့လာဖူးသူများအနေနဲ့တော့ တစ်မဂ်တစ်ဖိုလ်ဆိုက်ရောက်တယ်ဆိုတာ မဂ်ဉာဏ်တွေ သူ့ချည်းဖြစ်လို့ မရနိုင်ပါဘူး။ မဂ်တစ်ခုရဲ့ ရှေ့ပြေးအဖြစ် 'ပရိကမ်, ဥပစာ, အနုလုံ,ဂေါတြဘူ(သို့)ဝေါဒါန်ဆိုတဲ့ ကာမာဝစရ ကုသိုလ်ဉာဏသမ္ပယုတ်စိတ်တွေဖြစ်ပြီးမှ မဂ်စိတ်ဖြစ်ခွင့်ရတာပါ။ ရှေ့ပြေးစိတ်တွေထဲက ပရိကမ်, ဥပစာ, အနုလုံတို့ဆိုတာ သခ်ၸါရတရားတို့ကို အာရုံပြုတဲ့ ဝိပဿနာဉာဏ်စိတ်တွေပါ။ ဒီသခ်ၸါရပေက္ခာ ဝိပဿနာ

http://www.dhammadownload.com

ဉာဏ်တွေဆိုတာ သခ်ါရတရားကို သုံးသပ်ဆင်ခြင်တဲ့ သမ္မသနဉာဏ်စသည်တို့ ရှေ့သွားမပြုဘဲ မဖြစ်ပေါ်နိုင်ဘူး၊ ဒါတွေ အားလုံး သူ့အစီအစဉ်နဲ့သူ ဖြစ်ပေါ်ကြတာပါ။ ဒါကြောင့် ဝိပဿနာ ဉာဏ်မပါတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ ရှိကိုမရှိနိုင်ဘူးလို့ ရှင်းရှင်းလင်းလင်း သဘောပေါက်ကြပါလိမ့်မယ်။

သဒ္ဓါတရားသန်သူက ကိုယ်သန်ရာကကိုယ်စသလိုပဲ ဝီရိယ, သတိစသည်သန်ကြသူတို့လဲ ကိုယ်သန်ရာက ကိုယ်စကြပါ။ ကျန်စွမ်းအားတွေ အကုန်လုံးပူးပေါင်းကူညီကြပြီး နောက်ဆုံးတော့ ဓမ္မစွမ်းအားတွေ အကုန်ပြည့်သွားကြလို့ ကိုယ့်ကိစ္စကိုယ် အပြည့်အဝ ဆောင်ရွက်ပြီး ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်အဆင့်ဆင့်ကို ရောက်နိုင်တာချည်းပါပဲ၊ အဲဒီဓမ္မစွမ်းအားတွေ ပေါ်ထွက်လာအောင်လုပ်တဲ့ လုပ်ငန်းအားလုံးကိုပဲ တရားအားထုတ်တယ်လို့ ဆိုနိုင်ပါတယ်၊ ဒါကြောင့် သဒ္ဓါအစရှိတဲ့တရားတွေ ဥပနိဿယ ပစ္စည်းသတ္တိရှိလောက်အောင် မိမိသန္တာန်မှာ ဖြစ်စေပြီဆိုရင် မဂ်ဖိုလ် အဘိညာဉ် သမာပတ်အထိ အားလုံးကိစ္စပြီးစီးနိုင်တယ်လို့ ဟောတော်မူတာပါ။ မိမိအနေနဲ့ တပည့်တွေကိုနားလည် သဘောပေါက်လွယ်အောင် ပြောပြလေ့ရှိတာကတော့ လောကမှာ "ဆီ" ဆိုတာကို ရရှိဖို့အတွက် အဆင့်သုံးဆင့်ရှိတယ်။ ပထမ အဆင့်က နှမ်း,မြေပဲစတဲ့ ဆီထွက်သီးနှံတွေမှာ ဆီရှိလာအောင်၊ ဆီရှိလာတဲ့အထိ ရင့်မှည့်အောင်မြင်အောင် လုပ်ရတယ်၊ ဒုတိယဆီကိုဆုံမှာ ကြိတ်ရတယ်၊ တတိယအနေနဲ့ ကြိတ်သားကျလာတဲ့အခါ ဆီထွက်လာတယ်။ အဲဒီမှာ ဆီရှိတာရယ်၊ ဆီကြိတ်တာရယ်၊ ဆီရတာရယ် သုံးဆင့်ရှိတယ်။

အဲဒီအတိုင်းပဲ တရားအသိရတယ်ဆိုတဲ့နေရာမှာလဲ အဆင့်သုံးဆင့် ပြည့်စုံရတယ်၊ ပထမဆုံး တရားရှိနေရမယ်၊ ဒုတိယက

http://www.dhammadownload.com

တရားအားထုတ်ရမယ်၊ တတိယဖြစ်တဲ့ နောက်ဆုံးအဆင့်မှာ တရားအသိရလာမယ်။ ပထမဆင့် တရားရှိဖို့ဆိုတာ မိမိရဲ့ ကံသုံးပါးလုံးမှာ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ပြီး တရားတဲ့ခန္ဓာ ကိုယ်ကြီးဖြစ်အောင် လေ့ကျင့်ရတာဖြစ်လို့ "တရားကျင့်တဲ့အဆင့်"လို့လဲ ဆိုနိုင်ပါတယ်။ သိက္ခာသုံးပါးနဲ့ပြောမယ်ဆိုရင် သီလသိက္ခာ ဖြစ်ပါတယ်။

သိက္ခာသုံးပါးမှာ သီလသိက္ခာက အထူးသဖြင့် ကာယကံ ဝစီကံတွေမှာ မတရားမှုမပါအောင် လေ့ကျင့်တာဖြစ်လို့ တရားကျင့်တဲ့အဆင့်ပါ။ ဒီအဆင့်မှာ ဒဋ္ဌဗ္ဗသုတ်မှာ မြတ်စွာဘုရားရှင် ဟောညွှန်ခဲ့တဲ့အတိုင်း သဒ္ဓါစွမ်းအားဦးဆောင်တဲ့ လုပ်ငန်းတွေကို လေ့ကျင့်ပျိုးထောင်ပေးရပါတယ်။ အထူးသဖြင့်တော့ သီလ မြဲမြဲလုံခြုံအောင် စောင့်ထိန်းရတာပေါ့။ မဂ္ဂင်အနေနဲ့ ပြောမယ်ဆိုရင် "သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ"ဆိုတဲ့ သီလမဂ္ဂင်တွေ ခိုင်မာပြည့်ဝအောင် လေ့ကျင့်ရတာပါပဲ။ ဒါကြောင့် ဒီအဆင့်ကို တရားကျင့်တဲ့အဆင့်လို့ ဆိုချင်ပါတယ်။

ဒုတိယဆင့်မှာတော့ ကာယကံ ဝစီကံမှာသာမက မနောကံမှာပါ အကုသိုလ်တရားတွေ မကပ်ငြိရအောင် ဣန္ဒြေတို့ကို သတိနဲ့ အားထုတ်စောင့်ကြပ်ရတာဖြစ်လို့ တရားအားထုတ်တဲ့အဆင့်လို့ ပြောချင်ပါတယ်။ သိက္ခာသုံးပါးနဲ့ပြောမယ်ဆိုရင် သမာဓိသိက္ခာ ဖြစ်ပါတယ်။ ဒဋ္ဌဗ္ဗသုတ်မှာ ဟောညွှန်တဲ့အတိုင်းဆိုရင်တော့ ဝီရိယစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအားဆိုင်ရာ လုပ်ငန်းများကို အားထုတ်ကြရမှာပါ။ မဂ္ဂင်အနေနဲ့ဆိုရင်လည်း "သမ္မဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ" ဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါး အားပြည့်လာအောင် ကြိုးစားတည်ဆောက်ရတာပါပဲ။

သမာဓိမဂ္ဂင်ခိုင်မာလာပြီဆိုရင် "သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ"ဆိုတဲ့အတိုင်း တတိယဆင့်ဖြစ်တဲ့ ဝိပဿနာပညာ မဂ်

http://www.dhammadownload.com

ပညာတို့ အဆင့်ဆင့်တက်ပြီး တရားအသိရသွားလို့ တရားရတဲ့ အဆင့်လို့ပြောတာပါ။ ဒဋ္ဌဗ္ဗသုတ် ဒေသနာအတိုင်ဆိုရင်တော့ စိမ်လုပ်ကိုင်ဖွယ်ရာကိစ္စများ ပြီးပြည့်စုံလို့ သူငယ်ချင်း အားလုံး စားသောက်ပျော်ပါးကြရတဲ့ သဘောမျိုးပေါ့။

ဒီပကတူပနိဿယ(ပဉ္စာဝါရ)ပါဠိတော်ကြီးမှာ သဒ္ဓါစသည် ဦးဆောင်ပြီး ကုသိုလ်တရားတွေကိုအားထုတ်တဲ့အခါ ရှေးရှေး ကုသိုလ်တွေက နောက်နောက်ကုသိုလ်တွေဖြစ်ပေါ်လာအောင်သာ အားကြီးတဲ့အစွမ်းသတ္တိနဲ့ ကျေးဇူးပြုပေးတာမဟုတ်သေးဘူး၊ ရှေးရှေး ကုသိုလ်တွေကြောင့် နောက်နောက်မှာ အကုသိုလ်တွေ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတာလဲရှိတယ်။

သဒ္ဓါတရားအားကောင်းတာကိုအကြောင်းပြုပြီး 'ငါဟာ သဒ္ဓါတရားအားကောင်းသူဖြစ်တယ်၊ သဒ္ဓါတရားနဲ့ပတ်သက် ရင် ငါ့ကိုယှဉ်ဝံ့သူရှိလို့လား'ဆိုပြီး မာန်တက်သူတွေ(မာနံ ဇပ္ပေတိ)။ ငါ့ သဒ္ဓါတရားမျိုးဟာ ကိစ္စအားလုံးကို ပြီးစေနိုင်နေပြီ၊ နောက်ထပ် ဝိပဿနာတွေဘာတွေ ဆိုတာဘာမှ မလိုအပ်တော့ဘူး ဆိုပြီး အယူ အဆမှားသွားတာ(ဒိဋ္ဌိ ဂဏ္ဌာတိ)ကစပြီး သဒ္ဓါကြောင့် ကုသိုလ်ပြု၊ ကုသိုလ်ပြုပြီး စည်းစိမ်ချမ်းသာတွေ လိုလားတောင့်တတဲ့ တဏှာ လောဘတွေဖြစ်ကြတာတို့၊ ငါ့ကုသိုလ်က နတ်ပြည်ရောက်မှာကော သေချာပါ့မလားဆိုပြီး သံသယဖြစ်တာတို့ဟာ ကုသိုလ်ကို အကြောင်း ပြုပြီး အကုသိုလ်ဖြစ်ကြ တာတွေပါပဲ။

ရိပ်သာမှာတရားစခန်းဝင်ပြီးပြန်လာတဲ့ အဒေါ်ကြီး တစ် ယောက်က အိမ်မှာသားသမီးတွေ,သမက်တွေ,ချွေးမတွေ မြေးတွေ ကို ပြောလို့ဆိုလို့ သဘောမကျဘူးဆိုရင် 'ငါ မေတ္တာပို့လိုက်ရင် နင်တို့ တတွေအားလုံး သွေးပွက်ပွက် အန်ကုန်မယ်နော်၊ ငါ့မျှား ဘာမှတ် နေသလဲ၊ အမြဲတရားအားထုတ်နေတယ်ဆိုတာ နင်တို့မသိကြ

http://www.dhammadownload.com

ဘူးလား' ဆိုပြီး ကြိမ်းဝါးလေ့ရှိပါသတဲ့၊ ဒါတွေဟာ ကုသိုလ်ကို တလွဲအသုံးချမိတဲ့အတွက် ကုသိုလ်ကအကုသိုလ်ဖြစ်အောင် ဥပနိဿယသတ္တိနဲ့ကျေးဇူးပြုတာပါပဲ။

မိမိသန္တာန်မှာ ဖြစ်စေအပ်တဲ့ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့က ကောင်းမှု,မကောင်းမှုတွေဖြစ်ပေါ်လာအောင် ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုပေးသလို၊ ရာဂ,ဒေါသ,မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာဆိုတဲ့တရားတွေကလဲ ကောင်းမှု,မကောင်းမှု နှစ်မျိုး လုံးကို ဖြစ်ပေါ်စေနိုင်တဲ့ ဥပနိဿယသတ္တိရှိတာပါပဲ။ နတ်သမီးကို လိုချင်တဲ့ ရာဂစိတ်နဲ့ တရားအားထုတ်ခဲ့ရာက ရဟန္တာဖြစ်သွားတဲ့ ဘုရားရှင် ညီတော် နန္ဒရဟန်းတို့၊ မခံချင်တဲ့ဒေါသစိတ်ကြောင့် စာကို ကြိုးစားပြီး စာမေးပွဲအောင်တာတို့၊ အနိုင်မခံအနှုံးမပေး ကြိုးစားပြီး အောင်မြင်မှုရတာတို့၊ 'သူမျှားဖြစ်နိုင်ရင် ငါကကော ဘာမို့မဖြစ် နိုင်ရမှာလဲ'ဆိုတဲ့ မာနနဲ့ တိုးတက်မှုရတာတို့ စတာတွေဟာ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပေးတဲ့ ဥပနိဿယသတ္တိတွေပါ။

အကုသိုလ်တွေပြုထားမိလို့ အဲဒီအကုသိုလ်တွေ ကျေပျက်အောင် ကုသိုလ်တွေကြိုးစားတာ၊ ပဋ္ဌာနန္တရိယအကုသိုလ် ကလွဲရင် ကျန်အကုသိုလ်တွေရဲ့ အပါယ်ငရဲကျရောက်နိုင်စွမ်းတွေဟာ တစ်မဂ် တစ်ဖိုလ်လောက်ရလိုက်ရင် အပြီးအပိုင် ဖယ်ရှားနိုင်တာကို သိပြီး ကြိုးစားအားထုတ်တာတို့စသည်ဖြင့် အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတာတွေအများကြီးပါ။

ငယ်ငယ်က ဆိုးခဲ့မိုက်ခဲ့တာတွေအတွက် သံဝေဂရပြီး ကောင်းမှုတွေကို ဖိပြီးကြိုးစားကြတာတို့၊ ပေတေလေလွင့်နေလို့ စာမေးပွဲကျရတာကို သံဝေဂရပြီး ကြိုးစားလိုက်တဲ့အတွက် ဂုဏ်ထူးတွေနဲ့အောင်မြင်တာတို့ဟာလဲ အဆိုးကနေအကောင်းဖြစ်အောင် ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုပေးတာပါပဲ။

http://www.dhammadownload.com

မကောင်းမှုနဲ့ကောင်းမှုတို့ ရောပြီးပြုမိတဲ့အခါမျိုးမှာ ဥပနိဿယသတ္တိကျေးဇူးပြုပုံနဲ့ပတ်သက်လို့ အတော်လေးကို သတိလဲထား သံဝေဂလဲပွားသင့်တဲ့ ဖြစ်ရပ်တစ်ခုလဲကြုံဖူးတယ်။

မိမိတို့ စာသင်သားဘဝက မန္တလေးမြို့မှာ ဝက်သားလိုင်စင်လုပ်ငန်းနဲ့ အတော်ကိုကြီးပွားချမ်းသာတဲ့ ဒကာမကြီးတစ်ဦး ရှိတယ်၊ သဒ္ဓါတရားလဲ အတော်ကိုကောင်းပါတယ်၊ ဝါတွင်းကာလ ဥပုသ်နေ့တွေမှာ မန္တလေးစာသင်သား ဆွမ်းခံသံဃာတွေ လာသလောက်ကို ဝက်သားဟင်းအပါးစေ့လောင်းလှူနိုင်ဖို့ဆိုတာ တော်တော်တန်တန် သဒ္ဓါအား ဝတ္ထုအားနဲ့လုပ်နိုင်တာမှ မဟုတ်ဘဲ၊ အဲဒီ ဒကာမကြီးက ဝါတွင်းဥပုသ်နေ့တိုင်းလှူနိုင်တယ်။

နောက်တော့ ထင်ရှားတဲ့စာသင်တိုက်ကြီးတွေက သာသနာတော်အတွက် အလားအလာကောင်းတယ်ဆိုတဲ့ သာမဏေတွေကို ပစ္စည်းလေးပါးဒကာခံပြီး ရဟန်းခံပေးခဲ့တာ ဆယ့်ငါးပါး အပါးနှစ်ဆယ်လောက်ရှိတယ်၊ အဲဒီထဲမှာ သက္ကသီဟတို့ သ. စ. အတို့ ဆိုတဲ့ ပရိယတ္တိနယ်က အဆင့်မြင့်စာမေးပွဲကြီးတွေ အောင်မြင်ပြီး ပရိယတ္တိလောကမှာထင်ရှားတဲ့ စာချဆရာတော်ကြီးတွေ အထိ ဖြစ်လာတဲ့ ပုဂ္ဂိုလ်တွေလဲမနဲလှဘူး။

ဒကာမကြီး ပဥ္စင်းခံပေးပြီး ပစ္စည်းလေးပါးလှူဒါန်းနေတဲ့ ရဟန်းတော်တွေကလည်း ထင်ရှားတဲ့ပုဂ္ဂိုလ်တွေဖြစ်လာ၊ ဒကာမကြီးကလည်း အသက်အရွယ်ကလေးရလာပြီးဆိုတော့ သားရဟန်းတော်များရဲ့ ဟောပြောဖျောင်းဖျချက်အရ ဝက်လိုင်စင် အလုပ်ကို စွန့်လွှတ်ပြီး တခြားရွှေဆိုင်လုပ်ငန်းတို့၊ လိုင်းကားထောင်တာတို့ ပြောင်းလုပ်တယ်၊ သုံးလေးနှစ်အတွင်းမှာပဲ စီးပွားဥစ္စာထိုးကျသွားလိုက်တာ ဝါတွင်းဆွမ်းဟင်းလောင်းတဲ့ ကုသိုလ်လောက်တောင် နပ်မှန်အောင်မလှူနိုင်တော့ဘူးဖြစ်သွားတယ်။

http://www.dhammadownload.com

ဒါနဲ့ မိတ်ဆွေသင်္ဂဟတွေရဲ့ အကြံပေးချက်အရ ဝက်လိုင်စင်ကိုနာမည်ခံပြီး လေလံဆွဲရုံဆွဲ၊ ပြီးရင် သူ့မြို့နယ်အလိုက် လုပ်ချင်သူတွေကို ထိုက်သင့်သလိုခွဲပေးပေါ့ဆိုတာနဲ့ အဲဒီအတိုင်း ပြန် လုပ်တာ ချက်ချင်းဆိုသလို စီးပွားကထောင်တက်လာတာပဲ။

အဲဒီတုန်းက မိမိကလဲ နွေရာသီစာဝါမရှိတဲ့အခါဆိုရင် သူငယ်ချင်းကိုရင်တစ်ပါးနဲ့အတူ မင်းကွန်းတောင်ရိုးကို နှစ်စဉ်သွားနေလေ့ရှိပြီး ညနေပိုင်းမှာဆိုရင်လဲ တိပိဋကဆရာတော် ကြီးကျောင်းကိုသွားပြီး ဝတ်ပြုပေးလေ့ရှိတဲ့အတွက် တစ်ညနေမှာတော့ အဲဒီ ဒကာမကြီးအကြောင်းနဲ့ပတ်သက်ပြီး ဆရာတော်ကြီးကို လျှောက်ထားကြည့်တယ်၊ ဆရာတော်ကြီးက -

အေး . . . ကံတွေဆိုတာ သူ့သတ္တိသူ့ဆောင်ပြီး သူ့အကျိုးသူပေးတာပဲ၊ ကောင်းတဲ့ကံက ကောင်းကျိုးပေးတာပဲ၊ မကောင်းတဲ့ကံကမကောင်းကျိုးပေးတာပဲ၊ အဲဒီအထဲမှာ ဥပနိဿယသတ္တိက အလွန်အံ့ဩစရာကောင်းတယ်။

ဆိုကြပါစို့ လူတစ်ယောက်က အသားငါးတွေ သတ်ဖြတ်ပြီးတော့မှ အလှူကြီးလှူမယ်ဆိုပါတော့ သတ်ဖြတ်တဲ့ အကုသိုလ်ကလဲ သူ့ဆိုင်ရာဆိုးကျိုးဒုက္ခတွေကိုပေးမှာပဲ၊ ဒုဂ္ဂတိဘုံဘဝရောက်သင့်ရင်လည်း ရောက်မှာပဲ၊ တကယ်လို့ ကုသိုလ်က ပိုပြီး အင်အားကောင်းတယ်ဆိုရင်လည်း သုဂတိဘုံမှာ ရောက်ပြီးကောင်းကျိုးချမ်းသာကို ပေးမှာပဲ။

အဲဒီလို ကုသိုလ်ကံကောင်းကျိုးပေးတဲ့အခါမှာ ကောင်းရောင်း ကောင်းဝယ်နဲ့ ဓမ္မိယလဒ္ဓပစ္စည်းဝတ္ထုအရင်းပြုပြီး လှူဒါန်းသူက၊ ကောင်းရောင်းကောင်းဝယ်နဲ့ ဓမ္မိယလဒ္ဓပစ္စည်းနဲ့ပဲ ချမ်းသာသုခရတယ်၊ ခိုးပြီးလှူသူက ခိုးစားမှုချမ်းသာမယ်၊ အသားသတ်ပြီးလှူဒါန်းသူက အခုကိုရင်တို့ပြောတဲ့ ဒကာမကြီးလိုပေါ့ အသား သတ်

http://www.dhammadownload.com

မှုနဲ့ မကင်းတဲ့အလုပ်ကိုလုပ်ကိုင်မှ ချမ်းသာ သုခရတာပေါ့။ အဲဒါ ပကတူပနိဿယသတ္တိတွေပေါ့"လို့ မိန့်ကြားဖူးပါတယ်။ အတော်ကို သတိလည်းထား သံဝေဂလည်း ပွားစရာကောင်းတဲ့ ကိစ္စပါ။ ဒါကြောင့်လည်း ကုသိုလ်လုပ်တဲ့နေရာမှာ 'စေတနာရော . . ပစ္စည်း ဝတ္ထုရော သန့်သန့်လေးဖြစ်အောင် လုပ်ကြ'လို့ ရှေး ဆရာတော် ကြီးများ သတိပေးဆုံးမလေ့ရှိတာဖြစ်ပါလိမ့်မယ်။

အခုပြောခဲ့တာတွေကတော့ မိမိသန္တာန်မှာ ဖြစ်ပေါ်လာ ခဲ့ရင် အားကြီးတဲ့အကြောင်းဥပနိဿယဖြစ်နိုင်တဲ့ 'ဥပ္ပါဒိတ ပကတ'ရဲ့ သဘောကို သိသာရုံပြလိုက်တာပါ။ တိုတိုချုပ်ကတော့ ကုသိုလ် အကုသိုလ်ဖြစ်ရေးအတွက် မိမိရဲ့အတွင်းသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ အခြေခံအကြောင်း တရားအကောင်း အဆိုး (ရာဂါဒယော၊ သဒ္ဓါဒယော) မှန်သမျှဟာ ' ဥပ္ပါဒိတ ပကတူနိဿယ' ပစ္စည်းများချည်းဖြစ်ပါတယ်။

နောက်ထပ် ပကတူပနိဿယတစ်မျိုးက 'ဥပသေဝိတ ပကတ' ပါ။ 'မြိုဝဲအပ် အသုံးပြုအပ်တဲ့တရားများ'လို့ အဓိပ္ပါယ် ရပါတယ်။ အရင်ကပြောခဲ့တဲ့ 'ဥပ္ပါဒိတ ပကတနဲ့ အခုပြောမယ့် ဥပသေဝိတ ပကတ'တို့ရဲ့ အထူးကို အကျဉ်းချုပ်သဘောပေါက် ထားဖို့ကတော့ -

'ဥပ္ပါဒိတ ပကတ' က မိမိရဲ့စိတ်မှာ ဖြစ်ပေါ်စေအပ်၊ ဖြစ် ပေါ် နေတတ်တဲ့ 'နာမ်' တရားများဖြစ်တယ်။

'ဥပသေဝိတ ပကတ' ဆိုတာကတော့ မိမိရဲ့ရုပ်ခန္ဓာကြီးမှာ ဖြစ်နေတဲ့ ဆင်းရဲမှု၊ ချမ်းသာမှုများနဲ့ အပြင်မှာရှိတဲ့ မိဘ ဆရာသမား မိတ်ဆွေသင်္ဂဟစတဲ့ပုဂ္ဂိုလ်တို့၊ အစားအသောက်တို့၊ ရာသီဥတုနဲ့ အချိန်ကာလတို့၊ နေထိုင်စရာအရပ်ဒေသ၊ အရိပ်အာဝါသ၊ အဆောက် အဦ စတဲ့ မိမိကိုယ်တိုင် တွေ့ကြုံခံစား၊ ပေါင်းသင်း ဆက်ဆံ၊ နေထိုင်

http://www.dhammadownload.com

စားသောက်ရတဲ့ မီဒီယာများ ဖြစ်ပါတယ်။

မိမိခန္ဓာကိုယ်မှာ ဖြစ်ပေါ်ခံစားနေရတဲ့ ချမ်းသာမှု ဆင်းရဲမှု၊ ကျန်းမာမှု၊ မကျန်းမာမှုတို့ကြောင့် ကောင်းမှုတွေ မကောင်းမှုတွေ ဖြစ်ပေါ်စေတတ်တာနဲ့ပတ်သက်လို့တော့ လူတိုင်းကိုယ်တွေ. ကိုယ်ကြုံအရဖြစ်စေ မျက်မြင်နားကြားအရဖြစ်စေ သတိထားမိ သူတိုင်းသဘောပေါက်လို့ရပါတယ်။ 'စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး'တို့၊ 'ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွှေ့ဘူး' တို့ဆိုတဲ့ စကားပုံတွေဟာ ကောင်းမှုမကောင်းမှုကို ကံမြောက်အောင်ပြုနိုင်ရေးအတွက် ခန္ဓာကိုယ်ကြီးရဲ့အရေးပါပုံကို ညွှန်ပြ နေတာပါပဲ။

တချို့ ကိုယ်ကိုယ်တိုင်ဆင်းရဲဒုက္ခတို့ ရောဂါဝေဒနာ တို့ခံရတဲ့အတွက်၊ တခြားသူတွေကိုမကြုံရအောင် မေတ္တာထားပြီး ဒါနသီလစတဲ့ ကုသိုလ်တွေလုပ်ကြတာတို့၊ မသေခင်အချိန်ရှိတုန်း တရားဓမ္မပွားများတာတို့လုပ်ကြတယ်။ တချို့ကတော့ ကိုယ့်ခန္ဓာကိုယ်ကြီး ချမ်းသာရေးအတွက် စားကောင်း သောက်ကောင်း ဖြစ်အောင် အသားငါးသတ်ပြီးစားကြ၊ အအေးဒဏ်ကာကွယ်ဖို့ သတ္တဝါတို့ရဲ့ အရေခွံကို ခွါပြီး အဝတ်အထည်ချုပ်ကြဆိုတဲ့ မကောင်းမှုတွေလုပ်ကြတယ်ဆိုတာတွေဟာ ဆင်းရဲဒုက္ခက ကောင်းမှု မကောင်းမှုကို ကျေးဇူးပြုပေးတာပါ " ဆင်းရဲလေလေ သံဝေရရ" ဆိုတာရှိသလို 'ဆင်းရဲလွန်းလို့ ငရဲမကြောက်နိုင်တော့ဘူး' ဆိုတဲ့ လူမျိုးတွေလဲ ရှိတယ်မဟုတ်လား။

ကျန်းမာချမ်းသာခြင်းကို အကြောင်းပြုပြီးတော့လဲ တချို့ကကိုယ်ရရှိခံစားရတဲ့ချမ်းသာခြင်းမျိုး သူတပါးကိုလည်း ရစေလိုတဲ့ မေတ္တာထားပြီးကူညီထောက်ပံ့လှူဒါန်းကြတာတို့၊ ကျန်းမာရေးကောင်းတုန်း ကုသိုလ်တရားတွေ ကြိုးစားအား ထုတ်တာတို့ရှိကြတယ်။ တချို့ကျတော့ ကျန်းမာချမ်းသာခြင်းကို အကြောင်းပြုပြီး

http://www.dhammadownload.com

တော့ပဲ ချမ်းသာရေးတိုးသည်ထက် တိုးအောင်ဆိုပြီး ' ဘယ်သူ သေသေ ငတေမာပြီးရော' သဘောမျိုးနဲ့ မကောင်းမှုမျိုးစုံကို လုပ်ကြ သူတွေလဲရှိပါတယ်။ ဒါတွေဟာ ကျန်းမာချမ်း သာခြင်းက ကောင်းမှု မကောင်းမှုတွေကို ကျေးဇူးပြုပေးတာပါ။

မိဘ,ဆရာသမား မိတ်ဆွေသင်္ဂဟတို့ဆိုတဲ့ ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ကောင်းမှုမကောင်းမှုတွေ ဖြစ်ကြပုံကတော့ လူတိုင်းလိုလို သဘောပေါက်ကြမှာပါ။ 'တံငါနားနီး တံငါ။ မုဆိုးနားနီး မုဆိုး' ဆိုတာတို့ 'အဖော်ကောင်းလို့ ကျောင်းရောက်တယ်၊ ဘုရားဖူး ရောက်တယ်' တို့ဆိုတဲ့ စကားတွေဟာ ပုဂ္ဂိုလ်တို့ရဲ့ ဥပနိဿယ သတ္တိကြီးမားပုံကိုဖော်ပြတဲ့စကားတွေပါပဲ။

(၃၈)ဖြာမင်္ဂလာတရားတော်မှာ အစဉ်းဆုံးဖြစ်တဲ့ 'လူမိုက် ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနှင့်ကင်းအောင်နေ၊ ပညာရှိကို အရှည် တွဲလို့ မှီဝဲဆည်းကပ် နည်းယူစေ'ဆိုတဲ့ မင်္ဂလာနှစ်ပါးဟာလဲ ပုဂ္ဂိုလ် ဥပနိဿယပစ္စည်းတို့ရဲ့ ဆိုးမှုကောင်းမှုမှာ အရေးပါပုံကို ဖော်ညွှန်း လိုက်တာပါ။

သံယုတ္တနိကာယ် ကလျာဏမိတ္တသုတ်မှာ အရှင်အာနန္ဒာက 'ကြီးပွားချမ်းသာဖို့၊ အသိပညာ အတတ်ပညာရဖို့၊ တရားထူး တရား မြတ်ရရှိဖို့တို့မှာ မိတ်ကောင်းဆွေကောင်းများဟာ ထက်ဝက် (ငါးဆယ်ရာခိုင်နှုန်း)လောက် အရေးပါတယ်' လို့ထင်မိ ပါကြောင်း လျှောက်ထားတဲ့အခါ မြတ်စွာဘုရားရှင်က ' အာနန္ဒာ ဒီလိုမပြောနဲ့၊ အာနန္ဒာ ဒီလိုမပြောနဲ့'လို့ နှစ်ခွန်းဆင့်တား မြစ်ပြီးတော့မှ 'အာနန္ဒာ . . ငါဘုရားတည်းဟူသော ကလျာဏမိတ္တကိုမရခဲ့ရင် ပါရမီတွေ ဘယ်လောက်ပဲရင့်သန်ပြည့်စုံပါစေ သာဝကတွေ အိုနာသေ လွတ် ရာနိဗ္ဗာန်ကို မရောက်နိုင်ဘူး၊ အခု ငါဘုရားဆိုတဲ့ကလျာဏမိတ္တကို အကြောင်းပြုပြီး မင်္ဂဖိုလ် နိဗ္ဗာန်ကိုရပြီး အိုနာသေဘေးလွတ်သူတွေ

http://www.dhammadownload.com

လွတ်ကြ၊ ကုသိုလ်တရားတွေ တိုးပွားသူတိုးပွားကြ ဖြစ်တယ် မဟုတ်လား၊ ဒါကြောင့် ကလျာဏမိတ္တ(ပုဂ္ဂိုလ်ဥပနိဿယ)ဟာ ကောင်းကျိုးချမ်းသာရဖို့အတွက် ရာနှုန်းပြည့်အရေးပါတယ်'လို့ မိန့်ကြားတော်မူပါတယ်။ ဒီလောက်ဆိုရင် ပုဂ္ဂိုလ်ရဲ့ ဥပနိဿယသတ္တိကို ခန့်မှန်းသိလောက်ပါပြီ။

အစားအစာဘောဇဉ်နဲ့ ပတ်သက်လို့ကတော့ 'တရားရှာကိုယ်မှာတွေ့'ဆိုတဲ့ မြန်မာစကားပုံကို ကြောင်းကျိုးဆက် အပြန်အလှန် နှလုံးသွင်းကြည့်လိုက်ရင်ပဲ ဘယ်လောက်ထိ ဥပနိဿယသတ္တိကြီးမားတယ်ဆိုတာ သဘောပေါက်လို့ရပါတယ်။

တရားရှာစရာ၊ တရားတွေ့စရာဆိုတာ ခန္ဓာကိုယ်တည်ရှိနေမှဖြစ်နိုင်တာပါ၊ ခန္ဓာကိုယ်ဆိုတာကလည်း 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ'ဆိုတဲ့အတိုင်း အစာအာဟာရရှိမှ ရပ်တည်နေနိုင်တာပါ၊ ဒါကို အပြန်အလှန်စဉ်းစားလိုက်ရင် အာဟာရ ဘောဇဉ်ရဲ့အရေးပါမှုကို သဘောပေါက်လောက်ပါပြီ။

ရာသီဥတုရဲ့ ဥပနိဿယဖြစ်မှုကလဲ သိပ်ပြီးထွေထွေထူးထူးပြောစရာမလိုတော့ပါဘူး ဥတုမမျှတမှုကို အကြောင်းပြုပြီး အလုပ်အကိုင်ပျက်ကြရတာ၊ အနာရောဂါထူပြောရတာစတဲ့ ကာယိကဒုက္ခပေါင်းစုံ ကြုံရသလို၊ ရာသီဥတု သာယာမျှတမှုကြောင့် ရှင်လန်းတက်ကြွတဲ့ ကာယိကသုခနဲ့ပြည့်စုံပြီး ယောနိသော မနသိကာရ(စိတ်ထားကောင်း)ရှိသူတို့က လောကကောင်းမှု၊ ဓမ္မကောင်းမှုတွေ မျိုးစုံအောင် ပြုလုပ်ကြသလို အယောနိသောမနသိကာရ(စိတ်ထားဆိုး)ရှိသူများအနေနဲ့လဲ မကောင်းမှုမျိုးစုံကို ပိုပြီး ထိထိ ရောက် ရောက်ကြီးပြုနိုင်ကြတာဟာ အလွန်သိသာထင်ရှားပါတယ်။

'သေနာသန'ဆိုတဲ့ နေထိုင်ရာအရပ်ဒေသ ကျောင်းကန် အရိပ်နေရာများဟာလဲ ကုသိုလ်အကုသိုလ်ဖြစ်ရေးအတွက် အားကြီး

http://www.dhammadownload.com

တဲ့ အကြောင်းတရား ဥပနိဿယသတ္တိရှိပါတယ်၊ မဂ်လာတရား တော်မှာလာတဲ့ 'ပတိရူပ ဒေသဝါသ = ကုသိုလ်,ပညာ, ဥစ္စာရဖို့၊ သင့်ရာဒေသအမြဲနေ' ဆိုတဲ့မဂ်လာဟာ ဒီသေနာသန ဥပနိဿယ သဘောကိုပြောတာပါ။။

ရှင်ရဟန်းတို့ရဲ့ ရပ်တည်နိုင်မှုအတွက် အခြေခံအမှီလေးပါး ဖြစ်တဲ့ 'ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး' ပစ္စည်းလေးပါးထဲက 'ကျောင်း' ဆိုတာရယ်၊ လူတို့အတွက်အခြေခံ'အရေး'လေးမျိုးဖြစ်တဲ့ 'စားရေး, ဝတ်ရေး,နေရေး,ကျန်းမာရေး'ထဲက 'နေရေး'ဆိုတာရယ်တို့ဟာလဲ သေနာသနဥပနိဿယရဲ့အရေးပါမှုကို ဖော်ပြနေတာပါပဲ။

ကောင်းမှု ကောင်းကျိုးတို့အတွက် နေရာရဲ့အရေးပါမှုနဲ့ ကျေးဇူးတရားကို အလေးအနက်ထားရာမှာ မြတ်စွာဘုရားရှင်ရဲ့ သတ္တဌာန စံနေတော်မူပုံကို အာရုံပြုကြည့်ရင် အလွန်အတုယူ အားကျစရာကောင်းလောက်အောင် ထင်ရှားပါတယ်။

မြတ်စွာဘုရားရှင် ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှာ ဥဒါန်း ကျူးရင့်တော်မူပြီး ဘုရားအဖြစ်ရောက်ခဲ့တဲ့ အပရာဇိတပလ္လင်တော်မှာပဲ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူကာ -

"ငါသည် ဒီအပရာဇိတပလ္လင်ကိုရရှိဖို့ရန် ပါရမီဆယ်ပါးတို့ကိုမြောက်များစွာ သူမတူဖြည့်ကျင့်ဆည်းပူးရင်း လေးအသင်္ချေ ကမ္ဘာတစ်သိန်းကာလကြာအောင် ကျင်လည်ခဲ့ရပြီ။ ဒီအပရာဇိတ ပလ္လင်ကိုရဖို့အတွက် ဦးခေါင်း၊ မျက်လုံး၊ နှလုံးသားတို့ကို ထုတ်လှူခဲ့ ရပေါင်းလဲမျှားလှပြီ။ ဇနီးမယားသမီးသားတို့ကို လှူခဲ့ရပေါင်းလဲ မျှားလှပြီ၊ ဒီပလ္လင်ဟာ ငါဘုရားရှင်ရဲ့ မာရ်ငါးပါးကို တစမကြွင်း ပယ်ရှင်းအောင်မြင်တဲ့ နေရာပလ္လင်လဲဖြစ်ပေတယ်။ ဒီအပရာဇိတ ပလ္လင်မှာ ထိုင်နေပြီး ငါ့ရဲ့ဘုရားဖြစ်ရန် ကြံစည် တောင့်တ လိုလား

http://www.dhammadownload.com

အပ်သမျှတို့ပြည့်စုံခဲ့ပြီး။ ဒီလောက်ကျေးဇူးအထူးများလှတဲ့ ပလ္လင်တော်ပေါ်က ငါမထသေး . . ”လို့ ကြံအောက်မေ့ပြီး ကုဋေ အသိန်းမကများပြားလှတဲ့ အရဟတ္တဖိုလ် စတုတ္ထဈာန် သမာပတ်ကို ဝင်စားရင်း ပလ္လင်တော်ပေါ်မှာ ခုနစ်ရက်ကြာ သီတင်းသုံးနေတော်မူ ပါတယ်။

အဲဒီနောက် ခုနစ်ရက်တိတိလဲ ‘ဒီအပရာဇိတပလ္လင်တော်မှာ သဗ္ဗညုတရွှေဥာဏ်တော်ကြီးကို ရအပ်ခဲ့လေပြီတကား’လို့ စဉ်းစားဆင်ခြင်နှလုံးသွင်းရင်း အပရာဇိတပလ္လင်တော်နဲ့ မဟာဗောဓိပင်ကို မမှိတ်သောမျက်လုံး (အနိမိသ)နဲ့ ကြည့်ရှုတော်မူနေပါတယ်၊ ဒါဟာ နေရာရဲ့ပကတူပနိဿယကျေးဇူးကို ဘုရားရှင်တို့ အလေး ဂရုပြုတော်မူခဲ့တဲ့ သာဓကတွေပါ။

ပဋ္ဌာဝါရ ပဋ္ဌာန်းပါဠိတော်မှာ ‘ဥပသေဝိတ ပကတ’ တရားများ အဖြစ်နဲ့ ‘သုခံ,ဒုက္ခံ,ပုဂ္ဂလော,ဘောဇနံ, ဥတု, သေနာသနံ’ ဆိုပြီး ခြောက်ခု လောက်ကိုသာ ဥပလက္ခဏ(နမူနာ)အဖြစ်နဲ့ ထုတ်ပြခဲ့ပေမယ့် မိမိအတွက် ကောင်းမှု,မကောင်းမှုတစ်ခုခုဖြစ် စေဖို့ တွန်းအား အနေနဲ့ဖြစ်ဖြစ်၊ ဆွဲအားအနေနဲ့ပဲဖြစ်ဖြစ်၊ လူဖျင်းလူညံ့များအတွက် ဆင်ခြင်အနေနဲ့ပဲဖြစ်ဖြစ် အထောက်အကူပြု ပေးနိုင်တဲ့ အရာတိုင်း ဖြစ်ရပ်ကိစ္စတိုင်းဟာ ‘ဥပသေဝိတ ပကတ’ တရားချည်း ဖြစ်ပါတယ်။

(၁) အမှုကိစ္စပြုခါနီး (၂) အမှုကိစ္စပြုလုပ်ပြီးစ (၃) ခရီးသွားခါနီး (၄) ခရီးကပြန်ရောက်စ (၅) ဆွမ်းဘောဇဉ်ပြည့်ဝ အောင်မရမှု (၆) ဆွမ်းဘောဇဉ်ဝလင်ပြည့်အင့်မှု (၇) ရောဂါအနည်းငယ်ရရှိမှု (၈) ရောဂါပျောက်ကင်းစ(နာလန်ထ)ဆိုတဲ့ အကြောင်းရှစ်ပါးတို့ဟာ ပျင်းရိသူအတွက် အလုပ်မလုပ်ဖို့ ‘ဆင်ခြင်’များဖြစ်သလို ကြိုးစားအားထုတ်လိုသူအတွက် ‘တွန်းအား’ များဖြစ်တဲ့အတွက် ‘ဥပ

http://www.dhammadownload.com

သေဝိတ ပကတ'များဖြစ်ပါတယ်၊ အလုပ်ပျက်ဖို့ဖြစ်ဖို့အတွက် အားကြီးတဲ့ အကြောင်းတရားများပဲ ဖြစ်လို့ပါ။

ဒီလောက်ဆိုရင် ပကတူပနိဿယပစ္စည်းကို သဘောပေါက်လောက်ပြီဖြစ်သလို ဘယ်လောက်ထိ အရာကျယ်ဝန်းတယ်ဆိုတာလဲ ခန့်မှန်းလို့ရလောက်ပါပြီ။

အထူးပြောလိုတာကတော့ 'ဥပသေဝိတ ပကတ' တရားများထဲက ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ဥတု၊ နေရာဆိုတဲ့ တရားများဟာ မိမိအပေါ် ကျေးဇူးကြီးမားသလို သုံးဆောင်မှီဝဲ ဆည်းကပ်သူများကလဲ ကျေးဇူးကိုသိပြီး ကျေးဇူးဆပ်ကြဖို့နဲ့ ကျေးဇူးမကန်းမိကြ ဖို့ပါပဲ။

ဒီတရားတွေထဲမှာ 'ပုဂ္ဂိုလ်'ဖြစ်တဲ့ မိဘဘိုးဘွားတို့၊ ဆရာသမား မိတ်ဆွေသင်္ဂဟများတို့နဲ့ ရတနာသုံးပါးတို့ ပေါ်မှာတော့ ကျေးဇူးသိပြီး ကျေးဇူးဆပ်ခဲ့ရင် ရနိုင်တဲ့ကောင်းကျိုးချမ်းသာတွေရော သာဓကတွေအများကြီးရှိသလို ကျေးဇူးပေးဆပ်ရမယ့် တာဝန်များနဲ့ ပတ်သက်လို့လဲ သင်္ဂါလောဝါဒသုတ်စသည်တို့မှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားခဲ့လို့ သိသူများ ကြပါတယ်။

'ဘောဇဉ်'နဲ့ ပတ်သက်လို့လဲ ရှင်ရဟန်းတို့မှာတော့ ဘုဉ်းပေးသုံးဆောင်ခါနီးတိုင်း **'ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး'**ဆိုပြီး ဘောဇဉ်အပေါ် သစ္စာမဖောက်ဘူးဆိုတာကိုလဲ ဆင်ခြင်ပြီး ကတိပြုရတယ်။

ပြီးတော့ **'လေးဖြာမာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျှက်၊ အသက်မျှတမ်း၊ မမောပန်းငြား'**ဆိုပြီး ဘောဇဉ်ရဲ့ ကျေးဇူးတရားကိုလဲ အောက်မေ့ဆင်ခြင်ရတယ်။

ပြီးတော့မှ **'ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊**

http://www.dhammadownload.com

ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲ ပါသတည်း'ဆိုပြီး ဘောဇဉ်ရဲ့ကျေးဇူးကို ဘယ်လိုပေးဆပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်ကို သစ္စာပြုဆင်ခြင်စားသုံးကြရပါတယ်။ လူလဲ လူအလျှောက် အလားတူကျေးဇူးသိ သစ္စာစောင့်ကြရမှာပါ။

'သေနာသန'လို့ခေါ်တဲ့ 'နေရာ'နဲ့ ပတ်သက်လို့ ရှင်ရဟန်းတို့မှာလဲ နေရာရဲ့ကျေးဇူးကိုဆင်ခြင်ပြီး နေရာမှာနေထိုင် သုံးစွဲခြင်းနဲ့ တန်အောင် ကျင့်ကြံပေးဆပ်ရမယ့် တာဝန်တွေဘုရားရှင်က ညွှန်ကြားပညတ်ခဲ့သလို လိုက်လဲလိုက်နာကြရပါတယ်။

လူတိုင်းအတွက်လဲပဲ နေရာကိုကျေးဇူးသိပြီး ကျေးဇူးဆပ်ရေးနဲ့ ပတ်သက်လို့ ဆရာဇော်ဂျီရဲ့ 'သင်ဖွားရာမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏၊ သင်၏မျိုးသား၊ စာစကားလည်း၊ ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏၊ သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်၊ သစ္စာအရောင်၊ ဥာဏ်တန်ဆောင်လည်း၊ ပြောင်လျက်ဝင်းလျက်ကျန်စေ သတည်း'ဆိုတဲ့ ကဗျာဟာ နေရာကိုကျေးဇူးဆပ်ဖို့အတွက် အလေးအနက်လမ်းညွှန်တိုက်တွန်းထားတာပါ။

မြန်မာစကားပုံတွေထဲက 'အရိပ်နေနေ အခက်ချိုးချိုး မလုပ်ပါနဲ့'တို့၊ 'သားရေပေါ်အိပ် သားရေနားစား မလုပ်ရ'တို့ ဆိုတဲ့ သတိပေးတားမြစ်ချက်များဟာ နေရာကိုကျေးဇူးမကန်းကြဖို့ သတိပေးနေတာပဲဖြစ်ပါတယ်။

ဒီ 'ဥပသေဝိတ ပကတ' တရားတွေထဲမှာ လောကစည်း၊ ဓမ္မစည်းများအရ ကျေးဇူးကန်းသူမှာ အပြစ်တစ်စုံတစ်ရာ ရှိတယ်လို့ မထင်ရပေမယ့်၊ သဘာဝစည်းအရ ကျေးဇူးကန်းရင် ကျေးအစွပ်ဆုံးလို့ ဆိုရလောက်အောင် လက်ငင်းလက်တွေ့ ဒုက္ခပေးတတ်တဲ့ တရားကတော့ 'ဥတု'လို့ခေါ်တဲ့ ရာသီဥတုအပေါ် ကျေးဇူးကန်း

http://www.dhammadownload.com

သစ္စာဖောက်ကြခြင်းပါပဲ။

လူတော်တော်များများက ရာသီဥတုအပေါ် ကျေးဇူးသိရမယ်၊ သစ္စာစောင့်သိရမယ်ဆိုတာကို နားတောင်လည်မည့်ပုံမရကြပါဘူး၊ ဒါပေမယ့် ဒီနေ့ကမ္ဘာကြီးမှာ ရေခဲတွေပုံမှန်ထက်ပိုပြီး အရည်ပျော်ကြလို့တို့၊ ပင်လယ်ရေတွေ ပူနွေးညစ်နွမ်းလို့တို့ကြောင့် ရေနေသတ္တဝါတွေ သေကြေပျက်စီးကြရတာ၊ နေရာရှား အစာရှားဖြစ်ကြရတာတွေ၊ မိုးခေါင်ရေရှားဒဏ်ကြောင့် ကုန်းနေသတ္တဝါ တွေ အစာငတ်ရေတ်ဘေးနဲ့ တွေ့ကြုံခံစားနေရတာတို့ကစပြီး လှိုင်းဘေး၊ လေဘေး၊ မုန်တိုင်းဘေးစတဲ့ သဘာဝဘေးဆိုးကြီးတွေ၊ ကမ္ဘာကြီး ပူနွေးပြီး ကမောက်ကမ အမျိုးမျိုးတွေ တွေ့ကြုံ ခံစားနေကြရတာ အားလုံးတို့ဟာ 'ရာသီဥတုကို သစ္စာဖောက်တဲ့အတွက် ရာသီဥတုက ဒဏ်ခတ်နေတာ၊ ကျေးဇူးကန်းလို့ ကျေးစွပ်ကြ တာတွေဖြစ်ပါတယ်။

'ဥတုရာသီ တောကိုမှီ'ဆိုတဲ့ သတိပေးဆိုင်းဘုတ်ကြီး တွေဟာ ကမ္ဘာနဲ့အဝှမ်းနိုင်ငံတိုင်းမှာလိုလို ရှိနေမယ်ထင်ပါတယ်။ ဟုတ်ပါတယ် ရာသီဥတုဟာ မှီခိုစရာသစ်ပင်တောတောင် ပြည့်ပြည့်စုံစုံရှိတဲ့အခါမှာ အိုးနဲ့အိမ်နဲ့ အတည်တကျ နေထိုင်ကြသူတွေ လိုပဲ စည်းနဲ့ကမ်းနဲ့ စနစ်တကျရှိတတ်ပါတယ်။ မှီခိုစရာ သစ်ပင် တောတောင်များ ပြုန်းတီးလာတဲ့အခါမှာတော့ အိုးခြေမဲ့၊ အိမ်ခြေမဲ့ ကလေးကချေ၊ ကလေးဝ၊ အုတ်ကြားမြက်ပေါက်၊ ခြေသလုံး အိမ်ပါ ဆိုတဲ့ စရိုက်မျိုးနဲ့ ပရမ်းပတာစည်းမဲ့ကမ်းမဲ့ ထင်တိုင်းကြတတ် ကြ တာပါ။မကြာသေးလှတဲ့ အချိန်ကအာရှဒေသမှာ ပရမ်းပတာ ဖြစ်အောင် ထင်တိုင်းကြပြီး သောင်းကျန်းသွားကြတဲ့ ဆူနာမီတို့၊ နာဂစ်တို့ဆိုတာတွေဟာ သစ်ပင်တောတောင် အုပ်ထိန်းမှုကင်းမဲ့မှုကို အခြေခံခဲ့ကြတာလို့ ပညာရှင်များကမှတ်ချက်ချတာ ကြားလိုက်ရပါ တယ်။

http://www.dhammadownload.com

ရာသီဥတုက တောကိုမှီသလိုပဲ ရေမြေတောတောင်၊ သစ်ပင်ပန်းမန်၊ ကောက်ပဲသီးနှံနဲ့ သက်ရှိအားလုံးတို့ကလဲ ဥတုရာသီအပေါ် မှီနေရတာဖြစ်လို့ ကိုယ့်ရဲ့တည်မှီရာကို မဖြိုဖျက်မိကြဘဲ ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ကိုယ်စီအသိနဲ့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဖြင့် ကျေးဇူးရှင်ဖြစ်တဲ့ ရာသီဥတု ဥပနိဿယပစ္စည်းတရားကိုလည်း သစ္စာစောင့်သိ ကျေးဇူးပေးဆပ်ဖို့လိုအပ်ကြောင်း စပ်မိတုန်းအကြံပေးတိုက်တွန်းလိုက်ရတာပါ။

ဒီလောက်ဆို ဥပနိဿယပစ္စည်းနဲ့ပတ်သက်လို့ တော်လောက်ပါပြီ။

သဘာဝ ပကတူပနိဿယတရားတို့ သစ္စာမဲ့ခြင်း,
ကျေးဇူးကန်းခြင်းဘေးမှ ကင်းဝေးကြပါစေ။
လူတို့သစ္စာစောင့်သိပြီး ကျေးဇူးဆပ်နိုင်ကြပါစေ။

❑

http://www.dhammadownload.com

ပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း

ရဟန်းတော်များအတွက် ပထမကြီးတန်းမှာ ပြဋ္ဌာန်းထားတဲ့ ပဋ္ဌာန်းစာဝါကိုပို့ချရင်းက လူတိုင်းအတွက်အခြေခံအားဖြင့် သိထားသင့်တယ်ထင်တဲ့ အဓိပ္ပာယ်ကလေးတွေကို တေးမှတ်ထားပြီး အချိန်ရတဲ့အခါလေးမှာ လူ့ပဋ္ဌာန်းဆိုပြီးရေးလာခဲ့ကာ ဥပနိဿယ ပစ္စည်းအထိပြီးသွားတဲ့အချိန်မှာပဲ အလုပ်တွေကြား ဝင်ရှုပ်လို့ ရပ်သွားခဲ့တယ်၊ အခုမှပြန်ပြီးဆက်ရေးရမယ်ဆိုတော့ အဆက်တို့ရဲ့ ထုံးစံအတိုင်း မပြေမပြစ်အဖုအထစ်ကလေးတွေတော့ ကင်းမယ်မထင်ဘူး။

ဒီနေရာမှာ ပဋ္ဌာန်းပစ္စည်းတွေအမည်ပေးထားပုံကလေးကို နည်းနည်းနဲ့ဖြတ်ပြောချင်ပါတယ်။ ပစ္စည်းတရားတွေဆိုတာ အကျိုးပစ္စယုပ္ပန်ကိုဖြစ်စေတဲ့ အကြောင်းတရားတွေဖြစ်တဲ့အတိုင်း ပစ္စည်းတရားတို့ကိုအမည်ပေးရာမှာ အကျိုးတရားကို ထောက်ဆ ပြီးအမည်ပေးကြပါတယ်။ ဥပမာ အခုပြောမယ့် ပုရေဇာတပစ္စည်းဟာ ရှေးကကြိုတင်ဖြစ်နှင့်ပြီး ကျေးဇူးပြုတယ်ဆိုတာ အကျိုး တရားတွေ မဖြစ်ပေါ်မီ ကြိုတင်ဖြစ်နှင့်ပြီးကျေးဇူးပြုတာပါ။ အလားတူပဲ၊ အကျိုး

http://www.dhammadownload.com

တရားတို့ရဲ့ နောက်မှဖြစ်ပြီးကျေးဇူးပြုပေးတတ် တဲ့တရားကို ပစ္စာဇာတပစ္စည်း။ အကျိုးနဲ့အကြောင်းအတူတကွဖြစ်ပြီး ကျေးဇူးပြုပေးတဲ့တရားကို သဟဇာတပစ္စည်း၊ အကျိုး တရားဖြစ်ပေါ် ချိန်မှာ အကြောင်းတရားလဲထင်ရှားရှိပြီး ကျေးဇူးပြုပေးတဲ့တရားကျတော့ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း။ အကျိုး တရားဖြစ်ပေါ် ချိန်မှာ အကြောင်းတရားတွေက ထင်ရှားမရှိတော့ဘူး ချုပ်ပျောက်သွားပြီဆိုရင် နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း စသည်ဖြင့်ပေါ့။

ပုရေဇာတပစ္စည်းဆိုတာက ရှေးကကြိုတင်ဖြစ်နှင့် ပြီးကျေးဇူးပြုတဲ့ ပစ္စည်းတရား၊ ပစ္စာဇာတပစ္စည်းဆိုတာက နောက်က ဆက်ပြီး ကျေးဇူးပြုပေးတဲ့တရားပါ၊ ဒီပစ္စည်းနှစ်ခုက အချင်းချင်း အဓိပ္ပာယ်အရလဲ ဆက်သွယ်နေပါတယ်၊ မိမိသဘောပေါက် သလို ဥပမာပေးပြီးပြောလေ့ရှိတာကတော့ ပုရေဇာတပစ္စည်းက မွေးမိခင်နဲ့တူတယ်၊ ပစ္စာဇာတပစ္စည်းက နို့တိုက်မိခင်(နို့ထိန်း မိခင်)နဲ့ တူတယ်လို့ ပြောရင်ရမယ်ထင်ပါတယ်။

ပုရေဇာတပစ္စည်း ကျေးဇူးပြုပုံနဲ့ပတ်သက်လို့ အဋ္ဌကထာ ဆရာပေးတဲ့ ဥပမာအတိုင်း ဆရာမြတ်တို့ နိဿယပြန်တာကတော့-

"ပုရေဇာတပစ္စယော - အလင်းမှီနေ၊ မျှားဗိုလ်ခြေကို၊ ကပ္ပေစစ္စာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့၊ နောက်မှ ဖြစ်လေ၊ စိတ်နှင့်စေအား၊ တူကိုးပါးတွင်၊ ရှေးဖျားဖြစ်၍ ပစ္စုပ္ပန်နေ၊ ပုရေဇာသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတနှစ်ပါး ပစ္စည်းတရား ၎င်း"တဲ့။**

ကမ္ဘာဦးအစက ကြိုတင်ဖြစ်ပေါ်တဲ့ နေနဲ့လတို့ဟာ အလင်းရောင်ကိုအမှီပြုကြသူတို့ကို ကျေးဇူးပြုပေးသလို နောက်မှ ဖြစ်ကြမယ့် မြင်သိစိတ်,ကြားသိစိတ်စသည်မဖြစ်မီ ကြိုတင်ဖြစ်နှင့်ပြီး

http://www.dhammadownload.com

ကျေးဇူးပြုပေးတဲ့ ဝတ္ထုရုပ်၊ အာရုံရုပ်တရားများဟာ ပုရေဇာတ ပစ္စည်းများပါပဲလို့ ဆိုလိုတာပါ။

လူတိုင်းလူတိုင်း ပြောဆိုနေကြတဲ့ 'ငါသိတယ်'ဆိုတဲ့ စကားလေးကို အသေအချာဝေဖန်ပိုင်းခြား(ဝိဘဇ္ဇပြု)ကြည့်မယ် ဆိုရင် ခန္ဓာကိုယ်မှာရှိနေတဲ့ မျက်စေ့လို့ခေါ်တဲ့ စက္ခုပသာဒ အကြည် ဓာတ်ပေါ်မှာ အပြင်ကအဆင်းရုပ်ဓာတ်ဖြစ်တဲ့ ရူပါရုံက ထင်လာလို့ အဲဒီ အဆင်းကိုသိတယ်။ အလားတူပဲ 'နား'လို့ခေါ်တဲ့ သောတပသာဒ အကြည်ဓာတ်မှာထင်လာတဲ့ အသံရုပ်ဓာတ် သဒ္ဒါရုံ၊ 'နှာ' လို့ခေါ်တဲ့ ဃာနပသာဒ အကြည်ဓာတ်မှာထင်လာတဲ့ အနံ့ရုပ်ဓာတ် ဂန္ဓာရုံ၊ 'လျှာ'လို့ခေါ်တဲ့ ဇိဝှါပသာဒ အကြည် ဓာတ်မှာထင်လာတဲ့ အရသာရုပ်ဓာတ် ရသာရုံ၊ 'ကိုယ်'လို့ခေါ်တဲ့ ကာယပသာဒ အကြည် ဓာတ်မှာထိကပ်လာတဲ့ အတွေ့အထိဓာတ် ဖောဋ္ဌဗ္ဗာရုံ၊ အဲဒီ အပြင် အာရုံငါးပါးကို ပထမဆုံးသိကြတာပါ။

နောက်တော့မှ အဲဒီမြင်ရ,ကြားရ,နံ့ရ,စားရ,တွေ့ထိရတဲ့ အာရုံတွေအပေါ်မှာ ကြံစည်စိတ်ကူးမှုတွေနဲ့ ခြယ်လှယ်ပြီး အကောင်းအဆိုး၊ အချစ်အမုန်းတွေ အမျိုးမျိုးခွဲခြားတဲ့ ခံစားမှုတွေ၊ အမည် နာမတပ်ပြီး မှတ်သားမှုတွေစတဲ့ အတွေးသိတွေလဲ သိလာကြပါတယ်။

ဒါကိုစဉ်းစားကြည့်လိုက်ရင် သိတယ်လို့ပြောနိုင်တဲ့ သိမှု တစ်ခုခုဖြစ်ဖို့အတွက် အတွင်းက စက္ခု,သောတ,ဃာန,ဇိဝှါ, ကာယ ဆိုတဲ့ အကြည်ဓာတ်တွေလဲ ရှေးကတည်းက ကြိုတင်ဖြစ်ပေါ်ပေးရတယ်။ အပြင်မှာ အဆင်း,အသံ,အနံ့,အရသာ,တွေ့ထိ စရာ ဆိုတဲ့ အာရုံရုပ်တွေကလဲ ကြိုတင်ဖြစ်ပေါ်ပေးရတယ်၊ "ငါးဒွါရ ငါး အာရုံ"လို့ခေါ်တဲ့ ဒီငါးစုံတို့ကြိုတင်ဖြစ်ရှိနေမှုကို အကြောင်း ပြုပြီး သိတယ်လို့ ပြောဆိုနေတဲ့ သိမှုများပေါ်လာရတာပါပဲ။ ဒီလိုကြိုတင်

http://www.dhammadownload.com

ဖြစ်ပေါ်ပေးရတဲ့ အစုံငါးစုံတို့ကိုပဲ အကျိုးပစ္စယုပ္ပန်ဖြစ်တဲ့ သိမှု ဝိညာဉ်တို့မဖြစ်မီ ကြိုတင်ဖြစ်ပေါ်ပေးပြီး ကျေးဇူးပြုတတ်တဲ့အတွက် ပုရေဇာတပစ္စည်းတရားများလို့ခေါ်တာပါ။ အပြင်မှာရှိတဲ့ အာရုံတွေ ကိုတော့ အာရမ္မဏပုရေဇာတလို့ခေါ်ပြီး အတွင်းက ဝတ္ထုရုပ်တွေ ကိုတော့ 'ဝတ္ထုပုရေဇာတ (တည်မှီရာအဖြစ် ကြိုတင် ဖြစ်ပေါ် ကျေးဇူးပြုပေးတတ်တဲ့ တရားများ)လို့ခေါ်ပါတယ်။

အဆင်းသိစိတ်(စက္ခုဝိညာဏ)၊ အသံသိစိတ် (သောတ ဝိညာဏ)၊ အနံ့သိစိတ်(ဃာနဝိညာဏ)၊ အရသာသိစိတ် (ဇိဝှါ ဝိညာဏ)၊ အတွေ့အထိသိစိတ်(ကာယဝိညာဏ)တို့ ဖြစ်ပေါ်ပြီး နောက် ဆက်လက်ပြီးတွေးကြံတဲ့စိတ်တွေကိုတော့ မနောဝိညာဏ ဓာတ်လို့ခေါ်ပါတယ်။ အဲဒီ မနောဝိညာဏဓာတ်က ဟဒယဝတ္ထုကို မှီပြီး ဖြစ်ပေါ်တာပါ၊ ဒီဟဒယဝတ္ထုရုပ်ဟာလဲ ခန္ဓာကိုယ်ထဲမှာ တွေး သိစိတ်တွေမဖြစ်မီကတည်းက ကြိုတင်ဖြစ်ပေါ်ပေးရလို့ ပုရေဇာတ ပစ္စည်းဆိုတဲ့အမည်ရပါတယ်။

တရားတစ်ခုခုဟာ ကျေးဇူးပြုပေးတတ်တဲ့ စွမ်းရည်သတ္တိကို အကြောင်းပြုပြီး သူရဲ့ကျေးဇူးပြုပေးမှုအလိုက် ပစ္စည်းအမည် အမျိုး မျိုးရတာကိုလဲ သတိပြုမိကြမယ်ထင်ပါတယ်။ အခုပြောခဲ့တဲ့အထဲက အာရမ္မဏပုရေဇာတပစ္စည်းများဖြစ်ကြတဲ့ အဆင်း အသံစသည် တို့ဟာ အာရုံအဖြစ်နဲ့ ကျေးဇူးပြုပေးတတ်တဲ့သတ္တိကိုအကြောင်းပြုပြီး အာရမ္မဏပစ္စည်းဆိုတဲ့ အမည်ရခဲ့ဖူးတာကို အာရမ္မဏပစ္စည်းမှာ ပြောခဲ့ပြီးပါပြီ။

ပြီးတော့ ဒီအာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတ အမည်ရ တဲ့ တရားတွေဟာ ရုပ်တရားတွေဖြစ်ကြပါတယ်၊ ရုပ်တရားတွေဟာ စိတ်ဖြစ်တည်ချုပ်မှု (၁၇) ကြိမ်အထိ အသက်တန်းရှည်ကြတဲ့ အတွက် မြင်သိစိတ် ကြားသိစိတ်စတဲ့ အကျိုးတရားတွေရဲ့ အရင်

http://www.dhammadownload.com

ကတည်းက ကြိုတင်ဖြစ်ပေါ်လာကြပေမယ့် အကျိုးသီစိတ်တွေ ဖြစ်ပေါ်ချိန်အထိလဲ မချုပ်ပျောက်သေးဘဲ ထင်ရှားရှိနေကြလို့ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းဆိုတဲ့ အမည်ကိုလဲရကြပါလိမ့်ဦးမယ်။

အတိုချုပ်သိရမှာကတော့ လူခန္ဓာကိုယ်မှာ တင်ကြိုပါရှိထားပြီးဖြစ်တဲ့ စက္ခု,သောတ,ဃာန, ဇိဝှါ, ကာယ, ဟဒယဆိုတဲ့ ဝတ္ထုရုပ်ခြောက်ပါးနဲ့ ပြင်ပလောကကြီးမှာ ကြိုတင်ဖြစ်ရှိနေပြီးဖြစ်တဲ့ အဆင်း,အသံ,အနံ့,အရသာ, အတွေ့အထိဆိုတဲ့ အာရုံရုပ်ငါးပါးတို့က ပုရေဇာတပစ္စည်းတွေဖြစ်တယ်၊ ဝတ္ထုရုပ်တွေက ဝတ္ထုပုရေဇာတ ပစ္စည်းလို့ခေါ်ပြီး အာရုံရုပ်တွေကို အာရမ္မဏ ပုရေဇာတ ပစ္စည်းလို့ ခေါ်ပါတယ်။

ဝတ္ထုနဲ့အာရုံတိုက်ဆုံမှုကို အကြောင်းပြုပြီးဖြစ်ပေါ်လာတဲ့ ဝိညာဉ်စိတ်တွေနဲ့ ယှဉ်ဘက်ဖြစ်တဲ့ စေတသိက်(နာမ်တရား) တွေကို ပုရေဇာတပစ္စယုပ္ပန်တရားများလို့ခေါ်ပါတယ်။

ပုရေဇာတပစ္စည်းတရားမှာ တခြားပဋ္ဌာန်းပစ္စည်းတရားတွေနဲ့ မတူတဲ့ကန့်သတ်ချက်တွေ လဲရှိပါတယ်၊ ယခု ပစ္စယုပ္ပန်ဘဝမှာသာကျေးဇူးပြုနိုင်တဲ့ "ကာလ"ကန့်သတ်ချက်၊ ရူပ်ရှိတဲ့ ပဋ္ဌဝေါကာရဘုံမှာသာ ကျေးဇူးပြုတယ်ဆိုတဲ့ "ဘုံ"ကန့်သတ်ချက်နဲ့ ပစ္စည်းတရား ပစ္စယုပ္ပန်တရားတွေထဲမှာ ရူပ်နဲ့မပတ်သက်တဲ့ အရူပဝိပါက်လေးခုတို့ မပါဝင်တဲ့ "တရား"ကန့်သတ်ချက်တို့ပဲ ဖြစ်ပါတယ်။ ပုရေဇာတပစ္စည်းပစ္စယုပ္ပန်အနေနဲ့ ဒီလောက်ခြုံငုံ သဘောပေါက်ထားရင် လုံလောက်ပါတယ်။

ဝိပဿနာတရားရှုမှတ်ပွားများကြမယ့် ပုဂ္ဂိုလ်များအနေနဲ့တော့ 'သိတယ်'ဆိုတဲ့ သိမှုလေးတစ်ခုဟာ ဥပမာ 'ငါ မြင်ပြီး သိတယ်'ဆိုရင် အဲဒီမြင်မှုလေးဟာ အတွင်းမှာစက္ခုပသာဒခေါ်တဲ့ မျက်စေ့အကြည်ရုပ်ကို မှီတယ်၊ အပြင်ကအဆင်းရုပ်တရားကို

http://www.dhammadownload.com

အာရုံပြုတယ်၊ အဲဒီအတွင်းရုပ်အပြင်ရုပ်နှစ်ခုက ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုပေးလို့ အဆင်းကိုသိတယ်ဆိုတဲ့ သိမှုလေးဖြစ်လာတာ၊ အတွင်းရုပ်အပြင်ရုပ်နှစ်မျိုးလုံးဟာ သခ်ါရတရားတွေဖြစ်လို့ အကြောင်းအားလျော်စွာဖြစ်ကြပြီး အကြောင်းအားကုန်တဲ့အခါ ပျက်ကြစမြဲဖြစ်တယ်၊ တည်မှီရာရုပ်နဲ့ အာရုံရုပ်တွေက ခဏမစဲ ဖြစ်ပျက်ပြောင်းလဲနေသလို တည်မှီပြီးသိတတ်တဲ့ သိမှုကလေး တွေဟာလဲ အကြောင်းအားလျော်စွာသာဖြစ်ပြီး အကြောင်း အားကုန်ရင်ပျက်မြဲဖြစ်တယ်၊ 'ဒါကြောင့် ဖြစ်ပြီးပျက်တဲ့ သဘော ရှိတယ်'လို့ နှလုံးသွင်းကြရမှာပါ။ တိုတိုချုပ်ကတော့ 'ငါသိတာ မဟုတ်ဘူး၊ အကြောင်းပစ္စည်းကြောင့် သိမှုဆိုတဲ့အကျိုး ပစ္စယုပ္ပန် ဖြစ်လာတာ' လို့ ဆင်ခြင်ရမှာဖြစ်ပါတယ်။

ဒီလိုအကြောင်းနဲ့အကျိုး ဆက်စပ်ဖြစ်ပျက်ပုံကို ဆင်ခြင် သိတာကို ဝိပဿနာဉာဏ်စဉ်မှာတော့ 'ပစ္စယပရိဂ္ဂဟဉာဏ်- အကြောင်းပစ္စည်းကို သိမ်းဆည်းပြီးသိတဲ့ဉာဏ်'လို့ ခေါ်ပါတယ်၊ ခုလို ပဋ္ဌာန်းနည်းနဲ့ အကြောင်းတရားကိုသိမ်းဆည်းပြီး သိနိုင်ခဲ့ရင် အဆင့်အမြင့်ဆုံး ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တဲ့အတွက် ရဟန္တာဖြစ်တဲ့ အခါမှာ ပဋ္ဌိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်နိုင်တယ်လို့ ကျေးဇူးရှင်ဗန်းမော် ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသက မိန့်ကြားဖူးပါတယ်။

❑

http://www.dhammadownload.com

ပစ္စာဇာတပစ္စည်း

ပုရေဇာတပစ္စည်းနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်တဲ့ ပစ္စည်းကတော့ ပစ္စာဇာတပစ္စည်းပဲဖြစ်ပါတယ်၊ ပုရေဇာတ ပစ္စည်းက အကျိုးပစ္စယုပ္ပန်မဖြစ်မီ ရှေ့ကကြိုတင်ဖြစ်နှင့်ပြီး ကျေးဇူးပြုတယ်၊ ပစ္စာဇာတပစ္စည်းကတော့ အကျိုးတရားက အရင်ဖြစ်နှင့်ပြီး အကြောင်းတရားက နောက်မှဖြစ်ပြီးကျေးဇူးပြုပေးတာပါ။ ဒါကြောင့် ပစ္စာဇာတပစ္စည်းကို နို့ထိန်းမိခင်နဲ့ တူတယ်လို့ပြောတာ၊ ဒီပစ္စည်းဟာ အခြားပစ္စည်းတွေလို ဖြစ်ပေါ်စေတတ်တဲ့ ဇနကသတ္တိမရှိဘူး၊ တည်တန့် ခိုင်မြဲအောင် ထောက်ပံ့ကူညီပေးတဲ့ ဥပထမ္ဘကသတ္တိသာ ရှိပါတယ်။

ပစ္စာဇာတပစ္စည်းကျေးဇူးပြုတာက ဘဝတစ်ခုမှာ ပထမဆုံး စပြီး ပဋိသန္ဓေစိတ်ကလေးဖြစ်လိုက်တာနဲ့တပြိုင်နက် ဆိုင်ရာ ကမ္မဇ ရူပ်တွေပါလာတယ်။ ဒီနေရာမှာ အဘိဓမ္မာသင်တန်းတက်ဖူး သူတွေ အတွက်တော့ စိတ်ဖြစ်စဉ် (ဝီထိ)ကလေးနဲ့ကပ်ပြီးပြောမှ ပိုပြီး သဘောပေါက်မယ်။

http://www.dhammadownload.com

ပထမဆုံး ပဋ္ဌိသန္ဓေစိတ်ကလေးက ဥပါဒ်,ဌိ,ဘင်ဆိုပြီး ခဏငယ်သုံးချက်ဖြစ်တယ်၊ ပြီးတော့ ဘဝင်စိတ်တွေလဲ တစ်ကြိမ်မှာ ခဏငယ်သုံးချက်စီနဲ့ပဲ၊ ဆယ့်ငါးကြိမ်၊ ဆယ့်ခြောက်ကြိမ်ခန့်ဖြစ်တယ်၊ ဒီဖြစ်စဉ်ထဲမှာ ရူပ်တွေပူးပေါင်းပါပုံကတော့ ပထမဆုံးပဋ္ဌိသန္ဓေစိတ်ကလေးရဲ့ ဥပါဒ်အခိုက်မှာပဲ ဆိုင်ရာကမ္မဇရူပ်တွေကလည်း တပြိုင်နက်ဖြစ်ပါတယ်၊ ဒါကို ပဋ္ဌာန်းအရကောက် ဆရာတော်က တော့ 'ဥပါဒ်ပြိုင်တယ်'လို့ သုံးပါတယ်၊ အဖြစ်ခြင်းပြိုင်တယ်လို့ ဆိုတာပေါ့။ ပဋ္ဌိသန္ဓေစိတ်ကလေးရဲ့ 'ဌိ'အခိုက်ရောက်တော့ ဥတုကြောင့်ဖြစ်တဲ့ ဥတုဇရူပ်တွေစဖြစ်တယ်။ ပဋ္ဌိသန္ဓေစိတ် နောက်မှာ ပထမဆုံးဖြစ်တဲ့ ဘင်စိတ်ကလေးရဲ့ ဥပါဒ်အခိုက်ရောက်တော့ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တွေစပြီး ဖြစ်ပါတယ်။ အဲဒီ နောက်တော့ စဉ်ဆက်မပြတ် ဖြစ်လိုက်ချုပ်လိုက်ပေါ့။ မိခင်စားသောက်တဲ့ အာဟာရဓာတ် တွေက ကလေးရဲ့ချက်ကြိုးနဲ့ဆက်သွယ်ပြီး ထောက်ပံ့ပေးတဲ့အချိန် ရောက်လာတော့ အစာအာဟာရ ကြောင့်ဖြစ်တဲ့ အာဟာရဇရူပ်တွေလည်း ဖြစ်ပေါ်လာပါတယ်။

ရူပ်တွေရဲ့ဒီဖြစ်စဉ်အရ ပဋ္ဌိသန္ဓေစိတ်ရဲ့ဥပါဒ်အခိုက်မှာ ကမ္မဇရူပ်တစ်မျိုးသာစပြီးဖြစ်တယ်၊ ရူပ်တို့ကို 'ရှိပြီ'လို့ ခေါ်ဆိုသတ်မှတ်တဲ့သဘောအရ စဖြစ်တဲ့ဥပါဒ်အခိုက်ကလေးမှာ ထင်ရှားရှိပြီလို့ မသုံးသေးဘူး၊ ဥပါဒ်ရဲ့နောက်က 'ဌိ' အခိုက်ရောက်မှ ထင်ရှားရှိတယ်လို့ သတ်မှတ်တယ်၊ ပဋ္ဌိသန္ဓေစိတ်ရဲ့ ဌိ အခိုက်မှာ ကမ္မဇရူပ်လဲ ဌိ အခိုက်ရောက်ပြီဖြစ်လို့ ရူပ်တစ်မျိုးထင်ရှားရှိပြီလို့ ဆိုနိုင်ပါတယ်၊ ဒါကြောင့် ပဋ္ဌိသန္ဓေစိတ်ရဲ့ ဌိ ကာလအထိကို 'ဧကဇကာယ-အကြောင်းတစ်မျိုးကြောင့်ဖြစ်တဲ့ ရူပ်တစ်မျိုး သာရှိသေးတဲ့ ခန္ဓာကိုယ်'လို့ ခေါ်ပါတယ်။ ပဋ္ဌိသန္ဓေစိတ်ရဲ့ ဘင်ခဏရောက်တော့ ကမ္မဇရူပ်နဲ့ဥတုဇရူပ် နှစ်မျိုးရှိလာလို့ ဒွိဇကာယ ခေါ်ပါတယ်၊

http://www.dhammadownload.com

ပထမဘဝင်စိတ်ရဲ့ ဌ ခဏရောက်တော့ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇ ရုပ်ဆိုပြီး ရုပ်သုံးမျိုးထင်ရှားရှိလာတဲ့အတွက် တိဇကာယ ခေါ်ပါတယ်၊ အာဟာရဇရုပ်ဖြစ်ပေါ် လာချိန်မှာတော့ အကြောင်းလေးမျိုး ကြောင့်ဖြစ်တဲ့ ရုပ်လေးမျိုးလုံး ပြည့်စုံလာလို့ စတုဇကာယ ခေါ်ပါတယ်၊ အပါယ်လေးဘုံရယ်၊ လူ့ဘုံ၊ နတ်ဘုံတို့ရယ်ဆိုတဲ့ ကာမာဝစရဘုံမှာ အဲဒီရုပ်လေးမျိုးရှိတယ်၊ ဗြဟ္မာတွေမှာတော့ အာဟာရဇရုပ်ရယ်လို့မရှိတဲ့အတွက် ကျန်ရုပ်သုံးမျိုးရှိတဲ့ တိဇကာယ သတ္တဝါတွေလို့ ခေါ်ပါတယ်။

ခုပြောခဲ့တဲ့ ကာမာဝစရဘုံနဲ့ ရူပါဝစရဘုံက သက်ရှိသတ္တဝါတွေမှာ ရုပ်တရားနဲ့နာမ်တရားနှစ်ခုစုံရှိနေမှ အသက်ရှင်နိုင်တာဖြစ်လို့ ရှေးရှေးစိတ်တွေနဲ့အတူ ဖြစ်လာတဲ့ရုပ်တရားတွေ သက်တမ်းပြည့်ရှင်သန်နိုင်အောင် နောက်နောက်စိတ်တွေကလဲ စဉ်ဆက်မပြတ်ဖြစ်ပေးရပါတယ်။ အဲဒီလို ကျေးဇူးပြုပေးနေတာကို ပစ္စာဇာတပစ္စည်းလို့ခေါ်တာပါ။ ရှေးရှေးစိတ်နဲ့အတူဖြစ်တဲ့ ရုပ်တရားတွေက အကျိုးပစ္စယုပ္ပန်တရားဖြစ်ပြီး နောက်နောက်စိတ်တွေကတော့ အထောက်အပံ့ပေးနေတဲ့ အကြောင်းပစ္စည်းတရားတွေဖြစ်ပါတယ်။

ပုရေဇာတပစ္စည်းနဲ့ ပစ္ဆာဇာတပစ္စည်းတို့ဟာ ကျေးဇူးပြုတဲ့ကာလချင်းသာ ရှေ့နဲ့နောက်ဖြောင့်ဖြောင့်ဆန့်ကျင်တာမဟုတ်ဘူး၊ ပစ္စည်းပစ္စယုပ္ပန်နေပုံချင်းကလဲ ဖြောင့်ဖြောင့်ဆန့်ကျင် ပါတယ်။ ပုရေဇာတကရှေးရှေးရုပ်ပစ္စည်း၊ နောက်နောက်နာမ် ပစ္စယုပ္ပန်။ ပစ္ဆာဇာတက ရှေးရှေးရုပ်ပစ္စယုပ္ပန်၊ နောက်နောက်ကနာမ်ပစ္စည်းပါ။ ဒီပစ္စည်းနှစ်မျိုးလုံးဟာ ပစ္စည်းပစ္စယုပ္ပန်နေပုံကလဲ ရုပ်နဲ့နာမ်ဆိုပြီး ကွဲပြားတဲ့အတွက် ပဋ္ဌာန်းဒေသနာအရ အချင်းချင်းပူးပေါင်းရောဝင်ယှဉ်တွဲခြင်းမရှိတဲ့အတွက် ဝိပွယုတ္တပစ္စည်းဆိုတဲ့ အမည်လဲရကြပါတယ်။

http://www.dhammadownload.com

အကျိုးကအရင်ဖြစ်ပြီး အကြောင်းကနောက်မှ ဖြစ်ပေါ်ကျေးဇူးပြုပေးတဲ့ ဒီပစ္စာဇတပစ္စည်းနဲ့ပတ်သက်လို့ အဋ္ဌကထာဆရာပြတဲ့ဥပမာတော့ လင်းတဌက်ပေါက်စများနဲ့တူပါသတဲ့၊ ဌင်းတဌက်တွေဟာ ကိုယ်တိုင်ပြန်သန်းရှာဖွေမစားသောက်နိုင်သမျှ မိခင်ကရှာဖွေကျွေးမွေးတယ်ရယ်လို့ မရှိဘူးတဲ့၊ အစာကိုစားရ နိုးစားရ နိုးဆိုတဲ့ အာသာနဲ့သာအသက်ရှင်နေကြရတာတဲ့၊ အတောင်အလက်စုံလို့ပျံနိုင်ခါမှပဲ အစာကိုတကယ်စားကြရတာတဲ့၊ မစားရဝခမန်းဆိုတာမျိုးနေမှာပေါ့။

အဋ္ဌကထာကပေးတဲ့ ဥပမာအတိုင်းပြောရတာပါ၊ ဒစ္စကာဘာရီတွေမှာ ခုခေတ်ပညာရှင်တွေလက်တွေ့လေ့လာတွေ့ရှိချက်တွေအရတော့ ဌင်းတဌက်တွေလဲ ကလေးငယ်ကိုရှာဖွေ ကျွေးမွေးကြတာတွေ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ရှေးရှေးကဖြစ်ပေါ်လာတဲ့တရားတွေကို ဆက်လက်ရှင်သန်ခွင့်ရအောင် နောက်နောက်မှာ ဖြစ်ပေါ်ထောက်ပံ့ပေးတဲ့ အကြောင်းတရားကို ပစ္စာဇာတပစ္စည်းတရားလို့ ခေါ်တယ်ဆိုတာ သဘောပေါက်ဖို့ပါပဲ။ ပေါက်ရောက်လာတဲ့ သစ်ပင်ကလေးတွေရှင်သန်အောင် ရေလောင်းပေးတာတို့၊ သားငယ်သမီးငယ်လေးတွေ မွေးဖွားလာပြီးတဲ့နောက် နို့ချိုတိုက်ကျွေး ပြုစုစောင့်ရှောက်ပေးတာတို့ဟာလဲ ပစ္စာဇာတပစ္စည်းသဘောမျိုးပါပဲ။

ဒီပစ္စည်းနှစ်မျိုးနဲ့ပတ်သက်လို့ မိမိတို့စာသင်သားဘဝကဆရာသမားများသုံးနှုန်းဆုံးမသွားတာကိုလဲ သတိရမိပါတယ်။

မိမိပညာရည်နှိုသောက်စို့ခဲ့ရာ အမရပူရမြို့၊ တူမောင်းတိုက်နာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒိယဆိုတာ တစ်ချိန်ကတော့ တောင်မြို့ညဝါအကျော်လို့နာမည်ရတဲ့ ဆရာတော်ကြီးတစ်ပါးဖြစ်ပါတယ်၊ ရှေးဆရာတော်ကြီးများကတော့ ပခုက္ကူမှာ နိကာယ်ငါး

http://www.dhammadownload.com

ရပ်ကျမ်းကြီးပေါက်လိုက်ရင် ကိုယ်လုံးပြည့်တယ်၊ တောင်မြို့မှာ ညဝါ (ပဌာန်းယမိုက်)ဆိုပြီးမှ အဘိဓမ္မာ ဦးခေါင်းဆုံးပြီး ကိုယ်လုံး ပြည့်တယ်လို့ ဆိုလေ့ရှိပါတယ်။ အဲဒီလို ကိုယ်လုံးပြည့်အောင်ဖြည့် ပေးတဲ့ ဆရာတော်ကြီးပေါ့။

ဆရာတော်ကြီးက ဆုံးမသြဝါဒပေးရာမှာလဲ ပဌာန်းပစ္စည်း များနဲ့ လျော်သလိုအသုံးပြု ဆုံးမလေ့ရှိပါတယ်။ ဥပမာ အချင်းချင်း တစ်စိတ်တစ်ဝမ်းညီညွတ်ဖို့ဆိုရင် 'အားလုံးပဲ အခုလိုစာသင်တိုက် ကြီးမှာ အတူတကွနေထိုင်ကြတယ်ဆိုတာ သဟဇာတဖြစ်ကြတာပဲ၊ သဟဇာတဖြစ်လာပြီဆိုရင် အချင်းချင်းငဲ့ကွက်ရိုင်းပင်းတဲ့ အညမည စိတ်ထားရတယ်၊ ဒါမှသာ မမာမကျန်းစတဲ့ဒုက္ခနဲ့ ကြုံရတဲ့အခါ နိဿယသဘောမျိုးနဲ့ မှီခိုအားထားရာရကြမယ်' ဆိုတာမျိုးပေါ့။

ပုရေဇာတ၊ ပစ္ဆာဇာတပစ္စည်းများနဲ့ပတ်သက်လို့ ဆရာတော် ကြီးသုံးစွဲ ဆုံးမသွားတာကတော့ 'စာသင်တိုက်ကြီးတွေ၊ ပရိယတ် ပဋိပတ်တိုက်ကြီးတွေ ဖြစ်ပေါ်အောင်ဆိုတာ ရှေးရှေးဆရာသမား များက အခက်အခဲအမျိုးမျိုးကြားထဲက ကြိုးစားတည်ထောင် သွားကြတာ၊ ရှေးရှေးပုဂ္ဂိုလ်တွေက ပုရေဇာတပစ္စယ သဘောမျိုးနဲ့ အစဉ်အလာကောင်းတွေဖြစ်အောင် ကြိုးစားတည် ထောင်ခဲ့တာကို နောင်လာနောင်သားများကလဲ ပစ္ဆာဇာတပစ္စည်းမြောက်အောင် အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းဖို့ အရေးကြီး တယ်၊ ပုရေဇာတပစ္စည်းတွေ ဘယ်လောက်အားကောင်းကောင်း ပစ္ဆာဇာတပစ္စည်းချို့တဲ့ရင် အစဉ်အလာကောင်းတွေ ဆိတ်သုဉ်း သွားမှာပဲ။

မန္တလေးမြို့လို မြို့ကြီးတွေမှာ ရှေးကထင်ရှားခဲ့တဲ့ စာသင် တိုက်ကြီးတချို့ဟာ အခုဆိုရင် နာမည်လောက်ပဲကျန်တော့တယ်၊ သာသနာအကျိုးအတွက် အထောက်အကူမပြုကြတော့ဘူး၊ ဒါဟာ

http://www.dhammadownload.com

နောင်လာနောင်သားတို့ရဲ့ ပစ္စာဇာတပစ္စည်းချို့တဲ့မှုပဲ၊

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီး အခုလိုတည်တံ့နေတာဟာ ဘုရားအစရှိတဲ့ ရှေးရှေးပုဂ္ဂိုလ်မြတ်များက ပုရေဇာတပစ္စယသတ္တိအားကောင်းခဲ့ကြသလို အရှင်မဟာကဿပ အစရှိတဲ့ နောင်လာနောင်သားအဆက်ဆက်ကလဲ ပစ္စာဇာတပစ္စယသတ္တိအားကောင်းအောင်ကြိုးစားခဲ့ကြလို့ အခုလိုတည်တံ့နေတာ။ ဒီနေ့စာသင်သားတွေ၊ သာသနာဝန်ထမ်းတွေအားလုံးဟာ မိမိတို့အပေါ် ကျရောက်လာတဲ့ ပစ္စာဇာတပစ္စယတာဝန်ကြီးကို ပေါ့ပေါ့တန်တန် သဘောမထားကြပါနှင့်၊ သာသနာနောင်ရေး၊ တိုက်တာနောင်ရေးဟာ ဒီနေ့စာသင်သားတွေ၊ သာသနာဝန်ထမ်းတွေရဲ့ ပစ္စာဇာတပစ္စယတာဝန် ကျေပွန်မှုအပေါ်မှာ လုံးလုံးလျားလျား တည်နေတယ်၊ အဲဒါ သတိပြုကြပါဆိုပြီးဆုံးမတာကို မှတ်သားရဖူးပါတယ်။

ဒီသြဝါဒစကားအရ အဓိပ္ပါယ်ပွားယူတတ်ရင် မိဖနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ လွတ်လပ်ရေးရယူပေးသူများနဲ့ လွတ်လပ်ရေးထိန်းသိမ်းသူစသည်တို့မှာလဲ ရှေးရှေးပုဂ္ဂိုလ်တို့က ပုရေဇာတပစ္စည်းကောင်း တာဝန်ကျေပွန်ကြသလို သားသမီး၊ တပည့်၊ နောင်လာနောင်သားများကလဲ ပစ္စာဇာတပစ္စည်းကောင်းဖြစ်အောင် တာဝန်ရှိသလို တာဝန်သိပြီး တာဝန်ကျေကြဖို့လိုတယ်လို့ အဓိပ္ပါယ်ယူနိုင်ပါလိမ့်မယ်။

ပုရေဇာတပစ္စည်းထက် ပစ္စာဇာတပစ္စည်းတရားများ စွမ်းအားကြီးမားထက်သန်ကြပါစေ . . .။

❑

http://www.dhammadownload.com

အာသေဝနပစ္စည်း

အာသေဝနဆိုတာ "ထုံတယ်မွှမ်းတယ်"လို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာတွေ ပြောပြောနေကြတဲ့ 'အထုံပါတယ်' ဆိုတဲ့စကားဟာလဲ ဒီအာသေဝနပစ္စည်းကိုပြောတာပါပဲ၊ အာသေဝနပစ္စည်းနဲ့ ပတ်သက်လို့ အဋ္ဌကထာဆရာပေးတဲ့ ဥပမာကတော့ အမွှေးနံ့သာ အထပ်ထပ်လိမ်းကျံတဲ့အခါ ရှေးရှေးအကြိမ်တွေက နောက်နောက် အကြိမ်တွေအတွက် ပိုပြီးမွှေးအောင် ကျေးဇူးပြုပေးသလိုတဲ့။ ဒီဥပမာအတိုင်း ရှေးဆရာတော်များ နိဿယပြန်ထားတာကတော့-

"**အာသေဝနပစ္စယော = နောက်နောက်မွန်လေး၊ သာလွန်မွှေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့၊ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာကုသလ၊ ကြိယသဘော၊ နောက်နောက်ဇောအား၊ တူခြောက်ပါးတွင်၊ ခွန်အားဟုန်ပြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော အာသေဝနပစ္စည်းဂုင်း**" တဲ့။

ခုခေတ်အထင်ရှားဆုံးဥပမာနဲ့ ပြောရရင်တော့ ပေါ်လစ်တို့ ဆေးတို့သုတ်ရာမှာ ရှေးရှေးခံဆေးတွေက နောက်နောက်သုတ်တဲ့

http://www.dhammadownload.com

ဆေးတွေ အရောင်ပိုတက်လာအောင် ကျေးဇူးပြုသလိုလို့ ပြောရင်လဲရပါတယ်။ သက်ရှိသတ္တဝါများအနေနဲ့တော့ တစ်ကြိမ်ကစလိုက်တဲ့အလုပ်များဟာ တစ်ကြိမ်ထက်တစ်ကြိမ်တိုးလာတဲ့အခါ 'အကြိမ်များတော့ အကျင့်ပါ။ အကျင့်ပါတော့ အထုံရလာတဲ့သဘောပါပဲ။ အထုံရတာကိုပဲ စရိုက်၊ ဝါသနာ၊ အထုံ၊ ဓလေ့၊ အကျင့်ပါတယ်လို့ခေါ်ပါတယ်။ သံတူကြောင်းကွဲတွေပါပဲ။

ဒီအာသေဝနပစ္စည်းဟာလည်း လူ့လောကထဲမှာ အတော်လေးအရာကျယ်ပြန့်ပါတယ်၊ ဆေးလိပ်ကိုတစ်စတစ်စ ဖွာကြည့်ရာက ဆေးလိပ်စွဲတာတို့၊ မူးယစ်ဆေးဝါးစွဲတာတို့စတဲ့ အသောက်အစားစွဲတာ၊ အပျော်အပါး၊ အလောင်းအစားစွဲတာ စသည်တို့ဆိုတာ အာသေဝနသတ္တိရလာတဲ့သဘောပါပဲ။ အသိဉာဏ်နည်းသူတို့ဆင်ခြေပေးလေ့ရှိတဲ့ 'တစ်တက်စားလဲ ကြက်သွန်ဖြူ၊ နှစ်တက်စားလဲ ကြက်သွန် ဖြူပါပဲ'ဆိုတဲ့ စကားထဲမှာ တစ်တက်စားတာထက် နှစ်တက်စားတာက ပိုအားကောင်းလာပါတယ်၊ ဒီလိုနဲ့ အကြိမ်များလာတဲ့အခါ မစားဘဲမနေနိုင်အောင်ဖြစ်လာတယ်။

မကောင်းမှုမှာလဲ အလားတူပါပဲ 'တစ်ကြိမ်စမိမှတော့ သန်းခေါင်ထက်ညဉ့်မနက်တော့ပါဘူး'ဆိုတဲ့ ဆင်ခြေနဲ့ဆက်မိုက်ကြရင် အကြိမ်များလာတဲ့အခါ အာသေဝနပစ္စယသတ္တိအားကောင်းပြီး လက်ရဲဇက်ရဲဖြစ်လာရာက အကုသိုလ်ကိုမပြုဘဲ မနေနိုင်တဲ့ အဆင့်အထိ ဖြစ်လာတတ်ပါတယ်။

ညဉ့်မှာသန်းခေါင်ထက်နက်တာ မရှိပေမယ့် အပါယ်ငရဲကတော့ တစ်ဆင့်အောက်တစ်ဆင့် နက်သည်ထက်နက်တယ်ဆိုတာရှိပါတယ်။ ဒါကြောင့် အကုသိုလ်အရာမှာ အာသေဝနပစ္စည်းသဘောမျိုး ဖြစ်မသွားရေးဟာ အလွန်အရေးကြီးတဲ့ကိစ္စပါ။ သတိထားအသိပွားပြီး အချိန်မီဟန့်တားကြဖို့ လိုပါတယ်။

http://www.dhammadownload.com

ကုသိုလ်အရာမှာလဲ အလားတူပါပဲ ဘယ်ကိစ္စမဆို တစ်ကြိမ်ကစကြရတာချည်းပါပဲ၊ ကောင်းမွန်တဲ့ စရိုက်၊ ဝါသနာ၊ အလေ့အထုံ အကျင့်ဖြစ်စေချင်ရင် အကြိမ်များအောင် ဇွဲနဲ့ကြိုးစားရမှာပါ၊ အကြိမ်များလာပြီဆိုရင်တော့ အာသေဝနပစ္စယ သတ္တိကလဲ အတော်လေးကိုအရှိန်ရလာပြီး ကြာတော့မလုပ်ရမနေနိုင်ဆိုတဲ့ အထိဖြစ်လာတာပါပဲ၊ ပါရမီဖြည့်တယ်ဆိုတာလဲ ဒီသဘောပါပဲ၊ စရိုက်,ဝါသနာ အလေ့,အထုံအကျင့်ကနေ ဓာတ်ခံကောင်းဖြစ်လာတဲ့သဘောပါ။

ပညာသင်ရာမှာ တစ်တန်းထက်တစ်တန်း သဘောပေါက်လွယ်ကူလာတဲ့ သဘောဟာလဲ အာသေဝနပစ္စယသတ္တိအားကောင်းလာတယ်လို့ပဲ ဆိုရမှာပါ၊ ခြုံပြီးပြောရရင်တော့ 'ကျွမ်းကျင်မှု' ဆိုတဲ့ အလေ့အထတွေ၊ ပညာရပ်တွေအားလုံးဟာ တစ်ကြိမ်ကစခဲ့ကြပြီး ရှေးရှေးအကြိမ်တွေက နောက်နောက်အကြိမ်တွေကို အာသေဝနပစ္စယသတ္တိနဲ့ ကျေးဇူးပြုပေးကြလို့ ချည်းပါပဲ၊ ဒီလောက်ဆိုရင် အာသေဝနပစ္စယသတ္တိရဲ့ သဘောကိုရိပ်စားမိ လောက်ပါပြီ။

အာသေဝနပစ္စယသတ္တိနဲ့ပတ်သက်ပြီး အထူးသတိပြုရမယ့် အချက်ကတော့ နိဿယဆရာရဲ့ စကားထဲမှာပါတဲ့ **'မျိုးဇာတ်တူ စွာ'**ဆိုတဲ့ စကားရပ်ပါပဲ။ အလုပ်လုပ်ရာမှာ ဟိုစပ်စပ်ဒီစပ်စပ် အလုပ်တွေဟာ ရှေးအလုပ်က နောက်အလုပ်ကို အတွေ့အကြုံ အဖြစ် ကျေးဇူးမပြုနိုင်ဘူး၊ အလုပ်တစ်ခုတည်းကို အကြိမ်များစွာ လုပ်မှသာ ရှေ့အလုပ်က နောက်အလုပ်ကို အတွေ့အကြုံရစေနိုင်တယ်၊ အလေ့အကျင့်ရစေနိုင်တယ်။ အဲဒီလို တစ်မျိုးတည်းကို အထပ်ထပ်ပြုနေသလို စိတ်တွေမှာလဲ တစ်မျိုးတည်းက အကြိမ်ကြိမ် အထပ်ထပ်လဲ ဖြစ်နေမှ၊ အဲဒီအကြိမ်ကြိမ် အထပ်ထပ်ဖြစ်တဲ့ စိတ်တွေက ထူးခြားတဲ့သိမှုလဲဖြစ်မှ၊ တဖြည်းဖြည်း အင်အားဖြည့်

http://www.dhammadownload.com

ရတဲ့ စိတ်မျိုးလဲဖြစ်မှသာ အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုပေးနိုင်ပါတယ်။

ဒါကြောင့် စိတ်ဖြစ်စဉ်(ဝီထိ)တစ်ခုမှာ တစ်ကြိမ်စီသာ ဖြစ်ခွင့်ရကြတဲ့စိတ်တွေလဲ အာသေဝနပစ္စည်းမဖြစ်နိုင်ဘူး၊ အကြိမ် ကြိမ် အထပ်ထပ်ဖြစ်ပေမယ့် အာရုံသိမှုထူးခြားခြင်းမရှိတဲ့ ဘဝင်စိတ်တွေလဲ အာသေဝနပစ္စည်း မဖြစ်နိုင်ဘူး၊ 'အရှင်မွေး နေ့ချင်းကြီး' ဆိုသလို ခွန်အားပြည့်ဖြစ်လာတဲ့ မဂ်စိတ်ဖိုလ်စိတ်တွေလဲ အာသေဝနပစ္စည်းမဖြစ်နိုင်ပါဘူး။

စိတ်ဖြစ်စဉ်(ဝီထိ)တစ်ခုထဲမှာ အကြိမ်ကြိမ်လဲဖြစ်တယ်၊ အင်အားတဖြည်းဖြည်းပေးဖို့လဲ လိုအပ်တယ်ဆိုတဲ့ အကုသိုလ် ဇော၊ လောကီကုသိုလ်ဇောနဲ့ ကြိယာဇောတွေသာ အာသေဝနပစ္စည်းဖြစ်နိုင်ပါတယ်။ လောကီဇောတွေထဲမှာတောင် နောက်ဆုံးဖြစ်တဲ့ လောကီဇောဟာ သူ့နောက်မှာဇာတ်တူတရားမရှိတဲ့ အတွက် အာသေဝနပစ္စည်းမဖြစ်ပါဘူး၊ သူ့ရှေ့ဇောက အာသေဝန သတ္တိနဲ့ ကျေးဇူးပြုပေးခြင်းခံရလို့ အာသေဝနပစ္စယုပ္ပန်တော့ဖြစ်ပါတယ်။ အလားတူပဲ မဂ်ဆုံးဇောဟာလည်း ကျေးဇူးပြုပေးခြင်းခံရတဲ့ ပစ္စယုပ္ပန်သာဖြစ်နိုင်ပြီး ကျေးဇူးပြုပေးတတ်တဲ့ ပစ္စည်းတရား မဖြစ်နိုင်ပါဘူး။

အာသေဝနပစ္စည်းကို ပါဠိတော်မှာဟောတော်မူတာ ကတော့ **'ပုရိမာ ပုရိမာ ကုသလာဓမ္မာ (အကုသလာဓမ္မာ၊ ကြိယာဗျာကတာဓမ္မာ) ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ (အကုသလာနံ ဓမ္မာနံ၊ ကြိယာဗျာကတာနံ ဓမ္မာနံ) အာသေဝနပစ္စယေနပစ္စယော'** ဆိုပြီး ဟောပါတယ်။

ကုသိုလ်ဇောမှာဖြစ်စေ၊ အကုသိုလ်ဇောမှာဖြစ်စေ၊ ကြိယာဗျာကတဇောမှာဖြစ်စေ ဇောစိတ်ဆိုတာ ယေဘုယျအား ဖြင့်(၇)ကြိမ်

http://www.dhammadownload.com

ဖြစ်ကြပါတယ်၊ အဲဒီလိုဖြစ်ရာမှာ ပထမဇောစိတ်က ဒုတိယဇော စိတ်ကို၊ ဒုတိယက တတိယဇောကိုစသည်ဖြင့် နောက်ဆုံးမှာ ဆဋ္ဌမ ဇောက သတ္တမဇောကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ ရှေ့ ကကျေးဇူးပြုပေးတာက ပစ္စည်း၊ နောက်ကနေ ကျေးဇူးအပြုခံရ တာက ပစ္စယုပ္ပန်ပါ။

ဒီဖြစ်စဉ်သဘောကို အသေအချာစဉ်းစားကြည့်လိုက် မယ်ဆိုရင် ပထမဆုံးဖြစ်တဲ့ ဇောစိတ်ကလေးဟာ သူ့ရှေ့မှာ ဇာတ်တူ တရား မရှိတဲ့အတွက် အာသေဝနသတ္တိနဲ့ ကျေးဇူးပြုပေးခြင်းကို မခံရပါဘူး၊ သူကတော့ သူ့နောက်ကဇာတ်တူဖြစ်တဲ့ ဒုတိယဇောကို အာသေဝနသတ္တိနဲ့ ကျေးဇူးပြုပေးပါတယ်၊ ဒုတိယဇောကျတော့ ပထမဇောကအာသေဝနသတ္တိနဲ့ ကျေးဇူးပြုပေးခြင်းကိုခံယူရရှိ တဲ့အတွက် ပထမဇောထက် တစ်ဆပိုပြီးအား ကောင်းပါတယ်၊ ဒီဒုတိယဇောဟာ သူ့နောက်ကတတိယ ဇောကိုလည်း အာသေဝန သတ္တိနဲ့ ကျေးဇူးပြုပေးတယ်၊ ဒါကြောင့် နောက်နောက်ဇောတွေဟာ ရှေးရှေးဇောတွေထက် အားကောင်းတယ်လို့ သဘောပေါက်နိုင် ပါတယ်၊ ဒီအတိုင်းစဉ်းစားကြည့်လိုက်ရင် နောက်ဆုံးဖြစ်တဲ့ သတ္တမဇောဟာ ကံတွေထဲမှာ အားအကောင်းဆုံးလို့ သဘော ပေါက်ပါလိမ့်မယ်။

ဒါကြောင့်လည်း ကုသိုလ်ကံမှာဖြစ်စေ၊ အကုသိုလ်ကံ မှာဖြစ်စေ အားအနည်းဆုံးဖြစ်တဲ့ ပထမဇောစေတနာဟာ ဒုတိယ ဘဝစသည်အထိ အကျိုးပေးသက်ရှည်လောက်အောင်စွမ်းအား မရှိတဲ့အတွက် အကျိုးပေးမယ်ဆိုရင် အခုဘဝမှာပဲအကျိုးပေး ပါတယ်၊ အကျိုးပေးရာကာလနဲ့ခွဲခြားတဲ့ ကံအမျိုးအစားအရ သူ့ကို 'ဒိဋ္ဌဓမ္မဝေဒနိယကံ' လို့ခေါ်ပါတယ်၊ အခုဘဝမှာ အကျိုးမပေးတော့ ဘူးဆိုရင် ပထမဇောအခိုက် ကံကလေးဟာ အချည်းနှီးအဟော

http://www.dhammadownload.com

သိကံဖြစ်သွားပါတယ်၊ မြန်မာစကားမှာ ပြောပြောနေကြတဲ့ 'အဟော သိကံ ဖြစ်လိုက်လေ'ဆိုတာ ဒီကံကိုပြောတာပါပဲ။

အဘိဓမ္မာသဘောမျိုးကို မလေ့လာဖူးသူများအနေနဲ့ လွတ်ခနဲကြည့်လိုက်မယ်ဆိုရင်တော့ ခုဘဝချက်ချင်းအကျိုးပေးတဲ့ကံက အားအကောင်းဆုံးကံ ဖြစ်လိမ့်မယ်လို့ ထင်စရာပေါ့၊ အမှန်က အားအနည်းဆုံးကံဖြစ်လို့ ခုဘဝမှာသာ အကျိုးပေးရတာပါ။

အားအနည်းဆုံးဆိုတာကလဲ နောက်နောက်ဇောတွေရဲ့ စွမ်းအားကို ထောက်ဆပြီးတော့သာ ပြောရတာပါ၊ လက်တွေ့အကျိုးပေးသွားတဲ့ ဖြစ်စဉ်တွေအရကြည့်မယ်ဆိုရင်တော့ ပြုသူရဲ့စေတနာ အားကြီးရင်ကြီးသလောက် ပထမဇောရဲ့စွမ်းအားကလည်း ကြီးမားတာကို တွေ့နိုင်ပါတယ်။

အခုလက်ငင်းအကျိုးပေးတဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံရဲ့ သာဓက အနေနဲ့တော့ ဗုဒ္ဓဘာသာဝင်တွေအများဆုံးကြားဖူး နားဝ ရှိနေတဲ့ မဟာဒုဂ်ရဲ့ ကံအကျိုးပေးပုံကိုပဲကြည့်ပေါ့။ ကဿပဘုရားရှင် လက်ထက်တော်မှာ မဟာဒုဂ်ဇနီးမောင်နှံဆိုတာ 'မဟာဒုဂ္ဂတ - အလွန်ဆင်းရဲသူ' ပေါ့၊ တစ်နေ့လုပ်တာတောင် တစ်နေ့တာဝလင်အောင် မလုံလောက်တတ်ဘူး၊ 'မအားအောင်နေ မသေရုံစား' ဆိုသလို နေရသူတွေပါပဲ၊ ဘုရားအမှူးရှိတဲ့ သံဃဒါနစာရေးတံဆွမ်းလှူပွဲမှာ နိဗ္ဗာန်ဆော်ကန့်ဆော်လို့ သံဃာတစ်ပါးဆွမ်းကပ်ဖို့ တာဝန်ယူတယ်၊ လင်ရောမယားရော ဒီအတွက် ဓမ္မိယလဒ္ဓပစ္စည်းဖြစ်အောင် အလုပ်ကိုတိုးလုပ်ပြီး အစားကိုလျှော့စားကြတယ်။

သံဃာကို စာရေးတံမဲချတဲ့နေ့ကျတော့ သူ့အမည်မေ့နေလို့ သံဃာမရဘူး၊ နိဗ္ဗာန်ဆော်က 'ဘုရားရှင်ကိုတော့ စာရေးတံမဲ စာရင်းထဲမှာ ထည့်မထားဘူး၊ အဲဒီကို သွားကြည့်ပါဆိုတော့ ဘုရားကျောင်းတော်သွားတယ်၊ ဘုရားရှင်ကလည်း မဟာဒုဂ်ဇနီး

http://www.dhammadownload.com

မောင်နှံကိုချီးမြှောက်ဖို့ အဲဒီနံနက်မှာ နိရောဓသမာပတ်ဝင်စားပြီးတော့မှ မဟာဒုဂ်ရောက်လာချိန်လောက်မှာ ထတော်မူပါတယ်၊ ဘုရားကျောင်းထဲမှာတော့ ဘုရားရှင်သပိတ်တော်ကို ရလိုကြတဲ့ မင်း၊ မှူးမတ်၊ သူဌေးဆိုတဲ့ မျက်နှာကြီးတွေ ဝိုင်းအုံလို့ပေါ့။

ဘုရားရှင်ဂန္ဓကုဋီတံခါးဖွင့်တယ်ဆိုတာနဲ့ မဟာဒုဂ်လည်း ဘယ်သူ့မျက်ကိုမှ ကြည့်လည်းမကြည့်၊ ကြောက်လည်း မကြောက်နိုင်ဘူး၊ ဆွမ်းလှူခွင့်ရရေးကိုသာရှေးရှုပြီး ဘုရားရှင်ရှိရာ တိုးဝှေ့သွားတော့တာပဲ၊ ဘုရားရှင်ကလည်း သပိတ်တော်ကို မဟာဒုဂ်လက်ထဲ အပ်လိုက်တယ်၊ မင်း,မှူးမတ်,သူဌေးတွေက ရာထူးတွေ ငွေတွေနဲ့ဖြားယောင်းကြပေမယ့် လက်မခံဘူး၊ အဲဒီ လောက်ထက်သန်တဲ့စေတနာနဲ့ ဆွမ်းကပ်လိုက်တာ၊ ဘုရားရှင်ကို ကျောင်းတော်ပြန်ပို့ပြီး အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ မဟာဒုဂ်အိမ်မှာ ရွှေငွေစည်းစိမ်တွေက မိုးပေါ်ကရွာချလိုက်သလို ချက်ချင်း ပြုန်းဒိုင်းကြီးကို အကျိုးပေးလိုက်လို့ အဆင်းရဲဆုံးအဖြစ်ကနေ အချမ်းသာဆုံး သူဌေးကြီးကို ဖြစ်သွားရောတဲ့။

အဲဒီလို အခုဘဝမှာ အကျိုးပေးတာက ကုသိုလ်ဇောတွေထဲမှာ အားအနည်းဆုံး ပထမဇောကုသိုလ်ရဲ့အကျိုးပါ။

အခုလို ပထမဇောစေတနာကံလေးက ခုဘဝမှာပင် ချက်ချင်းအကျိုးပေးဖို့အတွက်တော့ -

(၁) အလှူခံပုဂ္ဂိုလ်ကလည်း အနာဂါမ် သို့မဟုတ် ရဟန္တာဆိုတဲ့ အမြင့်ဆုံးအရိယာပုဂ္ဂိုလ်ကြီး နှစ်မျိုးဖြစ်ရမယ်။ ရဟန္တာဆိုတာ ကိလေသာအာသဝေါ အားလုံးကုန်ပြီးသားပုဂ္ဂိုလ်ကို ခေါ်တာဖြစ်လို့ ဒီနေရာမှာ ဘုရားရှင်ကိုလည်း ရဟန္တာ ဆိုတဲ့ အရေအတွက်ထဲထည့်ရပါတယ်။

(၂) ဒီအရိယာပုဂ္ဂိုလ်ကြီးတွေဟာ နိရောဓသမာပတ်ဝင်စားပြီးခါစလည်း ဖြစ်ရမယ်။

http://www.dhammadownload.com

(၃) လှုံ့ဆော်ပုဂ္ဂိုလ်ကလည်း စေတနာသန့်စင်ထက်သန်ရမယ်။

(၄) လှုံ့ဖွယ်ဝတ္ထုကလည်း တရားသဖြင့်ရှာဖွေထားတဲ့ ဓမ္မိယလဒ္ဓ စစ်စစ်ဖြစ်ရမယ်ဆိုတဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံရမယ် ဆိုပါတယ်။

ကုသိုလ်ကံရဲ့ပထမဇောက ခုချက်ချင်းဆိုသလို အကျိုးပေးရာမှာသာ ဒီလိုအချက်အလက်တွေနဲ့ ပြည့်စုံရမယ်လို့ ဆိုတာပါ။ ကြီးမားတဲ့ အကုသိုလ်ကံတွေရဲ့ ပထမဇောက ခုချက်ချင်းအကျိုးပေးဖို့အတွက်တော့ ဒီအချက်တွေမလိုပါဘူး၊ အထူးသဖြင့်တော့ ကျေးဇူးရှင်ကိုပြစ်မှားတဲ့ အကုသိုလ်ကံကြီးတွေလိုဟာမျိုးမှာ ကျေးဇူးပြုသူက မေတ္တာကြီးမားရင် ကြီးမားသလောက် ကျေးဇူးကန်းသူကို ချက်ချင်းကျေးစွပ်တတ်ပါတယ်။

ဇာတ်တော်တွေထဲမှာ မိမိအသက်ကို ကယ်ပေးတဲ့ မျောက်မင်းကို အိပ်ပျော်နေတုန်းမှာ ခဲနဲ့ထုတဲ့ပုဏ္ဏားဟာ မျောက်မင်းမသေပေမယ့် မျောက်မင်းရဲ့ မျက်ကွယ်အရပ်ရောက်တာနဲ့တစ်ပြိုင်နက် မြေမြိုသွားတဲ့သာဓကမျိုးပေါ့။ ကျေးဇူးပြုသူက တိရစ္ဆာန်မျောက်လည်းဖြစ်၊ အိပ်ပျော်နေတုန်းမှာလဲဖြစ်ပေမယ့် ကျေးဇူးကန်းသူမှာ ချက်ချင်းကျေးစွပ်သွားတာပါပဲ။ အလားတူ သီလဝဆင်ကြီးကို ပြစ်မှားတဲ့မုဆိုးဟာလည်း ဒီအတိုင်းပါပဲ။

အကျိုးပေးရာမှာ အကုသိုလ်ကံတွေက ကုသိုလ်ကံတွေထက် ပိုမိုမြန်ဆန်လွယ်ကူသလို ဖြစ်ရတာနဲ့ပတ်သက်လို့ တိပိဋကဓရမင်းကွန်းဆရာတော်ကြီးရှိစဉ်က လျှောက်ထားကြည့်ခဲ့ဖူးပါတယ်။ ဆရာတော်ကြီးကတော့ -

'အကုသိုလ်ကံတွေဆိုတာ ဘဝကို နိမ့်ကျသွားစေတဲ့ အဆင်းလမ်းတွေလေ၊ အဆင်းဆိုတာ သိပ်ပြီးအားစိုက်စရာမလိုဘူး၊

http://www.dhammadownload.com

သက်မဲ့ပစ္စည်းတစ်ခုကို လှိမ့်ချလိုက်ရင်တောင် လိမ့်ဆင်းသွားတာပဲ မဟုတ်လား။ ကုသိုလ်ကံတွေကတော့ ဘဝကိုမြင့်တက်သွားစေတဲ့ အတက်လမ်းတွေဆိုတော့ ကြိုးစားအားထုတ်ပြီး အချိန်ယူရတဲ့ သဘောပေါ့။ ဒါပေမယ့် အကျိုးပေးနဲ့ ရပ်တည်ခွင့်ရတဲ့အခါမှာတော့ အကုသိုလ်ရဲ့အကျိုးပေးခိုက်မှာရပ်တည်ရတာက အကျိုးပေးမြန်သလောက် ဆင်းရဲဒုက္ခကြီးတယ်၊ ပူပြင်းတယ်။ ကုသိုလ်ကျိုးမှာ ရပ်တည်ခွင့်ရတာကတော့ အကျိုးပေးနှေးပေမယ့် ကြိုးစားရသလောက် အမောပြေတယ်၊ အေးချမ်းတယ်' လို့ မိန့်ကြားပါတယ်။

အခုဘဝမှာ ချက်ချင်းအကျိုးပေးတာကိုကြည့်ပြီး အားအကောင်းဆုံးလို့ တချို့က ထင်မှတ်တတ်ကြတယ်၊ အမှန်ကတော့ ဒုတိယဘဝစသည်မှာ ပဋ္ဌိသန္ဓေကျိုးကို ပေးနိုင်လောက်အောင်အထိ ကံမျိုးစေ့မအောင်မြင်တဲ့အတွက် ပဝတ္တိကျိုးလောက်သာ အကျိုးပေးတဲ့ ကံကလေးပါ၊အရသာလည်းမပြည့်စုံသေး မျိုးစေ့လည်းအောင်မြင်တဲ့ အဆင့်မရောက်သေးတဲ့ ကံ 'အကင်း' ကလေးလို့ ဆိုရမှာပေါ့။ 'သရက်သီးမှည့်ဟာ ခံတွင်းကိုချိုမြိန်စေသလို သရက်ကင်းကလည်း ထမင်းကို မြိန်စေပါတယ်' ဆိုသလိုပဲ အားအနည်းဆုံးဖြစ်တဲ့ ပထမဇောစေတနာကလေးကပင် ခုဘဝမှာ ချက်ချင်းဘဝကိုမြင့်စေ မြိန်စေနိုင်တယ်ဆိုရင် ဒီထက်ပိုပြီး အင်အားကောင်းတဲ့ ဒုတိယဇော ကုသိုလ်ကံစသည်တို့ရဲ့ အကျိုးကိုကတော့ ခန့်မှန်းသာကြည့်ကြပေါ့။

ဒီနေရာမှာ အဘိဓမ္မာသဘောနဲ့ လောကအမြင်တို့ရဲ့ ခြားနားပုံလေးကို နည်းနည်းပြောချင်ပါတယ်။ လောကအမြင်အရ ကြည့်မယ်ဆိုရင် ချက်ချင်းလက်ငင်း ရွှေငွေကျောက်သံစည်းစိမ်ချမ်းသာတွေရတာဟာ အလွန်ကြီးကျယ်ကောင်းမွန်တယ်လို့ ထင်စရာပါပဲ၊ ဒါပေမယ့် အဘိဓမ္မာသဘောအရကြည့်မယ်ဆိုရင် ရုပ်ဝတ္ထု

http://www.dhammadownload.com

ပစ္စည်းတွေဆိုတာ အလွန်အဖိုးတန်တဲ့ စိန်တွေ ကျောက် မျက်ရတနာတွေပဲဖြစ်စေ ရုပ်ဝတ္ထုမှန်သမျှဟာ 'အဟေတုက' တရားတွေသာ ဖြစ်ပါတယ်၊ အဟေတုတရားဆိုတာ အကုသိုလ်ရဲ့ အရင်းအမြစ်ဖြစ်တဲ့ လောဘ,ဒေါသ,မောဟ ဟိတ်တွေလည်းမရှိ၊ ကုသိုလ်ရဲ့ အရင်းအမြစ်ဖြစ်တဲ့ အလောဘ,အဒေါသ,အမောဟ ဟိတ်တွေလည်း မရှိတဲ့အတွက် အမြစ်မပါတဲ့အညွှန့်အပွင့်တို့နဲ့ တူပါတယ်၊ အမြစ်နဲ့ကင်းကွာနေတဲ့ အညွှန့်အပွင့်တို့ဆိုတာ ဘယ်လောက်ပဲ လှပနေနေ ရှင်သန်ကြီးထွားနိုင်စွမ်းမရှိတဲ့အတွက် အသီးသီးခြင်း၊ မျိုးစေ့ပွားခြင်း မဖြစ်နိုင်ဘဲ အချိန်ပိုင်းတခဏမျှသာ လှပနိုင်သလိုပဲ ရုပ်ဝတ္ထုဖြစ်တဲ့ စည်းစိမ်ချမ်းသာတွေကလည်း မျိုးစေ့သစ်ကို တိုက်ရိုက်မဖြစ်စေနိုင်ပါဘူး၊ တစ်ဘဝ တစ်ခဏသာ သုံးနိုင်တဲ့ အလှအပကလေးတွေမျှသာပါ၊ သူတို့ကိုစေတနာနဲ့ အသုံးချပြီး ကုသိုလ်ကံအဖြစ် မပြောင်းနိုင်ခဲ့ရင် သေကွဲရှင်ကွဲ တစ်မျိုးနဲ့ ကွဲကွာပြီးချိန်မှာ ကိုယ့်အတွက်ဘာမျှ မပါတော့ပါဘူး၊ ဒါကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်တဲ့ စည်းစိမ်ချမ်းသာတွေဟာ စကြာဝဠာတမ်းမင်းစည်းစိမ်းပဲ ဖြစ်စေဦးတော့ အနိမ့်ဆုံးအဟိတ် အကျိုးတရားလို့သာ ဆိုရတာပါ။

အာသေဝနပစ္စယသတ္တိရရှိတဲ့ ဒုတိယဇောစတဲ့ ကုသိုလ်ကံတွေကတော့ ဒုတိယစတဲ့ဘဝတွေကစပြီး ပဋိသန္ဓေကျိုး ပဝတ္တိကျိုးနှစ်မျိုးလုံးကို ထိုက်သင့်သလို အကျိုးပေးနိုင်စွမ်း သတ္တိရှိပါတယ်၊ မျိုးစေ့အောင်တဲ့ ကံတွေလို့ဆိုရမှာပေါ့၊ ပဋိသန္ဓေကျိုးကို ပေးတယ်ဆိုတာ ရုပ်တရားနာမ်တရားနှစ်မျိုးလုံးကိုဖြစ်စေတာပါ၊ နာမ်တရားတွေမှာက အကုသိုလ်ဆိုရင်လည်း လောဘ ဒေါသ မောဟဆိုတဲ့ အကုသိုလ်ဟိတ်တရားရှိတယ်၊ ကုသိုလ်ဆိုရင်လဲ အလောဘစတဲ့ ကုသိုလ်ဟိတ်တရားတွေရှိတယ်။ ဒါကြောင့် ဒီအကျိုးတွေကို သဟိတ် အကျိုးတွေလို့ ခေါ်ပါတယ်။

http://www.dhammadownload.com

ဟိတ်တရားတွေဆိုတာ ရေသောက်မြစ်နဲ့တူတယ်လို့ ဟေတုပစ္စည်းမှာ ပြောခဲ့တဲ့အတိုင်း ဟိတ်ရှိတဲ့အကျိုးတရားများဟာ ရေသောက်မြစ်နဲ့ရှင်သန်နေတဲ့ သစ်ပင်နဲ့တူပါတယ်၊ ကြီးထွားခြင်း၊ ပွင့်သီးခြင်း၊ မျိုးဆက်သစ်ဖြစ်ထွန်းခြင်းစတဲ့ အကျိုးရင်းအကျိုး ဆက်တွေကို ဆက်လက်ဖြစ်စေနိုင်စွမ်းရှိပါတယ်။ ကုသိုလ်ဟိတ် သုံးပါးလုံးပါရှိတဲ့ တိဟိတ်လူသားဖြစ်ခြင်း၊ သာသနာတော်နဲ့ ကြုံကြိုက်ခြင်းဆိုတဲ့ အကြောင်းအပေါင်းစုံရင် နိဗ္ဗာန်အထိ အကျိုး ပေးပါတယ်။ ဒါကြောင့်လည်း ပစ္စုပ္ပန်မှာရရှိတဲ့ ရွှေငွေ ဥစ္စာရတနာ ဆိုတဲ့ အဟိတ်ကျိုးတွေထက် ပဋိသန္ဓေကိုဖြစ်စေတဲ့ သဟိတ်အကျိုး တွေက ပိုပြီးအစွမ်းထက်မြက်ကြီးမားတယ်လို့ ဆိုရတာပါ။

ကံတွေရဲ့ အကြီးအငယ် အယုတ်အမြတ်ဆိုတာ အဘိဓမ္မာ နည်းနဲ့တွက်ကြည့်မှ ပိုပြီးသဘောပေါက်နိုင်တယ်ဆိုတာ ဒီသဘော ကို ပြောတာပါ။

ကံမျိုးစေ့အောင်မြင်လို့ ပဋိသန္ဓေကျိုးကိုပါပေးနိုင်တဲ့ ဒုတိယဇောစတဲ့ ကံတွေထဲမှာလဲ သတ္တမဇောစေတနာဟာ သူ့ရှေ့က ဇောခြောက်ခုတို့ရဲ့အာသေဝနသတ္တိအဆင့်ဆင့်ကိုရရှိတဲ့အတွက် အားအကောင်းဆုံးဖြစ်လို့ အခုဘဝပြီးနောက်ဘဝဖြစ်တဲ့ ဒုတိယ ဘဝမှာ ပဋိသန္ဓေကျိုးကိုပေးပါတယ်၊ အရင့်ဆုံးမျိုးစေ့က အရင်ဆုံး အပင်ပေါက်တဲ့ သဘောမျိုးပါပဲ၊ ဒီသတ္တမဇောကလည်း ဒုတိယ ဘဝမှာ အကျိုးပေးရင်ပေး၊ မပေးဘူးဆိုရင်တော့ သူ့အစွမ်းကကုန် သွားပြီဖြစ်လို့ အဟောသိကံဖြစ်သွားပါတော့မယ်၊ အချိန်တန်လို့ အပင်မပေါက်တဲ့မျိုးစေ့များလို ဖြစ်သွားတဲ့သဘောပါ။

ဒုတိယဇောကစပြီး ဆဋ္ဌမဇောအထိ အလယ်ငါးဇော စေတနာကံတို့ကတော့ တတိယဘဝကစပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာအဖြစ်နဲ့ နောက်ဆုံးပရိနိဗ္ဗာန်မပြုမီ ကြားကာလအတွင်းမှာ

http://www.dhammadownload.com

အကြောင်းအပေါင်းတိုက်ဆိုင်ပြည့်စုံရင် သင့်သလိုအကျိုးပေးပါတယ်။ ဒီအလယ်ဇောင်းခုစေတနာတို့ကတော့ နှစ်ရှည်ခံမျိုးစေ့များနဲ့ တူလို့ ပိုပြီးထူးခြားတဲ့ အစွမ်းသတ္တိရှိတယ်လို့ ဆိုရမယ်ထင်တယ်။

(ဒီနေရာမှာ 'အလယ်ဇော' ဆိုတာနဲ့ စကားစပ်မိလို့ ရှေးမြန်မာကြီးတွေ အဘိဓမ္မာနဲ့ ရင်းနှီးပုံလေးကို ပြောချင်ပါတယ်၊ မြန်မာစကားပြောတတ်သူတိုင်းလိုလို 'အလောသုံးဇယ် မလုပ်နဲ့'ဆိုတဲ့စကားကိုကြားဖူးမယ်ထင်ပါတယ်၊ ဘယ်ကိစ္စမဆို သေလုမျောပါးလောက်နီးပါး အရေးတကြီးလုပ်တဲ့အခါမှာ ဒီစကားကို သုံးလေ့ရှိပါတယ်၊ အဘိဓမ္မာအလိုအရ သေခါနီးအခါတို့၊ မေ့မျောထိတ်လန့်တဲ့အခါတို့မှာ စိတ်အစဉ်ဟာ ပုံမှန်ခွန်အားမရှိတဲ့အတွက် ဇောင်းကြိမ်သာစောပါတယ်၊ အဲဒီဇောင်းကြိမ်ထဲက အစဇောနဲ့ အဆုံးဇောနုတ်လိုက်ရင်အလယ်မှာ သုံးဇောသာရှိပါတယ်၊ အဲဒီအလယ်သုံးဇောဆိုတာကိုပဲ စကားလိမ်နဲ့ 'အလောသုံးဇယ်'လို့ ပြောလိုက်တာပါ။ သေလုမျောပါးကြီး အရေးတကြီးမလုပ်ပါနဲ့လို့ ဆိုလိုတဲ့သဘောပါ။)

ဘုရားအစရှိတဲ့ အရိယာလောင်းလျှာတို့ တစ်ဘဝထက်တစ်ဘဝ ပါရမီမာတ်ခံတွေရင့်သန်ပြီး အထုံရတယ်ဆိုတာဟာ အလယ်ငါးဇောစေတနာကံတွေဖြစ်ပါတယ်၊ အဲဒီလို တစ်ဆင့်ထက်တစ်ဆင့်ရင့်သန်တဲ့ မာတ်ခံအားကောင်းတွေဖြစ်အောင် ကျေးဇူးပြုတတ်တဲ့သဘောကိုပဲ အာသေဝနပစ္စည်းလို့ခေါ်တာပါ။

ဗုဒ္ဓဘာသာဝင်တို့ပြောပြောနေတဲ့ အာစိဏ္ဏကံဆိုတာလဲ မြန်မာလိုတော့ အမြဲမပြတ်အလေ့အကျင့်ပြုနေတဲ့ကံကို ဆိုလိုတာဖြစ်လို့ အာသေဝနပစ္စည်းပဲဖြစ်ပါတယ်။ အာသေဝနပစ္စည်းရဲ့ နိဿယပြန်ထားပုံကို အကြိမ်ကြိမ် အထပ်ထပ်ဖတ်ရှုဆင်ခြင်ပေးရင် ဒီပစ္စည်းရဲ့သဘောကို တဖြည်းဖြည်းသဘော ပေါက်လာပါလိမ့်မယ်၊ အဲဒီလို သဘောပေါက်လာတာဟာ ရှေးရှေး အကြိမ်တွေက နောက်

http://www.dhammadownload.com

နောက်အကြိမ်တွေကို အာသေဝနသတ္တိနဲ့ ကျေးဇူးပြုပေးတဲ့သဘောပဲ ဖြစ်ပါတယ်။

အာသေဝနသတ္တိဖြင့် ကံစွမ်းတွေ
ထက်မြက်အားကောင်းကြပါစေ။

❑

http://www.dhammadownload.com

ကမ္မပစ္စည်း

ကမ္မပစ္စည်းဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း လက်သုံးထားပြော ဆိုနေကြတဲ့ 'ကံနဲ့ ကံရဲ့အကျိုး' ဆိုတဲ့စကားထဲက ကောင်းကျိုးဆိုး ပြစ်တွေကို ဖန်တီးပေးနေတဲ့ ကံတရားအကြောင်းပါပဲ။

အဲ့ဒြဖို့ကောင်းတာကတော့ "ကံတရား"ဆိုတာ ဗုဒ္ဓဘာသာ ဝင်တိုင်းရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားပြီး တရင်းတနှီးရှိသလောက် လက်တွေ့ဘဝနယ်ပယ်မှာတော့ သူစိမ်းပြင်ပြင် လျစ်လျူရှုခြင်းခံနေ ရတဲ့ အချက်ပါပဲ။

ဒါနဲ့ ၇တ်သက်လို့ ဂျပန်ဘုန်းတော်ကြီးတစ်ပါးရဲ့စကားကို ပြေးပြီးသတိရမိပါတယ်။ ဂျပန်ပြည်၊ မေဂျီခေတ်လို့ခေါ်တဲ့ မေဂျီဘာသာရေးဂိုဏ်းကြီး အထွတ်အထိပ် ရောက်နေချိန်မှာ ဗုဒ္ဓဘာသာတရားက ဂျပန်ပြည်ကိုရောက်ပါတယ်။ ဘာမဆို ဝေဖန် စစ်ဆေးခွင့်မရှိဘဲ ပြောသမျှကိုလက်ခံယုံကြည်ရမယ်၊ မယုံကြည် သူတိုင်း အပြစ်ရမယ်၊ ယုံကြည်သူအကျိုးရမယ်ဆိုတဲ့ လက်တွေ

http://www.dhammadownload.com

မဆန်တဲ့ ဘာသာရေးတရားတွေကြားမှာ "ဘယ်သူမဆို အကန်းယုံ အရမ်းယုံနဲ့ လက်ခံစရာမလိုဘူး၊ ဆန်းစစ်ဝေဖန်ခွင့်ရှိတယ်၊ လက်တွေ့ ကျင့်သုံးသူတိုင်းကိုယ်သီ မျက်မှောက် လက်တွေ့ခံစားနိုင်တဲ့ အကျိုးကို ရစေမယ်"လို့ ကြွေးကြော်ပြီး လက်တွေ့ကျင့်စဉ် နည်းလမ်းပါ အပြည့် အစုံပါရှိတဲ့ ဗုဒ္ဓဘာသာ တရားတော်ဟာ လက်တွေ့ကျကျကို လိုလား တောင့်တနေတဲ့ ဂျပန်လူမျိုးတို့အတွက် အံဝင်ကွက်တိ ဖြစ်စေတဲ့ အတွက် အချိန်တိုတို အတွင်းမှာပဲ ဗုဒ္ဓဘာသာတရားက လူတော်တော် များများရဲ့ ပါးစပ်ဖျားမှာ အုတ်အော် သောင်းတင်းဆိုသလိုဖြစ်ပြီး တစ်မုဟုတ် ချင်းဆိုသလို ပျံ့နှံ့သွားပါတယ်။

ဒါကို မေဂျိုဂိုဏ်းခေါင်းဆောင်ပိုင်းက မခံချိမခံသာ ဖြစ်လာ ပုံရပါတယ်၊ တစ်နေ့မှာတော့ မေဂျိုဂိုဏ်းက အသက်ရှစ် ဆယ်ကျော် လောက်ရှိပြီဖြစ်တဲ့ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတစ်ဦးက ဗုဒ္ဓဘာသာ ကျောင်းကိုသွားပြီး အကြီးအကဲဘုန်းတော်ကြီးကို "သင်တို့ ဗုဒ္ဓ ဘာသာက ဒီလောက်အထိ အုတ်အော်သောင်းတင်း ဖြစ်နေရ အောင် ဘယ်လိုတရားမျိုးတွေမို့လဲ၊ ပြောပြစမ်းပါ"လို့ မေးပါသတဲ့။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးက "ဗုဒ္ဓရဲ့အဆုံးအမ အကျဉ်း ချုပ်ကတော့ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ် ကိုထား'ဆိုတဲ့ အခြေခံသုံးချက်ပါပဲ"လို့ ပြန်ပြောတဲ့အခါ၊ မေဂျိုဂိုဏ်း ဆရာကြီးက "ဒါလေးများ တို့ ရှစ်နှစ်သားလောက်ကတည်းက သိပြီးသားပါ။ ဘာများဆန်းလို့လဲ"လို့ ပြန်ပြောတယ်။

အဲဒီအခါမှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ပြန်ပြောတဲ့စကား က "အေး . . . ရှစ်နှစ်သားလောက်ကတည်းက သိထားပေမယ့် အခုအသက်ရှစ်ဆယ်ကျော်သည်အထိ မကျင့်သုံးနိုင်သေးဘူးမို့ လား"တဲ့။

ဟုတ်ပါတယ်၊ အဲဒီ မေဂျိုဂိုဏ်းဆရာကြီးချည်းမဟုတ်ဘူး၊

http://www.dhammadownload.com

ဒီနေ့ ဗုဒ္ဓဘာသာဝင်တော်တော်များများလဲပဲ၊ အဲဒီ "မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အခြေခံအဆုံးအမသုံးပါးကို ရှစ်နှစ်သားခန့်လောက်ကတည်းက နှုတ်တက်ရနေကြပေမယ့် အသက်ရှစ်ဆယ်အထိ ဘာမျှ ပီပီပြင်ပြင် သရုပ်မဖော်နိုင်ကြသူတွေ ဖြစ်နေကြတုန်းပါပဲ။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမသာသနာတော်က လိုက်နာကျင့်သုံး သရုပ်ဆောင်ရမည့် သာသနာဖြစ်တယ်၊ ဗုဒ္ဓဘာသာဝင် အများစုက တော့ "နှုတ်ဆောင် ဗုဒ္ဓဘာသာဝင်တွေကများပြီး သရုပ်ဆောင် ဗုဒ္ဓဘာသာဝင်ဦးရေက အတော်ကိုနည်းနေပါတယ်၊ ဇာတ်ညွှန်းကို ဇာတ်သရုပ်ထင်ပြီး နှုတ်တက်အာဂုံရွတ်နေကြရုံနဲ့တော့ ကောင်းမွန်တဲ့ ဘဝဇာတ်ထုပ်တစ်ခုဖြစ်မလာမှာ သေချာပါတယ်။ ပြောရမှာ အားနာစရာကောင်းလောက်အောင် ခက်နေတဲ့ကိစ္စကတော့ သရုပ် ကိုသာ ပီပီပြင်ပြင်မဆောင်ချင်ကြတာ၊ ရချင်တဲ့ ဆုကတော့ အကယ်ဒမီလောက်နဲ့တင် မတင်းတိမ်သေးဘူး ကမ္ဘာကျော်တဲ့ အော်စကာဆုအထိ တက်တောင်းနေတယ် ဆိုရလောက် အောင် "နိုဗွာန် မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရချင်တယ်"လို့ အော် တောင်းနေ ကြတဲ့ ကိစ္စပါပဲ။

"ကောင်းကျိုးတွေဆိုတာ ကုသိုလ်ကံရှိသူတွေနဲ့ ထိုက်တန် ပါတယ်ဆိုရင် ဒီနေ့ကမ္ဘာမှာ အခြားဘာသာဝင်နိုင်ငံတွေက ချမ်းသာ မှုအထွတ်အထိပ်ရောက်နေပြီး ဗုဒ္ဓဘာသာဝင်အများစုရှိတဲ့ နိုင်ငံတွေက ဘာကြောင့် အဲဒီလိုမဖြစ်ကြတာလဲ"ဆိုတဲ့ မေးခွန်းကို မေးလေ့ ရှိသူများအနေနဲ့ ကိုယ်ကိုယ်တိုင်ရော သရုပ်ဆောင်ဗုဒ္ဓ ဘာသာစစ်စစ်ဖြစ်ပြီးလားဆိုတာ ပြန်လည်သုံးသပ်မိကြဖို့ပါ။ တချို့ ဆို "သူများယောင်လို့ယောင် အမောင်တောင်မြောက် မသိ"ဆိုသလို ချပေးတာလိုက်ဆို၊ ရှိခိုးဦးတိုက်လုပ်ဟဲ့ဆိုလို့သာ လိုက်လုပ်နေကြ

http://www.dhammadownload.com

ပေမယ့် ပင်ကိုယ်သဒ္ဓါတရားတို့ ကိုယ်ပိုင်အသိတို့နဲ့ ကျတော့ နှုတ်နဲ့တောင်ဖြောင့်ဖြောင့် မဆောင်နိုင်ကြသေးတာဟာ မနုဿတ္တ ဒုလ္လဘ၊ ဗုဒ္ဓပွါဒဒုလ္လဘ ရခိုက်ကြုံခိုက်ဆိုတဲ့ ပင်ကိုအခြေခံကောင်း ကြီးနှစ်ခုအတွက် အလွန်နှမြောစရာကောင်းတဲ့ အချည်းနှီး ဖြစ်မှုကြီး တစ်ခုပါပဲ။ ဒါကြောင့် ကံတရားလို့ခေါ်တဲ့ ကမ္မပစ္စည်းနဲ့ ပတ်သက်လို့ ကောင်းကောင်းကြီးသဘောပေါက်အောင် လေ့လာစေချင်ပါတယ်။

ဒီကမ္မပစ္စည်းကို အဋ္ဌကထာဆရာတော်ကြီးများက သစ်ပင်တို့ရဲ့ အခြေခံဖြစ်တဲ့ "မျိုးစေ့"နဲ့ ဥပမာပေးပါတယ်၊ ဒါကို ပရမတ္ထ သရူပဘေဒနီကျမ်းပြု ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရား ကြီးက -

"ကမ္မပစ္စယော - သစ်ပင်တို့အား၊ မျိုးစေ့လားသို့၊ ကြွင်းငြားတူလတ်၊ သဟဇာတ်နှင့်၊ ကဋတ္တာဝိပါက်၊ ဤနှစ်ချက်အား၊ တစ်ဆယ့်ငါးတွင်၊ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမူအရာဟူသော ကမ္မသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော၊ သဟဇာတ် စေတနာဟူသော သဟဇာတ ကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ်စေတနာဟူသော နာနာက္ခဏိက ကမ္မနှစ်ပါး ပစ္စည်းတရားရင်း" လို့ မြန်မာအနက်ယောဇနာ တော်မူခဲ့ပါတယ်။

ကမ္မပစ္စည်းက သဟဇာတကမ္မပစ္စည်းနဲ့ နာနက္ခဏိက ပစ္စည်းလို့ နှစ်မျိုးရှိပါတယ်၊ ကောင်းမှု မကောင်းမှုတွေကို ပြုလုပ်တဲ့ အခါမှာ ကောင်းမှုပြုခိုက် ကောင်းတဲ့စိတ်ကလေးဖြစ်တယ်၊ မကောင်းမှုပြုခိုက်မကောင်းတဲ့ စိတ်ကလေးဖြစ်တယ်။ အဲဒီလို စိတ်ကလေးဖြစ် နေခိုက်မှာ စိတ်ကသာ တစ်ခုတည်းဖြစ်တာ ဒီစိတ်နဲ့ အတူ ဒီစိတ်ကလေးကို ဝိုင်းဝန်းပုံဖော်ပေးကြတဲ့ စေတသိက် တရား တွေကတော့ အများအပြား ပါဝင်ပါတယ်၊ ကောင်းတဲ့ ကုသိုလ်

http://www.dhammadownload.com

စိတ်ကို ဝိုင်းဝန်းပုံဖော်ပေးတဲ့ စေတသိက်တရားတွေက အများဆုံး (၃၈) ပါးလောက်ပါတယ်၊ အကုသိုလ်စိတ်ကို ပုံဖော်ပေး တဲ့ စေတသိက်တွေက (၂၇) ပါးရှိပါတယ်၊ ဖြစ်တဲ့စိတ် အမျိုးအစား အလိုက် အရေအတွက် လျော့တာတော့ ရှိတာပေါ့။ ကုသိုလ်စိတ်မှာပဲ ဖြစ်ဖြစ်၊ အကုသိုလ်စိတ်မှာပဲ ဖြစ်ဖြစ်၊ တခြား ဝိပါက်ကြိယာစိတ် တွေမှာပဲ ဖြစ်ဖြစ်၊ စိတ်တစ်ခု ဖြစ်တိုင်းအမြဲပါဝင်ရတဲ့ စေတသိက်က (၇) ပါးရှိပါတယ်၊ စိတ်တိုင်းနဲ့ ဆက်ဆံပါဝင်တဲ့အတွက် သဗ္ဗစိတ္တ သာဓारณ စေတသိက်များလို့ ခေါ်ပါတယ်၊ အဲဒီ (၇)ပါး ထဲမှာမှ အဓိကအရေးပါဆုံးက "စေတနာ" စေတသိက်ပါ။

"စေတနာ"ဆိုတာ ကောင်းစိတ်, မကောင်းစိတ်တွေကို ဖြစ်ပေါ်လာအောင် စေ့ဆော်စည်းရုံးပေးတဲ့ စေတသိက်တရားပါပဲ၊ သူ့ကို စည်းရုံးရေးတရားလို့ဆိုရင်လဲ မမှားပါဘူး။ ကောင်းတဲ့စေတနာ လေးဖြစ်ပေါ်လာရင် ကောင်းတဲ့စိတ်ကလေးနဲ့ ဝိုင်းဝန်းပုံဖော် ပေး မည့် ယှဉ်ဘက်စေတသိက်တွေလည်း တစ်ပြိုင်နက် ပူးပေါင်းပါလာ တာပါပဲ။ အဲဒီလိုကောင်းတဲ့ စိတ်ကလေးတွေဖြစ်လာတာနဲ့ အတူ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တွေဆိုတာလဲ တစ်ပြိုင်နက်ပဲ ဖြစ်ပါ တယ်။

စိတ်ကောင်းလေးဖြစ်နေတဲ့အခါမှာ အသားအရေတွေ၊ အထူးသဖြင့်တော့ မျက်နှာက ကြည်လင်ဝင်းပနေတယ်။ မကောင်း တဲ့ စိတ်တွေဖြစ်တဲ့အခါ မျက်နှာနီမြန်း၊ ပုပ်သိုးပြီး မျက်နှာကြောတင်း တင်းကြီးတွေ ဖြစ်နေတယ်ဆိုတာ အဲဒီဆိုင်ရာစိတ်တွေကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇရူပ်တွေ ခန္ဓာကိုယ်မှာ ပြန့်နှံ့လာတဲ့အတွက် ကြောင့် ဖြစ်ရတာပါ။ မြတ်စွာဘုရားရှင် ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူတဲ့အခါ တစ်ကိုယ်လုံးက ရောင်ခြည်တော် တွေ ကွန့်မြူးတယ်ဆိုတာဟာလည်း အဲဒီ စိတ္တဇရူပ်တွေ ပြန့်နှံ့ပြီး

http://www.dhammadownload.com

အရောင်တွေ ထွက်တာပါပဲ။ စိတ်တော်အစဉ်မှာ အစွမ်းကုန် ကြည်လင်တောက်ပတဲ့ ဉာဏ်တော်နဲ့ တွဲယှဉ်မိတဲ့အခါ စိတ်တော်လည်း အထူးကြည်လင် တောက်ပသလို စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တွေကလည်း ကြည်လင်တောက်ပပြီး ပင်ကိုအခံအရောင်အတိုင်း ညိုတဲ့ အရောင်ရှိတဲ့ မျက်ခုံးတော်တို့က ညိုတဲ့ရောင်ခြည်တွေ၊ ဖြူဖွေးတဲ့ သွားတော်လို နေရာမျိုးက ဖြူတဲ့ရောင်ခြည်တွေ၊ နီမြန်းတဲ့ နှုတ်ခမ်းတော်လို နေရာမျိုးက နီတဲ့ရောင်ခြည်တွေ စသည်ဖြင့်ပေါ့။ အဲဒီမှာ စိတ်ရယ် စေတသိက်တွေရယ်၊ စိတ္တဇရူပ်တွေရယ် တစ်ပြိုင်နက်ဖြစ်ကြတာပါ။

အဲဒီဖြစ်စဉ်ထဲမှာ စိတ်တစ်ခုအတွင်းမှာပါဝင်တဲ့ "စေတနာ" စေတသိက်ကလေးကို "သဟဇာတကမ္မ"လို့ ခေါ်တာပါ။ ဒီအခိုက်မှာ စိတ်ကောင်း စေတနာကောင်း ကံကောင်းလေးလို့တော့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် တခြားကောင်းကျိုးဆိုးပြစ်လို့ လူသိ မျှားတဲ့ အကျိုးတွေကိုတော့ မဖြစ်စေနိုင်သေးပါဘူး၊ ကံမျိုးစေ့ဖြစ်ထွန်းအောင် ကျေးဇူးပြုနေဆဲ အခိုက်အတန့်သာ ဖြစ်ပါသေးတယ်။ ဒီအခိုက်မှာ ရှိတဲ့ စေတနာလေးကိုတော့ အတူဖြစ်ဘက်တရားတွေကို ဖြစ်ပေါ်အောင်သာ ကျေးဇူးပြုပေးတာဖြစ်လို့ သဟဇာတကမ္မလို့ ခေါ်ရတာပါ။ ဆရာတော်ကြီး အနက်ပြန်တဲ့အထဲက "ကြွင်းငြားတူလတ်၊ သဟဇာတ်နှင့်" ဆိုတာ ဒီသဟဇာတကမ္မပစ္စည်းရဲ့ အကျိုးဖြစ်တဲ့ စိတ်,စေတသိက်,စိတ္တဇရူပ်တွေကို ပြောတာပါပဲ။

အဲဒီလို ဖြစ်ပေါ်ပြီးလို့ ကံမျိုးစေ့အောင်မြင်သွားပြီ ဆိုတော့မှ ဒီကံမျိုးစေ့က ကောင်းကျိုး မကောင်းကျိုး လို့ခေါ်တဲ့ ဝိပါက် စိတ်တွေနဲ့ ကံကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရူပ်တရား အပါအဝင် ရူပ်ဝတ္ထုပစ္စည်းတွေကို ဖြစ်စေတာပါ။ ဗုဒ္ဓဘာသာဝင်တို့ ပြောဆိုနေကြတဲ့ "ကံကောင်း ကံဆိုး" ဆိုတာ အဲဒီမျိုးစေ့အဖြစ် အောင်မြင်

http://www.dhammadownload.com

ဖြစ်ပေါ်တဲ့ ကံကို ခေါ်တာပဲ၊ အဲဒီမှာလည်း အဓိကအားဖြင့် စေတနာကပဲ ပြဋ္ဌာန်းတာဖြစ်လို့ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ = စေတနာကို ကံလို့ ငါဘုရားဟောတယ်"ဆိုပြီး မိန့်ကြားတာပါ။

မျိုးစေ့အောင်မြင်တဲ့ ကံက အကျိုးတရားတွေကို ဖြစ်စေတဲ့ အခါမှာတော့ ကံမျိုးစေ့ကလေး အောင်မြင်ဖြစ်ထွန်းနေတဲ့အခိုက် ကအရင်ဖြစ်ပြီး အကျိုးတရားက နောက်မှဖြစ်တာပါ။ ဒါကြောင့် ဒီကံနဲ့ ကံရဲ့အကျိုးက ဖြစ်ခိုက်ချင်း မတူပါဘူး၊ အခိုက်အတန့်ချင်း သီးခြားစီ ကွာခြားပါတယ်၊ အမြန်ဆုံး(အကာလိက)အဖြစ်နဲ့ အကျိုး ပေးတဲ့ မဂ်ကုသိုလ်ကံမှာတောင် မဂ်ဖြစ်တဲ့အခိုက်က တခြား၊ အကျိုး ဖိုလ်ဖြစ်တဲ့ အခိုက်က တခြားဖြစ်တဲ့အတွက် စိတ်တခဏချင်း သီးခြားစီဖြစ်ပါတယ်။ တခြားအကျိုးဖြစ်တဲ့ ကံတွေကတော့ ဒီထက် ပိုပြီး အချိန်ကာလတွေ စိတ်ဖြစ်စဉ်တွေ ကွဲပြားခြားနား ပါတယ်။ ဒါကြောင့် ဒီကံကို "နာနာက္ခဏိကကမ္မ = ကံနဲ့ ကံရဲ့ အကျိုးတို့ အခိုက် အတန့်ချင်း သီးခြားစီဖြစ်တဲ့ ကံ" လို့ ခေါ်ပါတယ်။

တိုတိုချုပ်ကတော့ ကံမြောက်အောင် လှုံ့ဆော်ပေးတဲ့ စေတနာကို သဟဇာတကမ္မ၊ ကံမြောက်လို့ မျိုးစေ့သဖွယ် အောင်မြင်ပြီး အပင် အရွက်, အပွင့်, အသီးသဖွယ် အကျိုးတွေကို ဖြစ်စေနိုင်တဲ့ စေတနာကို နာနာက္ခဏိကကမ္မလို့ ခေါ်တယ်ဆိုတာ သဘောပေါက် ရမှာပါ။

"ကံနဲ့ ကံရဲ့အကျိုး"လို့ လူသိများတဲ့ ကံဟာ ဒီနာနက္ခဏိက ကံကို ပြောတာဖြစ်လို့ ကမ္မပစ္စည်းအကြောင်းကို ပြောတဲ့အခါမှာ လည်း နာနာက္ခဏိကကမ္မကိုပဲ ရေရေလည်လည်သဘောပေါက် အောင် ပြောရ ဆိုရ လေ့လာ နားလည်ရပါလိမ့်မယ်။

စိတ်ရဲ့ ဖြစ်စဉ်တစ်ခုကို "ဝီထိ"လို့ ခေါ်တယ်။ အဲဒီဖြစ်စဉ် ဝီထိတစ်ခု တစ်ခုမှာ စိတ်အရေအတွက် (၁၇)ကြိမ်ဖြစ်ပါတယ်။

http://www.dhammadownload.com

အဘိဓမ္မာကို ရေရေလည်လည်နားလည်ချင်ရင် ဒီစိတ်ဖြစ်စဉ်ဝိထိ ကိုလည်း အထိုက်အလျှောက် တီးမိခေါက်မိ ရိုပ်စာမိထားသင့်ပါတယ်။

အာရုံတစ်ခုခုနဲ့ မတွေ့မကြုံရတဲ့ အိပ်ဖျော်စဉ်အခါလိုမျိုးမှာ သတ္တဝါတို့ရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ နာမ်တွေကို ဘဝင်စိတ် လို့ ခေါ်ပါတယ်၊ ဘဝင်နာမ်တွေပေါ့။ ဘဝင်ဆိုတာ ပါဠိစကား "ဘဝင်" ကိုပြောတာ။ ဘဝင် ဆိုတာကလည်း ဘဝ+အင် နှစ်ပုဒ်ပေါင်း ထားတာပါ။ "ဘဝ ။ သက်ရှိဘဝဖြစ်ဖို့ အင် ။ လိုအပ်ချက်အဂါရပ်တစ်ခု" လို့ အဓိပ္ပာယ်ရပါတယ်။ ဆိုလိုတာကတော့ ရုပ်တရား နာမ်တရား နှစ်ခုပြည့်စုံနေမှ သက်ရှိ သတ္တဝါလို့ခေါ်နိုင်တဲ့ လူ နတ် တိရစ္ဆာန် အပါအဝင် ပဋ္ဌဝေါကာရဘုံသားတွေမှာ ဘဝရဲ့ အဂါရပ် တစ်ခု အဖြစ် နာမ်တရားတစ်ခုက မုချဖြစ်ပေးနေဖို့ လိုအပ်ပါတယ်။ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ တွေးကြံသိဆိုတဲ့ အသိဝိညာဉ် စာရင်းဝင်တဲ့ နာမ်တရားတွေ မဖြစ်တဲ့ အခါမျိုးမှာ ဘာရယ်လို့ မယ်မယ်ရရ မသိပေမယ့် အတိတ်ဘဝက အာရုံပြုခဲ့ဘူးတဲ့ ကံ, ကမ္မနိမိတ်,ဂတိနိမိတ် ဆိုတဲ့ အာရုံတွေကိုပဲ ထိုက်သင့်သလို ယူပြီးဖြစ်ပေးနေရတဲ့ "သက်ဆက်နာမ်" တရားလေးကိုပဲ ဘဝင်စိတ် ခေါ်တာပါ။ သက်စောင့်စိတ်၊ သက်စောင့်နာမ်လို့လည်း ဆိုနိုင်ပါလိမ့်မယ်။

အဲဒီလို ဘဝင်စိတ်တွေချည်း စဉ်ဆက်မပြတ်တရစပ် ဖြစ်နေရာက အဆင်း အသံစတဲ့ အာရုံတစ်ခုခုနဲ့ တွေ့ကြုံလာတဲ့အခါ အာရုံက ဘဝင်စိတ်ကို လာထိပါတယ်၊ အာရုံလာပြီး ထိထိချင်း မသိသေးပါဘူး၊ ဘဝင်စိတ်အစဉ်က အရှိန်အဟုန်နဲ့ တရစပ်ဖြစ်နေတာ ဆိုတော့ ဒီစိတ်အစဉ်ကြီးကို ချက်ချင်းရပ်မပစ်နိုင်ဘဲ ဘဝင်တစ်ခုလောက် အနည်းဆုံး အရှိန်လွန်သွားပါသေးတယ်၊ အဲဒီအရှိန် လွန်သွားတဲ့ ဘဝင်စိတ်ကို အတိတ်ဘဝင်လို့ ခေါ်တယ်။ အဲဒီ နောက်မှာ

http://www.dhammadownload.com

ဘဝင်အစဉ်လှုပ်သွားတဲ့ ဘဝင်စလနဆိုတာ ဖြစ်တယ်၊ ပြီးတော့ ဘဝင် အစဉ်ရပ်သွားတဲ့ ဘဝင်ုပစ္ဆေဒဆိုတာ ဖြစ်တယ်၊ ပြီးတော့မှ အာရုံကို ဆင်ခြင်တဲ့ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်၊ ပြီးမှ အာရုံကိုသိတဲ့ စက္ခု ဝိညာဉ်စတဲ့ စိတ်တစ်မျိုးက ထင်လာတဲ့ အာရုံအားလျော်စွာ ဖြစ်တယ်၊ အဲဒီနောက်မှာ အာရုံကိုလက်ခံတဲ့ သမ္ပဋ္ဆိန်းစိတ်၊ အာရုံကို စူးစမ်းတဲ့ သန္တီရဏစိတ်၊ အာရုံကို ဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ်ဆိုတာ ဖြစ်တယ်။ အဲဒီနောက်တော့မှ ဝုဋ္ဌောရဲ့ အဆုံးအဖြတ်အတိုင်း အကောင်းအဆိုး ခွဲခြားခံစားတဲ့ ဇောစိတ် တွေဆိုတာ (၇)ကြိမ်ဆက် ဖြစ်တယ်၊ ပြီးတော့ အာရုံကို အာသာမပြေနိုင်သေးတဲ့ သဘောမျိုးနဲ့ တဒါရုံဆိုတဲ့ စိတ် (၂)ကြိမ်ဖြစ်ပါတယ်၊ အတီတဘဝင်ကစလို့ ဒုတိယ တဒါရုံအဆုံး စိတ် အရေအတွက် (၁၇)ကြိမ်ပြည့်တော့မှ သိစိတ် ဖြစ်စဉ် တစ်ခု ဆုံးတယ်။ ပြီးရင် ဘဝင်ကျတယ်ဆိုပြီး ဘဝင်စိတ်ဖြစ်တယ်၊ ပြီးတော့ ဒီမြင်ပြီး ကြားပြီးတဲ့ အာရုံတွေကိုပဲ အကြိမ်ကြိမ်ပြန်ပြီး တွေးတော စဉ်းစားတဲ့ တဒနုဝတ္တက မနောဒ္ဓါရဝီထိခေါ်တဲ့ ဆက်လက်ကြံတွေးစိတ်တွေက သဘောကျ ကျေနပ်လောက်တဲ့ အထိ ဆက်ဖြစ်တယ်၊ ကျေနပ်အားရပြီဆိုတဲ့ အခါမှာတော့ ဘဝင်စိတ် အစဉ်တွေပဲ အေးအေးဆေးဆေး ဆက်ဖြစ်နေတတ်ပါတယ်။ ရှေးလူကြီးတွေ ပြော ကြဆိုကြတဲ့ "ဘဝင်မကျသေးဘူးကွာ" ဆိုတာ အဲဒီလို ကျေနပ်လောက်အောင်အထိ မဖြစ်သေးတာကို ပြောတာပါ။

အဲဒီစိတ်ဖြစ်စဉ် (၁၇)ကြိမ်ထဲက "ဇော"လို့ ခေါ်တဲ့ အာရုံရဲ့ အရသာကို တကယ်ခံစားခွင့်ရတဲ့စိတ် (၇)ကြိမ် အခိုက်အတန့်မှာ အကောင်းအဆိုးကွဲတဲ့ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဆိုတာ ဖြစ်တာပါ။ တခြားစိတ်တွေက အခိုက်အတန့်တစ်ခုစီသာ ဖြစ်ပြီး ချုပ်သွားတဲ့အတွက် ကောင်းဆိုးကွဲပြားခံစားခြင်း မရှိပါဘူး။ ဒါကြောင့် ကုသိုလ် အကုသိုလ်ဆိုတဲ့ အမည်မရပါဘူး၊ သူတို့ကိုတော့

http://www.dhammadownload.com

အဗျာကတစိတ်တွေလို့ပဲ ခေါ်ပါတယ်။ ဒီဖြစ်စဉ်တွေ အပြည့်အစုံ နားလည်ဖို့ကတော့ အဘိဓမ္မာသင်တန်းတွေကို စနစ်တကျသင်ကြား ရပါလိမ့်မယ်၊ ဒီနေရာမှာတော့ ကုသိုလ် အကုသိုလ်ကံတွေဆိုတာ စိတ်ဖြစ်စဉ်ထဲက ကုသိုလ်အကုသိုလ် ဇောစိတ်အခိုက်မှာ အဓိက လှုံ့ဆော်ပေးတဲ့ "စေတနာ"ကို ပဓာနနည်း အဖြစ်နဲ့ "ကံ"လို့ ခေါ်တာ ပါ။ စိတ်ဖြစ်စဉ်တစ်တန်း တစ်တန်းမှာ "ကံ" အမည်ရတဲ့ ဇောစိတ် (၇)ကြိမ်ရှိပါတယ်၊ ဒါကို အသေအချာ မှတ်ထားပါ။

❑

ကံတိုင်း ကံတိုင်းမှာ အကျိုးပေးတဲ့ အချိန်ကာလအရ လေးမျိုးလေး စားကွဲပြားပါတယ် -

(၁) ယခုမျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ 'ဒိဋ္ဌဓမ္မ ဝေဒနီယကံ'

(၂) ဒီဘဝရဲ့ နောက်ဖြစ်တဲ့ ဒုတိယဘဝမှာ အကျိုးပေးတဲ့ 'ဥပပဇ္ဇဝေဒနီယကံ'

(၃) တတိယဘဝကစပြီး နိဗ္ဗာန်ရသည်အထိ ကာလတွေမှာ အကျိုးပေးတဲ့ 'အပရာပရိယ ဝေဒနီယကံ'

(၄) ဘယ်တော့မှ အကျိုးမပေးဘဲ အချည်းအနှီးဖြစ်သွားတဲ့ 'အဟောသိ ကံ' တို့ပဲ ဖြစ်ပါတယ်။

အထက်မှာ ပြောခဲ့တဲ့ ကံအမည်ရတဲ့ ဇောစိတ် (၇)ကြိမ် ထဲမှာ ပထမဆုံးဇောစိတ်ကလေးဟာ သူ့ရှေ့မှာ သူလို ဇောကိစ္စကို ဆောင်ရွက်နိုင်စွမ်းတဲ့ စိတ်မဖြစ်ခဲ့သေးလို့ ရှေ့စိတ်တို့ရဲ့ 'အထုံ' လို့ခေါ်တဲ့ အားဖြည့်ကူညီမှုကို မရတဲ့အတွက် အင်အား အနည်းဆုံး စွမ်းရည်အည့ဆုံးဖြစ်ပါတယ်။ ဒီကံဟာ နောက်ဘဝ တွေမှာ ပဋိသန္ဓေကျိုးကို ပေးလောက်အောင်အထိ ရင့်ကျက်အောင်မြင့်မှု မရှိတဲ့ အတွက် ဒီဘဝတွင်းမှာပဲ မျက်မှောက်ဒိဋ္ဌခံစားရတဲ့ အကျိုးကို

http://www.dhammadownload.com

ပေးတဲ့ ဒိဋ္ဌမမ္မဝေဒနီယက်ဖြစ်သွားပါတယ်။ မျိုးစေ့ရင့်သန်အောင် မစွမ်းနိုင်တဲ့ သရက်ကင်းကို သီးကင်းစသာသာမှာပဲ တို့စရာအဖြစ်နဲ့ စားသုံးလိုက်ရတဲ့ သဘောပါပဲ။

သာမန်အရပ်တွေး တွေးကြည့်ရင်တော့ လက်ငင်းဒိဋ္ဌ ခံစားရတဲ့ ကောင်းကျိုးဆိုတာ အလွန်ကြီးကျယ်တယ်လို့ ထင်ရသလို ဒီလိုလက်ငင်းဒိဋ္ဌအကျိုးပေးတဲ့ ကံဟာလည်း အလွန်စွမ်းအား သတ္တိကြီးမားတယ်လို့ ထင်စရာရှိပါတယ်။ အမှန်ကတော့ အဲဒီလို မဟုတ်ပါဘူး၊ သရက်ကင်းဆိုတာ ထမင်းမြိန်ရုံလောက်သာရှိပြီး အသီးမှည့်လို ခံတွင်းကိုလည်း မချိုမြိန်နိုင်၊ မျိုးစေ့သစ်လည်း မဖြစ်နိုင်သလိုပါပဲ ဒိဋ္ဌမမ္မဝေဒနီယက်ဟာလည်း လတ်တလော ကျေနပ်စရာ အကျိုးသာဖြစ်ပါတယ်။ ရရှိတဲ့ ကောင်းကျိုးဆိုတာ ကလည်း ရုပ်ဝတ္ထု အကျိုးမျှသာဖြစ်လို့ ဘာမျှ မကြီးကျယ်ပါဘူး။ ပဋိသန္ဓေကျိုးများ ကသာ ဉာဏ်မျိုးအရင်းအမြစ်ပါတဲ့ တိဟိတ်ပုဂ္ဂိုလ် အဖြစ်နဲ့ သက်ရှိ ဘဝ တစ်ခုခုမှာ ဖြစ်လာပြီး မဂ်ရ ဖိုလ်ရအထိ တိုးပွားနိုင်စွမ်းရှိတာမို့ ကြီးကျယ်တဲ့ အကျိုးဖြစ်ပါတယ်။

အဘိဓမ္မာလို ပြောရမယ်ဆိုရင် ရုပ်ဝတ္ထုတွေဆိုတာ စိန်ရွှေ ရတနာတွေပဲဖြစ်ဖြစ်၊ စကြာမင်းတို့ရရှိတဲ့ စကြာရတနာပဲဖြစ်ဖြစ် ဒါတွေဟာ 'အဟိတ်' ပစ္စည်းတွေလို့ ခေါ်ပါတယ်။ ဟေတုပစ္စည်းမှာ ပြောခဲ့သလိုပဲ ဟိတ်တရားတွေကသာ ရေသောက်မြစ်တွေဖြစ်လို့ ရှင်သန်မှုကို ပေးနိုင်ပါတယ်။ အဟိတ်ပစ္စည်းဝတ္ထုတွေဆိုတာ ရေသောက်မြစ်မပါဘဲ အိုးထဲမှာ အလှထိုးထားတဲ့ အိုးစိုက်ပန်းတွေ လိုပါပဲ တစ်ခဏလောက်သာလှပပြီး မကြာခင်ပျက်စီးသွားရမြဲပါ။ အဲဒီလိုပါပဲ လက်ငင်းလက်တွေ့ရရှိတဲ့ ရုပ်ဝတ္ထုအကျိုးတွေဆိုတာလဲ စကြာမင်းရဲ့ စကြာရတနာပင်ဖြစ်စေ သေရာရဲ့နောက်အထိ သယ်ယူလို့မရတဲ့ တစ်ဘဝအကျိုးမျှသာဖြစ်လို့ အားနည်းတဲ့ အကျိုးလို့

http://www.dhammadownload.com

ခေါ်ဆိုရသလို လက်ငင်းလက်တွေ့အကျိုးပေးတဲ့ ဒိဋ္ဌဓမ္မဝေဒနီယ ကံဟာလည်း ကံတွေထဲမှာ စွမ်းအားအနည်းဆုံး ကံလို့သာ သတ်မှတ်ပါတယ်။ အသီးကင်းမို့ တို့စရာဖြစ်သွားသလို အားအနည်းဆုံး ဖြစ်လို့ ဒိဋ္ဌဓမ္မအကျိုးကို ပေးရတာပါ။

ကံဇော(၇)ကြိမ်တို့ဟာ ရှေ့ရှေ့ဇောက နောက်နောက်ဇော တွေကို အရှိန်အဟုန်စွမ်းအားသတ္တိတွေ ဖြည့်ပေးတဲ့အတွက် နောက်နောက်ဇောကံတွေက ရှေးရှေးဇောကံတွေထက် စွမ်းအား သတ္တိပိုကောင်းပါတယ်။ ဒါကြောင့် နောက်ဆုံးဖြစ်တဲ့ သတ္တမဇောကံ ဟာ စွမ်းအား သတ္တိအကြီး မားဆုံးဖြစ်ပါတယ်။ သတ္တမဇောကံဟာ အရင့်မှည့်ဆုံး အအောင်မြင်ဆုံးဖြစ်တဲ့ မျိုးစေ့နဲ့ အလားတူပါတယ်။ ဒီသတ္တမဇောကံက ပဋိသန္ဓေကျိုးကို ပေးနိုင်တဲ့ ကံမျိုးစေ့တွေထဲမှာ အရင့်မှည့်ဆုံးဖြစ်တာနဲ့အညီ ဒုတိယဘဝမှာ ပဋိသန္ဓေကျိုးကို ဖြစ်စေ တဲ့ ဥပပဇ္ဇဝေဒနီယကံဖြစ်လာပါတယ်။ အလယ်ဇောကံ (၅)ခု ကတော့ တတိယဘဝကနေ နိဗ္ဗာန်ရသည်အထိ အခါအား လျော်စွာ အကျိုးပေးပါတယ်။ ဘုရားလောင်းတော်တို့ရဲ့ သဗ္ဗညုတညာဏ် တော်ကြီးကို ရအောင်အကျိုးပြုပေးတဲ့ ပါရမီကံတွေဆိုတာ ပါရမီဖြည့်စဉ် ကာလတစ်လျှောက်ပြုလုပ်ခဲ့တဲ့ အလယ် (၅)ဇော ကုသိုလ်ကံတွေပဲ ဖြစ်ပါတယ်။ သူ့ကာလနဲ့သူ အကျိုးပေးရမည့် ကံတွေဟာ အချိန်ကာလကို ကုန်လွန်သွားတာနဲ့ တစ်ပြိုင်နက် အဟောသိကံ ဖြစ်သွားပါတယ်။ မြန်မာတို့ ပြောပြောနေကြတဲ့ "အဟောသိကံ ဖြစ်လိုက်လေ"ဆိုတာ ဒါကိုပြောတာပါပဲ။

ဒိဋ္ဌဓမ္မဝေဒနီယကံခေါ်တဲ့ ယခုဘဝလက်ငင်းကျိုးရ ဖြစ်စေ တဲ့ ကံတွေထဲမှာ ကုသိုလ်ကံဆိုလို့ရှိရင်၊ ကံပြုသူ(ပေးလှူသူ) ကိုယ်တိုင်လည်း (၁) အဓိပတိတပ်ပြီး အထက်သန်ဆုံး စေတနာတွေ သဒ္ဓါတရားတွေနဲ့ ပြည့်စုံခြင်း၊ (၂) လှူဖွယ်ဝတ္ထုကလည်း ဓမ္မိယလဒ္ဓ

http://www.dhammadownload.com

ဆိုတဲ့ တရားသဖြင့် ရှာဖွေရရှိထားတဲ့ ပစ္စည်းဖြစ်ခြင်း၊ (၃) မိမိအမှန်တကယ် ပိုင်ဆိုင်တဲ့ ပစ္စည်းဖြစ်ခြင်း စတဲ့ အင်္ဂါရပ်တွေနဲ့ ညီညွတ်ရမယ်။ အလှူခံပုဂ္ဂိုလ်တွေကလည်း (၁) အနာဂါမ်ရဟန္တာပုဂ္ဂိုလ် တို့ ဖြစ်ခြင်း၊(၂) နိရောဓသမာပတ်ဝင်စားပြီး ထမြောက်ခါစ ဖြစ်ခြင်း စတဲ့ အင်္ဂါရပ်တွေနဲ့ ညီညွတ်ရမယ်လို့ ဆိုပါတယ်။ အများကြားသိ ဖူးတဲ့ မဟာဒုဂ်ရဲ့ အလှူမျိုးဖြစ်ရမယ်လို့ ဆိုလိုတာပါ။

အကုသိုလ်ကံတွေထဲမှာလည်း ကျူးလွန်ပြစ်မှားသူကလည်း သူ့ကျေးဇူးကိုချေဖျက်ခြင်းလို အလွန်ရိုင်းစိုင်းတဲ့ ဒေါသနဲ့ယှဉ်တဲ့ စိတ်စေတနာမျိုးဖြစ်ခြင်း၊ အကျူးလွန်ခံရတဲ့ ပုဂ္ဂိုလ်များကလည်း ဘုရားရှင်တို့၊ သံဃာတို့၊ မိဖတို့၊ ဆရာတို့၊ အသက်သခင်တို့လို ကျေးဇူးရှင်ကြီးများဖြစ်ခြင်းစတဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံရင် ပထမ ဇောက်က ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်ပြီး မျက်မှောက်ဒိဋ္ဌဆိုးကျိုးကို ရပါ တယ်။ ဇာတ်တော်တွေထဲမှာပါတဲ့ ချောက်ထဲကျနေတဲ့ မုဆိုး ပုဏ္ဏား ကြီးဟာ သူ့ကို ချောက်ထဲက ကယ်တင်ပေးတဲ့ မျောက်ကို ခဲနဲ့ထုပြီး သတ်ဖြတ်ဖို့ ကြိုးစားခဲ့တယ်၊ မျောက်က မသေပါဘူး၊ ပုဏ္ဏားကြီး အပေါ်ပွေလည်း မယူဘူး၊ ရွာလမ်းပြန်တတ်ဖို့အတွက် သစ်တစ် ပင်နဲ့ တစ်ပင် ကူးပြီးတော့တောင် လမ်းပြပေးလိုက်သေး တယ်၊ ဒါပေမယ့် အဲဒီကျေးဇူးကန်းတဲ့ ပုဏ္ဏားကြီးဟာ မျောက်ကြီး ကြည့် နေတဲ့ မြင်ကွင်း မဆုံးခင်အထိပဲ ခရီးဆက်သွားနိုင်တယ်၊ မြင်ကွင်းက လည်းကွယ်ရော မြေမျိုသေဆုံးပြီး အဝီစိအထိ ရောက် သွားပါတယ်။ အဲဒါ ချက်ချင်းမြေမျိုသွားစေတဲ့ ပထမဇောက်ရဲ့ အကျိုးနဲ့ အဝီစि ငရဲမှာ ပဋိသန္ဓေဖြစ်စေတဲ့ သတ္တမဇောက်တို့ရဲ့ အကျိုးပဲရှိသေးတယ်။ အလယ်ဇော (၅)ကြိမ်တို့ကလည်း အဝီစိက လွတ်မြောက်လာပြီးတဲ့ တတိယဘဝက စပြီးအကျိုးတွေ ပေးနေဦးမှာပါပဲ။

http://www.dhammadownload.com

ဟုတ်ပါတယ်။ အလယ်ဇောက်တွေရဲ့ အကျိုးက ကံကြီးရင် ကြီးသလောက်အကျိုးပေးကာလတွေလည်း များပြားတတ် ပါတယ်။ ရဟန္တာအရှင်မြတ် ကြီးအပေါ်မှာ လာဘမစ္ဆေရဖြစ်ပြီး ဒကာ ဒကာမ တွေ လှူခဲ့တဲ့ ဆွမ်းခဲဖွယ်တွေကို မီးရှို့ဖျက်ဆီးခဲ့တဲ့ လောသက တိဿရဟန်းကြီးရဲ့ ဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် သူကျူးလွန်ခဲ့တဲ့ ကံကြီးက ကြီးလွန်းတဲ့အတွက် ပထမဇောက်က ချက်ချင်း နောင်တ ပူပန်မှုတွေနဲ့ လက်ငင်းပူလောင်စေသလို သတ္တမဇောကလည်း ဒုတိယဘဝမှာ အပါယ်ငရဲကိုပို့ပြီးပေမယ့် အလယ်ဇောက် (၅)ချက် တို့က ဘဝအဆက်ဆက်အထိ အစာငတ်ပြတ်မွဲတေဆင်းရဲ စေခဲ့တာ နောက်ဆုံးဖြစ်တဲ့ ဂေါတမဘုရားရှင်လက် ထက်မှာ ရဟန္တာဖြစ်တဲ့ အထိ အစာရေစာဝလင်အောင် မစားရတဲ့ ဆိုးကျိုးတွေကို ဘဝ ပေါင်းများစွာ ခံစားခဲ့ရပါတယ်။

ဒါကြောင့် ကံတွေဆိုတာ မသိသူတွေက မကြောက်တတ်ဘဲ လက်ရဲဇက်ရဲရှိနေကြပေမယ့်၊ သိသူတွေကတော့ အလွန်အလေး ထားကြပါတယ်။

မြတ်စွာဘုရားရှင်ကတော့ "ကံနဲ့ ကံအကျိုးတွေကို ငါဘုရား ရှင်သိသလိုသာ သိကြမယ်ဆိုရင် လောကမှာ အကုသိုလ်ကံကို ပြုလုပ်ဝံ့သူဆိုတာ မရှိနိုင်သလို ကုသိုလ်ကံကိုမလုပ်ဘဲ နေဝံ့မည့် သူလည်း မရှိနိုင်ဘူး"လို့ မှတ်ချက်ပြု ဟောကြားထားတော်မူခဲ့ပါ တယ်။

❑

ကံတွေဟာ အကျိုးပေးတဲ့ ကာလအရလေးပါးပြားသလို၊ အကျိုးပေးနိုင်စွမ်း(ပါကဒါန) အနေနဲ့လဲ လေးမျိုးပြားပါတယ်။ အဲဒါကတော့ (၁) အခြားဆန့်ကျင်ဘက်ကံတစ်ပါးနဲ့ တားဆီး ပယ်ဖျက်လို့ မရနိုင်လောက်အောင် အကျိုးပေးအင်အားကြီးမားတဲ့

http://www.dhammadownload.com

"ဂရုကံ"ရယ်။ (၂) သေရာညောင်စောင်း လဲလျောင်းရတဲ့ သေဆုံးခါနီးကာလမှာ အနီးကပ်ပြုတဲ့ 'အာသန္နကံ' ရယ်။ (၃) နေ့စဉ်မပျက်အချိန်ရနိုင်သမျှ အလေ့အကျင့်ပြုထားတဲ့ 'အာစိဏ္ဏကံ' ရယ်။ ဘာအကျိုးမှ အထူးအထွေ အကျိုးမပေးတဲ့အတွက် ပြုကာမျှလို့သာ ခေါ်ဆိုရတဲ့ 'ကဋတ္တာကံ' ရယ်တို့ပဲ ဖြစ်ပါတယ်။ ဒီလေးမျိုးကတော့ ဒုတိယဘဝမှာ အကျိုးပေးနိုင်စွမ်းအားအနေနဲ့ ကြီးစဉ်ငယ်လိုက်မှည့်ခေါ်သတ်မှတ်တဲ့ ကံတွေပါ။

ဒီလေးမျိုးထဲက 'ဂရုကံ'ဆိုတာ အကုသိုလ်အရာမှာ ပဌာနန္တရိယကံကြီး ၅ ပါး (နဲ့ နိယတမိစ္ဆာဒိဋ္ဌိကံ) တို့ဖြစ်ပါတယ်။ ကုသိုလ် အရာမှာတော့ ဒီကံတွေက ပဋိသန္ဓေကျိုးပေးနိုင်စွမ်းကို ငဲ့ပြီးပြောတာဖြစ်လို့ မဟာဂ္ဂုတ်ကံ လို့ခေါ်တဲ့ စျာန်ကုသိုလ် ၉ ပါးလို့ ဋီကာကျော်မှာ ဖွင့်ဆိုပါတယ်။

မိမိတို့ ဆရာသမားများကတော့ "ဂရုကံ" ဆိုတာ ဆန့်ကျင်ဘက်ကံတစ်ပါးနဲ့ ပယ်ရှားလို့ မရနိုင်လောက်အောင် ခိုင်မာကြီးမားတဲ့ ကံကိုခေါ်တာဖြစ်တယ်၊ အကုသိုလ်အရာမှာ ပဌာနန္တရိယကံကြီး ငါးပါးဟာ ဘယ်လိုကုသိုလ်မျိုးနဲ့မှ အပါယ်ဘုံ မကျရောက်အောင် တားမြစ်လို့ မရသလို၊ ကုသိုလ်ကံအရာမှာလည်း ဘယ်လိုဆန့်ကျင်ဘက်အကုသိုလ်နဲ့မှ ဖျက်ဆီးလို့ မရနိုင် လောက်အောင် ခိုင်မာတဲ့ ကံမျိုးကိုသာ ဂရုကံလို့ ဆိုသင့်တယ်။ စျာန်ကုသိုလ်တွေဆိုတာ ဆန့်ကျင်ဘက်ရဲ့ ဒဏ်ကိုခံနိုင်ရည် မပြည့်ဝဘူး၊ မုဒုလက္ခဏာဇာတ်မှာ ဘုရားလောင်းစျာန်ရ ရသေ့ကြီးဟာ မိဖုရားကြီးရဲ့ ဝိသဘာဂအာရုံကို မြင်ကာမျှနဲ့ စျာန်လျှောကျ သွားတာကို ကြည့်ရင်သိသာတယ်။ ဒါကြောင့် ဆန့်ကျင်ဘက် အကုသိုလ်တွေက လုံးဝဖျက်ဆီးလို့မရတဲ့ မဂ်ကုသိုလ် လေးပါးကိုသာ ဂရုကံလို့ ယူသင့်တယ်"လို့ မိန့်ကြားဖူးပါတယ်။ ဒါပေမယ့် ပဋိသန္ဓေကျိုးကို ငဲ့ပြီးပြောမယ်ဆိုရင်တော့

http://www.dhammadownload.com

မဂ်ကုသိုလ်တွေက "ဖိုလ်စိတ်" ဆိုတဲ့ အကျိုးကိုသာ ဖြစ်စေတာ၊ ပဋ္ဌိသန္ဓေကျိုးကို မပေးတတ်လို့ ဒီနေရာမှာကုသိုလ် ဂရုက်အရ မဟာဂျုတ်ကုသိုလ်ကံကိုသာ ကောက်ယူကြပါတယ်။

ဂရုက်ဖြစ်တဲ့ ပဏ္ဍာနန္ဒရိယ အကုသိုလ်ကံကြီးငါးပါးကလွဲရင် ကျန် အကုသိုလ်ကံတွေဆိုတာ သူ့ထက်စွမ်းအားကြီးမားတဲ့ ဆန့်ကျင်ဘက် ကုသိုလ်တရားတွေက အပါယ်ပဋ္ဌိသန္ဓေကျိုး ပေးခွင့်ကို ဖယ်ရှားဟန့်တားနိုင်ပါတယ်။ သောဏမထေရ်ရဲ့ ဖခင်မုဆိုးကြီးရဲ့ ဖြစ်ရပ်လိုမျိုးပေါ့။

ပြီးတော့၊ ပဏ္ဍာနန္ဒရိယက် မဟုတ်တဲ့ အကုသိုလ်တွေဟာ မဂ်ဖိုလ်ကိုလည်း မတားမြစ်ပါဘူး၊ အရှင်အဂ္ဂိလိမာလတို့၊ သန္ဓတိ အမတ်ကြီးတို့ရဲ့ ဖြစ်ရပ်တွေဟာ ခိုင်မာတဲ့ သာဓကတွေပါ။ ဒါကြောင့်လဲ လယ်တီဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယဒီပနီ ကျမ်းမှာ "**မုဆိုး တံငါလို ပုဂ္ဂိုလ်မျိုးကိုပင် ဖြစ်စေ ဝိပဿနာ ကုသိုလ်နှင့်မတန်ဟု မပြောပါလင့်၊ ပြောလျှင် ပြောသူသာ ဓမ္မန္ဓရာယ်ဖြစ်မည်**"လို့ သတိပေးထားပါတယ် (ဒါဟာ မုဆိုးတံငါတို့၊ အရက်သေစာ သောက်သူတို့ကို မဂ်ဖိုလ်နဲ့ မတန်ဘူးလို့ အထင်မှားတတ်ကြသူများအတွက် ဓမ္မန္ဓရာယ်ဖြစ်မည့် ဘေးကြီးကို ရှောင်ရှားနိုင်ဖို့ သတိပေးလိုက်တာပါ)။

(၁) ပဋ္ဌိသန္ဓေကျိုးကို ပေးနိုင်စွမ်းတဲ့ကံတွေထဲမှာ ဂရုက်ကစွမ်းအားအကြီးမားဆုံးဖြစ်ပါတယ်၊ ဒါကြောင့် ပဏ္ဍာနန္ဒရိယ လိုက်ကြီးတစ်ခုခုကို ကျူးလွန်ထားသူဟာ ဒုတိယဘဝမှာ အဲဒီကံကြီးက မုချ အပါယ်ပဋ္ဌိသန္ဓေကို ပေးပါတယ်။ ဒီကံကြီးရဲ့ အပါယ်ပဋ္ဌိသန္ဓေ ပေးနိုင်စွမ်းကို ဘယ်လိုကုသိုလ်နဲ့မှ အကြွင်းမဲ့ဖယ်ရှားလို့ မရပါဘူး။ ချွင်းချက်အနေနဲ့တော့ နိယတမိစ္ဆာ အယူမရှိသူ ဖြစ်ခဲ့ရင် "အပြစ်ကို အပြစ်လို့ ရှုမြင်ခြင်း၊ တရားနဲ့အညီကုစားခြင်း၊ နောင်လုံးဝ မကျူး

http://www.dhammadownload.com

လွန်တော့ပါဘူးလို့ အခိုင်အမာ ဆုံးဖြတ်ခြင်း" ဆိုတဲ့ အင်္ဂါသုံးရပ်နဲ့ ညီညွတ်အောင်ကျင့်သုံးနိုင်ခဲ့ရင် အဆင့်လျော့တဲ့ သက်သာခွင့် လောက်တော့ ရနိုင်ပါတယ်။

အဇာတသတ်မင်းကြီးဟာ ဘုရားရှင်ထံမှောက် သွားရောက်ပြီး သာမညဖလသုတ်ဒေသနာတော်ကြီးကို နာယူပြီးတဲ့အခါ ဘုရားရှင်ရဲ့မိန့်ကြားချက်အရ အထက်ပါမူသုံးချက်ကို မပျက်မကွက်လိုက်နာကျင့်သုံးတဲ့အတွက် အဖသတ်ကံကြီးကြောင့် အဝီစိ ငရဲကိုကျရောက်ရမည့်အဖြစ်က လွတ်မြောက်ပြီး လောဟကုမ္ဘီငရဲမှာ အနှစ်ခြောက်သောင်းသာကျခံရမယ်လို့ ဆိုပါတယ်။ သူ ကျူးလွန်တဲ့ အပြစ်ကြီးနဲ့စာရင် ဒီပြစ်ဒဏ်ဟာ သေဒဏ်ကျလောက်တဲ့ ပြစ်မှုကြီးကို ပန်းတစ်စည်းနဲ့တောင်းပန်ပြီး လွတ်မြောက်ရ သလောက်ပဲရှိတယ်လို့ အဋ္ဌကထာဆရာတော်က မိန့်ဆိုပါတယ်။ ဂရုက်မဟုတ်တဲ့ အခြားအကုသိုလ်ကံမျိုးတွေကတော့ အထက်မှာပြခဲ့တဲ့ အင်္ဂါသုံးရပ်နဲ့အညီ ကုစားခဲ့ရင် အကြွင်းမဲ့ပြေပျောက်နိုင်ပါတယ်။

(၂) တကယ်လို့ ဂရုက်ကြီးတွေ မရှိဘူးဆိုရင် ဒုတိယ အကျိုးပေးနိုင်စွမ်းအရှိဆုံးက ဘဝပြောင်းခါနီးမှာ ပြုလုပ်တဲ့ အာသန္နကံ ဖြစ်ပါတယ်။ ရှင်သောဏဆိုတဲ့ ရဟန်းတော်ရဲ့ ဖခင်ကြီးဟာ အိုမင်းမစွမ်းချိန်အထိ မုဆိုးအလုပ်ကို လုပ်လာခဲ့တယ်၊ အိုမင်းမစွမ်း အရွယ်ရောက်လို့ အားကိုးရာမဲ့ချိန်ရောက်မှ သားရဟန်း ရှင်သောဏမထေရ်က ကျောင်းခေါ်ပြီး ရဟန်းပြုပေးထားတယ်။ မုဆိုးအလုပ်နဲ့ နှစ်ရှည်လများ ကျင်လည်ခဲ့သူပီပီ ရဟန်းတရားကို အားထုတ်တော့လည်း သမာဓိ မရပါဘူး၊ မျက်လုံးမှိတ်ပြီး စဉ်းစား လိုက်တိုင်း မုဆိုးဘဝအတွေ့အကြုံတွေကပဲ သူ့စိတ်ကို လွှမ်းမိုး နှောက်ယှက်နေပါတယ်။

သေခါနီးဆဲဆဲလို့ ဆိုရမယ့် နောက်ဆုံးအချိန်မှာတော့ သူအမျှားဆုံးပြုလုပ်ခဲ့တဲ့ ကံအားလျော်စွာပဲ အပါယ်ငရဲ နိမိတ်

http://www.dhammadownload.com

အာရုံတွေက သူ့စိတ်မှာ မြင်ယောင် လာပြီး ကြောက်လန့်တကြား အော်နေပါတော့တယ်။ အခြေအနေကို ရိပ်စားမိတဲ့ သားရဟန်းက သာမဏေများကို ပန်းစတဲ့ လှူဖွယ်ပစ္စည်းတွေ စီစဉ်စေပြီး "ဒီပစ္စည်းတွေဟာ ဦးဇင်းကြီးအတွက်ပါ၊ ဒီပန်းရေချမ်းတွေနဲ့ ဘုရား ရှင်ဂုဏ်ကို အာရုံပြုလှူဒါန်းပါလို့ တိုက်တွန်းတော့ အဲဒီ အတိုင်းလိုက်လုပ်ပြီး လှူဒါန်းပါတယ်။ အဲဒီအခါမှာ သုဂတိနိမိတ် တွေ ထင်လာပြီး ထိတ်လန့်အော်ဟစ်မှုတွေလည်း ငြိမ်သွားတယ်။ မကြာခင်မှာပဲ ဘဝတစ်ပါးပြောင်းတဲ့အခါသုဂတိနတ်ပြည်မှာ ပဋိသန္ဓေ နေသွားပါတယ်။

ဒီဖြစ်ရပ်ကို ကြည့်မယ်ဆိုရင် သေခါနီးကာလမှာ ကံ, ကမ္မနိမိတ်,ဂတိနိမိတ်တွေထင်တယ်ဆိုတာ လုံးဝသတိမရနိုင် လောက်အောင်နီးကပ်သွားချိန်မှာ မဟုတ်ဘူး၊ ကုသိုလ်ကောင်းမှု တစ်ခုခုကို စီစဉ်ပြုလုပ်ဖို့ အချိန်ရသင့်သလောက်ရသေးချိန်၊ သတိကောင်းကောင်းထားနိုင်သေးချိန်လောက်ကတည်းက ဖြစ်တာ လို့ ခန့်မှန်းနိုင်ပါတယ်။ ရှေးလူကြီးသူမများပြောတဲ့ "သေခါနီး မှာ မိတ်ဆွေကောင်းလိုတယ်" ဆိုတာလည်း ဒီလိုဖြစ်ရပ်များကို ထောက်ထားပြီး ပြောဆိုတာဖြစ်ပါလိမ့်မယ်။

အခုလို အာသန္ဓကံနဲ့ အပါယ်ပဋိသန္ဓေကျိုး ဖယ်ရှားပစ် လိုက်နိုင်တဲ့အတွက် အကုသိုလ်ကံတွေကို အကြွင်းမဲ့ ဖယ်ရှား ပစ်နိုင် ပြီလို့တော့ ဆိုလို့မရသေး ပါဘူး၊ ဘုန်းကြီးဘ မုဆိုးကြီးရဲ့ ဖြစ်စဉ်မှာ အာသန္ဓကံကြောင့် စုတိမတိုင်မီ ဒီဘဝမှာပဲ အပါယ် ငရဲနိမိတ်တွေ ကနေ သုဂတိနိမိတ်တွေပြောင်းပြီး ထင်မြင်ဆိုတာက အာသန္ဓကံရဲ့ ပထမဇောစေတနာကပေးတဲ့ ဒိဋ္ဌဓမ္မဝေဒနိယ အကျိုးပါ။ ဒုတိယ ဘဝမှာ သုဂတိနတ်ရွာမှာ ဖြစ်ရတာက သတ္တမဇော စေတနာက ပေးတဲ့ ဥပပဇ္ဇဝေဒနိယအကျိုးလို့ ခေါ်ပါတယ်၊ ဒါကြောင့် အာသန္ဓ

http://www.dhammadownload.com

ကံက ဖယ်ရှားနိုင်ခဲ့တာဟာ ဘဝတစ်လျှောက်ပြုခဲ့တဲ့ အကုသိုလ်ကံတွေရဲ့ ပထမဇောနဲ့ သတ္တမဇောကံတွေရဲ့ အကျိုးပေးခွင့်ကိုသာ ဖယ်ရှားနိုင်ခဲ့တာပါ။ ဒုတိယဘဝမှာပဲ ပဋိသန္ဓေကာလ လွန်ပြီးတဲ့နောက် ပဝတ္တိကာလတစ်လျှောက်လုံးနဲ့ တတိယ ဘဝစသည်တို့မှာ အကျိုးပေးနိုင်သေးတဲ့ အလယ်ငါးဇောဆိုတဲ့ အပရာပရိယ ဝေဒနိယကံတွေ မဖယ်ရှားရသေးပါဘူး၊ ကျန်နေ ပါသေးတယ်၊ အဲဒီကံတွေကတော့ ဆိုင်ရာ မဂ်ကုသိုလ်များနဲ့သာ အကြွင်းမဲ့ ဖယ်ရှားနိုင်ပါတယ်။ဒါကြောင့် သုဂတိဘုံဘဝမှာ တိဟိတ် ခေါ်တဲ့ အသိဉာဏ်မျိုးစေ့ပါသူ ဖြစ်ရခိုက်မှာ ဝိပဿနာကုသိုလ်တွေ ကြိုးစားပြီးစိတ်ချရတဲ့ မဂ်ကုသိုလ် အဆင့်ရောက်အောင် ကြိုးစားထားမှသာ သံသရာခရီးအတွက် အာမခံချက်အပြည့်အဝရရှိမှာဖြစ်ပါတယ်။

(၃) ဂရုကံနဲ့ အာသန္နကံတို့ မရှိဘူးဆိုရင် ကိုယ့်အတွက် တကယ်တမ်းအားကိုးအားထားပြုစရာကံကတော့ နေ့စဉ်မပြတ် (ပိုပြီးကောင်းတာကတော့ နိုးချိန်က အိပ်ချိန်အတွင်းဖြစ်တဲ့ 'နေစဉ်' မပြတ်)အလေ့အကျင့်ပြုထားတဲ့ အာစိဏ္ဏကံတွေပဲ ဖြစ်ပါတယ်။ အလေ့အကျင့်တွေဆိုတာ ပထမတော့ တစ်ကြိမ်က စရတာချည်းပါပဲ၊ တဖြည်းဖြည်းနဲ့ "အကြိမ်များတော့ အကျင့်ဖြစ်လာပါတယ်၊ အကျင့်များတော့ အလေ့အထုံပါရမီဓာတ်ခံ" ဆိုတာ ဖြစ်လာတယ်၊ အဲဒီလိုကံမျိုးကမှ နိဗ္ဗာန်တိုင်အောင် အားကိုးရတဲ့ ကိုယ်ပိုင်ကံ အစစ်ပါ။

အာစိဏ္ဏကံဟာ ကိုယ်ပိုင်အစစ်လို့ ဆိုနိုင်တာကတော့ အဘိဓမ္မာကို လေ့လာသင်ကြားဖူးမှ ပိုပြီး သဘောပေါက်ပါလိမ့်မယ်။ သတ္တဝါတို့ (အထူးသဖြင့်တော့ လူတို့ပေါ့လေ)ရဲ့ စိတ်ဖြစ်စဉ်တွေဟာ ပကတိခါမှာဆိုရင် ဇောစိတ်က (၇)ကြိမ်ဖြစ်ပါတယ်။ အေးအေးဆေးဆေးကာလလို့ ဆိုရမှာပေါ့၊ အဲဒီအခါမျိုးမှာတော့ လူတို့ရဲ့

http://www.dhammadownload.com

ကံတွေဟာ ကာယကံဖြစ်ဖြစ်၊ ဝစီကံဖြစ်ဖြစ်၊ မနောကံဖြစ်ဖြစ် "ဘာလုပ်မယ်၊ ဘာပြောမယ်၊ ဘယ်လိုစဉ်းစားဆုံးဖြတ်မယ်" ဆိုတာကို စနစ်တကျသုံးသပ်ဆင်ခြင်ပြီးပြုလို့ရပါတယ်။

မရဏာသန္ဒလို့ခေါ်တဲ့ ဘဝပြောင်းခါနီးရောက်လာတဲ့အခါမှာတော့ စိတ်စွမ်းအားတွေက အားလျှော့လာတယ်၊ "မိန်းမောတယ်"လို့ ခေါ်ပါတယ်၊ ဒီလိုအချိန် မျိုးဆိုတာ ဘာနဲ့တူသလဲ ဆိုတော့ ရေနစ်ချိန်၊ အမြင့်ကလိမ့်ကျချိန်၊ အထိတ်တလန့်ဖြစ်ချိန် များနဲ့အလားတူပါတယ်။ ဒီလိုအချိန်တွေမှာ ဇောက ပုံမှန် (၇)ကြိမ်မဖြစ်တော့ဘူး (၅)ကြိမ်ပဲ ဖြစ်တယ်။ ဒီအချိန်မှာ ကံတွေကိုလည်း စနစ်တကျသုံးသပ်ဆင်ခြင်ပြီး ပြုလုပ်နိုင်စွမ်းမရှိတော့ပါဘူး။ ကိုယ်အလေ့အကျင့်သန်ခဲ့တဲ့ ကံတွေကပဲနေရာယူပြီး အာသန္ဒကံသဖွယ် ထင်လာဖြစ်လာတတ်ကြပါတယ်။ ဥပမာအားဖြင့် လူတစ်ယောက် ထိတ်လန့် တကြားဖြစ်တဲ့အခါမှာ "ငါ့ပါးစပ်က ဘယ်လိုစကားမျိုး ပြောမယ်လို့ စဉ်းစားချိန်မရလိုက်ပဲ ပါးစပ် အကျင့်သန်ရာ အတိုင်းပဲ၊ ဆဲနေကျလူက ဆဲလုံးတွေထွက်လာမယ်၊ အနိစ္စ, ဒုက္ခရွတ်နေကျ လူက အနိစ္စ ဒုက္ခသံတွေထွက်မယ်၊ "ဗုဒ္ဓေါ" ရွတ်နေကျလူကလည်း "ဗုဒ္ဓေါ"လို့ တမိသလိုပေါ့။ ဒါကို မြန်မာစကားကတော့ "ယောင်ယမ်း အော်တယ်" လို့ ပြောကြပါတယ်။ မရဏာသန္ဒအခါမှာ ထင်မြင်ဖြစ်ပေါ်တဲ့ ကံတွေကလည်း ဒီလိုပါပဲ၊ စနစ်တကျ စဉ်းစားနိုင်စွမ်း မရှိတဲ့အတွက် အလေ့အကျက်သန်ရာ အာစိဏ္ဏကံတွေကပဲ ရောက်လာ ထင်လာပြီး အာသန္ဒကံသဖွယ်ဖြစ်ပေါ်လာကြတာပါ။

ဘာပဲဖြစ်ဖြစ် ဒုတိယဘဝမှာ ပဋိသန္ဓေ တည်နေရတယ် ဆိုတဲ့ အဲဒီမရဏာသန္ဒကာလမှာ အာသန္ဒကံသဖွယ် ထင်လာဖြစ်လာတဲ့ ကံနဲ့ ကမ္မနိမိတ်တွေ၊ ဒီကံနဲ့ ထိုက်တန်တဲ့ လားရောက်ရမည့်

http://www.dhammadownload.com

ဘုံဘဝမှာရှိတဲ့ အဆောက်အဦတွေဖြစ်တဲ့ ဂတိနိမိတ်တွေအတိုင်းပဲ ဖြစ်ရတာဆိုတော့ အာစိဏ္ဏက်အလေ့အကျင့်ကောင်းတစ်ခုခု စွဲစွဲမြဲမြဲ ရှိနေရေးဟာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်ဆိုတာကို အလေးပြုသင့်ပါတယ်။

(၄) ကံတို့ရဲ့ တာဝန်လို့ ဆိုရမည့် အကျိုးပေးရာကာလတို့၊ အကျိုးပေးခွင့်အခြေအနေတို့ကို လွန်မြောက်သွားပြီဆိုရင်တော့ ဒီကံတွေဟာ ပြုကာမတ္တလို့သာ ဆိုရမည့် "ကဋတ္တာကံ"တွေ ဖြစ်သွားပါတယ်။ အာသဝေါကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်ကြီး တို့ဆိုတာ အကျိုးအားလုံးတို့ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ အရဟတ္တဖိုလ် ပေါက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သွားပြီးဖြစ်လို့ နောက်ထပ်အကျိုး တစ်စုံ တစ်ရာပေးစရာမလိုအပ်တော့ပါဘူး၊ အဲဒီရဟန္တာအရှင်မြတ် ကြီးတို့ ပြုတဲ့ကံတွေအားလုံးဟာလည်း "ကဋတ္တာကံ"လို့ပဲ ဆိုရမှာပါ။ ဒါကြောင့်လည်း အဘိဓမ္မာမှာ ကုသိုလ် အကုသိုလ်ဆိုတဲ့ အမည် မတပ်ဘဲ "ကြိယာ"လို့သာ ခေါ်ဆိုပါတယ်။ ကဋတ္တာကံ ဆိုတာ အဲဒီသဘောပါပဲ။ ကံအမျိုးအစားများနဲ့ ပတ်သက်လို့တော့ ဒီ လောက်သဘောပေါက်ထားရင် အတော်ပြည့်စုံပြီထင်ပါတယ်။

အခုပြောခဲ့တဲ့ ကံတွေအားလုံးဟာ ကံပြုလုပ်ချိန်နဲ့ အကျိုး ပေးချိန်တို့ တစ်ပြိုင်နက် အတူတကွမဖြစ်ဘဲ ဖြစ်ခိုက်ခဏချင်း သီးခြားစီသာ ဖြစ်ကြတဲ့အတွက် နာနက္ခဏိက ကမ္မလို့ ခေါ်ပါတယ်။

ဒီကမ္မပစ္စည်းနဲ့ ပတ်သက်လို့ နိဿယပြန်ဆိုတဲ့ ဆရာတော် စကားထဲမှာပါတဲ့ "**အားပါးထုတ်ထ၊ လုံ့လသည်းစွာ**"ဆိုတဲ့ အချက်ကိုလဲ အလေးအနက်သိသင့်ပါတယ်။ အားထုတ်လုံ့လ ပြုတာကို ပါဠိလို "ဗျာပါရ"လို့ ခေါ်ပါတယ်၊ "ကြောင့်ကြလုံ့လ ဗျာပါရ" ဆိုပြီး မြန်မာနဲ့ ပါဠိရောပြီး ပြောဆိုသုံးစွဲလေ့ရှိတဲ့ "ဗျာပါရ" ဆိုတာ ပါပဲ။

http://www.dhammadownload.com

ဗျာပါရနဲ့ ပတ်သက်လို့ အလေးအနက်နားလည်သင့်တာ ကတော့ "ပုဂ္ဂလဗျာပါရ နဲ့ ဓမ္မဗျာပါရ"ဆိုတာပါပဲ။ "ပုဂ္ဂလဗျာပါရ" ဆိုတာ ပုဂ္ဂိုလ်က ကြောင့်ကြလုံ့လစိုက်ထုတ်ပြီး ပြုလုပ်ရမည့် တာဝန်ပိုင်းပါ။ "ဓမ္မဗျာပါရ"ဆိုတာကတော့ ပုဂ္ဂိုလ်က လုံ့လစိုက်ထုတ်စရာ မလိုဘဲ "ဓမ္မ" သတ္တိက သူ့သဘောသူဆောင်ပြီး အကျိုးတရားတွေ ဖြစ်ပေါ်အောင် ကြောင့်ကြလုံ့လစိုက်သွားတဲ့ သဘောဖြစ်ပါတယ်။

ကံနဲ့ ကံရဲ့အကျိုးမှာ ကံက ပုဂ္ဂလဗျာပါရ အပိုင်းပါ။ ကံရဲ့ အကျိုးက ဓမ္မဗျာပါရအပိုင်းဖြစ်ပါတယ်။ ဒါကြောင့် ကံပြုသူရဲ့ တာဝန်ပိုင်းဟာ မိမိပြုလုပ်တဲ့ ကံကို ပီပီပြင်ပြင် အောင်အောင် မြင်မြင်ဖြစ်အောင် "သဒ္ဓါ,ဝိရိယ,သတိ,သမာဓိ,ပညာ"ဆိုတဲ့ စွမ်းအား တွေနဲ့ ကြောင့်ကြစိုက်ထုတ်ပြီး လုံ့လကြိုးကုတ်အားထုတ်ရမှာ ဖြစ်ပါတယ်။ ကံရဲ့အကျိုးပိုင်းကို ကိုယ်ကကြောင့်ကြစိုက်စရာမလိုပါ ဘူး။ အောင်မြင်တဲ့ ကမ္မဓမ္မက သူ့သဘောသူဆောင်ပြီး ဓမ္မဗျာပါရနဲ့ ကြိုးကုတ်အားထုတ်ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ကံပြုသူရဲ့တာဝန်ဟာ ကံအပေါ်မှာ စေတနာထားရမှာဖြစ်တယ်၊ ကံရဲ့အကျိုးအပေါ်မှာ မျှော်ကိုးတဲ့ စိတ်စေတနာတွေ ထားရမှာ မဟုတ်ဘူးလို့ ဆိုလိုတာပါ။

သစ်သီးကိုလိုချင်လို့ သစ်ပင်ပေါ်တက်သူဟာ သစ်ပင်တက် နေချိန်မှာ သစ်ပင်ကိုသာ အဘက်ဘက်က အာရုံပြုပြီး လက်နှစ် ဘက်လုံးနဲ့ မြဲမြဲမြံမြံဖက်တွယ်ပြီး တက်ရမယ်။ အပင်ပေါ် မရောက် ခင်မှာ လက်တစ်ဖက်က သစ်သီးကို လှမ်းရွယ်နေမယ်ဆိုရင် ကျန်တဲ့ လက်တစ်ဘက်က သစ်ပင်ကိုတောင် မြဲမြဲ ဖက်တွယ်မထား နိုင်တဲ့ အတွက် သစ်ပင်ပေါ်မရောက်မီ ပြုတ်လို့တောင် ကျနိုင်ပါတယ်၊ သစ်သီးခူးနိုင်ဖို့ဆိုတာတော့ ဝေးလာဝေးပဲ ဖြစ်မှာပါ။ အလုပ်ကို တကယ်ကြိုးစားသူဆိုတာဟာလည်း လုပ်ငန်းခွင်အပေါ် အာရုံစိုက် ရမှာပါ။ လုပ်ငန်းခွင်ပေါ်တော့ စိတ်မဝင်စားဘဲ လခထုတ်ပေးမည့်

http://www.dhammadownload.com

နေရာကိုသာ စိတ်ဝင်စားပြီး တဝဲလည်လည် လုပ်နေရင်တော့ လခ မရသည့်အပြင် အလုပ်ပါပြုတ်သွားနိုင်တယ်ဆိုတာမျိုးကို သတိပြု ရမှာပါ။

ဒီအကြောင်းကို ဒီလောက်ထိပြောနေရတာကတော့ ဗုဒ္ဓဘာသာဝင်များအနေနဲ့ ကုသိုလ်တွေအများကြီး ပြုလုပ်ကြပြီး ကောင်း ကျိုးတွေနဲ့ကျတော့ ကြုံတွေ့ခွင့်နည်းနေကြပါတယ်။ ဒီလို ဖြစ်တဲ့အခါ လျှုဒါန်းရတာများလို့ စီးပွားတွေ ပျက်ပြီး တိုးတက်ဖွံ့ဖြိုးမှု နည်း တယ်လို့ ထင်ကြတတ်တယ်။ တကယ်ကတော့ ကိုယ်ပြုလုပ်တဲ့ "ကံ"ကိုက ဗျာပါရချင်း လွဲနေတတ်ပါတယ်။ ပြုသူက ပုဂ္ဂလဗျာပါရ ကို အလေးမထားဘဲ ဓမ္မဗျာပါရဖြစ်တဲ့ အကျိုးတရားတွေအပေါ်မှာ အလေးထားတဲ့အတွက် မပီဝိုးဝါးအကျိုးမများတဲ့ ကံမျိုးတွေ ဖြစ်သွား ကြရတာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ လယ်တီဆရာတော် ဘုရားကြီး ကလည်း ဥတ္တမပုရိသဒီပနီကျမ်းမှာ -

"ယခုကာလ၌ နိဗ္ဗာန်ကို ရရပါလို၏၊ အကြင်မျှလောက် နိဗ္ဗာန်ကို မရသေး၊ ထိုမျှလောက်ကာလ၌ ဆို၍ ဘဝသမ္ဘတ္တိ, ဘောဂ သမ္ဘတ္တိတို့ကို ရေစက်ချဆရာ အာဝဇ္ဇန်းရှိတိုင်း ချဲ့ကြကုန်၏။ နိဗ္ဗာန် မှာ အသံမျှသာ ပါတော့သည်။ အများကြိုက်ရာ နောက်ပိုင်းမှာမူ အာဝဇ္ဇန်းရှိသမျှ ဆန်းကြယ်ကြကုန်၏။ ဤသို့သော ကုသိုလ် ကြောင်ခြစ်များကို ပယ်ရှားတော်မူခြင်းငှာ လောကုတ္တရာကုသိုလ်၏ သာလျှင် မျိုးစေ့မူလ သမ္ဘာရဖြစ်သော ကုသိုလ်အစုသည် အနိဿိတ ကုသိုလ်မည်၏ဟု "သာလျှင်" ဆိုတဲ့ အဝဓာရဏာ စကားနဲ့ ကန့်သတ် မိန့်ကြားတော်မူလေ၏။" *(စာ-၁၀)*

ကုသိုလ်ကံတွေနဲ့ပတ်သက်လို့တော့ ပြုလုပ်သူရဲ့ စေတနာနဲ့ ရည်ရွယ်ချက်လိုက်ပြီး ကံသုံးမျိုး သုံးစားခွဲခြားပြပါတယ်။

http://www.dhammadownload.com

(၁) "ယသကာမတာယ ပဝတ္တိတံ ဟီနံ = ဂုဏ်သတင်း ကျော်စောခြင်းကို မျှော်လင့်တောင့်တပြီး ပြုလုပ်အပ်(ဖြစ်စေအပ်)တဲ့ ကုသိုလ်ဟာ အနိမ့်စား အညံ့စားသာ ဖြစ်တယ်" တဲ့။

ဒီကုသိုလ်အမျိုးအစားထဲမှာ လူစည်ကား လူမြင်ကွင်း ကောင်းတဲ့ ကျောင်းကန်ဘုရားတွေ၊ တံတိုင်းအရံစသည်တွေမှာ မိမိအမည်၊ ကုမ္မဏီအမည်တို့၊ လုပ်ငန်းတို့ရဲ့အမည်တို့ကို ကြော်ငြာ ကမ္ဘည်းထိုးနိုင်ဖို့ လုပ်တဲ့ကုသိုလ်တွေ၊ သူထက်ငါပြိုင်ပြီး လှူတဲ့ အလှူတွေ၊ လူအထင်ကြီးပြီး လှူဒါန်းပူဇော်မှုကို တောင့်တ မျှော်လင့်ကာ ခန္ဓာကိုယ်အပင်ပန်းခံကျင့်သုံးနေထိုင်မှု (အတ္တကိလ မထာနုယောဂ)တွေ ဘွဲ့ထူးရရေး၊ အလုပ်ဖြစ်ရေး၊ ရာထူး ဂုဏ်သိန်တိုးရေးအတွက် အဓိဋ္ဌာန်ဝင်တာ၊ ဥပုသ်စောင့်တာ၊ သက်သတ်လွတ်စားတာ၊ ပုတီး စိပ်တာတွေ စသည်တို့ ပါဝင်ပါတယ်။

ဒီကုသိုလ်မျိုးဟာ ကုသိုလ်လို့သာ အမည်ခံထားပေမယ့် ယုတ်စွဲ့အဆုံး ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရား လောက်တောင် မထားရှိနိုင်ဘဲ ဂုဏ်တု ဂုဏ်ပြိုင်နဲ့ ဂုဏ်မျှော် ဂုဏ်မက်မှုတို့ကိုသာ အခြေခံတဲ့အတွက် "ဟီန = အောက်တန်းကျတယ်" လို့ ဘုရားရှင်က သတ်မှတ်တော်မူတာပါ။ ပိဋကတ်တော်ထဲမှာ နာမည်ကြီးကုသိုလ်ကြီးတစ်ခုဖြစ်တဲ့ ဘုရားရှင်လက်ထက်တော်က ကောသလမင်းကြီးလှူတဲ့ 'အသဒိသ အလှူကြီး' ဆိုတာလည်း ပြည်သူတွေနဲ့ အလှူချင်းပြိုင်ရာမှာ အနိုင်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်ကလွဲလို့ အနည်းဆုံး "လူသာဓုခေါ်၊ နတ်သာဓုခေါ်"ဖြစ်တဲ့ 'နိဗ္ဗာနသပစ္စယော ဟောတု"ကလေးလောက်တောင် မပါတဲ့အတွက် ဒီ "ဟီန" ဆိုတဲ့ အောက်တန်းစားကုသိုလ်ထဲမှာပဲ ပါဝင်ပါတယ်။

"အလှူ"လို့ခေါ်တဲ့ "ကံ"ရဲ့ အဆင့်အတန်း အနိမ့်အမြင့် ဆိုတာ ခေတ်ကာလတို့၊ အလှူခံပုဂ္ဂိုလ်တို့၊ လှူဖွယ်ဝတ္ထုတို့ကို

http://www.dhammadownload.com

အဓိကအခြေခံပြီး သတ်မှတ်တာမဟုတ်ပါဘူး။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုတဲ့အတိုင်း လှုဒါန်းပြုလုပ်သူရဲ့ စေတနာနဲ့ ရည်ရွယ်ချက်ကို အခြေခံပြီး သတ်မှတ်တာပါ။ ဒုတိယအရေးပါတာက လှူဖွယ်ဝတ္ထုရဲ့ တရားသဖြင့် ရထားတဲ့ ကိုယ်ပိုင်ဥစ္စာစစ်စစ်ဖြစ်မှုပါပဲ။

မြတ်ဗုဒ္ဓရဲ့ ပါရမီဖြည့်စဉ်များထဲက ဒါနပါရမီကို နောက်ဆုံးပြီး မြောက်ပြည့်စုံစေတဲ့ ဝေဿန္တရာမင်းကြီးရဲ့ သားသမီး တော်တို့ကို လှူတဲ့ အလှူကုသိုလ်ကို ကြည့်မယ်ဆိုရင် ဒီအချက်က ပိုပြီး ထင်ရှားပါတယ်။ ကာလအားဖြင့်လည်း သာသနာပကာလ ကြီးပါ။ အလှူခံ ပုဂ္ဂိုလ်ကိုကြည့်မယ်ဆိုရင်တော့ အသက်ကြီးမှ မယားငယ်ငယ်လေး ယူထားတဲ့ ရာဂရူးပုဏ္ဏားအိုကြီးပဲ ဖြစ်ပါတယ်။ အဲဒီအလှူမှာ တကယ်မြင့်မြတ်တာက အလှူပေးဖြစ်တဲ့ ဝေဿန္တရာမင်းကြီးရဲ့ ရည်ရွယ်ချက်စေတနာနဲ့ ကိုယ့်ဆုံးဖြတ်ချက်ကိုယ် အလှူဝတ္ထုအဖြစ် ထက်ထက်သန်သန်ခံယူသွားကြတဲ့ သားတော်သမီးတော် ကဏှာနဲ့ ဇာလီဆိုတဲ့ လှူဖွယ်ဝတ္ထုများသာဖြစ်ပါတယ်။ ဒီအလှူကြီးဟာ သန့်စင်၊ မွန်မြတ်၊ ကြီးကျယ်လွန်းလို့ သက်မဲ့ဖြစ်တဲ့ မြေကြီးကတောင် သာဓုခေါ်သည့်အလား သိမ့်သိမ့်တုန်ရပါသတဲ့။ ကောသလ မင်းကြီးရဲ့ အသဒိသအလှူကုသိုလ်ကြီးမှာ ပုဂ္ဂလဗျာပါရဘက်က စေတနာရော၊ ဝတ္ထုရောဟာ ဝေဿန္တရာရဲ့ အလှူနဲ့ စာကြည့်ရင် 'ဟီန' လို့ သတ်မှတ်ရတာကို သဘောပေါက်လက်ခံနိုင်ပါလိမ့်မယ်။

(၂) ပုညဖလကာမတာယ ပဝတ္တိတံ မဇ္ဈိမံ - ကောင်းမှုကြောင့်ရမည့် ကောင်းကျိုးကို မျှော်ကိုးတောင့်တပြီး လှူတဲ့ အလှူကတော့ 'အလယ်အလတ်တန်း' အဆင့်ဝင်ပါတယ်။

ဒီကုသိုလ်မျိုးကတော့ ပြိုင်ဆိုင်ကြွားဝါလိုတဲ့ လောကဂုဏ်သိန်လောက်ရည်ရွယ်တာ မဟုတ်ဘဲ ကံနဲ့ ကံရဲ့အကျိုးကို

http://www.dhammadownload.com

ယုံကြည်တဲ့ သဒ္ဓါ တရားရှိရှိနဲ့ ပြုတဲ့ကုသိုလ်ပါပဲ။ ဒါပေမယ့် ရည်ရွယ်ချက်က လောကချမ်းသာကိုသာ တောင့်တရည်မှန်းတာဖြစ်လို့ နိဗ္ဗာန်ရဲ့ အထောက် အပံ့ဖြစ်စေတဲ့ ပါရမီကုသိုလ်မျိုးကို မမှီတဲ့ အတွက် 'မဇ္ဈိမ = အလယ်အလတ်တန်း' လို့ သတ်မှတ်ရတာပါ။ ဥမ္မာဒန္တီအလောင်း မိန်းကလေးဟာ အလှူခံပုဂ္ဂိုလ်ကလည်း 'အဂ္ဂဒဏ္ဍိဏေယျ' လို့ခေါ်တဲ့ အာသဝေါကုန်ခန်းပြီး ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တယ်၊ လှူတဲ့ ဝတ္ထုကလည်း သုံးနှစ်လုံးကျွန်ခံပြီးမှ ရထားတဲ့ တကယ့်ချွေးနဲ့စာစစ်စစ် ဓမ္မိလလဒ္ဓပစ္စည်းဖြစ်တယ်။ ဒါပေမယ့် လှူဒါန်းပြီး ဆုတောင်းတဲ့အခါမှာတော့ လောကကျိုးဖြစ်တဲ့ လှပဖို့နဲ့ ချမ်းသာဖို့လောက်သာ ဖြစ်ခဲ့ပြီး ပါရမီမြောက်တဲ့ နိဗ္ဗာနပစ္စယကုသိုလ် မဖြစ်ခဲ့ရပါဘူး၊ ဒါဟာ ရည်ရွယ်ချက်မှား၊ ဆုတောင်းမှားတဲ့ အပြစ်ပါပဲ။ ဒီအမှားကြောင့်ပဲ အလှူကလဲ မဇ္ဈိမအဆင့် ဖြစ်သွားရတာပါ။

မေဏ္ဍကသူဌေးရဲ့ ကျွန်ဖြစ်တဲ့ ပုဏ္ဏလုလင်ဟာလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဆွမ်းကပ်ခွင့်ရပေမယ့် 'ဤကောင်းမှုကြောင့် ဘဝဆက်တိုင်း ဤမေဏ္ဍကသူဌေးလို သခင်မျိုးနှင့်သာ တွေ့ကြုံရပါလို၏' လို့ ဆုတောင်းမှားတဲ့အတွက် ဘဝဆက်တိုင်း ကျွန်ချည်းဖြစ်ခဲ့ပြီ ကုသိုလ်ရဲ့အကျိုးနိဂုံးချုပ်သွားပါတယ်၊ အလွန်သတိပြုသင့်တဲ့အချက်များပါပဲ၊ ဒါဟာ မဇ္ဈိမကုသိုလ်ကံရဲ့ ချွတ်ယွင်းအားနည်း မှုများဖြစ်ပါတယ်။

(၃) ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ ပဝတ္တိတံ ပဏီတံ = 'ဤကုသိုလ်ကောင်းမှုဆိုတာ လူကောင်းသူကောင်းတို့ ပြုသင့်ပြုထိုက်တဲ့ အမှုမျိုးဖြစ်တယ်' လို့ နှလုံးသွင်းပြီး အရိယာနွယ်ဝင် စင်ကြယ်ဖြူးဖြောင့်တဲ့ သူတော်ကောင်း အလေ့အထကို အတုယူနီးမှီပြီး ပြုလုပ်တဲ့ ကုသိုလ်မျိုးသာ အထွဋ်အမြတ်ဆုံး

http://www.dhammadownload.com

'ပဏီတ' ကုသိုလ်ဖြစ်တယ်'တဲ့။ *(ဝိသုဒ္ဓိမဂ်၊ပ၊၁၃ နှင့်အညီ ဥတ္တမပုရိသ ဒီပနီ-၁၃)*

ဒီကုသိုလ်(၃)မျိုးနဲ့ ပတ်သက်ပြီး ဘာသာဋီကာကျမ်းပြု၊ တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း -

"လောကဝုဏ်သိန်၊ စည်းစိမ်မဖက်၊ သက်သက်အလှူ၊ ခံယူသူသာ၊ ချမ်းသာစေကြောင်း၊ ငဲ့ညှာရှောင်း၊ အလောင်းတော်တို့ ဒါန(ကုသိုလ်)မှတ်"လို့ လက်ဘရေးဖွဲ့ သတိပေးခဲ့ပါတယ်။

ကုသိုလ်ကံချင်းအတူတူမှာ ရိုးရိုးကုသိုလ်ကံနဲ့ ပါရမီကုသိုလ်ကံတို့ ဘယ်လိုထူးခြားမှုရှိသလဲ ဆိုရင်တော့ ရိုးရိုးကုသိုလ်ကံက သုဂတိဘုံဘဝကို ပို့ဆောင်ပေးနိုင်တဲ့ အစွမ်းသတ္တိရှိပါတယ်၊ ပါရမီ ကုသိုလ်ကံကတော့ နိဗ္ဗာန်မရောက်မီ ကြားကာလမှာလည်း ဘုံဘဝကိုသာမက ဘဝရဲ့အဆင့်အတန်းကိုပါ ပို့ဆောင်ပေးနိုင်စွမ်းရှိပါတယ်။

ဘုရားလောင်းတော်တို့ရဲ့ ပါရမီဖြည့်စဉ်ကာလတစ်လျှောက် ဘဝဇာတ်ဖြစ်ရပ်တွေကို ကြည့်မယ်ဆိုရင် ကုသိုလ်ကံတွေကြောင့် သုဂတိဘုံမှာဖြစ်ခွင့်ရပြီး ပါရမီကုသိုလ်ရဲ့ အစွမ်းသတ္တိကြောင့် လူဘုံမှာ ဖြစ်ရတဲ့အခါမျိုးတွေမှာ ရှင်ဘုရင်တို့၊ မင်းဆရာ ပညာရှိတို့၊ ဒိသာပါမောက္ခဆရာတို့စတဲ့ မြင့်မြတ်တဲ့ အမျိုးဇာတ်တို့မှာ ဖြစ်ရပါတယ်။

နုစဉ်ကာလတွေမှာ ပုထုဇဉ်အလျှောက် အကုသိုလ်ကံတွေ ပြုမိလို့ အပါယ်ဘုံမှာ အကျုံးဝင်တဲ့ တိရစ္ဆာန်ဘဝတွေမှာ ဖြစ်ရတယ် ဆိုရင်တောင် 'ခို' ထက်သေးငယ်တဲ့ ဘဝမျိုးမှာ မဖြစ်ရဘူး။ ဖြစ်လေရာဘဝတွေမှာလဲ၊ ခိုဖြစ်တဲ့ဘဝမှာခိုမင်း၊ မျောက်ဖြစ်ရင်လည်း မျောက်မင်း၊ ဆင်ဖြစ်ရင်လည်း ဆင်မင်းစသည်ဖြစ်ရပါတယ်။

http://www.dhammadownload.com

အကုသိုလ်ကံက တိရစ္ဆာန်ဘဝကို အဆုံးအဖြတ်ပေးပြီး၊ ပါရမီဓာတ်ခံက ပဝတ္တိဘဝရဲ့အဆင့်အတန်းကို အဆုံးအဖြတ်ပေးတယ်လို့ အကျဉ်းချုပ်သဘောပေါက်နိုင်ပါတယ်။

သာမန်ကုသိုလ်ပဲဖြစ်ဖြစ်၊ ပါရမီကုသိုလ်ကံတွေပဲ ဖြစ်ဖြစ် "ကံ" ဆိုတာ "သစ်ပင်တို့အား၊ မျိုးစေ့လားသို့"ဆိုတဲ့အတိုင်း မျိုးစေ့မျှသာဖြစ်တယ် ဆိုတာကို အလေးအနက်သဘောပေါက် ခံယူယုံကြည်တတ်ဖို့အလွန်အရေးကြီးပါတယ်။ "အရာရာကို ကံကသာ လုံးလုံးလျားလျား ပိုင်ဆိုင်ချယ်လှယ် ဆုံးဖြတ်စီမံပေးတယ်"လို့ ကံကို ပုံပြီးယုံကြည်ရမှာ မဟုတ်ဘူးလို့ သတိပေးလိုတာပါ။

"မျိုးစေ့" ဆိုတာကို စနစ်တကျလေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်တတ်ဖို့ ကိစ္စဟာ ကမ္မဝါဒီပုဂ္ဂိုလ်တို့အတွက် အယူအဆမှန်၊ ယုံကြည်ချက်မှန် ဖြစ်ရေးမှာ သိပ်ကိုမှ အရေးကြီးလို့ ဒီစကားကို အထပ်ထပ်ပြောနေရတာပါ။

မျိုးစေ့တစ်ခုရဲ့ အဓိကစွမ်းဆောင်ရည်က အပင်ပေါက်နိုင်စွမ်းပါပဲ။ ဒီစွမ်းဆောင်ရည် မလျော့ပါး မချွတ်ယွင်းစေဖို့အတွက် မျိုးကောင်း မျိုးသန့်ဖြစ်တဲ့ မျိုးစေ့များကို ပိုးထိုးပုပ်ဆွေးစတဲ့ ဘေးတွေက ကင်းလွတ်အောင် ကာကွယ်သိမ်းဆည်းကြရပါတယ်။

ဘယ်လောက်ပဲ စွမ်းဆောင်ရည်ပြည့်ဝအောင်မြင်တဲ့ မျိုးစေ့ဖြစ်စေ၊ မျိုးစေ့ကို ဒီအတိုင်းသိမ်းဆည်းသိုမှီးထားရုံနဲ့တော့ အပင်မပေါက်ပါဘူး၊ သူ့ရာသီနဲ့သူ သင့်လျော်တဲ့အချိန်မှာ မြေချစိုက်ပျိုးပေးရပါတယ်။ မြေချပေးရတယ်ဆိုတာလည်း မြေပေါ်ကို ဒီအတိုင်းချထားလို့ဖြစ်တာ မဟုတ်သေးဘူး၊ မျိုးစေ့အမျိုးစားအလိုက် မြေကို သင့်လျော်သလို ထယ်နဲ့ထိုးဆွပေးခြင်း၊ မြေတုံးမြေခဲတွေကို ညက်အောင်ထွန်နဲ့ ဆွချေပေးခြင်းစတဲ့ လုံလောက်တဲ့ ပြုပြင်ပေးမှုတွေ

http://www.dhammadownload.com

လည်း လုပ်ပေးရပါတယ်၊ အပင်ပေါက်ပြီးတဲ့ အခါမှာလည်း မလို လားအပ်တဲ့ ပေါင်းမြက်တွေ ကင်းအောင် သုတ်သင်ဖယ်ရှား ပေးရ တယ်။ လိုအပ်သလိုရေသွင်း ရေလောင်းခြင်း၊ မြေဆီဩဇာ ဖြည့်စွက် ခြင်းစသည်ကိုလည်း လုပ်ပေးရပါတယ်။ အဲဒီလို အဘက်ဘက်က လိုလေသေးမရှိ အကြောင်း အပေါင်းစုံအောင် ကူညီပံ့ပိုး ပေးနိုင်မှ သာ အောင်မြင်ဖြစ်ထွန်းတဲ့ အသီးအနှံတွေနဲ့ စုံညီစည်ပင်တဲ့ အပင် ဆိုတာ ဖြစ်လာနိုင်ပါတာပါ။

ကံနဲ့ကံရဲ့အကျိုးဆိုတာဟာလည်း မျိုးစေ့နဲ့ အပင်,အရွက်, အပွင့်,အသီးတို့ရဲ့ ဖြစ်စဉ်နဲ့ အလားတူပါတယ်၊ ဒါကြောင့်လည်း ကံကို မျိုးစေ့နဲ့ နှိုင်းရတာပါ။

ကံရဲ့အဓိက စွမ်းဆောင်ရည်က ထိုက်တန်တဲ့ ဘုံဘဝတစ်ခု ကို ပို့ပေးနိုင်စွမ်းပါပဲ။ ဒါဟာ မျိုးစေ့ကို အချိန်မှီရာသီကိုက် ထွန်ယက် ပြီးတဲ့ မြေပေါ်မှာ ချပေးလိုက်တဲ့ သဘောပဲ ရှိပါတယ်။ မျိုးစေ့ တွေမှာ အပင်ပေါက်ပြီးတဲ့အခါ သူ့ဗီဇသတ္တိအားလျော်စွာ အရွက်၊ အပွင့်၊ အဆံတို့ကို ဖြစ်စေတဲ့ စွမ်းရည်လည် ရှိသလို ကံတွေမှာလည်း ကံနဲ့ ထိုက်တန်တဲ့ ကံမွေတွေကို ပေးနိုင်စွမ်းတဲ့ သတ္တိတွေရှိပါတယ်။

ကုသိုလ်ကံတစ်ခုခုက သူ့စွမ်းရည်သတ္တိအားလျော်စွာ သတ္တဝါတစ်ဦးဦးကို သုဂတိဘုံသားအဖြစ်ပို့ပြီးတဲ့အခါ အဲဒီသတ္တဝါ ရဲ့ ရုပ်ပိုင်း နာမ်ပိုင်း နှစ်ပိုင်းလုံးမှာ ကံရဲ့အမွေတွေပါရှိပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ကံရဲ့အမွေမျှားကတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အပြင်အာရုံတွေထင်လာနိုင်စွမ်း လက် ခံနိုင်စွမ်းဖြစ်တဲ့ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်လို့ခေါ်တဲ့ ရုပ် အကြည် ဓာတ် ငါးမျိုးနဲ့ အတွေးအာရုံတွေ ထင်မြင်လက်ခံနိုင်စွမ်း ဖြစ်တဲ့ ဟဒယဝတ္ထုခေါ်တဲ့ နှလုံးသားမျှားဟာ အဓိကဖြစ်ပါတယ်။ဒီရုပ်တွေ စနစ်တကျ ရှင်သန်ကြီးထွားဖြစ်တည်နိုင်ရေး အတွက် စောင့်ရှောက်

http://www.dhammadownload.com

ပေးတတ်တဲ့ "ရူပ်သက်"ခေါ် ဇီဝိတိန္ဒြေရူပ်လည်း ပါပါတယ်။ ဒီရူပ်တွေဟာ ကံရဲ့ အမွေတွေဖြစ်လို့ ကမ္မဇရူပ်မျိုးလို့ခေါ်ပါတယ်။

နာမ်ပိုင်းဆိုင်ရာကံရဲ့ အမွေတွေထဲမှာ အဓိကထင်ရှားပါရှိတာကတော့ "သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ" ဆိုတဲ့ နာမ်စွမ်းအားဓာတ်ခံ ကောင်းတွေဖြစ်ပါတယ်။

သာမန်အားဖြင့်တော့ ဘယ်သူမဆို ကံပြုလုပ်စဉ်ကာလမှာ ပုဂ္ဂလဗျာပါရအနေနဲ့ ဒီနာမ်စွမ်းအားငါးခုကိုပဲ အခြေခံအားပြုပြီး ကြိုးစားအားထုတ်ကြရတာပါ။ ဒီငါးပါးထဲမှာ ဉာဏ်ပညာ စွမ်းအားအနေနဲ့ ကံနဲ့ကံရဲ့အကျိုးကို သိမြင်တဲ့ အဆင့်ထက်ပိုလွန်ပြီး "ရူပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ"ဆိုတဲ့ တကယ့်အရှိ ပရမတ္ထသစ္စာတရားတွေအထိ အနည်းဆုံး နာယူမှတ်သားသိအနေနဲ့ သိမြင်ခဲ့မယ်၊ ပြီးတော့ ဒီပရမတ္ထသစ္စာမှာ ပါဝင်တဲ့ ရူပ်ဓာတ် နာမ်ဓာတ်တွေထဲက ရူပ်တို့ရဲ့ အခြေခံဖြစ်တဲ့ ဓာတ်ကြီးလေးပါးတို့၊ နာမ်တရားတွေထဲကလဲ သိမှုအစု(ဝိညာဏက္ခန္ဓာ)၊ ခံစားမှု အစု (ဝေဒနက္ခန္ဓာ)၊ မှတ်သားမှုအစု(သညာက္ခန္ဓာ)၊ စဉ်းစားကြံစည် ပြုပြင်မှု အစု (သင်္ခါရက္ခန္ဓာ) တို့ရဲ့ ခဏမစဲ တသဲသဲဖြစ်ပျက်ပြောင်းလဲ တတ်တဲ့ အနိစ္စသဘောလက္ခဏာတို့အထိ တစ်အောင့်တစ် တခဏ ဖြစ်စေကိုယ်ပိုင်သိအဖြစ် နှလုံးသွင်းဆင်ခြင်ခဲ့ဖူးတဲ့ ဝိပဿနာဉာဏ် ပညာအဆင့်အထိပါ ရှိခဲ့ဖူးမယ်ဆိုရင်တော့ ဒီနာမ်စွမ်းအားငါးခုတို့ဟာ ကံရဲ့ အမွေသာမကဘဲ ပါရမီရဲ့အမွေ အဖြစ်နဲ့ အလေ့အထုံ ပါရမီဓာတ်ခံကောင်းတွေ အဆင့်အထိ မြင့်မားလာပါတယ်။

နာမ်စွမ်းအားတွေမှာ ကမ္မသတ္တိတွေသာမက ပါရမီ ဓာတ်ခံသတ္တိတွေပါ မွေးရာပါအရည်အချင်းတစ်ရပ်အနေနဲ့ ပါရှိသူ ပါရမီရှင်တွေဟာ ဉာဏ်မျိုးစေ့ဓာတ်ခံပါတဲ့ တိဟိတ်ပုဂ္ဂိုလ်စစ်စစ်တွေဖြစ်ကြလို့ လောကီကောင်းကျိုးချမ်းသာတွေသာမက သာသနာတော်နဲ့

http://www.dhammadownload.com

ကြုံခွင့်ရ ကြမယ်ဆိုရင် လောကုတ္တရာ ကောင်းကျိုးချမ်းသားဖြစ်တဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အထိပေါက်ရောက်အောင် စွမ်းဆောင်နိုင်တတ်ကြပါတယ်။ ဒါကြောင့် မျက်စေ့၊ နား၊ နှာ စတဲ့ ရူပ်စွမ်းအားတွေနဲ့ သာမန်နာမ်စွမ်းအားတွေ (လောကီကျိုးလောက်သာ ဆောင်ရွက်နိုင်တဲ့ စွမ်းအားတွေ)က ကံရဲ့အမွေအနှစ်တွေ၊ ထက်မြက်ထူးချွန်တဲ့ နာမ်စွမ်းအားတွေက ပါရမီရဲ့ အမွေအနှစ်တွေလို့လဲ ခွဲခြား သတ်မှတ်နိုင်လောက်ပါတယ်။ မူလဋီကာဆရာတော်ကတော့ "လောကမှာ ပြောဆိုနေကြတဲ့ "ကျက်သရေ(သိရီ)"ဆိုတာ ဒီပညာတွေ ကောင်းမှုတွေနဲ့ ကောင်းမှုရဲ့အကျိုး အဖြစ်နဲ့ ခန္ဓာကိုယ်မှာ ပြည့်စုံရရှိထားတဲ့ ရူပ်စွမ်းအား နာမ်စွမ်းအား ပြည့်စုံတင့်တယ်မှုတွေ၊ ပိုင်ဆိုင်ရရှိထားတဲ့ ကောင်းကျိုး ချမ်းသာတွေကို ခေါ်တာပဲ" လို့ မိန့်ကြားပါတယ်။ *(မူလဋီ-၁၊ ၉)*

ကံနဲ့ ပါရမီမျိုးစေ့တို့ရဲ့ တာဝန်ဟာ ဆိုင်ရာ သုဂတိ ဘုံဘဝကို ပို့ဆောင်ပေးပြီး လိုအပ်တဲ့ အခြေခံ ရူပ်စွမ်းအား နာမ်စွမ်းအားတွေနဲ့ ပြည့်စုံသူဖြစ်အောင် ဆောင်ရွက်ပြီးပြီဆိုရင် သူတို့ရဲ့တာဝန်ဟာ ကျေပွန်ပြီလို့ပဲ သိမှတ်ကျေနပ်လောက်ပါတယ်။

တကယ်တန်းလိုအပ်တဲ့ အကျိုးစီးပွားတွေအဆင့်ရောက်ဖို့ ဆိုတာကတော့ လယ်ယာသီးနှံဥယျာဉ်ပန်းမန်စိုက်ပျိုးတဲ့ ဥယျာဉ်မှူးနဲ့တူတဲ့ သုဂတိဘုံသားတို့ရဲ့ ပစ္စုပ္ပန်မှာဖြည့်ဆည်းဆောင်ရွက်ရမယ့် ပေါင်းသင်၊ ရေလောင်း၊ မြေဆီကျွေးသည့်ပမာ ဆက်ဆက်ကြိုးစားရမယ့် ပစ္စုပ္ပန်ပုဂ္ဂလဗျာပါရဝိုင်းတာဝန်ပဲဖြစ်ပါတယ်။ ပုဂ္ဂလဗျာပါရတာဝန်က အတိတ်မှာ ကံပြုစဉ်ကလည်း တာဝန်ရှိခဲ့သလို ကံပင်တွေအဖြစ်ရောက်ရှိတဲ့ ပစ္စုပ္ပန်မှာလဲ တာဝန်သစ်တစ်ခု ရှိနေသေးတယ်ဆိုတာကို သဘောပေါက်ကြဖို့ပါ။ ထပ်ပြီး ပြောလိုက်ပါရစေ ပုဂ္ဂလဗျာပါရတာဝန်တွေ ရှေ့နောက်နှစ်ဘက်ညှပ်ပြီးကျေပွန်မှ

http://www.dhammadownload.com

ကံတွေလဲကောင်းပြီး ကောင်းကျိုးချမ်းသာတွေနဲ့လဲ ပြည့်စုံတယ်ဆိုတာကို သဘောပေါက်ယုံကြည်သူမှသာ ကံနဲ့ကံရဲ့အကျိုးကို တကယ်တမ်း သိမြင်ယုံကြည်သူဖြစ်မယ်ဆိုတာ အလေးအနက် သဘောပေါက်ကြစေလိုပါတယ်။

အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်ဘေးဧရိယာ အနီးက ဖရီးမောင့်မြို့၊ မေတ္တာနန္ဒကျောင်းမှာ ပဌာန်းအဘိဓမ္မာသင်တန်းပေးခဲ့စဉ်က တစ်နာရီသင်တန်းပေးပြီးတဲ့အခါ တစ်နာရီမေးလိုရာမေးဆိုတဲ့ ဟောသူနာသူ တရင်းတနှီး မေးမြန်း ဆွေးနွေးပွဲ ကလေးကို ပူးတွဲအချိန်ပေးထားပါတယ်။ အဲဒီမှာ သင်တန်းသူမိန်းကလေးတစ်ယောက်က "ဗုဒ္ဓဘာသာဝင်တို့ အခြေခံ ယုံကြည်လက်ခံထားတဲ့အတိုင်း "ကံ၊ ကံ၏အကျိုး"ဆိုတဲ့အထဲမှာ၊ လူတိုင်းလူတိုင်းဟာ အတိတ်ကပြုခဲ့တဲ့ကုသိုလ်ကံတွေ ကိုယ်စီကိုယ်ဌ ပါကြတယ်လို့ သိရပါတယ်။ အဲဒီကံတွေဟာ အကြောင်းအပေါင်း စုံညီတဲ့အခါ ကောင်းကျိုးတွေကို ပေးမယ်လို့လဲ သိရှိယုံကြည်ကြ ပါတယ်။ ကောင်းတဲ့ကံတွေ ကောင်းကျိုးပေးမည့် "အကြောင်း အပေါင်းစုံညီမှု" ဆိုတာ ဘယ်လိုအကြောင်းတွေနဲ့ ပေါင်းမိစုံညီရမှာလဲ၊ လူတို့ရဲ့ ကံကောင်းထောက်မချိန်တွေဟာ ဘယ်အချိန်မျိုးလဲ ဆိုတာ သိနိုင်ဖို့ အတွက် မြတ်စွာဘုရားရှင်ဟောတော်မူခဲ့တာ ပိဋ္ဌကတ်တွေမှာရှိပါသလား၊ ရှိလျှင်သိလိုပါတယ်"လို့ မေးလျှောက် ဖူးပါတယ်။ အဲဒီတုန်းက ပြန်လည်ဖြေကြားခဲ့တာ လေးတွေဟာလဲ ဗုဒ္ဓဘာသာဝင်တိုင်း၊ (ကမ္မဝါဒီအယူရှိသူတိုင်း) သိသင့်တယ်လို့ ယူဆတဲ့အတွက် အပြည့်အစုံပဲ ပြန်ပြောပြချင်ပါတယ်။ (ကမ္မပစ္စည်းနဲ့ပတ်သက်လို့ ဒီလောက်ထိကျယ်ကျယ်ဝန်းဝန်း ပြောနေရ တာကတော့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အခြေခံယုံကြည်ချက်ဖြစ်တဲ့အတွက် ပြည့်ပြည့်စုံစုံ ဝိဝိပြင်ပြင် ကြည်ကြည်လင်လင် ဖြစ်စေချင်လို့ပါ။)

http://www.dhammadownload.com

ကံကောင်းထောက်မချိန်ရောက်ဖို့အတွက် စုံညီရမည့် အကြောင်းအပေါင်းနဲ့ ပတ်သက်လို့ မြတ်စွာဘုရားရှင်က အဂုံတွေ့ရနိုကာယ်၊ စတုက္ကနိပါတ်၊ စက္ကသုတ်မှာ ဟောထားတာရှိပါတယ်။ သုတ်ရဲ့ မူရင်းကို အရင်ပြောပါမယ်။

"ရဟန်းတို့ တရားလေးပါးနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ စက်လေးပါးကိုလည်စေနိုင်သူဖြစ်တယ်။ ဒီစက်လေးပါးနဲ့ ပြည့်စုံတဲ့ နတ်လူအပေါင်းတို့ဟာ မကြာမီ အချိန်တိုအတွင်းမှာပဲ စည်းစိမ်ဥစ္စာ ကောင်းကျိုးချမ်းသာတွေများပြားပြန့်ပြောပြည့်စုံကြွယ်ဝသူတွေ ဖြစ်နိုင်တယ်။ အဲဒီတရားလေးပါးကတော့ -

(၁) သင့်လျော်တဲ့အရပ်ဒေသမှာ နေရခြင်း (ပတိရူပဒေသဝါသ)။

(၂) သူတော်ကောင်းတို့ကို မှီခိုရခြင်း (သပ္ပုရိသူပနိဿယ)။

(၃) မိမိကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားနိုင်ခြင်း (အတ္တသမ္မာပဏိဓိ)။

(၄) ရှေးက ကြိုတင်ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိခြင်း (ပုဗ္ဗေစကတ ပုညတာ)တို့ ဖြစ်ပါတယ်။

ဒီတရားလေးပါးနဲ့ ပြည့်စုံသူတို့ဟာ စက်လေးပါးကို လည်စေနိုင်သူ စက်ပိုင်ရှင်များဖြစ်ကြပြီး ဒီစက်လေးပါးပိုင်ဆိုင်တဲ့ နတ်လူအပေါင်းတို့ဟာ အချိန်တိုတိုအတွင်းမှာပဲ စည်းစိမ်ဥစ္စာ ကောင်းကျိုးချမ်းသာတွေများပြား ပြန့်ပြောပြည့်စုံကြွယ်ဝသူတွေ ဖြစ်နိုင်ပါတယ်" တဲ့။ *(အံ၊၁၊၃၄၁)*

အခုပြောခဲ့တဲ့တရား (၄)ပါးထဲမှာ "ပုဗ္ဗေစကတ ပုညတာ" ဆိုတာက "ကံ"ပါပဲ။ ဒီကံလေးဟာ သူ့ချည်းဘာမျှ မဖြစ်စွမ်းနိုင်သေးပါဘူး။ မျိုးစေ့ကို မြေပေါ် ချပေးရသလို "ပတိရူပ ဒေသဝါသ" ဆိုတဲ့ သင့်လျော်တဲ့နေရာမှာ မှီခိုခွင့်လည်း ရရမယ်၊ မျိုးစေ့က ပေါက်

http://www.dhammadownload.com

လာတဲ့ အပင်ကို အခါအားလျော်စွာ မြေဆွေပေါင်းသင်၊ ရေလောင်းစသည် လုပ်ပေးရသလို ဘဝတစ်ခုမှာ ဖြစ်လာပြီဆိုရင်လည်း ဘယ်လိုကြီးပွားတိုးတက်အောင် လုပ်ရမယ်ဆိုတဲ့ အသိပညာ,အတတ်ပညာ ရရှိအောင် ဆရာသမားကောင်း မိတ်ကောင်း ဆွေကောင်းတို့ရဲ့ သင်ပြကူညီမှုကို ရယူခြင်းဆိုတဲ့ "သပ္ပုရိသူပ နိဿယ"လည်း ရှိရမယ်။ ပေါက်လာတဲ့ သစ်ပင်ဟာ ဘယ်လိုပဲ ပြုစုထားပေမယ့် အမှန်ကတော့ မီးလောင်၊ ပိုးကိုက်၊ ရေနစ်ရေမျောစတဲ့ ဘေးတွေ ကင်းဝေးပြီး အန္တရာယ်ကင်းကင်းနဲ့ ရှင်သန်ဖို့က အဓိကကျသလို ဘဝတစ်ခုမှာ ဖြစ်ရသူဟာလည်း မီးလောင်၊ ပိုးကိုက်၊ ရေမျောခြင်းစတဲ့ ဘေးတွေနဲ့ အလားတူတဲ့ သောက်စား၊ ပျော်ပါး၊ ရမ်းကားခြင်းစတဲ့ အန္တရာယ်တွေ ကင်းဝေးအောင် မိမိကိုယ်စိတ် တို့ကို တည်ဆောက်နိုင်စွမ်းရှိဖို့ ဆိုတဲ့ "အတ္တသမ္မာပဏိဓိ"က အရေးအကြီးဆုံး လိုရင်းပဓာနဖြစ်ပါတယ်။

ဒါကြောင့် ကံကောင်းထောက်မဖို့အတွက် ပြည့်စုံရမည့် အကြောင်းအပေါင်းဆိုတာ ဒီ 'စက္ကသုတ်' ဒေသနာတော်မှာ ပါတဲ့ အကြောင်းတရားများပဲ ဖြစ်တယ်လို့ မှတ်ယူနိုင်ပါတယ်။

ဘဝအတွက် အချိန်တိုတိုအတွင်းမှာ သက်သောင့် သက်သာနဲ့ အောင်မြင်ကြီးပွားကြောင်းဖြစ်တဲ့ ဒီ'စက်တရား လေးပါး'ထဲမှာ "ပုဗ္ဗေကတပုညတာ ဆိုတဲ့စက်ဟာ ပမာဏလိုရင်းဖြစ်တယ်။ အသိဉာဏ်ရှေ့သွားပြုပြီး ကုသိုလ်ကောင်းမှုပြုထားသူကို သူပြုထားတဲ့ ဉာဏသမ္ပယုတ်ကုသိုလ်ကံက ပတိရူပဖြစ်တဲ့ အရပ်ကို ပို့ပေးတယ်။ သူတော်ကောင်းအမှီရအောင် စီမံပေးတယ်။ မိမိကိုယ်စိတ်ကို ကောင်းစွာထားတတ်သူဖြစ်အောင်လည်း ပြုပေးတယ်" လို့ အဂ်ုတ္တရနဲ့ ဒီဃနိကာယ်၊ သဂီတိသုတ် အဋ္ဌကထာတို့မှာ မိန့်ဆိုပါတယ်။ ဒီအဆိုနဲ့ ပတ်သက်လို့ သပြေကေန်ပရိတ်ကြီး နိဿယသစ်

http://www.dhammadownload.com

ကျမ်းပြုဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ မထေရ်ကြီးရဲ့ သုံးသပ်ချက်ကတော့ -

"ဆိုခဲ့ပြီးအချက်များမှာ တကယ်ပါရမီပြည့်စုံပြီးသော ပစ္ဆိမဘဝိကတို့အတွက်သာ လုံလောက်ရာ၏၊ သာမန်ကောင်းမှု ရှင်များ၌ကား စိတ်မချရသေး။ ရှင်ဒေဝဒတ်သည် ပတိရူပဒေသ၌လည်း ဖြစ်ရ၊ တကယ့် သပ္ပုရိသ ဘုရားရှင်ကိုလည်း မှီရ၏၊ ရှေးကောင်းမှုလည်း ရှိခဲ့သည်သာ။ သို့သော် အတ္တသမ္မာပဏိဓိပျက်ကာ အကျိုးမဲ့ ဆုံးရှုံးခဲ့ရရှာ၏။ အဇာတသတ်လည်း ကောင်းမှုရှင်တစ်ဦးပင်။ ဖခင်သောတာပန် သူတော်ကောင်း ဗိမ္ဗိသာရမင်းကြီးကို မှီရပါလျက် ရှင်ဒေဝဒတ်နှင့် အပေါင်းမှားကာ အတ္တသမ္မာပဏိဓိပျက်ခဲ့၍ နစ်နာရရှာသည်။ ဤအချက်များကား ပုထုဇဉ်နဂတိ၏ စိတ်မချရသည့် အဖြစ်ကို ဖော်ပြလျက်ရှိရာ ပုထုဇဉ်နဂတိမှ စိတ်ချရသော အရိယဘူမိ သို့ရောက်ရေး အလေးပေးကာ ကြိုးစားသင့်ကြောင်း သတိပေးလျက်ရှိပေသည်"တဲ့။ *(ပရိတ်ကြီးနိဿယသစ် -၁၂၅)*

ဆရာတော်ကြီးမိန့်ကြားတဲ့အထဲမှာ ပစ္ဆိမဘဝိကပုဂ္ဂိုလ် ဆိုတာလည်း မုချသေချာတဲ့ ဆုကြီးပန် နိယတပစ္ဆိမဘဝိကနဲ့ ဆုကြီးပန် မဟုတ်တဲ့ အနိယတပစ္ဆိမဘဝိကလို့ နှစ်မျိုးကွဲပြား နိုင်ပါသေးတယ်။ အများကြားသိဖူးတဲ့ ကုဋ္ဌေရှစ်ဆယ်သူဌေးသားဆိုတာ "ပထမအရွယ်မှာ တရားဓမ္မကြိုးစားအားထုတ်ခဲ့ရင် အာသဝေါကုန်ခန်းတဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်နိုင်တယ်"လို့ မြတ်စွာဘုရားရှင် မိန့်တော်မူတဲ့အတွက် ပစ္ဆိမဘဝိကသားလို့ပဲ ဆိုရမှာပါ။ သို့သော် သူလည်း သပ္ပုရိသူပနိဿယချို့တဲ့ပြီး အတ္တသမ္မာပဏိဓိ ကင်းမဲ့တဲ့အတွက် လောကီစည်းစိမ်းချမ်းသာရော လောကုတ္တရာ နိဗ္ဗာန်

http://www.dhammadownload.com

ချမ်းသာပါ ဆုံးရှုံးလက်လွတ်ပြီး အချည်းနှီး ဆုံးရှုံးသွားပါတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ "အနိယတ ပစ္ဆိမဘဝိကသား"လို့သာ သတ်မှတ်ရပါလိမ့်မယ်။

သပြေကန်ဆရာတော်ဘုရားကြီးရဲ့ ဒီသုံးသပ်ဆုံးဖြတ်ကို ကြည့်ပြီးနောက်ထပ် သတိထားအသိပွား စရာတစ်ခုကတော့-မြန်မာစာပေလောကမှာ နှစ်ရှည်လများ အငြင်းပွားခဲ့တဲ့ ပြဿနာတစ်ခုရှိခဲ့ဖူးတယ် "ဗီဇ နဲ့ ပတ်ဝန်းကျင်" ဘယ်ဟာ အဓိကကျသလဲ ဆိုတဲ့ ပြဿနာပါ။ မိမိဖတ်ရှုမှတ်သားမိသလောက်ဆိုရင်တော့ ဆရာကြီးဦးတက်တိုးဦးဆောင်တဲ့ သမရိုးကျအုပ်စုက "ဗီဇသာ အဓိက" ဖြစ်တဲ့အကြောင်းရေးသားကြပါတယ်၊ နောက်ပိုင်း သာယာဝတီစမ်းစမ်းနွဲ့တို့အထိလို့ မှတ်သားမိပါတယ်။ ဆရာကြီးဦးသိန်းဖေမြင့်တို့လို လက်ဝဲသန်သူများက "ပတ်ဝန်းကျင်သာ အဓိက" ဖြစ်တဲ့ အကြောင်း ခေတ်သစ်ပညာရှင်တို့ရဲ့ အဆိုအမိန့်တွေ ကိုးကားပြီး ရေးသားကြပါတယ်။ ရေးမဆုံး ပြောမဆုံး ငြင်းကြခုန်ကြပေမယ့် နောက်ဆုံး ရေးသူ,ဖတ်သူ,ပြောသူ,နာသူတွေ မောကြလို့သာ ရပ်သွားကြတယ်။ တိတိကျကျ မယ်မယ်ရရ ဘာမျှယတိပြတ် မဆုံးဖြတ်နိုင်ခဲ့တဲ့ ကိစ္စပါပဲ။

သပြေကန်ဆရာတော်ကြီးရဲ့ သုံးသပ်ဆုံးဖြတ်ချက်မှာ ဒီကိစ္စကို ယတိပြတ် အဆုံးအဖြတ်ပေးလိုက်တဲ့ သဘောဆောင်ပါတယ်။ တကယ့် နိယတပစ္ဆိမဘဝိကသားတို့မှာ ဗီဇ (ပုဗ္ဗေကတပုညတာ)က အဓိကကျတယ်။ တခြားပုဂ္ဂိုလ်များမှာတော့ ပတ်ဝန်းကျင်က အဓိကကျတယ်လို့ ဆိုတဲ့သဘောပါပဲ။ ဒါကလည်း ဗီဇနဲ့ ပတ်ဝန်းကျင် ဆိုတဲ့ အချက်နှစ်ချက်ကိုသာ ဆုံးဖြတ်ခဲ့ရင် ပြောတာပါ။ ဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ထဲမှာ အဓိကအကျဆုံးအဖြစ် သတ်မှတ်တာကတော့ "အတ္တာဟိ အတ္တနော နာထော ။ မိမိသာလျှင် မိမိရဲ့

http://www.dhammadownload.com

အားထားရာ အစစ်" ဆိုတဲ့ ဒေသနာတော်နဲ့အညီ "အတ္တသမ္မာ ပဏိဓိ" သာ ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။

ဒီနေရာမှာ အတွန့်တက်စရာတစ်ခုက "အဇာတသတ်မင်း ဆိုတာ ရှင်ဒေဝဒတ်ဆိုတဲ့ ပတ်ဝန်းကျင်ဆိုးနဲ့ ပေါင်းသင်း မိလို့သာ သောတာပန်ဖြစ်နိုင်တဲ့ ပါရမီမျိုးစေ့ဆုံးရှုံးရတယ်။ ကုဋေ ရှစ်ဆယ် သူဌေးသားဆိုတာလည်း ဆရာသမားကောင်းဆိုတဲ့ ပတ် ဝန်းကျင် ကောင်းအမှီအခိုကင်းမဲ့လို့ပဲ ကံမျိုးစေ့ ပါရမီမျိုးစေ့ အချည်း နှီးဆုံးရှုံး သွားရတာဖြစ်တယ်။ ဒါကြောင့် "ပတ်ဝန်းကျင်ကသာ အရေး အကြီး ဆုံး" လို့ မဆိုနိုင်လောက်ပေဘူးလားဆိုတဲ့ အချက်ပါ။

ဟုတ်ပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကလည်းပဲ သံယုတ္တနိကာယ်၊ ကလျာဏမိတ္တသုတ်မှာ "ဆရာသမား မိတ်ကောင်း ဆွေကောင်းဆိုတဲ့ ဥပနိဿယဟာ အောင်မြင်မှုအားလုံးအတွက် ရာနှုန်းပြည့်(နီးပါး) အရေးပါတယ်လို့ အရှင်အာနန္ဒာကို မိန့်ကြား ထားတာရှိပါတယ်။ သို့သော် ပင်ကိုယ်က မိမိ ကိုယ်,စိတ်ကို ကောင်း အောင် ဆောက်တည်လိုတဲ့ အတ္တသမ္မာပဏိဓိချို့တဲ့ခဲ့ရင် ပတ်ဝန်း ကျင်က ဘာမျှမတတ်နိုင်ပါဘူး၊ အရှင်ဒေဝဒတ်ဟာ ဘုရားရှင်ဆိုတဲ့ သပ္ပုရိသူပနိဿယကြီးကို ရပါလျှက် မြေမျိုပြီး အဝီစိ ရောက်သွား ရပါတယ်။

လက်ဝဲရံ၊ လက်ျာရံမထရ်မြတ်ကြီးနှစ်ပါးဖြစ်မည့် ဥပတိဿ နဲ့ ကောလိတတို့ဟာ သိဋ္ဌည်းဆရာကြီးထံမှောက်ရောက်ပြီး ပတိရူပနဲ့ သပ္ပုရိသ ဥပနိဿယတွေ ချို့တဲ့ခဲ့ကြဖူးပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ပင်ကိုရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ အတ္တသမ္မာပဏိဓိကို အလေးအနက်တည်ဆောက်ထားသူများဖြစ်တဲ့အတွက် ဒီဥပ နိဿယဆိုးကြီးကို စွန့်ခွာလွန်မြောက်ပြီး ဘုရားရှင်တည်းဟူသော သပ္ပုရိသူပနိဿယကောင်းကိုရအောင် အချိန်မှီကြိုးစားပြီး ကံကြမ္မာ

http://www.dhammadownload.com

ရဲ့ တန်ရာကို ကိုက်ညီအောင် အားထုတ်နိုင်ခဲ့ ကြပါတယ်။ အရှင် အင်္ဂုလိမာလတို့၊ သန္တတိအမတ်ကြီးတို့ဆိုတာလည်း အလားတူပါပဲ။ ဒါကြောင့် အတ္တသမ္မာပဏိဓိကသာ ပဓာနအကျဆုံးလို့ အခိုင်အမာ မှတ်ယူသင့်ပါတယ်။ "အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရောသိယာ = မိမိသာလျှင် မိမိရဲ့ ကိုးကွယ်ရာ အစစ်ဖြစ်တယ်၊ မိမိကိုယ်ကိုမှ တစ်ပါး အခြားကိုးကွယ်ရာ ဘယ်မှာ ရှိပါ့မယ်" ဆိုတဲ့ ဘုရားရှင်ရဲ့ အဆုံးအဖြတ်ကလည်း ဒါကိုပဲ အခိုင်အမာပြုနေတယ်လို့ ကျေနပ်သဘောကျကြဖို့ပါ။

လူ့အဆင့်အတန်းမှီရေး

ဟုတ်ပါတယ်။ လူဖြစ်ကျိုးနပ်သူ၊ လူ့အဆင့်အတန်းမှီသူလို့ ဆိုနိုင်လောက်အောင် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာတို့နဲ့ ပြီးပြည့်စုံတဲ့ ကံကောင်းထောက်မချိန်ကို ရောက်ရှိရေးမှာ မိမိရဲ့ ကိုယ်စိတ်တို့ကို ကောင်းစွာဆောက်တည်ခြင်း(အတ္တသမ္မာပဏိဓိ) ဟာ အရေးအကြီးဆုံး လိုအပ်တဲ့ အကြောင်းအထောက် အပံ့ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဓမ္မပဒပါဠိတော် (ဂါထာ-၁၉) မှာ မြတ်စွာ ဘုရားရှင်က -

"မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ = မကောင်းတဲ့ စိတ်ထားဟာ အဲဒီစိတ်ထားရှိသူကို ယုတ်ညံ့ ဆိုးဝါးသူဖြစ်အောင် ပြုတတ်တယ်"။

"သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ = ကောင်းတဲ့ စိတ်ထားဟာ အဲဒီစိတ်ထားရှိသူကို အထက်တန်းကျသူဖြစ်အောင် ပြုတတ်တယ်"လို့ မိန့်တော်မူခဲ့တာပါပဲ။ ဒီဒေသနာအရ အထက်တန်းကျသူ၊ အောက်တန်းကျသူ ဆိုတာဟာ စည်းစိမ်ဥစ္စာ၊ ရာထူးအာဏာတွေက သတ်မှတ်တာမဟုတ်ဘူး၊ အတ္တ

http://www.dhammadownload.com

သမ္မာပဏိဓိ ရှိ,မရှိက သတ်မှတ်ပေးတယ်လို့ ဆိုလိုပါတယ်။

မှန်ပါတယ်။ "လူ" ဆိုတဲ့ မြန်မာစကားကို ပါဠိလို "မနုဿ" လို့ ခေါ်ပါတယ်။ မနုဿသဒ္ဒါရဲ့ တိုက်ရိုက် အနက်အဓိပ္ပာယ်က "စိတ်ထားမြင့်မြတ်သူ"ဖြစ်ပါတယ်။ ဒါကြောင့် အတ္တသမ္မာပဏိဓိ ရှိသူများသာ "စိတ်ထားမြင့်မြတ်တဲ့ 'လူ' ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်ပါတယ်။

အတ္တသမ္မာပဏိဓိမရှိတဲ့ တိရစ္ဆာန်များမှာ မနာလိုခြင်း၊ ဝန်တိုခြင်း၊ လောဘဒေါသကြီးခြင်း၊ ကြီးနိုင်ငယ်ညှင်းပြုလုပ်လိုခြင်း စတဲ့ စိတ်ထားဆိုး၊ စိတ်ထားယုတ်၊ စိတ်ထားမှား (မိစ္ဆာပဏိဟိတ စိတ်)တွေ သာလွန်ကဲနေကြတဲ့အတွက် တစ်သင်းနှင့် တစ်သင်း၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ မတည့်မစပ် ခိုက်ရန်ဖြစ်ပွား ကွဲပြားနေကြပါတယ်။

အတ္တသမ္မာပဏိဓိ စိတ်ထားအပြည့်ရှိသူ၊ လူပီသသူ၊ လူ့အဆင့် မှီသူများ ဖြစ်လာကြပြီဆိုလျှင် မေတ္တာ ကရုဏာစိတ်ထားမြတ်တွေနဲ့ အချင်းချင်းလည်ဖက် ညီညွတ်နိုင်ကြပြီဖြစ်လို့ လူတစ်ဦးစီချင်းရော၊ မိသားစုချင်း၊ ရပ်ရွာမြို့,နယ် နိုင်ငံချင်းရောကစပြီး ကမ္ဘာလောကကြီးတစ်ခုလုံးအထိ အေးချမ်းသာယာတဲ့ တကယ့် လူ့ပြည်လူ့ရွာကြီးဖြစ်လာမှာ မလွဲပါဘူး၊ ဒါကြောင့် အတ္တသမ္မာပဏိဓိ တရားဟာ လူတစ်ဦးချင်းစီရဲ့ ကံကောင်းထောက်မမှုအတွက် သာမက ကမ္ဘာကြီးကံကောင်းထောက်မရေး၊ အေးချမ်းသာယာရေး၊ ငြိမ်းချမ်းဝပြောရေးအတွက်ပါ မရှိမဖြစ်အရေးပါတဲ့ တရားကြီး တစ်ခု ဖြစ်တယ်လို့ဆိုရင်လည်း မမှားနိုင်ပါဘူး။

ယဉ်ကျေးလိမ္မာတရားပွဲတွေမှာတော့ လူငယ်တွေ နားအလည်လွယ်ဆုံးဖြစ်အောင် ပြောပြလေ့ရှိတဲ့ စကားတစ်ခုရှိပါတယ်။

ဘဝသံသရာခရီးတစ်လျှောက်မှာ ပုထုဇဉ်တို့ဟာ ကုသိုလ် အကုသိုလ်လို့ ခေါ်တဲ့ ကောင်းမှုတွေ မကောင်းမှုတွေကို ရောထွေး

http://www.dhammadownload.com

ပြုလုပ်မိကြသူချည်းပါပဲ၊ ဒါကြောင့် လူတွေကို ကံနှစ်မျိုးရောထွေးတဲ့ မိသားကင်ရှင်တွေလို့ အဘိဓမ္မာအရ သတ်မှတ်ပါတယ်။ ရောထွေးတယ်လို့ဆိုပေမယ့် သဘောလက္ခဏာချင်း တစ်ပေါင်းတည်း ဖြစ်နေကြတာတော့ မဟုတ်ပါဘူး။ သူ့လက္ခဏာနဲ့သူ သီးခြားစီရှိကြတာပါ။ အကုသိုလ်ကမ္မသတ္တိတွေက အနုသယဆိုတဲ့ အမည်ခံပြီး သတ္တဝါတိုင်းမှာ ကိုယ်စီပါရှိပါတယ်၊ ကုသိုလ်ကမ္မ သတ္တိတွေကတော့ အလေ့အထုံပါရမီဓာတ်ခံဆိုတဲ့ အမည်ခံထားကြပါတယ်။

ဒါကြောင့် ပုထုဇဉ်တို့ရဲ့ ဘဝခန္ဓာဟာ အကုသိုလ်အင်ဂျင်နဲ့ ကုသိုလ်အင်ဂျင်ဆိုတဲ့ အင်ဂျင်ကြီးနှစ်လုံးတပ်ဆင်ထားတဲ့ ယန္တရားခန္ဓာကိုယ်ကြီးပါ။ ဒါပေမယ့် တစ်ပြိုင်နက်မှာ အင်ဂျင်နှစ်လုံးအပြိုင်တော့ မနိုးနိုင်ကြပါဘူး၊ စိတ်ဆိုတာ တစ်ကြိမ်မှာ တစ်ခုစီသာ ဖြစ်တတ်တဲ့ နိယာမကန့်သတ်ချက်အရ တစ်ချိန်မှ အင်ဂျင်တစ်လုံးသာ နိုးပါတယ်။ ဒီအင်ဂျင်နှစ်လုံးဟာ သဘောလက္ခဏာချင်း၊ စွမ်းရည်သတ္တိချင်း ဖြောင့်ဖြောင့်ဆန့်ကျင်ကြတာနဲ့အညီ အကျိုးပေးချင်း၊ ဦးတည်မောင်းနှင်တာချင်းလည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပါတယ်။

အကုသိုလ်အင်ဂျင်နိုးချိန်မှာ လူတွေဟာ အကုသိုလ်ကျိုးတွေ ဖြိုင်ဖြိုင်ပွင့်သီးပြီး ဆိုးကျိုးဒုက္ခသံသရာကြီးထဲမှာ ကျင်လည်ကြရင်း အပါယ်လေးဘုံဆီဦးတည်နေပါတယ်။ ကုသိုလ်အင်ဂျင်နိုးချိန်မှာတော့ ကောင်းကျိုးတွေ ဖြိုင်ဖြိုင်ပွင့်သီးပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာဆိုတဲ့ သံသရာကြီးထဲမှာလည်ရင်း သုဂတိဘုံနဲ့ နိဗ္ဗာန်ဆီကို ဦးတည်နေပါလိမ့်မယ်။

သတ္တဝါတွေဟာ သံသရာခရီးစဉ်ပြီးထွက်ချိန်မှာကတည်းက "အဝိဇ္ဇာနဲ့ တဏှာ"လို့ ခေါ်တဲ့ အမြင်မှန်ကင်းမဲ့မှုနဲ့ လိုချင်တောင့်တမှု အကုသိုလ်အရင်းမြစ်တရားနှစ်ပါးက ဦးစီးခဲ့တာဆိုတော့

http://www.dhammadownload.com

အကုသိုလ်အင်ဂျင်ကြီးက အချိန်ပြည့်လုပ်သက်ရင့်အဖြစ်နဲ့ ခန္ဓာကိုယ်ကြီးကို အပိုင်စီးထားကြတာလေ၊ ဒီတော့ အကုသိုလ်အင်ဂျင်ကြီးက မပြတ်အလေ့အကျင့်ရနေတာပေါ့။ အံ့ဩဖို့ကောင်းတာကတော့ အပြင်မှာ လူတွေ တီထွင်ပြုလုပ်ထားတဲ့ အင်ဂျင်တွေဟာ ကြာလေအိုလေ ချွတ်ယွင်းလေဖြစ်ကြပေမယ့် သံသရာခရီးကို မောင်းနှင်နေတဲ့ ဒီအကုသိုလ်အင်ဂျင်ကြီးကတော့ "ကြာလေအားကောင်းလေ၊ ဟောင်းလေသစ်လေ"လို့ ဆိုရလောက်အောင်ပဲ အချိန်ကြာတာနဲ့အမျှ အင်အားတွေတိုးတိုးပြီး ပိုမိုသစ်လွင်သွက်လက်လာနေတာပါပဲ။ ဒီတော့ အကုသိုလ်အင်ဂျင်ဆိုတာ ချွေဆီကို လူတွေက အထွေ အထူး ကြံဖန်ထည့်ပေးနေစရာမလိုတော့ဘူး၊ ကုသိုလ်အင်ဂျင်ကြီး အိပ်နေသမျှ သူကတော့ အမြဲလည်ပတ်နေတော့တာပဲ။ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆေရစတဲ့ အကုသိုလ်ချွေဆီတွေကလည်း ခန္ဓာကိုယ်ရဲ့ သဘာဝသယံဇာတသဖွယ် အမြစိမ့်ထွက်ပြီးအားဖြည့် ချွေနီးပေးနေတာကိုး။

ကုသိုလ်အင်ဂျင်ကြီးဆိုတာကတော့ အိပ်ချက်သား ကောင်းလိုက်တာ သူ့ပိုင်ရှင်အုံ့နာက ကာလနဂါးများဖြစ် နေမလား တောင်မပြောတတ်တော့ဘူး၊ ဘုရားတစ်ဆူ တစ်ဆူပွင့်လို့ သာသနာတွင်းကြုံခိုက်ကလေးဆိုတဲ့ အခိုက်အတန့်လေးမှာပဲ နည်းနည်းပါးပါးလည်ခွင့်၊ နိုးခွင့်ရတော့တယ်။ ဒီတော့ ဒီအင်ဂျင်ကြီးက လေးနေ၊ အိပ်နေပြီပေါ့။ ဘုရားရှင်တို့ ထုတ်လုပ်ပေးတဲ့ ချွေဆီတွေ နာနာထည့်ပြီး သတိဟန်ဒယ်နဲ့ နာနာကြီးလှည့်ပေးနိုင်မှ တန်ကာကျတော့တယ်။

ခန္ဓာပိုင်ရှင်တိုင်း စဉ်းစားရွေးချယ်ရမှာကတော့ မိမိတို့ ကိုယ်တိုင်ဘယ်လို ခရီးသွားမျိုးဖြစ်ချင်သလဲ၊ မိမိတို့ရဲ့ ခန္ဓာအစဉ်မှာ ဘယ်အင်ဂျင်နိုးနေစေချင်သလဲဆိုတာပါပဲ။ သဒ္ဓါ၊ ဝီရိယ၊ ပညာ၊ မေတ္တာ၊

http://www.dhammadownload.com

ကရုဏာ၊ မုဒိတာစတဲ့ ကုသိုလ်ချူဆီတွေ ထည့်မပေးနိုင် ရင်တော့ ခန္ဓာရဲ့ သယံဇာတအကုသိုလ်ချူဆီတွေပဲ ဖြိုင်ဖြိုင်ထွက်ပြီး အကုသိုလ် အင်ဂျင်ကြီးပဲ နိုးနေလို့ အပါယ်ကို ဦးတည်နေတဲ့ ဒုက္ခသည် ခရီး သွားများပဲ ဖြစ်နေကြမှာပါ။

အခုလို သာသနာတွင်းခေတ်ကောင်းကြီးနဲ့ ကြုံကြိုက်တဲ့ ခဏတာလေးမှာ အခွင့်ကောင်းရတုန်း သံသရာခရီးဖော် အချင်း ချင်း (သတ္တဝါအားလုံး)အပေါ်မှာ ကိုယ်နဲ့ ထပ်တူချစ်ခင်တတ်တဲ့ မေတ္တာတရားတွေ၊ ကိုယ့်ထက်ဆိုးဆိုးဝါးဝါး ဒုက္ခခံစားနေရသူတွေ အပေါ်မှာ စာနာထောက်ထား ကူညီတတ်တဲ့ ကရုဏာတရားတွေ၊ သူတစ်ပါးချမ်းသာနဲ့ ကြုံရတဲ့အခါ ကိုယ်တိုင်ကြုံတွေ့ ခံစားရသလို ကျေနပ်ဝမ်းမြောက်တဲ့ မုဒိတာတရားတွေနဲ့ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ကုသိုလ်ချူဆီတွေ များများကြီး ထည့်ပြီး ကုသိုလ် အင်ဂျင်ကြီးကို မပြတ်တရစပ်နိုးပေးနိုင်ခါမှ တန်ကာ ကျပါလိမ့်မယ်။ အဲဒီလို ကုသိုလ်ချူဆီတွေ ထုတ်ပေးပြီး ကုသိုလ်အင်ဂျင်ကြီးကို နိုးအောင် မောင်းနှင်နိုင်စွမ်းရှိသူမျိုးကို ဘုရားရှင်က "အတ္တသမ္မာ ပဏိဓိပိုင်ရှင်များ"လို့ သတ်မှတ်ချီးကျူးတော်မူပါတယ်။

မိမိရဲ့ကိုယ်စိတ်နှစ်ပါးကို တည်ဆောက်ရာမှာ ဘယ်လောက် အရည်အချင်းတွေနဲ့ ပြည့်စုံမှ အတ္တသမ္မာပဏိဓိ မဂ်လာနဲ့ ပြည့်စုံသူ လို့ဆိုနိုင်မလဲဆိုတဲ့ အချက်ကလည်း မေးသင့်၊ သိသင့်တဲ့ အချက်ပါ ပဲ။ မြတ်စွာဘုရားကကတော့-

"ယုံကြည် ကျန်းမာ၊ ရိုးဖြောင့်ကာ၊ မှန်စွာအားထုတ်မူ။
ပညာတရား၊ ဤငါးပါး၊ ရှိပြားစွမ်းတဲ့သူ" လို့

တိပိဋကတ(ယော)ဆရာတော် လက်ဘရေးဖွဲ့ထားတဲ့အတိုင်း ခိုင်မာတဲ့ ယုံကြည်မှု၊ ကြိုးစားအားထုတ်နိုင်လောက်တဲ့ ကျန်းမာမှု၊ ကောင်းဆိုးမှားမှန်ကို ပွင့်လင်းစွာ ဖွင့်ထုတ်ပြောနိုင်စွမ်းရှိတဲ့

http://www.dhammadownload.com

ရိုးသားမှု၊ မဆုတ်မနစ် ကြိုးစားအားထုတ်နိုင်မှု၊ ကာလ, ဒေသ, ပုဂ္ဂလ, ဓမ္မတို့ကို သုံးသပ်ဆင်ခြင်နိုင်စွမ်းရှိတဲ့ ပညာနဲ့ ပြည့်စုံမှုဆိုတဲ့ အရည်အချင်း ငါးချက်နဲ့ ပြည့်စုံသူဟာ လူ့အဆင့်အတန်းမှီတဲ့ အတ္တသမ္ဘာပဏိဓိ ပိုင်ရှင်ဖြစ်တယ်လို့ ဆိုပါတယ်။ *(ပါထိကဝဂ္ဂ၊ သဂီတိသုတ်၊ ပဋ္ဌ ပဓာနိယင်၊ ၁၉၈)*

မိမိကိုယ်,စိတ်တို့ကို ကောင်းစွာတည်ဆောက်ပုံနဲ့ ပတ်သက်လို့ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ရာဟုလောဝါဒသုတ်မှာတော့ ဘုရားရှင်က ရှင်ရာဟုလာကို -

"မိမိရဲ့ ဝတ်ပုံ၊ ဆင်ပုံ၊ ဖိုးလိမ်းထုံးဖွဲ့ပုံ အချိုးကျ မကျ၊ ကောင်း မကောင်းနဲ့ မိမိရဲ့ မျက်နှာနဲ့ ကိုယ်ပေါ်မှာ အစွန်းအပြစ်ရှိ,မရှိ၊ မိမိသွားရောက်လိုတဲ့ ပရိသတ်အလယ်(ပွဲလယ်)နဲ့ လျှော်ကန်တင့်တယ်မှု ရှိ,မရှိတို့ကို မှန်ပြင်မှာ ကြည့်ပြီး ဆင်ခြင်သလို၊ မိမိရဲ့ ကိုယ်, နှုတ်, စိတ်ထားများကိုလည်း မိမိရဲ့ရောက်လိုတဲ့ နေရာဌာန၊ အဆင့်အတန်းတို့နဲ့ ကိုက်ညီမှု ရှိ,မရှိ ပညာမှန်ပြင်မှာတင်ကာ မကောင်းတာ ပယ်ပြီး ကောင်းအောင်ပြုပြင်ပေးရမယ်"လို့ ဆုံးမတော်မူပါတယ်။ *(မဇ္ဈိမပဏ္ဏာသ၊ ရာဟုလောဝါဒသုတ်၊ ၇၈)*

ကံကောင်းထောက်မခိုန်အတွက် ပြည့်စုံရမယ့် အကြောင်းအပေါင်းနဲ့ ပြည့်စုံအောင် တည်ဆောက်ရမည့် အရည်အချင်းတို့ကို ဘုရားရှင်ရဲ့ အဆုံးအမများနဲ့အညီ မန်လည်ဆရာတော်ဘုရားကြီး ကလည်း မယဒေဝလက်ဘသစ် အပိုဒ် ၂၄၅ မှာ ရေးဖွဲ့ထားတာ ရှိပါတယ်။

"ကံဟုမူလ၊ သမ္ဘူဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝိရိယ၊ ပယောဂတည်း" တဲ့။

http://www.dhammadownload.com

"ကမ္ပံသတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ = သတ္တဝါတို့ရဲ့ ကောင်းဆိုးယုတ်မြတ်ကို ကံကခြယ်လှယ် ဝေဖန်ပေးတယ်" လို့ *(ဥပရိပဏ္ဏာသ၊ စူဠကမ္မဝိဘင်္ဂသုတ် -၂၄၄)* မှာ မြတ်စွာဘုရားရှင်ဟောတော်မူခဲ့တာဟာ အရင်းမူလ သဘောသာ ဖြစ်တယ်တဲ့။ ကုန်သည်တို့အတွက် ဆိုရင်တော့ အရင်းအနှီး သဘော၊ စိုက်ပျိုးရေးသမားတို့အတွက်ဆိုရင်တော့ မျိုးစေ့သဘော သာ ဖြစ်တယ်လို့ ဆိုရမှာပေါ့။ အရင်းအနှီးဆိုတာ ရောင်းဝယ်ဖောက် ကားခြင်းစသည် မပြုရင် မတိုးပွားဘူး၊ အမြတ်အစွန်းမရနိုင်ဘူး ဆိုတာ ကုန်သည်တိုင်း သိပါတယ်။ မျိုးစေ့ဆိုတာလည်း ထွန်ယက် စိုက်ပျိုး၊ ရေလောင်းပေါင်းသင်စသည် လုပ်မပေးရင်၊ ပေါက်ရောက် ရှင်သန်၊ ပွင့်သီးဝေဆာမှုတွေ ဖြစ်မလာနိုင်ဘူး ဆိုတာလည်း စိုက်ပျိုး ရေးသမားတိုင်းသိတယ်။

သတ္တဝါတို့ရဲ့ မျိုးစေ့ဖြစ်တဲ့ ကံဟာ သစ်ပင်တို့ရဲ့ မျိုးစေ့ထက် သာတာ တစ်ခုရှိတယ်လို့ စဉ်းစားမိပါတယ်။ သစ်ပင်တို့ရဲ့ မျိုးစေ့က မြေပေါ်ကျဖို့အထိလူက ပုဂ္ဂလဗျာပါရနဲ့ ကျဲချပေးရတယ် (စိုက်ပျိုးတဲ့ မျိုးစေ့မှာပေါ့)၊ သတ္တဝါတို့ရဲ့ ကံမျိုးစေ့ကတော့ ကမ္မဓမ္မရဲ့ ဓမ္မဗျာပါရ အနေနဲ့ တန်ရာတန်ရာဘုံဘဝမှာ သူ့အလိုလို ပဋိသန္ဓေဖြစ်တည် ပေးပါတယ်။ အထက်မှာပြောခဲ့သလိုပဲ ကံရဲ့ ဓမ္မဗျာပါရဆိုတာ တန်ရာဘုံ ဘဝမှာ ပဋိသန္ဓေတည်နေ ဖြစ်ပေါ်ဖို့နဲ့၊ လိုအပ်တဲ့ ရုပ်စွမ်းအား၊ နာမ်စွမ်းအားအခြေခံတွေ တည်ဆောက်ပေးရုံပါပဲ။ **ကံ ဆိုတာ လောကဓံတိုက်ပွဲအတွက် လက်နက်ပဲတပ်ဆင်ပေး တယ်၊ တိုက်နိုင်စွမ်းနဲ့ တိုက်ရည်ခိုက်ရည်တွေပြည့်ဝဖို့တို့၊ တိုက်ပွဲဝင်ဖို့တို့ဆိုတာတွေကတော့ ကံနဲ့မဆိုင်၊ ပစ္စုပွန်မှာ ဖြစ်တည်လာတဲ့ သတ္တဝါနဲ့သာဆိုင်တယ်လို့ ဆိုလိုတာပါ။**

ကံနဲ့ပတ်သက်လို့၊ အငြိမ်းစားပါမောက္ခတစ်ဦးက ဒီမယ

http://www.dhammadownload.com

ဒေဝလင်္ကာပိုဒ်ကိုပဲ ရွတ်ပြပြီး "ဘဝတစ်လျှောက် အကောင်း အဆိုးတွေကကော ကံမှာတာဝန်မရှိဘူးလား"လို့ ကံကိုလာပြီး အရေးဆိုဈေးဆစ်လုပ်ဖူးပါတယ်။ မိမိကတော့ "မိဖတွေရဲ့တာဝန်ဟာ သားသမီး အန္တရာယ်ကင်းကင်းနဲ့ မွေးဖွားပြီး အရွယ်ရောက်တဲ့အထိ စောင့်ရှောက်ပေးဖို့နဲ့၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်"ဆိုတဲ့ ငါးပါး အထိပဲ ရှိပါတယ်။ အရွယ်အားလျော်စွာ စောင့်ရှောက်ကျွေးမွေးတယ်၊ ဆုံးမသွန်သင်ပေးတယ်၊ ပညာသင်ချိန်မှာ သင်နိုင်အောင်ကျောင်းထားပေးတယ်၊ အလုပ်လုပ်ချိန်မှာ လိုအပ်သလို ဖြည့်ဆည်းပေးတယ်၊ ပညာပြီးလို့ ကြင်ယာပါ ရှာချိန်မှာလဲ တာဝန်ကျေပေးတယ်။ ဒီလောက်ဆို လုံလောက်ပါပြီ။

သားသမီးက မိဖသွန်သင်တာလဲ မနာယူ၊ ပညာသင်ချိန်မှာလည်း မကြိုးစား၊ အလုပ်ကျပြန်တော့လဲ လတ်လျားလတ်လျား၊ ဒီကြားထဲ အသောက်အစား အပျော်အပါးကလဲ ဖက်လိုက်သေးနဲ့ အဲဒီလိုနေနေပြီး သူများနည်းတူ မကြီးပွား မချမ်းသာတဲ့အခါမှာ "ဒါဟာ မိဖတွေ ညံ့လို့ပဲ"လို့ အပြစ်ရှာပြန်တယ်ဆိုရင် ဒီသားသမီးမျိုးဟာ တရားလွန်ရာမကျပေးဘူးလား။ ကံဆိုတာကလည်း 'ကံသာလျှင် အမိ၊ ကံသာလျှင် အဖ' ဆိုတဲ့အတိုင်း မိဘသဘောမျိုးအနေနဲ့ပဲ တာဝန်ရှိတာပါ၊ သူ့တာဝန်အရ သုဂတိဘုံကို ပို့ပေးတယ်၊ အထက်မှာ ပြောခဲ့သလို့ ရုပ်စွမ်းရည် နာမ်စွမ်းရည်ဆိုတဲ့ လက်နက်တွေလဲ တပ်ဆင်ပေးပြီးပြီဆိုရင် သူ့တာဝန်ကျေလောက်ပါပြီ၊ ကိုယ်က တိုက်ရည်ခိုက်ရည် ပြည့်ဝအောင်လည်း မကြိုးစား၊ လောကမံ တိုက်ပွဲကိုလည်း ဉာဏ်,ဝီရိယ,ပယောဂတို့နဲ့ ရဲရဲရင် မဆိုင်ဘဲနဲ့ အောင်ပွဲမရခါကျမှ ကံမကောင်းလို့လို့ လှည့်ချရင်ကော ကိုယ်ဟာ ကံမိဖရဲ့ သားသမီးကောင်း ပီသပါ့မလား"လို့ ပြောလိုက်

http://www.dhammadownload.com

တော့မှ "တပည့်တော်တို့က သားသမီးမိုက်တွေလို ဖြစ်နေတာကိုး ဘုရာ့"ဆိုပြီ ပြန်သွားပါတယ်။ ဒါကြောင့် မယဒေဝလက်ာဆရာ တော်ကြီး က ကံကို "အရင်းသာရှင့်" လို့ ဆိုလိုက်တာပါ။

"ဥစ္စာဘောဂ၊ ဇီဝိတနှင့်" တဲ့၊ "ဥစ္စာ"ဆိုတာကတော့ အမျှား သိထားတဲ့အတိုင်း ရွှေငွေကျောက်သံတို့၊ အိုးအိမ်တိုက်တာတို့၊ ကား တို့စတဲ့ ပစ္စည်းဝတ္ထုတွေပါ။ "ဘောဂ" ဆိုတာကတော့ ပါဠိစကားပါ။ မြန်မာလိုတော့ "စည်းစိမ်"လို့ ဘာသာပြန်ကြပါတယ်။ ဒီအကြောင်း ကို အမေရိကန်တုန်းက ပေးခဲ့ရတဲ့ ပဌာန်းသင်တန်းတစ်ခုမှာ ပြောပြတဲ့အခါ ပင်စင်စားဆရာဝန်ကြီးတစ်ဦးက "မြန်မာစကားမှာ 'စည်းစိမ်ဥစ္စာ'လို့ တွဲပြီး သုံးထားပါတယ်၊ ဒီနှစ်မျိုးက ဘယ်လိုခြားနား ပါသလဲ" ဆိုပြီး မေးဖူးပါတယ်။ မိမိကတော့ ဆရာသမားမျှား ရှင်းပြဖူးတဲ့အတိုင်း ဥစ္စာက ကိုယ်ပိုင်ဆိုင်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ ကို ခေါ်တာပါ၊ စည်းစိမ်(ဘောဂ)ဆိုတာကတော့ အဲဒီပစ္စည်းဝတ္ထု တွေကို စားတန်တာ စား၊ ဝတ်တန်တာ ဝတ်၊ လှူတန်တာ လှူ၊ စွန့် တန်တာစွန့် ဆိုသလို ကိုယ်ကြိုက်သလို သုံးဆောင်ခံစား နိုင်တဲ့ အဆင့်ရောက်တာကို ပြောတာပါ။ ပစ္စည်းဝတ္ထုသာရှိပြီး သုံးဆောင် ခံစားခြင်း မပြုဘူးဆိုရင် ဒါဟာ ဥစ္စာသာရှိတယ်၊ စည်းစိမ် မရှိဘူးလို့ ဆိုရမှာပါ။

ဘုရားရှင်လက်ထက်လောက်ဆီကနဲ့ စောစောပိုင်း မဏ္ဍိမ ဒေသမှာဆိုရင် ကုဋေလေးဆယ်ပိုင်တဲ့ သူဌေး၊ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးဆိုတာတွေရှိတယ်။ တချို့သူဌေးတွေက ငါဘယ် လောက်ပိုင်တယ်ဆိုပြီး ဥစ္စာတွေကို ကြည့်ရုံ၊ ကြွားရုံလောက်ပဲ၊ သုံးဆောင်ခံစားမှုတော့ မရှိဘူး၊ ပြိုင်စရာ ကြွားစရာသာ ဖြစ်တယ်၊ ခံစားစရာ စားစရာ မဖြစ်ကြဘူးပေါ့။ စာထဲမှာ မဇ္ဈေရသူဌေးကြီး ဆိုတာ မုန့်ဆီကြော် လေးတစ်ခုစားချင်တာတောင် သူမျှားခွဲပေးရမှာ

http://www.dhammadownload.com

စိုးလို့ ဘုံခုနှစ်ဆင့်မှာတက်ပြီး ကြော်သတဲ့။ ဇာတ်တော်ထဲမှာတော့ စိမ်ရည် (ရက်တက်)နဲ့မြည်းဖို့ ငါးဆားနယ်ကလေး အနည်းငယ် ကိုတောင် သူများတွေဝင်စားမှာစိုးလို့ တောထဲထွက်ပြီးချုံထဲမှာ ပုန်းစားတယ်လို့ တွေ့ရဖူးတယ်။ အဲဒီလိုသူဌေးတွေကျတော့ ဥစ္စာပဲရှိ တယ်၊ စည်းစိမ်မရှိဘူးပေါ့၊ အခုခေတ်စကားနဲ့ ပြောရရင်တော့ "ဇိမ် မခံနိုင်ဘူး" ဆိုတာမျိုးပေါ့လို့ ပြောပြခဲ့ပါတယ်။

အဲဒီဒကာကြီးကတော့ "ဒီလိုဆိုရင် ဒီအမေရိကန်နိုင်ငံမှာ ပစ္စည်းဥစ္စာပေါများသူတွေသာ ပေါတယ်၊ စည်းစိမ်ရှိသူ အလွန်ရှား တယ်လို့ ပြောရလိမ့်မယ်ဘုရား၊ တပည့်တော်တို့ဆိုရင်ပဲ ပစ္စည်းဥစ္စာ လိုလေးသေးမရှိသလောက်လို့ ဆိုရအောင် ရှိတန်သရွေ့ ရှိပေမယ့် ကိုယ့်ကားကိုမောင်းပြီး သွားနေရတာဘုရား၊ မြန်မာပြည်မှာလို သူဌေးဆိုပြီး ဒရိုင်ဘာ မဌားနိုင်ဘူး၊ စားစရာဆိုလည်း ဒီအတိုင်းပဲ ကိုယ့်အစာ ကိုယ်ချက်စားပဲ၊ ထမင်းချက်အိမ်ဖေါ် ရယ်လို့မခေါ်နိုင် ဘူး၊ အလုပ်သမားခကလည်း တစ်နာရီ အနည်းဆုံး ဆယ်ဒေါ်လာ လောက်ပေးရမှာဆိုတော့ ဒရိုင်ဘာတို့ ထမင်းချက်တို့ ငှားရမယ့် ဆိုရင်လည်း မသက်သာဘူးဘုရား၊ အရှင်ဘုရားပြောသ လိုသာဖြင့် ဒီမှာပစ္စည်းရှင်တွေသာမှားတယ်၊ စည်းစိမ်ရှင်ရှားတယ်လို့ ပြောရမလို ဖြစ်နေပြီ"ဆိုတဲ့အကြောင်း ညည်းညူလျှောက်ထားပါတယ်။

"စိတ်သာရှင်စော ဘုရားဟော" ဆိုသလိုပေါ့ဗျာ၊ အိမ်ဖော် တွေ၊ ဒရိုင်ဘာတွေ၊ အခြွေအရံတွေနဲ့နေပြီး စိတ်မချမ်းသာ ရင်လည်း စည်းစိမ်ချမ်းသာပြည့်စုံတယ်လို့ မဆိုနိုင်လောက်ပါဘူး။ ဒီမှာ ဒကာကြီးတို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်နေရင်လည်း ချမ်းသာ သူ အစစ်ပါပဲ၊ ချမ်းသာစစ်ကိုရရင် စည်းစိမ်လည်းရှိပြီလို့သာ မှတ် လိုက်ပါတော့"လို့ပဲ ဖြေသိမ့်ပေးခဲ့လိုက်ရပါတယ်။

http://www.dhammadownload.com

အာရီးဇိုးနားပြည်နယ်၊ ဖစ်နစ်မြို့မှာတွေ့ရတဲ့ ဒကာကြီး တစ်ယောက်ကတော့ တကယ့်ကိုမှ လွမ်းရတော့မလို၊ သနားရ တော့မလို 'ငိုရ၊ ရယ်ရ မရသော မျက်နှာ' ကလေးနဲ့ - သူက ဟို နိုင်ငံသားအဖြစ်လည်း ဘယ်တော့မှ မခံယူဘူးတဲ့၊ သူပြောပြ တာကတော့ - "တပည့်တော်တို့ဘဝက အမေကျော်ပြီး ဒွေးတော် လွမ်းနေတဲ့ ဘဝမဟုတ်ပါဘူးဘုရား၊ ဒွေးတော်ရင်ခွင်ထဲကနေ အမေကို မျှော်ပြီး ပြန်လွမ်းနေရတာပါ။ အမေ့ရင်ခွင်ကြီး မြန်မြန်သာ အေးချမ်း သာယာရှိပါစေလို့ နေ့စဉ်ဆုတောင်းနေရပါတယ်" တဲ့။ ဒါကတော့ ဥစ္စာနဲ့ ဘောဂအကြောင်းပါ။

"ဇီဝိတနှင့်"ဆိုတာကတော့"အသက်ရှည်ရာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း"ဆိုတာမျိုးဖြစ်ဖို့ပြောတာပါ၊ အဲဒါတွေနဲ့ ပြည့်စုံဖို့ဆိုရင်တော့ ကံကိုချည်း ပုံချနေလို့မရပါဘူး၊ "ဉာဏ်,ဝိရိယ, ပယောဂတည်း" လို့ ဆိုပါတယ်။

ဒီစကားပိုဒ်မှာ 'ပယောဂ' ဆိုတာ လူနဲ့အလုပ်ကို တွဲစပ်မိ စေတဲ့ သဘောပါပဲ၊ မြန်မာစကားမှာ 'လုံ့လပယောဂ'လို့ တွဲပြီး သုံးလေ့ရှိတဲ့အတိုင်း လုံ့လဝိရိယကိုပဲ ပယောဂလို့ခေါ်ပါတယ်၊ အမှန်ကတော့ အလုပ်တစ်ခုဆိုတာ ဉာဏ်နဲ့ရော လုံ့လဝိရိယနဲ့ရော ပူးတွဲပေါင်းစပ် ပုံဖော်ပေးမှ ပြီးပြည့်စုံပါတယ်။ ဒါကြောင့် ပယောဂ ကလည်း ဉာဏ်နဲ့ယှဉ်တဲ့ ပယောဂနှင့် ဉာဏ်မပါဘဲ လုံ့လဝိရိယ သက်သက်ဖြစ်တဲ့ ပယောဂလို့ နှစ်မျိုးပြားပါတယ်။ မှတ်လို့လွယ်ကူ အောင် ဉာဏပယောဂ၊ ဝိရိယပယောဂဆိုပြီး နှစ်မျိုးခွဲမှတ်နိုင် ပါတယ်၊ ဒီပယောဂနှစ်မျိုးနဲ့ ပေါင်းဆုံပုံဖော်ပေးမှ ကံတွေကောင်း ကျိုးပေးပြီး ဥစ္စာဘောဂတွေ၊ အသက်ရှည်ရာ အနာမဲ့ရေးတွေစတဲ့ ကောင်းကျိုး ချမ်းသာတွေကို ရရှိမယ်လို့ဆိုလိုက်တာပါ။

အလုပ်တစ်ခုမှာ ကြိုးစားအားထုတ်ကာမျှဖြစ်တဲ့ "ဝိရိယ

http://www.dhammadownload.com

ပယောဂ" တစ်မျိုးတည်းနဲ့ မလုံလောက်ပါဘူး၊ အခြေအနေ၊ အချိန်အခါ ကာလဒေသစသည်ကို ကြိုတင်တွက်ဆ စဉ်းစားဝေဖန်တတ်တဲ့ "ဉာဏပယောဂ" ဖြစ်မှသာ ပြီးပြည့်စုံပါတယ်၊ ပယောဂတစ်ခြမ်းပဲ့လို့ဆိုရမည့် ဝိရိယပယောဂသက်သက်နဲ့ အလုပ်လုပ်ရင် လုံးဝအလုပ်မလုပ်တာထက် အန္တရာယ်ကြီးတတ်ပါတယ်။

မြန်မာပြည်မှာ ဟိုးလေးတကျော်ဖြစ်သွားတဲ့ "မန္တလေးမီးကြီး" ဆိုတာ မြန်မာပြည်မှာတော့ မသိသူမရှိသလောက်ပါပဲ၊ မန္တလေးသူ မန္တလေးသားများအနေနဲ့တော့ ဒီမီးကြီးဟာမန္တလေးရဲ့ အဆောက်အအုံဖြစ်တဲ့ အိုးအိမ်တိုက်တာတွေ၊ ဇရပ်တန်ဆောင် ဂူကျောင်းပြဿာဒ်တွေသာမက "ယဉ်ကျေးမှုတို့စုဝေးရာ မြန်မာတို့ရဲ့ မန္တလေး"ဆိုတဲ့ ဂုဏ်ပုဒ်ကြီးပါ လောင်ကျွမ်းသွားတာဖြစ်လို့ ယနေ့တိုင်အောင်လည်း အိပ်မက်ဆိုးကြီးတစ်ခုလို ခြောက်လှန့်မှုခံနေရဆဲပဲဖြစ်မှာပါ။ စိတ်ပိုင်း ရုပ်ပိုင်းနှစ်မျိုးလုံးကို လောင်ကျွမ်းဆုံးရှုံးသွားစေခဲ့တဲ့ မီးကြီးဖြစ်လို့ပါ။

ဒီမီးကြီးစတင်လောင်ကျွမ်းရတဲ့ အဖြစ်ကတော့ အဝေးကပြန်ရောက်ခါစ ကားကြီးတစ်စီး၊ ညမှောင်ချိန် ကားဂိတ်ကို ရောက်မဆိုက်မှာပဲ ဓာတ်ဆီတိုင်ကီထဲမှာ ဆီလက်ကျန်သိရအောင် တိုင်ကီကို ဖွင့်ပြီး တိုင်းကြည့်တယ်၊ ပြီးတော့ တိုင်းတုတ်ရဲ့ အမှတ်အသားကို မြင်ရအောင်မီးခြစ်နဲ့ခြစ်ကြည့်ရာက အပူရှိန်နဲ့ ပြန့်နေတဲ့ ဂတ်စ်ငွေ့တွေကြောင့်တိုင်ကီထဲအထိ မီးဝင်တောက်ပြီး ပေါက်ကွဲ လောင်ကျွမ်းရာက တစ်မြို့လုံး ပြန့်နှံ့လောင်ကျွမ်းပြာကျသွားခဲ့တာပါ။

ဒီဖြစ်ရပ်ကိုသုံးသပ်ကြည့်မယ်ဆိုရင် ကားရောက်မဆိုက်မှာပဲ ဆီတိုင်ကီဖွင့်ပြီးတိုင်းတယ်ဆိုတာ ဝိရိယ ပယောဂအနေနဲ့ မလိုတဲ့အပြင် ပိုတောင်ပိုလွန်းနေပါတယ်၊ ဒါပေမယ့် ဒီလောက်အပူရှိန်ပြင်းတဲ့ ဒေသမှာ အခုလိုခရီးဝေးမောင်းနှင်ခဲ့တဲ့ ကားကြီး တစ်စီး

http://www.dhammadownload.com

ဟာ အပူရှိန်ကြောင့် ဓာတ်ဆီရဲ့ဂတ်စ်ငွေ့တွေ ပူပြီး ပြန့်နေမယ်ဆို တာကို စဉ်းစားနှိုင်းချိန်တတ်တဲ့ ဉာဏ်ချို့တဲ့မှုကြောင့် ဒီအန္တရာယ် ဆိုးကြီးနဲ့ကြုံရတာပါ။ ဒီဒုက္ခမျိုးဟာ "ကံမရှိ ဉာဏ်ရှိ တိုင်းမွဲ"တာ မဟုတ်ပါဘူး၊ ဉာဏ်မရှိ ကံ(လုံ့လ)ရှိတိုင်း မွဲ" လို့သာ ဆိုသင့်ပါတယ်၊ ဒီဖြစ်ရပ်မျိုးနည်းတူ ဆိုးကျိုးထွက် လုံ့လတွေမဖြစ် စေဖို့အတွက် ဆရာတော်ကြီးက "ဉာဏ်ဝီရိယ၊ ပယောဂတည်း"လို့ ဉာဏပယောဂ၊ ဝီရိယပယောဂပြည့်စုံအောင် သတိပေးခဲ့တာပါ။

ယူဆောင်လိုက်နာရမည့် "ဂဟေတဗ္ဗ" အဓိပ္ပာယ်ကို ပြပြီး တော့ စွန့်ပစ်ရှောင်ရှားရမည့် "နိဝတ္တေတဗ္ဗ" အဓိပ္ပာယ်ကို သိစေဖို့ အတွက် -

"ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာ လည်း၊ ကြမ္မာအကြောင်း၊ မရိုးကာင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏" လို့ သတိပေးထားပါတယ်။

မီးဆိုတာ ပူတတ်လောင်တတ်တဲ့ အမျိုးပဲ၊ အဲဒါကို မဆင် ခြင်ဘဲ မီးပုံထဲခုန်ဆင်းလို့ မီးလောင်ခံရတာမျိုး၊ မီးကို မရိုသေလို့ မီးလောင်တာမျိုး၊ ကျားရှိတဲ့တောထဲကို မိုက်ရူးရဲနဲ့ သွားခဲ့လို့ ကျားဆွဲခံရတာမျိုးတို့ ကြုံလာတဲ့အခါ ကံကြမ္မာကို ရိုးမယ်ဖွဲ့ မစွပ်စွဲ ပါနဲ့၊ ဒါမျိုးတွေဟာ ကံမကောင်းတာမဟုတ်ဘူး၊ ဉာဏ်မကောင်း တာသာ ဖြစ်ပါတယ်တဲ့။ ပြီးတော့မှ ကံတွေထလာအောင် ဉာဏ ပယောဂ ဝီရိယပယောဂတို့နဲ့ ကူမပေး ထူမပေးဘဲ၊ ကောင်းကျိုး ဆိုးပြစ်မှန်သမျှ ကံကိုချည်း လှည့်မချကြဖို့အတွက် -

"လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံ တစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကို ချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့် မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွာ့တည်း" လို့ တိုက်တွန်းထား ပါတယ်။

http://www.dhammadownload.com

ပယောဂစုံမှု မစုံမှုကိုနှိုင်းယှဉ်စဉ်းစားတတ်ဖို့အတွက်တော့-

"တံငါလက်တွင်း၊ ရောက်လျင်းတုံ့ငြား၊ သုံးကောင ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့" လို့ ညွှန်ပြပါတယ်။

တံငါသည်တစ်ယောက်က ကွန်နဲ့မိတဲ့ငါးသုံးကောင်ကို ဒီအတိုင်းပဲ လှေဝမ်းထဲမှာ အရှင်လတ်လတ် ရေစပ်စပ်နဲ့ လွှတ်ထားတယ်၊ အဲဒီထဲက တစ်ကောင်သောငါးက လွတ်အောင်ဆိုပြီးကြိုးစားခုန်တယ်၊ လှေနှုတ်ခမ်း မကျော်ဘူး၊ နောက်အကြိမ်ကြိမ် ထပ်ခုန်တယ်၊ မလွတ်ပြန်ဘူး၊ ကြာတော့ တံငါသည်က "ဒီငါး ငြိမ်ငြိမ်ကို မနေဘူး"ဆိုပြီး လှေတက်နဲ့ထုလိုက်တာ အသက်ဆုံးပါရောတဲ့။ တစ်ကောင်သော ငါးကတော့ အခါအခွင့် ကိုစောင့်ပြီးငြိမ်နေတယ်၊ လှိုင်းအလှုပ် လှေအလူး၊ လှေနှုတ်ခမ်းနဲ့ ရေပြင်နဲ့ညီခမန်းဖြစ်ချိန်မှာ ကြိုးစားပြီး ခုန်လိုက်တဲ့အတွက် အသက်ဘေးကလွတ်သွားတယ်။ နောက်ဆုံးတစ်ကောင်သောငါးကတော့ "ကွန်နဲ့မိပေမယ့် လှေထဲမှာ လည်း ရေရှိလို့ မသေဘူး၊ ကံကောင်းရင်ဒီလိုပဲ အသက်ရှင်နေမှာပဲ"ဆိုပြီး ဒီအတိုင်းပဲ ငြိမ်နေလိုက်တာ အိမ်အထိပါသွားပြီး ဟင်းစားဖြစ်သွားရောတဲ့။

ဝိရိယ ပယောဂသာရှိပြီး ဉာဏပယောဂ ကင်းမဲ့သူများဟာ ပထမငါးနဲ့တူတယ်။ ပယောဂနှစ်မျိုးပြည့်စုံသူများက ဒုတိယငါးနဲ့ တူတယ်၊ ပယောဂနှစ်မျိုးလုံး ကင်းမဲ့ပြီး ကံကိုချည်းပုံ ယုံနေသူများက တတိယ ငါးနဲ့တူတယ်။ ဒီဖြစ်ရပ်ကို ထောက်ထားပြီး **"ဆင်းရဲတဲ့ နိုင်ငံတွေမှာ ဆင်းရဲတွင်းက မတက်နိုင်ကြသူတွေဟာ အဓိက အကြောင်းရင်းက ကံမကောင်း အကြောင်းမလှကြလို့ မဟုတ်ဘူး၊ ပယောဂချို့တဲ့နေကြလို့သာ ဖြစ်တယ်"** လို့ အခိုင်အမာ ဆုံးဖြတ်နိုင်လောက်ပါတယ်။

http://www.dhammadownload.com

ဆရာတော်ကြီးရဲ့ လင်္ကာမှာ ဆက်ပြီးသတိပေးထားတာ ကတော့ -

"ကံမွဲ ဥဏ်နုံ့၊ မလုံ့မလ၊ နတ် မ,မဘူး၊ အလသမျိုး (အပျင်းမျိုး)၊ အကျိုးယွင်းယို၊ အလိုလျော့ရည်း၊ မကျော့ကျည်းလင့်၊ လူလည်း လုံ့လ၊ နတ်လည်း မ၍၊ တောင့်တကြံရာ၊ မြန်မ ကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏" တဲ့။

ဒီလင်္ကာပိုဒ်ထဲက "အလိုလျော့ရည်း၊ မကျော့ကျည်းလင့်" ဆိုတာ "ဖြစ်ဖြစ်မြောက်မြောက်၊ ပေါက်ပေါက်ရောက်ရောက် မလုပ်လိုကြဘဲ လက်ကြောမတင်းတဲ့ လူပေါ်ကြော့ လုပ်မနေကြနှင့်" လို့ ဆိုလိုတာ ဖြစ်မယ်ထင်ပါတယ်။

လက်ရှိအရမ်းယုံ အကန်းယုံနဲ့ အချောင်လိုက်ချင်ကြတဲ့ အလိုလျော့ရည်း လူကျော့ကျည်းများ အတွက်တော့ ဆရာတော်ကြီးက -

"အန္ဓဗာလ၊ လူ့ထိုမျှတို့၊ ကမ္ပဝီရိယ၊ မယုံကြဘူး၊ သိဝမဟေ၊ ပရမေသွာ၊ ဗြဟ္မာ ဗိဿနိုး၊ ကမ္ဘာစိုးနှင့်၊ တန်ခိုးကြီးမား၊ နတ်ဘုရားတို့၊ ပေးစားဖန်ဆင်း၊ ဖြစ်တုံလျင်းဟု၊ ချွတ်ယွင်းသမှု၊ အမှားရှုသည်၊ တောင်သူ့ ယူလေ့ ယူလာတည်း" တဲ့။

ဒီလင်္ကာပိုဒ်ထဲက သိဝ(သျှိဝ) မဟေ(မဟေသွရ)၊ ပရမေသွာရ၊ ဗြဟ္မာ ဗိဿနိုး အပါအဝင် ကမ္ဘာကို စတင်ဖန်ဆင်းသူဖြစ်လို့ ကမ္ဘာစိုးလို့ သတ်မှတ်ယုံကြည်ထားတဲ့ မဟာဗြဟ္မာကြီးတို့ဆိုတာ မြတ်ဗုဒ္ဓ မပွင့်မီကတည်းက မဇ္ဈိမဒေသမှာ တန်ခိုးရှင်များအဖြစ် သတ်မှတ်ကိုးကွယ်လာကြတဲ့ နတ်ဘုရားများပဲ ဖြစ်ပါတယ်။ ဒီနေ့အထိလည်း မဇ္ဈိမဒေသမှာသာမက မြန်မာ၊ ယိုးဒယား(ထိုင်း) အပါအဝင် နိုင်ငံတော်တော်များများမှာ တွင်ကျယ်ခေတ်စားလျက်ပါပဲ။

http://www.dhammadownload.com

ဆရာတော်ကြီးလက်ာထဲမှာ "တောင်သူ ယူလေ့ယူလာ တည်း"လို့ ဆိုထားပေမယ့် ဗဟုသုတနည်းပါးတဲ့ တောသူ တောင်သား များထက် မြို့ကြီးပြကြီးက ဂုဏ်သရေရှိလူကြီးမင်းများ ကိုယ်တိုင်လည်းပဲ "ယတြာ ဖယ်နိုး၊ နတ်ကယ် နိုး၊ ဝိဇ္ဇာ မ နိုး၊ အင်းထ နိုး၊ ဓာတ်လုံး စွမ်းနိုး၊ ကံထမ်း နိုး" စတဲ့ ယုံကြည်ချက် အမျိုးမျိုးတွေနဲ့ "အန္ဓဗာလ၊ လူထိုမ္ဘ" အရေအတွက်ထဲ တိုးသည် ထက်တိုးဝင်လျှက် ရှိနေပါသေးတယ်။ ကမ္မပစ္စည်းကို တကယ်တန်း သဘောမပေါက်ကြသေးသမျှတော့ ဒီ "ယူလေ့ ယူလာ" တွေက လည်း ဆက်လက်ရှင်သန်ကြီးထွားနေဦးမှာပါ။ အိန္ဒိယခေါင်းဆောင် ကြီး နေရူး ပြောဖူးတဲ့ "ကျောက်သင်ပုန်းတစ်ချပ်နဲ့ လိမ်ညာနေ သူတွေ အလုပ်ဖြစ်နေသေးသမျှ အိန္ဒိယနိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်ရေး ဟာ မျှော်လေတေးလေဖြစ်နေဦးမှာပဲ" ဆိုတဲ့အတိုင်း ဖြစ်နေ ကြဦးမှာ မလွဲပါဘူး။

ကမ္မပစ္စည်းနဲ့ပတ်သက်လို့ ဗုဒ္ဓဘာသာဝင်များမှာ မရှင်း မလင်းဖြစ်နေတတ်တဲ့ နောက်ထပ်ပြဿနာတစ်ခုကတော့ ကံတရားနဲ့ ဘာသာတရားရောထွေးနေတဲ့ ပြဿနာပါပဲ။ ဘယ်လိုလဲ ဆိုရင် ဒီနေ့ကမ္ဘာမှာ အချမ်းသာဆုံး (စီးပွားဥစ္စာအရ ပြောတာ) နိုင်ငံတွေနဲ့ အချမ်းသာဆုံး ပုဂ္ဂိုလ်တွေဆိုတာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ကြဘူး။ သူတို့က အချမ်းသာဆုံး စာရင်းဝင်နေကြတယ်။ ဘယ်သူပဲ ချမ်းသာ ချမ်းသာ၊ ချမ်းသာခြင်းရဲ့ အရင်းအမြစ်ဟာ ကုသိုလ်ကံသာ ဖြစ်တယ်ဆိုရင် ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဘယ်လိုလုပ် ကုသိုလ်ကံရှိနိုင်မလဲလို့ ဇဝေဇဝါဖြစ်နေတတ်ကြ ပါတယ်။

http://www.dhammadownload.com

တိုတိုချုပ်သဘောပေါက်ရမှာကတော့ ကုသိုလ်ကံဆိုတာ လောကကြီးကောင်းဖို့အတွက်နဲ့ မိမိရဲ့ကိုယ့်ကျင့်တရားတွေ ကောင်းဖို့အတွက် ကောင်းတဲ့စိတ်စေတနာတွေထားပြီး လုပ်တဲ့ အလုပ်ကို ခေါ်တာပါ။ ဒီကုသိုလ်ကံဆိုတာ ဘာသာတရားတစ်ခုခု ကသာ ပိုင်ဆိုင်တဲ့ တရားမဟုတ်ပါဘူး၊ စိတ်ကောင်းရှိပြီး ကောင်း တာလုပ်သူ အားလုံးပိုင်ဆိုင်တဲ့ တရားပါ။ ဗုဒ္ဓဘာသာပဲ ဖြစ်ဖြစ်၊ အခြားဘာသာဝင်ဘဲ ဖြစ်ဖြစ်၊ မည်သည့်ဘာဘာဝင်မှ မဟုတ် သူဘဲ ဖြစ်ဖြစ်၊(သာသနာပကာလမှာ သူတော်ကောင်း အချို့ဟာ မည်သည့် ဘာသာဝင်မှ မဟုတ်ကြဘဲ သူတော်ကောင်း တရားကိုသာ ကိုးကွယ် အားထား ကျင့်သုံးနေကြသူများ ဖြစ်ပါတယ်၊ အဲလို ပုဂ္ဂိုလ်များ အပါအဝင်)ကောင်းမှုလုပ်သူဟာ ကုသိုလ်ရှိ သူဖြစ် ပါတယ်။ ကောင်းမှုလုပ်တဲ့ ကုသိုလ်ရှင်တိုင်းလည်း ကောင်းကျိုးရဲ့ မျိုးစေ့ ကြီး မားအောင်မြင်တာပါပဲ။ ဉာဏ် ဝိရိယ ပယောဂတွေ ဖြည့်စွက်ကူညီမှု အားကောင်းရင် ကောင်းသလောက် စည်းစိမ်ဥစ္စာ ကောင်းကျိုး ချမ်း သာတွေလည်း ပိုမိုများပြားတာပေါ့။

ဒီအကြောင်းသိပ်ပြီး အမြင်မကြည်လင်သေးဘူးဆိုရင်တော့ ဇာတ်တော်တွေကို ဖတ်ရှုလေ့လာကြည့်ပါ။ တေမိမင်း၊ ဇနကမင်း၊ သုဝဏ္ဏသ္သ၊ နေမိမင်း၊ ဝေဿန္တရာမင်းကြီးတို့စတဲ့ ဇာတ်ကြီးဆယ်ဘွဲ့ ရဲ့ ဇာတ်လိုက်မင်းကြီးတွေဟာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ကြသလို သူတို့ပေးလှူပူဇော်တဲ့ ပုဂ္ဂိုလ်တွေဆိုတာလည်း အလွန်ဆုံး ရသေ့ သူတော်စင်တွေလောက်ပါပဲ။ ဝေဿန္တရာ မင်းကြီးရဲ့ အကြီးကျယ် ဆုံး အလှူကြီးဟာဆိုရင် ဘာသူတော်စင်မှတောင် မဟုတ်ပါဘူး။ သူတို့ရဲ့ အလှူတွေဟာ ကုသိုလ်ဖြစ်ပါသလားလို့ မေးကြည့်ချင်တယ် ဆိုရင်တော့ ဗုဒ္ဓဘာသာဝင်တို့ ပြောစမှတ်ပြုကြတဲ့ စကားတစ်ခု ရှိတယ်မဟုတ်လား၊ "ဗောဓိပင်နဲ့ ရွှေပလွင်"ကို အောင်မြင်တဲ့အခါ

http://www.dhammadownload.com

မာရ်နတ်ကလာလုတော့ မြတ်စွာဘုရားရှင်က "မဟာပထဝီမြေကြီး၊ သင်သာ အသိဆုံးလို့ သက်သေထားတယ်" ဆိုတာလေ။ မြေကြီးကလည်း တုန်ဟီးပြီးတော့ သက်သေခံတယ်လို့ ဆိုကြတယ်မဟုတ်လား၊ ခုလဲ မြေကြီးကို မေးကြည့်ပါလို့ပဲ ဆိုရပါလိမ့်မယ်။

ဒါနဲ့ ပတ်သက်လို့ မကြာသေးမီက ကံမြင့်ဓမ္မာရုံမှာ သာမည ဖလသုတ်အကြောင်း ဟောခဲ့စဉ်ကလည်း ပြောခဲ့ဖူးပါတယ်။ **သုဂတိချမ်းသာကို ပိတ်ပင်တဲ့ မိစ္ဆာဒိဋ္ဌိဝါဒဆိုတာ ဗုဒ္ဓဝါဒ မဟုတ်တဲ့ ဝါဒတွေကို ပြောတာမဟုတ်ဘူး။ မြတ်ဗုဒ္ဓနဲ့ ခေတ်ပြိုင် ကာလဆီက ပုရာဏကဿပတို့၊ မက္ခလိဂေါသာလတို့၊ အဇိတကေသကမ္ဗလတို့လို ကုသိုလ် အကုသိုလ်ဆိုတာ မရှိဘူးလို့ ခံယူတဲ့ အကိရိယဝါဒတို့၊ ကောင်းကျိုး မကောင်းကျိုးဆိုတာ ဘာအကြောင်းမှ မရှိဘူး၊ သူဖြစ်ချင်သလို ဖြစ်နေတာလို့ ယူတဲ့ အဟေတုကဝါဒတို့၊ ကောင်းတာပဲ လုပ်လုပ်၊ မကောင်းတာပဲ လုပ်လုပ် ဘာအကျိုးမှ မထူးဘူးလို့ ယူတဲ့ နတ္ထိကဝါဒတို့ ဆိုတဲ့ ဒီအယူမှားကြီးသုံးမျိုးကိုသာ ပြောတာ။** ဒီအယူမှားသုံးမျိုးထဲမှာ မပါဝင်သေးသမျှ မည်သည့်ဘာသာဝင်ဖြစ်စေ၊ ဘာသာမဲ့သမားပင် ဖြစ်စေ ကောင်းတာလုပ်ရင် ကောင်းမှုဖြစ်ပြီး ကောင်းကျိုးရမှာပါပဲ။

ကောင်းမှုကုသိုလ်ဆိုတာ ဘာသာတရားတစ်ခုက ပိုင်ဆိုင်တဲ့ တရားမဟုတ်သလို၊ မကောင်းမှု အကုသိုလ်ဆိုတာလည်း ဘာသာ ဝါဒတစ်ခုခုက တားဆီးပေးနိုင်တဲ့ တရားမျိုးမဟုတ်ပါဘူး။ "ရတနာမြတ်သုံးပါးတို့အား အသက်ကိုအပ်နှင်း၍ ကိုးကွယ်ပါ၏" လို့ နှုတ်ကမပြတ် ရွတ်နေသူဟာလည်း မကောင်းတာလုပ်ရင် အကုသိုလ်ပဲဖြစ်ပြီး အပါယ်ဒုဂ္ဂတိနဲ့ ဆင်းရဲဒုက္ခကို ရရှိခံစားရမှာပါပဲ။

http://www.dhammadownload.com

ပိုပြီးရှင်းရှင်းလင်းလင်း လက်ခံရမည့် အချက်ကတော့ ဗုဒ္ဓဝါဒမှာသာရှိတဲ့ အဓိကထူးခြားတဲ့အချက်ဆိုတာ ဒုက္ခခပ်သိမ်းကင်းငြိမ်းကြောင်း ကျင့်စဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးပါပဲ။ သမ္မာသမ္ဗုद्ध ဘုရားရှင်တို့သာ ထုတ်ဖော်ဟောကြားနိုင်တဲ့ "သာမုက္ကံသိက" ဒေသနာတော်ဆိုတာကလည်း မဂ္ဂင်ရှစ်ပါးအပါအဝင်ဖြစ်တဲ့ ဗောဓိပက္ခိယတရား(၃၇)ပါးသာဖြစ်ပါတယ်။ ကျန်တဲ့ ဒေသနာတော် များကတော့ "အနုပုဗ္ဗိကထာ"လို့ ခေါ်ပါတယ်။ လူတွေရဲ့ စိတ်ဓာတ်တွေ နူးညံ့သိမ်မွေ့လာစေဖို့၊ ကုသိုလ်ကောင်းမှုဘက်မှာ တက်ကြွတဲ့စိတ်တွေ ဖြစ်ဖို့၊ ရတနာမြတ် သုံးပါးနဲ့ လေးစားပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားကြည်ညိုစေဖို့၊ အသိဉာဏ်ကို ဖုံးကွယ်တတ်တဲ့ လောဘ, ဒေါသစတဲ့ နီဝရဏ တရားတွေ ကင်းစင်စေဖို့အတွက် ကမ္မဝါဒီ သူတော်ကောင်းတို့ရဲ့ ဟောရိုး ဟောစဉ်များဖြစ်ပါတယ်။ သုဂတိလမ်း၊ လောကီကောင်းကျိုး ချမ်းသာလမ်းတွေဆိုတာ သာသနာတွင်း သာသနာပဆိုတဲ့ ကာလ မခြား၊ ဗုဒ္ဓဘာသာနဲ့ တခြားဘာသာဆိုတဲ့ ဘာသာမခြား၊ အခါခပ်သိမ်း ခေတ်ကာလမရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ ဒေသမရွေးမှာ ရှိနိုင်တယ်ဆိုတာကို အမြင်ရှင်းရှင်း သံသယကင်းကင်းနဲ့ လက်ခံသဘောပေါက်ထားကြဖို့ပါပဲ။

❑

ကမ္မပစ္စည်းအကြောင်းရေးနေရင်းမှာပဲ စာမူကြမ်းကိုဖတ်ကြည့်နေတဲ့ တပည့်တစ်ဦးက "လောကမှာ ဘာမျှ လက်ကြောတင်းအောင်မလုပ်ဘဲ စားသောက်သုံးဖြုန်းနေကြတဲ့သူတွေလည်း ရှိနေတယ်၊ ဒီလိုလူတွေကျတော့ လုံ့လဝီရိယ မပါဘဲ ကံဟောင်းစားသက်သက်နဲ့ ချမ်းသာကို ခံစားနေရတာ မဟုတ်လား၊ အဲဒါကိုကျတော့ ဘယ်လိုပြောရမလဲ"ဆိုပြီး စောဒကတက်လာပါတယ်။ ဒီသံသယမေးခွန်းအတွက် အဖြေကတော့ -

http://www.dhammadownload.com

ပုဂ္ဂလပညတ်ပါဠိတော်၊ စတုက္ကပုဂ္ဂလပညတ္တိ အပိုဒ်(၁၆၇) နဲ့ အဋ္ဌကထာတို့မှာ အသက်မွေးဝမ်းကျောင်းပြုသူ လေးမျိုးကို ဟောကြား ဖွင့်ဆိုထားတာရှိပါတယ်။

(၁) ဝီရိယအကျိုးကိုသာ မှီပြီး အသက်မွေးမြူရတဲ့ (ဥဋ္ဌာနဖလူပဇီဝီ)ပုဂ္ဂိုလ်။

(၂) ကံအကျိုးကိုသာ မှီပြီး အသက်မွေးရတဲ့ (ပုညဖလူပဇီဝီ) ပုဂ္ဂိုလ်။

(၃) ဝီရိယအကျိုးနဲ့ ကံအကျိုး ၂ မျိုးလုံးကို မှီပြီး အသက်မွေးရတဲ့ (ဥဋ္ဌာနဖလူပပုညဖလူပဇီဝီ)ပုဂ္ဂိုလ်။

(၄) ဝီရိယအကျိုး ကံအကျိုး ၂ မျိုးလုံးကို မှီပြီး အသက်မွေးမြူခွင့်မရတဲ့ (နော ဥဋ္ဌာနဖလူပ နော ပုညဖလူပဇီဝီ) ပုဂ္ဂိုလ်ဆိုတဲ့ (၄)မျိုးတို့ပါ။

(၁) လောကမှာ ကျေးပိုင်ကျွန်ပိုင်ခေတ်တုန်းက ကျွန်ဖြစ်ရတဲ့ ပုဂ္ဂိုလ်တွေလို မနားမနေလုပ်ကိုင်လှုပ်ရှားနေပြီးမှ မသေရုံတမယ် စားရတဲ့ ပုဂ္ဂိုလ်မျိုးတွေ ဆိုတာရှိပါတယ်။ ငယ်ငယ်က ကြည့်ရဖူးတဲ့ "စပါတာကပ်" ဆိုတဲ့ ရောမခေတ် ရာဇဝင်ရုပ်ရှင်ဇာတ်ကားကြီးထဲမှာ ဒါမျိုးတွေကို ကြောက်ခမန်းလိလိ တွေ့မြင်ရဖူးပါတယ်။ အဲဒီလို ကျေးကျွန်မျိုးတွေတို့၊ တိရစ္ဆာန်လောကမှာလည်း သခင်ကခိုင်းတာကို ကျိုးကျိုးနွံနွံကြိုးစားမှ အစာကောင်းကောင်းစားကြရတဲ့ ဆင်တို့၊ မြင်းတို့၊ နွားတို့စတဲ့ သတ္တဝါမျိုးတွေဟာ လုံ့လဝီရိယကိုသာ မှီပြီး အသက်မွေးရတဲ့ "ဥဋ္ဌာနဖလူပဇီဝီ" အမျိုးအစားမှာ ပါဝင်ပါလိမ့်မယ်။

(၂) ပရနိမ္မိတ ဝသဝတ္တီဘုံကစပြီး အထက်ပြဟ္မာဘုံမှာ ဖြစ်ကြတဲ့ သတ္တဝါတွေကတော့ ဝီရိယကျိုးမဖက်ဘဲ ကံရဲ့အကျိုးသက်သက်ကိုသာ မှီပြီး အသက်မွေးရသူများ ဖြစ်ပါသတဲ့။ ပရနိမ္မိတ

http://www.dhammadownload.com

ဝသဝတ္တီနတ်တွေဆိုတာ စိတ်ထဲက တောင့်တလိုက်ရုံနဲ့ အနားမှာ ခစားနေတဲ့ အခြွေအရံနတ်တွေက အလိုကြိုက်၊ အလိုက်သိ ဖန်ဆင်းပြီး ဆက်သလုပ်ကျွေးပေးတာကို ဇိမ်နဲ့ ခံစားနေရုံပဲလို့ ဆိုပါတယ်။ ဒီလိုဆိုရင် အဲဒီခစားနေရတဲ့ အခြွေအရံနတ်တွေကကော ဘယ်လိုနေမလဲ၊ သူတို့လည်း ပရနိမ္မိတ ဝသဝတ္တီဘုံသားတွေပဲ မဟုတ်လားဆိုရင်တော့ သူတို့မှာ ပြုစုလုပ်ကျွေးရမည့် ကံကြွေးရှိတဲ့အတွက် "ဒီလိုခစား လုပ်ကျွေးမနေဘဲ လွတ်လွတ်လပ်လပ်နေရရင် ကောင်းမှာပဲ"လို့ တောင့်တခွင့်ရှိဟန် မတူပါဘူးလို့ပဲ ဖြေရပါလိမ့်မယ်။ ကိုယ်နဲ့ အလှမ်းဝေးလွန်းရင် သိပ်ပြီး အတွေးမခေါင်၊ အမေးမထူတာပဲ သံသယဝိစိကိစ္ဆာ နည်းပါလိမ့်မယ်။ သာသာနာ ကြုံကျိုးနပ်ရေး မှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကင်းရေးက အဓိကအရေးကြီးတာဖြစ်လို့ ဒီအချက်ကို အထူးသတိထားသင့်ပါတယ်။ အထက်ပြဟ္မာတွေက တော့ အထူးပြောစရာ မရှိပါဘူး။ မျက်စိနဲ့ နားတို့ကိုသာ ဘုရားဖူးဖို့ တရားနာ ဖို့လောက်တောင့်တ အသုံးချ တတ်ကြတာဖြစ်ပြီး အာရုံခံစားလိုမှု အထွေအထူး မရှိတဲ့အတွက် ကံဟောင်းစားသက်သက်နဲ့ "ပီတိစားအားရှိ" စစ်စစ်ဘုံသားတွေဖြစ်လို့ အေးအေးဆေးဆေးပဲဖြင့် ဒနမှာပါ။

(၃) လူပြည်မှာ ထင်ရှားကျော်ကြားတဲ့ မင်းပုဏ္ဏား၊ သူဌေးသူကြွယ်တို့ကစလို့ နတ်လောကမှာလည်း ဘုမ္မစိုးနတ်ကစပြီး နိမ္မာနရတိနတ်ဘုံသားတို့အထိ ပုဂ္ဂိုလ်တွေအားလုံး ကံကျိုး၊ ဝိရိယကျိုး နှစ်မျိုးလုံးမှီပြီး အသက်မွေးရတာပါ။

ဒီလောကမှာ လုပ်မှု စားရသည်၊
အလုပ်မဲ့ ချို့တဲ့ရချေမည်။
လုပ်နိုင်မှ လုပ်ခ ရကြသည်၊
ငါလုပ်ခ ငါရ ကြိုးပန်းမည်။ . . ဆိုတဲ့ ခံယူချက်မျိုး ရှိကာမှ တန်ကာကျပါလိမ့်မယ်။

http://www.dhammadownload.com

ဟုတ်ပါတယ်။ 'လုပ်မှ စားရသည်' ဆိုတာ လူတွေမှာသာ မကပါဘူး နတ်တွေ သိကြားတွေလည်း အတူတူပါပဲ၊ ဒါကြောင့်လည်း စာတုမဟာရာဇနတ်မင်းတို့၊ သိကြားမင်းတို့ ဆိုတာတွေ မြတ်စွာဘုရားထံ တရားနာတဲ့အခါ အေးအေးဆေးဆေး ထိုင်ပြီး တော့တောင် မနာနိုင်ကြဘူး၊ လက်အုပ်ချီပြီး မတ်တတ်ရပ်လျက်ပဲ နာသတဲ့။ ပြီးတာနဲ့ အမြန်ပြန် နိုင်ဖို့ပါတဲ့။ ဒါကြောင့်လည်း တရားပွဲပြီးတာနဲ့ တစ်ပြိုင်နက် ဘုရားရှင်ကို လက်အုပ်ချီကန်တော့ပြီး "ဂဠာမ မယံ ဘန္တေ၊ ဗဟုကိစ္စာ မယံ ဗဟုကရဏီယာ ။ တပည်တော်တို့မှာ ပြုဖွယ်ကိစ္စတွေများ(အလုပ်တွေရှုပ်)တဲ့အတွက် သွားပါရစေဦး ဘုရား" ဆိုပြီး ချက်ချင်းပဲ ပြန်ကြတယ်လို့ ပိဋကတ်တော်တွေမှာ တွေ့ရပါတယ်။

မေးခွန်းရှင်မေးတဲ့ သူဌေးသားဆိုသူတွေလိုပဲ နတ်ပြည်လောကမှာလည်း နတ်မင်းတို့၊ သိကြားမင်းတို့ရဲ့ သားတွေထဲမှာလည်း ခပ်ဖျင်းဖျင်း၊ ခပ်ပေပေ၊ ခပ်ပွေပွေဆိုတာတွေရှိပုံရပါတယ်။ သက္ကသံယုတ်၊ 'သုသီမ'သုတ်မှာ အသုရာတို့က နတ်ပြည်ကို စစ်ချီတက်လာတဲ့ အခါ သိကြားမင်းက သားတော် သုသီမနတ်သားကို ကြိုတင်ချီတက်တိုက်ခိုက်ဖို့ သုံးကြိမ်တိုင်တိုင် တိုက်တွန်းပါတယ်။ သုသီမနတ်သားက သုံးကြိမ်လုံးပဲ "အင်း . . အဲ . . ဟုတ်ကဲ့ပါ၊ ကောင်းပါပြီ" ဝန်ခံပြီး ဒီအတိုင်းပဲ ဖျင်းရိမ့်လျော့နေတယ်၊ ဒါနဲ့ သိကြားမင်းက သူ့သား သုသီမကို ခပ်ငေါ့ငေါ့လေး ပြောလိုက်ပုံကတော့ "သုသီမ . . ထကြွလုံ့လနဲ့ အားထုတ်မှုမရှိဘဲ ချမ်းသာကို ရနိုင်တဲ့ အရပ်ရှိရင် သင်လည်း အဲဒီအရပ်ကို သွားပါ၊ ငါ့ကိုလည်း အဲဒီအရပ်ကို ပို့ပေးပါ" တဲ့။

ဒါကြောင့်လည်း ဘုရားရှင်က "နတ်တို့အရှင် သိကြားမင်း ပင်ဖြစ်သော်လည်း ကိုယ်တိုင်လည်း ထကြွလုံ့လဝီရိယနဲ့သာ ချမ်းသာ

http://www.dhammadownload.com

ကို ရှာဖွေခံစားရတယ်၊ ထကြွလုံ့လရှိသူတို့ရဲ့ ဂုဏ်ကျေးဇူးကိုသာ ခီးကျူးပြောဆိုလေ့ရှိတယ်၊ ရဟန်းတို့ သင်တို့လည်း မရောက်သေးတဲ့ တရားအဆင့်ရောက်အောင်၊ မရသေးတဲ့တရားထူး တရားမြတ်ကို ရရှိအောင် အားထုတ်၊ စေ့ဆော်၊ လုံ့လပြုကုန်လော့"လို့ မိန့်ကြား ပါတယ်။(သံ၊၁-၂၁၈။ သံမြန်-၂၀၄)

ပိဋကတ်လာ ဒီသာဓကများကို အခိုင်အမာထောက်ထားပြီး လူပြည်မှာ ဉာဏ်ဝီရိယမပါဘဲ 'ကံ' သက်သက်နဲ့ ချမ်းသာသုခကို မရနိုင်ဘူးလို့ မုချမှတ်သင့်ပါတယ်။ တကယ်လို့ ကံဟောင်းစားအဖြစ်နဲ့ ရရှိတယ်ဆိုရင်လည်း အခိုက်အတန့်ပဲ ဖြစ်မှာပါ။ အများကြားသိဖူးတဲ့ ကုဋ္ဌေရှစ်ဆယ်သူဌေးသားတို့လို့ပဲ လင်ကိုမယား နှစ်ဘက်အမွေတွေ ကုဋ္ဌေ(၁၆၀)ရရှိပေမယ့် ဉာဏ်ဝီရိယ ပယောဂချို့တဲ့ကြတဲ့ အတွက်နောက်ဆုံမှာ အစားလက်မဲ့ တရားလက်မဲ့နဲ့ ခွက်လက်စွဲ တောင်းစားပြီး မြောင်းကြားမှာပဲ ဘဝဆုံးသွားရမှာ မလွဲပါဘူး။

(၄) အပါယ်ငရဲမှာ ကျရောက်ခံစားနေရတဲ့ သတ္တဝါတို့ ကတော့ ဝီရိယအကျိုး၊ ကံအကျိုးနှစ်မျိုးလုံးကို မှီပြီး အသက်မွေး မြူခွင့် မရကြဘူး၊ ကံကြွေးကို ဒုက္ခချည်းသက်သက်ခံစားရင်း မကျေမချင်း ပေးဆပ်နေရသူများ ဖြစ်ပါတယ်။

ကံကောင်းခြင်း၊ ကံဆိုးခြင်းနဲ့ပတ်သက်ပြီး မြတ်စွာဘုရား ရှင် ဟောကြားချက်များကို အခြေခံပြီး ရှေးဆရာတော်ကြီးများ မိန့်ကြားချက်များကလည်း ကမ္မပစ္စည်းကို ဘက်စုံ ထောင့်စုံမှ နားလည်ရေးအတွက် အရေးကြီးပါတယ်။ ဆုံးမချက်များကတော့-

*** ကံကောင်းမှာလည်း၊ ကောင်းခြင်းငါးဖြာ၊ ထောက်ပံ့ ပါမှ၊ ကောင်းကျိုးရ၏။**

ဆိုးခြင်း ငါးဖြာ ကြုံရပါမူ၊ ကောင်းရာနှင့်ဝေး၊ ကံ နုန့်နှေး၏။

http://www.dhammadownload.com

*** ဆိုးကံမှာလည်း၊ ဆိုးခြင်းငါးဖြာ၊ ထောက်ပံ့ပါမှ၊ ဆိုးကျိုးရ၏။**

ကောင်းခြင်းငါးဖြာ ကြုံရပါမူ၊ ဆိုးရာနှင့်ဝေး၊ ကံနုန့်နှေး၏ - တဲ့။

ဒီစကားထဲမှာ "ကောင်းခြင်းငါးဖြာ"ဆိုတာ သမ္ပတ္တိတရားငါးပါးကို ပြောတာပါ။ သမ္ပတ္တိတရားငါးပါးကတော့ -

(၁) ကောင်းတဲ့ဘုံဘဝ၊ ကောင်းတဲ့ နေရာဌာနတို့နှင့် ပြည့်စုံခြင်း (ဂတိသမ္ပတ္တိ)။

(၂) လူအများလေးစားကြည်ညိုနှစ်သက်စေလောက်တဲ့ ရုပ်ဆင်းအဂါနှင့် ပြည့်စုံခြင်း (ဥပဓိသမ္ပတ္တိ)။

(၃) မိမိကိုယ်စွမ်း ဉာဏ်စွမ်းတို့ကို အသုံးချခွင့်ရလောက်အောင် တန်းဖိုးထားတဲ့ အခါကာလနှင့် ကြုံကြိုက်ခြင်း (ကာလသမ္ပတ္တိ)။

(၄) ချိန်သင့်ခါညီပြုမူကြိုးစားတဲ့ လုံ့လဝီရိယကောင်းနှင့် ပြည့်စုံခြင်း (ပယောဂသမ္ပတ္တိ)။

(၅) အမြော်အမြင်၊ ဉာဏ်ပညာ၊ ဗဟုသုတနှင့် ပြည့်စုံခြင်း (ဉာဏသမ္ပတ္တိ)တို့ ဖြစ်ပါတယ်။

"ဆိုးခြင်းငါးဖြာ"ဆိုတာကတော့ ဒီကောင်းခြင်းငါးဖြာချို့တဲ့ယိုယွင်းတဲ့ ဝိပတ္တိ (၅)ပါးပဲ ဖြစ်ပါတယ်။

လူတစ်ယောက်မှာ ကံမျိုးစေ့ကောင်းတွေကို ပိုင်ဆိုင်ထားရသော်လည်း သမ္ပတ္တိတရားငါးပါးတို့နှင့် ပြည့်စုံကြုံကြိုက်မှသာ ကံမျိုးစေ့တို့ ဖွံ့ဖြိုးပြီး ကောင်းကျိုးတွေ ဖြိုင်ဖြိုင်ထွားထွားကြီးမားတဲ့ ကောင်းကျိုးကို ပေးနိုင်တယ်။ ဝိပတ္တိငါးပါးနဲ့ ကြုံကြိုက်ရတဲ့ အခါမျိုး မှာတော့ ကုသိုလ်ကံမျိုးစေ့များ ဖွံ့ဖြိုးမှုနုန့်နှေးပြီး ကြီးမားတဲ့အကျိုး မပေးနိုင်ပါဘူး။

http://www.dhammadownload.com

အကုသိုလ်ကံမျိုးစေ့တွေလည်း အလားတူပါပဲ၊ ဝိပဿတ္တိတရားငါးပါးနဲ့ ကြုံကြိုက်တဲ့အခါမှာသာ အကုသိုလ်မျိုးစေ့တွေ ဖွံ့ဖြိုးတိုးပွားပြီး ဆိုးဝါးတဲ့ ဒုက္ခတွေကို ခံစားရပါတယ်။ သမ္မတ္တိငါးပါးနဲ့ ကြုံနေချိန်မှာတော့ အကုသိုလ်မျိုးတွေလည်း နုန့်နှေးတိမ်မြုပ်ပြီး ဆိုးကျိုးတွေ ဆိုင်းငံ့တိမ်မြုပ်နေတတ်ပါတယ်။ သမ္မတ္တိငါးပါးကြုံခိုက် အခွင့်ကောင်းကို အသုံးချ ကြိုးစားခဲ့ရင်တော့ အကုသိုလ်မျိုးတွေဟာ လုံးဝဆိတ်သုဉ်းပျောက်ကွယ်လို့လဲ သွားနိုင်ပါတယ်။ ကုသိုလ်ကမ္မသတ္တိနဲ့ အကုသိုလ် ကမ္မသတ္တိတို့ရဲ့ ခြားနားတဲ့အချက်က ကုသိုလ်တရားများက "ဘာဝေတဗ္ဗတရားများ"ဖြစ်တဲ့အတွက် တိုးပွားဖြစ်ထွန်းတတ်ပါတယ်။ အကုသိုလ်တရားများကတော့ "ပဟာတဗ္ဗတရားများ" ဖြစ်တဲ့အတွက် ကုသိုလ်ကံအားကြီးအောင် ကြိုးစားဖယ်ရှားလျှင် လျော့ပါးပျောက်ကွယ်တတ်တဲ့ သဘောရှိပါတယ်။ ဒီခြားနားချက်ကိုလဲ အလေးအနက်သိထားသင့်ပါတယ်။

(၁) ကောင်းခြင်းငါးဖြာဆိုတဲ့အထဲမှာ နံပါတ် (၁) 'ဂတိသမ္မတ္တိ'ဆိုတာ ဖြစ်တည်ရာဘုံဘဝ၊ ဖြစ်ရာအရပ်၊ နေရာ အရပ်တို့ကို ပြောတာပါ။ နေရာဒေသကောင်းမှာ ဖြစ်တည်ရခြင်းဟာ ကောင်းကျိုးချမ်းသာအတွက် အရေးပါပုံနှင့် ပတ်သက်လို့ ဇာတ်တော်ထဲမှာတော့ နွားခြေရာကွက်ခြောက်(ခွာယောင်း=ခယောင်း) နေရာကို နေခွင့်ရရှိတဲ့ ဘီလုံးဌက်မက သိန်းစွန်ကိုပင် စစ်ဘက်ပြိုင်ပြီး အနိုင်ရဖူးတဲ့ သာဓကတွေဟာ ထင်ရှားပါတယ်။

သုဂတိဘုံဘဝချင်းတူရင် လူပြည်သုဂတိဘုံထက်နတ်ပြည်သုဂတိဘုံက ချမ်းသာသုခကို ပိုပြီးရလွယ်တယ်။ လူပြည် လူ့ဘုံဘဝချင်း အတူတူဖြစ်ရင်လည်း ရေခံမြေခံ၊ ဘာသာ သာသနာ၊ ယဉ်ကျေးမှုကောင်းများနဲ့ အသိပညာအတတ်ပညာရှာဖွေဖို့ အထောက်အကူကောင်းရှိတဲ့ အရပ်ဒေသက ဂတိသမ္မတ္တိပိုဖြစ်

http://www.dhammadownload.com

ပါတယ်။ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ကံစွမ်းတွေ အစွမ်းရှိသမျှ အစ ဖော်ပေးတတ်တဲ့ အသိပညာ အတတ်ပညာ အထောက်အကူတွေ၊ လေ့လာသင်ယူစရာတွေချို့တဲ့ရင် ဂတိဝိပတ္တိဖြစ်သွားပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ကံစွမ်းတွေလည်း အစပျောက်ကာ အစွမ်းမပြနိုင် ဖြစ်သွားတတ်ပါတယ်။ ပညာရှင်ချင်းတူသော်လည်း ပညာစွမ်း ပြခွင့်ရတဲ့ အရပ်ဒေသ၊ ပညာကို တန်ဖိုးထားတတ်တဲ့ အရပ်ဒေသတွေမှာ ပညာရှင်တို့ရဲ့ ဘဝဟာ ပိုမြင့်မားတယ်ဆိုတာ 'ဂတိသမ္ပတ္တိ' အထောက်အကူရလို့ပါ။ ပညာ စွမ်းပြခွင့် မရတဲ့ဒေသ၊ ပညာကို တန်ဖိုးမထားတတ်တဲ့ ဒေသတွေမှာ ပညာရှင်တို့ရဲ့ ဘဝနုံချာမှေးမှိန် နေရတာဟာ ဂတိဝိပတ္တိကြောင့်ပဲ ဖြစ်ပါတယ်။

ကုသိုလ်ကံရှိပင် ရှိသော်လည်း နှလုံးသွင်းချွတ်ချော်ပြီး ဒုဂ္ဂတိဘုံဘဝ ကျရောက်နေခိုက်များမှာလည်း ကုသိုလ်ကံတို့ရဲ့ ကောင်းကျိုး ပေးခွင့်မရကြပါဘူး။ ဒါလည်း ဂတိဝိပတ္တိရဲ့ အပြစ်ပါပဲ။ အကုသိုလ်ကံတွေမှာလည်း အလားတူပါပဲ၊ လောကဖြစ်ရပ် တွေကို ကြည့်မယ်ဆိုရင် အချို့ပဋ္ဌိသန္ဓေအားဖြင့် ဂတိဝိပတ္တိမှာ ကျရောက်ခဲ့ရပေမယ့် ပဝတ္တိအခါမှာ ဂတိသမ္ပတ္တိ အထောက်အကူရပြီး ချမ်းသာသုခ ရရှိခံစားရတာမျိုးလည်း ရှိတတ်ပါတယ်။ ဥပမာ စကြာမင်းတို့ရဲ့ ဆင်ရတနာ၊ မြင်းရတနာတို့ဆိုတာ တိရစ္ဆာန်ဂတိဆိုတဲ့ ဂတိဝိပတ္တိမှာ ဖြစ်ရပေမယ့် မင်းသုံး ဆင်ရတနာ၊ မြင်းရတနာ ဖြစ်ရခိုက်မှာ ပြဿာဒ်ဘုံဗိမာန်နဲ့၊ ပိုးဖဲကတ္တိပါတင်းတိမ်အရံအကာများနဲ့၊ ကော်ဇော အခင်းနဲ့ မွန်မြတ်တဲ့ အစားအစာများကို ရရှိတာဟာ ပဝတ္တိ ဂတိသမ္ပတ္တိရဲ့ အထောက်အကူကြောင့်ရရှိခြင်းပါပဲ။ ဒါပေမယ့် ဒါတွေဟာ ရုပ်ဝတ္ထုပစ္စည်းတွေသာဖြစ်လို့ အရေးတော့မပါလှပါဘူး။ ပဋ္ဌိသန္ဓေက အဟိတ်ဖြစ်နေတဲ့အတွက် အခြေခံသမ္ပတ္တိတရား ချို့တဲ့ပါတယ်။ တိရစ္ဆာန်မှန်သမျှဟာ မဂ်ဖိုလ်နဲ့ဖီလာကန့်လန့် ဖြစ်နေတာကိုတော့ ရှောင်လွှဲဖယ်ရှားလို့ မရပါဘူး။

http://www.dhammadownload.com

ကမ္မပစ္စည်းနဲ့ ဟေတုပစ္စည်းနှစ်ခုတို့ကို ခြုံငုံပေါင်းရုံးပြီး နားလည်သဘောပေါက်သူများအနေနဲ့တော့ တိဟိတ် လူသားဆိုတဲ့ အခြေခံဂတိသမ္ဘတ္တိနဲ့ အဟိတ်တိရစ္ဆာန်ဆိုတဲ့ အခြေခံဂတိဝိပ္ပတ္တိတို့ရဲ့ ခြားနားချက်ကို နားလည်သဘောပေါက်ကြမှာပါ။ ဒါကိုနားမလည်သူများအနေနဲ့တော့ ရုပ်ပစ္စည်းဝတ္ထုကိုသာကြည့်ပြီး စကြာမင်းရဲ့ ဆင်ဖြူတော်၊ မြင်းဖြူတော်တို့ဘဝဟာ ဂိဟိတ်လူသား ဆင်ထိန်း၊ မြင်းထိန်းတို့ထက် သာတယ်လို့ထင်ကောင်း ထင်နေပါလိမ့်မယ်။ ကြားဖူးတဲ့ ဖြစ်ရပ်တစ်ခုကတော့ - သူဌေးသမီးတစ်ယောက်က အကောင်းစား ကားကြီးတစ်စီးပေါ်မှာ စီးနင်းလိုက်ပါရင်း သူ့အချစ်တော် ခွေးကလေးကို ပွေ့ပိုက်နမ်းရှုပ်နေတာကိုကြည့်ပြီး တံခါးစောင့်တဲ့လူက "ဒီခွေးလေးရဲ့ ဘဝနဲ့ သူ့ဘဝကိုလဲ လဲချင်စမ်းပါဘိ" လို့ တောင့်တမိသတဲ့၊ ဒါမျိုးကတော့ ရာဂုမ္ဘတ္တက(ရာဂရူး) ဆန်လွန်းတဲ့ အတွေးမျိုးပါ။ တကယ်တော့ ဘယ်လိုထားလို့ ဘယ်လိုပဲ နေရနေရ၊ ဘာတွေပဲ စားရစားရ ခွေးဆိုတာ ခွေးပါပဲ။ ဒီအမြင်ဟာ ရှင်းရှင်းလေးလို့ ထင်ရပေမယ့် အလွန်အရေးကြီးပါတယ်။ **ခွေးကို ခွေးလို့ မမြင်တတ်ရင် သူဌေးအိမ်က တံခါးစောင့်လို လူစင်စစ်က ခွေး ဖြစ်ချင်စိတ် ပေါ်နေတတ်ပါတယ်။**

(၂) ရုပ်ဆင်းအဂ်ါလှပတင့်တယ်ခြင်းဆိုတဲ့ ဥပဓိသမ္ဘတ္တိကလည်း ကုသိုလ်ကံတို့ရဲ့ အကျိုးပေးခွင့်ကို အထောက်အပံ့ပြုသလို၊ ရုပ်ဆင်းအဂ်ါချို့တဲ့ခြင်းဆိုတဲ့ ဥပဓိဝိပ္ပတ္တိဖြစ်ရင်လည်း ကုသိုလ်ကံ အကျိုးပေးခွင့်ကို နှောက်ယှက်ဟန့်တားနိုင်ပါတယ်။ ရှင်ဘုရင့်သားချင်း အတူတူဖြစ်ခဲ့ရင်တောင် ဥပဓိရုပ်တင့်တယ်သူက အိမ်ရှေ့မင်း အရာကိုရပြီး ရှင်ဘုရင့်အရိုက် အရာကိုရတယ်။ ဥပဓိရုပ် မတင့်တယ်သူက အဆင့်နိမ့်ရာထူးများကိုသာ ရတယ်ဆိုတဲ့ ဖြစ်ရပ်တွေ၊ ဇာတ်နိပါတ်တော်မှာတွေရော ရာဇဝင်တွေမှာပါ များစွာရှိပါတယ်။

http://www.dhammadownload.com

သီဟိုဠ်ကျွန်းမှာ 'သာမာ'ဆိုတဲ့ မိန်းကလေးဟာ ဆင်းရဲတဲ့ အမျိုးအနွယ်မှာ ဖြစ်ရတဲ့အတွက် နန်းတွင်းမှာ မွေးဖွားသူများနဲ့ စာလျှင် မွေးဖွားရာဒေသအားဖြင့် ဂတိသမ္ဘတ္တိအကြီးစား မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ရဲ့ ရုပ်ဆင်းအင်္ဂါ ဥပဓိသမ္ဘတ္တိက ပဝတ္တိကျိုးကို ဖြစ်စေတဲ့ ကုသိုလ်ကံတွေကို ထောက်ပံ့ပေးလိုက်တဲ့အတွက် နန်းတွင်းသူများကို ကျော်လွန်ပြီး 'သာမာဒေဝီမိဖုရားကြီး'ဆိုပြီး ဖြစ်ရပါတယ်။

တိရစ္ဆာန်ဆိုတဲ့ ဂတိဝိပတ္တိမှာ ဖြစ်ရပြီး ကြန်အင်လက္ခဏာ ဥပဓိသမ္ဘတ္တိနဲ့ ပြည့်စုံတဲ့ ဆင်တို့ မြင်းတို့လို ထီးသုံး နန်းသုံး ဆင်ရတနာ၊ မြင်းရတနာများအဖြစ် သတ်မှတ်ပြီး သူကောင်းပြုခံရတာတွေဟာလည်း ဥပဓိသမ္ဘတ္တိက ပဝတ္တိကျိုးကို ဖြစ်စေတဲ့ ကုသိုလ်ကံတွေကို ထောက်ကူပေးလို့ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မြန်မာတို့ အထူးသတိပြုသင့်တာကတော့ "ဥပဓိသမ္ဘတ္တိ" ဆိုတာ မွေးရာပါ ရုပ်ရည်လှပတင့်တယ်ခြင်းဆိုတဲ့ "ဇာတိ ဥပဓိသမ္ဘတ္တိ"ရယ်၊ ကိုယ်ကျင့်တရား အသိတရားများနှင့်အညီ မိမိရဲ့မျက်စေ့ နား နှာစတဲ့ ဣန္ဒြေတွေကို စောင့်စည်း၊ ကျင့်သုံး၊ တည်ဆောက်ထားတဲ့ "အာစာရ ဥပဓိသမ္ဘတ္တိ"ရယ် နှစ်မျိုးရှိတယ် ဆိုတဲ့အချက်ပါပဲ။

ဒီနှစ်မျိုးထဲမှာလည်း ကိုယ်ကျင့်တရား၊ အသိတရားများနဲ့ အညီ အမြဲသတိထားပြီး တည်ဆောက်ထားတဲ့ အာစာရ ဥပဓိသမ္ဘတ္တိက အရေးကြီးပါတယ်။ ဇာတိဥပဓိရုပ်က ကံစွမ်း ကံစအဖြစ်နဲ့ ရရှိထားတာဖြစ်လို့၊ ကံကသာပိုင်တယ်၊ ကိုယ်ပိုင် အစစ်မဟုတ်သေးပါဘူး။ အာစာရဥပဓိရုပ်ကသာ ကိုယ်စွမ်းကိုယ်စနဲ့ တည်ဆောက်ပြီး ရရှိထားတာဖြစ်လို့ ကိုယ်ပိုင် အစစ်ဖြစ်ပါတယ်။ အလေးအနက်စဉ်းစားကြည့်ပါ၊ ဒါဟာ အလွန်အရေးကြီးပါတယ်။ အချို့ပုဂ္ဂိုလ်

http://www.dhammadownload.com

တွေဟာ မွေးရာပါ ဥပဓိရှုပ်က ချောမောလှပတင့်တယ်နေပေမယ့် မာနတွေ ဒေါသတွေ ခက်ထန်တဲ့အခါ သူ့မျက်နှာဟာ ဘယ်လိုမှ တင့်တယ်လှပမှု မရှိတော့ဘူး၊ ချစ်ခင်စရာမရှိတော့သည့်အပြင် ကြောက်ရွံ့စရာ၊ စက်ဆုပ်စရာ၊ ရွံမုန်းစရာတောင် ကောင်းလာတာကို တွေ့ရပါလိမ့်မယ်။

အချို့ကျတော့ မွေးရာပါ ဇာတိဥပဓိရှုပ် လှပတင့်တယ်မှု မရှိသော်လည်း သူ့ရဲ့ ကိုယ်ကျင့်တရား၊ အသိတရား မေတ္တာကရုဏာ စတဲ့ ပြဟ္မစိုရ်တရားများနဲ့ ယှဉ်တဲ့စိတ်နေစိတ်ထားစတဲ့ အာစာရ ဥပဓိသမ္ပတ္တိကြောင့် မျက်နှာက အပြစ်ကင်းစင် ကြည်လင် ဝင်းပပြီး လေးစားခင်မင်လောက်အောင် အလွန်ကျက်သရေရှိနေတာကိုလည်း တွေ့ဖူးကြမှာပါ။

မြတ်စွာဘုရားရှင်လက်ထက်က အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿပရိဗိုဇ်က အရှင်အဿဇိမထေရ်မြတ်ကို မြင်လိုက်ရတာနှင့် လေးစားကြည်ညိုစိတ်ဖြစ်ပေါ်သွားတာတို့၊ သီရိဓမ္မာသောကမင်းတရားကြီးက နိဂြောဓသာမဏေကို တစ်ခါ တွေ့မြင်လိုက်ရတာနဲ့ ကြည်ညိုကိုးကွယ်သွားကြတာတို့ စတာတွေ ဟာ အရှင်မြတ်တို့ရဲ့ အာစာရဥပဓိရှုပ်ကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။ ရှင်ရဟန်းတို့မှာတော့ ဒီလို အာစာရဥပဓိရှုပ်အဆင်းနဲ့ ပြည့်စုံတာကို ဣန္ဒြိယသံဝရသီလနဲ့ ပြည့်စုံတယ်လို့ ဆိုရပါတယ်။ လူတို့ကိုတော့ ဣန္ဒြေသမ္ပတ္တိရှိတယ်၊ ဣန္ဒြေရတယ်၊ ဣန္ဒြေရှင်စသည် ပြောဆို သတ်မှတ်ကြပါတယ်။

ဇာတိဥပဓိရှုပ်နဲ့ အာစာရဥပဓိရှုပ်တို့ရဲ့ အဓိကခြားနားချက် တွေကတော့ ဇာတိဥပဓိရှုပ်က ကြာလေအိုမင်းယိုယွင်းလေဖြစ်တယ်၊ ငယ်ရွယ်နုပျိုချိန်မှာသာ တင့်တယ်ပြီး အိုလာလေ ပစ်ပယ်ခံရ လေဆိုတဲ့ "အိုပယ် ဥပဓိရှုပ်"မျိုးဖြစ်တယ်။ အာစာရဥပဓိရှုပ်ကတော့

http://www.dhammadownload.com

"သီလံ ယာဝဇရာ သာဓု" ဆိုတဲ့အတိုင်း "ကြာလေ ကောင်းလေ၊ အိုလေ ပိုတင့်တယ်လေ"ဆိုတဲ့ "အိုကြွယ်ဥပဓိရုပ်"မျိုးဖြစ်တယ်။ သက်တော် ဝါတော်ကြီးရင့်တဲ့ သူတော်စင်များကို နတ်လူအပေါင်းက ပိုပြီး လေးစားကြည်ညိုကြတာဟာ "အိုမင်းတင့်တယ်မှု"ကိုဖြစ်စေတဲ့ အာစာရ ဥပဓိသမ္ဘတ္တိ။

ပြီးတော့ ဇာတိဥပဓိရုပ်ဆိုတာက သူတစ်ပါးတွေ ကြည့်ပြီး ကျေနပ်စေတဲ့ "သူတစ်ပါးအတွက် ဥပဓိရုပ်"မျိုးဖြစ်တယ်။ အာစာရ ဥပဓိရုပ်ကတော့ ကိုယ့်သီလ ကိုယ့်ကိုယ်ကျင့်တရားတို့ကို ကိုယ်ကိုယ်တိုင် ပြန်ကြည့်လိုက်တိုင်း အားတက်စရာ၊ အားရကျေနပ်စရာ ဖြစ်စေတဲ့ အနုဿတိကမ္မဋ္ဌာန်းစာရင်းဝင် ဥပဓိရုပ်များ ဖြစ်ပါတယ်။ ဇာတိဥပဓိရုပ်ဆိုတာ ယခုဖြစ်ဆဲ တစ်ဘဝမှာတောင် သက်တမ်းပြည့်ခံတဲ့ အမျိုးအစား မဟုတ်ပါဘူး။ အာစာရ ဥပဓိရုပ်ကတော့ နိဗ္ဗာန်ရောက်တဲ့အထိ ကြာရှည်ခံတဲ့ တော်ဝင်ဂုဏ်မြောက် ပါရမီဥပဓိရုပ်မျိုးလည်း ဖြစ်ပါတယ်။ ဣန္ဒြေခြောက်ပါးလုံးကို စောင့်ရှောက်ထိန်းသိမ်းပြုပြင်ထားတဲ့ အာစာရဥပဓိရုပ်ဆိုတာ "နာညတြိန္ဒြိယ သံဝရာ၊ သောတ္ထိ ပဿာမိ ပါဏီနံ ။ ဣန္ဒြေစောင့်စည်းမှုကို မပါဘဲ သတ္တဝါတို့ရဲ့ ချမ်းသာခြင်းကို ငါမမြင်" (သံ၊၁၊၅၂)ဆိုတဲ့အတိုင်း သတ္တဝါ အားလုံးတို့အတွက် လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာရရေး၊ ဘေးအန္တရာယ်ကင်းဝေးရေးအတွက်လည်း မရှိမဖြစ်လိုအပ်တဲ့ ဥပဓိရုပ်မျိုးဖြစ်ပါတယ်။ ကံမျိုးစေ့များကို အကြီးကျယ်ဆုံး အမြင့်မားဆုံး အသီးအပွင့်များအဖြစ်ရောက်အောင် ကူညီထောက်ပံ့ပေးတဲ့တရား လို့ ဆိုရင်မမှားပါဘူး။

လောကီကောင်းကျိုးချမ်းသာအတွက် ဥပဓိရုပ်ဆိုတာ လှပတင့်တယ် ရှုကြည့်စဘွယ်ဖြစ်ပြီး မြင်သူတိုင်းက လေးစားနှစ်ချိုက် ကျေနပ်စရာဖြစ်စေလောက်တဲ့ ဝတ်စားဆင်ယင်မှု အပါအဝင်

http://www.dhammadownload.com

အသွင် အပြင်၊ အမူအရာ၊ ကြိယာတန်ဆာပလာ၊ ပြောဟန်ဆိုဟန်၊ မျက်နှာနေ မျက်နှာထားများပါအားလုံး အကျုံးဝင်တဲ့အတွက်၊ မိမိအပေါ် အချစ်ပျက်သုဉ်းပြီး အမုန်းပွားစေတဲ့ အသွင်အပြင် အမူအရာများကို ရှောင်ရှားပြီး "မျက်နှာမြင် ချစ်ခင်စေ"ဆိုတဲ့ အသွင်အပြင် အမူအရာ ဥပမိရှုပ်မျိုးထားရှိ ကျင့်ဆောင်ရေးဟာ အလွန်အရေးပါပါတယ်။ စျေးဆိုင်နှစ်ခုဟာ နေရာအကွက်အကွင်း၊ ရောင်းကုန်ပစ္စည်းစျေးနှုန်းချင်း အတူတူပင်ဖြစ်လင့်ကစား မေတ္တာစိတ်ထားပြီး မျက်နှာထား ကြည်လင်သူ၊ အပြောအဆိုယဉ်ကျေးသိမ့်မွေ့သူ၊ ကိုယ်နှုတ်စိတ် သုံးပါးလုံး နူးညံ့ပြေပြစ်သူရဲ့ဆိုင်က ပိုပြီး ရောင်းကောင်းတယ်၊ စီးပွားပိုဖြစ်တယ်ဆိုတာ အာစာရဥပမိရှုပ်ရဲ့ အစွမ်းတွေကြောင့်ပဲ ဖြစ်ပါတယ်။

မိမိရဲ့ ခန္ဓာကိုယ်မှာသာမက လောကီရေး ကြီးပွားချမ်းသာဖို့အတွက် မိမိတို့ထုတ်လုပ်တဲ့ ပစ္စည်းဝတ္ထုများမှာလည်း ဥပမိရှုပ်က အလွန် အရေးကြီးပါတယ်။ မြန်မာပြည်တွင်းဖြစ် ပစ္စည်းအချို့၊ အထူးသဖြင့်တော့ သဘာဝရင်းမြစ်နဲ့ ပြုလုပ်တဲ့ ပစ္စည်းတွေဟာ နိုင်ငံခြားတိုင်းပြည်ကြီးတွေမှာ ကျော်ကြားတဲ့ အချို့ပစ္စည်းများထက်ပင် အရည်အသွေးအားဖြင့် သာလွန်ကောင်းမွန်တယ်လို့ ဆိုပါတယ်။ သို့သော် ထုပ်ပိုးပြင်ဆင်မှု၊ ဆေးသုတ်မွန်းမံမှု၊ အရောင်တင်မှုစသည်ညံ့ဖျင်းတဲ့အတွက် ဥပမိရှုပ်မှာ မယှဉ်သာလို့ စျေးကွက်မှာ မျက်နှာပန်းမလှဖြစ်ရတယ်လို့ ပြောကြပါတယ်။ ဂျပန်နိုင်ငံမှာရှိတဲ့ မြန်မာသံရုံး ဧည့်ခံပွဲတစ်ခုမှာ မြန်မာ့ရိုးရာ မုန့်ဟင်းခါးကို စားခဲ့ရတဲ့ နိုင်ငံခြားသားတစ်ယောက်က မြန်မာပြည်ရောက်တဲ့အခါမှာလည်း မုန့်ဟင်းခါးစားချင်လို့ ဆိုင်ကိုသွားကြည့်တော့ ဟင်းနုံ့က စားချင်စဖွယ်ရှိပေမယ့် ခင်းကျင်းပြင်ဆင်ထားပုံက ကျန်းမာရေးအတွက် အန္တရာယ်မကင်းဘူးဆိုတာ တွေ့မြင်ပြီး မစားဘဲလှည့်ပြန်ခဲ့ပါသတဲ့။

http://www.dhammadownload.com

ဥပဓိရုပ်ဆိုတာ ကံကောင်းခြင်းရဲ့ တည်ရာအဖြစ်နဲ့ အဲဒီလောက် အထိ အရေးပါတဲ့ကိစ္စတစ်ရပ်ပါ။ ဒါကို မြန်မာတို့ အထူးသတိထား ပြုပြင်သင့်ပါပြီ။

(၃) ကာလသမ္ဘတ္တိဆိုတာ 'ချိန်သင့်ခါညီ' အဂ်ါရပ်နဲ့ ပြည့်စုံခြင်းကို ဆိုလိုတာပါ။ မြတ်စွာဘုရားရှင်လက်ထက်က ရဟန်း တစ်ပါးဟာ အလွန်သဒ္ဓါတရားကောင်းတယ်လို့ (ယခုအထိ) ထင်ရှား ကျော်စောတဲ့ ဝိသာခါကျောင်းအမကြီး အိမ်ကို ဆွမ်းခံကြွပါတယ်။ ပထမအကြိမ်မှာ အလွန်စောလွန်းချိန်ရောက်သွားတော့ ဆွမ်းကျက် ချိန်မဟုတ်တဲ့အတွက် ဆွမ်းမရခဲ့ဘူး၊ နောက်တစ်ကြိမ် အလွန် နောက်ကျပြီး သွားတဲ့အခါမှာလည်း ဆွမ်းလောင်းပြီးလို့ အိုးခွက် ပန်းကန်တွေ သိမ်းပြီး ချိန်ရောက်နေပြီဖြစ်လို့ ဆွမ်းမရပြန်ပါဘူး၊ ဒါဟာ ဝိသာခါကျောင်းအမကြီးက သဒ္ဓါတရားမရှိလို့လည်း မဟုတ် ဘူး၊ ရဟန်းက ကံမကောင်းလို့လည်း မဟုတ်ပါဘူး၊ "ကာလသမ္ဘတ္တိ ချွတ်ယွင်းပြီး ကာလဝိပတ္တိနဲ့ ကြုံတဲ့အတွက်ကြောင့်သာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာလူမျိုးတို့ ဩကာသကန်တော့ကျိုးမှာ ဆိုလေ့ ရှိဘော့ရှိတဲ့ "ရပ်ပြစ်ရှစ်ပါး"ဆိုတာ ကံကြမ္မာနဲ့တန်ရာ ကောင်းကျိုးကို မရနိုင်တဲ့ ကာလဝိပတ္တိတွေပဲ ဖြစ်ပါတယ်။ သာသနာပကာလ ဆိုတာဟာလည်း ကောင်းမှုမျိုးစေ့များ စိုက်ပျိုးဖို့ အခွင့်မသာတဲ့ ကာလဝိပတ္တိကြီးပါပဲ။ ကာလသမ္ဘတ္တိ ကာလဝိပတ္တိဆိုတာ လူတို့ အတွက်သာ မကပါဘူး သတ္တဝါအားလုံးတို့ရဲ့ ကံကောင်းခြင်း ကံဆိုး ခြင်းတို့အတွက်လည်း အလွန်အရေးပါတဲ့အချက်ပါ။ ခင်ပုတ်ဌက် တို့အတွက် ညဉ့်အခါဆိုတာ အစာရှာဖွေစားသောက်နိုင်ရေးအတွက် ကာလ သမ္ဘတ္တိဖြစ်တယ်၊ နေ့အခါကတော့ သူတို့အတွက် ကာလဝိပတ္တိ ကြီးပါ။ ကျေးဌက်စတဲ့ သတ္တဝါတို့အတွက်ကတော့ နေ့အခါက ကာလသမ္ဘတ္တိ၊ ညဉ့်အခါက ကာလဝိပတ္တိဖြစ်သွား

http://www.dhammadownload.com

ပါတယ်။ စိုက်ပျိုးရေး နယ်ပယ်မှာလည်း ဆန်စပါး စိုက်ပျိုးသူတို့အတွက် မိုးရာသီက ကာလသမ္ဘတ္တိ၊ နွေရာသီက(ပုံမှန်အားဖြစ်တော့) ကာလဝိပ္ပတ္တိပါ။ မြေနုကျွန်းပေါ်မှာ လုပ်ကိုင်စားသောက်သူများအတွက်တော့ ဆောင်းအခါက ကာလသမ္ဘတ္တိဖြစ်ပြီး မိုးအခါက ကာလဝိပ္ပတ္တိ ဖြစ်နေပါလိမ့်မယ်။ တိုတိုချုပ်ကတော့ မိမိအတတ်ပညာ အသိပညာကို အသုံးချပြီး အကျိုးစီးပွားရှာဖွေဖို့ သင့်လျော်လျောက်ပတ်တဲ့ အချိန်အခါက ကာလသမ္ဘတ္တိဖြစ်ပြီး မသင့်လျော်တဲ့ အချိန်အခါက ကာလဝိပ္ပတ္တိပါပဲ။ "မိုးကုန်မှ ထွန်ချ၊ မိုးစဲမှ ရေခံ" ဆိုသလို သင့်လျော်တဲ့ အချိန်အခါမှာ မကြိုးစားပဲ အချိန်လွန်မှ ကြိုးစားလို့ အကျိုးစီးပွားမဖြစ်တာဟာ ကံမကောင်းအကြောင်း မလှလို့ မဟုတ်ပါဘူး အချိန်ကာလချို့ယွင်းတဲ့ ကာလဝိပ္ပတ္တိ ကြောင့်သာ ဖြစ်ပါတယ်။

(၄) ပယောဂသမ္ဘတ္တိဆိုတာနဲ့ ပတ်သက်လို့တော့ မာန်လည်ဆေရာတော်ဆရာတော်ကြီးရဲ့ မယဒေဝလင်္ကာပိုဒ် ရှင်းပြစဉ်က ပြောခဲ့တဲ့အတိုင်းပါပဲ ကာယပယောဂလို့ဆိုရမယ့် ဝိရိယ ပယောဂရယ်၊ ဉာဏပယောဂရယ် နှစ်မျိုးစုံမှ ပယောဂသမ္ဘတ္တိ ဖြစ်တာပါ။ ဒေးဒရဲမှာ နေစဉ်က ကိုယ်တွေ့မျက်မြင်ကြုံရဖူးတဲ့ ဖြစ်ရပ်တစ်ခုရှိပါတယ်၊ ပင်လယ်ဆုတ်သွားပြီး တင်ကျန်ရစ်တဲ့ နုံးညွှန်ထဲကျသွားသူတစ်ယောက်ဟာ ခါးလောက်အထိနစ်သွား ရာက လွတ်အောင်ဆိုပြီး အတင်းကန်ရုန်းလိုက်တာ ရင်စို့လောက် အထိနစ်သွားလို့ ငြိမ်ငြိမ်နေခိုင်းပြီး နားလည်သိမှီသူတစ်ဦးကို ခေါ်ယူအကူ အညီတောင်းကြည့်တော့မှ "အပေါ်ကို မရုန်းနဲ့ နောက်ကိုအသာ ပက်လက်လှန်ချပြီး ကျောပြင်နဲ့ ပွတ်ရုန်း"ဆိုလို့ သူပြောတဲ့အတိုင်း ရုန်းလိုက်တော့မှ ကမ်းစပ်အထိရောက်လာပြီး အသက်ချမ်းသာရာ ရခဲ့ဖူးပါတယ်။ ပယောဂသမ္ဘတ္တိဆိုတာ ဒီသဘောကို ပြောတာပါပဲ။

http://www.dhammadownload.com

(၅) ဉာဏသမ္ပတ္တိဆိုတာလဲ ဉာဏပယောဂမှာ ပြောခဲ့တဲ့အတိုင်း အရာရာကို နှိုင်းယှဉ်ဝေဖန်၊ စီမံတတ်တဲ့ အသိဉာဏ်ပြည့်စုံမှုကို ဆိုလိုတာပါပဲ။ မြန်မာစကားမှာ "ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်"လို့ ဆိုရိုးစကားရှိသော်လည်း ဥစ္စာ၊ ဘောဂ၊ ဇီဝိတ အားလုံးကို ကံဉာဏ်လုံ့လတို့ ပူးပေါင်းစောင့်ပေးမှ ကောင်းကျိုးတာရှည်ခိုင်မြဲပါတယ်။ ကုဋ္ဌေ ရှစ်ဆယ်သူဌေးသားဟာ ကံကောင်းလို့ ဇနီးခင်ပွန်းစုံတဲ့ အခါမှာ ကုဋ္ဌေ (၁၆၀) ကြွယ်ဝပေမယ့် ဉာဏ်နဲ့ မစောင့်တတ်၊ မစီမံတတ်တဲ့အတွက် ခွက်လက်စွဲတောင်းစားရပြီး မြောင်းကြားမှာ ဘဝဆုံးသွားရတာဖြစ်တယ်ဆိုတာကို သတိပြုမိကြဖို့ပါ။

ဇာတကပါဠိတော်မှာတော့ -

အလုပ်ကို ဉာဏ်နဲ့ မစီမံ မပြုလုပ်တတ်သူ၊ ကောင်းဆိုးယုတ်မြတ်ကို သိတတ်တဲ့ ဉာဏ်ပညာမရှိဘဲ ပညာမဲ့သူတို့နဲ့သာ အခါခပ်သိမ်း တိုင်ပင်လုပ်ကိုင်လေ့ရှိသူ လူမိုက်ကို စည်းစိမ်ချမ်းသာတို့က စွန့်ခွာသွားမြဲဖြစ်တယ်၊ ဥပမာပြောရရင်တော့ မြွေသတ္တဝါဟာ ဆွေးမြှေဟောင်းမြင်းတဲ့ အရေဟောင်းကို စွန့်ခွာသွားသလိုပါပဲ"တဲ့။ *(ဇာတက၊ပ၊၃၂၂။ ၄၊ပ၊၁၀၄)*

နီတိကျမ်းဆရာတို့ကတော့ -

ဉာဏ်ပညာဗဟုသုတရှိတဲ့ လူကောင်းသူကောင်းတို့မှာရှိတဲ့ ရွှေငွေဘဏ္ဍာ စည်းစိမ်ဥစ္စာဆိုတာ မပြောပလောက်တဲ့ အနည်းငယ်လေးပင်ဖြစ်စေ တွင်းရေလို ချိုမြိန်ကောင်းမြတ်တယ်။ အားထားမှီခိုရာလည်းဖြစ်တယ်။ ဉာဏ်ပညာ ဗဟုသုတမရှိသူတို့ရဲ့ ရွှေငွေ ဘဏ္ဍာ စည်းစိမ်ဥစ္စာတွေကတော့ ဘယ်လောက်ပဲ များနေများနေ၊ ပင်လယ်ဆားငံရေလိုပဲ၊ မှီခိုအားထားရာ မဖြစ်ဘူးလို့ဆိုပါတယ်။

(စံကျောင်းဆရာတော်၊ ကံ,ဉာဏ်,ဝီရိယ အကျယ် လက်စွဲကျမ်း)

http://www.dhammadownload.com

ဉာဏသမ္ပတ္တိချွတ်ယွင်းပြီး ဉာဏဝိပ္ပတ္တိဖြစ်ကြသူတို့ ရွှေငွေ ဘဏ္ဍာစည်းစိမ်ဥစ္စာတွေ များစွာပိုင်ဆိုင်ထားခြင်းနှင့် ပတ်သက်လို့ မိမိသူတစ်ပါးနှစ်ဦးသားလုံး ကောင်းကျိုးမဲ့တတ်ပုံ၊ ဆင်းရဲဒုက္ခရောက်တတ်ကြပုံတို့နဲ့ ပတ်သက်လို့လည်း အထက်ပါကျမ်းမှာပဲ စံကျောင်းဆရာတော်ဘုရားကြီး သုံးသပ်ပြထားတာကတော့ -

"ဥစ္စာသာရှိ၍၊ အသိအလိမ္မာ ဉာဏ်ပညာဗဟုသုတ မရှိသောသူတို့သည်၊ ကောင်းမှုကို ဆည်းပူးလျက်၊ ဒုက္ခအပေါင်းမှ ထွက်မြောက်စေခြင်းငှာ မပြုလုပ်တတ်ကြမူ၍၊ 'မျောက် မီးစ ရဘီသကဲ့သို့ငင်း၊ အရှုး ဓား ရဘီသကဲ့သို့ငင်း' (ဒု,သ,နှ,သော)ဟု ဆိုအပ်သော သူဌေးသားလေးယောက်တို့ကဲ့သို့ငင်း ဤဘဝ၊ နောင်ဘဝ၊ နှစ်ဘဝလုံး အကျိုးစီးပွားပျက်ပြား ဆုတ်ယုတ်ဖို့ရာ အကြောင်း၊ မကောင်းမှုတို့သာ ဆည်းပူးတတ်ကြကုန်၏"တဲ့။ *(စံကျောင်းဆရာတော်၊ ကံ,ဉာဏ်,ဝီရိယအကျယ် လက်စွဲကျမ်း ၇၇-၇၈)*။ ပြဆိုခဲ့ပြီးတဲ့ အထောက်အထား သာဓကများအရ "ဉာဏ်မပါလျှင် ကံအရာ မရောက်နိုင်ကြောင်း"ကို အလေးအနက်သဘောပေါက်ရမှာ ဖြစ်ပါတယ်။

ကမ္မပစ္စည်းနဲ့ ပတ်သက်လို့ အခုပြောခဲ့တဲ့ စကားရပ်များကို အကျဉ်းချုပ်သဘောပေါက်ရမှာကတော့ -

(က) ကောင်းတဲ့ 'ကံ' ဆိုတာ နေရာကောင်းခြင်း၊ အသွင်အပြင် အဆောက်အဦ ကိရိယာတန်ဆာပလာကောင်းခြင်း၊ အခါကောင်းခြင်း၊ လုံ့လ ဝိရိယကောင်းခြင်း၊ ဉာဏ်အစီအမံကောင်းခြင်းဆိုတဲ့ ကောင်းခြင်းငါးပါး သမ္ပတ္တိတရားတို့ရဲ့ အထောက်အကူ ရမှသာ ကောင်းကျိုးပေးနိုင် တယ်။ ကောင်းခြင်းငါးဖြာဖော်သဟာ ကင်းမဲ့ရင် ကောင်းကျိုးပေးဖို့ မစွမ်းနိုင်ဘူး။

(ခ) မကောင်းတဲ့ 'ကံ'များဟာလည်း နေရာမကောင်း

http://www.dhammadownload.com

ခြင်းစတဲ့ မကောင်းခြင်းငါးပါး ဝိပွတ္တိတရားတို့ရဲ့ အကူအညီကို ရမှသာ မကောင်းကျိုးကိုပေးကြတယ်။ နေရာကောင်းခြင်းစတဲ့ ကောင်းခြင်းငါးပါး သမ္ပတ္တိတရားများကို အမှီသဟဲရနေသမျှ မကောင်းကျိုးများ မပေးနိုင်ကြပါဘူး ဆိုတာပဲဖြစ်ပါတယ်။

မှန်ပါတယ်။ ကံတွေမှာ -

(၁) ကိုယ်တိုင်ပဋိသန္ဓေကျိုး ပဝတ္တိကျိုးတွေကို ဖြစ်စေနိုင်တဲ့ "ဇနက ကံ"။

(၂) ဇနကကံတို့ အကျိုးပေးခွင့်သာအောင်၊ အကျိုးပေး ထက်သန်အောင် ထောက်ပံ့ကူညီပေးတတ်တဲ့ "ဥပတ္ထမ္ဘက ကံ"။

(၃) ဆန့်ကျင်ဘက် ကံတို့ အကျိုးပေးခွင့်မရအောင်၊ ရပြန်ရင်လည်း အကျိုးပေး မထက်သန်အောင် နှောက်ယှက်ဟန့်တား နှိပ်စက်တတ်တဲ့ "ဥပပီဠက ကံ"။

(၄) ဆန့်ကျင်ဘက်ကံတို့ရဲ့ အကျိုးပေးခွင့်ကို နှောက်ယှက်ဟန့်တားရုံမျှမက အကျိုးပေးခွင့်ကို လုံးဝဆိတ်သုဉ်းသွားအောင် ပယ်သတ်တတ်တဲ့ "ဥပဃာတက ကံ" ဆိုပြီး လုပ်ငန်းဆောင်ရွက်ပုံ ကိစ္စအစွမ်းအားဖြင့် လေးပါးပြားပါသေးတယ်။

ကောင်းခြင်းငါးပါး သမ္ပတ္တိတရားတွေနဲ့ တွေ့ကြုံတဲ့အခါ ပစ္စုပ္ပန်မှာပြုလုပ်တဲ့ ကုသိုလ်ကံတွေထဲက ဥပတ္ထမ္ဘကကံတွေက အတိတ် ကုသိုလ်ကံတွေရဲ့ ဇနကသတ္တိကို အားဖြည့်ကူညီပေးတဲ့ အတွက် ကံကောင်းထောက်မချိန်ရောက်ပါတယ်။

အဲဒီလို သမ္ပတ္တိအခွင့် ကောင်းမျိုးကြုံရခိုက်မှာ ကုသိုလ် ဥပပီဠကကံတွေကလည်း အတိတ်အကုသိုလ်ဇနကဂ်ံတွေရဲ့ ဆိုးကျိုးပေးခွင့်ကို ဟန့်တားပေးထားပြီး ပစ္စုပ္ပန်မှာပြုတဲ့ ကုသိုလ်ကံ တွေထဲက ဒိဋ္ဌဓမ္မဝေဒနီယကံတွေရဲ့ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ တွေသာ အကျိုးပေးခွင့်ရကြလို့ ချမ်းသာသုခနဲ့သာ ကြုံနေတတ်

http://www.dhammadownload.com

ကြပါတယ်။ အကုသိုလ်ကံတွေဟာ လုံးဝဆိတ်သုဉ်းသွားတာတော့ မဟုတ်ပါဘူး၊ ပစ္စုပ္ပန် ကုသိုလ်ကံနဲ့ သမ္မတ္တိတရားတို့ အရှိန်အဝါကြောင့် ငြိမ်ဝပ်နေတဲ့ သဘောပါ။

ဝိပွတ္တိငါးမျိုးဖြစ်တဲ့ အဆိုးငါးပါးနဲ့ ကြုံရချိန်မှာတော့ ပစ္စုပ္ပန်အကုသိုလ်တွေရဲ့ ဥပတ္ထမ္ဘကသတ္တိက အတိတ် အကုသိုလ်ကံ တို့ရဲ့ ဇနကသတ္တိကို ထောက်ပံ့အားပြုပေးတဲ့အတွက် အကုသိုလ် ကျိုးဖြစ်တဲ့ ဆင်းရဲဒုက္ခတွေကို လှလှကြီးခံစားရတတ်ပါတယ်။

အဲဒီလိုအခါမျိုးမှာ အတိတ်ကကုသိုလ်ကံမျိုးစေ့ပါသူ မျှားဟာလည်း ပစ္စုပ္ပန်မှာ ကြုံရဆုံရတဲ့ပတ်ဝန်းကျင် ဥပနိဿယမျှားကြောင့် အကုသိုလ်ကံတွေကို ကျူးလွန်လာကြတယ်။ အဲဒီပစ္စုပ္ပန်အကုသိုလ်ကံတွေရဲ့ ဥပပီဠကသတ္တိကပဲ အတိတ်ကုသိုလ်ကံ တို့ရဲ့ ဇနကသတ္တိကိုလည်း နှောက်ယှက်ဟန့်တားထားနိုင်တဲ့အတွက် ကုသိုလ်ကံတွေက ငုပ်လျှိုးနေရပြီး ပစ္စုပ္ပန်အကုသိုလ်ကံတွေထဲက ဒိဋ္ဌဓမ္မဝေဒနိယ ကံရဲ့ အကျိုးအဖြစ်နဲ့ ဆင်းရဲဒုက္ခတွေကို တွေ့ကြုံခံစားကြရတာပါ။

ကောင်းခြင်းငါးပါး၊ ဆိုးခြင်းငါးပါးတို့ဆိုတာတွေကလည်း ပဋ္ဌိသန္ဓေကျိုးက ပစ်ချလိုက်တဲ့အတိုင်း ပုံသေကြီးဖြစ်နေကြရတာ မဟုတ်ဘဲ၊ ပဝတ္တိကာလမှာ လူစွမ်းလူစဆိုတဲ့ အတ္တသမ္ဘာပဏိဓိ မင်္ဂလာအားလျော်စွာ ပြုလုပ်ဖန်တီးနိုင်တဲ့တရားများ ဖြစ်ကြတာကြောင့် မိမိတို့ရဲ့ ကိုယ်စိတ်နှစ်ပါးလုံးကို ဉာဏ် ဝီရိယ ပယောဂတို့နဲ့ ပေါင်းစုံပုံဖော်ပြီး ပြည့်စုံတဲ့ အတ္တသမ္ဘာပဏိဓိမင်္ဂလာ ရှိသူများ ဖြစ်အောင် အထူးကြိုးစားအားထုတ်ခြင်းဖြင့် နေရာမရွှေး၊ ကာလမရွှေး ကံကောင်းထောက်မအောင် ဖန်တီးနိုင်ကြပါတယ်။

"ဥစ္စာဘောဂ၊ ဇိဝိတနှင့်၊ သုခပွားရန်၊ ဤလူဌာန်၌၊ ဉာဏ် ဝီရိယ၊ ပယောဂတည်း"ဆိုတဲ့ မယဒေဝလင်္ဂစကားကို ဘဝ

http://www.dhammadownload.com

တန်ဆောင်၊ မီးရှူးရောင်ပမာ၊ အမြဲမပြတ်လက်ကိုင်ထား ကြိုးစားကြဖို့ပါပဲ။

ဒီလောက်ဆိုရင် ကမ္မပစ္စည်းနဲ့ပတ်သက်လို့ အတော်လေး ပြည့်စုံလောက်ပါပြီ။

ကံကောင်းထောက်မကြပါစေ

❑

http://www.dhammadownload.com

ဝိပါက ပစ္စည်း

ဗုဒ္ဓဘာသာဝင်တို့ရဲ့ အခြေခံယုံကြည်ချက်နဲ့ ခံယူချက်က "ကံ နဲ့ ကံရဲ့ အကျိုးရှိတယ်"ဆိုတဲ့ သဟေတုက (အကြောင်းတရားရှိ) ဝါဒဖြစ်ပါတယ်။ ဒီစကားထဲက "ကံ" ဆိုတာ ကမ္မပစ္စည်းကို ပြောတာ ဖြစ်ပြီး "ကံရဲ့ အကျိုး" ဆိုတာကတော့ ဝိပါကပစ္စည်းကို ပြောတာပါ။ အကြောင်းနဲ့ အကျိုးဖြစ်တဲ့ ဒီပစ္စည်းနှစ်ခုဟာ စုံတွဲ ပစ္စည်းဖြစ်လို့ တစ်ခုကိုပြောရင် တစ်ခုကလည်း မလွဲမသွေ တွဲလျက်ပါစမြဲ ပါပဲ။ ဒါကြောင့်လည်း ကမ္မည်းပစ္စည်းအကြောင်းပြောခဲ့တဲ့ အထဲမှာ ကံရဲ့အကျိုးဖြစ်တဲ့ ဝိပါကပစ္စည်းအကြောင်းတွေ အပြည့်အစုံ လောက်နီးပါး ပါသွားပါပြီ။

ဒီပစ္စည်းနှစ်ခုမှာ အကြောင်းဖြစ်တဲ့ ကမ္မပစ္စည်းက ကြိုးစား ရတာဖြစ်လို့ လုပ်ငန်းခွင်မှာ အလုပ်ကြိုးစားလုပ်ကိုင်ရတာနဲ့ အလား တူပါတယ်။ ဝိပါကပစ္စည်းကတော့ အလုပ်ခွင်ကိစ္စပြီးစီးသွားလို့ လုပ်ခလစာ ထုတ်ယူရတာနဲ့ အလားတူပါတယ်။ လုပ်ငန်းခွင်မှာက လုပ်ငန်းကြီးကျယ်ရင် ကြီးကျယ်သလောက် နည်းပညာတွေ၊ လုပ်ခွင် စည်းကမ်းတွေ၊ နည်းလမ်းတွေဆိုတာကလည်း များပြား ပါတယ်။

http://www.dhammadownload.com

ဒီနည်းပညာတွေ၊ စည်းကမ်းတွေ၊ နည်းလမ်းတွေနဲ့ မကိုက်ညီတာတို့၊ ချွတ်ယွင်းတာတို့နဲ့ ကြုံပြီဆိုရင်တော့ လုပ်ခလစာ မရနိုင်သည့်ပြင် ဒဏ်ရိုက်တာတောင်ခံရနိုင်တာမျိုးလည်းရှိတတ်ပါတယ်။ ချွတ်ယွင်းမှု ကြီးကျယ်ရင်တော့ အလုပ်ပြုတ်ချင်လည်း ပြုတ်နိုင်တာပေါ့။

အဲဒီလိုပါပဲ ကံတွေကိုပြုတဲ့အခါမှာလည်း "ကုသိုလ်ကံ"ကို ပြုရာမှာ သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ ဆိုတဲ့ နည်းပညာတွေ ရှိတယ်။ အလှူပေးပုဂ္ဂိုလ်မှာ သီလစင်ကြယ်ခြင်း၊ မပြုလုပ်မီ၊ ပြုလုပ်ဆဲ၊ ပြုလုပ်ပြီးချိန်တို့မှာ ထားရှိရမည့် စေတနာသုံးတန် ပြည့်စုံခြင်းစတဲ့ စည်းကမ်းတွေ၊ လှူဖွယ်ဝတ္ထုတို့မှာ တရားသဖြင့် ရရှိထားတာဖြစ်ခြင်း၊ ကိုယ်ပိုင်စစ်စစ်ဖြစ်ခြင်းစတဲ့ရှိရမယ့် စည်းကမ်းတွေ လည်း ရှိတယ်။လောကီစည်းစိမ်ချမ်းသာတွေဆိုတဲ့ ဝဋ္ဌဆင်းရဲကို တောင့်တတဲ့ ဝဋ္ဌနိဿိတတို့၊ နိဗ္ဗာန်ကိုသာ ရည်မှန်းတဲ့ ဝိဝဋ္ဌနိဿိတ တို့ဆိုတဲ့ နည်းလမ်းတွေရှိပါတယ်။ ဒီအခြေခံနည်းပညာတွေနဲ့ စည်းကမ်းနည်းလမ်းတွေ ချွတ်ယွင်းတိမ်းပါးသွားခဲ့ရင် ဆုကြေးထက် ဒဏ်ကြေးက များသွားတတ်တာမျိုးတွေလည်း ရှိပါတယ်။

မိမိသခင်ဖြစ်တဲ့ မေဏ္ဍကသူဌေးကြီးက မိမိကို သားအရင်း သဖွယ် ကြင်နာသနားတတ်တာကို သဘောကျ ကျေနပ်နေတဲ့ မောင်ပုဏ္ဏဆိုတဲ့ ကျွန်တစ်ယောက်ဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးနဲ့ တွေ့ကြုံပြီး ဆွမ်းကပ်လှူဒါန်းခွင့်ရခဲ့ပေမယ့် "ဘဝဆက်တိုင်း ဒီ မေဏ္ဍကသူဌေးလို သခင်မျိုးနဲ့သာ တွေ့ကြုံရပါလို၏" လို့ ဆုတောင်း မိတဲ့အတွက် ဘဝအဆက်ဆက် ကျွန်ချည်းဖြစ်ရတယ် ဆိုတာ နည်းပညာရော နည်းလမ်းရော ချွတ်ချော်တဲ့အတွက် ဆုကြေးထက် ဒဏ်ကြေးက များသွားတဲ့ အဖြစ်မျိုးပါပဲ။

လခထုတ်ရာမှာတော့ နည်းပညာတွေ၊ စည်းကမ်း နည်း လမ်းတွေရယ်လို့ ဘာမှလည်း အထွေအထူး မရှိသလို ဘာမှလည်း

http://www.dhammadownload.com

ထွေထွေထူးထူး ကြောင့်ကြစိုက် အားထုတ်စရာ မရှိပါဘူး၊ အချိန်တန်ရင် တန်ရာ တန်ရာ လုပ်ခကို လက်ခံယူလိုက်ရုံပါပဲ။ အဌကထာ ဆရာတော်ကြီးကတော့ ကမ္မပစ္စည်းက နေပူစပ်ခါး မရှောင် ပင်ပင်ပန်းပန်း သွားလာလုပ်ရှားပြီး ကြိုးစားအားထုတ်လုပ်ကိုင် ရတာနဲ့ တူတယ်။ ဝိပါကပစ္စည်းကတော့ ကြိုးစားအားထုတ်မှု တာဝန်ပြီးဆုံးတဲ့အတွက် အေးချမ်းတဲ့ အရိပ်အာဝါသမှာ အပန်းဖြေ နားနေရတာနဲ့ တူတယ်လို့ ဥပမာပေးပါတယ်။

ဒါကြောင့်လည်း ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက -

"ဝိပါကပစ္စယော = ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့၊ မကွေဖြစ်လတ်၊ သဟဇာတ်အား၊ မျိုးရှစ်ပါးတွင်၊ အင်အားချည့်ပမ်း၊ ငြိမ်းချမ်းစေလျှက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမကွန္ဓာ ဟူသော ဝိပါကပစ္စည်းတရားရင်း"လို့ အနက်မြန်မာပြန်ဆိုခဲ့ပါ တယ်။

ဝိပါကပစ္စည်းဆိုတာ အလုပ်ပန်း၊ ခရီးပန်းသူတို့ ပန်းသမျှ နွမ်းသမျှတွေ ပြေပျောက် ငြိမ်းအေးစေဖို့ လေပြည်လေညင်း ခံရင်း အရိပ်အာဝါသမှာ အပန်းဖြေနားနေရတာနဲ့ တူပါသတဲ့။

ငြိမ်းအေးစေဖို့လို့ဆိုပေမယ့် နိဗ္ဗာန်လို ငြိမ်းအေးတဲ့ သဘောတော့မဟုတ်ပါဘူး၊ အထူးအထွေကြောင့်ကြ ကြိုးကုတ်ဖွယ် မရှိတဲ့အတွက် ကိစ္စငြိမ်းအေးတဲ့သဘောမျိုးသာ ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ လောကမှာ တစ်စုံတစ်ရာဖြစ်ပေါ်ဖို့အတွက် ကြောင့်ကြစိုက်ထုတ်ပြုလုပ်ရတယ်ဆိုတာ ပုဂ္ဂိုလ်က ကာယစွမ်းအား ဉာဏစွမ်းအားများနဲ့ စိုက်ထုတ်ကြိုးစားရတဲ့ "ပုဂ္ဂလဗျာပါရ"ရယ်၊ ပုဂ္ဂိုလ်က ကြောင့်ကြစိုက်ဖွယ်မလိုပဲ ဓမ္မသတ္တိ များကသာ နိယာမတရားများနှင့်အညီ ကြောင့်ကြစိုက်သလို ဖြစ်ပေါ်စေတဲ့ "ဓမ္မဗျာပါရ"ရယ် နှစ်မျိုးရှိပါတယ်။

http://www.dhammadownload.com

ကမ္မပစ္စည်းတစ်ခု ပြည့်စုံပြီးမြောက်ရေးမှာ ပုဂ္ဂလဗျာပါရန့် ကြောင့်ကြစိုက်အားထုတ်ရတာဖြစ်လို့ အင်အားကုန်ခမ်း ပင်ပန်းနွမ်းနယ်မှုရှိတယ်။ အကျိုးဖြစ်တဲ့ ဝိပါကပစ္စည်းကိုကျတော့ ပုဂ္ဂိုလ်က ကြောင့်ကြစိုက်ထုတ်စရာမလိုပဲ ဓမ္မဗျာပါရအစွမ်းသတ္တိ အားလျော်စွာ ဖြစ်ပေါ်တာဖြစ်လို့ ပုဂ္ဂိုလ်မှာ ပင်ပန်းစရာကိစ္စတာဝန် မရှိပါဘူး၊ ဒါကြောင့် အပန်းဖြေ နားနေရသလို အေးငြိမ်တယ်လို့ ပြောတာပါ။ အခုကာလပြောနေကြတဲ့ "အေးဆေးပဲ" ဆိုတာမျိုး ဖြစ်မှာပေါ့။

ဒီနေရာမှာ စဉ်းစားမယ်ဆိုရင်လည်း စဉ်းစားစရာ၊ စောဒကတက်မယ်ဆိုရင်လည်း စောဒကတက်စရာကောင်းတဲ့ အချက်ကတော့ -

"ဝိပါက်စိတ်တွေထဲမှာ ကုသိုလ်ကံရဲ့ အကျိုးဖြစ်တဲ့ ကုသလ ဝိပါက်စိတ်ရယ်၊ အကုသိုလ်ကံရဲ့ အကျိုးဖြစ်တဲ့ အကုသလ ဝိပါက်စိတ်ရယ်ဆိုပြီး နှစ်မျိုး နှစ်စားရှိတယ် မဟုတ်လား၊ ကုသိုလ်ရဲ့ အကျိုးဝိပါက်စိတ်တွေကတော့ ကောင်းကျိုးချမ်းသာတွေဖြစ်လို့ ငြိမ်းအေးတယ်၊ အပန်းပြေတယ်ဆိုတဲ့ သဘောနဲ့ ပြောမယ်ဆို ပြောလို့ရတယ်၊ သဘောတူလက်ခံနိုင်စရာလည်း ရှိပါတယ်။ အကုသိုလ်ကံရဲ့ အကျိုးဝိပါက်စိတ်တွေဆိုတာ ဆိုးကျိုးဆင်းရဲတွေ မဟုတ်လား၊ ဘယ်နည်းနဲ့ ငြိမ်းအေးတယ်၊အပန်းပြေတယ်လို့ ပြောနိုင်မလဲ" ဆိုတဲ့အချက်ပါပဲ။

ဒါက အဘိဓမ္မာသင်တန်းတွေ ဘာတွေတက်ဖူးလို့ အထိုက်အလျောက် တီးမိခေါက်မိရှိသူမျိုးမှပိုပြီး သဘောကျနိုင်မှာပါ။ အခြေခံအနေနဲ့ သဘောပေါက်ထားရမှာကတော့ ကုသိုလ်ကံတွေက ကောင်းကျိုးပေးတယ်ဆိုတာ ပဋိသန္ဓေကျိုးအနေနဲ့ လူဘုံနတ်ဘုံစတဲ့ သုဂတိဘုံဘဝတွေမှာ ဖြစ်ရတာရယ်၊ ပဝတ္တိကျိုးအနေနဲ့ ဖြစ်လေရာ ဘုံဘဝမှာ "ဣဋ္ဌာရုံ"လို့ခေါ်တဲ့ ကျေနပ်စရာ နှစ်ချိုက်စရာ အာရုံများနဲ့ ဟော့ကြုံခံစားခွင့်ရတာကို ပြောတာပါ။

http://www.dhammadownload.com

အကုသိုလ်ကံတွေကပေးတဲ့ ဆိုးကျိုးဒုက္ခဆိုတာကလည်း ပဋိသန္ဓေကျိုးအနေနဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတွေမှာ ပဋိသန္ဓေနေရတာရယ်၊ ပဝတ္တိကျိုးအနေနဲ့ "အနိဋ္ဌာရုံ"လို့ ခေါ်တဲ့ မကျေနပ် မနှစ်ချိုက်စရာအာရုံတွေနဲ့ တွေ့ကြုံခံစားရတာကို ပြောတာပါ။

သတ္တဝါတို့ရဲ့ ဘဝသံသရာတစ်လျှောက်မှာ စိတ်ဖြစ်စဉ် (ဝီထိ)များအနေနဲ့ ဝိပါက်စိတ်တို့ရဲ့ အခန်းကဏ္ဍကို သဘောပေါက်ထားရပါလိမ့်မယ်။

လောကီကုသိုလ်ရဲ့ အကျိုးဝိပါက်စိတ်တွေနဲ့ အကုသိုလ်တို့ရဲ့ အကျိုးဝိပါက်စိတ်(အချို့)တို့က ဘဝသစ်တစ်ခုအစမှာ ပဋိသန္ဓေစိတ်ဆိုတဲ့ အမည်ခံယူပြီး ပဋိသန္ဓေကိစ္စကို ဆောင်ရွက်ပါတယ်။ ပထမဆုံး ပဋိသန္ဓေနေတဲ့ စိတ်တစ်ခဏ အခိုက်ကလေးကိုသာ ပဋိသန္ဓေကာလလို့ ခေါ်တာဖြစ်လို့ အဲဒီအခိုက်ကလေးမှာပဲ ဥပါဒ်၊ ဌီ၊ ဘင် ဆိုပြီး ခဏငယ်သုံးချက် ဖြစ်ပျက်ပြီးရင် ပဋိသန္ဓေရဲ့ ကိစ္စကပြီးသွားပါပြီ။ အဲဒီရဲ့ နောက်ကာလဖြစ်တဲ့ ပဝတ္တိကာလတွေမှာတော့ လောကီဝိပါက်စိတ်တို့ရဲ့ အဓိက ကိစ္စတာဝန်က အာရုံသစ်တစ်ခုခုနဲ့ တွေ့ကြုံပြီး သိစိတ်ဝိညာဏ်တွေမဖြစ်သေးတဲ့ အချိန်တို့၊ အိပ်ပျော်နေချိန်တို့မှာ ဘဝရဲ့ အဂ်ါရပ် တစ်ခုဖြစ်တဲ့ နာမ်တရားတစ်ခုပြည့်စုံဖို့အတွက် လောကီဝိပါက်စိတ်တွေထဲကပဲ တာဝန်ကျ ဝိပါက်စိတ်တွေက ဘဝင်စိတ် (ဘဝရဲ့အဂ်ါရပ်စိတ်) အဖြစ်နဲ့ တာဝန်ယူဖြစ်ပေးရပါတယ်။ "ဘဝင်ကိစ္စတပ်တယ်"လို့ အဘိဓမ္မာစကားနဲ့ ပြောဆိုကြပါတယ်။ ဒီဘဝင်စိတ်ကလေးတွေဟာ ဘာရယ်လို့ မယ်မယ်ရရ သိရှိခံစားနိုင်တာ မဟုတ်ပါဘူး၊ အတိတ်ကံနဲ့ ကမ္မ နိမိတ်၊ ဂတိနိမိတ် အာရုံတွေကိုပဲ ယူပြီး သက်စောင့်နာမ်သဘောမျိုး ဖြစ်ပေးရတာပါ။

http://www.dhammadownload.com

အဲဒီနောက်မှာ အာရုံတို့နဲ့ တွေ့ကြုံခွင့်ရတဲ့အခါမှာလည်း လောကီဝိပါက်စိတ်တွေထဲကပဲ "ပဉ္စဝိညာဏ်"လို့ခေါ်တဲ့ ဝိပါက်စိတ်တွေက ဆိုင်ရာအာရုံကို သိတဲ့ "ဝိညာဏကိစ္စ"ကို ဆောင်ရွက်ပေးပါတယ်။ ဒါကလည်း သိပြီး ဖြစ် ပျက်ဆိုတဲ့ စိတ်တစ်ခဏ တာကာလလေးပါပဲ။ "မြင်ရုံသာမြင်ရ မကြင်ရ မောင့်မှာ" ဆိုတဲ့ စိတ်ကလေးတွေပေါ့။ အဲဒီနောက် အာရုံကိုလက်ခံတဲ့ သမ္ပဋိစ္ဆိန်းကိစ္စ၊ အာရုံကို စူးစမ်းတဲ့ သန္တီရဏကိစ္စတို့ကိုလည်း တာဝန်ကျဝိပါက်စိတ်တွေက ဆောင်ရွက်ပါတယ်။

အနိဋ္ဌာရုံတွေနဲ့ တွေ့ကြုံပြီး သိမြင်၊ လက်ခံ၊ စူးစမ်းရတာက အကုသလဝိပါက်စိတ်တို့ရဲ့ တာဝန်ဖြစ်ပြီး ဣဋ္ဌာရုံတွေနဲ့ တွေ့ကြုံ သိမြင်၊ လက်ခံ၊ စူးစမ်းမှုကိစ္စများကိုတော့ ကုသလဝိပါက်စိတ်တွေက တာဝန်ယူပါရပါတယ်။ ဒီစိတ်တွေဟာ တစ်ကြိမ်စီပဲ ဖြစ်ခွင့်ရတာပါ။ ပြီးတော့ ဇောကိစ္စတွေက အာရုံခံစားတဲ့အခါမှာလည်း ဇောစိတ်က သာ (၇)ကြိမ်ပြည့်လို့ ကိစ္စပြီးသွားပေမယ့် အာရုံတွေက အရှိန်မသတ်နိုင်ဘဲ နှစ်ကြိမ်လောက်လွန်ပြီးဖြစ်ပါတယ်။ အဲဒီအခါမှာလည်း တာဝန်ကျ ဝိပါက်စိတ်များကပဲ "တဒါရုံကိစ္စ" ဆိုပြီး နှစ်ကြိမ်တာဝန်ယူဖြစ်ပေးရပါသေးတယ်။ ပြီးရင်တော့ ဒုံရင်းမူလစိတ်သဘောမျိုးဖြစ်တဲ့ သက်စောင့်ဘဝင်စိတ်တွေပဲ ထိုက်သလို ဖြစ်ကြရတာပါ။

ဒါကြောင့် ဝိပါက်စိတ်တို့ဆိုတာ သဘာဝက ပေးအပ်တဲ့ အခြေအနေကိုက ကုသိုလ် အကုသိုလ်စိတ်တွေလို ဇောကိစ္စတပ်ပြီး အာရုံရဲ့အရသာကို ကြိုက်သလို ခံစားခွင့်မရတဲ့ စိတ်များဖြစ်လို့ ပင်ကိုယ်အားဖြင့် ငြိမ်းချမ်းငြိမ်သက်သလို ဖြစ်နေပါတယ်။ ခြွင်းချက်အနေနဲ့ လောကုတ္တရာဝိပါက်ဖြစ်တဲ့ ဖိုလ်စိတ်များကတော့ ကုသိုလ်တို့နည်းတူ ဇောကိစ္စတပ်ပြီး အာရုံကိုခံစားခွင့်ရှိပါတယ်၊ ဖိုလ်စိတ်များ

http://www.dhammadownload.com

ခံစားတဲ့ အာရုံဆိုတာကလည်း နိဗ္ဗာန်အာရုံသာဖြစ်လို့ တကယ်ကိုမှ အေးချမ်းငြိမ်သက်မှု စစ်စစ်ကြီးပဲ ဖြစ်ပါတယ်။

"တိရစ္ဆာန်တို့ရဲ့ သန္တာန်မှာဖြစ်တော့ကော အကုသလ ဝိပါက်စိတ်တွေဟာ ငြိမ်သက်အေးချမ်းမှုဖြစ်ပါ့မလား"လို့ ဆက်ပြီး စဉ်းစားချင်သေးတယ်ဆိုရင်တော့ -

အထက်မှာပြောခဲ့တဲ့ "လောကီဝိပါက်စိတ်တို့ရဲ့ အဓိက လုပ်ငန်းတာဝန်ဆိုတာ သိစိတ်တွေဖြစ်ချိန် ဝိထိစိတ်အစဉ်တွေထဲမှာ ဆိုရင် သိကာမျှ၊ လက်ခံကာမျှ၊ စုံစမ်းကာမျှပါပဲ။ အချိန်အများဆုံး လုပ်ရတဲ့တာဝန်က "ဘဝင်ကိစ္စ"ဖြစ်ပါတယ်။ ဘဝင်ကိစ္စဆိုတာ အိပ်ပျော်ချိန်များနဲ့ အိပ်ပျော်ချိန်နဲ့အလားတူတဲ့ သိစိတ်အစဉ် (ဝိထိစိတ်)များ မဖြစ်ကြတဲ့အခါမှာ ဖြစ်ပေးနေရတဲ့ သက်ထိမ်းစိတ် အစဉ်ကို ပြောတာပါ။ အထူးသဖြင့်တော့ အိပ်ပျော်နေစဉ်မှာ ဖြစ်ပေး နေရတဲ့ သက်ထိမ်းကိစ္စ(ဘဝင်ကိစ္စ)ပါ။

ဘဝတစ်ခုမှာ တူမြဲတရား (၃)ပါး ဆိုတာရှိပါတယ်၊ ပဋိသန္ဓေစိတ်ရယ်၊ ဘဝင်စိတ်ရယ်၊ စုတိစိတ်ရယ်တို့ပါပဲ။ ဒီစိတ်(၃) မျိုးတို့ဟာ အမျိုးအစားတူရပါတယ်။ ကုသလဝိပါက်စိတ်နဲ့ ပဋိသန္ဓေ နေခဲ့တဲ့ သတ္တဝါဟာ အိပ်ပျော်နေစဉ်မှာလဲ အဲဒီစိတ်မျိုးက ဘဝင် ကိစ္စအနေနဲ့ ဖြစ်နေရပါတယ်။ နောက်ဆုံး စုတိချိန် ရောက်တော့ လည်း ဒီစိတ်ကပဲ စုတိကိစ္စတပ်ပြီး တစ်ဘဝကို နိဂုံးချုပ်ပါတယ်။ တူမြဲတရား (၃)ပါးဆိုတာ ဒါကိုပြောတာပါ။

ဒါကြောင့် ကုသလဝိပါက်စိတ်နဲ့ ပဋိသန္ဓေတည်နေရတဲ့ လူအစရှိတဲ့ သုဂတိဘုံသားတွေက ကုသလဝိပါက်ဘဝင်စိတ်ဖြစ်ပြီး အိပ်ပျော်နေကြတယ်။ ခွေး, နွား, မျောက်စတဲ့ တိရစ္ဆာန်များနဲ့ အပါယ်လေးဘုံသားတို့ကတော့ အကုသလဝိပါက်စိတ်နဲ့ ပဋိသန္ဓေ နေခဲ့ကြတာဖြစ်လို့ ပင်ပန်းပြီး အိပ်ပျော်နေကြပြီဆိုရင်လည်း

http://www.dhammadownload.com

အကုသလဝိပါက်စိတ်နဲ့ပဲ အိပ်ပျော်နေကြတာပါ။

လူတို့ နတ်တို့ အိပ်ပျော်နေချိန်နဲ့ တိရစ္ဆာန်တို့ အိပ်ပျော်နေချိန်၊ ဘယ်အချိန်က ပိုပြီး အေးချမ်းမလဲဆိုတာကို နည်းနည်းစဉ်းစားကြည့်ပါ။ ပုထုဇဉ်တို့ရဲ့ သဘာဝက အတ္တကိုသာ ဗဟိုပြုပြီး ပြောဆိုတဲ့ အကျင့်ရနေတတ်ကြတဲ့အတိုင်း၊ လူတွေအနေနဲ့ ကြည့်ရင် "လူတို့ရဲ့ အိပ်ပျော်ချိန်က ပိုအေးချမ်းတယ်" လို့ ထင်ကောင်းထင်ပါလိမ့်မယ်။ တိရစ္ဆာန်တို့သာ စကားပြောတတ်မယ် ဆိုရင်လည်း "တိရစ္ဆာန်တို့ရဲ့ အိပ်ပျော်ချိန်က ပိုပြီး အေးချမ်းပါတယ်" လို့ ပြောမှာ မလွဲပါဘူး။

အမှန်ကတော့ အိပ်ပျော်ချိန်ချင်းဟာ အတူတူပဲဖြစ်မှာပါ။ လူတို့အိပ်ပျော်တယ်ဆိုတာလည်း တစ်နေ့တာ ပင်ပန်းသမျှအတွက် "အနားပေး အားဖြည့်" သဘောမျိုးဖြစ်လို့ အေးချမ်းရုံမျှမက အင်အားပါဖြစ်ပေါ်စေတာပါပဲ။ "စားတာက အသား၊ အိပ်တာက အား" ဆိုသလိုပေါ့။ တိရစ္ဆာန်တွေ အိပ်တာလည်း အလားတူပါပဲ။ ဒါကြောင့်အိပ်ချိန်ချင်းယှဉ်ရင် ဘယ်သတ္တဝါက ပိုပြီး အေးချမ်းတယ်လို့ ကွဲပြားခြားနားလှမယ် မဟုတ်ပါဘူး။

မှန်ပါတယ်၊ အဘိဓမ္မာနည်းအရကြည့်ရင် သုဂတိဘုံသားတို့နဲ့ ဒုဂ္ဂတိဘုံသားအချို့တို့မှာ တူညီချိန်(၃)ခု ရှိတယ်လို့ ဆိုနိုင်ပါတယ်။

(၁) ဘဝသစ်တစ်ခုမှာ စတင်ပဋိသန္ဓေနေမိပြီးစမှာ ဘဝကို တပ်မက်တွယ်တာတဲ့ ဘဝနိကန္တိကလောဘဇောဆိုတာ ဖြစ်ရပါတယ်၊ အဲဒီအချိန်လေးမှာ ဘယ်သတ္တဝါမဆို ကိုယ့်ဘဝကို ခင်တွယ်တဲ့ လောဘဇောဖြစ်ကြတာချည်းပါပဲ၊ ဒုဂ္ဂတိဘုံသားများ ကလဲ ဒုဂ္ဂတိဘုံပဲရယ်လို့ မခင်တွယ်ဘဲ မနေပါဘူး၊ သုဂတိဘုံသားများ နည်းတူ ခင်တွယ်တဲ့ လောဘဇောဖြစ်ကြတာချင်း အတူတူပါပဲ။

http://www.dhammadownload.com

(၂) အိပ်ပျော်ချိန်စတဲ့ ဘဝင်ဝိပါက်စိတ်တွေဖြစ်ချိန်မှာလဲ ဘဝင်ကိစ္စဆောင်ရွက်တဲ့ ဝိပါက်စိတ်တွေဟာ ပစ္စုပ္ပန်မှာ ကြုံတွေ့ရတဲ့ ဣဋ္ဌာရုံတွေ အနိဋ္ဌာရုံတွေကို အာရုံမပြုဘဲ အထက်မှာ ပြောခဲ့သလို ကံ,ကမ္မနိမိတ်,ဂတိနိမိတ်အာရုံတွေကိုသာ အာရုံပြုပြီး ဖြစ်ကြတာဖြစ်လို့ ဘယ်လိုကျေနပ်မှု၊ မကျေနပ်မှုဆိုတဲ့ ခံစားမှုမျိုးမှ မရှိပါဘူး။ သတ္တဝါအားလုံးဟာ အိပ်ပျော်ချိန်မှာ အေးချမ်းကြတာ ချင်းလဲ အတူတူပါပဲ။

(၃) နောက်ဆုံးစုတိစိတ်ကျချိန်ဆိုတာလဲ ဘဝင်စိတ်တွေလို အကြိမ်ပေါင်းများစွာ မဖြစ်တာပဲရှိပါတယ်၊ အာရုံချင်းကတော့ ဘဝင်စိတ်များနည်းတူပဲဖြစ်လို့ အေးချမ်းပါတယ်။ ဒီအချိန်(၃)မျိုးမှာ (အိပ်စက်နေခွင့်ရကြတဲ့)သတ္တဝါအားလုံးတို့ရဲ့ တူညီချိန်လို့ ဆိုရင်လဲ မမှားနိုင်ပါဘူး။

ဒါကို သဘောပေါက်ရင် ဝိပါက်စိတ်ဟူသမျှ အကုသလ ဝိပါက်စိတ်ပဲ ဖြစ်ဖြစ်၊ ကုသလဝိပါက်စိတ်ပဲဖြစ်ဖြစ် အေးချမ်း ငြိမ်သက်တယ်လို့သာ ဆိုရပါလိမ့်မယ်။

တကယ်လို့ ခြွင်းချက်သဘောမျိုးရှိမယ်ဆိုရင်တောင် "စိတ်ကူးယဉ်တတ်သူများ၊ လက်နက်အမျိုးမျိုးသုံးပြီး အပြစ်ကို စနစ်တကျ ရက်ရက်စက်စက် ကျူးလွန်ကြသူများဟာ အိပ်ချိန်မှာ အိပ်မက်ဆိုးများမြင်မက်ပြီး ထိတ်လန့်လှုပ်ရှားဖြစ်တတ်တယ်။ အဲဒီ သဘောမျိုးနည်းပါးတဲ့ သတ္တဝါတွေက အိပ်မက်ဆိုး မြင်မက်မှု နည်းပါးပြီး ထိတ်လန့်လှုပ်ရှားမှုလည်း နည်းပါးတယ်ဆိုတဲ့ သဘာဝ အရ" လူတို့က စိတ်ကူးယဉ်တတ်ခြင်းနဲ့ စိတ်စေတနာရှိရှိ အပြစ်ကို ကျူးလွန်ခြင်းများတဲ့အတွက် ၊ ကုသလဝိပါက်စိတ်နဲ့ အိပ်ပျော် နေတဲ့ လူသားများက မငြိမ်မသက် ထိတ်လန့်လှုပ်ရှားမှု ဖြစ်နိုင်ခြေပိုများပါတယ်။

http://www.dhammadownload.com

တကယ်လို့သာ ယုတ္တိဘေဒနည်းအရ တွက်ကြည့်မယ် ဆိုရင်တော့ -

* စိတ်ကူးယဉ်မှုနဲ့ စိတ်စေတနာရှိရှိ လက်နက်မျိုးစုံ နည်းမျိုးစုံနဲ့ အပြစ်ကျူးလွန်မှုနည်းတဲ့ သတ္တဝါများက အိပ်ပျော်ချိန်မှာ ပိုပြီး ငြိမ်သက်တယ်။ (အဆို)

* တိရစ္ဆာန်များဟာ လူတို့ထက် စိတ်ကူးယဉ်မှုနဲ့ စိတ်စေတနာ ရှိရှိ လက်နက်မျိုးစုံ နည်းမျိုးစုံနဲ့ အပြစ်ကျူးလွန်မှု နည်းပါးတယ်။ (ဆင်ခြေ)

* ဒါကြောင့် တိရစ္ဆာန်များရဲ့ အိပ်ပျော်ချိန်က လူတို့ရဲ့ အိပ်ပျော်ချိန်ထက် ပိုပြီး အေးချမ်းတယ်လို့တောင် ဆုံးဖြတ်ချက်ချ ရမလို ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် အဌကထာဆရာတို့ရဲ့ ဖွင့်ပြချက်နဲ့အညီ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး အနက်မြန်မာ ပြန်ခဲ့သလို ဝိပါက် စိတ်မှန် သမျှဟာ "ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့" ချည်းပဲလို့သာ မှတ်ကြရ ပါလိမ့်မယ်။

အေးချမ်းကြပါစေ

❑

http://www.dhammadownload.com

အာဟာရပစ္စည်း

"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ = သတ္တဝါမှန်သမျှ အာဟာရအထောက်အပံ့ကြောင့်သာ ဖြစ်တည်နေနိုင်ကြတယ်"လို့ မြတ်စွာ ဘုရားဟောတော်မူထားတဲ့အတိုင်း အာဟာရပစ္စည်းဟာ သတ္တဝါတို့ဖြစ်တည်ရေးမှာ အရေးအကြီးဆုံးပစ္စည်းတစ်ခုပါပဲ။ ကံက သတ္တဝါ တွေကို ဘဝသစ်တစ်ခုကို ပို့ပေးတယ်။ အာဟာရပစ္စည်းက ဆက်လက်ရှင်သန်ခွင့်ရအောင် အထောက်အပံ့သစ်တွေကို ဖြစ်စေပြီး ကျေးဇူးပြုပေးတယ်။ သတ္တဝါတိုင်းအတွက် "ကံသာလျှင် အမိ၊ ကံသာလျှင် အဖ"လို့ ဆိုကြပေမယ့်၊ ကံက မွေးမိဘနဲ့တူပြီး အာဟာရက ကျွေးမွေးပြုစုထားတဲ့ ကျွေးမိဘနဲ့တူတယ်လို့ ဆိုရမှာပါ။

မြတ်ဗုဒ္ဓတရားတော်များနဲ့ဖြစ်စေ ပါဠိစာပေနဲ့ဖြစ်စေ အထိုက်အလျောက် ရင်းနှီးဖူးသူအားလုံးလိုလိုက "သတ္တဝါမှာ အစာ" ဆိုတဲ့ စကားနဲ့လဲ ရင်းနှီးကျွမ်းဝင်ရှိကြပါတယ်။ အားလုံးကပဲ "အာဟာရ"ဆိုတဲ့ ပါဠိကို "အစာ"လို့မြန်မာပြန်ထားကြလို့ပါပဲ။ ဒါပေမယ့် "အစာ"လို့ခေါ်တဲ့ "အာဟာရ"တရားဟာ "ရူပ်အာဟာရ၊ နာမ်အာဟာရ"ဆိုပြီး နှစ်မျိုးရှိတာကိုတော့ ထဲထဲဝင်ဝင်သိသူနည်း

http://www.dhammadownload.com

ပါတယ်။ အမှန်က နှစ်မျိုးရှိတာပါ။ ရူပ်အစားအစာနဲ့ နာမ်အစားအစာလို့ ခေါ်ချင်ခေါ်နိုင်ပါတယ်။

ရူပ်အာဟာရက "ဘော်ဒီ"လို့ခေါ်တဲ့ ဒီခန္ဓာကိုယ်ကြီး တည်တန့်ရေးအတွက် ကျေးဇူးပြုပေးပါတယ်။ ဒါကို ပဋ္ဌာန်းပါဠိတော်မှာ-

"ကဗဠိကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော = အပြင်အပ(ဗဟိဒ္ဓ)မှာရှိတဲ့ ထမင်း လုတ်, ဟင်းလုတ်,အဖျော်,မုန့်စသည်မှာပါတဲ့ အဆီဩဇာဆိုတဲ့ အာဟာရဓာတ်က၊ ဒီခန္ဓာကိုယ် ရူပ်အပေါင်းကို ရူပ်အာဟာရ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုထောက်ပံ့ပေးတယ်"လို့ ဟောတော်မူပါတယ်။

နာမ်အာဟာရနဲ့ ပတ်သက်လို့ကျတော့ -

"အရူပီနော အာဟာရာ သမ္ဘယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော = နာမ်အာဟာရတရားတွေ ကတော့ အတူတကွဖြစ်ဖော်ဖြစ်ဖက် နာမ်တရားတွေနဲ့ ဒီနာမ်တရားတွေကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တရားတွေကို နာမ်အာဟာရ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုထောက်ပံ့ပေးတယ်"လို့ ဟောတော်မူပါတယ်။

ဒီရူပ်အာဟာရ နာမ်အာဟာရနှစ်မျိုးလုံးတို့ဟာ ခန္ဓာကိုယ်ဆိုတဲ့ သက်ရှိအိမ်ကြီးကို မယိုင်လဲ မပြိုကွဲအောင် ထောက်ပံ့ ပေးထားတဲ့ အတွက် ပကတိအိမ်ကြီးကို ထောက်ကန်ပေးထားတဲ့ ကျားသဘောမျိုးနဲ့တူတယ်လို့ အဋ္ဌကထာဆရာက ဥပမာပေးပါတယ်။ ဒါကြောင့် -

"အာဟာရပစ္စယော = မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့။ နှစ်ပါးသဟဇ၊ ရူပ်နှင့်နာမ်အားရင်း၊ လေးတန် သန္ဌတိ သမုဋ္ဌာနိကရူပ်အားရင်း၊ ယထာတ္တမ၊ ဒွါဒက မျိုးတူတွင်၊ ဆောင်ယူထောက်ပံ့ခြင်းဟူသော အာဟာရသတ္တိ

http://www.dhammadownload.com

ထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ,စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါး၊ အလျှတ်ဗဟိ၊ စတုသမုဋ္ဌာနိက သြဇာဟူသော ရူပ်အာဟာရပစ္စည်း တရားဂဏ်း” လို့ အနက်မြန်မာပြန်ထားပါတယ်။

ရူပ်နာမ်နှစ်မျိုးတို့နဲ့ ဘဝကို တည်ဆောက်ထားရတဲ့ လူဘုံသား၊ နတ်ဘုံသား၊ ရူပပြဟ္မာဘုံသားတို့မှာ သက်ရှင်ရပ် တည်နိုင်ရေးအတွက် အခြေခံဖြစ်တဲ့ ရူပ်တရားနာမ်တရား နှစ်မျိုးလုံးကိုပဲ အမြဲမပြတ်ထောက်ပံ့ပေးတဲ့ အာဟာရဓာတ်များ လိုအပ်ပါတယ်။ ရူပ်အတွက် ရူပ်အာဟာရ၊ နာမ်အတွက် နာမ်အာဟာရ အထောက်အပံ့ရနေမှသာ ပုံမှန်သက်ရှင် ရပ်တည်နေနိုင်ကြတာပါ။

ရူပ်အာဟာရဆိုတာ အပြင်ပ ဗဟိဒ္ဓမှာရှိတဲ့ ထမင်းလုတ်၊ ဟင်းလုတ်၊ မုန့်ပဲသရေစာစတဲ့ အစားအစာများထဲမှာပါတဲ့ အဆီသြဇာဓာတ်ပဲဖြစ်ပါတယ်။ ဒီအဆီသြဇာဓာတ်ဟာ သူချည်း သီးခြားထုတ်ပြီး အလုတ်အလွှေ့ပြုလို့တော့ မရပါဘူး။ သြဇာဓာတ်တည်ရှိနေတဲ့ ထမင်း ဟင်းစသည်ကို အလုတ်အလွှေ့ပြုလိုက်တဲ့အခါ သြဇာဓာတ်ကလဲ ပါလာပြီဖြစ်လို့ ကျွမ်းဂန်များမှာတော့ “ကဗဠိကာရအာဟာရ - အလုတ်အလွှေ့ကို မပြုနိုင်သော်လည်း ပြုနိုင်သလိုဖြစ်တဲ့ အာဟာရ”လို့ ဆိုပါတယ်။

လူရဲ့ ခန္ဓာကိုယ်ကြီးဆိုတာ ကမ္မဇရူပ်၊ စိတ္တဇရူပ်၊ ဥတုဇရူပ်၊ အာဟာရဇရူပ်ဆိုတဲ့ ရူပ်ကြီးလေးမျိုး စုပေါင်းဖွဲ့ထားတာပါ။ ဒီရူပ်လေးမျိုးထဲမှာ အာဟာရဇရူပ်က သက်ရှင်ရပ်တည်ရေးအတွက် အရေးကြီးဆုံးပါပဲ။ အသစ်အသစ်စားသုံးသမျှအစားအစာထဲက သြဇာဓာတ်တွေဟာ အာဟာရဇရူပ်တွေကို ဖြစ်စေတတ်သလို၊ ကျန်တဲ့ ရူပ်သုံးမျိုးတို့ ရှင်သန်ရေးကိုလည်း အထောက်အပံ့ ပြုပေးပါတယ်။ အဲဒီလို ရူပ်ခန္ဓာအဆောက်အဦ ကြီးပြိုလဲ ပျက်စီးမသွား

http://www.dhammadownload.com

အောင် ထောက်ပံ့ပေးထားတတ်လို့ "ကျား"နဲ့ တူတယ်လို့ဆိုတာပါ။ (ယိုင်လာတဲ့ အဆောက်အဦ၊ သစ်ပင်၊ တံတားစသည်တို့ကို မယိုင်မလဲအောင် ထောက်ပေးတားရတာကို "ကျားကန်ပေးတယ်"လို့ ခေါ်ပါတယ်၊ အဲဒီ 'ကျား'ကိုပြောတာပါ)။

နာမ်တရားတွေ ရှင်သန်ဖြစ်တည်ရေးအတွက် အထောက်အပံ့ပေးနေတဲ့ အာဟာရကတော့ အာရုံနဲ့တွေ့ထိပေးတဲ့ ဖဿရယ်၊ ကံလို့ခေါ်တဲ့ စေတနာရယ်၊ အာရုံကိုသိတတ်တဲ့ ဝိညာဏ်ရယ်၊ သုံးပါးဖြစ်ပါတယ်။ နာမ်အာဟာရက သုံးပါး၊ ရုပ်အာဟာရက တစ်ပါး၊ အားလုံးပေါင်းရင် အာဟာရလေးပါးဖြစ်ပါတယ်။

ဘဝတစ်ခု ရှင်သန်ရေးအတွက် လိုအပ်တဲ့ အကျိုးပစ္စယုပ္ပန်တရားတွေဖြစ်ပေါ်ပြည့်စုံလာအောင် ဆောင်ရွက်ထောက်ပံ့ပေးတဲ့ အခြားတရားတွေလည်း အများကြီးရှိကြပေမယ့် ရုပ်ရော နာမ်ပါ ခန္ဓာငါးပါးတည်တန့်ရေးအတွက် ဒီတရားလေးမျိုးတို့ကသာ အရေးအပါဆုံးဖြစ်လို့ ဒီတရားလေးမျိုးကိုသာ အာဟာရ(အထောက်အပံ့) ပစ္စည်း တရားများလို့ သတ်မှတ်ပါတယ်။

(၁) အစားအစာထဲမှာပါတဲ့ ဩဇာဓာတ်က ရုပ်ခန္ဓာကိုယ်ကြီးအတွက် ထောက်ပံ့ပေးတာကတော့ လူတိုင်းလိုလို နဲနဲသဘောပေါက် လို့ ရကြမှာပါ။ ဖဿ,စေတနာ(ကံ),ဝိညာဏ်တို့က ဒီဘဝခန္ဓာကြီးရှင်သန်ရေးမှာ တခြားနာမ်တရားတွေထက် အရေးပါတဲ့ အထောက်အပံ့တွေ ဘယ်လိုပေးသလဲဆိုတာကတော့ သဘောပေါက်သူ နည်းပါလိမ့်မယ်။ အတ္တဝါဒ အတွေးအထင်ကနေ အနတ္တဆိုတဲ့ အသိအမြင်ကို ကူးပြောင်းနိုင်ရေးမှာ ဒီအာဟာရတရားတို့က အရေးကြီးတဲ့အတွက် နည်းနည်းတော့သိထားမှ အဆင်ပြေပါလိမ့်မယ်။ ဒီအကြောင်း နောက်ပိုင်းမှာလဲ ထပ်ပြောပါဦးမယ်၊ အခု အကျဉ်းချုပ်ကြိုတင်သိထားသင့်တာကတော့ -

http://www.dhammadownload.com

(၂) သက်ရှိဘဝတစ်ခုဆိုတာ ပဋိသန္ဓေဝိညာဏ်နဲ့စတာပါ။ ဆိုင်ရာဆိုင်ရာဘဝတစ်ခုမှာ အဲဒီ ပဋိသန္ဓေဝိညာဏ်စိတ်ကလေး ဖြစ်ပေါ်အောင် စေတနာ(ကံ)က ပို့ဆောင်ထောက်ပံ့ပေးပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ "သခ်ါရပစ္စယာ ဝိညာဏံ -သခ်ါရကြောင့် ပဋိသန္ဓေ ဝိညာဏ်ဖြစ်တယ်"ဆိုတာ ဒါကိုပြောတာပါ၊ ဒီမှာပါတဲ့ သခ်ါရရယ်၊ ကံရယ်၊ စေတနာရယ်က သံတူကြောင်းကွဲဖြစ်ပါတယ်။ ဒါကြောင့် အတိတ်ကံလို့လည်းခေါ် သခ်ါရလို့လည်း ခေါ်တဲ့ "စေတနာ"ကို အာဟာရလို့ခေါ်ပါတယ်။

(၃) ပဋိသန္ဓေစိတ်ကလေး ပထမအကြိမ်မှာ စပြီးဖြစ် လိုက်တာနဲ့ တစ်ပြိုင်နက်၊ အဲဒီပဋိသန္ဓေစိတ်နဲ့အတူ ခန္ဓာကိုယ်ကြီးရဲ့ အခြေခံဖြစ်တဲ့ ကာယပသာဒမျိုးစေ့ပါဝင်တဲ့ ရုပ်ဆယ်ခုအုပ်စု (ဒသကကလာပ်)ရယ်၊ ယောက်ျား မိန်းမဖြစ်စေတဲ့ ပုရိသဘာဝ သို့မဟုတ် ဣတ္ထိဘာဝရုပ် ပါဝင်တဲ့ ရုပ်ဆယ်ခုအုပ်စုရယ်၊ နာမ်တရား တို့ရဲ့ တည်မှီရာ နှလုံးသားမျိုးစေ့ဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ပါဝင်တဲ့ ရုပ်ဆယ်ခု အုပ်စုရယ် အားလုံးဆယ်မျိုးစုသုံးစု (ကလာပ်သုံးစည်း လို့လဲ ခေါ်ပါတယ်)ဖြစ်ပါတယ်။ အဲဒီရုပ်တွေဟာ စိတ်ခဏပေါင်း (၁၇) ချက်အထိ သက်တမ်းရှိပါတယ်။ (ရုပ်က စိတ်ထက် (၁၇)ဆ သက်တမ်းပိုပြီး ကြာကြာခံတယ်လို့ ဆိုလိုတာပါ) ဒါပေမယ့် ပဋိသန္ဓေဝိညာဏ်ရဲ့ နောက်မှာ ဘဝင် ဝိညာဏ်စတဲ့ စိတ်တွေက ဆက်ဖြစ်ပေးနေမှသာ ဒီရုပ်တွေ သက်တမ်းပြည့်လဲ နေနိုင်မယ်၊ နောက်နောက်ဖြစ်တဲ့ ဝိညာဏ် စိတ်တွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် တွေရော၊ အအေးအပူအားလျော်စွာ ပေါက်ဖွားဖြစ်ပေါ်တဲ့ ဥတုဇရုပ် တွေရော၊ အစားအစာမှာပါတဲ့ သြဇာကြောင့်ဖြစ်တဲ့ အာဟာရရုပ် တွေရော ဖြစ်သင့်ဖြစ်ထိုက်သမျှ နာမ်တွေရုပ်တွေ ဆက်ပြီးဖြစ်နေနိုင် ပါတယ်။ (အဲဒီလို ဖြစ်ချီ ပျက်ချီနဲ့ စဉ်ဆက်မပြတ် တရစပ်ဖြစ်တည်

http://www.dhammadownload.com

နေရတာကိုပဲ သက်ရှိသံသရာ ခရီးသည်လို့ ခေါ်ဆိုရတာပါ။) အဲဒီလို နောက်နောက်ဖြစ်တဲ့ နာမ်တွေနဲ့ ရုပ်တွေ ဖြစ်ပေါ်အောင်ကိုတော့ ပဋ္ဌိသန္ဓေစိတ်ကလေးကပဲ ဖော်ဆောင် ထောက်ပံ့ပေးပါတယ်။ "ဝိညာဏာပစ္စယာ နာမရူပံ = ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်" ဆိုတာ ဒါကို ပြောတာပါ။ ဒါကြောင့် အဲဒီ "ပဋ္ဌိသန္ဓေဝိညာဏ်" ကလေးကိုလဲ အာဟာရလို့ ခေါ်ပါတယ်။

(၄) အဲဒီနောက် လူပဲ နတ်ပဲရယ်လို့ ပီပီပြင်ပြင် ဖြစ်လာပြီး သံသရာခရီးရှည်ကြီးကို ရှင်သန်စွာ ဆက်လက်သွားနိုင်ဖို့ကတော့ ဗုဒ္ဓဘာသာဝင်အားလုံးသိကြတဲ့အတိုင်း တဏှာနဲ့အသက်ဆက်ပြီး တဏှာ(သမုဒယ)နဲ့ပဲ ခရီးဆက်နေကြရတာပါ။ အဲဒီတဏှာဆိုတာ ဝေဒနာရှိမှ ဖြစ်ပါတယ်၊ ဝေဒနာကလဲ အပြင်အာရုံ အတွင်းအာရုံ ဆိုတဲ့ အာရုံတွေနဲ့ တွေ့ထိပေးတဲ့ ဖဿရှိမှသာ ဖြစ်နိုင်ပါတယ်။ ပစ္စုပ္ပန်မှာ အာရုံကို ကောင်းဆိုးခွဲခြားခံစားနိုင်ရေးမှာ ဖဿကသာ အဓိကဖော်ဆောင်ထောက်ပံ့ပေးနိုင်တာဖြစ်လို့ ဖဿစေတသိက်ကိုလဲ အာဟာရလို့ခေါ်ပါတယ်။

ဒေသနာဟောရိုး ဟောစဉ်အရ "ဖဿ၊စေတနာ၊ ဝိညာဏ်" လို့ ဟောပေမယ့် ဖြစ်စဉ်အရကတော့ "စေတနာ၊ ဝိညာဏ်၊ ဖဿ" လို့ ဆိုရပါလိမ့်မယ်။ သံသရာမှာ ရုပ်တွေ နာမ်တွေ မျိုးဆက် မပြတ်နိုင်ဘဲ ဆက်လက်ရှင်သန်ဖြစ်တည်နေရေးမှာ ဒီတရားသုံးခုရဲ့ အထောက်အပံ့က အဓိကအရေးပါတဲ့အတွက် ဒီတရားသုံးမျိုးကို နာမ်အာဟာရ ပစ္စည်းတရားသုံးပါးလို့ ဟောတော်မူပါတယ်။

သေသေချာချာစဉ်းစားကြည့်မယ်ဆိုရင်တော့ အစားအစာ ထဲမှာပါတဲ့ ဩဇာဆိုတဲ့ ရုပ်အာဟာရတရားက တစ်ဘဝတာ အသက်ရှင်ရေးအတွက် ထောက်ပံ့တဲ့အာဟာရပစ္စည်းဖြစ်တယ်။ ဖဿ,စေတနာ,ဝိညာဏ်ဆိုတဲ့ နာမ်အာဟာရတရားများကတော့

http://www.dhammadownload.com

တစ်ဘဝပြီး တစ်ဘဝဆိုတဲ့ သံသရာခရီးရှည်ကြီး မဆုံးတမ်းစဉ်ဆက်မပြတ် ရှင်သန်နေရေးအတွက် ထောက်ပံ့ပေးတဲ့ အာဟာရပစ္စည်းဖြစ်တယ်လို့ သဘောပေါက်လာပါလိမ့်မယ်။

ထပ်ပြီးတော့ စိစစ်ကြည့်မယ်ဆိုရင် "ဘဝခန္ဓာကိုယ်ကြီးကို 'ကံ,စိတ်,ဥတု,အာဟာရ' ဆိုတဲ့ အကြောင်းတရားလေးပါးတို့က အမြဲမပြတ်စောင့်ကြပ်ပြုပြင်ပေးနေတယ်" လို့ ဗုဒ္ဓဘာသာဝင်တို့ သိထားကြတဲ့အကြောင်းတရားလေးပါးထဲက အခု အာဟာရ ပစ္စည်းမှာ ကံရယ်၊ စိတ်ရယ်၊ အာဟာရရယ် သုံးမျိုးကို ဖော်ပြနေတာလဲ ဖြစ်ပါတယ်။ ကံက "စေတနာဟာရ"ဆိုတဲ့ အမည်ခံတယ်။ စိတ်က ဝိညာဏာဟာရဆိုတဲ့ အမည်ခံထားပါတယ်။ အာဟာရက အာဟာရပါပဲ။ ဥတုကြောင့်ဖြစ်တဲ့ ရူပ်တွေကလဲ ပဋိသန္ဓေကမ္မဇရူပ်နဲ့ တစ်ပြိုင်နက်လိုလိုမှာပဲ စပြီးဖြစ်ပါတယ်။

ဘဝသစ်တစ်ခုမှာ ပဋိသန္ဓေကစလို့ ဒီ ကံ,စိတ်,ဥတု, အာဟာရတို့ရဲ့ ထောက်ပံ့ကူညီမှုနဲ့ ကလလရေကြည်အဖြစ်ကနေ ဆင့်ကဲ တိုးတက်ကြီးထွားလာရမှုဖြစ်စဉ်ကို မသိတဲ့အခါ တချို့လူတွေ မဆိုထားနဲ့ နတ်တွေတောင် ယောင်တိ ယောင်မှားဖြစ်ကုန်ပြီး "သတ္တဝါဆိုတာ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်စရာ အတ္တ ကောင်ကလေးက အမိဝမ်းမှာ တစ်ပြိုင်နက်ခြေလက်အင်္ဂါပါမကျန် အပြည့်အစုံဖြစ်ပြီး ကြီးထွားလာကြတာ ဖြစ်တယ်၊ ပင်ကိုယ်က အတ္တဆိုတဲ့အကောင်လေး မရှိဘဲနဲ့ ဘယ်လိုလုပ် ခြေလက်အင်္ဂါတွေ၊ မျက်စေ့,နား,နှာစတာတွေ၊ သိတတ်တဲ့ စိတ်ဆိုတာတွေဖြစ်နိုင်မလဲ" ဆိုတဲ့ အတွေးခေါင်မှုတွေ အယူမှားမှုတွေ ဖြစ်ကုန်တတ်ကြပါတယ်။ ဒါကြောင့် အာဟာရပစ္စည်းနဲ့ သတ္တဝါတို့ရဲ့ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်ကို အသေအချာလေ့လာနားလည်ထားဖို့ အလွန်အရေးကြီးပါတယ်။ ဒီအကြောင်းနဲ့နဲ့ထပ်ချဲ့ပြောပါဦးမယ်။

http://www.dhammadownload.com

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့အနီးက ဂ္ဂန္ဓကူဋ္ဌတောင်မှာ ရှိတဲ့ ဂ္ဂန္ဓကနတ်ဘီလူးရဲ့ နတ်ဗိမာန်မှာ သီတင်းသုံးနေစဉ်က ဗိမာန်ရှင် ဖြစ်တဲ့ ဂ္ဂန္ဓကနတ်ဘီလူးက ဘုရားရှင်ကို -

"အရှင်ဘုရား ပွင့်တော်မူသမျှ ဘုရားအဆူဆူတိုင်းပဲ ရုပ်ကို "အသက်,ဇီဝ,အတ္တဆိုတာ မရှိဘူး"လို့ချည်း ဟောတော်မူကြပါတယ်။ ဒါဆိုရင် ဘယ်လိုနည်းနဲ့ ဒီသတ္တဝါတွေဟာ ဒီခန္ဓာကိုယ်ကြီးကို ရရှိနိုင်မလဲ။ သတ္တဝါတွေရဲ့ အရိုးတွေ၊ အသားဆိုင်တွေ ဆိုတာ ကရောဘယ်ကနေရောက်လာပါသလဲ။ ဒီသတ္တဝါဟာ ဘာကြောင့် တောင်ရဲ့ လှိုင်ခေါင်းသဖွယ်ဖြစ်တဲ့ အမိဝမ်းတိုက်မှာ ကိန်းအောင်းနေနိုင်ပါသလဲ"ဆိုပြီး မေးပါတယ်။ *(သဂါထာဝဂ္ဂ၊ယက္ခသံယုတ်-၂၀၈)*

အဲဒီမှာ ဘုရားရှင်က -

(၁) ပထမံ ကလလံ ဟောတိ = ပထမသတ္တာဟ (ရက်သတ္တပတ်) မှာ ကလလရေကြည်ဖြစ်တယ်။

(၂) ကလလာ ဟောတိ အဗ္ဗုဒံ = အဲဒီနောက် ဒုတိယပတ်မှာ အမြှုပ်ကလေးဖြစ်တယ်။

(၃) အဗ္ဗုဒါ ဇာယတေ ပေသိ = အဲဒီနောက် တတိယပတ်မှာ နီနီထွေးထွေး အသားတစ်ကလေးဖြစ်တယ်။

(၄) ပေသိ နိဗ္ဗတ္တတေ ဃနော = အဲဒီနောက် စတုတ္ထပတ်မှာ ခပ်မာမာအသားတုံးကလေး ဖြစ်လာတယ်။

(၅) ဃနာ ပသာခါ ဇာယန္တိ = အဲဒီနောက် ပဉ္စမပတ်မှာ ခေါင်း,ခြေနှစ်ဘက်၊ လက်နှစ်ဘက်ဖြစ်မည့် နေရာငါးခုမှာ ခက်မငါးဖြာလို့ခေါ်တဲ့ အဖုကလေးငါးခုဖြစ်လာတယ်။

(၆) ကေသာ လောမာ နခါပိစ = နောက်တော့ ဆံပင်,မွေးညှင်း,ခြေသည်း,လက်သည်းစတဲ့ အင်္ဂါရပ်အစိတ်အပိုင်းတွေလဲ အခါအားလျော်စွာ လူအင်္ဂါရပ်စုံအောင် ဖြစ်ပေါ်လာတယ်" ဆိုတဲ့ အကြောင်း မြတ်စွာဘုရားက ပြန်ရှင်းပြပါတယ်။

http://www.dhammadownload.com

လူတိုင်းအကြမ်းဖျင်းသဘောပေါက်ကြတာကတော့ သတ္တဝါ(အထူးသဖြင့် လူ)တွေဟာ အမိအဖတို့ရဲ့ ဗီဇသွေးနှစ်မျိုးတို့ ပေါင်းစပ်ရာကနေ လူရယ်လို့ ဖြစ်ကြတယ်လို့ပဲ မှတ်ထင်တတ်ပါတယ်။

ဗုဒ္ဓဝါဒဆိုင်ရာ အဘိဓမ္မာကျမ်းများအလိုအရတော့ လူတစ်ယောက်ဘဝတစ်ခုမှာ ပဋိသန္ဓေစတင်ဖြစ်တည်နိုင် ရေး အတွက် (၁) အမိအဖတို့ ဗီဇသွေးနှစ်ခုပေါင်းဆုံမိခြင်း၊ (၂) အမိရဲ့ သားအိမ်က လစဉ် စွန့်ပစ်ရမည့် ဥတုသွေးညစ်တို့ ပယ်စွန့်သန့်စင်ပြီး ချိန်ဖြစ်ခြင်း၊ (၃) ဘဝဟောင်းမှ ဘဝသစ်ကို ကူးပြောင်းဖြစ် ပေါ်မည့် ဂန္ဓဗ္ဗခေါ်တဲ့ ပဋိသန္ဓေဝိညာဏ်မျိုးစေ့လေး ရှေးရှုတည်ခြင်းဆိုတဲ့ အဂ်ီရပ်သုံးခု စုံညီမှ သတ္တဝါတို့ရဲ့ ဘဝသစ်တစ်ခု ပဋိသန္ဓေနေမှု စတင်ဖြစ်ပေါ်ပါတယ်။

အဲဒီသုံးချက်ထဲက "ဂန္ဓဗ္ဗဓာတ်"ဆိုတာ အတိတ်ကံရဲ့ သတ္တိအရ ဘဝသစ်တစ်ခုမှာ ပဋိသန္ဓေဖြစ်တည်မယ့် ပဋိသန္ဓေဝိညာဏ်နဲ့ ကမ္မဇရူပ်တို့ရဲ့ မျိုးစေ့ပါပဲ။ တစ်နည်းပြောရရင်တော့ ပဋိသန္ဓေဝိညာဏ်နဲ့ ကမ္မဇရူပ်တွေကို ဖြစ်စေနိုင်တဲ့ အတိတ်ကံရဲ့ ကမ္မသတ္တိဓာတ် တစ်ခုပါပဲ။ ဒီကမ္မသတ္တိဖြစ်တဲ့ ဂန္ဓဗ္ဗဓာတ်ထဲမှာ ကံပါရမီတို့ရဲ့ သတ္တိတွေလဲ ပါဝင်ပါတယ်။ ကံကောင်းခြင်းတို့ ဉာဏ်ကောင်းခြင်းတို့ရဲ့ အခြေခံတွေဟာ ဒီအထဲမှာ ပဋိသန္ဓေစတည်ချိန်ကတည်းက ပါဝင်ပြီးသားပါ။ တစ်ဦးနှင့်တစ်ဦး ကံချင်း ပါရမီဓာတ်ခံချင်း ကွဲပြားသလို ကံကောင်းတာချင်း ဉာဏ်ကောင်းတာချင်းလဲ အခြေခံ ဂန္ဓဗ္ဗဓာတ်မှာကတည်းက ကွဲပြားပါတယ်။ ဒါကြောင့်လဲ တစ်မိဝမ်းချင်းအတူ သက်ဆင်းကြတဲ့ ညီအစ်ကိုမောင်နှမချင်းဖြစ်ပေမယ့် ကံချင်း ဉာဏ်ချင်း ဥပမိရူပ်ချင်း ကွဲပြားခြားနားကြတာပါ။ လူအများ ပြောပြောနေတဲ့ အခြေခံဗီဇဓာတ်ဆိုတာ ဗုဒ္ဓဝါဒ အဘိဓမ္မာအရကတော့ အခုပြောခဲ့တဲ့ ဂန္ဓဗ္ဗဓာတ်ကို ခေါ်တာပါပဲ။

http://www.dhammadownload.com

' ရုပ်တို့ စဖြစ်ပုံ '

အမိအဖတို့ရဲ့ဗီဇသွေးနှစ်ခုရယ်၊ ဂန္ဓဗ္ဗဓာတ်ရယ် စင်ကြယ်တဲ့ အမိဝမ်းသားအိမ်အတွင်းဆုံမိပြီး ပဋိသန္ဓေရယ်လို့ ဖြစ်လိုက်ချိန်မှာ အထက်မှာပြောခဲ့တဲ့အတိုင်း နာမ်တရားအဖြစ်နဲ့ ပဋိသန္ဓေဝိညာဏ်စိတ်နဲ့ စေတသိက် (၃၃)ခုတို့ရယ်၊ ရုပ်တရားကတော့ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဆိုတဲ့ ကမ္မဇရုပ်ကလာပ်သုံးစု(သုံးစည်း)တို့ရယ် တစ်ပြိုင်နက်ဖြစ်ပါတယ်။

အဲဒီစပြီးဖြစ်တဲ့ ပဋိသန္ဓေစိတ်ကလေးရဲ့ 'ဥပါဒ်' ပြီးတော့ 'ဌိ' ဆိုတဲ့အခိုက်ကလေးရောက်ချိန်ကစပြီး ဥတုကြောင့်ဖြစ်တဲ့ ဥတုဇရုပ်တွေ ဆိုတာလဲ ခဏမစဲ တသဲသဲလို့ ဆိုရလောက်အောင် စိတ်တစ်ခဏစာအချိန်တိုင်းမှာ မပြတ်တရစပ်ဖြစ်နေပါတယ်။ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်ကလေးစဖြစ်ချိန်ကစပြီး စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေလဲ ဖြစ်လာပါတယ်။

ပထမဆုံးပဋိသန္ဓေစပြီး ဖြစ်ချိန်ကစပြီး ရက်သတ္တ တစ်ပတ်စာအချိန်အတွင်းမှာ သန္ဓေသားဆိုတာ ကလလရေကြည် ကလေးပဲ ရှိပါသေးတယ်၊ အရွယ်ပမာဏကလဲ ဝမ်းတွင်းမွေး ဆိတ်သားငယ်ရဲ့ အမွေးမျှင်ကလေးတစ်ချောင်းကို ဆီထဲနှစ်ပြီး ခါထုတ်လိုက်တဲ့အခါ အဲဒီအမွေးမျှင်လေးရဲ့ ထိပ်မှာ ကပ်ကျန်နေတဲ့ ဆီကြည်ပမာဏလောက်ပဲ ရှိပါသတဲ့။ ဒါပေမယ့် အဲဒီမှာ ဘဝင်စိတ် စေတသိက်ဆိုတဲ့ နာမ်တရားတွေရော၊ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်ဆိုတဲ့ ရုပ်သုံးမျိုးရောရှိနေပြီ။ စောစောကပြောတဲ့ ဂန္ဓဗ္ဗဓာတ်ကလေးပါ စုပေါင်း ပါဝင်ထားတာဖြစ် လို့ ဂ်မျိုးစေ့ ဥဏ်မျိုးစေ့တွေလဲ အပြည့်အစုံပါနေပါပြီ။

နောက် ဒုတိယရက်သတ္တပတ်ရောက်တော့ ဆီကြည်ကလေးကနေ "အမ္ပြုပ်"ကလေးအဖြစ်ပြောင်လာတယ်၊ အဲဒီအချိန်အထိလဲ ရုပ်က အထက်မှာ ပြောခဲ့တဲ့ သုံးမျိုးပဲ ရှိပါသေးတယ်။

http://www.dhammadownload.com

တတိယရက် သတ္တပတ်ရောက်တော့ အမြှုပ်ကလေးကနေ သွေးနီခဲလေးလို "သားတစ်"ဆိုတာဖြစ်လာတယ်။ သားတစ်ဆို ပေမယ့် အသားတုံးလို မာမာခဲခဲမဟုတ်သေးဘူး ဂျယ်ရီလို သွေးပျစ်ခဲခဲလေးပဲ ရှိပါသေးတယ်။ အဲဒီတတိယပတ်ရောက်တဲ့အခါ မိခင်စားသောက်တဲ့ အစားအစာများကတစ်ဆင့် ဒီသန္ဓေသားလောင်းတစ်ကလေး ဆီကို အာဟာရဇရုပ်တွေ စပြီးပို့ပေးပြီ၊ အဲဒီအချိန်မှာ ရုပ်လေးမျိုးစုံပြီး၊ ကံ,စိတ်,ဥတု,အာဟာရအကြောင်း တရားလေးမျိုးလုံး ပေါင်းဆုံမိပြီဖြစ်သလို အာဟာရလေးမျိုးလုံးလဲ ပြည့်စုံပါပြီ။ [အတိတ်ကံစေတနာက စေတနာဟာရ၊ ပဋ္ဌိသန္ဓေဝိညာဏ်က ဝိညာဏာဟာရ၊ အာရုံတွေနဲ့ တွေ့ထိတာက ဖဿာဟာရ၊ မိခင်ဆီကနေတဆင့်ရတဲ့ ဩဇာဓာတ်ဟာ ရုပ်အာဟာရဖြစ်ပါတယ်။]

ထမင်းလုတ်,ဟင်းလုတ်ထဲမှာပါတဲ့ ဩဇာဓာတ်ကလေးတွေဟာ အာဟာရဇရုပ်ကိုတော့ ဖြစ်စေတတ်တဲ့ဇနကသတ္တိနဲ့ ကျေးဇူး ပြုပေးပါတယ်။ ကြွင်းတဲ့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်တွေကိုတော့ ဥပထမ္ဘကသတ္တိနဲ့ ထောက်ပံ့ကူညီပေးပါတယ်။ ဒါကြောင့် "ကဗဠိကာရော အာဟာရော = ဩဇာလို့ခေါ်တဲ့ အာဟာရဓာတ်ကလေးဟာ။ ဣမသ္မာ ကာယသ္မာ = ခန္ဓာကိုယ်ကြီးတစ်ခုလုံး(ရုပ်လေးမျိုးလုံး)ကိုပဲ။ အာဟာရပစ္စယေန ပစ္စယော = အာဟာရသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဆိုရတာပါ။

အကြောင်းတရားလေးမျိုးကြောင့်ဖြစ်တဲ့ ရုပ်လေးမျိုးလုံးစုံညီတဲ့အခါ တစ်မျိုးကတစ်မျိုးကို အပြန်အလှန်ထောက်ကူပေးတဲ့အတွက် ခန္ဓာကိုယ်ရဲ့ ကြီးထွားမှု၊ တိုးတက်မှုတွေလဲ ပိုပြီး သိသာမြန်ဆန်လာပါတယ်။ ဒါကြောင့် စတုတ္ထပတ်မှာ အဆိုင်အခဲ ခပ်မာမာကလေးဖြစ် လာတယ်။ ပဉ္စမပတ်မှာ ခက်မငါးဖြာ (ခေါင်း၊ လက်နှစ်ဘက်၊ခြေနှစ်ဘက်)ဖြစ်ဖို့အတွက် အဖုလေး ငါးဖုပေါ်လာပြီ။

http://www.dhammadownload.com

အဲဒီနောက် ရက်သတ္တ(၇)ပတ်မြောက် လောက်က စပြီး မျက်စေ့, နား,နှာစတဲ့ အင်္ဂါတွေပေါ်ပေါက်တယ်။ ရက်သတ္တ (၁၁)ပတ် လောက် ရောက်ချိန်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်းတို့ပါ စုံလင်လာတယ်လို့ ဆိုပါတယ်။

မြတ်စွာဘုရားရှင်က ဒီရုပ်ဖြစ်စဉ် ခန္ဓာဖြစ်စဉ်တွေကို ဣန္ဒကနတ်ဘီလူးကြီးကို ရှင်းပြနေတာပါ။ သင်ထင်သလို အတ္တကောင် ကလေးကြောင့် အင်္ဂါတွေပြည့်စုံကြီးထွားလာကြတာ မဟုတ်ဘူး၊ ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ အကြောင်းတရားလေးပါး တို့က စုပေါင်း ထောက်ပံ့ပြီး တည်ဆောက်ပေးတာ ဖြစ်တယ်လို့ ဆိုလိုတာပါ။

ဒီဖြစ်စဉ်အသေးစိတ်ကို ဒေသနာနယဆေးပညာကို စတင်ဖော်ထုတ်ခဲ့တဲ့ အင်းဝခေတ်က ဝန်စာရေးကြီး ဦးကောင်းရေးတဲ့ နရသုခိဆေးကျမ်း အခန်း(၆)မှာတော့ -

"တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ စဉ်စီကာသ၊ ဓာတ်ထိုမျှတို့၊ ဆုံးစအသင့်၊ ရှေ့နှင့်နောက်ပိုင်း၊ အစဉ်တိုင်းလျက်၊ ခိုင်းနှိုင်းသမှု၊ ပစ္စည်းပြုသည်၊ ဤလူ့ဘဝ၊ သဏ္ဌာန်ကား၊ အစရေကြည်၊ အမြုပ်တည်မှ၊ သွေးရည်သားတစ်၊ ခက်မ,ဖြစ်၍၊ တလစ်ချိန်လျှော်၊ ဖွားမြင်မြော်၏၊ ထိုရော်ကစ၊ မသေမျှလျှင်၊ ကာလအဖို့၊ ထိုဓာတ်တို့နှင့်၊ မချို့မယွင်း၊ မကွင်းမကွေ၊ လေးထွေဣရိယာ၊ ဖြစ်ကြရာ၏ . . . " စသဖြင့် ရေးထားပါတယ်။

ဒီမှာ အထူးပြတာကတော့ ပထမသတ္တာဟမှာ တေဇောဓာတ်ဦးဆောင်တဲ့အတွက် ရေကြည်ကလေးဖြစ်တယ်။ ဒုတိယပတ်မှာ ဝါယောဓာတ်က ဦးဆောင်လို့ အမြှုပ်ကလေးဖြစ်လာတယ်။ တတိယပတ်မှာ အာပေါဓာတ်ဦးဆောင်တဲ့အတွက် သွေးရည်ခဲလေး

http://www.dhammadownload.com

ဖြစ်လာတယ်။ စတုတ္ထပတ်မှာ ပထဝီဓာတ်ဦးဆောင်လာပြီဖြစ်လို့ နဲနဲမာလာတဲ့ သားတစ်ခဲကလေးဖြစ်လာတယ်။ ပဉ္စမပတ်မှာ အာကာသဓာတ် ဦးဆောင်လို့ ခက်မငါးဖြာဆိုပြီး ကွဲပြားလာတယ်။ ဒီဖြစ်စဉ်တွေမှာ ဓာတ်တွေကပဲ အဓိကဦးဆောင်ပြီး ဒီခန္ဓာ ကိုယ်ကြီးကို လိုအပ်သလို ပုံပေါ်အောင် ဆောင်ရွက်ပေးကြတာ ဖြစ်တယ်။ ဘယ်အတ္တရဲ့ အစွမ်းမှ မဟုတ်ဘူး၊ ခန္ဓာကိုယ်တစ်ခုလုံးမှာ အတ္တရဲ့ နေရာရော၊ အတ္တရဲ့ အခြေရာ လက်ရာရော ဘာမျှမရှိဘူးဆိုတာကို ပြလိုရင်းပါပဲ။

အမိဝမ်းက ကျွတ်လွတ်ဖွားမြင်လာပြီးနောက်မှာလဲ ရုပ်ခန္ဓာ ကိုယ်ကြီးကို ဒီအကြောင်းလေးပါးကြောင့်ဖြစ်တဲ့ ရုပ်လေးမျိုးတို့ကပဲ အချင်းချင်းအပြန်ပြန်အလှန်လှန်ရိုင်းပင်းကူညီ ပူးပေါင်းကြပြီး ထောက်ကန်တည်ဆောက်ပေးကြတာပါ။ အဓိကအနေနဲ့ အာဟာရ ရုပ် သစ်တွေရဲ့ အထောက်အပံ့ကပိုပြီး အရေးကြီးပါလိမ့်မယ်၊ "ရေ အသက်တစ်မနက်၊ ထမင်းအသက် ခုနှစ်ရက်"တို့ "ဝမ်းတစ်လုံး ကောင်း၊ ခေါင်းမခဲ"တို့ ဆိုတဲ့ စကားတွေဟာ ဒီသဘောကို ညွှန်ပြနေ တယ်လို့ ယူဆရပါတယ်။

အစားအစာတွေက အာဟာရရုပ်သစ်တွေဖြစ်ပေါ်တယ် ဆိုရာမှာ စားလိုက်တဲ့အစာတွေ၊ ရေတွေက ဒီအတိုင်းဖြစ်နိုင်တာ မဟုတ်ပါဘူး၊ အစားအစာတို့ ရေတို့ထဲမှာပါတဲ့ ဩဇာဆိုတဲ့ အဆီ ဓာတ်ကသာ အာဟာရဇရုပ်ကို ဖြစ်စေတာပါ။ အဲဒီအဆီ ဓာတ်ကို တော့ ကမ္မဇရုပ်တွေထဲမှာပါတဲ့ "ဝမ်းမီး"လို့ခေါ်တဲ့ ပါစကတေဇော ဓာတ်ကသာ ချက်ထုတ်ပေးနိုင်တာဖြစ်လို့ ကမ္မဇရုပ်မရှိဘဲ အာဟာရ ဇရုပ်ဆိုတာ မဖြစ်နိုင်ပြန်ပါဘူး။ "ရာသီပြင်းလို့ အစားအသောက် ပျက်တယ်၊ စိတ်ညစ်လို့ အစားအသောက်ပျက်တယ်"ဆိုတဲ့ ဖြစ်ရပ် များကို ထောက်ဆကြည့်ရင် အာဟာရဇရုပ်ဖြစ်ပေါ်နိုင်ရေးမှာ ဥတုဇ

http://www.dhammadownload.com

ရုပ်၊ စိတ္တဇရုပ်တို့ရဲ့ ပုံပိုးကူညီမှုကလဲ မရှိမဖြစ်ဆိုတဲ့အထဲကပါပဲ။

တိုတိုချုပ်ကတော့ ရုပ်လေးမျိုးတို့ဟာ အချင်းချင်းမှီခို ရှိင်းပင်းပြီးတော့သာ ဒီခန္ဓာကိုယ်ကြီး ကျန်းမာချမ်းသာအောင်၊ အနာရောဂါကင်းပြီး သန်စွမ်းခိုင်ခန့်အောင် တည်ဆောက်ထောက်ပံ့နေကြတာဖြစ်ပါတယ်။ ရုပ်လေးပါးတို့ တစ်ပါးက တစ်ပါးကို အထောက်အကူ မပေးနိုင်တော့ဘူးဆိုရင်တော့ ခန္ဓာကိုယ်ကြီး တစ်ခုလုံးလဲ ချွတ်ယွင်းဖောက်ပြန်ပျက်စီးသွားမှာပါပဲ။

"စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုမှ ကိုယ်နု"ဆိုတဲ့ မြန်မာစကားအတိုင်းပဲ၊ ကျန်းမာသန်စွမ်းဖို့နဲ့ အသက်ရှည်ရာ အနာမဲ့ရေး အတွက် ရုပ်အာဟာရတစ်ခုတည်းနဲ့ မပြည့်စုံနိုင်ပါဘူး၊ နာမ်အာဟာရတရားတို့ရဲ့ အထောက်အပံ့နဲ့လဲ ပြည့်စုံစေရမှာ ဖြစ်ပါတယ်။ ပဌာဏတပစ္စည်းမှာ ပြခဲ့တဲ့အတိုင်း ခဏမစဲဖြစ် ဖြစ်သမျှ ရုပ်လေးမျိုးတို့ဆိုတာ နောက်နောက်နာမ်တွေက ဖြစ်ပေးနေလို့သာ သက်တမ်းပြည့်နေပြီး ဒီခန္ဓာကိုယ်ကြီးကို တည်ဆောက်နိုင်တာဖြစ်ပါတယ်။ ဒီခန္ဓာကိုယ်ကြီးရဲ့ ဖြစ်တည်နေမှုကို အသေအချာစဉ်းစားကြည့်မယ်ဆိုရင်တော့ **အာဟာရ ဇရုပ်ဦးဆောင်တဲ့ ရုပ်တရားတွေက တည်ဆောက်ရေးကို အဓိကတာဝန်ယူပြီး ဖဿ,စေတနာ,ဝိညာဏ်တို့ ဦးဆောင်တဲ့ နာမ်တရားတွေက** သက်တမ်းပြည့် **နေနိုင်အောင်နဲ့ စနစ်တကျ အဆင်ပြေချောမွေ့အောင် ထိန်းသိမ်းအုပ်ချုပ် စီမံပေးနေတယ်လို့** သဘောပေါက်မိပါတယ်။

"သက်ရှိ ခန္ဓာကိုယ်"လို့ ခေါ်တဲ့ သဏ္ဌာနပညတ်ရုပ် ဒြဗ်အစုအဝေးကြီးဆိုတာ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇဆိုတဲ့ ရုပ်လေးမျိုး အစုအဝေးကြီးဖြစ်ပါတယ်၊ ဒီလေးမျိုးထဲမှာလည်း အာဟာရဇရုပ်တွေကသာ ဒီခန္ဓာကိုယ်ကြီးကို အဓိကတိုးပွားစည်ပင်

http://www.dhammadownload.com

စေတာဖြစ်လို့ (ဩဒနကုမ္ပာသူပစယော)၊ သတ္တဝါတည်တန့်ရေးမှာ အစာကအဓိက(သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ)လို့ ဆိုရတာပါ။

အခု အာဟာရပစ္စည်းကို လေ့လာကြည့်မယ်ဆိုရင် အာဟာရဆိုတာလဲ ရုပ်အာဟာရ၊ နာမ်အာဟာရလို့နှစ်မျိုး နှစ်စားရှိကြောင်းကိုလဲ သိရှိပြီးကြပါပြီ။ ဒါကိုသဘောပေါက်ထား ပြီးရင် အသည်သတ်ဘုံသား သတ္တဝါတွေဟာ နာမ်တရား လုံးဝ မရှိဘဲ ရုပ်ခန္ဓာကိုယ်ကြီး ချည်းသက်သက် မဟာကပ် ငါးရာတိတိ ဘယ်လိုလုပ် ရပ်တည်နေနိုင်မလဲဆိုတဲ့ကိစ္စလည်း နည်းနည်းသဘော ပေါက်လောက်ပြီ ထင်ပါတယ်။ တည့်တည့်ပြောမှ ရိပ်မိမယ်ဆိုရင် တော့ အဲဒီဘုံကို ရောက်စေတတ်(ပို့ပေးတတ်)တဲ့ ရူပါဝစရပဥ္စမဈာန် ကုသိုလ်ကံလို့ ခေါ်တဲ့ စေတနာဟာရက ထောက်ပံ့ပေးလိုက်လို့ တည်နေနိုင်တာပါ။ ရုပ်မရှိတဲ့ အရူပဘုံသားဗြဟ္မာတွေကတော့ စေတနာဟာရ,ဝိညာဏာ ဟာရနှစ်မျိုးကြောင့် ဖြစ်တည် နေနိုင်တာ ပါ။

တိရစ္ဆာန်များနဲ့ လူတို့ နတ်တို့ဆိုတဲ့ ကာမဘုံသားတွေ ကတော့ ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ အကြောင်းတရားလေးပါး ထဲမှာ အခု "အာဟာရပစ္စည်း"ဆိုတာ ကံ,စိတ်,အာဟာရဆိုတဲ့ အကြောင်းသုံးပါးကို မုချအားဖြင့် ပြောတာဖြစ်ပါတယ်။ ရှေ့မှာ ပြောခဲ့ပြီးဖြစ်တဲ့ အတိုင်း ခန္ဓာကိုယ်ကြီးကို အဓိကတိုးပွား ကြီးထွား စေတဲ့ အာဟာရဇရုပ်ဆိုတာ အလုတ်အလွေ့ပြုပြီး စားမျိုး လိုက်လို့ ဝမ်းထဲရောက်လာတဲ့ အစားအစာတွေကို ကမ္မဇတေဇောဓာတ် ဖြစ်တဲ့ ပါစကမီးနဲ့ချက်ပေးမှ အဆီသြဇာဆိုတဲ့ အာဟာရဇရုပ် ဖြစ်လာတာပါ။ "ဥတု" ဆိုတာလည်း အဲဒီတေဇောဓာတ်ကိုပဲ ပြော တာဖြစ်လို့ အာဟာရပစ္စည်းအရ ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးလုံးကို ပြတယ်လို့ ဆိုနိုင်ပါတယ်။

http://www.dhammadownload.com

ဒီအကြောင်းလေးပါးကို ထပ်ပြီး စိစစ်ခွဲခြားကြည့်မယ်ဆိုရင် ကံနဲ့စိတ်က နာမ်တရား၊ ဥတုနဲ့အာဟာရ(အစားအစာ)က ရူပ်တရားတွေ ဖြစ်ပါတယ်။ ဒါတွေကို ဒီလောက်ထိ အသေးစိပ်ထပ်ပြီး ရှင်းပြခွဲပြနေရတာကတော့ - မြန်မာစကားမှာ "အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့် (ဇီဝံ ပညာယ ရက္ခေယျ၊ ဓနံ ကမ္မေန ပါလယေ)" လို့ ဆိုရိုး(နီတိ)စကားရှိတယ်။ ဒီစကားထဲက အသက်ကို ဉာဏ်နဲ့ စောင့်ရမယ်ဆိုတာ ဘယ်လိုဉာဏ်ကိုပြောတာလဲဆိုတာကို သဘောပေါက်စေချင်လို့၊ ကိုယ့်အသက်ကို ကိုယ်ပိုင်ဉာဏ်နဲ့စောင့် တတ်စေချင်လို့ပါ။

"အသက်ရှည်ရာ အနာမဲ့ရေးမှာ" ဥတု,အာဟာရ(အစားအစာ)ဆိုတဲ့ ရူပ်အကြောင်းအထောက်အပံ့နှစ်မျိုးရယ်၊ ကံနဲ့ စိတ်ဆိုတဲ့ နာမ်အကြောင်းအထောက်အပံ့နှစ်မျိုးရယ်ရှိတယ်။ အဲဒီ အကြောင်း အထောက်အပံ့တွေ အချင်းချင်းရိုင်းပင်းကူညီပေးနေမှ၊ အပြန်အလှန် အထောက်အကူရမှ "သက်ရည်ကျန်းမာ ဘေးရန်ကွာ"ဆိုတဲ့ ကောင်းကျိုးကို ရနိုင်မှာပါ။

ဒီနေ့ ကမ္ဘာမှာ သိပ္ပံပညာရှင်ကြီးတွေက သတ္တဝါတို့ရဲ့ သက်ရှည်ကျန်းမာရေးအတွက် အတော်လေး စနစ်တကျရှာဖွေလေ့လာတင်ပြကြပါတယ်။

သက်ကြီးရွယ်အိုပိုင်းအတွက် သိပ္ပံပညာရှင်တို့ရဲ့ ယေဘုယျတွေ့ရှိညွှန်ကြားချက်ကတော့ "အသက်ကြီးသူများအနေနဲ့ မိမိနဲ့ သင့်တင့်မျှတမယ့် အစားအစာကိုသာ လိုက်လျောညီထွေဖြစ်အောင် သတိထားစားကြဖို့၊ အခြေအနေအရ ကိုယ်လက်လှုပ်ရှားမှုကို သင့်တင့်မျှတအောင်ပြုလုပ်ပေးဖို့၊ လုံလောက်တဲ့ အားလပ်ချိန်နားနေချိန်များ စီစဉ်ပြီး ကိုယ်ရောစိတ်ပါ အနားပေးဖို့နဲ့ မိသားစုအတွင်း စိတ်ချမ်းသာအောင် သင့်မြတ်,ကြင်နာ,ဖေးမပေးကြဖို့"ဆိုတဲ့ အချက်များ ဖြစ်ပါတယ်။

http://www.dhammadownload.com

ဒီအကြံပြုချက်များကို ကြည့်မယ်ဆိုရင် ဥတုနဲ့ ရုပ်အာဟာရ ပိုင်းအတွက် ပြည့်စုံမှုရှိတယ်လို့ ဆိုနိုင်ပေမယ့် နာမ်ပိုင်းဆိုင်ရာ ကိုတော့ သိပ္ပံပညာရှင်များ ပြည့်စုံအောင် ညွှန်ပြနိုင်စွမ်းမရှိကြပါဘူး။ မြတ်ဗုဒ္ဓရဲ့ "ကံ,စိတ်,ဥတု,အာဟာရ"ဆိုတဲ့ ဟောညွှန်ချက်လို ရုပ်ရော နာမ်ပါ ပြည်စုံမှုမရှိဘူးဆိုတာကို တွေ့ရပါလိမ့်မယ်။

မြတ်ဗုဒ္ဓအလိုအရ အသက်ရှည်ရာ အနာမဲ့ရေးမှာ ကံ,စိတ်, ဥတု,အာဟာရဆိုတဲ့ အကြောင်းလေးမျိုးလုံးကို သတိထားပြုပြင်ပေး ရမှာ ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ ကံတွေထဲမှာ ပဋိသန္ဓေကျိုးကိုပေးတဲ့ ကံတွေ ရှိသလို ပဝတ္တိကျိုးကိုပေးတဲ့ ကံတွေလည်းရှိပါတယ်။ ပဝတ္တိမှာ အသစ်ပြုလုပ်တဲ့ ကံတွေကလည်း အခုပစ္စုပ္ပန်ဘဝမှာကို အကျိုးပေး တဲ့ကံတွေဆိုတာလည်းရှိသလို၊ အတိတ်ကံဟောင်းတွေကို အကျိုး ပေး ခွင့်ရအောင် ထောက်ပံ့ကူညီပေးနိုင်တဲ့ကံတွေလည်း ရှိပါတယ်။ ဒါကြောင့် အသက်ရှည်ရာ အနာမဲ့ရေးမှာ ပစ္စုပ္ပန်ကံတွေကို ကောင်း အောင် တည်ဆောက်ရေးဟာလည်း အရေးကြီးပါတယ်။

သီဟိုဠ်ကျွန်းမှာ ဝသဘမင်း လို့ရှိခဲ့ဖူးတယ်။ သူ့ကို ဗေဒင် ဆရာတွေက အာယုဗ္ဗေဒလို့ခေါ်တဲ့ သက်ဖြတ်ဗေဒင်နည်းအရ တွက်ကြည့်တဲ့အခါ နန်းသက် (၁၂)နှစ်သာရှိတယ်လို့ ဟောကြတယ်။ ဒီတော့ ရှင်ဘုရင်က ဗေဒင်ဆရာတွေကို ထိုက်သင့်တဲ့ ဆုလာဘ်တွေ ဘာတွေပေးပြီးတော့မှ "ကောင်းပြီ၊ ဒီအကြောင်း ဘယ်သူ့ကိုမှ မပေါက်ကြားစေနဲ့"လို့ ပိတ်ပင်လိုက်တယ်။ ပြီးတော့ ရဟန်းတော် များကို ပင့်ဖိတ်ပြီး အသက်ရှည်ရာ အနာမဲ့ရေး အထောက် အကူ ဖြစ်မယ့် ကုသိုလ်မျိုးကို မေးပါတယ်။

ရဟန်းတော်များက "ရေစစ်,ဆေး,ကျောင်း၊ အဟောင်း ပြုပြင်၊ သီလစင်၊ ငါးအင် သက်ရှည်ကြောင်း" ဆိုတဲ့ ကုသိုလ်

http://www.dhammadownload.com

ငါးမျိုးကို ညွှန်ပြကြတယ်။ ရဟန်းတော်များ ညွှန်ပြတဲ့အတိုင်း လျှုဒါန်းတယ်၊ သီလလည်း လုံခြုံအောင်စောင့်တယ်၊ ကျောင်းဟောင်း ကန်ဟောင်း ဇရပ်တန်ဆောင်း ပြာသာဒ်ဟောင်းတွေကို ပြုပြင်တယ်။ အဲဒီကုသိုလ်တွေပြုတဲ့အတွက် နန်းသက်(၄၀)ကျော် အထိ ခံစားပြီး သက်တမ်းပြည့် အရွယ်ရောက်မှပဲ ကံတော်ကုန်သွားပါသတဲ့။

ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ အကြောင်းတရားလေးမျိုးထဲမှာ သိပ္ပံဆရာတို့ အမြင်အရတော့ ဥတုနဲ့အာဟာရက အရေးအကြီးဆုံးလို့ ယူဆမယ်ထင်ပါတယ်။ ဗုဒ္ဓအမြင်အလိုအရလည်း သာမန်ယေဘုယျသဘောမျိုးနဲ့ သုတ္တန်နည်းအတိုင်း ပြောရမယ်ဆိုရင်တော့ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"လို့ ဆိုတဲ့အတွက် ရုပ်အာဟာရကပဲ အရေးအကြီးဆုံးလို့ ဆိုရမလိုပါပဲ။ အဋ္ဌကထာဆရာကလဲ "ဥတု ဘောဇန ဝသေန ဟိ အာယု ဟာယတိ ပိ ဝဍ္ဎတိပိ ။ အအေးအပူဆိုတဲ့ ဥတုနဲ့ အစားအစာ တို့ကြောင့် သတ္တဝါတို့ရဲ့အသက် ဆုတ်ယုတ်ခြင်း တိုးပွားခြင်း ဖြစ်ရတယ်"လို့ ဆိုပါတယ်။(ဒီ၊၂-၇)

ဒီနေ့ ပျမ်းမျှသက်တမ်းရှည်တယ်ဆိုတဲ့ နိုင်ငံတွေရဲ့ အဓိကအားသာချက်ကို ကြည့်မယ်ဆိုရင်လည်း အပူအအေးရာသီဥတုကို လိုအပ်သလို ထိန်းနိုင် အသုံးပြုနိုင်တဲ့ နည်းပညာနဲ့ အစားအသောက်တို့ အဓိကသာလွန်နေတာကို ခန့်မှန်းလို့ရပါတယ်။

ဒါပေမယ့် အဘိဓမ္မာနည်းအရ ဆိုရင်တော့ စိတ်က အရေးအကြီးဆုံးလို့ သတ်မှတ်ရပါလိမ့်မယ်။ ဘာကြောင့်လည်းဆိုတော့ စိတ်က "မနိန္ဒြေ"ဆိုတဲ့ အမည်နဲ့ ဣန္ဒြေလည်း ထိုက်တယ်။ ဣန္ဒြေ ထိုက်တဲ့တရားတွေဟာ သူ့နယ်ပယ်မှာ အစိုးရကြတဲ့အတွက် တခြားတရားတွေထက် စွမ်းအားပိုမြင့်ပါတယ်။ (ဒီအကြောင်း ဣန္ဒြိယ

http://www.dhammadownload.com

ပစ္စည်းမှာလည်း ထပ်ပြောပါဦးမယ်)။ ဒါကြောင့် စိတ်ကို စင်ကြယ်မြင့်မြတ်တဲ့အဆင့်ရောက်အောင် တည်ဆောက်နိုင်ရင် စိတ္တဇရုပ်တွေလည်း စင်ကြယ်မြင့်မြတ်ပြီး တခြားရုပ်တွေအားလုံး အပေါ်လွှမ်းမိုးနိုင်သွားပါတယ်။

မြတ်စွာဘုရားရှင်တို့ ပဌာန်းဒေသနာတော်ကို သုံးသပ်ဆင်ခြင်တဲ့အခါ တစ်ကိုယ်လုံးရှိ ရုပ်တွေက ရောင်ခြည်တော်တွေ ဖြာထွက်တယ်ဆိုတာ ဉာဏ်တော်နဲ့ယှဉ်တဲ့ စိတ်တော်ကြောင့် စိတ္တဇရုပ်တွေပါ ကြည်လင်မြင့်မြတ်သွားလို့ပါပဲ။ သာမန်လူတွေမှာလည်း ကြည်နူးဝမ်းသာစရာတစ်ခုခုနဲ့ ကြုံလာတဲ့အခါမျိုးမှာ ရုပ်တွေအားလုံး ကြည်လင်ဝင်းပသွားတာတို့၊ လျင်မြန်ဖျတ်လတ်သွားတာတို့ ဖြစ်တတ်ကြတာပါပဲ။

မြတ်စွာဘုရားရှင်က မဟာပရိနိဗ္ဗာနသုတ်မှာတော့ "ဘယ်သူမဆို ဣဒ္ဓိပါဒ်လေးပါးကို ပွားများပြီး ခိုင်မာအောင် ပြုထားမယ်ဆိုရင်၊ ရှိနေတဲ့ အသက်ကို အာယုကပ်ဆုံး (သက်တမ်းပြည့်) အောင် အထိ သာမက နည်းနည်းပိုပြီးတော့တောင် ဆွဲဆန့်ထားလို့ ရတယ်ဆိုတဲ့ အကြောင်းမိန့်ကြားပါတယ်။ *(နိမိတ္တောဘာသကထာ၊ အပိုဒ်-၁၆၆)*

ဝိမွိသာရမင်းကြီး ထောင်တွင်းမှာ အစာရေစာ ဖြတ်ထားစဉ်က ဖလသမာပတ်ဝင်စားပြီး စကြီသွားနေတဲ့အတွက် ခန္ဓာကိုယ်ညှိုးနွမ်းခြင်းမရှိဘဲ ပိုပြီးတော့တောင် ကြည်လင်ဝင်းပတယ်ဆိုတာလည်း အတူတူပါပဲ။ ဣဒ္ဓိဒါဒ်လေးပါးနဲ့ ယှဉ်တဲ့စိတ်၊ ဖလသမာပတ်နဲ့ ယှဉ်တဲ့စိတ်တို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေအဆင့်မြင့် စွမ်းအားတက်ပြီး ကျန်ရုပ်တွေကိုပါ ထောက်ပံ့ကူညီပေးတဲ့အတွက် အသက်ပိုရှည်နိုင်တဲ့ သဘော၊ အသက်မသေဘဲ တည်နေနိုင်တဲ့သဘော ဖြစ်ပါတယ်။

http://www.dhammadownload.com

ဥတုတို့ အာဟာရတို့ရဲ့ အရေးပါပုံကတော့ အားလုံးသဘော ပေါက်ကြမှာပါ။ နေပူစပ်ခါးဆိုတဲ့ ဥတုကြမ်းမှာ လူတွေရဲ့ အသားအရေတွေ ညှိုးနွမ်းခြောက်ခန်းတယ် မဝင်းဝါ မစိုပြေဘူးဆိုတာလည်း ကြုံဖူးတွေ့ဖူးပါတယ်။ ရေမြေကောင်းတဲ့အရပ်တွေမှာ အသီးအနှံတွေက အာဟာရဓာတ် ပိုပြည့်ဝတဲ့အတွက် စားသောက်နေထိုင်သူတွေရဲ့ အသားအရေဟာလည်း စိုပြေပြည့်ဖြိုးတာကို တွေ့နိုင်ပါတယ်။

ဒါကြောင့် အသက်ရှည်ရာ အနာမဲ့ရေးမှာ အာဟာရပစ္စည်းကို စနစ်တကျတည်ဆောက်ရေးဟာ အဓိကအရေးပါကြောင်း၊ ဒီအာဟာရပစ္စည်းကို သိတဲ့ဉာဏ်နဲ့သာ အသက်ကို စောင့်နိုင်ကြောင်း သဘောပေါက်စေချင်ပါတယ်။

ကံ,စိတ်,ဥတု,အာဟာရတို့ကို ကောင်းအောင် ပြုပြင်ပြောင်းလဲပေးရမည့်အစား ပွဲပြင်၊ နေရာပြောင်း၊ ယတြာကောင်းတွေကို ယုံကြည်ကိုးစား အလေးထားနေကြတဲ့အတွက် ရေရှည်မှာ မိမိအတွက်သာမက မိမိနှင့် ဆက်စပ်ရာ ဝန်းကျင်တစ်ခုလုံးကိုပါ ဆိုးဝါးနစ်နာ ထိခိုက်ကြရတာမျိုးတွေကို ကြုံတွေ့ ကြားသိဖူးကြပါလိမ့်မယ်။ ပွဲကောင်း၊ အိမ်ကောင်း၊ နေရာကောင်း၊ ယတြာကောင်းတို့ကြောင့် တော့ လူကောင်းသူကောင်း အခြေအနေကောင်းတွေ မဖြစ်နိုင်ဘူး။ ကံကောင်း၊ စိတ်ကောင်း၊ ဥတုကောင်း၊ အာဟာရကောင်းတွေ ဖြစ်အောင် ကြိုးစားပြုပြင် အားထုတ်ကြမှသာ တကယ့်အခြေအနေကောင်းတွေဖြစ်မယ်ဆိုတဲ့ အသိမှန် အမြင်မှန်တွေ ရရှိကြဖို့နဲ့ ဒီလိုပညာအဆင့်အတန်း မျိုးရှိကြမှသာ မိမိအသက်ကိုသာမက ကျင်လည်ရာ ဝန်းကျင်လောကကြီးကိုပါ စောင့်ရှောက်နိုင်ကြမှာဖြစ်လို့ ဒီအကြောင်းတွေကို ဒီလောက်ထိ အကျယ်တဝင့် ပြောနေရတာပါ။

http://www.dhammadownload.com

ခန္ဓာရဲ့ဖြစ်စဉ်မှာ အာဟာရပစ္စည်းတရားတို့က ထောက်ပံ့ကျေးဇူးပြုပုံ၊ ပဝတ္တိကာလတစ်လျှောက်မှာ အာဟာရဇရုပ်က အရေးပါပုံနဲ့ ကံ,စိတ်,ဥတု,အာဟာရတို့ကြောင့်ဖြစ်တဲ့ ရုပ်လေးမျိုးတို့ အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုနေပုံ၊ နာမ်အာဟာရ တရားများက ထိန်းသိမ်းအုပ်ချုပ်ပုံ အလုံးစုံတို့ကို ကြောင်းကျိုး ဖြစ်စဉ်ပါပြည့်စုံအောင် သဘောပေါက် ဆင်ခြင်နိုင်စွမ်းရှိပြီဆိုရင် ဣန္ဒြိယ နတ်ဘီလူး အမြင်မှန်ရသလို ဝိပဿနာဉာဏ် အမြင်အမှန် အထိ ရနိုင်ပါလိမ့်မယ်။ သာမညဖလသုတ်မှာ မြတ်စွာဘုရားရှင်က ဝိပဿနာဉာဏ်ဖြစ်ပုံကို ဟောတော်မူတဲ့အခါ ဒီခန္ဓာဖြစ်စဉ်ကိုပဲ အခြေခံပြီး ဆင်ခြင်ပွားများပုံကို ဟောတော်မူထား တာတွေ့ ရပါတယ်။

"မေ ။ ငါ၏၊ အယံ ကာယော ။ ဤခန္ဓာကိုယ်သည်၊ ရူပီ ။ ရူပ်ရှိ၏၊ စာတုမဟာဘူတိတော ။ မဟာဘုတ်လေးပါး အထည်ကိုယ်ရှိ၏၊ ဝါ ။ မဟာဘုတ်လေးပါးအတိပြီး၏၊ မာတာပေတ္တိက သမ္ဘဝေါ ။ မိဘတို့သုက်သွေးကြောင့် ကောင်းစွာဖြစ်ရ၏။ သြဒန ကုမ္မာသူပစယော ။ ထမင်း မယောမုန့်တို့ဖြင့် တိုးပွားစေအပ်ပြီ။ ဝါ ။ ထမင်းမယောမုန့်တို့ကြောင့် တိုးပွားကြီးထွားလာ၏။ အနိစ္စ ဓမ္မော ။ မမြဲခြင်းသဘောရှိ၏။ ဥစ္ဆာဒန ဓမ္မော။ သွေး, လေ, သည်းခြေ, သလိပ်တို့ကြောင့်ဖြစ်ပေါ်လာသော လေးလံမှုနှင့် အနံ့အသက် ဆိုးဝါးမှုတို့ ကင်းဝေးစေရန် နံ့သာရေစသည်ဖြင့် ဖုံးအုပ်လိမ်းကျံပေးရခြင်းသဘောရှိ၏၊ ပရိမဒ္ဒနဓမ္မော ။ အင်္ဂါကြီးငယ်တို့ ညောင်းညာ ကိုက်ခဲခြင်းကို ပယ်ဖျောက်ခြင်း၊ အမိဝမ်းတွင်း ကိန်းအောင်းစဉ်၌ မတင့်တယ် မပြေပြစ်သော လက်,ခြေ, နှာရောင်, နဖူး, နောက်စေ့စသည်တို့ကို ပြေပြစ်ဖြောင့်စင်း သွယ်တန်းစေခြင်း အကျိုးငှါ ဆုပ်နယ်, ဆွဲဝင်, ဖိနှိပ်ပေးရခြင်းသဘောရှိ၏။

http://www.dhammadownload.com

(သို့ကလောက်ဆောင်ရွက် ပေးနေပါသော်လည်း)။ ဘေဒနဓမ္မော = ပျက်စီးခြင်းသဘောရှိ၏၊ ဝိဒ္ဓံသန ဓမ္မော = ဖရိုဖရဲပြိုကွဲခြင်းသဘောရှိ၏။ ဣဒဉ္စပန မေ ဝိညာဏံ = ငါ၏ ဤစိတ်ဝိညာဏ်သည်လည်း၊ ဇေတ္ထသိတံ = မဟာဘုတ်အတိပြုသော ဤခန္ဓာကိုယ်၌မှီ၏၊ ဇေတ္ထပဋိဗဒ္ဓံ = မဟာဘုတ်အတိပြီးသော ဤခန္ဓာကိုယ်၌ စပ်၏"လို့ ဝိပဿနာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ပုံကို ဟောပြထားပါတယ်။

ဒီစကားရပ်ထဲမှာ - ရူပီ၊ စာတုမဟာဘူတိကော၊ မာတာ ပေတ္တိက သမ္ဘဝေါ။ သြဒနကုမ္မာသူပစယော၊ ဥစ္ဆာဒနဓမ္မော၊ ပရိမဒ္ဒန ဓမ္မောဆိုတဲ့ (၆)ပုဒ်ဖြင့် ဥဒယ(အဖြစ်)လက္ခဏာကိုပြတယ်။ အနိစ္စ ဓမ္မော၊ ဘေဒနဓမ္မော၊ ဝိဒ္ဓံသနဓမ္မောဆိုတဲ့ (၃)ပုဒ်ဖြင့် ဝယ (အပျက်) လက္ခဏာကိုပြတယ်။ ဣဒဉ္စ ပန မေဝိညာဏံ ဇေတ္ထသိတံ၊ ဇေတ္ထပဋိဗဒ္ဓံ ဆိုတဲ့ စကားပိုဒ်ကတော့ အခု ရှုဆင်ခြင်နေတဲ့ ဝိပဿနာ ဉာဏ်နဲ့ ယှဉ်တဲ့ ဝိညာဏ်ဟာလည်း မမြဲခြင်း ပျက်စီးပြိုကွဲခြင်း သဘောရှိတဲ့ ခန္ဓာကိုယ်ထဲမှာ အပါအဝင်ဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီစပ်ပြီးဖြစ်နေရတာဖြစ်လို့ မှီရာ ကာယနည်းတူ မမြဲခြင်း၊ ပျက်စီးခြင်း၊ ဖရိုဖရဲပြိုကွဲခြင်းလက္ခဏာရှိတယ်လို့ ပြပါတယ်။ ဒါကြောင့် ဒီစကားရပ်အားလုံးဟာ ဝိပဿနာဉာဏ် (၀၊) ဝိပဿနာရှုမှတ်ပွားများပုံကို ပြတယ်ဆိုတဲ့အကြောင်း အဋ္ဌကထာဆရာက ရှင်းပြထားပါတယ်။ *(သာမညဖလ။ပါ။ဋ္ဌ၊ဘာသာဋီ-တ)*

အာဟာရပစ္စည်းနဲ့ ဘယ်လိုပဲ ထောက်ပံ့ကျားကန် ပေးထားပေမယ့် ဒီခန္ဓာကိုယ်ကြီးဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ဟာ မြမြခိုင်ခန့်တဲ့ နိစ္စသဘော၊ တင့်တယ်လှပတဲ့ သုဘသဘော၊ ကျေနပ်ချမ်းသာတဲ့ သုခသဘော၊ လိုတိုင်းရ ထင်တိုင်းပေါက်တဲ့ အတ္တသဘောတို့ လုံးဝဆိတ်သုဉ်းတဲ့ အနိစ္စ၊ အသုဘ၊ ဒုက္ခ၊ အနတ္တ

http://www.dhammadownload.com

သဘောအစစ်ကြီးသာ ဖြစ်တယ်ဆိုတဲ့ ဝိဇ္ဇာဉာဏ်အလင်းဓာတ် ရရှိပြီး လောဘ၊ ဒေါသ၊ မာန်မာနစတဲ့ ဘဝရဲ့ အတားအဆီး အချုပ် အနှောင်တို့ကို ဖြိုခွင်းဖယ်ရှားနိုင်ကြဖို့ပါ။

အာဟာရပစ္စည်းကို နိဗ္ဗာန်ရောက်အောင်
အသုံးချတတ်ကြပါစေ

http://www.dhammadownload.com

ဣန္ဒြိယပစ္စည်း

"ဣန္ဒြိယပစ္စည်း"ဆိုတာ မြန်မာလိုတော့ "အစိုးရတဲ့ ပစ္စည်း" လို့ အဓိပ္ပာယ်ရပါတယ်။ ဘာကိုအစိုးရတာလဲလို့ မေးမယ်ဆိုရင်တော့ ပဋ္ဌာန်းပစ္စည်းတွေကို အမည်ပေးထားပုံနှင့် ပတ်သက်လို့ အရင်ကလဲ ပြောခဲ့ဖူးပါတယ်၊ "အကျိုးပစ္စယုပ္ပန်ကိုထောက်ဆပြီး အကြောင်း ပစ္စည်း တရားတို့ကို အမည်ပေးတယ်" ဆိုတာလေ။ အကျိုး ပစ္စယုပ္ပန်နဲ့ အတူတူဖြစ်တဲ့ပစ္စည်းကို သဟဇာတပစ္စည်း၊ အကျိုး ပစ္စယုပ္ပန် ဖြစ်ချိန်မှာ ထင်ရှားရှိနေသေးတဲ့ပစ္စည်းကို အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း။ ထင်ရှားမရှိတော့တဲ့ပစ္စည်းမျိုးကို နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း စသည် အမည်ပေးပါတယ်။ အခုလဲ ဘာကိုအစိုးရလို့ ဣန္ဒြိယပစ္စည်းခေါ်သလဲဆိုရင် "အကျိုးပစ္စယုပ္ပန်တရားတို့ကို အစိုးရ တဲ့အတွက်ကြောင့်"လို့ သဘောပေါက်ရပါလိမ့်မယ်။

ပစ္စည်းတရားက ပစ္စယုပ္ပန်တရားကို အစိုးရတယ်ဆိုတာ ဒီ ပစ္စယုပ္ပန်တရားက ဒီပစ္စည်းတရားရဲ့ ခွင့်ပြုချက်အတိုင်းသာ ဖြစ်ခွင့် ရနေတဲ့ သဘောမျိုးကို ဆိုလိုတာပါ။ ဥပမာ အဆင်းကိုမြင်ပြီးသိတဲ့ စက္ခုဝိညာဏ်စိတ်ဆိုတာ မျက်စိလို့ခေါ်တဲ့ စက္ခုပသာဒ အကြည်

http://www.dhammadownload.com

ဓာတ်ရုပ်ဝတ္ထုကို မှီခွင့်ရရှိမှသာ အဆင်းကို "မြင်တယ်သိတယ်"ဆိုတဲ့ ဒဿနကိစ္စကို ဆောင်ရွက်ခွင့်ရတယ်၊ (မြင်ခွင့်ရတယ်)၊ စက္ခုဝတ္ထုချို့တဲ့ (မျက်စိကန်း) နေလို့ဖြစ်စေ၊ မျက်လုံးမှိတ်ထားလို့ဖြစ်စေ ရူပါရုံနဲ့ စက္ခုဝတ္ထုတို့ တွေ့ဆုံခွင့်မရခဲ့လျှင် စက္ခုဝိညာဏ် စိတ်ဟာလည်း စက္ခုအကြည်ဓာတ်ကို မှီခိုခွင့်မရတဲ့အတွက် မြင်ခြင်းကိစ္စကို ဆောင်ရွက်ခွင့်မရပါဘူး။ အဲဒီလို အမိန့်မပေးသော်လည်း ပေးသလို ဖြစ်နေတဲ့သဘောကိုပဲ ဣန္ဒြိယ(အစိုးရတယ်)လို့ ခေါ်တာပါ။

ပဌာန်းပစ္စည်းတွေထဲမှာ "အစိုးရတယ်"ဆိုတဲ့ ပစ္စည်းနှစ်ခုရှိပါတယ်။ အဓိပတိပစ္စည်းနဲ့ ဣန္ဒြိယပစ္စည်းပါ။ ဒီပစ္စည်းနှစ်မျိုးဘာ ထူးသလဲဆိုရင်တော့ အဓိပတိပစ္စည်းက အခြားအဓိပတိတရားများကို တားမြစ်ပြီး တစ်ပါးတည်းသာ အစိုးရတယ်၊ ခန္ဓာကိုယ်ရဲ့ တစ်စိတ်တစ်ဒေသကိုသာမက နယ်ပယ်အားလုံးကို အစိုးရတယ်၊ ဒါကြောင့် တစ်ပြည်လုံးကို အစိုးရတဲ့ ပြည်ရှင်မင်းများနဲ့ တူတယ်လို့ ဥပမာပေးပါတယ်။

ဣန္ဒြိယပစ္စည်းကတော့ အခြားဣန္ဒြိယပစ္စည်းတရားတွေကို ဟန့်တားခြင်းမရှိဘဲ ပစ္စယုပ္ပန်တရားတို့ကို မိမိသို့ အစဉ်လိုက်စေခြင်း မျှသက်သက်အဖြစ်နဲ့ အစိုးရပါတယ်။ ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနကို အုပ်ချုပ်တဲ့ ဝန်ကြီးများနဲ့တူတယ်လို့ ဥပမာပေးကြပါတယ်။

အဓိပတိပစ္စည်းက ဒီခန္ဓာကိုယ်မှာ တစ်ချိန်မှာ အဓိပတိတရားတစ်ခုသာ ဖြစ်ခွင့်ရှိတယ်၊ အခြားပြိုင်ဘက် အဓိပတိဆိုတာ မရှိရဘူး။ ဣန္ဒြိယတော့ ဒီခန္ဓာကိုယ်မှာ စက္ခု,သောတစတဲ့ ပသာဒဝတ္ထုတွေ တစ်ပြိုင်နက် အများကြီးဖြစ်တည်ခွင့်ရှိတယ်။ အချင်းချင်း ဟန့်တား ကန့်ကွက်ခြင်း မရှိပါဘူး။ ဒါကြောင့် ဣန္ဒြိယပစ္စည်းကို **"ဣန္ဒြိယပစ္စယော = တစ်ပြည်တွင်း၌၊ ချင်းချင်းမဟန့်၊ သီးမသန့်ဘဲ၊ ခွဲခန့်ပိုင်စား၊ မင်းအများသို့။ သုံးပါးပြားလတ်၊ သဟ**

http://www.dhammadownload.com

ဇာတ်နှင့်၊ ဓာတ်ပဋ္ဌဝိညာဏ၊ ကမ္မဇရူပ်အား၊ တူဆယ့်ငါး တွင်၊ အခြားမသွေ၊ မိမိသို့လိုက်စေခြင်းဟူသော ဣန္ဒြိယ သတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက၊ ပသာဒရူပ်ငါးခု ဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရူပ်တည်း ဟူသော ရူပဇီဝိတိန္ဒြိယသုံးပါး ပစ္စည်းတရားဂဏန်း" လို့ အနက် မြန်မာပြန်တာပါ။

အဘိဓမ္မာ ဝိဘင်းကျမ်းမှာ ဣန္ဒြေတရားများကို အရေ အတွက်ရနိုင်သမျှ ခွဲခြမ်းဝေဖန်ပြီး (၂၂)မျိုး ဟောတော်မူပါတယ်။ တရားကိုယ်အနေနဲ့ ရေတွက်မယ်ဆိုရင်တော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန(စိတ်)၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ရူပ်ဇီဝိတ၊ နာမ်ဇီဝိတ၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုပြီး (၁၆)ပါး ရှိပါတယ်။

ဒီ (၁၆)ပါးထဲမှာ၊ စက္ခုစတဲ့ငါးပါးရယ်၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ရူပ်ဇီဝိတတို့ရယ် ပေါင်း(၈)ပါးက ရူပ်ဣန္ဒြေများဖြစ်ပါတယ်။ နာမ်ဇီဝိတ၊ စိတ်(မန)၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုပြီး နာမ်ဣန္ဒြေကလဲ(၈)ပါးပဲ ရှိပါတယ်။

ဒီတရားတွေ အစိုးရပုံနဲ့ပတ်သက်လို့ ဣန္ဒြိယဝိဘင်း အဋ္ဌကထာမှာ ပြထားတာကတော့ -

* စက္ခုဣန္ဒြေစတဲ့ ငါးပါးတို့က စက္ခုဝိညာဏ်စတဲ့ ငါးပါးကို မိမိရဲ့ အခြင်းအရာသို့လိုက်စေခြင်းဖြင့် အစိုးရတယ်။

* မနိန္ဒြေက သဟဇာတ်(အတူဖြစ်ဖက်)တရားတို့ကို မိမိ အလိုသို့လိုက်စေခြင်းဖြင့် အစိုးရတယ်။

* ဘာဝရူပ်(၂)ခုတို့က လက်ခြေတို့ရဲ့ သွယ်လျခြင်း၊ ဖုထစ် ခြင်းစတဲ့ မွေးရာပါအသွင်သဏ္ဌာန်၊ အရွယ်အားလျှော်စွာ ဖြစ်ပေါ်

http://www.dhammadownload.com

တတ်တဲ့ မုတ်ဆိတ်ကျင်စွယ်ရှိမှု မရှိမှုစတဲ့ အရိပ်နိမိတ်၊ ဗန်း, ဆန်ကော, ထွန်,ထယ်စသည်တို့နဲ့ ကစားခြင်းစတဲ့ အပြုအမူ၊ ကန္ဒဲ့ ကလျနိုင်ခြင်း၊ ဒေါက်ချီ မောက်ချီနိုင်ခြင်းစတဲ့ ပြောဆိုသွားလာ ဟန်အမူအရာတို့ကို အစိုးရတယ်။

* ရုပ်ဇီဝိတက အတူဖြစ်ဖက် ကမ္မဇရုပ်တို့ကို၊ နာမ်ဇီဝိတက အတူဖြစ်ဖက်နာမ်တရားတို့ကို စောင့်ရှောက်အစိုးရတယ်။

* သုခ,ဒုက္ခ,သောမနဿ,ဒေါမနဿဝေဒနာတို့က ချစ်ခြင်း၊ မုန်းခြင်း၊ လောဘဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းစတဲ့ ကြမ်းတမ်းတဲ့ အဖြစ်ကို ရောက်စေတဲ့ခံစားမှုကို၊ ဥပေက္ခာဝေဒနာက အလယ် အလတ် အခြင်းအရာကို ရောက်စေတဲ့ ခံစားမှုကို အစိုးရတယ်။

* သဒ္ဓါစတဲ့ ဣန္ဒြေငါးမျိုးတို့ကတော့ မယုံကြည်မှု,ပျင်းရိမှု, မေ့လျော့မှု,ပျံ့လွင့်မှု,အမှန်မသိမှုတို့ကို လွှမ်းမိုးဖယ်ရှားပြီး ယုံကြည်မှု၊ ကြိုးစားအားထုတ်မှု၊ အာရုံကို မပျောက်ပျက်အောင် အောက်မေ့ သတိရမှု၊ စိတ်ကို အာရုံအပေါ်မှာကျရောက်တည်ငြိမ်မှု၊ အမှန် အတိုင်း ပိုင်းခြားသိမြင်မှုကစပြီး သံယောဇဉ်တွေ အဆင့်ဆင့် ပယ် သတ်မှုကိစ္စတွေကို အစိုးရတယ်လို့ ဖွင့်ဆိုပါတယ်။

ရုပ်ဣန္ဒြေ(၈)ပါးထဲက ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်(၂)မျိုးကို ပဌာန်းဒေသနာတော်မှာ ဣန္ဒြိယပစ္စည်းအဖြစ်နဲ့မဟောပါဘူး။ မဟောရခြင်းရဲ့ အကြောင်းကတော့ ဘာဝရုပ်(၂)ခုတို့ဟာ ယောက်ျား, မိန်းမတို့ရဲ့အသွင်သဏ္ဌာန်၊ ပြုံးဟန် ရယ်ဟန်၊ ကစား ခုန်လွှား အပြုအမူ၊ သွားလာလှုပ်ရှားမှုအသွင်အပြင်စသည်ကို အစိုးတရပြုရမှာဖြစ်ပါတယ်။ လူ့ပြည်မှာ ပထမဆုံး ပဋိသန္ဓေ ဝိညာဏ်နဲ့အတူ ဘာဝရုပ်တို့ တစ်ပြိုင်နက်ဖြစ်ပေါ်လာသော်လည်း အသွင်သဏ္ဌာန်စသည်တို့က ရက်သတ္တ(၇)ပတ်ကျော်လောက်မှ စတင်ဖြစ်ပေါ်လာတာ ဖြစ်လို့ ဘာဝရုပ်ရှိတိုင်း အသွင်သဏ္ဌာန်

http://www.dhammadownload.com

စသည်ကို အစိုးရမှု မမြဲပါဘူး၊ ဗြဟ္မာတို့ သဏ္ဌာန်မှာ ကျတော့ ပုရိသ အသွင်သဏ္ဌာန် ထင်ရှားရှိပေမယ့် ပုရိသဘာဝရုပ် ရယ်လို့ မရှိပြန်ပါဘူး၊ ဒါကြောင့် ဘာဝရုပ်တို့ရဲ့အစိုးရမှုဟာ မမြဲဘူးလို့ ဆိုရပါလိမ့်မယ်။ ဒါ့အပြင် ဖွားမြင်ပြီးလို့ လူလားမြောက်သည့် တိုင်အောင်လည်း ဘာဝရုပ်တို့ကြောင့် ယောက်ျား, မိန်းမရယ် လို့ဖြစ်ပြီး မွေးရာပါ အသွင်သဏ္ဌာန်တွေ ရှိနေသည့် တိုင်အောင်၊ အပြုအမူတို့ အမှုအရာတို့က ပုံမှန်ဟုတ်ချင်မှ ဟုတ်ပါမယ်၊ ယောက်ျားလျာ, မိန်းမလျာတွေ ဖြစ်နေတတ်တာတို့၊ တချို့ဆိုရင် လိင်ပြောင်းသွားတာတို့အထိ ရှိကြလို့လည်း ဘာဝရုပ်တို့ရဲ့ အစိုးရမှုဟာ မမြဲပါဘူး။ အဲဒီလို အစိုးရမှုမမြဲတဲ့အတွက် ဣန္ဒြိယပစ္စည်းအဖြစ်နဲ့ မဟောဘူးလို့ အဋ္ဌကထာဆရာက မိန့်ဆိုပါတယ်။

ထပ်ပြီးစိစစ်ကြည့်မယ်ဆိုရင် ဘာဝရုပ်တို့က အစိုးရတယ်ဆိုတဲ့ အသွင်သဏ္ဌာန်တို့၊ ပုံစံ၊ ဟန်ပန်အမှုအရာ တို့ဆိုတာတွေဟာ ပရမတ္ထတရားတွေမဟုတ်ပါဘူး၊ ပညတ်အထူးတွေ သာ ဖြစ်ပါတယ်၊ ဒါကြောင့်လဲ ဣန္ဒြိယပစ္စည်းအဖြစ်နဲ့ မဟောတာလို့ ဆိုနိုင်ပါလိမ့်မယ်၊ အထူးသဖြင့် ပရမတ္ထတရားကိုသာ ဟောတဲ့ ပဋ္ဌာဝါရလို နေရာမျိုးမှာဆိုရင် ဟောလို့ကို မရလို့ မဟောတာ ဖြစ်ပါလိမ့်မယ်။

ပဋ္ဌာန်းဣန္ဒြိယပစ္စည်းမှာ မဟောပေမယ့် ဘာဝရုပ်တို့ရဲ့ အစိုးရတဲ့ အရှိန်အဝါကို လျှော့တွက်လို့တော့ မရပါဘူး။ ပဋ္ဌိသန္ဓေစိတ်ရဲ့ ဥပါဒ်အခိုက်မှာ ဘာဝရုပ်(၂)ခုထဲက တစ်ခုခုပါလာပြီဆိုရင် ပဋ္ဌိသန္ဓေစိတ်ရဲ့ ဌီအခိုက်မှာဖြစ်တဲ့ ဥတုဇရုပ်ကစပြီး ဖြစ်ဖြစ် သမျှ ရုပ်တွေဟာ ဘာဝရုပ်တို့ရဲ့ အမိန့်အတိုင်းပဲလိုက်နာရပါတယ်။ ဆိုလိုတာကတော့ ဣတ္ထိဘာဝရုပ်ရှိသူရဲ့ သန္တာန်မှာ ဖြစ်ဖြစ်သမျှ ကမ္မဇ, စိတ္တဇ,ဥတုဇ, အာဟာရဇရုပ်တွေဟာ မိန်းမတို့ရဲ့ အသွင် သဏ္ဌာန်,

http://www.dhammadownload.com

ခန္ဓာကိုယ်အချိုးအစားများချည်းဖြစ်ရပါတယ်။ ဘယ် ဥတုဇရုပ် အာဟာရဇရုပ်ကမ္မ မုတ်ဆိတ် ကျင်စွယ်ရယ်လို့ ဖြစ်မသွား ပါဘူး၊ ဘာဝရုပ်အမိန့်အတိုင်းပဲ ကြီးခြင်း၊ သေးခြင်း၊ ခိုင်မာခြင်း၊ သွယ်လျခြင်းတို့ဖြစ်ပေးရပါတယ်၊ ဒါကြောင့် ဘာဝရုပ်တို့ကို ဣန္ဒြိယပစ္စည်းအဖြစ်နဲ့မဟောပေမယ့် ဣန္ဒြိယတရားအနေနဲ့တော့ မရှိမဖြစ်ထည့်သွင်းထားရတာပါ။ ဒါနဲ့တောင် အထီးမဟုတ် အမမဟုတ်ဆိုတဲ့ ဗရုတ်သုတ်ခတွေက ဝင်နှောက်ချင်ပါသေးတယ်။

ဘာဝရုပ်တရားများနဲ့ပတ်သက်လို့ နောက်ထပ် အသိအမြင်ရှင်းထားဖို့လိုတာ တစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ လူ့ဘဝမှာ လူဖြစ်ရတာချင်း အတူတူဖြစ်ပေမယ့် "မိန်းမဖြစ်ရတာက ကုသိုလ်ကံ အားနည်းလို့၊ ယောကျ်ားဖြစ်ရတာက ကုသိုလ်ကံ အားကြီးလို့" ဆိုပြီး အထင်အမှတ်မှားနေကြတဲ့ ကိစ္စပါ။ အထင် အမှတ်မှားသလို ဒီလိုပဲ မှားမှားယွင်းယွင်း ပြောကြဆိုကြတာတွေ လည်းကြားဖူးကြမယ်ထင်ပါတယ်။

အမှန်ကတော့ ယောကျ်ား မိန်းမဖြစ်ရတာဟာ ကုသိုလ်ကံ အနည်း အများနဲ့ မဆိုင်ပါဘူး၊ အဂုံတ္တရနိကာယ၊ သတ္တကနိပါတ်၊ သံယောဇသုတ်(အံ၊၂-၄၄၀)မှာ မြတ်စွာဘုရားရှင် ဟောတော်မူတာကတော့ - "**မိန်းမဟာ မိန်းမရဲ့ဘဝ၊ မိန်းမတို့ရဲ့အမူအကျင့်နဲ့ အဝတ်တန်ဆာတို့ကိုပဲ သာယာနှစ်သက်နေမယ်၊ မိန်းမအဖြစ်နဲ့ပဲ ယောကျ်ားများအပေါ်လဲ သာယာနှစ်သက် စွဲလမ်း နေမယ် ဆိုရင် မိန်းမဟာ မိန်းမအဖြစ်ကို မလွန်မြောက်နိုင်ဘူး၊ မိန်းမသေပြီးရင် မိန်းမပဲ ပြန်ဖြစ်နေမယ်။ ယောကျ်ားများလဲ အလားတူပဲ ယောကျ်ားဘဝမှာ သာယာပြီး ယောကျ်ားအဖြစ်နဲ့ ပဲ မိန်းမများအပေါ်ပဲ သာယာစွဲလမ်းမယ်ဆိုရင် (ကာမေသု မိစ္ဆာစာရကံလို ကံတစ်ပါးပါးကဟန့်တားခြင်း မပြုသေးသမျှ)**

http://www.dhammadownload.com

ယောက်ျားသေပြီးရင် ယောက်ျားပဲ ပြန်ဖြစ်နေမယ်"လို့ မိန့်ပါတယ်။

ယောက်ျားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်းဆိုတာ ကုသိုလ်က် အကြီးအသေးနဲ့ မဆိုင်ဘူး အစွဲဥပါဒါန်နဲ့သာဆိုင်တယ်လို့ ဆိုလိုတာပါ။ မှန်ပါတယ်၊ ယောက်ျား မိန်းမဖြစ်ရတာ၊ အထီးအမဖြစ်ရတာဟာ ကုသိုလ် အကုသိုလ်နဲ့ဆိုင်မယ်၊ ကုသိုလ်က် အကြီးအသေးနဲ့ ဆိုင်မယ် ဆိုရင် မြတ်စွာဘုရားရှင် တို့ရဲ့ ပါရမီဖြည့်စဉ်ကာလ ဘဝဖြစ်ရပ်တွေထဲမှာ ဘုရားလောင်းပြီးရင် ကုသိုလ်တရား အလွန် အားကြီးတဲ့ ယသောဓရာအလောင်းဟာ ယောက်ျားဘဝတွေ ပြောင်းလဲ ဖြစ်သွားနိုင်ပြီး ကုသိုလ်အားနည်းတဲ့ ဒေဝဒတ် အလောင်း က မိန်းမဖြစ်သွားလောက်ပါတယ်။ တခြား အသခ်ေ့ တိုင်အောင် ပါရမီတွေ ဖြည့်ကြရတဲ့ ခေမာထေရီတို့ ဓမ္မဒိန္နာတို့စတဲ့ ထေရီမကြီးတွေရဲ့ အလောင်းတွေလည်း ကုသိုလ်အားကြီး သူတွေပဲ ဖြစ်ကြလို့ ယောက်ျားဘဝတွေပြောင်းလဲ ဖြစ်သွားကြမှာပေါ့။ ဒီလိုသာ ကုသိုလ်ကံအားကြီးလို့ ယောက်ျားဘဝပြောင်းပြီးဖြစ်ကြမယ်ဆိုရင် ပါရမီပြည့်သူတိုင်း ယောက်ျားချည်း ဖြစ်သွားကြလောက်ပါတယ်။ မြတ်စွာဘုရားရှင် (သံယောဂသုတ်မှာ) ဟောတော်မူတဲ့အတိုင်း ဘယ်လောက်ပဲ ကုသိုလ်တွေ ပါရမီတွေ အားကြီးနေနေ မိန်းမဘဝ အပေါ် ဥပါဒါန်မပြတ်သမျှ မိန်းမသာဖြစ်ရတယ်၊ ယောက်ျားဘဝဥပါဒါန်မပြတ်သမျှ ယောက်ျားသာဖြစ်ရတယ်လို့သာ အမြင်ရှင်းရှင်း မှတ်ယူကြဖို့ပါ။

အပြောင်းအလဲအနေနဲ့ ဖြစ်လိုရင်တော့ မိန်းမက မိန်းမဘဝအပေါ်မှာ ဥပါဒါန်ပြတ်ပြီး ယောက်ျားဘဝကို ရည်သန်တဲ့ သီလစတဲ့ ကုသိုလ်ပြုရင် ယောက်ျားဘဝကို ပြောင်းလဲတယ်။ ယောက်ျားများကတော့ ကာမေသုမိစ္ဆာစာရက်ကျူးလွန်မိရင် ယောက်ျားဘဝက မိန်းမဘဝကို ပြောင်းလဲတယ်လို့ ကျမ်းဂန်များမှာဆိုပါတယ်။ ကမ္ဘာ

http://www.dhammadownload.com

လူဦးရေမှာလည်း ယောက်ျားဦးရေကလျော့ပြီး မိန်းမဦးရေက တိုးနေ ပါတယ်။ စဉ်းတော့ စဉ်းစားစရာပါပဲ၊ အထူးသဖြင့် ယောက်ျားများ အနေနဲ့ ကိုယ့်ကိုယ်ကျင့်တရားကို စိစစ်ဆင်ခြင်ပြီး သတိထားစရာ ကောင်းတဲ့ အချက်ပါပဲ။

ဣန္ဒြိယပစ္စည်းအဖြစ်နဲ့ဟောထားတဲ့ ရုပ်ဣန္ဒြေ(၆)ပါးထဲမှာ စက္ခု၊ သောတစတဲ့ ပသာဒဣန္ဒြေ(၅)ပါးတို့က အကျိုးပစ္စယုပ္ပန်ဖြစ်တဲ့ ဝိညာဏ်စိတ်တွေမဖြစ်မီ ရှေးကကြိုတင်ပြီးဖြစ်ကြလို့ ပုရေဇာတ ပစ္စည်းလဲမည်ပါတယ်။ ပစ္စယုပ္ပန်တရားတွေအပေါ် အစိုးရတဲ့ အတွက် ဣန္ဒြိယပစ္စည်းလဲမည်ပါတယ်။ ဒါကြောင့် ဒီဣန္ဒြေ(၅)ပါးကို "ပုရေဇာတိန္ဒြိယ"ပစ္စည်းလို့ခေါ်ပါတယ်။

ရုပ်ဇီဝိတကတော့ ကလာပ်တူ ကမ္မဇရုပ်တွေကို စောင့်ရှောက်ပြီး အစိုးရတဲ့အတွက် ရူပဇီဝိတိန္ဒြိယပစ္စည်းလို့ပဲ ခေါ်ပါတယ်။

ဒီနေရာမှာ အဘိဓမ္မာနဲ့ပတ်သက်လို့ သိမှတ်စရာကလေးတွေ နည်းနည်းရှိပါတယ်။ ဒီဣန္ဒြိယပစ္စည်းမှာပါတဲ့ "ဇီဝိတ" ဆိုတာ မြန်မာလို "အသက်"လို့ ခေါ်တဲ့တရားပါပဲ။ နာမ်ဇီဝိတက နာမ်တရားတို့ရဲ့ အသက်ဖြစ်ပါတယ်။ ရုပ်ဇီဝိတက ကမ္မဇရုပ်တို့ရဲ့ အသက်ဖြစ်ပါတယ်။ ဒီခန္ဓာကိုယ်ကြီးထဲမှာ အသက်လို့ခေါ်စရာ ဒီပရမတ္ထတရား (၂)ပါး(ရုပ်ဇီဝိတနဲ့နာမ်ဇီဝိတ)ကလွဲလို့တခြား အတ္တ,လိပ်ပြာ, ဝိညာဉ်ကောင်ဆိုတာ လုံးဝမရှိပါဘူး။

နောက်ထပ်သိစရာတစ်ခုက နာမ်ဇီဝိတတရားဟာ စိတ်စေတသိက် ဆိုတဲ့ နာမ်အားလုံးတို့ရဲ့ အသက်ဖြစ်ပါတယ်။ ရုပ်ဇီဝိတကတော့ ကမ္မဇရုပ်တို့ရဲ့အသက်သာဖြစ်ပါတယ်။ ရုပ်အားလုံး(၄မျိုးလုံး)တို့ရဲ့ အသက်မဟုတ်ပါဘူး။

ရုပ်တရားတွေအကြောင်း အာဟာရပစ္စည်းမှာလဲ အထိုက်အလျောက်ပြောခဲ့ပြီးပေမယ့် ဒီမှာလဲ ထပ်ပြောပါဦးမယ်။ ဒီခန္ဓာကြီး

http://www.dhammadownload.com

ဆိုတာ ကမ္မဇရုပ်တွေ၊ စိတ္တဇရုပ်တွေ၊ ဥတုဇရုပ်တွေ၊ အာဟာရဇရုပ် တွေဆိုတဲ့ ရုပ်(၄)မျိုးအစုအပေါင်းကြီးဖြစ်ပါတယ်။

ဒီရုပ်(၄)မျိုးထဲမှာ ကမ္မဇရုပ်ကလွဲလို့ ကြွင်းရုပ်(၃)မျိုးတို့က ပစ္စပ္ပန်မှာ ထင်ရှားရှိတဲ့ စိတ်,ဥတု,အာဟာရတို့ကြောင့်ဖြစ်ကြတာပါ။ ဒါကြောင့်ဒီရုပ်(၃)မျိုးတို့ကို သူတို့ရဲ့ မိဘသဖွယ်ဖြစ်တဲ့ စိတ်,ဥတု, အာဟာရတို့က ထင်ရှားရှိပြီး စောင့်ရှောက်ပေးနေကြတဲ့အတွက် မိဘရဲ့စောင့် ရှောက်မှုကို ရနေတဲ့သားသမီးများနဲ့တူပါတယ်၊ တခြား အစောင့်အရှောက် မလိုအပ်ပါဘူး။ သီးခြား "ရုပ်သက်"ရယ်လို့ ရှိစရာ မလိုအပ်တော့ဘူးလို့ ဆိုလိုပါတယ်။

ကမ္မဇရုပ်တွေဆိုတာကတော့ အတိတ်ကပြုခဲ့တဲ့ကံကြောင့် ဖြစ်ကြတဲ့ ရုပ်တွေဖြစ်လို့ သူတို့ဖြစ်ပေါ်ခြိန်မှာ သူတို့ရဲ့မိဘသဖွယ် ဖြစ်တဲ့ ကံတရားကထင်ရှားမရှိတော့ပါဘူး။ ဒါကြောင့် ကမ္မဇရုပ် တွေဟာ မိဘမဲ့သားသမီးများသဖွယ် ဖြစ်နေပါတယ်။

မိဘမဲ့လိုဖြစ်နေတဲ့ ကမ္မဇရုပ်တွေကိုတော့ သူတို့အထဲကပဲ တခြားတာဝန်ကိစ္စအထူးမရှိတဲ့ ဇီဝိတရုပ်က "အကိုကြီး အဖအရာ၊ အမကြီး အမိအရာ"ဆိုသလို စောင့်ရှောက်ပေးနေရပါတယ်။ ဒါကြောင့် ဇီဝိတရုပ်ဆိုတာ ရုပ်အားလုံးတို့ရဲ့ အသက်မဟုတ်ဘဲ ကမ္မဇရုပ်တို့ရဲ့ အသက်သာဖြစ်ရတာပါ။

"သဗ္ဗညုဆိုတာ"

နာမ်ကွန်ရှေ(၈)ပါးတို့ကတော့ အတူတကွဖြစ်ဖော်ဖြစ်ဖက် တရားတွေကို အစိုးရကြတဲ့အတွက် သဟဇာတိန္ဒြိယပစ္စည်းလို့ ခေါ်ပါတယ်။

အပြားအားဖြင့် (၂၂)ပါး၊ တရားကိုယ်အားဖြင့် (၁၆)ပါးရှိတဲ့ ဒီကွန်ရှေတွေထဲမှာ အစဦးဆုံးကွန်ရှေ(၆)ပါးဖြစ်တဲ့ စက္ခု၊ သောတ၊

http://www.dhammadownload.com

ယာန၊ ဇီဝှါ၊ ကာယ၊ မနဆိုတဲ့ ဣန္ဒြေ(၆)ပါးတို့ဟာ သက်ရှိ သတ္တဝါ တစ်ဦးအတွက် အရေးအပါဆုံး ဣန္ဒြေများဖြစ်လို့ ဒီဣန္ဒြေ(၆)ပါးကို အလေးအနက်သဘောပေါက်သင့်ပါတယ်။

ဒီဣန္ဒြေ(၆)ပါးတို့ဟာ ဘာကြောင့်သက်ရှိ သတ္တဝါအားလုံး အတွက် အရေးအပါဆုံးဣန္ဒြေများလို့ ပြောရသလဲဆိုရင်တော့ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သက်ရှိသတ္တဝါ မှန်သမျှ အတွက် ခန္ဓာကိုယ်အတွင်းမှာ ရှိသမျှတရားအားလုံး(သဗ္ဗ)ကို ဖော်ပြပါဆိုရင် ဒီဣန္ဒြေ(၆)ပါးကလွဲလို့ တခြားဘာမျှမရှိပါဘူး။ ခန္ဓာ ကိုယ်အတွင်းပိုင်းမှာ ရှိသမျှတရားအားလုံးဆိုတာ မြန်မာလို ပြောရ မယ်ဆိုရင်တော့ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကျန်တဲ့ခန္ဓာကိုယ်ကြီးရယ်၊ အတွင်းက သိတတ်တဲ့ မန(စိတ်)ရယ်၊ ဒီ(၆)မျိုးပဲရှိ ပါတယ်။ ခန္ဓာကိုယ်အပြင်ဘက်မှာ သတ္တဝါ တစ်ဦး တစ်ယောက် ပိုင်ဆိုင်နိုင်သမျှ တရားအားလုံး(သဗ္ဗ)ဆိုတာကလဲ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးဆိုတဲ့ ဒီအာရုံ(၆) မျိုးကလွဲလို့ တခြားမရှိတော့ပါဘူး။ *(သံ၊၂၊၂၄၈။ သဠာယတန ဝဂ္ဂသံယုတ်၊ သဗ္ဗသုတ်)*

ဒါကြောင့် အလုံးစုံကို သိမြင်တော်မူတဲ့ သဗ္ဗညုဘုရားရှင် တို့ဆိုတာ အတွင်းမှာရှိတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့နဲ့ အပြင်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေး (ဓမ္မာရုံ)ဆိုတဲ့ အာရုံ(၆)ပါးတို့ရဲ့ သဘောသဘာဝအပြည့်အစုံကိုလဲ သိတယ်၊ ဒီအတွင်းရှိသမျှ(သဗ္ဗ)နဲ့ အပြင်မှာရှိသမျှ(သဗ္ဗ)တို့ တိုက် ဆုံမှုကို အကြောင်းပြုပြီး (၁) သတ္တဝါတို့ သံသရာမှာ ကျင်လည်ကြရ ခြင်းကိုလည်း သိတယ်၊ (၂) ကျင်လည်ရခြင်းရဲ့ အကြောင်းကိုလည်း သိတယ်၊ (၃) သံသရာမှ လွတ်မြောက်ခြင်းကိုလည်း သိတယ်၊ (၄) လွတ်မြောက်ရခြင်းရဲ့ အကြောင်းကိုလည်း သိတယ်။ လောကမှာ

http://www.dhammadownload.com

ရှိတာဟူသမျှဆိုရင်လဲ ဒီ(၆)စုံသာရှိပြီး သိစရာဆိုလို့လဲ ဒီ(၄)ချက်ပဲ ရှိပါတယ်။

ဒီသိစရာ(၄)ချက်ကို ထိုးထွင်းသိမြင်တာကိုလည်း သစ္စာ(၄)ပါးကို ထိုးထွင်းသိမြင်တယ်လို့ ဆိုရသလို၊ သိစရာရှိသမျှ အားလုံးကို အပြည့်အစုံသိတယ်လို့လည်း ခေါ်ရပါတယ်။

ဒီစကားရပ်ကို ဒီခေတ်လူငယ်များ အလေးအနက် သိရှိ သဘောပေါက်စေချင်ပါတယ်။ ကြားဖူးနားဝနဲ့ "သဗ္ဗညုဆိုတာ ဘာမဆို အကုန်လုံးကို သိတယ်ဆိုရင် အနုမြူဖော်မြူလာတွေ၊ အခုပေါ်နေတဲ့ ကွန်ပြူတာပညာရပ်တွေကိုရော မြတ်စွာဘုရား ရှင်သိခဲ့ပါသလား" ဆိုတဲ့ မေးခွန်းမျိုး ခဏခဏကြုံရဖူးပါတယ်။

ဘုရားရှင်တို့ သိရမယ့် သဗ္ဗ(အားလုံး)ဆိုတာ အတွင်းဂ္ဂန္ဓေ(အာယတနလို့လဲခေါ်တယ်) (၆) ခုနဲ့ အပြင်အာရုံ (၆)မျိုးရယ်၊ အတွင်းနဲ့ အပြင်တိုက်ဆုံမှုကို အကြောင်းပြုပြီး သိစရာ(၄)မျိုးရယ်ကလွဲလို့ တခြားဘာမျှမရှိပါဘူး။ ဒေးဒရဲနိကာယ်သင်တန်းမှာ လူငယ် တစ်ယောက်က ဒီအကြောင်းမေးဖူးစဉ်က တောင်တွင်းကြီး၊ နတ်မြို့တောရဆရာတော်ကြီးကတော့ "သဗ္ဗညုတညာဏ်တော်ရဲ့ နယ်ပယ်မှာ ရှိတာအားလုံးဆိုရင် ဒီ(၆)စုံပဲ။ သိစရာမှန်သမျှကလဲ ဒီ(၄)မျိုးပဲရှိတယ်။ ကျန်တဲ့ကိစ္စတွေ နည်းပညာတွေ အတတ်ပညာတွေဆိုတာ သံသရာကျင်လည်ရေးတရားတွေသာဖြစ်တယ်၊ ဘုရားရှင်တို့ရဲ့အလုပ်(ဖယလုပ်) မဟုတ်ဘူး။ လောကသားအလုပ်နဲ့ ဘုရားအလုပ်ကို ကွဲကွဲပြားပြား နားလည် သဘောပေါက်အောင် လေ့လာပါ"လို့ မိန့်ကြားပါတယ်။

ဒီဂ္ဂန္ဓေ(၆)ခုဟာ အတွင်းမှာရှိတဲ့ အလုံးစုံ(သဗ္ဗ)ဖြစ်သလို၊ သံသရာနဲ့နိဗ္ဗာန်၊ တနည်းပြောရင်တော့ ကာမသုခလွှိကာနုယောဂ လမ်း၊ အတ္တကိလ မထာနုယောဂလမ်းဆိုတဲ့ အစွန်း(၂)ပါးနဲ့ မဇ္ဈိမ ပဋိပဒါလမ်းတို့ရဲ့ အဓိက "ဆုံမှတ်"နေရာလည်း ဖြစ်ပါတယ်။

http://www.dhammadownload.com

လောကမှာ ပြောဆိုနေကြတဲ့ "ဣန္ဒြေရှိတယ်" တို့၊ "ဣန္ဒြေရှင်" တို့ ဆိုတာဟာလည်း ဒီဣန္ဒြေ(၆)ပါးကိုပဲ ရည်ညွှန်းပြောဆိုကြတာ ဖြစ်ပါတယ်။ ဒီအကြောင်းတွေကိုလဲ နည်းနည်းသိထားသင့်ပါတယ်။

ခုပြောခဲ့တဲ့ ဣန္ဒြေ(၆)ပါးတို့ကို စိတ်စေတသိက်တို့၏ ဖြစ်ပွားရာအရပ်၊ ဖြစ်ပေါ်ခြင်းရဲ့အကြောင်းတရားများဖြစ်လို့ အာယတန(ဖြစ်ကြောင်း)များလို့လဲ ခေါ်ပါတယ်။ အဆင်း,အသံစတဲ့ အာရုံတရားတို့ရဲ့ ဝင်ရောတံခါးနဲ့တူတဲ့အတွက် ဒ္ဒါရ(တံခါး)များလို့လဲ ခေါ်ပါသေးတယ်။ သက်ရှိသတ္တဝါတစ်ဦးဆိုတာ အဘိဓမ္မာဆန်ဆန် ပြောရမယ်ဆိုရင် ဒ္ဒါရ,အာယတန,ဣန္ဒြေလို့ သုံးမည်ရတဲ့ ဒီစက္ခု သောတ,ဃာန, ဇိဝှါ,ကာယ,မန ဆိုတဲ့ (၆)ပါးနဲ့ အပြင်မှာရှိတဲ့ အဆင်း,အသံ,အနံ့,အရသာ,အတွေ့အထိ,အတွေးဆိုတဲ့ အာရုံ(၆)ပါးတို့ တွေ့ဆုံမိတဲ့အခါ အာရုံတွေကို သိတတ်၊ မှတ်တတ်၊ ခံစားတတ်, ကြံစည်စိတ်ကူးတတ်တဲ့ ရုပ်နာမ်အစုအဝေးတစ်ခုပါပဲ။ လောကဥပမာနဲ့ ထင်လွယ် မြင်လွယ်အောင် ပြောရမယ်ဆိုရင်တော့ ခန္ဓာကိုယ်ရဲ့ အပြင်ပိုင်းမှာ ပြင်ပအာရုံတွေနဲ့ ဆက်သွယ်ဖို့အတွက် မျက်စိ,နား,နှာ,လျှာ,ကိုယ်ဆိုတဲ့ စက်ယန္တရားငါးခုရယ်၊ အတွင်းဆုံးမှာ အပြင်ယန္တရားငါးခုကနေ ဝင်ရောက်လာတဲ့အာရုံတွေကို သိမှတ် ခံစားကြံစည်ပေးဖို့အတွက် မန(စိတ်) ဆိုတဲ့ ယန္တရားတစ်ခုရယ်၊ အားလုံးပေါင်း ယန္တရား(၆)ခု တပ်ဆင်ထားတဲ့ ရုပ်နာမ် အစုအဝေးကြီးပါပဲ။

အတွင်းဣန္ဒြေတို့နဲ့ အပြင်အာရုံတို့တိုက်ဆုံမိတဲ့အခါ၊ ဥပမာဆိုပါတော့ မျက်စိလို့ခေါ်တဲ့ စက္ခုဣန္ဒြေနဲ့ အပြင်က အဆင်းအာရုံတို့တိုက် ဆုံမိတဲ့အခါ အဆင်းသိစိတ် စက္ခုဝိညာဏ်ပါဝင်တဲ့ စိတ်ဖြစ်စဉ် (ဝိထိစိတ်)တွေ ဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်ထဲမှာ ဇောစိတ်

http://www.dhammadownload.com

တွေက (၇)ကြိမ်လောက် ဆက်တိုက်ဖြစ်ပြီး အဆင်းအာရုံရဲ့ ကျေနပ်စရာ မကျေနပ်စရာဆိုတဲ့ ရသကိုခံစားပါတယ်၊ စက္ခု ဝိညာဏာဝီထိစိတ်အစဉ်ဖြစ်ပြီးတဲ့ အခါမှာလည်း ဒီအာရုံကိုပဲ အထပ်ထပ်တွေးတောစဉ်းစားကြိစည်တဲ့ နောက်လိုက်စိတ် ဖြစ်စဉ်(တဒနုဝတ္တကမနောဒ္ဓါရဝီထိ)တွေ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျေနပ်မှု မကျေနပ်မှုအားလျော်စွာ လောဘတို့ ဒေါသတို့စတဲ့ ကိလေသာတရားစုတွေလည်း ထင်ထင်ရှားရှား ပီပီပြင်ပြင်ကြီး ဖြစ်လာကြပါတယ်။ အာရုံကို သတိနဲ့ အသိနဲ့ ဆင်ခြင်ကြသူများမှာတော့ သတိဉီးဆောင်တဲ့ ကုသိုလ်တရားတွေ ဖြစ်လာကြပါတယ်။

တိုတိုချုပ်ကတော့ အတွင်းဣန္ဒြေနဲ့ အပြင်အာရုံတို့ တိုက်ဆုံမိကြတဲ့အခါ သတိတရားအစောင့်အကြပ်ရှိရင် ကုသိုလ်တရားတွေဖြစ် တယ်၊ သတိတရားအစောင့်အကြပ်မရှိရင်တော့ ကျေနပ်မှု မကျေနပ်မှုအားလျော်စွာ လောဘ ဒေါသစတဲ့ ကိလေသာတရား (အကုသိုလ် တရား)တွေ ဖြစ်ပါတယ်။

သတိမဲ့ အသိမဲ့လို့ လောဘ ဒေါသစတဲ့ ကိလေသာတွေ ဝင်ရောက်လာပြီဆိုရင်တော့ ကျေနပ်စရာအာရုံကို အထပ်ထပ် ပြန်ပြီး ရှာဖွေဖို့တို့၊ မကျေနပ်စရာအာရုံတွေနဲ့ ဝေးအောင်ရှောင်ရှားဖို့ တို့စတဲ့ နောက်ဆက်တွဲတာဝန်တွေက တသီတတန်းကြီး လိုက်လာတော့တာပါပဲ။ အဲဒီလို ဣန္ဒြေတွေကို အမှီပြုပြီး သိရှိလာတဲ့ အာရုံတွေကို အကြိမ်ကြိမ်အထပ်ထပ် ရှာဖွေပေးဆက်နေရတာကိုပဲ ဣန္ဒြေတို့ရဲ့ ကျေးကျွန်အဖြစ်ခံရတယ်လို့ ခေါ်ပါတယ်။

ဒီနေရာမှာ လူတွေပြောလေ့ပြောထရှိတဲ့ "ဣန္ဒြေမဲ့တယ်"တို့ "ဣန္ဒြေရှိတယ်"တို့၊ "ဣန္ဒြေရှင်"တို့ ဆိုတဲ့စကားတွေကို နည်းနည်း စဉ်းစားကြည့်ကြရအောင်ပါ။

http://www.dhammadownload.com

မျက်စိ,နား,နှာစတဲ့ ဣန္ဒြေတွေဟာ လူတိုင်းလောက်နီးပါးမှာ ကိုယ်စီပါနေကြပါတယ်။ ဣန္ဒြေရှိတယ် မရှိဘူးဆိုတဲ့စကားက ဒီ ဣန္ဒြေတွေ မွေးရာပါအနေနဲ့ပါတယ် မပါဘူးဆိုတာကို ရည်ညွှန်းတာ မဟုတ်ပါဘူး။ အထက်မှာပြောခဲ့သလိုပဲ ဣန္ဒြေတွေမှာ သတိတရား အစောင့်ရှိတယ်၊ မရှိဘူးဆိုတာကို ရည်ညွှန်းတာပါ၊ ဒါနဲ့ပတ်သက်လို့ ဗုဒ္ဓသာသနာ သမိုင်းမှာ အလွန်ထင်ရှားတဲ့ သာဓကတစ်ခု ရှိခဲ့ဖူးပါ တယ်။

မြန်မာပြည်အပါအဝင် ကိုးတိုင်းကိုးဌာနကို သာသနာပြု စေလွှတ်ဖို့ သာသနာ့ဒါယကာ ခံယူတယ်ဆိုတဲ့ သီရိဓမ္မာသောက မင်းကြီးဆိုတာ၊ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို ပိုင်စိုးတဲ့ ရှင်ဘုရင် ဖြစ်ခါစမှာ ဘယ်ဘာသာရယ်လို့ ပီပီပြင်ပြင် ယုံကြည်သူ မဟုတ်သေး ပါဘူး။ မိဘလက်ငုတ်ကိုးကွယ်ရင်းရှိခဲ့တဲ့ ဂိုဏ်းဝင်ပုဂ္ဂိုလ်တွေကိုပဲ အစဉ်အလာမပျက် လုပ်ကျွေးလှူဒါန်းနေတာပါ။ နေ့စဉ်နေ့တိုင်း သူ့ နန်းတွင်းကို လာရောက်အလှူခံနေကြတဲ့ ဘာသာရေး ဂိုဏ်းသား တွေဟာ သွားတာလာတာ၊ နေတာထိုင်တာကလည်း ကိုးရိုးကားရား၊ မျက်နှာကလည်း ပြူးပြူးပြဲပြဲ၊ ဟိုငေးဒီမော့၊ ဟော့ဟော့ရမ်းရမ်း၊ ပြောပုံဆိုပုံကလည်း ပရမ်းပတာ ဟောင်ဖွာအော်ကျယ်ဆိုတော့ ဒီလို ပုဂ္ဂိုလ်တွေကို နေ့စဉ်ပဲ လှူဒါန်းဆက်ကပ်လုပ်နေရတာကို ကြာတော့ စက်ဆုပ်ငြီးငွေ့လာတယ်။

ဘာသာတရားကိုးကွယ်ဆည်းကပ်တယ်ဆိုတာ စိတ်ကို ကြည်နူးအေးချမ်းစေရမှာ၊ အခုလို ပုဂ္ဂိုလ်တွေကို တွေ့နေရတာဟာ အေးချမ်းဖို့ နေနေသာသာ ကြည်နူးမှုကို မရဘူးဆိုတဲ့အဖြစ်နဲ့ နေ့စဉ်ကြုံနေရလို့ ကြည်နူးအေးချမ်းစေမယ့် ကိုးကွယ်ရာကို အမြဲပဲ တောင့်တနေပါသတဲ့။ အဲဒီအချိန်မှာပဲ ဝတ်ရုံထားတဲ့ အဝတ်သင်္ကန်း ကလည်း သပ်သပ်ရပ်ရပ်၊ သွားပုံလာပုံကလည်း တည်တည်ငြိမ်ငြိမ်၊

http://www.dhammadownload.com

မျက်နှာအမူအရာကလည်း ကြည်လင်အေးချမ်းလှတဲ့ နိုဂြောဓ သာမဏေကိုတွေ့လိုက်ရတဲ့အခါ နေပူထဲက ပြေးလာရသူ တစ်ဦးက စိမ်းစိုအေးမြတဲ့ ပညောင်ပင်ကြီးကို တွေ့လိုက်ရသလို (နိုဂြောဓ ဆိုတာ ပညောင်ပင်လို အရပ်အဝန်းညီမျှတင့်တယ်သူလို့ အဓိပ္ပာယ် ရပါတယ်) အသောကမင်းကြီးစိတ်ထဲမှာ အခုချက်ချင်း မဖူးရ မနေနိုင်ဆိုသလိုကို ကြည်ညိုစိတ်တွေ ပြင်းပြင်းထန်ထန် ဖြစ်သွားပါ တယ်။ အဲဒီ ကြည်ညိုမှုက စပြီးတော့ပဲ ဗုဒ္ဓဘာသာဝင်ပီပီပြင်ပြင် ဖြစ်ပြီး သာသနာပြုမင်းကြီး ဖြစ်သွားခဲ့တာပါ။ ဒီဖြစ်ရပ်မှာ မင်းကြီးရဲ့စိတ်ကို ငြီးငွေ့ စက်ဆုပ်စေတဲ့ ဘာသာရေးဂိုဏ်းသား တွေဟာ သူတို့ရဲ့ ဣန္ဒြေကို သတိနဲ့စောင့်စည်းမှု မရှိတဲ့အတွက် ဣန္ဒြေမဲ့သူတွေဖြစ်ပါတယ်။

နိုဂြောဓသာမဏေကတော့ ဣန္ဒြေတို့ကို သတိနဲ့ စောင့် ထိန်းမှုရှိတဲ့အတွက် ဣန္ဒြေရှိတယ်လို့ဆိုရပါတယ်၊ သတိစောင့်ထိန်းမှု အလွန်အထူးရှိတဲ့ ပုဂ္ဂိုလ်မျိုးကိုတော့ ဣန္ဒြေကြီးသူလို့ သတ်မှတ် ပြောဆိုကြပါတယ်။(အမှန်ကတော့ သတိမမဲ့တာ၊ သတိရှိတာ၊ သတိကြီးတာပါပဲ)။ ဒီနေရာမှာ ထပ်ပြီး သဘောပေါက်စရာ တစ်ခု ကတော့- "သဒ္ဓါ"ဆိုတဲ့ စကားကို "ယုံကြည်မှု"လို့ မြန်မာလို ပြောကြ ပါတယ်။ ဒီစကားရပ်ထဲမှာ "ယုံ"ဆိုတာရယ်၊ "ကြည်"ဆိုတာရယ် နှစ်ခုရှိပါတယ်။ "ယုံ"တာက လက္ခဏာသဒ္ဓါ။ "ကြည်"ဆိုတာက ကိစ္စ သဒ္ဓါဖြစ် ပါတယ်(သဒ္ဒဟနလက္ခဏာ ပသာဒကိစ္စံ)။ အထက်မှာ ပြောခဲ့ဖြစ်ရပ်ကို ကြည့်မယ်ဆိုရင် အစဉ်အလာရ လျှုဒါန်းနေရတဲ့ ဘာသာရေး ဂိုဏ်းဝင်တွေဟာ ဣန္ဒြေမဲ့သူတွေဖြစ်လို့ ယုံသာ ယုံနေရ တယ်၊ မ ကြည်စေနိုင်ဘူး၊ ဒါကြောင့် သိရိမမှာသောကမင်းကြီးရဲ့ သဒ္ဓါတရားကို မခိုင်မြဲစေနိုင်ပါဘူး၊ ဣန္ဒြေရှင်ဖြစ်တဲ့ နိုဂြောဓ သာမဏေကတော့ ယုံလဲယုံ၊ ကြည်လဲကြည်စေတဲ့အတွက် သဒ္ဓါ

http://www.dhammadownload.com

တရားကို ပြည့်ပြည့်စုံစုံ ခိုင်မြဲစေပါတယ်။ ဒါကြောင့် မိမိတို့ တာဝန်ယူ ထမ်းဆောင်နေရတဲ့ သာသနာအပေါ်ကြည်ညိုကြသူတွေ သဒ္ဓါ တရားခိုင်မြဲပြီး အရှည်ခန့် တည်တန့်ရေး၊ ထွန်းကားပြန့်ပွားရေးမှာ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့ရဲ့ ဣန္ဒြိယသံဝရသီလဟာ အလွန်ကိုမှ အရေးကြီးတယ်ဆိုတာကို သဘောပေါက် သင့်ကြပါတယ်။

ခုလိုဣန္ဒြေတို့ကို သတိနဲ့ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ့်ဣန္ဒြေကိုယ်နိုင်နင်းပိုင်စိုးတဲ့အတွက် ဣန္ဒြေရှင် (ဣန္ဒြေတို့ရဲ့သခင်)လို့လဲ တလေးတစား သတ်မှတ်ပြောဆိုလေ့ ရှိပါတယ်။

မှန်ပါတယ် ဣန္ဒြေတို့ရဲ့အရှင်သခင် "ဣန္ဒြေရှင်" မဖြစ်သူများဟာ ဣန္ဒြေတို့ရဲ့ကျေးကျွန် (ဣန္ဒြေကျွန်)များဖြစ်နေကြရမှာ မလွဲပါဘူး၊ မျက်စိအတွက် အဆင်းအာရုံအမျိုးမျိုး ရှာဖွေပေးဆက်နေကြရတာ၊ နားအတွက် အသံအမျိုးမျိုး၊ နှာခေါင်းအတွက် အမွှေးနံ့သာ အမျိုးမျိုး၊ လျှာအတွက် စားဖွယ်သောက်ဖွယ်အမျိုးမျိုး၊ ကိုယ်အတွက် နူးညံ့ချောမွတ်တဲ့အဝတ်အရုံအမျိုးမျိုးတို့ကို ရှာဖွေဆက်သရင်း အားချိန်နားချိန်ရယ်လို့ မရနိုင်အောင် ဖြစ်နေကြ သူတွေဟာ ဣန္ဒြေတို့ရဲ့ကျွန်အဖြစ်ခံနေရတဲ့ "ဣန္ဒြေကျွန်"များ ဖြစ်နေကြရတာပါပဲ။

လောကလူသားအများစုတို့ ညည်းညူနေကြတဲ့ "ဒုက္ခ" ဆိုတာဟာ တကယ်တော့ ဣန္ဒြေတို့ရဲ့ ကျွန်အဖြစ်ခံ နေရတာပါပဲ။ သတိတရား အသိတရားမဲ့တဲ့အတွက် ကိုယ့်ဣန္ဒြေရဲ့ကျွန်အဖြစ် ကိုယ်ပြန်ခံနေရတာကိုပဲ၊ အမှန်အတိုင်းမသိနိုင် မမြင်နိုင်ကြလို့ ခေတ်စနစ်တို့ရဲ့ ကျေးကျွန်၊ ခေတ်ပေါ် ပစ္စည်းဝတ္ထုတို့ရဲ့ ကျေးကျွန်ခံ နေရတယ်လို့ အထင်မှားနေကြတာပါ၊ အဓိကလက်သည်အစစ်ကို မသိမမြင်ဘဲ လက်သည် သတ်မှတ်မှု လွဲမှားသွားပြီဆိုကတည်းက

http://www.dhammadownload.com

အဖြေရှာမှုတွေ၊ ဖြေရှင်းမှုတွေဟာလည်း လွဲမှားလို့မဆုံးနိုင်အောင် အလွဲအမှား သံသရာကြီးလည်နေရဦးမှာ မလွဲပါဘူး။

"စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော - စသဖြင့် မျက်စိ,နား,နှာစတဲ့ ဣန္ဒြေတို့ကို သတိနဲ့စောင့်စည်းနိုင်ရင် အကောင်းဆုံး"လို့ မြတ်ဗုဒ္ဓဟောညွှန်ခဲ့တာဟာလဲ ဒီလိုဣန္ဒြေကျွန် အဖြစ်က လွတ်မြောက်ပြီး ဣန္ဒြေရှင်များဖြစ်စေဖို့ပါပဲ။

"သံသရာနဲ့ နိဗ္ဗာန်လမ်းဆုံး"

ဒီဣန္ဒြေ(၆)ပါးတို့ဟာ သံသရာနဲ့ နိဗ္ဗာန်(သို့မဟုတ်) အစွန်း(၂)ပါးနဲ့ မဗ္ဈိမပဋိပဒါတို့ရဲ့လမ်းဆုံဖြစ်တယ် ဆိုတဲ့အကြောင်းကို နည်းနည်းဆင်ခြင်ကြည့်ကြရအောင်ပါ။

သတ္တဝါတို့ရဲ့ သံသရာခရီးဆိုတာ အဝိဇ္ဇာနဲ့တဏှာဆိုတဲ့ မသိမှုနဲ့ လိုချင်တပ်မက်မှုတို့ ဦးဆောင်ပြီးစခဲ့ကြတာဖြစ်လို့ ဒီမသိမှု အဝိဇ္ဇာနဲ့ တပ်မက်မှုတဏှာတို့ဟာ သတ္တဝါတို့ရဲ့ သံသရာခရီးဖေါ်မိတ်ဟောင်းဆွေဟောင်းကြီးတွေပါ၊ ရင်းနှီးလွန်းအားကြီးလို့ ဒီခန္ဓာကြီးရဲ့ အိမ်ရှင်တွေလိုတောင် ဖြစ်နေကြပါပြီ။

အထက်မှာပြောခဲ့သလိုပဲ ဣန္ဒြေ(၆)ပါးတို့မှာ သတိတရား အသိတရားဆိုတဲ့ အစောင့်အရှောက်များလစ်သွားလိုက်တာနဲ့ တစ်ပြိုင်နက် ခန္ဓာရဲ့အိမ်ရှင်များလိုဖြစ်နေကြတဲ့ အဝိဇ္ဇာတဏှာတို့က သတ္တဝါတို့ရဲ့ စိတ်အစဉ်ကို အချိန်မရွေးလာရောက် ပူးပေါင်းနေပါတယ်၊ ဒီလိုအခြေအနေမှာ အဝိဇ္ဇာတဏှာတို့နဲ့ ဣန္ဒြေ(၆)ပါးတို့ တွဲမိသွားပြီး မျက်စိကလည်း အပိတ်အပင်အတားအဆီးမရှိ အဆင်းအာရုံတွေကို မရအရ ရှာတော့တာပါပဲ၊ နား,နှာ,လျှာ, ကိုယ်တို့ကလည်း အလားတူ အားကျမခံဆိုသလို ဆိုင်ရာအာရုံတွေကို အငမ်းမရ ရှာကြပါတော့တယ်။ လူတွေ လူပေါင်းမှားလို့ ဒုက္ခရောက်

http://www.dhammadownload.com

ကြသလို ဣန္ဒြေ(၆)ပါးတို့ တရားပေါင်းမှားပြီး ဒုက္ခရောက်ကြရတာ ပါပဲ။

ဒီလိုနဲ့ပဲ သတ္တဝါအများစုတို့ဟာ "အာရုံငါးပါး ကာမဂုဏ် တရားတွေကိုများများပိုင်ဆိုင်ပြီး များများကြီးခံစားနိုင်ခြင်းဟာ လောကမှာ ချမ်းသာခြင်းဖြစ်တယ်"ဆိုတဲ့ တစ်ဘက်စွန်းရောက် အတွေးမှား အမြင်မှားတွေကို လက်ခံကျင့်သုံးကြသူတွေ ဖြစ်လာ ကြပါတော့တယ်၊ အဲဒီအတွေးအမြင်မှားကြီးကို "ကာမသုခလ္လိကာ နုယောဂ ။ ကာမချမ်းသာ ငမ်းငမ်းတက်ရှာဖွေအားထုတ်မှု" အစွန်းတရားလို့ သတ်မှတ်ပါတယ်၊ ဒွါရ(၆)ခုတို့ကို အစောင့် အရှောက်မရှိ ဟင်းလင်းဖွင့်ထားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အစွန်း တရားပါ။ ဓမ္မစကြာမှာ 'ဟီနော ဂါမ္မော ။ ယုတ်နိမ့်ကြမ်းတမ်းတယ်" လို့ဆိုထားတဲ့အတိုင်း ယုတ်နိမ့်တဲ့အစွန်းတရားဖြစ်လို့ လက်ဝဲစွန်း လို့လည်း ခေါ်ကြပါတယ်၊ ဒီလိုပုဂ္ဂိုလ်များဟာ အိမ်ယာတည်ထောင် ပြီးနေကြလို့ "သာဂါရိက ။ အိမ်ရာတည်ထောင်နေကြသူများ"လို့ ခေါ်ပါတယ်။

အာရုံငါးပါး ကာမဂုဏ်တရားတို့ဆိုတာကလည်း "ကာမ ငါးထွေ၊ ဆားငံရေသို့၊ သောက်လေသောက်လေ၊ ငတ်မပြေတည့်" ဆိုတဲ့အတိုင်း လိုချင်မှုတဏှာကို ပြည့်စေတယ်ရယ်လို့မရှိဘူး၊ ပိုပြီး ကျယ်ပြန့်စေတဲ့သဘောပဲရှိပါတယ်၊ ဒါကြောင့်လဲ ဒီလက်ဝဲစွန်း သမား အများစုကြီးဟာ လိုချင်မှုအားကြီးသလောက် ရှာဖွေ၊ ရှာဖွေ လို့ရသလောက် စွဲလမ်းမှုတွေပြင်းထန်ဆိုတာဖြစ်လာကြပြီး ကြာလာ တော့ "အစွဲနာ အခွာခက်"ဆိုတဲ့ အခြေအနေမျိုးရောက်သွားကြပါ တယ်။

သခ်ၵါရနယ်ပယ်ဆိုတာ သက်ရှိရော သက်မဲ့ရော ဘယ် သခ်ၵါရမှ အမြဲတည်နေရုံး ထုံးစံမရှိလေတော့ ပိုင်ဆိုင်သူနဲ့ ပိုင်ဆိုင်

http://www.dhammadownload.com

စရာ ပစ္စည်းဝတ္ထု(အာရုံငါးပါး)တို့ဆိုတာလည်း သေကွဲရှင်ကွဲ တစ်ကွဲ ကွဲနဲ့ခွဲခွာ ကွဲကွာရမြဲဖြစ်ပါတယ်၊ ဒီလိုခွဲခွာရတဲ့ အခြေအနေနဲ့ ကြုံတဲ့ အခါမှာတော့ များများပိုင်ဆိုင်ထားသူက များများကြီးအစွဲနာထားတဲ့ အတွက် အခွာရခက်လာပါတယ်၊ သဘာဝအရဆိုရင်တော့ အချိန် တန်လို့ ကွာကျတဲ့သဘောပါ၊ ဒါပေမယ့် အစွဲနာထားသူက ကွာကျ တာကို သတိရှိရှိနဲ့ အလိုက်အထိုက်လက်မခံနိုင်တဲ့အတွက် သဘာဝ အရကွာကျ ခြင်းဟာ သူ့အတွက် ခွာချသလို ခံစားရပါတော့တယ်။ "ဒုက္ခ"ဆိုတာ ဒါကိုပြောတာပါပဲ။

သခ်ါရနယ်သားတိုင်း ဒီလိုဒုက္ခနဲ့အမြဲကြုံတွေ့ ခံစားနေရ မယ်လို့ ဆိုလိုတာမဟုတ်ပါဘူး၊ သဘာဝအတိုင်း ကွာကျချိန်မှာ "ဒါဟာ သဘာဝ နိယာမတရားပဲ"လို့ အသိရှိရှိနဲ့ လက်ခံနိုင်သူများ အတွက် ကွာကျခြင်းဟာ ကွာကျခြင်းသာဖြစ်ပါတယ်။ ဒုက္ခလည်း မဟုတ်သလို သုခလည်းမဟုတ်ပါဘူး၊ သဘာဝတရားပါ။ အဲ . . ကွာကျတာကို လက်မခံနိုင်ဘဲ စွဲလန်းမြဲစွဲလန်း နေသူများ အတွက် တော့ ကွာကျခြင်းဟာ ခွာချခြင်းလို ဖြစ်သွားပါတယ်၊ အဲဒီအခါမှာ သဘာဝတရားဟာလည်း ဒုက္ခတရားဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်လာ ပါတယ်၊ ဓမ္မစကြာမှာ ဘုရားရှင်ဟောတော်မူတဲ့ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ - လိုရင်း အကျဉ်းချုပ်ကတော့ ဥပါဒါန် အစွဲပြင်းနေတဲ့ ခန္ဓာငါးပါးဟာ ဒုက္ခပါပဲ"ဆိုတဲ့ ဒေသနာ တော်ဟာ ဒီသဘောကိုရည်ညွှန်းတာပါ၊ အဘိဓမ္မာဒုက္ခဖြစ်လို့ စေ့စေ့တွေးမှ ရေးရေးပေါ်မှာပါ၊ ဖြေးဖြေးချင်း တွေးကြည့်ပါ၊ တရေးရေး ပေါ် လာပါလိမ့်မယ်။

"အာရုံငါးပါး ကာမဂုဏ်တရားတွေ များများပိုင်လေ ချမ်းသာလေ"လို့ ခံယူထားကြသူတို့ဟာ နောက်ဆုံးတော့ များများ ပိုင်လေ များများ စွဲလေ၊ များများစွဲလေ များများအခွာခံရလေဖြစ်ပြီး

http://www.dhammadownload.com

ပျော်ရွှင်မှုအတွက် ကြိုးစားရှာဖွေထားသမျှအရာတွေဟာ ဝမ်းနည်းပူဆွေးငိုကြွေး စရာတွေအဖြစ်နဲ့ နိဂုံးချုပ်သွားကြရပါတယ်။ ဒီဖြစ်ရပ်တွေကို တွေ့မြင်ဆင်ခြင်မိပြီး အယူအဆသစ်တစ်ခုပေါ်ပေါက်လာပါတယ်။ အဲဒါကတော့ "အာရုံငါးပါး ကာမဂုဏ်တရားတွေဆိုတာ လုံးဝမရှိမှ ချမ်းသာမယ်၊ ဒီတရားတွေဟာ ဝေးမှအေးမည့် တရားတွေဖြစ်တယ်။ ဒါကြောင့် မျက်စိ,နား,နှာ,လျှာ,ကိုယ်တို့ကို လုံးဝအလိုမလိုက်နဲ့၊ သူတို့အလိုကျ အာရုံတွေကို လုံးဝဝင်ခွင့်မပြုခြင်းသာ အကောင်းဆုံး"ဆိုတဲ့ အယူအဆပါပဲ။

ဒီလိုခံယူကြသူတို့ဟာ အာရုံငါးပါးကာမဂုဏ်တရားတွေကို ရှာဖွေခံစားတဲ့ လူ့ရပ်လူ့ရွာကိုစွန့်ခွာပြီး တောရပ်တောင်ကြားစတဲ့ ရပ်ရွာနဲ့ဝေးတဲ့ ဒေသတွေမှာပဲ (အိမ်ရာတည်ထောင်ခြင်း၊ အိုးအိမ်အဆောက်အဦ အခိုင်အမာဆောက်လုပ်နေထိုင်ခြင်းစတဲ့) လူ့ကိစ္စတွေ၊ လူနေမှုစနစ်တွေကို အားလုံးဆန့်ကျင်နေထိုင် ကြပါတယ်။ ဒါကြောင့် သူတို့ကို "အနာဂါရိက ▫ အိမ်ရာမထောင်သူများ"လို့ သတ်မှတ်ကြ ပါတယ်။

သူတို့ရဲ့ အဓိကအလုပ်ကတော့ မျက်စိ,နား,နှာ,လျှာ,ကိုယ်တို့ကို ချုပ်ချယ်နိုင်သမျှ ချုပ်ချယ်ရေးပဲ ဖြစ်ပါတယ်။ ဒါကြောင့် လည်း အဆင်းကြည့်လိုစိတ်, အသံကြားလိုစိတ်စတဲ့ အလိုဆန္ဒတွေ ဖြစ်ပေါ်ချိန်ကို မရအောင်စွမ်းနိုင်သမျှ အားထုတ်ကြပါတယ်၊ စောစောပိုင်း ကျင့်စဉ်များကတော့ ချမ်းလျှင်ရေငုပ်၊ ပူလျှင်မီးလှုံ၊ အားလျှင်တုံးခုန်၊ မောလျှင်ဇယ်ခပ်ဆိုတာမျိုးတွေလဲရှိပါလိမ့်မယ်၊ "ရသေ့စိတ်ဖြေ" ဆိုသလို ဘာအကျိုးမှမရှိဘဲ အလုပ်မရှိ အလုပ်ရှာပြီး သစ်တုံးလေးတွေ၊ ဇယ်ကလေးတွေကို ဟိုရွှေ့ဒီရွှေ့နဲ့ အချိန်ဖြုန်းရင်း စိတ်ကို အာရုံတစ်ပါးဆီ မသွားအောင်ထိန်းချုပ်တဲ့ နည်းတွေပါပဲ၊ ဒီအတွေးအမြင်မှား၊ အကျင့်မှားကြီးကတော့ ခန္ဓာကိုယ်ပင်ပန်း

http://www.dhammadownload.com

ဆင်းရဲရုံကလွဲလို့ ဘာကောင်းကျိုးမျှမရတဲ့အတွက် "အတ္တကိလမထာ နုယောဂ ။ ခန္ဓာကိုယ်ပင်ပန်းအောင် အားထုတ်မှု" အစွန်းတရားလို့ သတ်မှတ်ပါတယ်။

ဘယ်လောက်ပဲ အပြင်ဗဟိဒ္ဓအာရုံတွေအပေါ် တွယ်တာစွဲလန်းမှုနည်းအောင် ကြိုးစားနေနေ၊ အပြင် အာရုံစွဲ(ကာမုပါဒါန်) ထက် ပြင်းထန်တဲ့အစွဲများဖြစ်တဲ့ အယူဝါဒစွဲ(ဒိဋ္ဌုပါဒါန်) 'ငါ'လို့ ပြောစရာဖြစ်တဲ့ ဒီခန္ဓာကိုယ်ကြီးကို စွဲတဲ့အစွဲ (အတ္တဝါဒုပါဒါန်) တွေက ပြင်းထန်မြဲ ပြင်းထန်နေဆဲပဲဖြစ်လို့ အတ္တကိလမထသမားတွေလဲ နောက်ဆုံးတော့ အစွဲနာ အခွာခက်တဲ့ ဒုက္ခနဲ့ပဲ ဘဝတစ်ခုကို နှုတ်ဆက် နိုဂုံးချုပ်ကြရတာပါပဲ။

ဒီအစွန်းရောက်သူ နှစ်မျိုးနှစ်စားတို့ဟာ ကျင့်သုံးအားထုတ်မှုအရ ကြည့်ရင်တော့ ဖြောင့်ဖြောင့်ဆန့်ကျင်တဲ့ သဘောဆောင်ပါတယ်၊ တစ်ခုက အာရုံငါးပါးတို့အပေါ် အချစ်ကြီးလွန်းတယ်၊ တစ်ခုက အမုန်းကြီးလွန်းတယ်၊ အချစ်ကြီးပြီး အရရှာသူတွေက အကျပ်ဘေးဆိုက်ကြရတယ်၊ အမုန်းကြီးပြီး ဇွတ်အတင်းရှောင်ကြသူတွေက အငတ်ဘေးဆိုက်ကြတယ်။ ကျပ်တာနဲ့ငတ်တာပဲ ကွာတယ်၊ ဒုက္ခနဲ့ဇာတ်သိမ်းရတာချင်းကတော့ အတူတူပါပဲ။ ဒါကြောင့်လဲ ဓမ္မစကြာနိဒါန်းမှာ အစွန်း(၂)ပါးလုံးကို "ဒုက္ခော အနရိယော ။ အရိယာတို့ရဲ့ကျင့်စဉ်မဟုတ်တဲ့ ဆင်းရဲလမ်းတွေ"လို့ မှတ်ချက်ချခဲ့တာပါ။

လုပ်ရပ်ချင်းဆန့်ကျင်ပြီး အဆုံးသတ်ချင်းကျတော့ ဘာဖြစ်လို့ တူညီနေရသလဲ။ ဒါဟာ စဉ်းစားသင့်တဲ့အချက်ပါ။ အကြောင်းကတော့ "အခြေခံတရားချင်းတူနေကြလို့"လို့ပဲ ဆိုရပါလိမ့်မယ်၊ အာရုံကိုအချစ်ကြီးသူတွေကလည်း "ငါ" ကြိုက်လို့ပဲ၊ အမုန်းကြီးသူတို့ကလည်း "ငါ" မကြိုက်လို့ဘဲ၊ ကြိုက်တာနဲ့ မကြိုက်တာပဲ ကွဲတယ်၊

http://www.dhammadownload.com

"ငါ"ကို အခြေခံကြတာချင်းက တူနေကြပါတယ်။ အစွဲ အားလုံးထဲမှာ အပြင်းထန်ဆုံးအစွဲက အဲဒီ "ငါ"လို့ ထင်မှတ်နေတဲ့ အစွဲ (အတ္တဝါဒုပါဒါန်)ပဲ ဖြစ်ပါတယ်၊ အပြင်းထန်ဆုံး အစွဲကို အခြေခံကြတာချင်းလည်း တူညီကြပါတယ်။

နောက်ထပ်တူညီတဲ့ အခြေခံတစ်ခုကလည်း ရှိသေးတယ်၊ အဲဒါ ကတော့ အာရုံကို အချစ်ကြီးသူများဆိုတာလဲ "စက္ခု"စတဲ့ ရုပ်ဂ္ဂနွှေ(၅)ခုကိုပဲ အခြေခံပြီး ကျင့်သုံးပါတယ်၊ မျက်စိအကြိုက်, နားအကြိုက်စသည်ကို အလိုလိုက် အကြိုက်ဆောင်ပေးကြတာပဲ မဟုတ်လား။ အာရုံကိုအမုန်းကြီးသူများကလဲ ဒီ"စက္ခု"စတဲ့ ဂ္ဂနွှေ(၅)ပါးကိုပဲ အခြေခံပြီးကျင့်သုံးတာပါပဲ၊ မျက်စိအကြိုက်, နာအကြိုက်စသည်ကို လုံးဝအလိုမလိုက်၊ အကြိုက်မဆောင်ဘဲ "ပြောင်တိုက်ငြင်းဆန်၊ အတင်းကန်၍၊ တွန်းလှန်ဖယ်ရှား"ဆိုသလို မျက်စိ, နား, နှာ, လျှာ,ကိုယ်တို့နဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိတို့ကို ဆုံတွေ့ခွင့်မရအောင် ဇွတ်အတင်း ပိတ်ပင်ပြီး ကျင့်သုံးကြတာပါပဲ၊ ဒါကြောင့် ရုပ်ဂ္ဂနွှေ(၅)ခု ပေါ်မှာသာ အခြေခံပြီးဆုံးဖြတ်လုပ်ကိုင်ကြတာချင်းလဲတူညီကြပါတယ်၊ ဒီလိုအခြေခံတရားတွေချင်း တူညီကြတဲ့အတွက် အဆုံးသတ် အဖြေချင်းလည်း တူညီကြတယ်လို့ ဆိုရပါလိမ့်မယ်။

ဒါဟာ သာသနာပကာလတစ်လျှောက်လုံး ကြုံတွေ့ကြရတဲ့ မှားယွင်းမှုများပါပဲ။ အထူးသိထားသင့်တာကတော့ ယောက်ျား ဖြစ်စေ၊ မိန်းမဖြစ်စေ ရနိုင်သမျှ ဂ္ဂနွှေ(၂၁)ခုစီ ရှိကြပါတယ်။ (ဂ္ဂတ္ထိဘာဝ၊ ပုမ္ဘာဝတို့က(၁)ခုစီသာရနိုင်လို့ပါ။) အဲဒီအထဲမှာ စက္ခုစတဲ့ ရုပ်ကြည်ဂ္ဂနွှေ(၅)ခုတို့က ရုပ်စွမ်းအားတွေ ဖြစ်ပါတယ်။

ဂ္ဂနွှေတွေထဲမှာ ရုပ်စွမ်းအားဖြစ်တဲ့ ဂ္ဂနွှေတွေရှိသလို နာမ်စွမ်းအား အဖြစ်နဲ့လည်း သဒ္ဓိနွှေစတဲ့ ဂ္ဂနွှေ(၅)ပါးတို့ ရှိကြပါသေး

http://www.dhammadownload.com

တယ်။ ဒီနာမ်စွမ်းအား ဣန္ဒြေတွေဆိုတာကိုတော့ သဗ္ဗညုဘုရား ရှင်တို့ ပွင့်တော်မူတဲ့ သာသနာတွင်း ကာလမျိုးမှာသာ သိခွင့်ရကြ တာပါ။ ဒါတောင်တချို့ဆိုရင် ရွှေအိုးမြှုပ်ထားမှန်းသိပေမယ့် တူးဖော်သုံးစွဲရကောင်းမှန်း မသိသလို သဒ္ဓိန္ဒြေစတဲ့ ရတနာထိုက်တဲ့ ဣန္ဒြေ တွေရှိတယ်လို့ သိရသည့်တိုင်အောင် တူးဖော်သုံးစွဲမှု မပြုကြသူတွေ လည်း အများကြီးပဲရှိပါတယ်။

ဒီနေရာမှာ ဣန္ဒြေအပြား(၂၂)ပါးတို့ ဟောကြားပုံ အစီ အစဉ်ကို သိထားသင့်ပါသေးတယ် -

(က) ပထမဆုံးအနေနဲ့ သက်ရှိခန္ဓာကိုယ်အတွင်းဘော အတွင်းမှာ အကြုံးဝင်တဲ့ (သက်ရှိသတ္တဝါလို့သိသာစေတဲ့) ဣန္ဒြေများ ဖြစ်ကြလို့ စက္ခုစတဲ့ ရူပ်စွမ်းအား ဣန္ဒြေ(၅)ပါးရယ်၊ မနိန္ဒြေရယ် ပေါင်း(၆)ပါးကို အဦးဆုံးဟောပါတယ်၊ (အထက်မှာပြောခဲ့တဲ့ အတိုင်း အတွင်းအရှိတရား အားလုံးကို ကိုယ်စားပြုတဲ့ ဣန္ဒြေများ ဖြစ်လို့ပါပဲ)။

(ခ) အဲဒီနောက်မှာ ယောက်ျား၊ မိန်းမဆိုတဲ့ အတွင်ဘောချင်း ကွဲပြားခြားနားမှုကို သိစေဖို့အတွက် ဣတ္ထိ,ပုရိသဣန္ဒြေ(၂)ပါးကို ဟောပါတယ်။

(ဂ) အဲဒီနောက်မှာ အတွင်ဘောကြီး ကြာမြင့်စွာသက်ရှည် တည်နေကြောင်းဖြစ်တဲ့ ရူပ်နဲ့နာမ် ဇီဝိတိန္ဒြေ(၂)ပါးကိုဟောပါတယ်။

(ဃ) အဲဒီနောက်မှာ တည်နေသမျှ တဏှာဥပါဒါန်စတဲ့ ကိလေသာတရားတွေဖြစ်ပေါ်ကြောင်း ဣန္ဒြေတွေကိုသိစေဖို့ အတွက် သုခစတဲ့ ဝေဒနိန္ဒြေ(၅)ပါးကို ဟောပါတယ်။

(င) အဲဒီနောက်မှာ ကိလေသာတရားတွေ ချုပ်ပျောက် အောင် ပွားစေ များစေရမည့် ဣန္ဒြေတွေကိုသိဖို့အတွက် သဒ္ဓါစတဲ့ နာမ်စွမ်းအား ဣန္ဒြေ(၅)ပါးတို့ကိုဟောတော်မူပါတယ်။

http://www.dhammadownload.com

(စ) အဲဒီနောက်မှာတော့ အကျင့်ပဋိပတ်အားလျော်စွာ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်တဲ့ပညာတရားတို့ကိုသိစေဖို့ နောက်ဆုံးမှာ ပညာဣန္ဒြေအထူး(၃)ပါးတို့ကို ဟောတော်မူပါတယ်။

❑

ဒီနေရာဟာ သံသရာနဲ့နိဗ္ဗာန်၊ အစွန်းနှစ်ပါးနဲ့ မဇ္ဈိမ ပဋိပဒါတို့ လမ်းခွဲကြရမှာဖြစ်လို့ အရေးအကြီးဆုံးနေရာ ရောက်နေ ပါပြီ၊ အကျဉ်းချုပ်ထပ်ပြီးသတိပေးပါဦးမယ်။

ဣန္ဒြေတွေကိုဟောပုံ အစီအစဉ်ထဲမှာ သက်ရှိခန္ဓာကိုယ် အတ္တဘောရဲ့ အရေးအကြီးဆုံး ဣန္ဒြေ(၆)ပါးရှိပါတယ်၊ အဲဒီ (၆)ပါး ထဲမှာ စက္ခု,သောတ,ဃာန,ဇိဝှါကရုပ်ဣန္ဒြေပါ၊ မနက နာမ်ဣန္ဒြေပါ၊ သတ္တဝါတို့ရဲ့အခြေခံ ရုပ်နဲ့နာမ်(၂)ပါးဆိုတာလည်း ဒါပါပဲ။

စက္ခု,သောတစသည်တို့ဟာ အပြင်မှာရှိတဲ့ အဆင်း အသံ စတဲ့ အာရုံတွေကိုယူတတ်တဲ့ (ဂေါစရဂ္ဂါဟက)ရုပ်များဖြစ်လို့ "ရုပ်ရဲ့ စွမ်း အားများ"လို့သတ်မှတ်ခေါ်ဆိုနိုင်ပါတယ်။

မနိန္ဒြေဆိုတဲ့ စိတ်(နာမ်)မှာလည်း သဒ္ဓါစတဲ့ စွမ်းအား(၅)ပါး ရှိပါတယ်၊ ဒီနာမ်စွမ်းအားတွေကတော့ သဗ္ဗညုဘုရားရှင်တို့ပွင့်ထွန်း ပေါ်ပေါက်လာလို့ ဟောညွှန်ပြသမှသာ သိခွင့် သုံးခွင့်ရကြတာပါ၊ သာသနာပကာလကြီးတစ်လျောက်မှာတော့ ပုထုဇဉ်အများစုကြီးက လုံးဝမသုံးသလောက် ပစ်ပယ်ထားခြင်းခံရတဲ့အတွက် နာမ်တရား များနဲ့ သူစိမ်းပြင်ပြင်လို ကင်းကွာနေတာများပါတယ်။

စိတ်(နာမ်)တရားမှာ သူ့ကိုမြှင့်တင်အကျိုးပြုပေးမယ့် နာမ်စွမ်းအားတွေကင်းကွာနေတာနှင့်တပြိုင်နက်၊ သံသရာခရီးဖော် လည်းဖြစ်၊ အိမ်ရှင်သဖွယ်လည်းဖြစ်တဲ့ အဝိဇ္ဇာတဏှာတို့က အလိုလို ပူးပေါင်းဝင်ရောက်လာပါတယ်၊ အဲဒီအခါမှာ စိတ်ဟာရိုးရိုးသန့်သန့် စိတ်ကလေးမဖြစ်တော့ဘဲ အဝိဇ္ဇာတဏှာဦးစီးပြီး သတိမဲ့ အသိမဲ့တဲ့

http://www.dhammadownload.com

စိတ်ဆိုးစိတ်ရိုင်း၊ စိတ်ညစ်မဲကြီးဖြစ်သွားပါတယ်။

စိတ်ရဲ့သဘောက "စိတ် စေစားတယ်"ဆိုတဲ့အတိုင်း လိုချင်တဲ့အာရုံအသစ်တွေကို တိုက်ရိုက်ယူနိုင်တာမဟုတ်ပါဘူး၊ စက္ခုအစရှိတဲ့ ဆိုင်ရာရုပ်စွမ်းအားတွေကို စေခိုင်းပြီး ရယူခံစားတာပါ။ စိတ်မှာ တဏှာလောဘယှဉ်တွဲမိပြီဆိုကတည်းက ဒီစိတ်ဟာ "လိုချင်စိတ်" ဖြစ်သွားပါပြီ။ လိုချင်စိတ်နဲ့ ရုပ်စွမ်းအားတွေနဲ့ ပေါင်းမိသွားပြီဆိုရင်တော့ ဒီခန္ဓာကိုယ်ကြီးဟာ စက္ခုစတဲ့ ဣန္ဒြေတွေရဲ့ ကျေးကျွန်လုံးလုံး ဖြစ်သွားပြီး အာရုံငါးပါးကာမဂုဏ်တရားတွေကို မနားမနေ ရှာပေရော့ပဲ။ ရှာလို့ရတဲ့ အာရုံတွေကို ဝေဒနာက ခံစားမိပြီဆိုတာနဲ့ တစ်ပြိုင်နက် တဏှာဥပါဒါန်စတဲ့ အညစ်အကြေးတွေကလည်း ထူသည်ထက်ထူပြီး ခန္ဓာကြီးတစ်ခုလုံး ဝန်ထုပ်ကြီးဖြစ်သွားရတော့ တာပါပဲ။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ ။ ခန္ဓာငါးပါးတို့ဟာ ဝန်ထုပ်ကြီးဖြစ်တယ်။

ဘာရ ဟာရောစ ပုဂ္ဂလော ။ သတ္တဝါတွေဟာ ခန္ဓာဝန်ထုပ်ကို ထမ်းနေရတယ်။

ဘာရာဒါနံ ဒုခံ ဟောတိ ။ ဝန်ထုပ်ကို စွဲလမ်းထမ်းပိုးထားရတာဟာ ဒုက္ခပဲ။

ဘာရ နိက္ခေပနံ သုခံ ။ ဝန်ထုပ်ကို ပစ်ချနိုင်မှ ချမ်းသာရမယ်။ (သံ၊၂-၂၂) လို့ ဘုရားရှင်သတိပေး ဆုံးမခဲ့တာဟာ ဒီလိုခန္ဓာဝန်ထုပ်ကြီးကို သိမြင်တော်မူလို့ပါပဲ။

မြတ်စွာဘုရားရှင်တို့ကသာ သိမြင်တော်မူကြပေမယ့် သာသနာပကာလကြီးမှာတော့ ဒီလိုဝန်ထုပ်ကြီး ဘာကြောင့်ဖြစ်ရတယ်ဆိုတဲ့ အကြောင်းရင်းကို မသိနိုင်ကြပါဘူး။ ဝန်ကို ဘာနဲ့ထုပ်ထားတယ်ဆိုတာ အမှန်မသိတဲ့အတွက် ဝန်ထုပ်ကို ဖယ်ရှားဖို့ရာ နည်း

http://www.dhammadownload.com

လမ်းမှန်ကိုလည်း မသိကြပါဘူး။ ဝန်ထုပ်ကြီးပိနေတာကိုတော့ ကိုယ်တွေ့မျက်မြင်ခံစားနေကြရတာဖြစ်လို့ သိကြပါတယ်။ သူတို့လည်း ဝန်ပိတဲ့ ဒဏ် မခံနိုင်ကြတဲ့အတွက် ကိုယ်ဥာဏ်မီသမျှနဲ့ ဝန်ထုပ်ကို ဖယ်ရှားဖို့ကြိုးစားကြပါတယ်။ ဖယ်ရှားတဲ့ နည်းကလည်း ဘာမှလေးလေးနက်နက် တွေးကြံနေတာတော့မဟုတ်ပါဘူး။ အာရုံတွေ ဝင်ခွင့်ပေးထားလို့ ခန္ဓာဝန်လေးရတာဖြစ်တဲ့အတွက် ဒီဝန်ထုပ်ပေါ့သွားအောင် အာရုံဝင်ပေါက်တွေအားလုံးကို ပိတ်ဆို့ပစ်တဲ့နည်းပါပဲ။ အထက်မှာ ပြောခဲ့ပြီးဖြစ်တဲ့ ဒွါရအားလုံးကို အသေပိတ်ပြီး ခန္ဓာကိုယ်ကို ညှင်းဆဲတဲ့နည်းပါ။

စဉ်းစားကြည့်ရင်တော့ ဒုက္ခကို ဒီနည်းနဲ့ဖြေရှင်းမှု ကြိုးစားတာဟာ ရယ်အားထက် ငိုအားသန်စရာပါပဲ။ နို့ဆာလို့ ငိုနေတဲ့ကလေးကို "အဆာ" ရပ်အောင်မလုပ်ဘဲ "အစာ" ဖြတ်ပြီး ပါးစပ်ပိတ်ချေတဲ့ အူလည်လည် မိခင်တစ်ယောက်ရဲ့ လုပ်နည်းမျိုး ခပ်ဆင်ဆင်ပဲ။ အာရုံဝင်ပေါက်တွေ အတင်းပိတ်ထားပေမယ့် အာရုံကို ဆာတတ်တဲ့ တဏှာဥပါဒါန်ကိုရပ်အောင် မလုပ်နိုင်တဲ့အတွက် အစာဖြတ်လေ အငတ်ပြင်းလေဆိုတာမျိုး ဖြစ်ကုန်ကြတာပါပဲ။ ဒီအစွန်းကတော့ ထူးထူးခြားခြား လူနည်းစုသာ ကျင့်သုံးတဲ့အစွန်းတရားဖြစ်လို့ လက်ျာစွန်းကို သတ်မှတ်ခေါ်ဆို ကြပါတယ်။

အဲဒီအခြေအနေတွေကြားမှာ ဘုရားရှင်ပွင့် တော်မူလာတာပါ။ ဘုရားရှင်က သဗ္ဗညုဘုရားအဖြစ်မရောက်မီ လူဝတ်ကြောင်အဖြစ်နဲ့ အသက် (၂၉)နှစ်သားအထိ နေခဲ့ရာမှာ (၁၆)နှစ်သားအရွယ်ကစပြီး (၂၉)နှစ်အထိ (၁၃)နှစ်တာကာလကြာအောင် ကာမသုခလွှိုက အစွန်း ကိုလည်း သူမတူအောင်လျှောက်ခဲ့ဖူးပါတယ်။ နောက်ဆုံးတော့ အို,နာ,သေဆိုတဲ့ အခန်းမှာ အငိုနဲ့ ဇာတ်သိမ်းကြရတာချည်းဖြစ်လို့ အစွန်းရဲ့ ဟိုဘက်ချောက်ကမ်းပါးမကျမီ ဥရုဝေဋ

http://www.dhammadownload.com

တောကို ထွက်လာတာပါ။ အဲဒီမှာလဲ (၆)နှစ်တိတိ အတ္တကိလမထ အစွန်းကို လျှောက်ခဲ့တာ နောက်ထပ်အချိန်အနည်းငယ် လောက်ထပ်တိုးလိုက်ရင် မရဏချောက်ထဲကျတော့မည့်ဆဲဆဲ တဲတဲကလေး လိုတော့တဲ့ အထိပါပဲ။ ပါရမီရှင်မို့သာ ချောက်ထဲမကျခင် အချိန်မှီ နောက်ပြန် ဆုတ်နိုင်ခဲ့လို့ မဇ္ဈိမလမ်းမပေါ်ရောက်ပြီး သဗ္ဗညုဘုရားရှင်အဖြစ် ရောက်ခဲ့တာပါ။ ဒါကြောင့် အစွန်းနှစ်ပါးကိုရော မဇ္ဈိမပဋိပဒါကိုရော ကိုယ်တွေ့ကိုယ်ကြုံသိပြီးဖြစ်လို့ ဘယ်လမ်းဆုံမှာ ဘယ်လိုလမ်းခွဲရမယ်ဆိုတာကိုလည်း အပြည့်အစုံသိမြင် လမ်းညွှန်တော်မူနိုင်တော်မူတာပါ။

မြတ်စွာဘုရားရှင်တွေ့ရှိခဲ့တဲ့ မဇ္ဈိမလမ်းခွဲဆိုတာကတော့ "အတွင်းအား"ကို သုံးတဲ့နည်းလို့တောင် ဆိုနိုင်လိမ့်မယ်ထင်ပါတယ်။

ဟုတ်ပါတယ်။ အစွန်းလမ်း(၂)ခုတို့က ရုပ်စွမ်းအားတွေကို အခြေခံပြီး သွားနေတဲ့လမ်းတွေပါ။ ရုပ်စွမ်းအားတွေဆိုတာ အပြင်က အာရုံတွေကိုသာ ယူနိုင်တဲ့ စွမ်းအားတွေဖြစ်လို့ "အပြင်အား" များလို့ ဆိုနိုင်ပါတယ်။ အခု မဇ္ဈိမပဋိပဒါလမ်းမှာ အသုံးပြုမှာက သဒ္ဓိနွေ့အစ ရှိတဲ့ နာမ်စွမ်းအား ဣန္ဒေ(၅)ပါးကိုပါ။ နာမ်စွမ်းအားတွေဆိုတာ အတွင်းအဇ္ဈတ္တဖြစ်တဲ့ စိတ်(နာမ်)တရားကိုမှီပြီး ဓမ္မာရုံကိုသာ အာရုံပြုတဲ့ အားတွေဖြစ်လို့ "အတွင်းအား"များလို့ ဆိုရတာပါ။

အတွင်းအား(၅)ပါးတို့က နာမ်တရားကို မြှင့်တင်တည်ဆောက်ပုံကို အသေးစိတ်လေ့လာကြည့်မယ်ဆိုရင် (က) ပထမဆုံး သဒ္ဓါစွမ်းအားက စိတ်ကို ကောင်းရာမှန်ရာဆီရောက်အောင် စည်းရုံးပေးပါတယ်။ "သဒ္ဓါ"ဆိုတာကို မြန်မာလို "ယုံကြည်"တယ်လို့ ပြောလေ့ရှိပါတယ်။ ဒီစကားက လက္ခဏသဒ္ဓါနဲ့ ရသသဒ္ဓါနှစ်မျိုးလုံးကို ပေါင်းပြီးပြောထားတာပါ။

http://www.dhammadownload.com

သဒ္ဓါတရားက လက္ခဏာအနေနဲ့ "သဒ္ဒဟနလက္ခဏာ = ယုံခြင်း လက္ခဏာ"ရှိပါတယ်။ ရသခေါ်ကိစ္စအားဖြင့်တော့ "ပသာဒန ရသာ = ကြည်ခြင်းကိစ္စရှိပါတယ်။ ယုံတယ်ဆိုတာ ဘုရားအစရှိတဲ့ ရတနာသုံးပါးတို့၊ ကံနဲ့ ကံရဲ့အကျိုးတို့အပေါ်မှာ သံသယမရှိ စိတ်ချလက်ချဆုံးဖြတ်လက်ခံမှုကို "ယုံတယ်" လို့ ဆိုတာပါ။

ကြည်တယ်ဆိုတာကတော့ အမှုံအနယ်တွေကင်းသွားတဲ့ ရေလို စိတ်အစဉ်မှာ လောဘ ဒေါသစတဲ့ အနယ်အမှုံတွေကင်းသွား တဲ့အတွက် ကြည်လင်တဲ့ စိတ်အစဉ်ကလေးဖြစ်လာတာပါ။ ယုံသဒ္ဓါနဲ့ ကြည်သဒ္ဓါနှစ်ခုပြည့်စုံမှလည်း အင်္ဂါစုံတဲ့သဒ္ဓါအစစ် ဖြစ်နိုင်တာမို့ နှစ်မျိုးလုံးကို ပေါင်းပြီး "ယုံကြည်တယ်"လို့ သုံးရတာပါ။

"သဒ္ဓါအင်္ဂါစုံတယ်"ဆိုတဲ့ စကားကို အလေးအနက်သတိ ထားစေချင်ပါတယ်။ မဇ္ဈိမလမ်းခွဲမှာ အလွန်အရေးကြီးတဲ့လမ်းညွှန် စကားတစ်ရပ်ဖြစ်လို့ပါ။ ယုံတာနဲ့ကြည်တာ နှစ်ခုစုံမှ အင်္ဂါစုံတဲ့ သဒ္ဓါ ဖြစ်ပါတယ်။ အများယုံလို့ လိုက်ယုံပြီး နောက်ဆက်တွဲမှာ စိတ်ရှုပ် စရာ၊ စိတ်ညစ်စရာ၊ သံသယဖြစ်စရာတွေနဲ့ ကြုံရပြီဆိုရင် ဒီသဒ္ဓါဟာ ယုံကြည်တဲ့ သဒ္ဓါမဖြစ်တော့ဘဲ ယုံမှားတဲ့ သဒ္ဓါတုကြီး ဖြစ်နေ ပါလိမ့်မယ်။ အရင်ကပြောခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီးရဲ့ အဖြစ်အပျက်ထဲမှာ မိရိုးဖလာဂိုဏ်းဝင်တွေကို အစဉ်အလာမပျက်ယုံ နေရပေမယ့် မကြည်နိုင်ဘဲဖြစ်နေရပုံကို ပြန်တွေးကြည့်ရင် သဘော ပေါက်လို့ရပါတယ်။ ဒါကို အထူးသတိပြုရပါလိမ့်မယ်။

(ခ) သဒ္ဓါတရားက စည်းရုံးပေးထားတဲ့ စိတ်ဓာတ်တွေကို ဝီရိယစွမ်းအားက အကောင်အထည်ဖော်လုပ်ဆောင်ပါတယ်။

(ဂ) ပုထုဇဉ်တို့ရဲ့ စိတ်ဓာတ်ဆိုတာ အလေ့အကျင့်သန်ရာ ဆီကိုသာ ပြေးသွားနေတတ်တဲ့ သဘာဝရှိတဲ့အတိုင်း လောဘအလို ဒေါသအလိုတွေကိုလိုက်တဲ့ အကျင့်သန်နေတဲ့ စိတ်တွေဟာလည်း

http://www.dhammadownload.com

သဒ္ဓါတရားက စည်းရုံးပေးလို့သာ ကောင်းရာဆီစုရုံးပါလာကြပေမယ့် အကျင့်သန်ရာ အာရုံဆီပြန်ပြေးတတ်ကြတာဟာ ဓမ္မတာပါပဲ၊ အဲဒီလိုအခါမျိုးမှာ လိုအပ်တဲ့ အာရုံတွေ ပုံပေါ်လာအောင်၊ မလိုအပ်တဲ့ အာရုံတွေ ကြားဖောက်ဝင်မလာအောင်၊ မိမိစိတ်နဲ့ မိမိရဲ့ ဦးတည်ချက်အာရုံတို့ မျက်ခြည်ပြတ်မသွားရအောင်ကိုတော့ သတိစွမ်းအားက စောင့်ရှောက်ထိန်းသိမ်းပေးပါတယ်။

(ဃ) သမာဓိစွမ်းအားက အာရုံအပေါ်မှာ စိတ်ကိုတည်တန့်နေအောင် ကျရောက်ပေးတယ်။

(c) ပညာစွမ်းအားကတော့ အာရုံတို့ရဲ့ သဘောလက္ခဏာ အမှန်ကို သိပေးပါတယ်။ အဆင့်မြင့်တဲ့ စိတ်ထားဆိုတာ ဒီစွမ်းအား (၅)ခုနဲ့ ပြည့်စုံတဲ့စိတ်ကို ပြောတာပါပဲ။

ဒီစွမ်းအား(၅)ခုမှာလဲ အဓိကအကျဆုံးက သတိစွမ်းအား ဖြစ်ပါတယ်။ သဒ္ဓါနဲ့ ပညာတို့ကလည်း စုံတွဲညီညွတ်ခဲတယ်၊ တစ်ခုလွန်ရင် တစ်ခုကလျှော့ ဖြစ်တတ်တယ်။ သမာဓိနဲ့ ဝီရိယတို့ကလည်း အလားတူပါပဲ၊ တစ်ခုလွန် တစ်ခုလျှော့ ဖြစ်တတ်ပါတယ်။ အဲဒီလို ဖြစ်ခဲ့လျှင် အင်အားအလေးချိန် မညီမျှတဲ့အတွက် စစ်မှန်တဲ့စွမ်းအားပေါ်မလာဘဲ ဖြစ်နေတတ်ပါတယ်။ အဲဒီအခါမှာ သတိတရားကပဲ အင်အားချိန်ခွင်လျှာကို ညှိပေးပါတယ်။

မဏ္ဍိမလမ်းပေါ်ရောက်အောင် ဒီနာမ်စွမ်းအား ဣန္ဒြေ (၅)ခုတို့ကို အသုံးချတယ်ဆိုတာ အကျင့်ချုပ်အားဖြင့်တော့ သဒ္ဓါနဲ့ စည်းရုံး၊ ဝီရိယနဲ့မြှင့်တင်၊ သတိထိန်းသိမ်းစောင့်ရှောက်၊ သမာဓိနဲ့ အခိုင်အမာပြုပြီး ပညာအရည်အသွေးမြင့်တက်လာအောင် ပြုပေးတာပါပဲ။

စက္ခုစတဲ့ ဣန္ဒြေ(၆)ပါးတို့ကို အထိမ်းအကွပ်မရှိ ဖွင့်ထားခြင်းဖြင့် ကိလေသာတွေ အတားအဆီးမရှိဝင်ရောက်ခွင့်ရှိတဲ့

http://www.dhammadownload.com

ကာမသုခလ္လိက အစွန်းရောက်တယ်။ ဒီဣန္ဒြေ(၆)ခုလုံးကို ဇွတ်အတင်းထိန်းချုပ်လွန်းပြန်ရင်လည်း မွေးရာပါ လူ့အခွင့်အရေးလို့ ဆိုရမယ့် မြင်သင့်တာမြင်ခွင့်၊ ကြားသင့်တာကြားခွင့်၊ နံသင့်တာနံခွင့်၊ စားသင့်တာစားခွင့်၊ အအေး,အနွေး,အကြမ်း,အနုစတဲ့ တွေ့ထိသင့်ရာကို တွေ့ထိခွင့်တွေပါ ဆုံးရှုံးတဲ့အတွက် လူဖြစ်ကျိုးမနပ်(လူဖြစ်ရှုံး)တဲ့ အတ္တကိလမထ အစွန်းရောက် သွားပြန်ပါတယ်။ အဲဒီအစွန်း(၂)မျိုးလုံးက လွတ်တဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ဆိုတာကတော့ ပထမဆုံးအနေနဲ့ အဲဒီဣန္ဒြေ(၆)ခုတို့ကို လုံးဝပိတ်ပင်ထားရမယ်ဆိုတဲ့ အယူမှား အမိန့်မှားကြီးကို ဖျက်သိမ်းလိုက်တယ်။ အဲဒီနေရာကို "သတိ"ဆိုတဲ့ တံခါးစောင့် ချထားပေးလိုက်ပါတယ်။

အဲဒီလိုလုပ်လိုက်တဲ့အတွက် ဣန္ဒြေတွေကို လုံးဝအသုံးမပြုရဆိုတဲ့ အတ္တကိလမထအစွန်းကလည်း လွတ်သွားသလို အခြေခံဣန္ဒြေ(၆)ပါးတို့ကို လုံးဝအတားအဆီး အထိန်းအချုပ်မရှိ ဖွင့်ထားတဲ့ ကာမသုခလ္လိက အစွန်းနဲ့လည်း လွတ်သွားတယ်။

အခြေခံဣန္ဒြေ(၆)ပါးတို့မှာ သတိကပ်ပေးလိုက်တဲ့အတွက် "ဣန္ဒြေတို့ကို သတိနဲ့ စောင့်ကြပ်ပေးတဲ့ မနောကံသီလ (ဣန္ဒြိယသံဝရသီလ)"အဆင့်ကိုရောက်သွားလို့ မဇ္ဈိမပဋိပဒါလမ်းမပေါ်အထိရောက်ပြီလို့ ဆိုနိုင်သွားပါတယ်။

ဟုတ်ပါတယ်၊ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ မဂ္ဂင်(၈)ပါးထဲမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်(၃)ပါးက ကာယကံနဲ့ ဝစီကံတို့ကိုသာ စောင့်ထိန်းတဲ့သီလများဖြစ်ပါတယ်၊ ဒီသီလအဆင့်က မဇ္ဈိမပဋိပဒါလမ်းစကို ချဉ်းကပ်မိရုံပဲရှိပါသေးတယ်။ အခြေခံဖြစ်တဲ့ သီလသိက္ခာမျှသာဖြစ်သေးလို့ပါ။ ဣန္ဒြိယသံဝရသီလဆိုတာကတော့ မနောကံအမှားများကိုပါ မဖြစ်ပေါ်အောင်စောင့်ထိန်းပေးတာဖြစ်လို့ သမ္မာသတိမဂ္ဂင်ဖြစ်သွားပါတယ်။

http://www.dhammadownload.com

သမ္မာသတိမဂ္ဂင်အဆင့်ရောက်ပြီဆိုရင် သမာဓိမဂ္ဂင် အဆင့်ရောက်သွားပါပြီ။ သမာဓိ မဂ္ဂင်အဆင့်ဆိုတာ သီလမဂ္ဂင်နဲ့ ပညာမဂ္ဂင်တို့ကို တစ်သားတည်းဖြစ်အောင် ဆက်စပ်ပေးတဲ့မဂ္ဂင် ဖြစ်တဲ့အတွက် မဇ္ဈိမပဋိပဒါရဲ့ ဗဟိုချက်မ လို့လည်းဆိုနိုင်ပါတယ်။ ဒါကြောင့် မဇ္ဈိမပဋိပဒါလမ်းမပေါ်ကို ရောက်သွားပြီလို့ ဆိုရတာပါ။

သီလနဲ့ပညာတစ်သားတည်းဖြစ်တယ်ဆိုတာ မဂ်ပညာအဆင့်ရောက်သွားတဲ့အခါ လွန်ကျူးလိုတဲ့စေတနာဆိုးတွေကို အကြွင်းမဲ့ပယ်ဖြတ်တဲ့ သမုစ္ဆေဒဝိရတီအဆင့်ရောက်သွားတဲ့အတွက် သိက္ခာပုဒ်တွေသီးခြားဆောက်တည်ဖွယ်မလိုပဲ လုံးဝသီလမြဲသွားပါတယ်။ ဆောက်တည်ပြီး လုံခြုံအောင်စောင့်ထိန်းနေရတဲ့ တာဝန်တစ်ခုသီးခြားမရှိတော့ဘဲ အသိနဲ့ခိုင်မြဲသွားတာကိုပဲ တစ်သားတည်းဖြစ်သွားတယ်လို့ ဆိုရတာပါ။

သီလမဂ္ဂင်နဲ့ ပညာမဂ္ဂင်တို့ တစ်သားတည်းဖြစ်သွားတဲ့ အဆင့်ရောက်မှသာ မဂ္ဂင်(၈)ပါးလုံးလည်း တစ်ပြိုင်နက်ပြည့်စုံသွားပါတယ်။ အဲဒီအချိန်မှာ အသိပညာရဲ့အဆင့်အတန်းဟာ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ = ဖြစ်လာတဲ့အရာတိုင်းဟာ ပျက်စီးမြဲဓမ္မတာပဲ"ဆိုတဲ့ အဆင့်အထိ ကိုယ်တိုင်ဆုံးဖြတ်သိနဲ့ ပြည့်စုံခိုင်မာသွားပြီဖြစ်လို့ ကျေနပ်စရာပဲဖြစ်ဖြစ်၊ မကျေနပ်စရာလို့ပဲဆိုဆို ဘယ်လိုအာရုံမျိုးနဲ့ပဲတွေ့ကြုံရ တွေ့ကြုံရ ချစ်ခင်စရာ မုန်းတီးစရာ ရယ်လို့ သတ်မှတ်စွဲလမ်းခြင်း မရှိတော့ပါဘူး။ စွဲလမ်းထုပ်ပိုးတတ်တဲ့ ဥပါဒါန်တရားမရှိတဲ့အတွက် ကြုံလာသမျှအာရုံများဟာလည်း မြင်မြင်ကာမျှ၊ ကြားကြားကာမျှ ဆိုသလို ပြီးပြီးပျောက်ပျောက်သာ ဖြစ်သွားကြတော့တဲ့အတွက် ဝန်ထုပ်ဝန်ပိုးကြီးအဖြစ်နဲ့ ခန္ဓာကိုယ်ပေါ်မှာ ပိမနေ၊ လေးမနေတော့ပါဘူး။ အဲဒီလိုဖြစ်အောင် အသိနဲ့ လုပ်ရတာကိုပဲ "ဘာရနိက္ခေပနံ သုခံ = ဝန်ထုပ်ကို ပယ်ချခြင်းဟာ သုခဖြစ်တယ်"လို့ ဆိုတာပါ။

http://www.dhammadownload.com

"ခန္ဓာဝန်ကို ပယ်ချခြင်း"ဆိုတာနဲ့ပတ်သက်လို့ လူငယ်လူလတ်ပိုင်း ဓမ္မသင်တန်းများမှာတော့ သူတို့အရွယ်အားလျှော်စွာ နားလည် မှတ်သားဖို့လွယ်ကူအောင် ဥပမာနဲ့ ပြောပြလေ့ရှိပါတယ်။

ခန္ဓာကိုယ်ကြီးကို ချိန်ခွင်ကြီးတစ်ခုလို ဥပမာထားပြီး ကြည့်ကြရအောင်ပါ။ ချိန်ခွင်တစ်ခုမှာ ချိန်ခွက်နှစ်ဘက်ပါတယ်၊ အလယ်က ချိန်ခွင်လျှာနဲ့ကိုင်းပေါ့။ ချိန်ခွက်နှစ်ခုရှိတဲ့အထဲက တစ်ဘက်မှာ သာ ပစ္စည်းတွေထည့်ပြီး ကျန်တဲ့တစ်ဘက်မှာ ဘာမှမရှိဘူးဆိုရင် တစ်ဘက်မှာ ထည့်ထားသမျှ ပစ္စည်းဟာ "ဇောက်ထိုးကြီး"လို့ ဆိုရလောက်အောင် လေးနေပါလိမ့်မယ်။

အဲဒီလိုပါပဲ ဒီခန္ဓာကြီးမှာလည်း ရူပ်စွမ်းအားနဲ့ နာမ်စွမ်းအား ဆိုပြီး ချိန်ခွင်နှစ်ခွက်ရှိပါတယ်။ တကယ်လို့ နာမ်စွမ်းအားဘက်မှာ သဒ္ဓါ,ဝီရိယစသည် ဘာမှကိုမရှိဘူး၊ ရူပ်စွမ်းအားတွေချည်း တစ်ဘက်သတ် အသုံးချနေမယ်ဆိုရင် ခန္ဓာချိန်ခွင်ကြီးဟာ ဘယ်လိုနေမလဲ၊ ရှိသမျှ ရူပ်စွမ်းအားတွေဟာ ဝန်ထုပ်ကြီးလို လေးလံပြီး ဇောက်ထိုးကြီးဖြစ်မနေလောက်ပေဘူးလား။ ဒီလိုအခြေအနေမျိုးမှာ ခန္ဓာဝန်ကြီးဟာ ဘယ်လောက်အထိ လေးသလဲဆိုရင်တော့ ငယ်ငယ်ကနားထောင်ရဖူးတဲ့ ထွေးညိုပြဇာတ်ထဲက ကိုကြီးသာဒင်ကို သူ့တပည့်က ပြောသလို ပြောရမယ်ထင်တယ်။

ပြဇာတ်ထဲမှာ ကိုကြီးသာဒင်က ထွေးညိုကို လက်ဆောင်ပေးဖို့ ပိတောက်ပင်ပေါ် ကိုယ်တိုင်တက်ပြီး ပိတောက်ပန်းခူးတယ်။ မတက်တတ်ဘဲ တက်တာဆိုတော့ ပိတောက်ကိုင်းကလွတ်ပြီး ကိုကြီးသာဒင်မြေကြီးပေါ် "ဘုန်း"ကနဲ ကျတယ်တဲ့။ အဲဒီအခါမှာ သူနဲ့အတူပါလာတဲ့ တပည့်ကျော်က "ကိုကြီးသာဒင်တစ်ယောက် ပိတောက်ပင်ပေါ်က ကျလိုက်တာ "ဘုန်း"ကနဲ နေတာပဲ၊ တော်သေးတာပေါ့ မြေကြီးခံနေလို့၊ မြေကြီးသာ မခံရင်တော့ အဝီစိအထိရောက်လောက်တယ်"တဲ့။

http://www.dhammadownload.com

အခုလည်း နာမ်စွမ်းအားဘက်မှာ ဘာမှမရှိဘဲ ရုပ်စွမ်းအားတွေချည်း တစ်ဘက်သတ်ထည့်ထားတဲ့ ဒီခန္ဓာဝန်ထုပ်ကြီးဟာ ဘယ်လောက်အထိမျှား လေးလိုက်မလဲဆိုရင် "မြေကြီးခံနေပေလို့ပေါ့။ မြေကြီးသာမခံရင် အဝီစိရောက်လောက်တယ်"လို့ပဲ ပြောရလိမ့် မယ်ထင်တယ်။ အဲ မြေကြီးခံတယ်ဆိုတာ တခြားတော့မဟုတ်ပါဘူး၊ မြေပေါ်မှာ အသက်ရှင်လျှက် သွားလာရပ်တည် နိုင်သေးတာကို ပြောတာပါ။ ဒီဘဝ အသက်ရှင်မှုဆုံးသွားပြီဆိုရင် မြေကြီးက မခံတော့ပါဘူး၊ အဲဒီလိုဆိုရင် ဘယ်အထိရောက်သွားမလဲ၊ အားလုံးကိုကြီးသာဒင်တွေချည်း ဖြစ်မကုန်လောက်ပေဘူးလား။ ခန္ဓာဝန်ကို ပယ်ချရမယ်ဆိုတာ အဲဒီလောက်လေးလံနေတဲ့ ခန္ဓာဝန်ထုပ်ကြီးကို ပေါ့သွားအောင်လုပ်ပစ်ရမယ်လို့ ပြောတာပါ။ မြန်မာစကားမှာက ဆရာတော်ဘုရားကြီးတွေ ပျံ့လွန်တော်မူတာကိုလည်း "ခန္ဓာဝန်ချတယ်"လို့ပဲ သုံးနေကြတာ ရှိတော့ အဲဒါနဲ့ရောပြီး "ခန္ဓာဝန်ကိုပစ်ချရမယ်"ဆိုတာကိုလည်း အသက်နဲ့ခန္ဓာအိုးစားကွဲအောင် လုပ်ရမယ်လို့ အထင်မှားသွားမှာစိုးလို့ သတိပေးရတာပါ။

တစ်ဖက်သတ်လေးနေတဲ့ ချိန်ခွက်ကြီးကို ပေါ့သွားအောင် လုပ်တယ်ဆိုတာ အဲဒီချိန်ခွက်ထဲမှာရှိနေတဲ့ ပစ္စည်းတွေကို လျှော့ချပစ်ရမှာ၊ ဖယ်ရှားပစ်ရမှာ မဟုတ်ပါဘူး၊ ဘာမှမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေတဲ့ အခြားအချိန်ခွက်တစ်ခုထဲကို အလေးချိန်ထည့်ပေးလိုက်ရင် ဇောက်ထိုးဖြစ်အောင် လေးနေတဲ့ ချိန်ခွက်ကြီးက အပေါ်မြောက်တက်လာမှာပါ။ အပေါ်မြောက်တက်လာပြီဆိုကတည်းက သူ့ဝန်ထုပ်ကြီးပေါ့သွားပြီပေါ့။ အဲဒီလို ဝန်ကို လျှော့ချရမှာကို ပြောတာ။

အဲဒီတော့ နာမ်တရားအတွက် သတ်မှတ်ထားတဲ့ချိန်ခွက်မှာ သဒ္ဓါစတဲ့ နာမ်အားတွေမဲ့ပြီး ဟင်းလင်းကြီးဖြစ်နေသမျှ ခန္ဓာကိုယ်

http://www.dhammadownload.com

ကြီးဟာ ရှုပ်စွမ်းအားတွေချည်းတစ်ဖက်သတ် ပါပြီးလေးနေမယ်။ အဲဒါပေါ့သွားအောင် သဒ္ဓါစတဲ့ နာမ်စွမ်းအားတွေကို တစ်ဖက်မှာ ထည့်ပေးပါ။ နာမ်စွမ်းအားတွေ အလေးချိန်တိုးလာသလောက် ရှုပ်ဝန်ထုပ်ကြီးပေါ့သွားပါလိမ့်မယ်။ အဲဒီလို ပြောတာပါ။

ဥပမာ - သဒ္ဓါစွမ်းအားဆိုပါတော့ သဒ္ဓါဆိုတာ အနည်းဆုံး ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တာမဟုတ်လား။ ယုံကာမတ္တမဟုတ်ဘဲ တကယ်တမ်းလက်ခံပြီး စိတ်ထဲမှာ ကြည်နေတဲ့အဆင့် ရောက်နေပြီ ဆိုရင် ဒီလိုပုဂ္ဂိုလ်မျိုးက ကံနဲ့ပတ်သက်ပြီး အမှားမခံတော့ဘူး။ မကောင်းတဲ့ကံတွေကို ဘယ်တော့မှ မလုပ်တော့တဲ့အတွက် မတရား မှုတွေ၊ အကုသိုလ်ကံတွေနဲ့ အာရုံငါးပါးတို့ကို မရှာဖွေတော့ပါဘူး။ ဒီလောက်နာမ်စွမ်းအား အလေးချိန်တက်လာပြီဆိုရင် ခန္ဓာဝန်ကြီးက အတော်လေးပေါ့သွားပါပြီ။ မြေကြီးမခံတော့ဘူးဆိုရင်တောင် အပါယ်အထိ နစ်သွားစရာအကြောင်းမရှိတော့ပါဘူး။ အကုသိုလ် ကင်းအောင်နေပြီဆိုကတည်းက သီလကုသိုလ်က ရှိလာပြီးဆိုတော့ အပါယ်ဘေးက လွတ်တာပေါ့။

သဒ္ဓါတရားက မကောင်းမှုရှောင်ရေး ကောင်းမှုဆောင်ရေး ဆိုတာကို ယုံကြည်လက်ခံလာပြီဆိုရင် ဝိရိယကလည်း ဒီနှစ်ခုကို အကောင်အထည်ဖော်ဖို့ပဲ ကြိုးစားလာပါတယ်။ ဟုတ်ပါတယ်။ သမ္မာဝါယာမလို့ခေါ်တဲ့ ကောင်းမွန်မှန်ကန်တဲ့ အားထုတ်မှုဆိုတာ အတိုချုပ်ကတော့ မကောင်းမှုကင်းရေးနဲ့ ကောင်းမှုတိုးရေး အတွက်ပဲ အားထုတ်ကြရတာမဟုတ်လား။ ဘယ်အလုပ်မဆိုစပြီး လုပ်စ မှာတော့ သတိထားပေးရတယ်။ လုပ်ကိုင်တဲ့အကြိမ်များလာပြီ ဆိုရင်တော့ သတိထားရတဲ့ အဆင့်ကနေ သတိရှိလာတဲ့ အဆင့် ရောက်လာပါတယ်။ အဲဒီအခါမှာ အလုပ်ကလည်း "အကြိမ်ကနေ အကျင့်"ဖြစ်သွားပါတယ်။ အကျင့်ရလာတော့ စိတ်ကလည်း

http://www.dhammadownload.com

သမာဓိအသားကျပြီး တည်ငြိမ် လာပါတယ်။ တည်ငြိမ်တဲ့အတွက် စူးစိုက်အားသန်လာတယ်။ တည်ငြိမ်စူးစိုက်မှုအားကောင်းတဲ့အတွက် ပညာတရားကလည်း ပိုင်းပိုင်း ခြားခြား ပီပီပြင်ပြင်ကြီးသိတတ်တဲ့ ဝိပဿနာပညာအဆင့်ရောက်လာပါတယ်။

နာမ်စွမ်းတွေထဲမှာ ပညာစွမ်းအားက "ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ ။ ဖြစ်ခြင်းသဘောရှိတဲ့အရာတိုင်းဟာ ချုပ်ပျက်ခြင်း သဘောရှိတယ်" ဆိုတဲ့အဆင့်အထိရောက်သွားပြီ ဆိုရင်တော့ နာမ်စွမ်းအားအလေးချိန်ဟာ ပြည့်ပြီးခိုင်မာတဲ့အဆင့် ရောက်သွားပါပြီ။ ဓမ္မစကြာတရားဦးဟောစဉ်က အရှင်အညာသိ ကောဏ္ဍညမထေရ်တို့ အသိဉာဏ်ပြည့်ဝသွားတယ်ဆိုတာ ဒီအသိမျိုး ပါပဲ။ ဒီအဆင့်ရောက်ပြီဆိုရင် ခန္ဓာကြီးဟာလည်း ဘယ်တော့ အပါယ်အထိနစ်လောက်အောင်မလေးတော့ပါဘူး "ပဟီနာပါယ ဂမနော ။ အပါယ်မျိုးစေ့ကို ပယ်သတ်ပြီးပြီ"ဆိုတဲ့ အဆင့်ရောက် သွားပါတယ်။ "ဘာရ နိက္ခေပနံ သုခံ ။ ခန္ဓာဝန်ကို ပယ်ချခြင်းဟာ ချမ်းသာသုခဖြစ်တယ်" ဆိုတာ ဒီသဘောကို ပြောတာပါပဲ။

ဒီလောက်ဆိုရင်တော့ ဣန္ဒြိယပစ္စည်းဟာ သံသရာနဲ့ နိဗ္ဗာန်(သို့မဟုတ်) အစွန်း(၂)ပါးနဲ့ မဇ္ဈိမပဋိပဒါတို့ရဲ့ လမ်းဆုံ ဖြစ်တယ် ဆိုတာကိုသဘောပေါက်ပြီထင်ပါတယ်။ "နညတြိန္ဒြိယ သံဝရာ၊ သောတ္တိံ ပဿာမိ ပါဏီနံ ။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဆိုတဲ့ ဣန္ဒြေ(၆)ပါးကို သတိနဲ့ စောင့်ထိန်းမှုမပါဘဲ သတ္တဝါတို့ရဲ့ ချမ်းသာခြင်းကို ငါဘုရားမမြင်ပြီ" ဆိုတဲ့ သံယုတ် ပါဋိတော်၊ သုဗြဟ္မာ သုတ်(သံ၊၁-၅၂)အရကြည့်မယ်ဆိုရင်လည်း သတ္တဝါတို့ရဲ့ အခြေခံဣန္ဒြေ(၆)ပါးတို့ဟာ သံသရာနဲ့နိဗ္ဗာန်တို့ရဲ့ လမ်းခွဲရမည့် ဆုံမှတ် ဖြစ်တယ်ဆိုတာ သေချာပါတယ်။

http://www.dhammadownload.com

သံသရာတစ်လျှောက်လုံးမှာ ဒီဂ္ဂနွေ့(၆)ခုတို့ကို "အထက်မှာဘဝဂ် အောက်မှာ အဝီစိ" ဆိုသလို စုံချည် ဆန်ချည်သုံးခဲ့တာများလှပြီဖြစ်လို့ အခုလို သာသနာတော်နဲ့ကြုံကြိုက်တုန်း လူဖြစ်တုန်း အခိုက်အတန့်ကောင်း အခါကောင်းကြီးမှာ -

ခန္ဓာဝန်ထမ်း ပင်ပန်းလှသူ၊
ဝန်ကိုပယ်ချ အေးမြကြည်ဖြူ။
ခန္ဓာဝန်ထုပ် မြစ်ဖြုတ်ဖြတ်သူ၊
ခန္ဓာညစ် အသစ် နောက်မယူ။ လို့ တောင်တွင်းကြီး၊ နတ်မှီတောရဆရာတော်ဘုရားကြီး ရေးခဲ့တဲ့လင်္ကာလာအတိုင်း ဂ္ဂနွေ့တို့ကို နိဗ္ဗာန်ထိဆိုက်အောင် အသုံးပြုပြီး ခန္ဓာဝန်ကို ပယ်ချ နိုင်ကြပါစေလို့သာ တိုက်တွန်းလိုက်ပါရစေ။

(လူတိုင်းအတွက် ပဌာန်းရေးရတဲ့အထဲမှာ ဂ္ဂနွေ့ဃပစ္စည်းဟာ အခက်ခဲဆုံးအဖြစ်ကြုံရပါတယ်။ အခုရေးလိုက်တာဟာလည်း စကားတွေရှည်လွန်း ထပ်လွန်းသွားမှာစိုးလို့သာ ရပ်လိုက်ရတယ်။ ပြောစရာတွေ၊ ပြောချင်တာတွေတော့ အများကြီးကျန်နေပါသေးတယ်။ ဒါပေမယ့် ဒီလောက်ဆိုရင် အစွန်းလမ်း(၂)ခုက လွတ်ပြီး မဇ္ဈိမပဋိပဒါလမ်းပေါ်ရောက်အောင်တော့ သုံးတတ်လောက်ပြီ ထင်ပါတယ်။ မရှင်းတာရှိရင် စာနဲ့ဖြစ်စေ ဖုန်းနဲ့ဖြစ်စေ မေးနိုင်ပါတယ်။ သဘောပေါက်သမျှတော့ ဖြေကြားပေးပါမယ်)

❑

http://www.dhammadownload.com

ဈာနပစ္စည်း

ဈာနပစ္စယော - ဈာန်ပစ္စည်း တဲ့။ "ဈာန်"ဆိုတဲ့ အသံကို ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ဗုဒ္ဓဘာသာကြားဖူးနာဝသမား အများစုတို့က "မြေလျှိုးမိုးပျံ"ဆိုတဲ့ အဓိပ္ပာယ်ကို ပြေးပြီးသတိရ တတ်ကြတာများပါတယ်။

အမှန်ကတော့ "ဈာန်"ဆိုတာ မြေလျှိုးမိုးပျံနိုင်ခြင်းရဲ့ အခြေခံတရားတော့ မှန်ပါတယ်။ မြေလျှိုးမိုးပျံနိုင်တာတော့ မဟုတ်ပါဘူး၊ မြေလျှိုးမိုးပျံဆိုတာက အဘိညာဏ်ရဲ့ အလုပ်သာ ဖြစ်ပါတယ်။ အဘိညာဏ် ဆိုတာ "အဘိ+ဉာဏ - အထူးအစွမ်း ထက်တဲ့ ဉာဏ်"လို့ အဓိပ္ပာယ်ရပါတယ်။ အဘိညာဏ်တွေအမျိုးမျိုး ရှိတဲ့ အထဲက ဣဒ္ဓိဝိဓအဘိညာဏ်ကို ရရှိမှသာ မြေလျှိုးမိုးပျံနိုင်တာပါ။ ဣဒ္ဓိဝိဓကို "တန်ခိုး"လို့လည်း ခေါ်ကြတယ်။ "အဆန်းတကြယ် အံ့သြဖွယ် ဉာဏ်အထူး"လို့ ဆိုရမယ် ထင်ပါတယ်။ ထားပါတော့ အဲဒါက အဘိညာဏ်တွေပါ။

ဈာန်တွေထဲက အမြင့်ဆုံး ရူပဈာန်ကို ရရှိပြီးသူများသာ ဈာန်ကို အခြေခံပြုပြီး အဘိညာဏ်ရောက်အောင် ထပ်ဆင့်ကြိုးစား

http://www.dhammadownload.com

ရတာဖြစ်လို့ "ဈာန်"ဆိုတာ အဘိညာဏ်တို့ရဲ့ အခြေခံသာဖြစ်ပါတယ်။

တကယ်တမ်း "ဈာန်"ဆိုတာကတော့ အာရုံကို စိုက်စိုက်စူးစူးရှုတဲ့သဘော။ စိတ်ကို အာရုံထဲ စူးဝင်နေတယ်လို့ ထင်ရလောက်အောင်ကို အာရုံနဲ့စိတ်ကို တွဲကပ်ထားပြီး ရှုမှတ်နေတဲ့သဘောကို ဈာန်လို့ခေါ်တာပါ။ ဒါကြောင့် လယ်တီဆရာတော် ဘုရားကြီးက ပရမတ္ထသံခိပ်လင်္ကာမျှားမှာ ဈာန်နဲ့ပတ်သက်ပြီး -

"စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ် သတတ်"လို့ ရေးခဲ့တာပါ။ "စိုက်စိုက်စူးစူး ရှုတယ်"ဆိုလို့ ကမ္မဋ္ဌာန်း တရားအားထုတ်တဲ့ပုဂ္ဂိုလ်က ရှုတယ်လို့တော့ မထင်လိုက်ပါနဲ့၊ "ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ"ဆိုတဲ့ တရားငါးပါးတို့က ရှုတာပါ။ အထူးသဖြင့်တော့ အာရုံတစ်ခုဆို တစ်ခုတည်းကိုသာ ငြိမ်သက်တည်ကြည်ပြီး စူးစိုက်အာရုံ ပြုနေတဲ့ သဘောက ဧကဂ္ဂတာတရားရဲ့ လက္ခဏာသာ ဖြစ်ပါတယ်။ အမျှားနားလည်ပြောဆိုနေကြတဲ့ "သမာဓိတရား" ဆိုတာလည်း ဒီ "ဧကဂ္ဂတာတရား" ကိုပဲ ခေါ်တာပါ။

"ဈာန = ဈာန်" တရားဆိုတာ အာရုံကို စူးစိုက်ရှုခြင်းဆိုတဲ့ (ဥပနိဇ္ဈာန)ကိစ္စကို လုပ်ဆောင်တတ်သလို ဆန့်ကျင်ဘက် ဖြစ်တဲ့ အပိတ်အပင် အတားအဆီး(နီဝရဏ)တရားတွေကို ဖယ်ရှားလောင်မြိုက်ခြင်းဆိုတဲ့ (ဈာယန)ကိစ္စကိုလည်း ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စ(၂)ရပ်လုံးကို ဆောင်ရွက်နိုင်တာဆိုလို့ ဝိတက်အစရှိတဲ့ စေတသိက်တရား(၅)ပါးသာရှိပါတယ်။ ဒါကြောင့် ဒီဝိတက်စတဲ့တရား(၅)ပါးကိုသာ ဈာန်ရဲ့ အစိတ်အပိုင်း(ဈာနင်)တရားများလို့ သတ်မှတ်ခေါ်ဆိုရပါတယ်။ ဈာနင်တရားတွေ အလုပ်(၂)မျိုးလုပ်ပုံကတော့ -

http://www.dhammadownload.com

" ဝိတက်နှင့် ထိန်မိဒ္ဓ "

အိပ်ချင်မူးတူး၊ ထုံထိုင်းတွေဝေ၊ အကြံတုံ့ ဉာဏ်တုံ့၊ လူဖျင်း လူညံ့ဖြစ်အောင် လွှမ်းမိုးပိတ်ပင်ထားတဲ့တရားများကတော့ ထိန်မိဒ္ဓ စေတသိက်များပဲဖြစ်ပါတယ်။ ဒီတရားနှစ်ခုလွှမ်းမိုးထားပြီဆိုရင် လူစွမ်းလူစ ပျောက်ပြီး ဘယ်အလုပ်ကိစ္စကိုမှ စူးစူး စိုက်စိုက်တက် တက်ကြွကြွ မလုပ်ဆောင်နိုင်တော့တဲ့အတွက် လူဖျင်း၊ လူန၊ လူအ၊ လူထုံကြီးဖြစ်နေတတ်ပါတယ်။ ဒါကြောင့်လည်း ဒီတရားတွေကို အနှောင့်အယှက် အပိတ်အပင်(နိဝရဏ)တရားများလို့ ဆိုရတာပါ။

ဝိတက်တရားက ယှဉ်ဘက်သမ္မယုတ်တရားတွေကို အာရုံတစ်ခုပေါ်တင်ပေးတတ်တဲ့အတွက် အမြဲကြံစည်စိတ်ကူး နေသူနဲ့ တူပါတယ်။ ဝိတက်တရားက သမ္မယုတ်တရားတွေကို ကသိုဏ်း အစရှိတဲ့ အာရုံပေါ်တင်ပေးပြီး ကြံစည်စိတ်ကူးပေးခြင်း ဖြင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တဲ့ "ထိန မိဒ္ဓနိဝရဏ တရား" များကိုလည်း အရာဝတ္ထုတစ်ခုခုကို မီးနှင့် ရှို့မြှိုက်သည့်ပမာ ပယ်ခွါ လောင်မြှိုက် ပေးပါတယ်။

" ဝိစာရနှင့် ဝိစိကိစ္ဆာ "

"ဝိစိကိစ္ဆာ နိဝရဏ"ဆိုတာ အာရုံတစ်ခုအပေါ်မှာ တည် တည်ငြိမ်ငြိမ်မရှိဘဲ အမျိုးမျိုး အထွေထွေ တွေးတောယုံမှား တတ်တဲ့ သဘောဖြစ်ပါတယ်။ ဝိတက်ရဲ့ တင်ပေးမှုကြောင့် အာရုံပေါ်ကျ ရောက်နေတဲ့ သမ္မယုတ်တရားများဟာ ဝိစိကိစ္ဆာတရားများရဲ့ နှောက်ယှက်ခြင်းကို ခံရတဲ့အခါ အာရုံပေါ်မှာ ကောင်းစွာ မရပ်တည်ဘဲ ယုံမှားသံသယဝင်ပြီး ကသိုဏ်းအစရှိတဲ့ အာရုံမှ ဆုတ် နစ်သွားတတ်ပါတယ်။ အဲဒီအခါမှာ ဝိစာရတရားက သမ္မယုတ် တရားတို့ကို ရောက်ပြီးတဲ့အာရုံက မခွာအောင် အာရုံကို ထပ်တ လဲလဲ စွဲစွဲမြဲမြဲသုံးသပ်ပေးခြင်းဖြင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်

http://www.dhammadownload.com

ဖြစ်တဲ့ "ဝိစိကိစ္ဆာ နီဝရဏတရားများကိုလည်း ပယ်ခွါလောင်မြှိုက်ပေးပါတယ်။

" ပီတိနှင့် ဗျာပါဒ "

"ဗျာပါဒ နီဝရဏ"ဆိုတာ တရားကိုယ်အနေနဲ့တော့ အာရုံကို မနှစ်သက်နိုင်အောင် ခက်ထန်ကြမ်းတမ်းတဲ့ ဒေါသတရားပါပဲ။ ဝိစာရတရားက သမ္ပယုတ်တရားတွေကို အာရုံပေါ်မှာ စွဲမြဲနေအောင် အထပ်ထပ် သုံးသပ်ပေးနေသော်လည်း ဗျာပါဒနီဝရဏ တရားက နှောင့်ယှက်ထားလျှင် အာရုံကို မနှစ်သက်တော့တဲ့အတွက် ကြာရှည်သုံးသပ်ချင်မည် မဟုတ်တော့ပါဘူး။ ဒီလို အခြေအနေ မျိုးမရောက်အောင် ပီတိတရားက အာရုံကို နှစ်သက်ပြီး ကိုယ်ရောစိတ်ပါ နှစ်သက်ပြည့်ဖြိုးပွားတိုးစေခြင်းဖြင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ "ဗျာပါဒနီဝရဏ"တရားတို့ကို စိတ်အစဉ်မှာ မပါရအောင် ပယ်ခွာလောင်မြှိုက်ပေးပါတယ်။

" သုခနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ "

"ဥဒ္ဓစ္စ နီဝရဏ"ဆိုတာ မငြိမ်မသက် တုန်လှုပ်ပျံ့လွင့်ပြီး အာရုံပေါ်မှာ မရပ်မတည်ဘဲ ပြေးနေတဲ့သဘောဖြစ်ပါတယ်။ "ကုက္ကုစ္စ" ဆိုတာကတော့ ပြုလုပ်လိုက်မိတဲ့ မကောင်းမှုတွေ မပြုလုပ်လိုက်မိတဲ့ ကောင်းမှုတွေကို ပြန်တွေးပြီး နောင်တရ ပူပန်နေတဲ့သဘော ဖြစ်ပါတယ်။ ပီတိကြောင့် သမ္ပယုတ်တရားအားလုံး ကသိုဏ်းစတဲ့အာရုံပေါ်မှာ နှစ်သက်အားရတဲ့ စိတ်အစဉ်အဖြစ် ကျရောက်နေသော်လည်း ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏတရားများ နှောင့်ယှက်လာလျှင် အာရုံတို့ရဲ့ သာယာနှစ်သက်ဖွယ် အရသာများ မပေါ်နိုင်တဲ့အတွက် ငြိမ်ငြိမ်သက်သက် တည်နေနိုင်စွမ်း မရှိနိုင်တော့ပါဘူး၊ အဲဒီလို အခြေအနေမျိုး မဖြစ်ပေါ်မကြုံတွေ့ရအောင် သုခဝေဒနာ တရားက အာရုံရဲ့ အရသာကို အေးမြချမ်းသာ ငြိမ်သက်စွာ ခံစား

http://www.dhammadownload.com

ပေးခြင်းဖြင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တဲ့ ဥဒ္ဓစ္စ, ကုက္ကုစ္စ နိဝရဏတရားတို့ကို စိတ်အစဉ်မှာ မဝင်မပါရအောင် ပယ်ခွာလောင်မြှိုက်ပေးပါတယ်။

" သမာဓိ နှင့် ကာမစ္ဆန္ဒ "

"ကာမစ္ဆန္ဒ နိဝရဏ"ဆိုတာ အာရုံငါးပါး ကာမဂုဏ် တရားတို့ကို နှစ်သက်စွဲလန်း တပ်မက်တတ်တဲ့ လောဘစေတသိက်ပါပဲ။ (တဏှာ၊ လောဘ၊ သမုဒယ ဆိုတဲ့ အမည်များနဲ့ ထင်ရှားပါတယ်) စိတ်အစဉ်မှာ တဏှာလောဘပူးယှဉ်လာပြီးဆိုရင် နှစ်သက်ဖွယ် အာရုံ ကာမဂုဏ်တွေနောက်ကို တကောက်ကောက် လိုက်ပြီး စိတ်ဓာတ်တွေ မငြိမ်မသက် ကလိန်းကလက် ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ကာမစ္ဆန္ဒနိဝရဏတရား နှောင့်ယှက်လာလျှင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတို့ တောင့်မခံနိုင်ကြတော့ဘဲ ကသိုဏ်း စတဲ့ အာရုံကနေ စိတ်အစဉ်ခွာသွားရပါလိမ့်မယ်။ ဈာန်အင်္ဂါတို့နဲ့ ယှဉ်တွဲနေတဲ့ ဈာန်စိတ်အစဉ်တွေ လွင့်စဉ်ခွာထွက်မသွားရအောင် သမာဓိဆိုတဲ့ ဧကဂ္ဂတာတရားက အာရုံအပေါ်မှာ ခြိုက်ခြိုက် မြိုက်မြိုက် တည်တန့်ပေးခြင်းဖြင့် ရှေးဈာန်အင်္ဂါ(၄)ပါးတို့ အာရုံရဲ့ အရသာ အပေါ်မှာ စူးစိုက်တည်တံ့စေပြီး ဆန့်ကျင်ဘက်ဖြစ်တဲ့ ကာမစ္ဆန္ဒ နိဝရဏတရားကိုလဲ စိတ်အစဉ်မှာ ပါဝင်မလာအောင် ဖယ်ခွါ လောင်မြှိုက်ပေးပါတယ်။

ဒါကြောင့် "ပစ္စနီက ဓမ္မေ ဈာယတိ - ဆန့်ကျင်ဘက် တရားတို့ကို ပယ်ခွာလောင်မြှိုက်စေတတ်၏"ဆိုတဲ့ ဗျူဟတ်အရ ဝိတက်စတဲ့ စေတသိက်(၅)ပါးကိုသာ ဈာန(ဈာန်)တရားများလို့ ခေါ်ရပါတယ်။

"ဈာန - စူးစူးစိုက်စိုက် ရှုတယ်"ဆိုတာ သာမန်မြင်ကာမတွေ့ မဟုတ်ဘဲ မြင်ရတဲ့အာရုံအပေါ်မှာ စိတ်ကို စူးဝင်နေတယ်လို့ ဆိုရ

http://www.dhammadownload.com

လောက်အောင် ရှုမှတ်တာပါ။ ကြားသင့်ရာ အာရုံ၊ တွေးသင့် ကြံသင့်ရာအာရုံတို့ အပေါ်မှာလဲ အလားတူ စူးစိုက်ရှုမှတ်ပွားများ ရတဲ့အလုပ်ပါ။ သာမန်ရှုသည်ထက်ပိုပြီး စူးစူးစိုက်စိုက်ရှု မှတ်တဲ့ အတွက် စိတ်အစဉ်မှာလဲ သာမန်ထက် ပိုပြီး ထင်မြင်လာပါတယ်။

အဋ္ဌကထာဆရာတော်ကတော့ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာသူတို့ဟာ မြင်ကွင်းကိုပိုပြီး ကျယ်ကျယ်ပြန့်ပြန့် မြင်ရအောင် သစ်ပင်တို့တောင်ထွတ်(တောင်ဂူ)တို့ ပေါ်တက်ပြီး ကြည့်ကြတယ်။ ဒီလိုတက်ပြီးကြည့်တဲ့အခါ အပေါ်ကိုရောက်လေ ပိုပြီးမြင်ကွင်းက ကြီးကျယ်လာလေ ဖြစ်သလို စျာန်တရားများဟာလဲ ကြာလေ ကြာလေ အမြင်စူးစိုက်ပြီး ကြီးကျယ်လာလေ ဖြစ်တယ်ဆိုပြီး စျာန်တရားကို သစ်ပင်ဖျားတို့ တောင်ထွတ်တို့ကို တက်ရောက် ကြည့်ရှုပြောဆိုသူနဲ့ ဥပမာပြုပါတယ်။ ဒါကို နိဿယပြန်တဲ့ ဆရာတော်က-

"စျာနပစ္စယော=သစ်ပင်တောင်ဝူ၊ တက်သသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့။ နှစ်ပါးရှုပ်နာမ်၊ သဟဇာအား၊ ဆယ့်တစ်ပါးတွင်။ ထင်ရှားတပ်တပ်၊ ကပ်၍ရှုခြင်း ဟူသော အာရမ္မဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဠုဝိဉ်ကြဉ်၊ စိတ်မှာ ယှဉ်သည့်၊ စျာနင်ခုနစ်ပါး၊ ပစ္စည်းတရားဂင်း"လို့ ပြန်ဆိုပါတယ်။ စျာနင်ခုနစ်ပါးဆိုတာ ကတော့ ဝေဒနာကို သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဆိုပြီး (၃)ပါးခွဲရေတွက်လို့ပါပဲ၊ တရားကိုယ်စစ်စစ်ကတော့ ဝေဒနာကို တစ်ပါးပဲရေတွက်တဲ့အတွက် စျာနင်(၅)ပါးသာ ဖြစ်ပါတယ်။

ဝေဒနာစျာန်တရားထဲမှာ ဒေါမနဿပါထည့်သွင်း ပါဝင်ရတာကတော့ စျာန်ဆိုတာ အများကြားဖူးနားဝရှိထားသလို ကုသိုလ်တရားချည်း မဟုတ်ဘူး၊ စိုက်စိုက်စူးစူး ရှုမှတ်တာမှန်သမျှ

http://www.dhammadownload.com

ကုသိုလ်ရှုလည်း စျာန်ပဲ၊ အကုသိုလ်ရှုလည်း စျာန်ပါပဲ၊ အကုသိုလ် စျာန်ကျတော့ ဒေါမနဿဝေဒနာနဲ့ ရှုတာလဲ ရှိပါတယ်။

ဟုတ်ပါတယ် ကြားဖူးနားဝ ဗုဒ္ဓဘာသာအများစုကတော့ စျာန်တရား မဂ်တရား ဖိုလ်တရားဆိုတဲ့ စကားသုံးခွန်းက ဆက်တိုက် အတွဲလိုက် ပြောနေ,ကြားနေကြတာများတော့ "စျာန်"ဆိုရင် ကောင်းတဲ့တရား၊ မြင့်မြတ်တဲ့တရားလို့ချည်း ထင်ကြတာ များ ပါတယ်။ "စျာန်"လို့ အမည်ရတဲ့ တရား(၅)မျိုးတို့ဟာ ကုသိုလ် တရားမှာ ယှဉ်တွဲဖြစ်ပေါ်သလို အကုသိုလ်တရားမှာလဲ ယှဉ်တွဲ ဖြစ်ပေါ်တဲ့အတွက် ကောင်းတဲ့စျာန်ဆိုတာရှိသလို မကောင်းတဲ့ စျာန်ဆိုတာလဲ ရှိပါတယ်။

တစ်ခါတစ်လေမှာ အကုသိုလ်စျာန်တွေက ကုသိုလ်စျာန် တွေထက်တောင် သမာဓိအားပိုပြီး ကောင်းချင်ကောင်းနေတတ် ပါသေးတယ်။ ငါးမျှားတဲ့လူတစ်ယောက်က ငါးဟပ်,မဟပ် စူးစိုက် ကြည့်နေတာ။ ကျားပွဲ ဖဲပွဲမှာ ကျားကွက်တို့ ဖဲချပ်တို့ကို စူးစိုက်ကြည့် နေတာမျိုးတို့၊ အလွန်နှစ်သက်တဲ့ အဆင်း အသံတို့ကို စူးစိုက်ပြီး ကြည့်ရှုတာ၊ နားထောင်တာတို့စသည်ပေါ့။ အဲဒီမှာလဲ သူ့ဟာနဲ့သူ ပီတိတို့၊ ဧကဂ္ဂတာတို့ဆိုတာရှိတာပါပဲ။

အနုမြူဖော်မြူလာအတွက် အိုင်စတိုင်း စူးစိုက်တွေးကြံ နေတာနဲ့ပတ်သက်ပြီး တောင်တွင်းကြီး၊ နတ်မှီတောရ ဆရာတော် ကြီး မိန့်ကြားဖူးတာကတော့- "ဒီ စျာန်သမာဓိတွေဟာ ရှေ့နားက "သမ္မာ"ဆိုတဲ့ ဂုဏ်ပုဒ်ကလေးသာ တပ်ဆင်ပေးလိုက်နိုင်မယ်ဆိုရင် တစ်ထိုင်တည်းနဲ့ တစ်မဂ် တစ်ဖိုလ်အထိရောက်သွားနိုင်လောက်တဲ့ တကယ့်စျာန် သမာဓိမျိုး"တဲ့။ စက္ကဝက်ဌက်များ ထိန်ထိန်သာနေတဲ့ လမင်းကြီးကို မမှိတ်သောမျက်စိနဲ့ ကြည့်နေတယ်ဆိုတာမျိုးလဲ "စျာန်"လို့ပဲ ဆိုရမှာပါ။ မန္တလေးတက္ကသိုလ်က ပါမောက္ခဆရာကြီး

http://www.dhammadownload.com

တစ်ဦး ပြောဖူးတယ်။ ကျောင်းပိတ်ခါနီးညနေမှာ ယောက်ျားလေး မိန်းကလေးမိတ်ဆွေ အချင်းချင်းစုံတွဲ နှုတ်ဆက်နေကြတာတွေကို ချောင်းကြည့်တဲ့ ကျောင်းသားတွေဟာ တစ်ကိုယ်လုံး ခြင်တွေသီး နေအောင် ကိုက်ထားတာတောင် မသိလောက်အောင် သမာဓိအား ကောင်းသတဲ့။

စူးစိုက်တာမှန်သမျှကို စျာန်လို့ဆိုနိုင်ပေမယ့် စျာန်တိုင်း ကုသိုလ်မဖြစ်ဘူး၊ အာရုံမှန်၊ နှလုံးသွင်းမှန်မှ ကုသိုလ်ဖြစ်တယ်၊ အာရုံမှား နှလုံးသွင်းမှားရင်တော့ အကုသိုလ်ပဲ ဖြစ်ပါတယ်။

ကုသိုလ်စျာန်ဖြစ်အောင် စူးစိုက်ရှုသင့်တဲ့ အာရုံများကိုတော့ ယောဂကျမ်းများနဲ့ ကမ္မဋ္ဌာန်းကျမ်းများမှာ အမျိုးပေါင်း (၄၀)လောက် ပြထားပါတယ်။ ကမ္မဋ္ဌာန်း(၄၀)လို့ အသိများပါတယ်။ အဲဒီထဲမှာ "အပ္ပနာ"လို့ ခေါ်တဲ့ အာရုံအပေါ်မှာ ခိုင်ခိုင်မြဲမြဲ သက်ဝင်တဲ့ စျာန်အဆင့်ရောက်စေတဲ့ ကမ္မဋ္ဌာန်းအာရုံတွေရှိသလို အပ္ပနာနီးပါး အထိ ရောက်အောင် ရှုလို့ရတဲ့ ဥပစာရစျာန်ရဲ့ အာရုံ ကမ္မဋ္ဌာန်းတွေ လည်း ပါပါတယ်။ ကမ္မဋ္ဌာန်း(၄၀)ဆိုတာ ပထဝီ ကသိုဏ်းစတဲ့ ကသိုဏ်း(၁၀)ပါး။ ဥဒ္ဓုမာတကစတဲ့ အသုဘ (၁၀) ပါး။ ဗုဒ္ဓါနုဿတိ စတဲ့ အနုဿတိ(၁၀)ပါး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ အပ္ပမညာတရာ (၄)ပါး။ အာဟာရေ ပဋိ ကူလသညာဆိုတဲ့ သညာ (၁)ပါး။ ဓာတ်လေးပါးကို ပိုင်းခြား မှတ်သားတဲ့ စတုဓာတု ဝဝတ္ထာန် (၁)ပါး။ အာကာသာနဉ္စာ ယတန စတဲ့ အာရုပ္ပ(၄)ပါး ပေါင်း(၄၀) ဖြစ်ပါတယ်။

ဒီ(၄၀)ထဲမှာ လက်ရှိ ဗုဒ္ဓဘာသာဝင်တို့ အသိအကျင့်များတဲ့ ကမ္မဋ္ဌာန်းကတော့ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ အာနာပါနသတိဆိုတဲ့ အနုဿတိ(၄)ပါးနဲ့ ပြဟ္မစိုရ်တရား(၄)ပါးလို့လဲ ခေါ်တဲ့ အပ္ပပညာ(၄)ပါးတို့ပဲ ဖြစ်ပါတယ်။ မရဏသတိကိုလဲ အချို့

http://www.dhammadownload.com

ပွားများကြတာရှိပါတယ်။ ကျန်တဲ့ ကမ္မဋ္ဌာန်းတွေကတော့ သမထ ယာနိကခေါ်တဲ့ သမထကို အဓိကထားပြီး ကျင့်တဲ့ ပုဂ္ဂိုလ်တွေ လောက်ပဲ ပွားများအားထုတ်ကြပါတယ်။ အကျယ်သိချင်ရင်တော့ သဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းမှာ အထိုက်အလျောက် ဖော်ပြထားတာ ရှိပါတယ်။ ဝိသုဒ္ဓိမဂ်မှာတော့ ပိုပြီးပြည့်ပြည့်စုံစုံ ရှိပါတယ်။

အရေးကြီးတာကတော့ ဒီကမ္မဋ္ဌာန်းတွေကို ပွားများတဲ့အခါ "စျာန်"လို့ ခေါ်ဆိုနိုင်လောက်အောင် စူးစူးစိုက်စိုက် အာရုံပြုပြီး ပွားများကြဖို့ ဖြစ်ပါတယ်။ ဒီနေ့ ဗုဒ္ဓဘာသာဝင် တော်တော် များများဟာ "အရဟံ"စတဲ့ ဘုရားဂုဏ်တော်တွေ၊ "သွာက္ခာတော" စတဲ့ တရားဂုဏ်တော်တွေ၊ "သုပ္ပဋိပန္နော"စတဲ့ သံဃာ့ ဂုဏ်တော် တွေကို အသံကျယ်ကျယ်နဲ့ ဘုရားရှိခိုးတာတို့။ သဗ္ဗေသတ္တာ အဝေ ရာဟောန္တုစတဲ့ မေတ္တာပို့တို့ကို အသံထုတ်ရွတ်ဆိုပြီး မေတ္တာပို့တာ တို့တော့ ရှိပါတယ်။ အသံက မထုတ်ရဘူးလို့တော့ မဆိုပါဘူး၊ ထုတ်လိုက ထုတ်ဆိုနိုင်ပါတယ်။ တကယ်ဘာဝနာမြောက်ဖို့ကတော့ ဂုဏ်တော်ဆိုရင်လဲ ဂုဏ်တော်ထဲမှာ စူးစူးစိုက်စိုက်ရောက်ဖို့၊ မေတ္တာ ဆိုရင်လဲ ရည်မှန်းတဲ့ သတ္တဝါတွေအပေါ် တကယ် မေတ္တာ စိတ် ရောက်ဖို့က ပိုပြီးအရေးကြီးပါတယ်။ နှုတ်ဆောင် ကမ္မဋ္ဌာန်း ထက် သရုပ်ဆောင် ကမ္မဋ္ဌာန်းဖြစ်ဖို့ ကြိုးစားကြရမှာပါ။

ဘုရားဂုဏ်တော်တွေအပေါ်မှာ ကိုယ်ဉာဏ်မှိသမျှ စူးစူး စိုက်စိုက်အာရုံပြုပြီး ပွားများပေးရင် ကြည်နူးတဲ့ပီတိတရား၊ ချမ်းသာ အေးမြတဲ့ သုခဝေဒနာတို့၊ အာရုံပေါ်မှာသာ စိတ်က စူးစိုက်ကျ ရောက်နေတဲ့ ဧကဂ္ဂတာတရားတို့ဆိုတာ ဖြစ်လာပါတယ်။ အဲဒီ ဖြစ် လာတဲ့ တရားတွေကိုပိုပြီး စူးစူးစိုက်စိုက်သတိထားလိုက်ရင် ဒီတရား တွေဟာလည်း တစ်ခဏနဲ့ တစ်ခဏ မတူအောင် ပြောင်းလဲ ဖြစ် ပျက်နေတဲ့ အနိစ္စသဘောလက္ခဏာကစပြီး ဒုက္ခသဘော၊ အနတ္တ

http://www.dhammadownload.com

သဘောအထိ ဆိုက်ရောက်သိမြင်သွားတဲ့အတွက် ဝိပဿနာဉာဏ်တွေ ဖြစ်ပါတယ်။ ဝိပဿနာဉာဏ်ရင့်လာတဲ့အခါ ဆက်တိုက် ဆိုသလိုပဲ၊ မဂ်ဉာဏ်အထိ ဆိုက်ရောက်ပြီး မဂ်ရ ဖိုလ်ရ အရိယာတွေ ဖြစ်သွားပါတယ်။

မြတ်စွာဘုရားတရားဦးဟောတော်မူတဲ့ မဟာသက္ကရာဇ် (၁၀၃)ခု၊ ဝါဆိုလပြည့်ညက၊ ရာဇဂြိုလ်မြို့က မိဘအိမ်ပြဿာဒ် ထက်မှာ မီးဖွားခါနီး အာဝေနိက ဒုက္ခကို ပြေဖျောက်ဖို့ လေညှင်းခံနေတဲ့ "ကာဠီ"ဆိုတဲ့ အမျိုးသမီးကလေးဟာ ကောင်းကင်ယံမှာ ဘုရားဂုဏ်၊ တရားဂုဏ်တွေကို အပြန်အလှန် မေးဖြေ ပြောဆိုနေကြတဲ့ သာတာဂိရိနတ်ဘီလူးကြီးနဲ့ ဟေမဝတနတ်ဘီလူးကြီးတို့ရဲ့ အသံကို ကြားနေရတာကနေ ဉာဏ်မှီသမျှ ဘုရားဂုဏ်၊ တရားဂုဏ်တွေအပေါ် စူးစိုက်ပွားများနေလိုက်တာ သူခံစားနေရတဲ့ အာဝေဏိက ဒုက္ခကြီးကိုတောင် မေ့သွားပါတယ်။ ဒီလို အခြေအနေအထိ ဘုရားတရားအာရုံအပေါ်မှာ စိတ်အစဉ်ကျရောက် နေပြီဆိုရင် အာရုံအပေါ်မှာ ခိုင်ခိုင်မြဲမြဲ ကျရောက်တည်နေတဲ့ အပွနာစျာန်အထိ မရောက်သေးပေမယ့် အပွနာရဲ့ အနီးအနားထိ ရောက်တဲ့ ဥပစာရစျာန်အဆင့်အထိ ရောက်သွားပါပြီ။

ကာဠီအမျိုးသမီးလေးဟာ ဂုဏ်တော်အပေါ်မှာ ဥပစာရစျာန် အဆင့်လောက်အထိရောက်အောင် စူးစိုက်ပွားများရင်း ဖြစ်ပေါ်လာတဲ့ ပီတိတရား၊ သုခတရားတွေကိုပဲ ဆက်ပြီး စူးစိုက်ပွားများရာက ဝိပဿနာဉာဏ်ရင့်သန်ပြီး သောတာပန် ဖြစ်သွားပါသတဲ့။ တရားအသိရပြီး သောတာပန်ဖြစ်သွားချိန်မှာ မိမိလွယ်ထားတဲ့ သန္ဓေသားကလည်း ကျန်းကျန်းမာမာပဲ ဖွားမြင်ပြီးသွားပါတယ်။ ဘာမှ ပြင်းထန်တဲ့ အာဝေဏိက ဒုက္ခကို ခံစားလိုက်ရတယ်လို့ မထင်ရတော့ပါဘူးတဲ့။ အဲဒီကာဠီ အမျိုးသမီးဟာ တစ်ဆင့်

http://www.dhammadownload.com

ကြားနဲ့ ဉာဏ်မှီသမျှပဲ ပွားများတာပါ။ အဲဒီအချိန်မှာ ဣတိပိ သော ဘဂဝါ ဆိုတာတောင် နှုတ်တက် မဆိုတတ်လောက် သေးပါ ဘူး။ နှုတ်ဆောင် ဗုဒ္ဓဘာသာဝင် မဖြစ်သေးပေမယ့် သရုပ်ဆောင် ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်သွားလို့ သောတာပန် အရိယာ ဖြစ်သွား တာပါ။ လူဝတ်ကြောင် အရိယာတွေထဲမှာ အဦးဆုံးဖြစ်လို့ အရိယာ လူဝတ်ကြောင်တို့ရဲ့ "အစ်မကြီး" လို့ သတ်မှတ်လေးစားခြင်းခံရပါ တယ်။

အနုသတိ(၁၀)ပါးထဲမှာ အာနာပါနသတိနဲ့ ကာယဂတာ သတိကလွဲလို့ ကျန်တဲ့ ဗုဒ္ဓါနုဿတိစတဲ့ (၈)ပါးတို့ဟာ အပွနာလို့ခေါ် တဲ့ အာရုံပေါ်မှာ ခိုင်ခိုင်မြဲမြဲကျရောက်တည်နေတဲ့ ဈာန်အဆင့်ထိ မရောက်နိုင်ပါဘူး၊ အပွနာနီးပါးဖြစ်တဲ့ ဥပစာရဈာန် အဆင့်အထိပဲ ရောက်နိုင်ပါတယ်။ အဲဒီအဆင့်ဆိုရင်ပဲ ဝိပဿနာဉာဏ်အတွက် လိုအပ်တဲ့ သမာဓိအဆင့် ပြည့်မှီပါပြီ။

ဗြဟ္မစိုရ်လို့ လူသိများတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ အပွမညာတရားများကတော့ တကယ်စူးစူးစိုက်စိုက် ပွားများရင် အဘိညာဏ်တို့ရဲ့ အခြေခံဖြစ်တဲ့ အပွနာဈာန်အဆင့် အထိ ရနိုင်ပါတယ်။ အပွနာဈာန်အဆင့်အထိ မရောက်သော်လည်း ဥပစာရဈာန်အဆင့်လောက်အထိ စူးစိုက်ပွားများရင်ပဲ ဝိပဿနာ ဉာဏ်ရဲ့ အခြေခံ သမာဓိအဆင့်တော့ ပြည့်စုံပါတယ်။

ဗုဒ္ဓဘာသာဝင်အများစုတို့ နှုတ်ဆောင်အနေနဲ့ပို့သနေတဲ့ မေတ္တာဘာဝနာကိုလည်း နှုတ်ဆောင်အဆင့်သာမကဘဲ သရုပ် ဆောင်အဆင့်ရောက်အောင် စူးစူးစိုက်စိုက်ပို့သနိုင်ရင် အနည်းဆုံး ကိုယ်ရည်စူးပို့သတဲ့ သတ္တဝါသန္တာန်မှာ မေတ္တာဓာတ် သက်ဝင် ရောက် ရှိသွားပါတယ်။ မေတ္တာဓာတ်ကူးစက်သက်ရောက်သွားပြီ ဆိုရင် အဲဒီသတ္တဝါသန္တာန်မှာ ရှိနေတဲ့ ဒေါသတရားတွေ ကင်းစင်ပြီး မေတ္တာစိတ်ဝင်လာစေပါတယ်။

http://www.dhammadownload.com

မြတ်စွာဘုရားရှင် နာဋ္ဌာဂီရိဆင်ကြီးတို့၊ အာဋ္ဌာဝကဘီလူးတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတယ်ဆိုတာ စူးစိုက်တဲ့ မေတ္တာဘာဝနာနဲ့ သူတို့ကို အာရုံပြုပြီး ပို့လွှတ်ပေးလိုက်တာပါပဲ။ ဘုရားရှင်ရဲ့ မေတ္တာဓာတ် သူတို့သန္တာန်မှာ သက်ရောက်သွားတာနဲ့ တစ်ပြိုင်နက် သူတို့ရဲ့ ဒေါသတွေလည်း ကင်းစင်လွင့်ပျောက်ပြီး မေတ္တာစိတ် တွေဝင်လာပါတယ်။ "မေတ္တာ သက်ဝင်တယ်" ဆိုတာဟာ သူတို့ သန္တာန်မှာရှိတဲ့ ဒေါသတွေကို ဖယ်ရှားပြီးမှ သက်ဝင်နိုင်တာဖြစ်လို့ မေတ္တာစိတ်သက်ဝင်သွားတာနဲ့တစ်ပြိုင်နက် မေတ္တာပို့သခံရတဲ့ သတ္တဝါရဲ့ သန္တာန်မှာရှိတဲ့ ဒေါသစိတ်က ကင်းစင်လွင့်ပျောက်သွားတာဟာ ဓမ္မတာပါပဲ။ အရေးအကြီးဆုံးကတော့ မေတ္တာကို အနည်းဆုံး ဥပစာရဈာန်အဆင့်လောက်အထိရောက်အောင် ပို့သပေးဖို့တော့ လိုပါတယ်။ ဒီအဆင့်ဆိုတာ နှုတ်ဆောင်မေတ္တာပို့လောက်နဲ့တော့ မရနိုင်ပါဘူး။ တကယ်ကို စိတ်ပါလက်ပါ သရုပ်ဆောင် မေတ္တာပို့ဖြစ်ဖို့လိုပါတယ်။

မေတ္တာကို "ဈာန်"ဆိုတဲ့ သဘောမျိုးသက်ရောက်အောင် နှုတ်ဆောင်အဖြစ်နဲ့သာမကဘဲ သရုပ်ဆောင်ပို့သတဲ့အတွက် ပို့သခံရတဲ့ သတ္တဝါတွေသန္တာန်မှာ ဒေါသတွေကင်းဝေးသွားကြပုံတွေ၊ မေတ္တာနဲ့တုံ့ပြန်ကြလာပုံတွေကို မြန်မာပြည်မှာလည်း အထင်ကရရှိခဲ့ကြတဲ့ဘုန်းတော်ကြီးဦးသီလတို့၊ သပိတ်အိုင်တောရဆရာတော်ကြီးတို့ကစပြီး သာမညတောင်ဆရာတော်တို့၊ တောင်တန်းသာသနာပြုဆရာတော်ကြီးတို့အထိ သူတို့ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေအများကြီးပဲ ထင်ရှားရှိပါတယ်။

မိမိနဲ့ ရထားပေါ်မှာဆုံခဲ့ဖူးတဲ့ ပုသိမ်ဘက်က ဆရာတော်ကြီးကတော့ သူ့ရဲ့မေတ္တာကိုယ်တွေ့ဖြစ်ရပ်တွေနဲ့ လက်တွေ့ ကျင့်သုံးကြည့်မှုတွေကို ပြောပြရာမှာ "လူတစ်ယောက်က ဖြစ်စေ၊ သတ္တဝါ

http://www.dhammadownload.com

တစ်ကောင်ကောင်ကဖြစ်စေ ကိုယ့်ကို ဒုက္ခပေးမယ်လို့ထင်ရင် စူးစူးစိုက်စိုက် မေတ္တာပို့ကြည့်ပါ။ တပည့်တော် ကိုယ်တွေ့ကြုံခဲ့ဖူးတဲ့ ဖြစ်ရပ်တွေထဲမှာ အချင်းချင်း အခန့်မသင့်လို့ ခိုက်ရန်ဖြစ်ပွားရာက အသက်ပါဆုံးရှုံးသွားလို့ တရားခွင်မှာရောက်နေသူတစ်ဦးဟာ သူ့ကို နောက်ဆုံးတရား စီရင်ဖို့ သတ်မှတ်တဲ့ရက် မရောက်မီ နှစ်ပတ်အလို လောက်မှာ သူ့မိဘတွေက တပည့်တော်ဆီလာပြီး အကူအညီ တောင်းလို့ တပည့်တော်လမ်းညွှန်ပေးဖူးတယ်။ တရားလိုဖြစ်တဲ့ ပုဂ္ဂိုလ်တွေကို အာရုံပြုပြီး ကိုယ့်အမှားကိုယ်လည်း ဝန်ခံပြီး အဝေးကနေ တောင်းပန်နေပါ။ ပြီးရင် ဘုရားရှေ့မှာ သောက်တော်ရေတစ်ခွက်ကိုလှူ။ တတ်နိုင်သမျှ ဘုရားရှင်ရဲ့ဂုဏ်တော်ကိုလည်း စိတ်ပါလက်ပါ ပွားများပါ။ စိတ်ကို အေးအေးထားပါ။ ပြီးရင် တရားလိုပုဂ္ဂိုလ်တွေရဲ့ အမည်ကို နှုတ်ကမ္ဘက်ဆိုပြီးတော့ "သူတို့ရဲ့ ကိုယ်စိတ်နှစ်ရပ်သည် ဤသောက်တော်ရေချမ်းပမာ အေးချမ်းပါစေသတည်း"လို့ အသံထွက်ပြီး သုံးခါမေတ္တာပို့ပေးပါ။ တရားသူကြီးရဲ့ အမည်ကိုလည်း အလားတူ နှုတ်ကမ္ဘက်ပြီးသုံးခါမေတ္တာပို့ပေးပါ။ မုချ အကျိုးထူးစေရမယ်"လို့ ပြောလိုက်တယ်။

အမှုက သေစားသေစေအဖြစ် ဆုံးဖြတ်ဖို့ သေချာသလောက်ရှိနေတဲ့ အမှုကြီးပဲ။ တရားခံနဲ့ တရားခံရဲ့ သူ့မိဘတွေလည်း တခြားအားကိုးရာမရှိတော့တဲ့အတွက် တပည့်တော်ပြောတာကို လိုက်နာကြပါတယ်။ အံ့ဩဖို့ကောင်းတာကတော့ အရင်က ဘယ်လိုပဲတောင်းပန်တောင်းပန် မကျေနပ်နိုင်ဘူး၊ သေစား ပြန်သေစေမှ ကျေနပ်နိုင်မယ်လို့ တင်းခံနေတဲ့ တရားလို မျှားဘက်က တောင်းပန်တာကို ကျေနပ်လက်ခံလာတယ်။ တရားစီရင်မယ့်နေ့မှာ တရားခွင်ရောက်ကြတော့လည်း တရားလိုများ ကိုယ်တိုင်က သူတို့သဘောနဲ့ သူတို့ "ဖြစ်ပြီးတာတွေလည်း ပြီးခဲ့ပါပြီ၊ တစ်သက်ထက် နှစ်သက်

http://www.dhammadownload.com

တော့ မဆုံးရှုံးပါစေနဲ့တော့၊ တရားခံကို သေစားသေစေဖို့တော့ စီရင်ချက်မချပါနဲ့"ဆိုပြီး တရားသူကြီးကို ဦးတိုက်လျှောက်ထားသတဲ့။ တရားသူကြီး ကလည်း ထောင်ဒဏ်ပဲ ချမှတ်ပေးလိုက်တယ်။ ထောင်ထဲမှာလည်း သတိသံဝေဂရပြီး ကောင်းကောင်းမွန်မွန်နေခဲ့တော့ နောက်ဆုံးမှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လည်း ကြုံပြီးမကြာလိုက်ခင်မှာပဲ အဲဒီတရားခံ ထောင်ကလွတ်လာတယ်။ ခုဆိုရင် အဲဒီလူဟာ မနက်ဆိုရင် မေတ္တာမပို့ရသေးခင် ဘာမျှမစားဘူး။ ညဆိုရင်လည်း မေတ္တာမပို့ဘဲ အိပ်တယ်လို့ကို မရှိဘူး။ မေတ္တာကို အဲဒီလောက်အထိ ယုံကြည်သွားတယ်"ဆိုတဲ့အကြောင်း မိန့်ကြားဖူးပါတယ်။

မိမိနဲ့စပ်မိတဲ့ ဒုက္ခသည် တော်တော်များများကို ဒီအကြောင်းပြောပြပြီး တိုက်တွန်းပေးကြည့်တော့လည်း သူတို့ဖြစ်ရပ်တွေဟာ အံ့သြလောက်အောင် ပြောင်းလဲသွားကြပါတယ်။ မေတ္တာအကြောင်း ကိုယ်တွေ့တွေကတော့ အများကြီးပါပဲ။ ကိုယ်တိုင် ကိုယ်တွေ့ဖြစ်ချင်ရင်တော့ သရုပ်ဆောင်မေတ္တာကို ပို့စမ်းကြည့်ပါလို့ပဲ တိုက်တွန်းချင်ပါတယ်။ ဗျာနပစ္စည်းဆိုတာ ကိုယ်တိုင်လုပ်ကြည့်မှ ကိုယ်သိမျက်မှောက် ခံစားရမှာပါ။

အခုတလော သူတို့ကိုယ်သူတို့ ခေတ်မှီသူဆိုသလိုလို၊ အကန်းယုံ အရမ်းယုံတွေ မဟုတ်ဘူး ဝိဘဇ္ဇဝါဒီတွေဆိုသလိုလို "ဘေးထိုင်ဘုပြော" ဗုဒ္ဓဘာသာဝင်အချို့က ပြောလာတာတစ်ခုရှိတယ် "လူတွေက မေတ္တာပို့ကြတယ်ဆိုပေမယ့် အပို့ခံရတဲ့လူတွေက အဲဒီမေတ္တာတွေဟာ သူတို့ဆီတော့ရောက်လာတာလဲ မတွေ့ရပါဘူး။ မေတ္တာပို့တယ်ဆိုတာ အလကားလူကြီး ကောင်းအောင်လုပ်နေကြတာပါ"လို့ ပြောကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ်၊ ဘယ်သူပို့တဲ့ မေတ္တာတွေ ဘယ်သူ့ဆီ ဘယ်လိုရောက်သွားတယ်

http://www.dhammadownload.com

ဆိုတာ တပည့်တော်တို့လည်း ကြားလည်း မကြားမိဘူး၊ စဉ်းစားကြည့်လို့လဲ သဘောမပေါက်ဘူး၊ ဘယ်လို လုပ်ရောက်နိုင်သလဲ"တဲ့။

သူတို့စကားကို ကြားတဲ့အချိန်မှာ လွတ်ခနဲပြေးပြီး သတိရမိတာကတော့ သမိုင်းပါမောက္ခကြီး ဒေါက်တာသန်းထွန်းကို မန္တလေးက လှေထိုးသားကြီးတစ်ဦးပြောတဲ့စကားပါပဲ၊ လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်ပြီး မန္တလေးကနေ အောက်ပြည်အောက်ရွာအထိ ဧရာဝတီမြစ်ကြောအတိုင်း လှေနဲ့ပဲ စုန်ဆင်းရတော့မယ့် အခြေအနေဆိုတော့ လှေသမားကြီးကို "ဒီလှေကလေးနဲ့ ဒီမြစ်ရိုးကြီးတစ်လျှောက်သွားလို့ အဆင်ပြေနိုင်ပါ့မလား"ဆိုပြီး မေးစမ်းကြည့်တဲ့အခါ လှေသမားကြီးက ဆရာကြီးကို သမိုင်းပါမောက္ခ ဆိုတာလဲ ကြားသိထားလို့ နေမှာပေါ့၊ သမိုင်းမှာ စူဠသမ္ဘဝ၊ မဟာသမ္ဘဝတို့ဆိုတဲ့ မျက်မမြင် ညီအစ်ကိုနှစ်ယောက်ကို ဖောင်ပေါ်တင်ပြီး ဧရာဝတီဖြစ်ရိုးအတိုင်း မျှောလိုက်တယ် ဆိုတာလည်း လူတိုင်းလိုလို ပြောစမှတ်နဲ့ ကြားဖူးနေတယ်လေ၊ ဒါကို ရည်ညွှန်းပြီး လှေသမားကြီးက ဆရာကြီးကို "ဆရာတို့ရယ် ဒီမြစ်ကြောင်းဆိုတာ အကန်းတောင် သွားလို့ရတာပဲဟာ၊ အကောင်းတွေက ဘာမျှားတွေးကြောက်နေစရာရှိလဲ"လို့ ပြန်ပြောပါသတဲ့။

အခုလဲဒီလူတွေကို အဲဒီစကားအတိုင်းမှီပြီး "မေတ္တာပို့တာ ရောက်တယ် မရောက်ဘူးဆိုတာ သြဇီတို့ အမေရိကန်တို့လို နိုင်ငံတွေမှာ တိရစ္ဆာန်တောင် သိနိုင်ကြပါတယ်၊ မောင်ရင်တို့က လူဖြစ်ရက်နဲ့ ဘာကြောင့်မျှား မေတ္တာရောက်လာတာကို မသိရသလဲ"လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီတော့ သူတို့က 'အဲဒီမှာ တိရစ္ဆာန်တွေဆီ မေတ္တာရောက်တာကို ဘယ်လိုလုပ် သိကြတုန်း၊ တိရစ္ဆာန်တွေ သိကြတယ်ဆိုတာကိုရော ဘာနဲ့သက်သေပြနိုင်မှာတုန်း"ဆိုပြီး အတွန့်တက်လာပြန်ပါတယ်။

http://www.dhammadownload.com

မောင်ရင်တို့ ဂြိုဟ်တုသတင်းတွေ ဘာတွေ မကြည့်မိဘူးလား။ ဟိုတစ်လောက ဂြိုဟ်တုသတင်းမှာ ရုပ်မြင်သံကြား လွှင့်ပြနေတာ ပင်လယ်ကမ်းစပ်မှာ သောင်တင်နေတဲ့ ဧရာမဝေလ ငါးကြီးတွေကို ရေနက်ပိုင်းပြန်ရောက်အောင် လူတွေရော စက်လှေတွေ၊ သင်္ဘောငယ်တွေရော ဝိုင်းပြီး သယ်ပို့ပေးနေတာလေ၊ ဝေလငါးကြီးတွေကလည်း ရေနက်ပိုင်းရောက်တော့ ပျော်ပြီးကျွမ်းတွေ ဘာတွေ ပစ်လို့၊ ကယ်ဆယ်ရေးသမားတွေကလည်း ဝမ်းသာပြီး လက်ခုပ်လက်ဝါးတွေ တီးလို့။ အဲဒီသတ္တဝါ တွေဟာ မေတ္တာဓာတ်တွေရသွားတာ မသေချာဘူးလား။ အလွန်ရိုင်းတယ်၊ ကိုက်တတ်တယ်ဆိုတဲ့ ခွေးတွေတောင် သူတို့ကို အစာကျွေးတဲ့လူတွေလာရင် ဝမ်းပန်းတသာ ဆီးကြိုနေတာတွေရော မတွေ့ဖူးဘူးလား၊ အဲဒီ တိရစ္ဆာန်တွေဟာ လူတွေရဲ့ မေတ္တာတွေရောက်လာတာကို သိကြမှာ သေချာပါတယ်။ အခုမောင်ရင်တို့ တတွေကသာ လူဖြစ်လျှက်နဲ့ မေတ္တာတွေ ရောက်လာ တာ မသိကြဘူးဆိုတော့ တိရစ္ဆာန်လောက်မှ အဆင့်အတန်းမရှိရာ ကျမနေဘူးလား။ အဲဒီက သရုပ်ဆောင် မေတ္တာရှင်တွေနဲ့ တို့ဆီက နှုတ်ဆောင်မေတ္တာရှင်တွေ ကွာခြားတာ တစ်ခုကိုလည်း သတိထားမိလိုက်တယ်။ သူတို့တွေ အဲဒီလိုဝေလငါးကြီးတွေကို ကယ်ဆယ်လို့ အောင်မြင်သွားတဲ့အခါ ဝမ်းပန်းတသာ လက်ခုပ်တီးကြ တာပဲရှိတယ်၊ တို့ဆီမှာလို "နင်အသက်တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်ဟေ့"လို့ အတိုးကြီးကြီးနဲ့ အကြွေးမှတ်တာ တော့ မကြားလိုက်မိဘူး။

အေး . . မင်းတို့ မေတ္တာရောက်လာတာ တကယ်ကို မသိကြဘူးဆိုရင်တော့ မှတ်ထား၊ ဒီလောက်အထိ သူတစ်ပါးတွေကို လိုက်ပြီ အပြစ်ပြော၊ ဘာသာရေးနဲ့ပတ်သက်လို့လည်း ဘာမှဟုတ်တိပတ်တိမလုပ်ဘဲ ဘေးထိုင်ဘုပြောနဲ့ ကန့်လန့်တိုက်နေတဲ့ မောင်ရင်

http://www.dhammadownload.com

တို့တတွေကို ခုအထိ ဘယ်သူကမှ ထွက်မရိုက်ကြတာဟာ လူတွေရဲ့ မေတ္တာတွေ မောင်ရင် တို့အပေါ် ရောက်နေလို့ပဲ။ ဒါကို သဘော မပေါက်သေးဘူးဆိုရင် နောက်တစ်ခါ ဒီကိုလာပြီး ဒီလိုအာဘောင် အာရင်းသန်သန်နဲ့ လာပြောကြည့်ပေါ့။ အဲဒီကျတော့မှ မေတ္တာ ရောက်မလာရင် ဘာတွေရောက်လာတတ်တယ်ဆိုတာ မောင်ရင်တို့ လက်တွေ့ကျကျ သဘောပေါက်သွားလိမ့်မယ်"ဆိုတော့ နည်းနည်း ငြိမ်ကျသွားတယ်။

ပြီးတော့မှ "နှုတ်ဆောင် ဗုဒ္ဓဘာသာနဲ့ သရုပ်ဆောင်ဗုဒ္ဓ ဘာသာဆိုတာကို နည်းနည်း ရှင်းပြပါဦး"ဆိုလို့ သူတို့ကိုရှင်းပြလိုက် ရသေးတယ်။

"နှုတ်ဆောင်" ဗုဒ္ဓဘာသာဆိုတာ ဘုရားရှင်အဆုံးအမ တွေကို နှုတ်ကသာဆောင်ပြီး ရွတ်ဖတ်နေကြတယ်၊ ဆိုဆုံးမတဲ့ အတိုင်းတော့ ကာယကံ၊ ဝစီကံမြောက်အောင် လိုက်နာခြင်း မရှိဇ ကိုပြောတာ။ သာဓကအနေနဲ့တော့ ထွေထွေထူးထူး ရှာစရာမလို ပါဘူး၊ တို့ဗုဒ္ဓဘာသာဝင်တော်တော်များများဟာ "သဗ္ဗေသတ္တာ အဝေရာ ဟောန္တု - အစရှိတဲ့ "နှ" (၄) မျိုးနဲ့၊ သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ ဖျက်စီးလိုခြင်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်း ကြပါစေ"ဆိုတာ နှုတ်ကတော့ အမြဲရွတ်နေကြတာပဲ မဟုတ်လား။ တချို့ဆိုရင် ဦးပုညမေတ္တာစာ ထဲကလိုပဲ "မေတ္တာသုတ် တစ်သုတ်လုံး ပုဒ်မပါသိမ်းကျုံးပြီးတော့" တောင် ရွတ်နိုင်ကြသူတွေ မနည်းတော့ဘူး။

တကယ်တမ်း ဘေးရန်နဲ့ တွေ့ကြုံနေရသူတွေ၊ ဆင်းရဲဒုက္ခ ရောက်နေကြသူတွေ၊ အခက်အခဲကျဉ်းထဲကျပ်ထဲ ရောက်ပြီး စိတ်နှလုံးပူပန်နေကြရသူတွေနဲ့တွေ့တော့ ဒီပုဂ္ဂိုလ်တွေ ဘာလုပ် ကြသလဲ "ကျန်းမာချမ်းသာကြပါစေ၊ ဘေးဒုက္ခမှ ကင်းဝေးကြပါစေ"

http://www.dhammadownload.com

ဆိုပြီး နှုတ်ကပဲ ရွတ်ဆိုနေကြတာပဲ။ ဝစီကံမြောက် အကြံဉာဏ် ပေးတာတို့ နှစ်သိမ့်အားပေးစကားပြောတာ တို့တောင်မရှိဘူး။ ကာယကံမြောက် ပေးကမ်းတာ၊ ကူညီတာကတော့ အတော်လေး ဝေးနေကြတာတွေ ရှိတယ်မဟုတ်လား။ တချို့ ကူညီတန်သမျှ ကူညီ ကြပြန်တော့လဲ ကူညီရိုင်းပင်းတဲ့ မေတ္တာစေတနာသန့်သန့် မထားနိုင်ကြဘူး၊ "ဤကောင်းမှုကြောင့်" ဆိုပြီး တောင်းပစ်လိုက်တာ တစ်ဖက်လူက သူ့ဆုတောင်းတွေကြားရတော့ ယူပြီးသာတောင် ပြန်ပေးပြီးထွက်ပြေးချင်လောက် အောင်ပဲ။ သူ့အသက်လွှတ် ပြန်တော့ရော စောစောကပြောသလိုပဲ "နင်အသက်တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်ဟေ့" ဆိုတာလောက်တော့ တောင်းလိုက် တာပဲ မဟုတ်လား။ ဒီလိုပုဂ္ဂိုလ်တွေကျတော့ အလျှုံခံရတဲ့ သူက ဘယ်လိုပြန်ပြီး ဆုပေးရမလဲ၊ ငယ်ငယ်က မဂ္ဂဇင်းကာတွန်း တစ်ခုထဲ မှာ ဖတ်လိုက်ရဖူးတယ်။ သူတောင်းစားခွက်ထဲ သူဌေးလို့ထင်ရတဲ့ ပြောင်ပြောင် ရောင်ရောင် အဝတ်အစားနဲ့လူကြီးက ကျပ်တန် တစ် ရွက်ထည့်လိုက်တော့ သူတောင်းစားက ဆုပေးနေတဲ့ ပုံနဲ့၊ ပုံစာ ထဲမှာ "သာဓုပါဗျာ . . အခုလို ကျွန်တော်မျိုးတောင်းစားရတာကို ငွေတစ်ကျပ်လျှုတဲ့အတွက် သူဌေးမင်းတောင်းစားရတဲ့ ဘဝ ရောက်ရင်လဲ တစ်ကျပ်မက တစ်ဆယ်လောက်ပေးကမ်းသူနဲ့ တွေ့ပါ စေဗျား . . . "တဲ့။ အဲဒီလို ဆုပေးရတော့မည့် ပုံပဲ။

ပိုဆိုးတာကတော့ "နင်အသက်တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်" ဆိုတဲ့ ဆုတောင်းပဲ။ "လွှတ်"ဆိုတဲ့ ကြိယာက ပါဠိ ဘာသာစကားအလိုပြောရမယ်ဆိုရင် အပရဘာဂကြိယာခေါ်တယ်။ နောက်လိုက်ကြိယာပေါ့။ သူ့ရှေ့က ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ လှောင်ပိတ်ခြင်းစတဲ့ ကြိယာတစ်ခုခုဖြစ်ပြီးမှ သုံးလို့ရတဲ့ ကြိယာမျိုးလေ။ ဆယ်ခါလွှတ်ဖို့ဆိုရင်း ဆယ်ခါတိတိ အဖမ်းဆီး

http://www.dhammadownload.com

အချုပ်နှောင်ခံရပြီးမှ ဖြစ်နိုင်တဲ့ကြိယာမျိုးပေါ့။ ဒီဆုတောင်းအတွက် "တောင်းတဲ့ဆု ယခုချက်ချင်းပြည့်ပါစေ"ဆိုလို့ ဆုတောင်းပြည့်သွားမယ်ဆိုရင် ခုချက်ခြင်း ဘာဖြစ်သွားမလဲ။ စဉ်းစားကြည့်ရင် ဆုတောင်းတာလား၊ ကျွန်စာတိုက်နေတာလား တောင် မကွဲတော့ဘူး။ မကြာခင်လေးတင်ကပဲ ချီလီနိုင်ငံမှာ မိုင်းတွင်းပိပြီး မြေအောက်မှာပိတ်မိနေတဲ့ လုပ်သားတွေကို ကယ်တင်ပေးနေတာတွေ ဂြိုဟ်တုကတိုက်ရိုက်လွှင့်ပေးနေတာ တွေ့တယ်မို့လား၊ တစ်ယောက်လွတ်မြောက်လာတိုင်း အားလုံးက ဝိုင်းပြီး သြဘာပေးကြတာလေ။ အဲဒါမျိုး "နင့်အသက်ဆယ်ခါလွတ်၊ ငါ့အသက်ဆယ်ခါလွတ်"လို့ ဆုတောင်းကြည့်ပါလား၊ တကယ်လို့မျှား ဆုတောင်း ပြည့်လိုက်မှဖြင့် ကျွန်စာတိုက်သည်ထက် ဆိုးမသွားလောက်ပေဘူးလား။

ဒါနဲ့စပ်မိလို့၊ အရှေ့တောင်အာရှမှာ ဆူနာမီငလျင်လှုပ်တုန်းက အမေရိကန်မှာ ဘာသာရေးအသင်းအဖွဲ့တွေကလည်း ကူညီရေး လှုပ်ရှားမှုတွေ တတ်နိုင်ရာက ကြိုးစားကူညီကြပါတယ်။ အဲဒီမှာ မိမိနဲ့ အလွန်ရင်းနှီးတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါး ရှိတယ်။ သူက အဲဒီမှာ Ph.D ဘွဲ့အတွက် တက္ကသိုလ်ကြီးတစ်ခုမှာ တက်ရောက်နေတာ။ သူတို့တက္ကသိုလ်ကလည်း ကူညီရေး လှုပ်ရှားမှုတွေ လုပ်ကြတယ်။ လုပ်ကိုင်ဆောင်ရွက်ရင်း စကားစပ်မိကြရာက အဲဒီကပါမောက္ခတစ်ဦးက "ဗုဒ္ဓဘာသာရဟန်းတော်များ အနေနဲ့ဆိုရင် ခုလိုလူတွေသေကျေပျက်စီးပြီး ဒုက္ခအကြီးအကျယ်ကျရောက်တာမျိုးနဲ့ ကြုံတွေ့တဲ့အခါ ဘာတွေများ လုပ်ကြမလဲ"ဆိုပြီး မေးသတဲ့။

ဆရာတော်ကလည်း ဗုဒ္ဓဘာသာတို့ရဲ့ ဓလေ့ထုံးတမ်းကိုပဲ မေးတယ်ထင်ပြီး "တို့ ဗုဒ္ဓဘာသာအလိုအရတော့ သေဆုံးတဲ့ သူတွေအတွက် ရည်မှန်းပြီး ကုသိုလ်ကောင်းမှုပြုပေးမယ်၊ အမျှဝေ

http://www.dhammadownload.com

ပေးမယ်။ ကျွန်ရစ်တဲ့ ဒုက္ခသယ်တွေအတွက်လည်း မေတ္တာ ပို့ပေးကြ တာပေါ့" လို့ ပြန်ပြောလိုက်သတဲ့။ အဲဒီတော့ မေးတဲ့ ပုဂ္ဂိုလ်က "တို့ကတော့ အဲဒါတွေ အရင်မလုပ်ဘူး၊ အရေးကြီးတာက ကျွန်ရစ် တဲ့လူတွေ သိပ်ပြီး ဒုက္ခရောက်နေကြတယ်။ ပူဆွေးဝမ်းနည်းဖြစ် နေကြတယ်။ အဲဒါ သူတို့တွေ စိတ်သက်သာရာ သက်သာကြောင်း လည်း အားပေးစကားတွေ ပြောပေးရမယ်။ လိုအပ်တဲ့ ပစ္စည်းဝတ္ထု တွေကိုလည်း အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံးကူညီပေးပို့ရမယ်။ ဒါဟာ လက်တွေ့ကျတဲ့ လူသားချင်းစာနာစိတ်ပဲ" လို့ ပြန်ပြောပါသတဲ့။ မိတ်ဆွေဘုန်းတော်ကြီးလည်း အဲဒီတော့မှ ကိုယ့်နဖူးကိုယ် ပြန်ရိုက် လိုက်မိတယ်။ "တို့လဲ ဒါတွေ အခုလုပ်နေတာပဲ။ ဒါပေမယ့် ရုပ်ဝတ္ထု ပစ္စည်းက သိပ်ပြီး ပဓာန မကျဘူးလို့ အမှတ်တမဲ့သဘောထားပြီး ကိုယ့်ဓလေ့ထုံးတမ်းကို ပြောလိုက်မိတာ"ဆိုပြီး နောင်တရနေ မိသတဲ့။ ဒါဟာ တကယ့် ကိုယ်တွေ့ကြုံရတဲ့ ကိစ္စပါ။

ဟုတ်တယ်။ သူတို့က ဒီလိုကိစ္စမျိုးတွေမြင်ရတဲ့အခါ

ဒုက္ခပတ္တာစ နိဒ္ဒုက္ခာ - ဒုက္ခရောက်သူတွေ ဒုက္ခမှ လွတ်ကြ ပါစေ။

ဘယပတ္တာစ နိဗ္ဘယာ - ဘေးတွေ့ကြသူတွေ ဘေးကင်းကြ ပါစေ။

သောကပတ္တာစ နိသောကာ - ပူဆွေးဝမ်းနည်းကြသူတွေ စိတ်နှလုံးအေးချမ်းပါစေ"ဆိုတာ မျိုးတွေကို နှုတ်က မရွတ်ဆိုတတ် ကြပေမယ့် အဲဒီလိုဖြစ်အောင် လက်တွေ့သရုပ်ဆောင်ပြကြတယ်။ နှုတ်က ဗုဒ္ဓဘာသာလို့ ထုတ်မပြောပေမယ့် အလုပ်က မြတ်ဗုဒ္ဓ အလို ကျနဲ့ ကိုက်ညီအောင် ဆောင်ရွက်နိုင်ကြတယ်။ အဲဒါကို သရုပ် ဆောင် ဗုဒ္ဓဘာသာတွေလို့ ပြောချင်တာ။

တကယ်တော့ နှုတ်ရော သရုပ်ရော ဆောင်နိုင်ရင်ပိုပြီး ပိပြင်ပြည့်စုံပါလိမ့်မယ်။

http://www.dhammadownload.com

တေးဂီတတစ်ခုမှာ အဆိုချည်းသက်သက် ဖြစ်နေရင်လည်း လူပျင်းသီချင်းညည်းနေသလို ပျင်းစရာကြီးဖြစ်နေမှာပဲ။ အဆိုမပါဘဲ တီးလုံးချည်းဆိုရင်လည်း စွဲငြီးလောက်အောင် ဆွဲဆောင်နိုင်စွမ်းမရှိလို့ ခြောက်ကပ်ကပ်ကြီး ဖြစ်နေမယ်။ အဆိုနဲ့ အတီးအကွက်ကျကျ မြိုင်မြိုင်ဆိုင်ဆိုင် ကလေးမှ ပြီးပြည့်စုံတဲ့ ဂီတရသပေါ်လာသလိုပေါ့။

နှုတ်ဆောင်အနေနဲ့ ဗုဒ္ဓဘာသာ ဝင်တွေရယ်လို့ မြွက်ဆိုခံယူထားခြင်း မရှိပေမယ့် ကာယက၊ ဝစီကံသရုပ်ဆောင်တွေ အနေနဲ့တော့ မြတ်ဗုဒ္ဓအလိုတော်ကျနဲ့ ကိုက်ညီအောင် သရုပ်ဆောင်နိုင်နေကြ သူတို့ရဲ့ ဘဝအခြေခံတည်ဆောက်ပုံနဲ့ပတ်သက်လို့ ဩစတြေးလျမှာရောက်စဉ်က မူကြိုကျောင်းတစ်ခုနဲ့ မူလတန်းကျောင်း တစ်ခုကို စကားပြန်နဲ့အတူ သွားရောက်မေးမြန်း လေ့လာခဲ့ဖူးတယ်။

သက်ရှိသက်မဲ့ပတ်ဝန်းကျင်အပေါ် သူတို့လေးတွေရဲ့ ကောင်းမွန် တဲ့ စရိုက်အခြေခံတွေကို လေ့ကျင့်ပျိုးထောင် ပေးပုံတွေဟာ အတော်လေးကို စိတ်ဝင်စားစရာ၊ အတုယူစရာတွေ တွေ့ရှိရပါတယ်။ " အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ" ဆိုတဲ့ စကားမျိုး တစ်လုံးမှ မပြောဘဲ နိုင်ငံချစ်စိတ်၊ သဘာဝပတ်ဝန်းကျင် ချစ်စိတ်တွေကို တည်ဆောက်မွေးမြူပေးနေတာဖြစ်လို့ မိဘတိုင်း၊ ဆရာတိုင်း၊ ဘာသာသာသနာ မှာတာဝန်ရှိသူတိုင်းရော နိုင်ငံတာဝန်ထမ်းဆောင်ကြမည့် သူတိုင်းအတွက်ပါ အလေးထားလေ့လာသင့်တဲ့ အချက်တွေ အများကြီးတွေ့ရတယ်။

အဲ့ဒြဖို့အကောင်းဆုံးနဲ့ အလေးထားအတုယူဖို့ အကောင်းဆုံးအချက်ကတော့ အကြီးမြင့်ဆုံးဆိုတဲ့ အဆင့်ကို ရောက်စေဖို့ ရည်ရွယ်ပြီး လေ့ကျင့်ပျိုးထောင်ပေးတဲ့နေရာမှာ ကြီးကြီးမားမားကိစ္စကြီးတွေကို ညွှန်ပြပြောဆိုပြီး လေ့ကျင့်

http://www.dhammadownload.com

ပေးတာ မဟုတ်ဘဲ အသေးအမွှားကိစ္စကလေးတွေကို သာအရွယ်နဲ့လိုက်လျောညီထွေလည်းဖြစ်အောင် ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ဝင်တစားဖြစ်လာအောင် စိတ်ရှည် လက်ရှည် ပြုစုပေးနေတဲ့ ကိစ္စလေးတွေပါပဲ။ သူတို့လေးတွေကို ပြုစုပျိုးထောင်ပေးနေပုံကို ကြည့်ရတာ "ခြမ္မားတောင်ပို့လုပ်နေတဲ့ ဥပမာ" ကို ပြေးပြီး သတိရမိသေးတော့တယ်။ တကယ့်ကိုမှ အသေးအမွှားကလေးတွေကိုပဲ စနစ်တကျ တည်ဆောက်ပေးပြီး ကြီးကျယ်မြင့်မားလာအောင် လုပ်ဆောင်နေကြတာ ဖြစ်လို့ပါ။

မူကြိုတန်း(၄-နှစ်လောက်) အရွယ်ကလေးတွေကို ဘာတွေကစပြီး သင်ကြားပေးသလဲဆိုတော့ ပထမဆုံးအခြေခံအနေနဲ့ သင်ကြားပေးတာကတော့ သက်ဆိုင်ရာရဲစခန်းတွေကို ဖုန်းဘယ်လို ဆက်ရတယ်ဆိုတာပါပဲ။ ဒါက အခက်အခဲ တစ်ခုခုနဲ့ ကြုံလာရင်၊ ဥပမာ လူကြီးအဖော်တွေနဲ့ ကွဲသွားတဲ့အခါ၊ ကိုယ့်ကို ခြိမ်းခြောက် ရန်ရှာတာတစ်ခုနဲ့ ကြုံရတဲ့အခါမျိုးတွေမှာ အကူအညီရယူတတ်အောင်ပေါ့။ ပြီးတော့ အိမ်သာကို ဘယ်လိုအသုံးပြုရတယ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးတွေ ဘယ်လိုလုပ်ရတယ်ဆိုတာ သင်ကြားပေးတယ်။ စာအနေနဲ့တော့ ဆိုလို့လွယ်ကူတဲ့ ပျော်စရာ ကဗျာကလေးတွေကို နှုတ်တက်သံပြိုင် ဆိုပေးတာ၊ ဆိုခိုင်းတာပေါ့။ ဘာသာရေး အသိပေးတာတို့၊ နိုင်ငံရေးနဲ့ပတ်သက်တာတို့တော့ ဘာမှဦးနှောက်ခြောက်မခံစေရသေးပါဘူး။

ပြီးတော့ မုန့်စားချိန်တို့ ဘာတို့စတဲ့ တန်းစီပြီး ယူရ၊ သွားရတဲ့အခါတွေမှာ အစဉ်အတိုင်း ကိုယ်ရောက်တဲ့ နေရာကပဲ တန်းစီစေရတယ်။ သူမျှား တန်းစီထားတာကို ကြားဖြတ်မတိုးရဘူး၊ ကြားဖြတ်ဝင်တာ၊ အချောင်လိုက်တာဟာ သူမျှားအခွင့်အရေးကို လုယူတာ

http://www.dhammadownload.com

ဖြစ်တယ်။ ကိုယ်မကြိုက်တာတွေကို သူများအပေါ်လည်း မပြုလုပ်ဖို့ သင်ကြားပေးပါတယ်။

သူတို့လေးတွေကို (၇)ယောက်တစ်စုလောက်စီခွဲပြီး တစ်လ တစ်ခါ နှစ်ခါဆိုသလို ပန်းခြံတို့၊ နိုင်ငံပိုင်ဥယျာဉ်ကြီးတွေတို့၊ တိရစ္ဆာန်ရုံတို့၊ ပင်လယ်ပြတိုက်တို့ကို ခေါ်သွားပြီး ပြပေးပြောပေးတယ်။ အရေးအကြီးဆုံးကတော့ သဘာဝအလှတွေ သစ်ပင်တောတောင်တွေ၊ လိပ်ပြာကလေးတွေ၊ ငှက်ကလေးတွေကစပြီး သက်ရှိသတ္တဝါတွေကို ချစ်ခင်တတ်အောင် ပြောပေးရတာပေါ့။

သစ်ပင်ကလေးတွေဆိုရင် မြက်ကြားထဲမှာ အပွင့်သေးသေးလေးတွေ ပွင့်နေတဲ့ အပင်ကလေးတွေကစပြီး ပန်းပွင့်တဲ့ အပင်၊ အရိပ်ရတဲ့အပင်တွေအထိ သူတို့ရဲ့ အလှကိုခံစားတတ်အောင်၊ သစ်ပင်အရိပ်ကလဲ ဘယ်လိုစိမ်းစိုတယ်၊ အေးမြတယ် ဆိုတာတွေ သင်ကြားပေးတယ်။ ပန်းပွင့်ကလေးတွေပေါ်မှာ လိပ်ပြာကလေးတွေ နားနေတာ၊ အင်းဆက်ပိုးကောင်လေးတွေ သူတို့ ဘာသာဘာဝ သွားလာလှုပ်ရှားနေကြတာတွေကို စိတ်ဝင်စားတတ်အောင်၊ စာနာထောက်ထားတတ်အောင်၊ ကြင်နာ သနားတတ်အောင်၊ ကိုယ်ချင်းစာ တတ်အောင် သင်ပြပေးတယ်။

ဒီကလေးတွေဟာ "သူ့အသက်ကို မသတ်နဲ့ ငရဲကြီးတတ်တယ်" ဆိုတာမျိုး ပြောစရာမလိုဘူး၊ သက်ရှိသတ္တဝါလေးတွေ အပေါ်လည်း ချစ်ခင်တတ်၊ ကြင်နာတတ်တယ်။ သူတို့အတွက် မြက်ခင်းပေါ်ဖြတ်မသွားရ၊ သစ်ပင်မခုတ်ရဆိုတာတွေကို ဆိုင်းဘုတ်ရေးပြစရာမလိုဘူး။ သက်ရှိသက်မဲ့ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတတ်တယ်။ တန်ဖိုးထားတတ်တယ်။ ကောင်းကင်မှာ ကြယ်တွေ၊ လတွေ၊ ရောင်စုံတိမ်တွေနဲ့ လှပသလို မြေပြင်မှာလည်း တောတွေ၊ တောင်တွေ၊ ဥယျာဉ်ပန်းမာလ်တွေ၊ ကျေးငှက် စတဲ့ သတ္တဝါ

http://www.dhammadownload.com

တွေ၊ မြစ်တွေ၊ ချောင်းတွေ၊ ပင်လယ်တွေ၊ ကုန်းနေ ရေနေသတ္တဝါတွေနဲ့ သာယာလှပတယ်၊ ပျော်စရာကောင်းတယ် ဆိုတာလေးတွေကို သူတို့ခံစားတတ်အောင်ပြောပေးပါတယ်။ သက်ရှိသက်မဲ့ပတ်ဝန်း ကျင်အပေါ် တန်ဖိုးထားတတ်လာတဲ့အတွက် လောကကြီး အလှပျက်အောင် အကျည်းတန်အောင် ဘာမှ မလုပ်ရက်တော့ဘူး။ ဒီကလေးတွေဟာ အချင်းချင်းအပေါ်လဲ ကျော်တာ၊ ဖြတ်တာ၊ မတရားလုပ်တာတွေ ဆိုတာကိုလည်း လူယဉ်ကျေးတိုင်း မလုပ်သင့်တဲ့ ကိစ္စတွေဆိုတဲ့ အသိတရား ကိန်းအောင်း လာအောင်နဲ့ ကိုယ်နဲ့နှိုင်းစာပြီး ခံယူတတ်အောင်လေ့ကျင့်ပေးပါသတဲ့။

သူတို့မှာ "ပါဏာတိပါတာ"တွေ၊ "အဒိန္နာဒါန"တွေ နှုတ်က မဆိုတတ်ပေမယ့် သတ္တဝါတိုင်းအပေါ် စာနာတတ်တယ်။ တန်းစီထားတဲ့နေရာတစ်ခုကိုတောင် မတရားသဖြင့် လုမယူတတ်တဲ့အတွက် သူမျှားပစ္စည်း ခိုးဖို့ ဝှက်ဖို့ဆိုတာလည်း အလွန်ရှက်စရာအဖြစ် အငယ်ကတည်းက ခံယူတတ်သွားပါသတဲ့။ မိဘကရော ဆရာတွေကရော လူသားအချင်းချင်းရော ဘယ်တော့မှ ခြောက်လှန့်တာ၊ ကြိမ်းမောင်း ငေါက်ငန်းတာ မလုပ်တဲ့အတွက် ကြောက်လန့်စိတ်၊ သိမ်ငယ်စိတ်ဆိုတာတွေ မရှိကြလို့ ဉာဏ်ရည် ဉာဏ်သွေးတွေလည်း ကောင်းတယ်၊ သတ္တိရှိရှိ လေ့လာတာ၊ စမ်းသပ်တာ၊ တီထွင်တာတွေလည်း လုပ်ရဲလာပါသတဲ့။

ပင်လယ်ဆိုင်ရာ ပြတိုက်တွေမှာဆိုရင် ကလေးငယ်ငယ်လေးတွေကို ကိုင်နိုင်အောင် ငါးလိပ်ကျောက်တို့လို ငါးတွေကို အုတ်ကန်ပက်လက်ကလေးတွေမှာ ရေစပ်စပ်ကလေးတွေနဲ့ ထားပေးတယ်။ ဘယ်သတ္တဝါမှ ကြောက်စရာဆိုတာ မရှိဘူး။ ဆော့ကစားစရာအဖော်တွေပဲဆိုတဲ့ အသိရောက်အောင် လက်တွေအကိုင်ခိုင်းတယ်။ အဲဒီတော့ ဒီကလေးတွေဟာ ကြောက်ရွံ့ခြင်းလည်း ကင်း

http://www.dhammadownload.com

တယ်၊ ညှင်းဆဲ သတ်ဖြတ်လိုစိတ်လည်း ကင်းတယ်၊ ပတ်ဝန်းကျင် သက်ရှိ သက်မဲ့သဘာဝအလှတွေကို တန်ဖိုးထားတတ်တယ်ဆိုတဲ့ အကြောင်း ဆရာဆရာမတွေက မိမိမေးသမျှကို စိတ်ရှည်လက်ရှည်ပဲ ရှင်းပြကြပါတယ်။

ဒါကြောင့်လဲ သူတို့လေးတွေဟာ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရာမှာ မြတ်ဗုဒ္ဓရဲ့စကားတွေကို နှုတ်မဆောင်တတ်ပေမယ့် မြတ်ဗုဒ္ဓ အလိုကျတော့ သရုပ်ဆောင်တတ်လာတယ်လို့ သဘောပေါက်ခွင့်ရခဲ့ပါတယ်။ မိဘတိုင်း၊ ဆရာတိုင်း၊ နိုင်ငံကို စိမ်အုပ်ချုပ် ညွှန်ကြားကြမည့်သူတိုင်း အလေးထားသင့်တဲ့ အသေးအမွှားလေး ပေါင်းများစွာကို လူမှန်းသိတတ်စ အရွယ်ကတည်းက မွေးရာပါ ကိုယ်ကျင့်တရားတစ်ခုလို ဖြစ်အောင် ပြုစုပျိုးထောင်ထားကြသူတွေပါလားလို့လည်း မုဒိတာပွားရင်း အားကျမိခဲ့ပါတယ်။

သူတို့လေးတွေ အပင်ကလေးတွေကို တန်ဖိုးထားချစ်ခင်ကြတာ၊ အကောင်ကလေးတွေကို စိတ်ဝင်တစားနဲ့ အလှတရား တစ်ခုလို ကြည့်ရှုချစ်ခင်တတ်တာတွေကို ကြည့်ပြီး "ပါဏာတိပါတာ" စသည်ကို နှုတ်တက်ရွတ်ဆိုနိုင်တဲ့ မိမိတို့ရဲ့ ကလေးငယ်တွေ အပင်တွေကို အပျင်းပြေ တုတ်နဲ့ ရိုက်ဆော့နေကြတောတွေ၊ အကောင်ငယ်လေးတွေကို ရော်ဘာကွင်းနဲ့ပစ်၊ လေးခွနဲ့ပစ် လက်ဆော့နေကြတာတွေကို ပြန်တွေးပြီး မချင့်မရဲနဲ့ ရှက်ရွံ့သလိုလည်း ခံစားခဲ့ရပါတယ်။

နှုတ်ဆောင်တတ်ဖို့ထက် သရုပ်ဆောင်တတ်ဖို့က အရေးကြီးတာကို ကိုယ်တွေ့သိမြင်လာတဲ့အခါ "ငါဘုရားရှင်ကို ပူဇော်ခြင်းအားလုံးထဲမှာ အဆုံးအမအတိုင်းလိုက်နာ ကျင့်သုံးပြီး ပူဇော်ခြင်းဟာ အမြတ်ဆုံး ပူဇော်ခြင်းဖြစ်တယ်"ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်ကိုလည်း အလေးအနက်သဘော ပေါက်ကြည်ညိုမိသွားပါ တယ်။

http://www.dhammadownload.com

ဒီလောက်ဆိုရင် နှုတ်ဆောင်နဲ့ သရုပ်ဆောင်တို့ရဲ့ ခြားနားချက်ကို သဘောပေါက်လောက်ပြီထင်ပါတယ်။

တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးစကားနဲ့ ပြောရမယ်ဆိုရင်တော့ "ဘုန်းကြီးတို့က နှုတ်နဲ့အော်နေတဲ့ အကောင်းတွေကို သူတို့က အလုပ်နဲ့ သရုပ်ဆောင်ပြီး အသုံးချ သွားကြတယ်။ အဲဒီတော့ ကိုယ်က နှုတ်ကပဲ ညွှန်ကြားနေတဲ့ ဒါရိုက်တာလိုဖြစ်နေတာပေါ့။ သူတို့ကတော့ သရုပ်ဆောင်ကြတဲ့ မင်းသား မင်းသမီးတွေလိုဖြစ်ပြီး ကြည့်ကြသူတွေ၊ တွေ့မြင်ကြ သူတွေက သူတို့ကိုပဲ တမ်းတမ်းစွဲ ချစ်ခင်ကြတာပေါ့။ သူတို့ပဲ ဆုတွေ ဘာတွေရသလို ကောင်းကျိုး ချမ်းသာတွေလည်း ရကြ တာပေါ့"တဲ့။ (အမရပူရမြို့၊ တောင်လေးလုံးကျောင်းမှာ ဆရာတော်ကြီးနဲ့တွေ့စဉ်က မိန့်ကြားတဲ့စကား)

မေတ္တာကို ဥပစာရစျာန်မြောက်အောင် ပွားများတဲ့နေရာမှာ အဲဒီလိုပဲ လိုအပ်ရင် လိုအပ်သလို နှုတ်ရော သရုပ်ရော ပြည့်စုံအောင် ဆောင်ရွက်ပြီးပွားများမယ်ဆိုရင် မေတ္တာအကျိုးတွေလည်း မုချရမှာ မလွဲပါဘူး။ မိမိအနေနဲ့ ဒီလောက်ပဲ ပြောသင့်လို့ ပြောတာပါ။ သရုပ် ဆောင်မေတ္တာတွေဟာ အုံ့ဩလောက်အောင် လက်တွေ့အကျိုး ကြီး မားကြတာတွေ၊ အစဉ်အလာက မျက်နှာချင်းဆိုင်မရ လောက် အောင်ဖြစ်ခဲ့ကြတဲ့ ဟိုဘက်ရွာ၊ ဒီဘက်ရွာအကွဲတွေ၊ တစ်ရွာတည်း ဟိုဘက်ပိုင်း ဒီဘက်ပိုင်း အကွဲတွေ၊ သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး အကွဲ တွေ ရင်ကြားစေ့ပြီး လက်တွဲ ညီညွတ်သွားကြတာတွေ ကိုယ်တွေ့ ကိုယ်ကြုံ မနည်းပဲရှိပါတယ်။

ပဌာန်းနဲ့ပတ်သက်ပြီး မိတ်ဆက်သဘောမျိုးနဲ့ လိုတိုရှင်း လောက်ပဲ ရေးမယ်လို့ စိတ်ကူးခဲ့ပေမယ့် ရေးရင်း ရေးရင်း သိစေချင် တာလေးတွေ ပိုပိုလာလို့ စာတွေလည်း တဖြည်းဖြည်း ရှည်ရှည်

http://www.dhammadownload.com

လာနေပြီ။ ဗျာနပစ္စည်းနဲ့ ပတ်သက်ပြီးတော့လည်း ဒီလောက်ဆို တော်ဦးမှပဲ။

ကောင်းတဲ့ ကိစ္စတွေမှာ "ဗျာန်"လို့ သတ်မှတ်နိုင်အောင် နှုတ်ဆောင်ရော သရုပ်ဆောင်ပါ လိုအပ်သလို စူးစိုက်ပွားများ ကြိုးစားနိုင်ကြပါစေလို့ တိုက်တွန်းလိုက်ပါတယ်။

❑

http://www.dhammadownload.com

"မဂ္ဂပစ္စည်း"

"မဂ္ဂ"ဆိုတဲ့ပါဠိစကားကို တိုက်ရိုက်မြန်မာပြန်မယ်ဆိုရင် "လမ်းခရီး"လို့ အဓိပ္ပာယ်ရပါတယ်၊ "မဂ္ဂပစ္စည်း"ဆိုတာလဲ ခရီးလမ်းကြောင်းအဖြစ်နဲ့ ကျေးဇူးပြုပေးတတ်တဲ့ အကြောင်းတရားပဲ ဖြစ်ပါတယ်။

ပကတိလူတို့ သွားလာရာလမ်းခရီးများဟာ အတက်လမ်း၊ အဆင်းလမ်း၊ ကောင်းရာသွားတဲ့ လမ်း၊ မကောင်းရာသွားတဲ့ လမ်းဆိုတာတွေရှိသလို တရားလမ်းကြောင်းဖြစ်တဲ့ "မဂ္ဂ"မှာလဲ အထက်သုဂတိဘုံကို ရောက်စေတဲ့ အတက်လမ်း၊ အောက်ဖြစ်တဲ့ အပါယ်လေးဘုံတို့ကို ရောက်စေတဲ့ အဆင်းလမ်းဆိုတာရှိပါတယ်။

ခြားနားတာကတော့ ပကတိလမ်းတွေမှာ ကုန်းကြောင်းလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းဆိုပြီး သုံးမျိုး သုံးစားရှိပေမယ့် မဂ္ဂလမ်းမှာတော့ အဲဒီလိုသုံးမျိုးသုံးစား ခွဲခြားပြတာ တိုက်ရိုက်အားဖြင့် မတွေ့ရပါဘူး။ သံသရာခရီးဆိုတာ ဗုဒ္ဓဘာသာဝင်တို့ ကြားဖူးနားဝရှိထားပြီးဖြစ်တဲ့အတိုင်း စိတ်ချလက်ချ တည်ငြိမ်ခိုင်မာတဲ့ ထောက်ရာ တည်ရာရယ်လို့ မရနိုင်တဲ့အတွက် သမုဒ္ဒရာ

http://www.dhammadownload.com

ရေအလျဉ်နဲ့တူတယ်လို့ မြတ်ဗုဒ္ဓကိုယ်တိုင်က ခိုင်းနှိုင်း သတ်မှတ်ထား ပါတယ်။ ဒါကြောင့် သံသရာခရီးသွားတို့ရဲ့ ဓမ္မလမ်းကြောင်းကိုလဲ "ရေလမ်းကြောင်း"အဖြစ်နဲ့သာ တင်စားသုံးနှုန်းပါတယ်။

ရေကြောင်းလမ်းမှာ အစုန်လမ်း၊ အဆန်လမ်းရယ်လို့ရှိသလို သံသရာခရီးသည်တို့ရဲ့ ဓမ္မလမ်းမှာလဲ အသိမှား အမြင်မှား ဦး ဆောင်တဲ့ ရေစုန်လမ်းနဲ့ အသိမှန်အမြင်မှန်ဦးဆောင်တဲ့ ရေဆန် လမ်းရယ်လို့ နှစ်မျိုးခွဲပြောလေ့ရှိပါတယ်။ မြတ်ဗုဒ္ဓကိုယ်တော် တိုင်ကလဲ သမ္မာဒိဋ္ဌိဦးဆောင်တဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို "ပဋိ သောတဂါမီ = ရေဆန်လမ်း"လို့ သုံးနှုန်းပါတယ်။

ဓမ္မလမ်းကြောင်းဟာ ရေကြောင်းလမ်းသာဖြစ်လို့ ဒီလမ်းမှာ သွားလာအသုံးပြုတဲ့ အင်္ဂါရပ်အစိတ်အပိုင်း(မဂ္ဂင်)တွေကိုလဲ ရေလမ်း သုံး ယာဉ်များဖြစ်တဲ့ လှေ,ဖောင်,သင်္ဘောတို့နဲ့ တင်စား ပြောဆို လေ့ရှိတာကို ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးနားဝရှိကြပြီးသားပါ။ "ရွှေဖောင်မဂ္ဂင်၊ သင်္ဘောယာဉ်နှင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူ သည်" စတဲ့ ဘုရားရှင် ဂုဏ်တော်ပြ လင်္ကာမှာ ပါသလိုမျိုးပေါ့။

အဌကထာဆရာကလဲ မဂ္ဂပစ္စည်းကို ကူးတို့ သင်္ဘောနဲ့ပဲ ခိုင်းနှိုင်းဖွင့်ဆိုပါတယ်။ ဒါကြောင့် နိဿယပြန်တဲ့ ဆရာတော် ဘုရားကြီးကလဲ -

"မဂ္ဂပစ္စယော= ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့ မသွေ၊ သဟေတုကတ်၊ သဟဇာတ်အား၊ ဆယ့်သုံးပါးတွင်၊ ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြစ်လှစ်ဆူလှယ်၊ ထုတ်ဆယ် ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆယ့် နှစ်ပါး ပစ္စည်းတရားဂင်း" လို့ ပြန်ဆိုပါတယ်။

http://www.dhammadownload.com

ဗုဒ္ဓဘာသာဝင် အများစုတို့အနေနဲ့ "မဂ္ဂင်"လို့ ဆိုလိုက်ရင် နိဗ္ဗာန်ရောက်ကြောင်းကောင်းတဲ့လမ်း အဖြစ်နဲ့သာ အသိများကြပြီး အရေအတွက်အားဖြင့်လဲ "မဂ္ဂင်ရှစ်ပါး"လို့သာ အသိများကြပါတယ်။ အမှန်ကတော့ အထက်မှာပြောခဲ့သလိုပဲ ကောင်းတဲ့လမ်း၊ မကောင်းတဲ့လမ်း စသည်ဖြင့် နှစ်မျိုးကွဲပြားတဲ့အတွက် မဂ္ဂင်တွေမှာလဲ ကောင်းရာရောက်အောင် ပို့ဆောင်ပေးတဲ့ ကုသိုလ်မဂ္ဂင်ဆိုတာ ရှိသလို မကောင်းရာရောက်အောင် ပို့ဆောင်ပေးတဲ့ အကုသိုလ် မဂ္ဂင်ဆိုတာလဲ ရှိပါတယ်။ ကုသိုလ် မဂ္ဂင်တွေကို သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်၊ အသိမှန်၊ အယူမှန်(ပညာ) တရားက ဦးဆောင်တဲ့အတွက် သမ္မာမဂ္ဂလို့ ပဓာနနည်းနဲ့ ခေါ်နိုင်ပါတယ်။ အကုသိုလ်မဂ္ဂင်တွေ ကတော့ အမြင်မှား၊ အသိမှား၊ အယူအဆမှားဆိုတဲ့ မိစ္ဆာဒိဋ္ဌိ(ဒိဋ္ဌိ)က ဦးဆောင်တဲ့အတွက် မိစ္ဆာမဂ္ဂလို့ ခေါ်ရမှာပေါ့။

သမ္မာလမ်းမှာ ပါဝင်တဲ့ ကုသိုလ်မဂ္ဂင်တွေကတော့ -

(၁) သမ္မာဒိဋ္ဌိ - ကောင်းမွန်မှန်ကန်တဲ့အသိအမြင် အယူအဆ၊

(၂) သမ္မာသင်္ကပ္ပ - ကောင်းမွန်မှန်ကန်တဲ့ အတွေးအကြံ၊

(၃) သမ္မာဝါစာ - ကောင်းမွန်မှန်ကန်တဲ့ အပြောအဆို၊

(၄) သမ္မာကမ္မန္တ - ကောင်းမွန်မှန်ကန်တဲ့ အလုပ်၊

(၅) သမ္မာအာဇီဝ - ကောင်းမွန်မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းမှု (စီးပွားရှာမှု)၊

(၆) သမ္မာဝါယာမ - ကောင်းမွန်မှန်ကန်တဲ့ အားထုတ်မှု၊

(၇) သမ္မာသတိ - ကောင်းမွန်မှန်ကန်တဲ့ သတိ၊

(၈) သမ္မာသမာဓိ - ကောင်းမွန်မှန်ကန်တဲ့ တည်ကြည်မှု

ဆိုတဲ့ မဂ္ဂင်ရှစ်ပါးဖြစ်ပါတယ်။ ဒါက ဗုဒ္ဓဘာသာဝင်တိုင်း သိထားတဲ့ မဂ္ဂင်ရှစ်ပါးပါပဲ။

http://www.dhammadownload.com

မိစ္ဆာလမ်းမှာ ပါဝင်တဲ့ အကုသိုလ်မဂ္ဂင်တွေက -

(၁) မိစ္ဆာဒိဋ္ဌိ = မှားယွင်းတဲ့ အသိအမြင် အယူအဆ၊

(၂) မိစ္ဆာသင်္ကပ္ပ = မှားယွင်းတဲ့ အတွေးအကြံ၊

(၃) မိစ္ဆာဝါယာမ = မှားယွင်းတဲ့ အားထုတ်မှု၊

(၄) မိစ္ဆာသမာဓိ = မှားယွင်းတဲ့ တည်ငြိမ်မှုတို့ပဲ ဖြစ်ပါတယ်။

ကုသိုလ်မဂ္ဂင်(၈)ပါး၊ အကုသိုလ်မဂ္ဂင်(၄) ပေါင်း မဂ္ဂင် (၁၂) ပါး ရှိပါတယ်။ လမ်းနှစ်မျိုးလုံးမှာပါနေတဲ့ သင်္ကပ္ပ၊ ဝါယာမ၊ သမာဓိတို့ကို တစ်ပေါင်းတည်းပြုပြီးပြောမယ်ဆိုရင်တော့ မဂ္ဂင်(၉) ပါးရှိပါတယ်။ သမ္မာမဂ္ဂင်တွေနဲ့ သွားတဲ့လမ်းကို အတက်လမ်း၊ သုဂတိနိဗ္ဗာန်လမ်း၊ အဆန်လမ်းလို့ ခေါ်ဆိုသတ်မှတ် ပါတယ်၊ မိစ္ဆာမဂ္ဂင်တွေနဲ့သွားတဲ့ လမ်းကိုတော့ အဆင်းလမ်း၊ ဒုဂ္ဂတိအပါယ်လမ်း၊ အစုန်လမ်းလို့ ခေါ်ဆိုသတ်မှတ်ပါတယ်။ နိဿယပြန်တဲ့ ဆရာတော်ကတော့ သမ္မာမဂ္ဂင်တွေက ကောင်းမွန် မှန်ကန်မြင်မြတ်ပြီး အပြစ်ကင်းတဲ့အတွက် ဖြူစင်တဲ့လမ်း၊ မိစ္ဆာမဂ္ဂင်တွေက ဆိုးညစ် ယုတ်မာပြီး အပြစ်ချေးညော်တွေ ထူပြောတဲ့အတွက် အမည်းလမ်းလို့ သတ်မှတ်ခေါ်ဆိုပါတယ်။

ပုထုဇဉ်တို့ရဲ့ သံသရာခရီးလမ်းဆိုတာကတော့ တိကျတဲ့ ဦးတည်ချက်ရယ်လို့ အခိုင်အမာမရှိကြတဲ့အတွက် ဖြူစင်တဲ့ လမ်းနဲ့ မည်းညစ်တဲ့လမ်းတို့မှာ တက်ချည် ဆင်းချည်း၊ ကူးချည် သန်းချည်၊ စုန်ချည် ဆန်ချည် သွားလာနေကြ ရတာပါ။ ဒါကြောင့်လဲ နိဿယပြန်တဲ့ ဆရာတော်က "ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လစ်ဆူလှယ်" လို့ ဆိုလိုက်တာပါ။

ဒီလမ်းနှစ်သွယ်ကို အသေအချာသတိထား လေ့လာကြည့်မယ်ဆိုရင် ကောင်းမွန်မှန်ကန်ပြီး သုဂတိဘုံဘဝက စလို့ နိဗ္ဗာန်အထိ

http://www.dhammadownload.com

ဆိုက်ရောက်စေတဲ့ သမ္မမဂ္ဂကို သမ္မာဒိဋ္ဌိဆိုတဲ့ ကောင်းမွန်မှန်ကန်တဲ့ အတွေးအမြင် အယူအဆကဦးဆောင်တယ်၊ ဆိုးဝါးမှားယွင်းခဲ့ပြီး အပါယ်ဒုဂ္ဂတိကို ဆိုက်ရောက်စေတဲ့ မိစ္ဆာမဂ္ဂကို မိစ္ဆာဒိဋ္ဌိဆိုတဲ့ မှားယွင်းယုတ်ညံ့တဲ့ အတွေးအမြင်အယူအဆက ဦးဆောင်နေတာကို သတိပြုမိကြပါလိမ့်မယ်။

(ဒီနေရာမှာ အဘိဓမ္မာသုံးဝေါဟာရ ခေါ်ဆိုသတ်မှတ်ပုံကို နည်းနည်းလေး ကြားညှပ်ပြောချင်ပါတယ်။ အများနားလည် အသုံးပြုနေတဲ့ "အမြင် အယူအဆ"ဆိုတဲ့ မြန်မာစကားကို အဘိဓမ္မာဝေါဟာရအားဖြင့် "ဒိဋ္ဌ"လို့ ခေါ်ပါတယ်။ ကောင်းတဲ့ အမြင်ကောင်းတဲ့အယူအဆပဲဖြစ်ဖြစ်၊ မကောင်းတဲ့အမြင် မကောင်းတဲ့ အယူအဆပဲဖြစ်ဖြစ် "ဒိဋ္ဌ"ချည်းပါပဲ။ ဒီနှစ်မျိုးကို ကွဲပြားဖို့အတွက် ရှေ့မှာ သမ္မာ(ကောင်းမွန်မှန်ကန်)ဆိုတဲ့ ဝိသေသနပုဒ်နဲ့ မိစ္ဆာ (ဆိုးဝါးမှားယွင်း) ဆိုတဲ့ ဝိသေသနပုဒ်များနဲ့ တွဲသုံးရပါတယ်။ ဒါပေမယ့် ဒီနေ့ဗုဒ္ဓဘာသာဝင်များအနေနဲ့တော့ ကောင်းမွန်မှန်ကန်တဲ့ အမြင် အယူအဆကို "သမ္မာဒိဋ္ဌ"လို့ ခေါ်ဆိုသုံးစွဲပြီး ဆိုးဝါးမှားယွင်းတဲ့ အမြင်နဲ့ အယူအဆကိုတော့ ဘာဝိသေသနမှမတွဲပဲ "ဒိဋ္ဌ"လို့သာ အသုံးများနေကြပါတယ်။ ဒါကို ကြားညှပ်ပြီး ရှင်းပြနေရတာကတော့ ပိဋကတ်တော်များမှာ "ဒိဋ္ဌ"ဆိုတဲ့ ပါဠိစကားကို အချို့နေရာများမှာ "အသိဉာဏ်၊ပညာ" ဆိုတဲ့ အဓိပ္ပာယ်မျိုး နဲ့သုံးထားတာ တွေ့တတ်လို့ပါ။ ကိုယ်က ဒိဋ္ဌဆိုတာ "အယူမှား၊ အမြင်မှားကြီး"လို့သာ နားလည်ထားတဲ့အတွက် ဇဝေဇဝါဖြစ်သွားတတ်ပါတယ်၊ (မိမိကိုယ်တိုင် စာသင်ခါစက ကြုံတွေ့ရဖူးလို့ပါ)၊ "ဒိဋ္ဌ"ဆိုတာ အမှန်မြင် အမှားမြင် နှစ်ခုလုံးနဲ့ဆိုင်တဲ့ "အမြင်"ဖြစ်တယ်ဆိုတာ သဘောပေါက်လာတော့မှ ဒီသံသယကင်းသွားပါတယ်။)

မိမိခံယူထားတဲ့ "အမြင် အယူအဆ"အတိုင်း ကျင့်ကြံအား

http://www.dhammadownload.com

ထုတ်နေခြင်းဟာ ဖြူစင်ရာကနေ မည်းညစ်ရာကို ရောက်အောင်၊ မည်းညစ်ရာကနေ ဖြူစင်ရာရောက်အောင် ထုတ်ဆောင်ပြီး ထွက်ခွါသွားနေကြတာပဲဖြစ်လို့ "ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လစ်ဆူလှယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်း ဟူသော မဂ္ဂသတ္တိထူးဖြင့်" လို့ နိဿယပြန်လိုက် တာပါ။

လမ်းစဉ်တစ်ခုအတိုင်း လိုက်နာကျင့်သုံးတယ်ဆိုတာ ပထမ ဆုံး အတွေးအမြင် အယူအဆတစ်ခုကို လက်ခံလိုက်တယ် (ဒိဋ္ဌိ)။ ပြီးတော့ ဒီအမြင် အယူအဆကို ပုံဖော်နိုင်ဖို့အတွက် ကြံစည်စဉ်းစား တယ်(သင်္ကပ္ပ)။ ပြီးတော့ ကံသုံးမျိုးနဲ့ ပုံဖော် ဆောင်ရွက်တယ် (ဝါယာမ)။ပြီးတော့ ဒီလမ်းစဉ်အပေါ်မှာ စိတ်ကို စူးစိုက်ချထား တယ်(သမာဓိ) ဆိုပြီး အကြမ်းဖျဉ်းတော့ လိုက်နာမှုအဆင့်လေးဆင့် ရှိပါတယ်။ ဘယ်လိုအဖြေမှန်နဲ့ ဘယ်လိုကောင်းကျိုးမှ မဖြစ်ထွန်းတဲ့ မိစ္ဆာမဂ္ဂမှာ ဒီအဆင့်လေးဆင့်သာ ဆောင်ရွက်စရာရှိတဲ့အတွက် ဒီမဂ္ဂင်လေးမျိုးပဲရှိပါတယ်။

အဖြေမှန်ထွက်ပြီး ကောင်းကျိုးအဆက်ဆက်ဖြစ်စေ တတ်တဲ့ သမ္မာမဂ္ဂ ခေါ် နိဗ္ဗာန်ဆီ ဦးတည်တဲ့လမ်းစဉ်ဆိုတာကတော့ သဗ္ဗညုဘုရားရှင်တို့သာ ဖော်ထုတ်တွေ့ရှိတဲ့ လမ်းစဉ်ဖြစ်ပါတယ်၊ ဒီလမ်းစဉ်မှာတော့ မိစ္ဆာမဂ္ဂထက်ပိုပြီး စနစ်ကျတဲ့ အသေးစိပ် ဆောင်ရွက်လေ့ကျင့်စရာတွေ ပါဝင်နေတဲ့အတွက် မဂ္ဂင်တရားပေါင်း ရှစ်ပါးအထိ ပါဝင်တာကို ဘုရားရှင်ကိုယ်တော်တိုင် တွေ့မြင်ကျင့်သုံး ခဲ့ပြီး တပည့်တို့ကိုလဲ ဟောကြားတော်မူခဲ့ပါတယ်။

ဒီသမ္မာမဂ္ဂင်ရှစ်ပါးမှာ ကျင့်သုံးမှု(သိက္ခာ)ပိုင်းအနေနဲ့ သုံးပိုင်း သုံးအုပ်စုကွဲပြားပါတယ်။ ကောင်းမွန်မှန်ကန်တဲ့ အသိအမြင် (သမ္မာဒိဋ္ဌိ)နဲ့ ကောင်းမွန်မှန်ကန်တဲ့ တွေးတောကြံစည်မှု (သမ္မာ သင်္ကပ္ပ)တို့က သိမြင်မှုနဲ့ ပတ်သက်တဲ့ ကျင့်စဉ်များဖြစ်လို့ ပညာ သိက္ခာမဂ္ဂင် (၂)ပါးလို့ ခေါ်ပါတယ်။

http://www.dhammadownload.com

ကောင်းမွန်မှန်ကန်တဲ့ ပြောဆိုမှု(သမ္မာဝါစာ)၊ ကောင်းမွန်မှန်ကန်တဲ့ လုပ်ဆောင်မှု(သမ္မာကမ္မန္တ)၊ ကောင်းမွန်မှန်ကန်တဲ့ စီးပွားရှာဖွေ အသက်မွေးဝမ်းကျောင်းမှု (သမ္မာအာဇီဝ)တို့ကတော့ ကိုယ်ကျင့်တရားပိုင်း ဆိုင်ရာကျင့်စဉ်များဖြစ်လို့ သီလသိက္ခာ မဂ္ဂင်(၃)လို့ ခေါ်ပါတယ်။

ကောင်းမွန်မှန်ကန်တဲ့ ပြောဆိုမှု(သမ္မာဝါယာမ)၊ ကောင်းမွန်မှန်ကန်တဲ့ သတိထားမှု(သမ္မာသတိ)၊ ကောင်းမွန်မှန်ကန်တဲ့ တည်ကြည်မှု(သမ္မာသမာဓိ)တို့ကတော့ စိတ်ဓာတ်တည်ငြိမ် ခိုင်မာရေးဆိုင်ရာ ကျင့်စဉ်များဖြစ်လို့ သမာဓိသိက္ခာမဂ္ဂင်(၃)ပါးလို့ ခေါ်ပါတယ်။

မဂ္ဂင်ရှစ်ပါးကို အခုဟောထားတဲ့အစဉ်အတိုင်း ကြည့်မယ်ဆိုရင် ပညာသိက္ခာ၊ သီလသိက္ခာ၊ သမာဓိသိက္ခာဆိုပြီး အစဉ်အတိုင်းဖြစ်နေပါတယ်။ ဒါက ဟောတော်မူတဲ့ ဒေသနာအစဉ် (ဒေသနာက္ကမ) ဖြစ်ပါတယ်။ သာဝကတို့ ကျင့်သုံးရမည့် အစီအစဉ် (ပဋိပတ္တိက္ကမ) အရဆိုရင်တော့ သီလသိက္ခာက စပြီးကျင့်ရမှာပါ။

"သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော ။ သီလကို အခြေခံပြီး ပွားများတဲ့ သမာဓိ သိက္ခာသာလျှင် အကျိုးအာနိသင်စွမ်းရည်ထက်မြက်တယ်"

"သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ ။ သမာဓိကို အခြေခံပြီး ပွားများတဲ့ ပညာသိက္ခာသာလျှင် အကျိုးအာနိသင်စွမ်းရည်ထက်မြက်တယ်" ဆိုတဲ့ ညွှန်ပြချက် အတိုင်းပေါ့။

ကျင့်စဉ်အရ သီလမဂ္ဂင်ကစပြီး ကျင့်ရမှာဖြစ်ပါလျက် ဟောစဉ်မှာ ဘာကြောင့် ပညာမဂ္ဂင်ကစပြီး ဟောတော်မူရတာလဲ။ ဒါလဲ တွေးမယ်ဆို တွေးစရာ၊ မေးမယ်ဆို မေးစရာပါ။

http://www.dhammadownload.com

ဒါနဲ့ပတ်သက်လို့ ဒဿနပညာရှင်များ အဓိပ္ပာယ် ကောက်ယူရှင်းပြတာကတော့ ပြီးပြည့်စုံတဲ့ အသိပညာ တစ်ခုရရှိ ရေးမှာ အင်္ဂလိပ်အက္ခရာနဲ့ ဆိုရင် (N) သဘောမျိုး၊ မြန်မာ အက္ခရာနဲ့ ဆိုရင်တော့ (လ) ဆိုတဲ့ အက္ခရာသဘောမျိုးရှိတယ် လို့ဆိုပါတယ်။ ဒီအက္ခရာတွေကို ရေးသားတဲ့အခါ ပထမဆုံးအောက်ခြေကနေ အထက်ကိုတက်သွားတယ်၊ ပြီးတော့ အောက်ခြေထိ ပြန်ဆင်း တယ်၊ ပြီးတော့မှ အထက်ကို ပြန်တက်ပြီး အဆုံးသတ်ထားတယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

သိက္ခာသုံးပါးကို ကျင့်သုံးရာမှာလဲ ဒီသဘောမျိုးနဲ့ အလားတူပါတယ်။ ပထမဆုံး ပညာသိက္ခာကို အောက်ခြေက စပြီး သင်ယူသိ (ပရိယတ္တိ)အဖြစ်နဲ့ အထက်ကို (နားလည်သဘော ပေါက်သည့် တိုင်အောင်)လေ့လာသင်ယူရပါတယ်။ ပြီးတော့မှ လက်တွေ့ကျင့်သုံးမှု (ပဋိပတ္တိ)အလုပ်ကို အောက်ခြေကပဲ ပြန်စပြီး ကျင့်သုံးရ တယ်။ နောက်ဆုံးတော့ အသိဉာဏ်အဆင့်ဆင့် တိုးတက် လာတဲ့ အခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ အထွတ်အထိပ် ပဋိဝေဓ အဆင့်ကို တက်ရောက်သွားတာပါ။ သီလသိက္ခာရဲ့ ရှေ့မှာလဲ ပညာသိက္ခာက ပရိယတ္တိပညာအနေနဲ့ ရှိရမှာဖြစ်သလို အဆုံးမှာတော့ ပြီးပြည့်စုံတဲ့ ပဋိဝေဓပညာနဲ့ ဆုံးရပါတယ်။

ဒါကြောင့် ပညာသိက္ခာကို အစဦးဆုံးထားပြီး ဟောတော်မူတယ်လို့ သဘောပေါက်ကြည်ညိုမိပါတယ်။

အဋ္ဌကထာဆရာတော်တို့ကလဲ -

သမ္မာဒိဋ္ဌိ(အမြင်မှန်မှု)က မဂ်ရဲ့ရှေ့အဖို့ဖြစ်တဲ့ ဝိပဿနာဉာဏ်အခိုက်မှာပင် အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်း၊ ကိလေသာရန်သူပုန်တို့ကို သုတ်သင်သတ်ဖြတ်ခြင်းဖြင့် ဘေးကင်းရန်ကွာ ချမ်းသာရာနိဗ္ဗာန်ကို ရောက်စေနိုင်တဲ့အတွက် နိဗ္ဗာန်ကို

http://www.dhammadownload.com

ရရောက်ဖို့ ကျင့်သုံးတဲ့ယောဂီပုဂ္ဂိုလ်များအနေနဲ့ အလင်းရောင်သဖွယ်၊ ဓားလက်နက်သဖွယ်ကိုင်ဆောင်ထားရမယ့် တရားလဲဖြစ်တယ်၊ နိဗ္ဗာန်ရရောက်ရေးအတွက် သင့်လျော်ကြီးမားတဲ့ ကျေးဇူးကိုလဲ ပြုတတ်တယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးစွာ မြတ်စွာဘုရား ရှင်ဟောတော်မူပါတယ်။

သမ္မာဒိဋ္ဌိရဲ့နောက်မှာ သမ္မာသင်္ကပ္ပကို ဟောတော်မူတာကတော့ -

ရွှေပန်းတိမ်သည်ဟာ ရွှေအတုအစစ်ကို သိနိုင်ဖို့အတွက် ရွှေဒဂ်ီးကိုလက်ဖြင့် ပတ်ပတ်လည်လှည့်ပြီးကြည့်ရသလို ယောဂါဝစရပုဂ္ဂိုလ်များအနေနဲ့လဲ မဂ်ရဲ့ရှေးအဖို့မှာ ဝိတက်နဲ့ကြံဆပြီး ဝိပဿနာပညာ (ဝိပဿနာသမ္မာဒိဋ္ဌိ)နဲ့ ကြည့်ရှုရတာ ဖြစ်တဲ့အတွက် သမ္မာသင်္ကပ္ပဟာ သမ္မာဒိဋ္ဌိကို သင့်လျော်ကြီးမားတဲ့ ကျေးဇူးကို ပြုပေးတတ်တယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိရဲ့ အခြားမဲ့မှာ သမ္မာသင်္ကပ္ပကို ဟောတော်မူတယ်။

စကားပြောတော့မယ်ဆိုရင် မပြောမီ ကြံစည်စဉ်းစားပြီးမှ ပြောဆိုကြပါတယ်။ ဒါကြောင့် သမ္မာသင်္ကပ္ပ (စဉ်းစား ကြံစည်မှု)ဟာ သမ္မာဒိဋ္ဌိကို ကျေးဇူးပြုပေးသလို သမ္မာဝါစာကိုလဲ ကျေးဇူးပြု ပေးတတ်ပါတယ်။ ဒါကြောင့် သမ္မာသင်္ကပ္ပရဲ့ နောက်မှာ သမ္မာဝါစာကို ဟောတော်မူတယ်။

အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ရှေးဦးစွာပြောဆိုတိုင်ပင်စီစဉ်ပြီးမှ လုပ်ကိုင်ဆောင်ရွက်ကြရပါတယ်။ ဒါကြောင့် သမ္မာဝါစာရဲ့ နောက်မှာ သမ္မာကမ္မန္တကို ဟောတော်မူတယ်။

သမ္မာဝါစာဖြင့် ဝစီဒုစရိုက်တရားလေးပါးကင်းစင်သူ၊ သမ္မာကမ္မန္တဖြင့် ကာယဒုစရိုက်တရားသုံးပါး ကင်းစင်သူဖြစ်ပြီး ဝစီသုစရိုက် ကာယသုစရိုက်တို့နဲ့ ပြည့်စုံသူများသာ ကောင်းမွန်မှန်

http://www.dhammadownload.com

ကန်တဲ့ အသက်မွေးမှုလျှင် ရှစ်ခုမြောက်ရှိတဲ့ အာဇီဝဋ္ဌမက သီလကို ပြည့်စုံစေနိုင်ပါတယ်။ ဒါကြောင့် သမ္မာဝါစာ သမ္မာကမ္မန္တမဂ္ဂင်တို့ရဲ့ အခြားမဲ့မှာ သမ္မာအာဇီဝကို ဟောတော်မူပါတယ်။

အသက်မွေးဝမ်းကျောင်းမှု စင်ကြယ်တဲ့ပုဂ္ဂိုလ်များဟာ "ငါဟာအသက်မွေးဝမ်းကျောင်းမှု စင်ကြယ်အပြစ်ကင်းသူ ဖြစ်တယ်"ဆိုကာမျှနဲ့ ရောင့်ရဲတင်းတိမ်ပြီး မေ့လျော့ပေါ့တန်သူ မဖြစ်သင့်ဘူး၊ ဣရိယာပုထ်တိုင်းမှာ ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်ဖျောက်ရေး၊ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေဖြစ်မလာရေး၊ မဖြစ်သေးတဲ့ကုသိုလ်တရားတွေဖြစ်ပေါ်ရေး၊ ဖြစ်ပြီးတဲ့ ကုသိုလ်တရားများ တိုးပွားစေရေးဆိုတဲ့ သမ္မပ္ပဓါန်ဝီရိယကို ကောင်းစွာ အားထုတ်ရမည်ဆိုတာကို သိစေဖို့အတွက် သမ္မာအာဇီဝရဲ့ အခြားမဲ့မှာ သမ္မာဝါယာမကို ဟောတော်မူတယ်။

သမ္မပ္ပဓာန်ဝီရိယကို ပြည့်စုံအောင် အားထုတ်တဲ့ ပုဂ္ဂိုလ် ဖြစ်စေဖို့အတွက် ကာယ,ဝေဒနာ,စိတ္တ,ဓမ္မဆိုတဲ့ သတိတည်ရာ လေးမျိုးလုံးမှာ သတိကို တည်နေအောင် ဆောက်တည်ရမယ်လို့ သိစေလိုတဲ့အတွက် သမ္မာဝါယာမရဲ့အခြားမဲ့မှာ သမ္မာသတိကို ဟောတော်မူတယ်။

သမ္မာသတိနဲ့ပြည့်စုံသူများသာ သဒ္ဓါစတဲ့ ဣန္ဒြေတို့ရဲ့ ကိစ္စများလဲ ပြီးပြည့်စုံပြီး စိတ်ကိုလိုအပ်တဲ့ အာရုံတစ်ခုတည်း အပေါ်မှာ စူးစိုက်တည်နေအောင် ကောင်းစွာထားနိုင်တဲ့အတွက် သမ္မာသတိရဲ့ အခြားမဲ့မှာ သမ္မာသမာဓိကို ဟောတော်မူတယ်လို့ ဖွင့်ပြပါတယ်။*(ဒီ ၁၊၅-၂၁၈၊ မဟာလိသုတ်အဋ္ဌကထာ)*

ဘယ်သတ္တဝါမဆို သဗ္ဗညုဘုရားရှင်တို့ထုတ်ဖော်တွေ့ရှိပြီး ဟောညွှန်ထားတဲ့ -ဒုက္ခဒြိမ်းကြောင်းလမ်းစဉ် စစ်စစ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး (မဂ္ဂပစ္ဆည်း)ကို စနစ်တကျပွားများ အားထုတ်မှု မပြုနိုင်

http://www.dhammadownload.com

သေးသမျှ ဘဝကို ကံ(ကမ္မပစ္စည်း)ရဲ့ လက်ထဲမှာပဲ "ဝ"ကွက်ပြီး ပုံအပ်ထားရတာပါ။ "ဝ"ကွက်ပြီးပုံအပ်ထားရတယ်လို့ ဆိုရတာကတော့ "ဝ"လုံးဟာ ဘယ်ဘက်ကမှထွက်ပေါက်မပါဘဲ ဝိုင်းဝိုင်းလည်ပတ်မိအောင် ပိတ်နေသလို သတ္တဝါများဟာလဲ သံသရာထဲမှာ ထွက်ပေါက်မရှိဘဲ ပိတ်မိနေတဲ့သဘောဖြစ်နေလို့ပါ။

ကံရဲ့လက်ထဲမှာ 'ဝ'ကွက်ပြီးအပ်ထားရတဲ့ကာလဟာ ဘဝပေါင်းဘယ်လောက်ကြာမယ်လို့ ဘယ်သူမှ ပိုင်းခြား သတ်မှတ်လို့ရော ခန့်မှန်းလို့ရော မရနိုင်ပါဘူး၊ ကံစီမံတာကို ခံ၊ ကံပြုသမျှ နုရပြီး တစ်ခါတစ်လေ ကောင်းတဲ့ကံကို ပြုမိလို့ သုဂတိဘုံဆိုတဲ့ ဖြူတဲ့ ဘုံဘဝတွေကိုလဲ ရောက်တတ်ပါတယ်၊ ဒါပေမယ့် ကံဆိုတာ ခိုင်မြဲတည်ငြိမ်တဲ့ သဘောမဟုတ်တဲ့အတိုင်း စိတ်ကောင်းစိတ်မှန်လေးပေါ်လို့ ကောင်းတဲ့ကံကိုပြုရာကနေ အခြေအနေဆိုး၊ ပတ်ဝန်းကျင်ဆိုး၊ ဆရာသမားဆိုး၊ အပေါင်းအသင်းဆိုးတို့နဲ့ ပေါင်းမိပြီ စိတ်ဆိုးစိတ်ယုတ်တွေဖြစ်လာတော့ ဆိုးရွားမှားယွင်းတဲ့ ကံတွေ ပြုလုပ်မိတဲ့အတွက် ဖြူစင်တဲ့ သုဂတိ ဘုံဘဝကနေ မည်းညစ်တဲ့ ဒုဂ္ဂတိဘုံဘဝတွေကို ရောက်သွားကြရပြန်ပါတယ်။

ဒီသဘောနဲ့ ကံရဲ့လက်ထဲမှာနေ၊ ကံစီမံသမျှ ခံ၊ ကံရဲ့ အမွေခံဖြစ်နေရတဲ့ ဘဝမျိုးတွေဖြစ်နေရသမျှ ဘဝဟာထောက်ရာတည်ရာ အစစ်အမှန် အခိုင်အမာကို မရနိုင်ပါဘူး၊ နစ်ချည် ပေါ်ချည်၊ စုန်ချည်ဆန်ချည်ဖြစ်နေရပါတယ်၊ ဒါကြောင့်လဲ သံသရာ ခရီးကို ရေယာဉ်ကြောမျောနေရတာနဲ့ အတူတူပဲလို့ ဘုရားရှင်က ထောက်ပြမိန့်ဆိုခဲ့တာပါ။ ဗုဒ္ဓဘာသာဝင်တို့ ကြားဖူး နားဝရှိပြီး ပြောဆိုနေကြတဲ့ "သံသရာရေယာဉ်ကြော"ဆိုတာ ဒီသဘောကို ညွှန်းတာပါ။

ဆရာသမားကောင်း မိတ်ဆွေကောင်းများနဲ့ ပေါင်းသင်းခွင့်ကြုံလို့ သံသရာရဲ့ သဘောကိုနားလည်ခွင့်ရသူများကတော့

http://www.dhammadownload.com

ရေစုန်မျောနေရတဲ့အဖြစ်ကို ညည်းငွေ့ပြီး ထောက်တည်ရာမရနိုင်တဲ့ ရေအလျှဉ်ကနေ ထောက်တည်ရာအခိုင်အမာရရှိတဲ့ ကြည်ကုန်း (မြေပြင်)နဲ့ ပမာတူတဲ့ နိဗ္ဗာန်ကိုဦးတည်တဲ့ ကုသိုလ်ကောင်းမှုကို ပြုခွင့်ရကြသူ့အချို့သာ ပါရမီမာတ်ကောင်းရှိပြီး သာသနာတော်နဲ့ ကြုံခွင့်ကြိုက်ခွင့်ရကြပါတယ်၊ ကြုံရုံနဲ့မပြီးပါဘူး၊ ကြိုက်လဲကြိုက်ရမှာပါ၊ ဒါကြောင့် "သာသနာဆိုတာ ကြုံကြိုက်ခဲတယ်"လို့ ဆိုကြတာပါ။

သာသနာတော်နဲ့ ကြုံကြိုက်ပြီး မြတ်ဗုဒ္ဓတွေရှိဟောညွှန်တော်မူတဲ့ သမ္မာမဂ္ဂင်ရှစ်ပါးကို အပြည့်အဝကျင့်သုံးလို့ အနည်းဆုံးတစ်မဂ်တစ်ဖိုလ်လောက်ရတဲ့ အဆင့်ရောက်တဲ့အခါမှာတော့ သတ္တဝါကို ကံလက်ထဲကနေ ဉာဏ်ကလက်လွှဲ ယူလိုက်ပါပြီ၊ ဒါကြောင့် ဒီအဆင့် (သောတာပန်အဆင့်)ရောက်သူများကို ကံကထင်သလိုချယ်လှယ်ခွင့် မရနိုင်တော့ပါဘူး၊ ဉာဏ်က ဖွင့်ပေးလိုက်ပြီးဖြစ်လို့ ကံဟာ 'ဝ'လုံးလို ပတ်ပတ်လည်ပိုင်းပြီး ပိတ်ထားလို့လဲ မရတော့ပါဘူး၊ သူရဲ့အခွင့် လုပ်ပိုင်ခွင့်ကလဲ အတော်ကြီးလျှော့ပါးသွားပါပြီ။ သောတာပန်ပုဂ္ဂိုလ်ကိုကံက မည်းညစ်တဲ့ ဘဝ(အပါယ်လေးဘုံ)ဆီဆွဲခေါ်ခွင့် မရှိတော့ဘူး၊ သုဂတိလူ့ဘုံမှာတောင် နိမ့်ကျတဲ့ ကျေးကျွန်တို့၊ အစေခံတို့၊ ဒွန်းစဏ္ဍားတို့ဆိုတဲ့ ဘဝမျိုးထဲ ဆွဲမချနိုင်တော့ပါဘူး၊ မြင့်မြတ်တဲ့ အမျိုးအနွယ်နဲ့ မြင့်မြတ်တဲ့ဘုံဘဝတွေမှာပဲ အလွန်ဆုံး(၇)ဘဝအထိသာ စီမံခွင့်ရှိပါတော့တယ်။

သောတာပန်အဆင့်မှာ ဉာဏ်ကက်ကို အပါယ်ဘုံဆွဲချချယ်လှယ်ခွင့်မပေးတော့ဘဲ အပြီးအပိုင် သိမ်းပိုက်ပါတယ်၊ သုဂတိဘုံဘဝတွေမှာတော့ (၇)ဘဝအထိ ကံရဲ့အခွင့်အာဏာ ကျန်ပါသေးတယ်။

http://www.dhammadownload.com

နောက်တစ်ဆင့်ဖြစ်တဲ့ သကဒါဂါမ်ဆိုတဲ့ အဆင့်မှာတော့ ဒီပုဂ္ဂိုလ်ကိုကံဟာ အိုနာသေမှုမြန်ဆန်ပြီး ချမ်းသာဆင်းရဲ တွေ့ရောနေတဲ့ ကာမာဝစရဘုံကို တစ်ကြိမ်သာ စီမံခွင့်ရပါတော့တယ်။

အနာဂါမ်ဆိုတဲ့ တတိယအဆင့် ရောက်သွားတဲ့ အခါမှာတော့ ဒီပုဂ္ဂိုလ်ကို ကံကအာရုံတွေထူပြော၊ အိုနာသေမှုတွေ မြန်ဆန်လှတဲ့ ကာမာဘုံထဲကို လုံးဝ ဆွဲခေါ်ခွင့်မရတော့ပါဘူး၊ ဉာဏ်ရဲ့နယ်မြေကျယ်သလောက် ကံရဲ့နယ်မြေကျဉ်းသွားပါတယ်။

နောက်ဆုံးစတုတ္ထဆင့်ဖြစ်တဲ့ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဆင့်အထိ ရောက်သွားတဲ့ပုဂ္ဂိုလ်ကျတော့ ကံရဲ့ အခွင့် အာဏာဟာ လုံးဝကို ကုန်ဆုံးသွားပါပြီ၊ အကုသိုလ်ကံ မဆို ထားနဲ့ ကုသိုလ်ကံဆိုတာကို မရှိနိုင်တော့လို့ ရဟန္တာပုဂ္ဂိုလ်များကို "ကုသလာ ကုသလံ ဇဟံ - ကုသိုလ်ရော အကုသိုလ်ပါ ကံအားလုံးကို စွန့်ပယ်နိုင်ပြီ" လို့ ဆိုရတာပါ။ "ဉာဏ်စုံလို့ ကံကုန်ပြီ"လို့ ဆိုနိုင်ပါပြီ။ ဒါကြောင့် မဂ္ဂပစ္စည်းထဲက သမ္မာမဂ္ဂခေါ် မဂ္ဂင်ရှစ်ပါးတို့ဟာ သတ္တဝါတို့ကို ကံနယ်ထဲကနေ ဉာဏ်ရဲ့နယ်ထဲ ရောက်အောင် ထွက်မြောက်ရာ လမ်းကြောင်းကြီးဖြစ်တယ်လို့ သဘောကျသင့်ပါတယ်။

ကံနယ်ထဲကနေ ဉာဏ်နယ်ထဲရောက်အောင် ကူးမြောက်တယ်ဆိုတာ တစ်နည်းပြောရရင်တော့ အဝိဇ္ဇာဦးစီးတဲ့ အမှောင်နယ်ထဲကနေ ဝိဇ္ဇာဉာဏ်ဦးစီးတဲ့ အလင်းနယ်ထဲ ရောက်အောင် ကူးမြောက်တာပါပဲ။ အဝိဇ္ဇာဦးစီးတဲ့အမှောင်ဆိုတာ လောဘစတဲ့ ကိလေသာရန်သူပုန်တွေ ထကြွသောင်းကျန်းရာ နယ်မြေလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီနယ်မြေကို ကူးမြောက်ရာမှာ "ပညာ ပဇ္ဇောတ-ဉာဏ်အလင်းရောင်၊ ပညာသတ္ထ- ဉာဏ်လက်နက်" လို့ ဘုရားရှင်အမ္စန်း တင်ဟောကြားထားတဲ့ သမ္မာဒိट्ठိကို ရှေ့သွားဦးဆောင်အဖြစ် ထားရတာပါ။

http://www.dhammadownload.com

မဂ္ဂင်ရှစ်ပါးရဲ့ ဦးခေါင်းဖြစ်တဲ့ သမ္မာဒိဋ္ဌိနဲ့ပတ်သက်လို့ နိဗ္ဗာန်ကို ဦးတည်ရည်မှန်းသူတိုင်း ရေရေလည်လည် သဘောပေါက်ထားသင့်တဲ့အတွက် နဲနဲရှင်းပြပါဦးမယ်။

သမ္မာဒိဋ္ဌိကို သဘောပေါက်ဖို့အတွက် ဆန့်ကျင်ဘက်ဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိကိုလည်းသဘောပေါက်ထားရပါလိမ့်မယ်။ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မှားယွင်းတဲ့ အယူဝါဒ(အမြင်)ဟာ ဒီယနိကာယ် ပြဟ္မဇာလ သုတ်မှာ (၆၃)မျိုးလောက်ရှိတယ်လို့ ရေတွက်ပြထားပါတယ်။ အဲဒီအယူဝါဒတွေကို ထပ်ပြီးအကျဉ်းချုပ်လိုက်ရင်၊ တစ်နည်းအားဖြင့်တော့ မှားယွင်းမှုအကြီးအသေးအရ အဆင့်အတန်း ခွဲလိုက်ရင် အခြေခံအားဖြင့် သုံးဆင့်လောက်ပဲရှိပါတယ်။

(၁) အဆိုးဝါးဆုံးအဆင့်ဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိများကတော့ ကောင်းမှုမကောင်းမှုတို့ရဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတာ ဘာမျှ မရှိဘူးလို့ ခံယူတဲ့ နတ္ထိကဒိဋ္ဌိ။

လောကမှာကြုံတွေ့ရတဲ့ အကောင်းအဆိုးတို့၊ ကျေနပ်စရာ မကျေနပ်စရာတို့ဆိုတာ ဘာအကြောင်းမှ မရှိဘူး သူဖြစ်ချင်သလိုဖြစ်နေတာလို့ ခံယူတဲ့ အဟေတုကဒိဋ္ဌိ။

ကောင်းမှုမကောင်းမှုတို့ရဲ့ အကျိုးအပြစ်ဆိုတာ ဘာမျှမရှိဘဲ သူဖြစ်ချင်သလိုဖြစ်နေကြတာဖြစ်လို့ ဒါနစသည်ပြုနေတာလဲ ပြုသည်မမည် (ကုသိုလ်မဖြစ်)၊ သူ့အသက်သတ်မှုစသည်ပြုတာလဲ ပြုသည်မမည် (အကုသိုလ်မဖြစ်)လို့ ခံယူတဲ့ အကိရိယဒိဋ္ဌိတို့ပဲ ဖြစ်ပါတယ်။ ဒီဒိဋ္ဌိသုံးမျိုးတို့ကတော့ သုဂတိဘုံဘဝနဲ့ ကောင်းကျိုး ချမ်းသာအားလုံးကို တားဆည်းပိတ်ပင်တတ်တဲ့အတွက် အဆိုးဝါး ဆုံး ဒိဋ္ဌိကြီးသုံးခုဖြစ်ပါတယ်။ မိစ္ဆာဒိဋ္ဌိစစ်စစ်ဆိုတာ ဒီဝါဒီအယူ ဆိုးသုံးမျိုးရှိသူများကိုသာ ခေါ်တာပါ။

http://www.dhammadownload.com

(၂) သုဂတိဘုံဘဝနဲ့ လောကီချမ်းသာသုခကို မတားဆီး သော်လည်းမဂ်ဖိုလ်နိဗ္ဗာန်ကို တားဆီးတတ်တဲ့အတွက် ဒုတိယ ဆင့်လို့ ဆိုရမည့် မိစ္ဆာဒိဋ္ဌိမျိုးကတော့ အတ္တဒိဋ္ဌိပါပဲ။ အတ္တဒိဋ္ဌိဆိုတာ "အသက် လိပ်ပြာ၊ ဝိညာဉ်ကောင်"စသည်ဖြင့် မြန်မာလို ပြန်ဆိုကြတဲ့ အတွက် "အတ္တ"ဆိုတာ ဒြပ်ဝတ္ထုထင်ရှားရှိတဲ့ အရာကိုဆိုလိုသလား လို့ ထင်တတ်ကြပါတယ်။ အမှန်ကတော့ ဒြပ်ဝတ္ထုထင်ရှားရှိတယ် လို့လဲ ဆိုလိုတဲ့သဘောမဟုတ်ပါဘူး။ သက်ရှိသက်မဲ့ အရာဝတ္ထုများ ကို ပြုလုပ်ဖန်တီးတတ်တဲ့ "ကာရက" သဘော၊ ကောင်းကောင်းဆိုး ဆိုး အမျိုးမျိုးတို့ကို ခံစားတတ်တဲ့ "ဝေဒက"သဘော၊ သက်ရှိတို့ရဲ့ ခန္ဓာအိမ်ကို ပိုင်ဆိုင်အစိုးရတဲ့ "သာမီ"သဘော၊ ခန္ဓာတစ်ခု ဟောင်း မင်း ယိုယွင်းသွားတဲ့အခါ နောက်ထပ်ခန္ဓာအသစ်မှာ ပြောင်းရွှေ့ပြီး အမြဲတည်နေတတ်တဲ့ "နိဝါသီ"သဘော၊ ခန္ဓာကိုယ်ကြီးကို မိမိစီမံတဲ့ အတိုင်း လိုက်ပါစေနိုင်အောင် အစိုးရတဲ့"သယံဝသီ"သဘောရှိတဲ့ အရာလို့ဆိုလိုပါတယ်။ အမှန်တကယ်မရှိတဲ့အရာကို ကြံဆပြီး ယူဆပြောဆိုတာဖြစ်လို့ ဒီအရာဟာ ဘယ်နည်းဘယ်ပုံ ဘယ်လို တည်နေသလဲဆိုတာကတော့ ဘယ်သူမှ တတ်တတ်အပ်အပ် ပြော နိုင်မယ် မဟုတ်ပါဘူး။

အတ္တဝါဒဆိုင်ရာ ဝေဒကျမ်းများမှာတော့ ဒီ"အတ္တ"ဆိုတဲ့ အရာဟာ နိစ္စော=မြဲတယ်၊ ဓုဝေါ=ခိုင်တယ်၊ သဿတော= တစ်ဆက် တည်း တည်နေတယ်၊ အဝိနာသီ=ဘယ်တော့မှ မပျက်စီးဘူး၊ သဗ္ဗ ဗျာပီ=ခန္ဓာကိုယ်တစ်ခုလုံးမှာ ပြန့်နှံ့ပြီး တည် နေတယ်။ သယံ ဝသီ=ခန္ဓာကိုယ်တစ်ခုလုံးကို သူ့အလိုအတိုင်း လိုက်ပါစေ နိုင် တယ်ဆိုတဲ့ ဂုဏ်အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတယ်လို့ ယူဆယုံကြည် ကြပါသတဲ့။

ဒီအတ္တဒိဋ္ဌိကနေ သတ္တဝါတို့ရဲ့ ကောင်းကျိုးဆိုးပြစ်တွေဟာ

http://www.dhammadownload.com

တန်ခိုးရှင်က ဖန်ဆင်းတဲ့အတိုင်း တန်ခိုးရှင်အလိုကျ ဖြစ်နေရတယ်လို့ ယူဆတဲ့ ဣသရနိမ္မာနဒိဋ္ဌဆိုတာလည်း ဆင့်ပွားပေါ်ပေါက်လာပါတယ်။ ဗြဟ္မဏဝါဒီတို့က အတ္တဝါဒလို့ ခံယူကြပြီး အခြားဘာသာအချို့ကတော့ "အတ္တ"လို့ အမည်မခံကြဘဲ "ဣသရနိမ္မာန" သဘောကိုပဲ ခံယူကြတာကို တွေ့ရပါတယ်။ လူတွေ မတွေ့ မမြင်နိုင်တဲ့ တန်ခိုးရှင်တစ်ဦးဦးက အရာရာကို ဖန်တီးတယ်လို့ ယုံကြည်လက်ခံကြတာချင်းတော့ အတူတူပါပဲ။

အတ္တဝါဒဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မရမရောက်နိုင်တဲ့ လမ်းစဉ်မှား ဖြစ်လို့သာ မိစ္ဆာဒိဋ္ဌလို့ဆိုရပေမယ့် ဒီဝါဒကိုယုံကြည် လက်ခံသူများဟာ ကံလမ်း,ဈာန်လမ်းတို့ကိုတော့ ငြင်းပယ်ကြတာ မဟုတ်ပါဘူး၊ ဒါကြောင့် ဒီအယူဝါဒရှိသူများဟာ (အကုသိုလ် အမှုမျိုးတွေကိုသာ လုပ်နေသူများ မဟုတ်ရင်) သုဂတိဘုံဘဝနဲ့ လောကီချမ်းသာသုခကို ရနိုင်ခွင့်ရှိကြပါတယ်။ မြတ်ဗုဒ္ဓ အလောင်းတော် ဥရုဝေလတောမှာ ဆရာတင်ခဲ့ဖူးတဲ့ အာဠာရတို့ ဥဒကတို့ ဆိုတာ အတ္တဝါဒီ ပုဂ္ဂိုလ်ကြီးတွေပါပဲ၊ ဒီပုဂ္ဂိုလ် ကြီးတွေဟာ ဈာန်လမ်းရဲ့ အမြင့်ဆုံး အဆင့်အထိ ရရှိခဲ့လို့ သေဆုံးပြီးတဲ့အခါ ဘုံတွေထဲမှာ အမြတ်ဆုံး ဖြစ်လို့ ဘဝဂ် (ဘဝ+အဂ္ဂ= ဘုံအားလုံးမှာ အမြင့်ဆုံး) လို့ခေါ်တဲ့ နေဝသညာနာသညာယတနဘုံအထိ ဖြစ်သွား ကြကြောင်း ဝိဋ္ဌကတ် ကျမ်းဂန်များမှာ အထင်အရှားပြထားပါတယ်။

(၃)နောက်ထပ် ဒိဋ္ဌတစ်မျိုးကတော့ အမှန်တကယ်မရှိတဲ့ "အတ္တ"ဆိုတာကို အရှိအဖြစ် ခံယူထားတာတော့မဟုတ်ဘူး၊ အမှန်တကယ်ထင်ရှားရှိတဲ့ ဒီခန္ဓာကိုယ်အစုအဝေးကြီးကိုပဲ ငါ, သူတစ်ပါး စသည်ဖြင့် အထင်အမြင်မှားနေတဲ့ "သက္ကာယဒိဋ္ဌ" ဆိုတာ ပါပဲ။ ဒီဒိဋ္ဌကတော့ ပုထုဇဉ်တိုင်းမှာ ရှိနေတတ်ပါတယ်။ ဒိဋ္ဌကလဲ ကံလမ်း၊ ဈာန်လမ်းကို မပိတ်ပင်ပဲ လက်ခံတဲ့အတွက် သုဂတိဘုံဘဝနဲ့

http://www.dhammadownload.com

လောကီချမ်းသာသုခတို့ကို မပိတ်ပင်ပါဘူး၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုပဲ တားဆီးပါတယ်။

အတ္တဒိဋ္ဌိနဲ့ သက္ကာယဒိဋ္ဌိတို့ရဲ့ ခြားနားချက်ကတော့ အတ္တဒိဋ္ဌိက တကယ်မရှိတဲ့ အတ္တဆိုတာကို တကယ်အရှိ ပရမတ္တအဖြစ် လက်ခံယုံကြည် စွဲလမ်းတယ်၊ သက္ကာယဒိဋ္ဌိကတော့ မရှိတဲ့ "အတ္တ" ကို အရှိအဖြစ်နဲ့တော့ မခံယူဘူး၊ ထင်ရှားရှိတဲ့ ခန္ဓာကိုယ်ကြီးကိုပဲ ငါ,သူတစ်ပါးစသည်ဖြင့် ခံယူစွဲလမ်းထားတယ်။ တစ်နည်းထပ်ပြော ရရင် အတ္တဒိဋ္ဌိသမားက မရှိတာကို တကယ်ရှိတယ်လို့ ခံယူထား တယ်။ သက္ကာယဒိဋ္ဌိကတော့ ရှိတဲ့ခန္ဓာကိုယ် အပေါ်မှာပဲ အပြောနဲ့ အသိရောပြီး လက်ခံထားတဲ့ သဘောပါ။ ငါ, သူတစ်ပါးစသည်ဖြင့် ပါးစပ်ကပြောသလို အဲဒီ ငါ,သူတစ်ပါး ဆိုတာကိုပဲ ရှိတယ်လို့ သိနေ၊ စွဲနေတဲ့သဘောပါ။ ပုထုဇဉ်တိုင်းရဲ့ မွေးရာပါ ဒိဋ္ဌိပါပဲ။ ဒါကြောင့် အတ္တဒိဋ္ဌိအယူရှိသူက ပရမအတ္တကို စွဲတယ်။ သက္ကာယဒိဋ္ဌိဝါဒီက ဝေါဟာရအတ္တ(အပြောအတ္တ)ကို စွဲတယ်လို့ ပြောနိုင်မယ်ထင်ပါတယ်။

မိစ္ဆာဒိဋ္ဌိကို ဒီလို သုံးမျိုးသုံးစားခွဲတာကို ကျမ်းဂန်များမှာ တော့ မတွေ့မိပါဘူး၊ အခုပြောမယ့် သမ္မာဒိဋ္ဌိသုံးမျိုးသုံးစားနဲ့ မှန်းဆ ပြီး မိမိသဘောပေါက်သလို ပြောပြတာပါ။

မိစ္ဆာဒိဋ္ဌိရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သမ္မာဒိဋ္ဌိ(မှန်ကန်တဲ့အသိ) ဆိုတာ သုံးမျိုးသုံးဆင့် ရှိပါတယ်။

(၁) ကံနဲ့ကံရဲ့အကျိုးကို သိမြင်တဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိ။

(၂) သခါရတရားတို့ရဲ့ ဖြစ်ချည်ပျက်ချည် အမြဲမတည်ဘဲ ပြောင်းလဲဖောက်ပြန်တတ်တဲ့ အနိစ္စသဘော၊ မတည်မြဲခြင်း ဘေး ကြောင့်ပင် သည်းခံကျေနပ်စရာရယ်လို့ မရှိနိုင်တဲ့ ဒုက္ခသဘော၊ ကိုယ်ထင်သလို မဖြစ်၊ ကိုယ်ကြိုက်သလို မလိုက်တတ်တဲ့ အနတ္တ သဘောတို့ကို အမှန်အတိုင်းသိမြင်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ။

http://www.dhammadownload.com

(၃) ဖြစ်ပျက်ဖောက်ပြန်တတ်တဲ့ သခ်ါရအာရုံတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ကို သိမြင်တဲ့ မဂ္ဂဖလသမ္မာဒိဋ္ဌိတို့ဖြစ်ပါတယ်။

(၁) ကံနဲ့ကံရဲ့အကျိုးတို့ကို သိမြင်တဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိဖြစ်ရင် နတ္ထိကဒိဋ္ဌိ၊ အဟေတုဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိဆိုတဲ့ အဆိုးဝါးဆုံးမိစ္ဆာဒိဋ္ဌိကြီးသုံးမျိုးပယ်ရှားလွန်မြောက်နိုင်ပါတယ်။ ကံနဲ့ကံရဲ့အကျိုးကို တကယ်တမ်းသိမြင်တယ်ဆိုတာ နှုတ်ဆောင် အနေနဲ့ မဟုတ်ဘဲ တကယ့်ကို သိမြင်သရုပ်လာအောင် သိသွားတာမျိုးကို ဆိုလိုတာပါ။ ဒါနဲ့ပတ်သက်လို့ မိမိအနေနဲ့ နှိုင်းယှဉ် ပြီး ပြောလေ့ရှိတဲ့ ဥပမာကတော့-

အကုသိုလ်ကံကို ကျူးလွန်ရင် ဆင်းရဲဒုက္ခရတယ်၊ အဆိပ်သောက်ရင် သေတတ်တယ်။

ကုသိုလ်ကံကို ပြုလုပ်ရင် ချမ်းသာသုခကိုရတယ်၊ အစာစားရင် အသက်ရှည်တယ်။

ဒီစကားဝါကျတစ်စုံစီကို သေသေချာချာစဉ်းစားကြည့်ပါ။ အကုသိုလ်ကံဆိုတာလဲ ဆင်းရဲဒုက္ခဆိုတဲ့ ဆိုးကျိုးကိုဖြစ်စေ တတ်လို့ ဆိုးပါတယ်။ အဆိပ်သောက်ရင်လဲ အသက်သေစေတတ်လို့ ဆိုးပါတယ်။ ဒီအဆိုးနှစ်မျိုးမှာ ဘယ်ဟာက ပိုဆိုးသလဲ ဆိုရင်တော့ မြတ်စွာဘုရားရှင်က "အဆိပ်ဆိုတာ လောလောလတ်လတ် သေစေတတ်တဲ့ အပြင်းဆုံးအဆိပ်ပင်ဖြစ်စေဦးတော့ အဲဒီအဆိပ်ကို သောက်ခဲ့ရင် တစ်ဘဝပဲသေမယ်၊ အကုသိုလ်ကံကတော့ အပြစ်ကြီးရင် ကြီးသလောက်ဘဝအဆက်ဆက်အထိ ဆင်းရဲမျိုးစုံ သေချင်းဆိုးမျိုးနဲ့ ကြုံတွေ့စေတတ်တယ်"လို့ ဟောတော်မူခဲ့တဲ့အတိုင်း အပြင်းထန်ဆုံး အဆိပ်ထက် ပိုပြီးပြင်းပါတယ်။ ဒါကြောင့် အကုသိုလ်ကံနဲ့ ပတ်သက်ရင် အဆိပ်ထက်ပင် ကြောက်စရာ ကောင်းတယ်လို့ ခံယူနိုင်အောင် သိမြင်ရမှာပါ။ အဆိပ်ဆိုတာ သေစေတတ်မှန်းသိတဲ့

http://www.dhammadownload.com

အတွက် အနဲအပါးလေးမျှ မြည်းစမ်း မကြည့်ဝံ့သလို အကုသိုလ်ကိုလဲ နည်းနည်းလေးပင် ဖြစ်စေ မပြုမိအောင် သိမြင်ရမယ်လို့ ဆိုလိုပါတယ်။

ကုသိုလ်ကံဆိုတာ ကောင်းတဲ့ဘုံဘဝနဲ့ ကောင်းကျိုးချမ်းသာတို့ကို ရောက်စေ ရစေတတ်တဲ့အတွက် ကောင်းတယ်၊ အစားအစာကို စားသောက်တာဟာလဲ အသက်ကို တည်စေ ရှည်စေတတ်လို့ ကောင်းတာပါပဲ။ ဒီနှစ်မျိုးမှာ ဘယ်ဟာက ပိုပြီး ကောင်းသလဲဆိုရင်တော့ "အစားအစာဆိုတာ ဘယ်လောက် ကောင်းမွန်တဲ့ အစားအစာပင်ဖြစ်စေ တစ်ဘဝတာ သက်တမ်းပြည့် မပင်မပန်းတည်နေနိုင်ရုံအထိပဲ ကောင်းပါတယ်။ ကုသိုလ်ကံ ဆိုတာကတော့ မိမိတို့ရဲ့ အသိဉာဏ်နဲ့ ရည်ရွယ်ချက်ကြီးမားရင် ကြီးမားသလောက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အထိ ဘဝအဆက်ဆက်ကောင်းတယ်" ဆိုတဲ့ အတိုင်း အကောင်းမွန်ဆုံး အစားအစာ ထက် ပိုပြီးကောင်းပါတယ်။ ဒါကြောင့် ကုသိုလ်ကံနဲ့ ပတ်သက်ရင် အကောင်းဆုံး အစားအစာ ထက် ပိုပြီးကောင်းတယ်လို့ ခံယူလိုက်နာ ကျင့်သုံးနိုင်အောင် သိမြင်ရမယ်လို့ ဆိုလိုတာပါပဲ။

ဒီလောက်အထိ ကမ္မဿကတသမ္မာဒိဋ္ဌိ အမြင်ခိုင်မာသွားပြီဆိုရင် ကံနဲ့ ကံရဲ့အကျိုးကို ငြင်းဆန်ပယ်ရှားတဲ့ အဆိုးဝါးဆုံး မိစ္ဆာဒိဋ္ဌိကြီးသုံးမျိုးကို ပယ်ရှားနိုင်မှာ သေချာပါပြီ။

(၂) သခါရတရားတို့ရဲ့ သဘောအမှန်ကိုသိတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ရင် အသက်,လိပ်ပြာ,ဝိညာဉ်ကောင်စသည် ထင်မှတ်မှားတဲ့ အတ္တဒိဋ္ဌိကို ပယ်ရှားလွန်မြောက်နိုင်ပါတယ်။ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ သခါရတရားများဖြစ်ကြတဲ့ ရုပ်တရား နာမ်တရားတို့ကို ရှေးဦးစွာ သိမြင်ပြီး၊ ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စ,ဒုက္ခ, အနတ္တဆိုတဲ့ သဘောလက္ခဏာတို့ကို အမှန်အတိုင်း သိမြင်တဲ့ အသိ

http://www.dhammadownload.com

ဉာဏ်ဖြစ်ပါတယ်။ ဒီလိုသိမြင်လာတဲ့အခါ သတ္တဝါလို့ ခေါ်ဆို သတ်မှတ်ထားတဲ့ ခန္ဓာငါးပါး၊ ရူပ်တရား၊ နာမ် တရားအစု အဝေး ကြီးမှာ ရူပ်တရားနဲ့ နာမ်တရားကလွဲရင် အသက်,လိပ်ပြာ, ဝိညာဉ် ကောင်, အတ္တလို့ ခေါ်ဆို သတ်မှတ်စရာ ဘာမျှမရှိဘူး။ ဒီရူပ်နာမ် သခ်ါရတရားတို့ဟာလဲ သဘာဝအကြောင်းတရား တို့ကြောင့်သာ ဖြစ်ပေါ်လာတဲ့ တရားများ ဖြစ်ကြလို့ ဘယ်လို တန်ခိုးရှင်ကမ္ဘ ဖန် ဆင်းလို့ ဖြစ်ပေါ်လာတဲ့တရားလဲ မဟုတ်ဘူး။ ဒီရူပ်နာမ် သခ်ါရ တရားတွေဟာ ဖြစ်ပြီး ပျက်တတ်တဲ့ သဘောလက္ခဏာသာ ထင်ရှား ရှိတဲ့အတွက် နိစ္စ,ဓုဝ,သဿတ,အဝိနာသီ လို့ ထင်မှားစရာလဲ မရှိ ဘူး။ သူ့သဘောသူ ဆောင်ပြီး ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက် နေတဲ့အတွက် တစ်စုံတစ်ဦးကမျှ အမိန့်လဲ မပေးနိုင်၊ အမိန့်ကို နာခံ ခြင်းလဲ မရှိတဲ့အတွက် သာမီ, သယံဝသီ လို့ သတ်မှတ်ခေါ် ဆိုနိုင် တာလဲ မရှိဘူး သိမြင်သွားတဲ့အတွက် အတ္တဒိဋ္ဌိ ကင်းစင်သွား ပါတယ်။

(၃)မဂ္ဂဖလသမ္မာဒိဋ္ဌိ အဆင့်ကို ရောက်သွားပြီဆိုရင်တော့ ဓမ္မစကြာတရားဦးကို နာယူပြီးတဲ့အခါ အရှင်အညာသိ ကောဏ္ဍည မထေရ်ကြီးသိသွားသလို 'ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ" (ငါ,သူတစ်ပါး,ယောက်ျား,မိန်းမစသည်ဟာ အပြောသက်တမ္မသာ ဖြစ်တယ်၊ တကယ်အရှိတရားကတော့ ရူပ်နာမ်ဓမ္မ သခ်ါရအစု အဝေးမျှသာ ဖြစ်တယ်။) ဒီရူပ်နာမ် ဓမ္မသခ်ါရ တရားတို့ ဟာလဲ အကြောင်းကြောင့် ဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားမြဲသာ ဖြစ်တယ်" လို့ သိမြင်သွားတဲ့အတွက် (ငါ,သူတစ်ပါးစတဲ့ အပြော အဆိုကို အရှိထင်နေနဲ့ သက္ကာယဒိဋ္ဌိလဲ ကင်းစင်သွားပါတယ်။ ငါ, သူတစ်ပါး စသည်က အချင်းချင်းပြောရုံမျှသာ သတ်မှတ်ထားတဲ့ အပြောမှန် တရားတွေ၊ တကယ်သဘောလက္ခဏာအားဖြင့် ထင်ရှားရှိတဲ့

http://www.dhammadownload.com

အမှန်တရားက ရုပ်ဓမ္မ၊ နာမ်ဓမ္မများသာ ဖြစ်တယ်လို့ သိသွားတဲ့ အတွက် အပြောနဲ့အသိမတွဲတော့ဘဲ ကွဲပြားခြားနားသွားတယ်လို့ ဆိုရမှာပေါ့။

ဒီသမ္မာဒိဋ္ဌိ(၃)ဆင့်မှာ ကမ္မဿကတသမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိနှစ်မျိုးက ကောင်းကျိုးချမ်းသာနဲ့ နိဗ္ဗာန်ကို ဦးတည် ရည်မှန်းသူတိုင်းက ကြိုးစားကျင့်သုံးဆောက်တည်ရမည့် ပုဂ္ဂလ ဗျာပါရအဆင့်များဖြစ်ပါတယ်။ မဂ္ဂဖလ သမ္မာဒိဋ္ဌိအဆင့်ကတော့ ဝိပဿနာသမ္မာဒိဋ္ဌိအထွတ်အထိပ်ရောက်ပြီးသွားရင် ဓမ္မသတ္တိအရ ပေါ်ပေါက်လာမှာဖြစ်လို့ ဓမ္မဗျာပါရအဆင့်လို့ ဆိုရပါ လိမ့်မယ်။ ဒါကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ဦးတည်ကျင့်သုံးသူတို့ရဲ့ တာဝန်ဟာ ကမ္မဿကတသမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိတို့ကို အထွတ်အထိပ် ရောက်အောင် ကြိုးစားအားထုတ်ဖို့သာ တာဝန်ရှိပါတယ်။ မဂ္ဂဖလ သမ္မာဒိဋ္ဌိကို အထူးကြိုးစားဖို့ တာဝန်မရှိပါဘူး။

ပုဂ္ဂိုလ်က ကြိုးစားအားထုတ်ဖို့ တာဝန်ရှိတဲ့ သမ္မာဒိဋ္ဌိ နှစ်ဆင့်ကို တည်ထောင်ရာမှာ အသုံးချရမည့် သစ္စာလေ နှစ်မျိုးပြား ပါတယ်။ ဗုဒ္ဓဘာသာဝင်များအနေနဲ့ မျက်မှောက်ပြုသိမြင်ရမည့် သစ္စာလေးပါးဆိုတာကို သိသူများကြပေမယ့် အသုံးချသစ္စာနှစ်ပါး ဆိုတာကိုတော့ သတိထားမိသူ နည်းတတ်ပါတယ်။ အသုံးချ သစ္စာ နှစ်ပါးဆိုတာ အရပ်ထဲမှာ အချင်းချင်းပြောဆိုဆက်ဆံဖို့ အသုံး ပြုရတဲ့ အရပ်သုံး အမှန်တရားနဲ့ ဝိပဿနာ တရားပွားများ အား ထုတ်ရာမှာ အသုံးပြုရတဲ့ ဓမ္မသုံး အမှန်တရားတို့ပဲ ဖြစ်ပါ တယ်။

အရပ်သုံးအမှန်တရားကို သမုတိသစ္စာလို့ ခေါ်ပါတယ်။ တကယ်တမ်း သဘာဝဓမ္မအနေနဲ့ ထင်ရှားရှိတဲ့ အမှန်တရား မဟုတ်ပါဘူး။ ငါ,သူတစ်ပါး,ယောကျ်ား,မိန်းမစသည်၊ သက်ရှိ, သက်မဲ့စသည်၊ ရွှေငွေဥစ္စာစသည်တို့ပေါ့။ ပရမတ္ထသဘာဝအနေနဲ့

http://www.dhammadownload.com

ထင်ရှားရှိတဲ့ အမှန်တရားမဟုတ်သော်လဲ အချင်းချင်း ပြောဆို ဆက်ဆံရာမှာ ယောက်ျားကို ယောက်ျားလို့ ပြောဆိုတာဟာ မုသား မဖြစ်တဲ့ အတွက် သစ္စာလို့ပဲ ခေါ်ရပါတယ်။ အများအညီ အညွှတ် အသိအမှတ်ပြုထားတာဖြစ်လို့ သမုတိသစ္စာလို့ ခေါ်ပါတယ်။

ဓမ္မသုံး အမှန်တရားကတော့ တကယ့်အရှိတရားများဖြစ်တဲ့ ရုပ်တရား,နာမ်တရားတို့ပဲ ဖြစ်ပါတယ်။ အသီးအသီးမှာ ပင်ကိုယ် သဘော လက္ခဏာတွေ ထင်ရှားရှိတဲ့အမှန်တရားဖြစ်လို့ ပရမတ္ထ သစ္စာလို့ ခေါ်ပါတယ်။ ရုပ်တရား နာမ်တရားတို့၊ ရုပ်ရဲ့ အစိတ်အပိုင်း များဖြစ်ကြတဲ့ မာတဲ့ ပျော့တဲ့သဘော(ပထဝီဓာတ်)၊ ပူတဲ့ အေးတဲ့ သဘော(တေဇောဓာတ်)၊ တိုးတွန်းလှုပ်ရှားတဲ့ သဘော (ဝါယော ဓာတ်) စသည်နဲ့၊ နာမ်တရားတို့ရဲ့ အစိတ်အပိုင်းများဖြစ်တဲ့ လိုချင် တပ်မက်တဲ့သဘော(လောဘ)၊ ပြစ်မှားတဲ့ သဘော(ဒေါသ)တို့၊ ယုံ ကြည်တဲ့ သဘော(သဒ္ဓါ)၊ သိမြင်တဲ့သဘော(ပညာ)တို့ စသည်ပေါ့။

ဒီအသုံးချသစ္စာနှစ်ပါးမှာ ကမ္မဿကတသမ္မာဒိဋ္ဌိကို တည်ထောင်တဲ့အခါ သမုတိသစ္စာကို အသုံးချရပါတယ်၊ ပရမတ္ထ သစ္စာကို အသုံးချလို့ မရပါဘူး။ ဥပမာ - အကုသိုလ်ကံကို ရှောင်တဲ့ သီလကုသိုလ်ကို ပြုတယ်ဆိုပါစို့၊ ပထမဆုံး ဆောက်တည်တဲ့ "ပါဏာ တိပါတာ ဝေရမဏိ - ငါသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် ပါ၏" ဆိုတဲ့အထဲမှာ ငါ,သူ,အသက်,သတ်ခြင်းဆိုတာတွေဟာ သမုတိသစ္စာတွေပါ။ သမုတိသစ္စာကို အလေးအနက် ခံယူအသုံးချမှ သီလကုသိုလ်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပရမတ္ထသစ္စာကို အသုံးချ လို့ မရဘူးဆိုတာ သူ့အသက်ကို သတ်ဖြတ် ပြီးတော့မှ "ငါ,သူ ဆိုတာမရှိဘူး၊ အသက်ဆိုတာလဲ မရှိဘူး၊ ရုပ်နာမ်အစုအဝေးကြီးနဲ့ ရုပ်အစုအဝေးတို့ ထိခိုက်မိပြီး ရုပ်နာမ်တွေ ဖရိုဖရဲဖြစ်သွားတာပါ"လို့ လုပ်ရင် ရိုးရိုထောင် မဟုတ်ဘဲ အရူးထောင်အထိ ရောက်သွား နိုင်ပါတယ်။

http://www.dhammadownload.com

ကုသိုလ်ကောင်းမှုပြုရာမှာလဲ အလားတူပါပဲ၊ ဒါန ကုသိုလ် ဆိုပါစို့ "ငါ တရားသဖြင့် ရှာဖွေရရှိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို သူတစ်ပါးအား ပေးကမ်းကူညီတယ်"ဆိုမှ ဒါနကုသိုလ်ဖြစ်ပါတယ်။ ဒီနေရာမှာလဲ ငါ, သူ,ပစ္စည်းဥစ္စာ,ပိုင်ဆိုင်မှု,ပေးကမ်းမှုတို့ ဆိုတာ သမုတိသစ္စာတွေပါ။ ဒါတွေကို အသိအမှတ်မပြု၊ အသုံးမချဘဲ ကုသိုလ်ပြုလို့ မရပါဘူး၊ အကုသိုလ်ရှောင်မှု၊ ကုသိုလ် ပြုမှုမပါဘဲလဲ ကမ္မဿကတသမ္မာဒိဋ္ဌိကို တည်ထောင်လို့မရပါဘူး။ ဒါကြောင့် ကမ္မဿကတသမ္မာဒိဋ္ဌိကို တည်ထောင်ရာမှာ သမုတိသစ္စာကို အလေးထားပြီး အသုံးချရမယ်လို့ သဘောပေါက်သင့်ပါတယ်။

ဝိပဿနာသမ္မာဒိဋ္ဌိကို တည်ထောင်ရာမှာတော့ ငါ, သူတစ်ပါးတို့ဆိုတာ မပြောနဲ့ မိမိခန္ဓာကိုမှာ ရှိတဲ့ ခြေ,လက်, မျက်နှာ တို့စတဲ့ သမုတိသစ္စာတွေကိုတောင် အသုံးချလို့ မရပါဘူး။ တကယ့် အရှိ ပရမတ္ထသစ္စာဖြစ်တဲ့ ရုပ်တရား နာမ်တရားကို ကွဲပြား အောင် ပထမသင်ယူ သိမှတ်ရပါတယ်။ ပြီးတော့မှ ထင်ရှားတဲ့ ပရမတ္ထ တရားတစ်ခုခု၊ ဥပမာ မာတဲ့သဘော၊ ပူတဲ့သဘော၊ တိုးတဲ့ သဘော စတဲ့ ရုပ်ပရမတ္ထတရားဖြစ်စေ၊ လိုချင်တဲ့သဘော၊ ပြစ်မှားတဲ့ သဘောစတဲ့ နာမ်ပရမတ္ထတရားဖြစ်စေ တစ်ခုခုတို့ရဲ့ သဘော အမှန်ဖြစ်တဲ့ ဖြစ်ပေါ်လာတဲ့ သဘော၊ ပျက်သွားတဲ့သဘောတွေ ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်လာအောင် ရှုပွားရတာပါ။ ဒီလို ရှုပွားလို့ အမှန်အတိုင်းသိမြင်လာမှ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ပါတယ်။ ဝိပဿနာ သမ္မာဒိဋ္ဌိရာနှုန်းပြည့်လာပြီဆိုရင်တော့ ဓမ္မဗျာပါရအနေနဲ့ မဂ္ဂဖလ သမ္မာဒိဋ္ဌိအဆင့်ရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။ ဒီလောက်ဆို သမ္မာဒိဋ္ဌိရဲ့ သဘောကို ရိပ်စားမိလောက်ပါပြီ။

သမ္မာသင်္ကပ္ပဆိုတာကတော့ အာရုံငါးပါးတို့ကို ရရှိပိုင်ဆိုင် လိုတဲ့ အကြံအစည်(ကာမဝိတက်)၊ သူတစ်ပါးကို ပျက်စီးစေလိုတဲ့

http://www.dhammadownload.com

အကြံ့အစည် (ဗျာပါရဝိတက်)၊ သူတစ်ပါးကို ညှင်းဆဲသတ်ဖြတ်လိုတဲ့ အကြံ့အစည်(ဝိဟိသဝိတက်)ဆိုတဲ့ အကြံ့ဆိုး အကြံ့မှားသုံးမျိုးတို့ မဖြစ်စေဘဲ၊ စွန့်လွှတ်နိုင်ဖို့ ကြံ့စည်တဲ့ နေက္ခမ္မဝိတက်၊ သူတစ်ပါး အပေါ် မေတ္တာစိတ်ဖြစ်အောင် ကြံ့စည်တဲ့ (အဗျာပါဒဝိတက်)၊ သူတစ်ပါးအသက်ကို ငဲ့ကွက်ညှာတာသနားတဲ့ အကြံ့အစည် (အဝိဟိသဝိတက်) များဖြစ်နေအောင် ကြိုးစားရတာပါ။

သမ္မာဝါစာဆိုတာ ဝစီဒုစရိုက်လေးပါးတို့ မပြောမှား မိအောင် ရှောင်ကြဉ်စောင့်စည်းရတာပါ။ သမ္မာကမ္မန္တဆိုတာ ကာယဒုစရိုက်သုံးပါး ကင်းအောင် ရှောင်ကြဉ်စောင့်စည်းရတာပါ။ သမ္မာအာဇီဝဆိုတာကလဲ ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက် သုံးပါး ကင်းကင်းရှင်းရှင်းနဲ့ ရိုးသားမှန်ကန်စွာ စောင့်စည်းပြီး ရှာဖွေစားသောက်ရတာပါပဲ။

သမ္မာဝါယာမဆိုတာ တိုတိုချုပ်ကတော့ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဆိုတဲ့ ဘုရားရှင် တို့ရဲ့ အဆုံးအမအတိုင်း ကြိုးစားအားထုတ်ရတာပါပဲ။ နိဗ္ဗာန်ကို ဦးတည်သူတိုင်း ကြိုးစားရမယ့် အလုပ်ဆိုတာ အကုသိုလ် ကင်းရေးနဲ့ ကုသိုလ်ဖြစ်ပေါ် တိုးပွားရေးပါပဲ။

သမ္မာသတိဆိုတာ သတိပဋ္ဌာန်တရားလေးပါး ပွားများရတာပါ။ အလုပ်တိုင်းမှာ သတိအမြဲယှဉ်ပြီး အလုပ်ရယ်၊ စိတ်ရယ်၊ အသိရယ် မခြားမလပ်တွဲမိအောင် ပွားများရတာပါပဲ။ သမ္မာသမာဓိဆိုတာ ကောင်းတဲ့အာရုံနဲ့ ကောင်းတဲ့ စိတ်ကြားမှာ ကိလေသာ မဝင်စေဘဲ တွဲစပ်တည်ငြိမ်နေအောင် ကြိုးစားရတာပါ။

ဒီလောက်ဆိုရင် မဂ္ဂပစ္စည်းအကြောင်း ရေးရေးတော့ သဘောပေါက်လောက်ပါပြီ။

❑

http://www.dhammadownload.com

"သမ္မယုတ္တပစ္စည်း"

ပဋ္ဌာန်း(၂၄)ပစ္စည်းထဲက သမ္မယုတ္တစတဲ့ (၆)ပစ္စည်းကတော့ သီးခြားလုပ်ဆောင်ချက်ရယ်လို့ အထူးမရှိတော့ပါဘူး၊ အရင်ပြခဲ့ပြီးတဲ့ ပစ္စည်းတွေကိုပဲ လုပ်ဆောင်နိုင်စွမ်းသတ္တိအရ အမည်အသစ်ရတာပဲ ရှိပါတယ်၊ အခုပြောမယ့် သမ္မယုတ္တ ပစ္စည်းကို အကဲခတ်ကြည့်ရင် -ဒီသဘောကို ရိပ်စားမိပါလိမ့်မယ်။

"သမ္မယုတ္တ" ဆိုတာ 'သံ'ရယ်, 'ပ' ရယ်, 'ယုတ္တ' ရယ် သုံးပုဒ်တွဲထားတဲ့ ပုဒ်တွဲတစ်ခုဖြစ်ပါတယ်၊ "သံ"က ကောင်းစွာ ရောနှောပေါင်းစပ်ပြီး၊ "ပ"က ဖြစ်တူ ပျက်တူ၊ အာရုံတူ တည်မှီရာ တူသဘောမျိုးနဲ့၊ "ယုတ္တ" ယှဉ်တွဲ ဖြစ်ပေါ်တဲ့သဘောပါ။

ဟုတ်ပါတယ်၊ စိတ်နဲ့စေတသိက်တို့ဆိုတာ သဘောလက္ခဏာတွေသာ အသီးသီးကွဲပြားခြားနားကြပေမယ့် သတ္တဝါတို့ရဲ့သန္တာန်မှာ ပေါ်ပေါက်လာတဲ့ အခါမှာတော့ သီးခြားစီ ခွဲခြားပြီး ပေါ်ပေါက်လာတာမျိုး မဟုတ်ပါဘူး၊ အားလုံးဟာ တစ်ပေါင်းတည်း ရောနှောပေါင်းစပ်လျှက်သာ ပေါ်ပေါက်ကြပါတယ်၊ တစ်သားတည်း တစ်ပေါင်းတည်း ပေါ်ပေါက်တဲ့တရားများ ဖြစ်တဲ့အတိုင်း ဖြစ်လဲ အတူတူ၊ ပျက်လဲအတူတူ အာရုံပြုတော့လဲ အတူတူ၊ စက္ခုစတဲ့ မှီရာ

http://www.dhammadownload.com

ဝတ္ထု ရုပ်ချင်းလဲ အတူတူပဲ ပေါ်ပေါက်ကြတာပါ။ ဒါကြောင့် စိတ်နဲ့ဆိုင်ရာ စေတသိက်တို့ကို တစ်သားတည်း၊ တစ်ပေါင်းတည်း ယှဉ်တွဲဖြစ်ပေါ်တယ် (သမ္မယုတ္တ)လို့ ခေါ်ရပါတယ်။

ဒါကြောင့် နိဿယပြန်တဲ့ ဆရာတော်က **"သမ္မယုတ္တ ပစ္စယော - စတုမဓူ၊ ရောသည်တူသို့၊ လေးဆူနာမ်အား၊ ခုနစ်ပါးတွင်၊ လေးပါးအင်္ဂါ။ မကွာချင်းချင်း၊ ယှဉ်ကြခြင်း ဟူသော သမ္မယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နာမ်ခန္ဓာလေးပါး သမ္မယုတ္တပစ္စည်းတရားငင်း"** လို့ ဆို တာပါ။

ဒီစကားရပ်မှာ "လေးဆူနာမ်အား"ဆိုတာ နာမက္ခန္ဓာ လေးပါးကို ပြောတာပါ။ "ခုနစ်ပါးတွင်"ဆိုတာကတော့ ပြိုင်နိုင်တဲ့ ပစ္စည်းအရေအတွက် ခုနစ်ပါးရှိတာကိုပြောတာပါ။ သဟဇာတ, နိဿယ, အတ္ထိ,အဝိဂတဆိုတဲ့ သဟကြီးလေးပစ္စည်းရယ်၊ အညမည, ဝိပါက,သမ္မယုတ္တဆိုတဲ့ သဟလတ်ထဲက သုံးပစ္စည်းရယ် အားလုံး ခုနစ်ပစ္စည်းအထိတစ်ပြိုင်နက် ပြိုင်ပြီး ဖြစ်နိုင်တယ် လို့ဆိုတာပေါ့။ **"လေးပါးအင်္ဂါ" ဆိုတာကတော့ ဧကုပ္ပါဒ - တစ်ပြိုင်နက်ဖြစ်ခြင်း၊ ဧကနိရောဓ - တစ်ပြိုင်နက်ချုပ်ခြင်း၊ ဧကာလမ္ဗဏ - အာရုံတူခြင်း၊ ဧကဝတ္ထုက - မှီရာရုပ်ဝတ္ထုတူခြင်း** ဆိုတဲ့ အင်္ဂါ လေးပါးကိုဆိုလိုတာပါ။

ဒီလောက်ဆိုရင် သမ္မယုတ္တပစ္စည်းဆိုတာ နာမက္ခန္ဓာ လေးပါးအချင်းချင်းသာ ကျေးဇူးပြုပေးတဲ့တရားလို့ သဘောပေါက်နိုင်ပါတယ်၊ ပစ္စည်းကလဲ နာမ်တရားဖြစ်ရမယ်၊ ပစ္စယုပ္ပန်ကလဲ နာမ်တရားဖြစ်ရပါမယ်။ နာမ်တရားအချင်းချင်း ဆိုရာမှာလဲ လေးပါးအင်္ဂါနဲ့ညီညွတ်မှ သမ္မယုတ္တပစ္စည်းဖြစ်မယ်လို့ ဆိုတဲ့အတွက် အနန္တရပစ္စည်းတို့လို ပစ္စည်းနာမ်တရားက စိတ္တက္ခဏ တစ်ခု၊ ပစ္စယုပ္ပန်နာမ်တရားက စိတ္တက္ခဏတစ်ခုဖြစ်နေပြန်ရင်လဲ သမ္မယုတ္တ ပစ္စယသတ္တိကို မရနိုင်ပြန်ပါဘူး။

http://www.dhammadownload.com

ဒါကြောင့် သမ္မယုတ္တပစ္စည်းဆိုတာ ပစ္စည်းနဲ့ပစ္စယုပ္ပန်တို့ စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူတကွဖြစ်တဲ့ သဟဇာတ မျိုးပစ္စည်း များလဲ ဖြစ်မှ၊ နာမ်ပစ္စည်း,နာမ်ပစ္စယုပ္ပန်လဲဖြစ်မှသာ သမ္မယုတ္တ ပစ္စယသတ္တိကို ရနိုင်ပါတယ်။

ပစ္စည်းနဲ့ ပစ္စယုပ္ပန်အတူတကွဖြစ်တဲ့ သဟဇာတတမျိုး ပစ္စည်းတွေက (၁၅)ပစ္စည်းရှိပါတယ်၊ ဟေတု,သဟဇာတ, အညမည, နိဿယ,(သဟဇာတ) ကမ္မ,ဝိပါက၊ (နာမ်)အာဟာရ, (နာမ်)ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္မယုတ္တ၊ (သဟဇာတ)ဝိပ္ပယုတ္တ, (သဟဇာတ)အတ္ထိ၊ (သဟဇာတ)အဝိဂတပစ္စည်းတို့ပဲ ဖြစ်ပါတယ်။

ဒီ(၁၅)ပစ္စည်းထဲမှာ သမ္မယုတ္တပစ္စည်းနဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ ဝိပ္ပယုတ္တပစ္စည်းကလွဲပြီး ကျန်(၁၄) ပစ္စည်း ထဲမှာ နာမ်ပစ္စည်း၊ နာမ်ပစ္စယုပ္ပန်အဖြစ် ကျေးဇူးပြုတဲ့ အခါတိုင်းမှာ သမ္မယုတ္တပစ္စယသတ္တိလဲ ရနိုင်တယ်၊ ကျေးဇူးပြုပုံကတော့ အဌ ကထာဆရာ ဥပမာပေးထားတဲ့အတိုင်း အနက်ပြန်ရာ မှာလဲ ထည့် ပြီးရေးထားတဲ့ "စတုမဓူ၊ ရောသည့်တူ သို့"ဆိုတဲ့ အတိုင်းပါပဲ။

သမအောင် ရောနှောပေါင်းစပ်ထားတဲ့ စတုမဓူမှာ ဒါကဖြင့် ပျားရည်၊ ဒါကထောပတ်၊ ဒါကတင်းလဲ၊ ဒါကဆီရယ်လို့ ခွဲလို့ မရသလို၊ နာမက္ခန္ဓာတရား လေးပါးတို့ တစ်ပြိုင်နက်ဖြစ်ရာ မှာလဲ၊ ဒါက စိတ်(ဝိညာဏ)၊ ဒါက ဝေဒနာ၊ ဒါက သညာ၊ ဒါက သင်္ခါရ ရယ်လို့ ခွဲခြားမရနိုင်ဘဲ အာရုံကိုသိမှုတစ်ခုအဖြစ်နဲ့သာ ပေါင်းသွားပါ တော့တယ်၊ အဲဒီလိုဖြစ်အောင် ကျေးဇူးပြုပေးတဲ့ ပစ္စည်းကိုပဲ သမ္မယုတ္တပစ္စည်းလို့ဆိုရတာပါ။

❑

http://www.dhammadownload.com

"ဝိပ္ပယုတ္တပစ္စည်း"

သမ္မယုတ္တပစ္စည်းနဲ့ အဓိပ္ပာယ်အရပြောရရင် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ပစ္စည်းက ဝိပ္ပယုတ္တပစ္စည်း ဖြစ်ပါတယ်။ သမ္မယုတ္တ ပစ္စည်းက ခွဲခြားလို့မရအောင် ရောနှောပေါင်းစပ်ပြီး ကျေးဇူးပြုတဲ့ သဘော။ ဝိပ္ပယုတ္တပစ္စည်းက ရောနှောပေါင်းစပ်ခြင်း အလျဉ်းမရှိဘဲ ကျေးဇူးပြုတဲ့သဘောဖြစ်ပါတယ်။

"ဝိပ္ပယုတ္တပစ္စယော" ဆိုတဲ့နေရာမှာ ဝိပ္ပယုတ္တရယ်၊ ပစ္စယော ရယ် နှစ်ပုဒ်ပါ။ တခြားပစ္စည်းတွေလဲ ဒီအတိုင်း နှစ်ပုဒ်စီ ဖြစ်တာ အတူတူတော့ အတူတူပါပဲ၊ ဒါပေမယ့် ဒီပစ္စည်းမှာက လောက အနေနဲ့ ကြည့်ရင် တခြားပစ္စည်းများထက် စိတ်ဝင်စားစရာ ပိုကောင်းသလိုလို ဖြစ်နေလို့ပြောရတာပါ။ "ဝိပ္ပယုတ္တ"ဆိုတာက "မပေါင်း မရောဘူး" လို့ အဓိပ္ပာယ်ရတယ်။ "ပစ္စယော" ဆိုတာက "ကျေးဇူးပြုပေးတယ်"လို့ အဓိပ္ပါယ်ရပါတယ်။ "သမအောင် ပေါင်းလို့ ရောလို့ တော့ မရဘူး၊ ဒါပေမယ့် အကျိုးဖြစ်အောင်တော့ ကျေးဇူး ပြုပေး တယ်" ဆိုတဲ့ သဘောတရားဟာ လောကအလိုအရ ပြောရမယ်ဆိုရင် အလွန်သဘောထားကြီးတယ် (ဂလိုဘယ် ဆန်တယ်)လို့ ပြောနိုင်ပါတယ်။

http://www.dhammadownload.com

ဒီနေ့ကမ္ဘာမှာ အတော်လေးအသံကျယ်ကျယ်နဲ့ မြိုင်မြိုင်မြည်နေတဲ့၊ အယူဝါဒချင်း၊ ဘာသာချင်း၊ လူမျိုးချင်း၊ အသားအရောင်ချင်း၊ အဆင့်အတန်းချင်း မတူပေမယ့် အချင်းချင်း လက်တွဲနိုင်ရေးတို့၊ လွတ်လပ်စွာသဘောထား ကွဲလွဲခွင့်တို့၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ ဆိုတဲ့ အသံတွေရဲ့ တကယ့် အနှစ်သာရကို ဒီ“ဝိပွယုတ္တပစ္စယော”ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့အသံတော်က ညွှန်းဖော် နေသလို ခံစားသဘောပေါက်မိပါတယ်။ ဒါဆိုရင် “ဝိပွယုတ္တ ပစ္စယော”ကို သဘောထားကြီးပြီး လွတ်လပ် ပွင့်လင်းတိုးတက်တဲ့ ကမ္ဘာ (ဂလိုဘယ်) ဆန်ဆန် ကျေးဇူးပြုတတ်တဲ့ ပစ္စည်းတရား” လို့တောင် ဆိုနိုင်လိမ့်မယ် ထင်ပါတယ်။

ဟုတ်ပါတယ်၊ ဝိပွယုတ္တ ပစ္စည်းဆိုတာလဲ သမ္မယုတ္တပစ္စည်းလိုပဲ တသီးတသန့် ထူးထူးခြားခြားလုပ်ဆောင်တာရယ်လို့ မရှိပါဘူး၊ ဘယ်ပစ္စည်းမှာပဲဖြစ်ဖြစ်၊ ပစ္စည်းတရားဘက်နဲ့ ပစ္စယုပ္ပန်တရားဘက်မှာ ရုပ်တရားနဲ့ နာမ်တရားတို့ တစ်ဘက်စီဖြစ်နေရင် အဲဒီပစ္စည်းထဲမှာ ဝိပွယုတ္တပစ္စည်းရဲ့ သတ္တိလဲ အလိုလိုပါလာတော့တာပါပဲ။

နာမ်တရားနဲ့ ရုပ်တရားဆိုတာ သက်တမ်းချင်းလဲ မတူသလို၊ အကြောင်းတရားချင်းလဲ မတူ၊ သဘောလက္ခဏာချင်းလဲ မတူတဲ့အတွက် တစ်သားတည်းဖြစ်အောင် ပေါင်းစပ်လို့ မရနိုင်ပါဘူး။ ကွဲပြားခြားနားပါတယ်။ ဘယ်လိုပဲ သဘော လက္ခဏာချင်း၊ သက်တမ်းချင်း ကွဲပြားနေပါစေ၊ သူ့သဘောသူ့ဆောင်ရင်း ခန္ဓာကိုယ်တစ်ခုအတွင်းမှာ အပြန်အလှန်ကျေးဇူးပြုပြီး ဖြစ်တည် နေကြတာပါပဲ။ အဲဒီလို ဖြစ်တည်နေနိုင်အောင် ကျေးဇူးပြုပေးတတ်တဲ့ သဘောကိုပဲ “ဝိပွယုတ္တ ပစ္စည်း”လို့ ဆိုရတာပါ။

အဋ္ဌကထာဆရာကတော့ ဝိပွယုတ်ပစ္စည်းကျေးဇူးပြုပုံကို

http://www.dhammadownload.com

"ချို,ချဉ်,စပ်,ငန်,ဖန်,ခါး"ဆိုတဲ့ အရသာခြောက်ပါး ရောနှောထားတာနဲ့ တူတယ်လို့ ဥပမာပေးပါတယ်။ ဒါကြောင့် နိဿယပြန်တဲ့ ဆရာတော်က-

"ဝိပွယုတ္တပစ္စယော - ခြောက်ထွေရသား၊ ပေါင်းရောပါသို့၊ သဟဇာတရူပ်၊ ဝတ္ထုပ်,သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားတို့၊ ထူးခြားသဘာ၊ ဆယ့်သုံးဖြာတွင်၊ နာနာဘာဝ၊ မယှဉ်ကြခြင်းဟူသော ဝိပွယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော၊ ပဋ္ဌဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်စေ၊ သန္ဓေ, ဟဒယ စသော သဟဇာတဝိပွယုတ်၊ ပုရေဇာတ ဝိပွယုတ်၊ ပစ္ဆာဇာတ ဝိပွယုတ်သုံးပါး ပစ္စည်းတရားဌင်း" လို့ အနက်မြန်မာပြန်ပါတယ်။

ဒီဥပမာအရ ဆိုလိုတာကတော့ ဟင်းမျိုးစုံရောကျိုထားတဲ့ ဟင်းပေါင်းတစ်ခုတည်းမှာ ချဉ်တာလဲပါ၊ စပ်တာလဲပါ၊ ငန်တာလဲပါ၊ ဖန်တာ,ခါးတာလဲ ပါတန်ပါမှာပေါ့၊ ဟင်းပေါင်းတစ်ခွက်ရယ်လို့ ဖြစ်သွားပေမယ့် ပါသမျှအရသာတွေကတော့ မူလအရသာတွေ လုံးဝပျောက်ကွယ်သွားအောင် တစ်ပေါင်းတည်းဖြစ်သွားတာတော့ မဟုတ်ပါဘူး၊ တကယ်လို့သာ အဲဒီလိုပေါင်း စပ်သွားတယ်ဆိုရင်လဲ ချဉ်တဲ့အရသာစသည် လုံးဝပျောက်ကွယ်သွားပြီး ဘာရယ်လို့ ခေါ်ရမှန်းမသိတဲ့ သီးခြားအရသာတစ်ခု ပေါ်လာမှာဖြစ်လို့ အရသာကလဲ ခြောက်ပါးမက ဖြစ်သွားနိုင်ပါတယ်။

ဟင်းပေါင်းကိုစားကြည့်မယ်ဆိုရင် ချဉ်တဲ့အရသာ,စပ်တဲ့အရသာ, ငန်တဲ့အရသာ, ဖန်တဲ့အရသာ, ခါးတဲ့အရသာတို့ကို ခွဲခြားသိသာနိုင်ပါတယ်၊ အရသာချင်းက တစ်သားတည်းဖြစ်အောင် ပေါင်းစပ်မသွားပေမယ့် အရသာပေါင်းစုံတို့တစ်ခုနဲ့ တစ်ခုကျေးဇူးပြုထားတဲ့အတွက် အရသာတစ်မျိုးတည်းရှိတဲ့ စားဖွယ်ထက်ပိုမိုကောင်းမွန်တဲ့ ဟင်းတစ်ခွက်တော့ ဖြစ်လာတာ အမှန်ပါပဲ။

http://www.dhammadownload.com

ဝိပွယုတ္တပစ္စည်းကလဲ ဒီသဘောအတိုင်းပါပဲ အချင်းချင်း သမ အောင်ရောစပ်လို့မရတဲ့ ရူပ်ပစ္စည်းတရားနဲ့ နာမ်ပစ္စယုပ္ပန်တရား၊ သို့မဟုတ် နာမ်ပစ္စည်းတရားနဲ့ ရူပ်ပစ္စယုပ္ပန်တရားတို့ အကြောင်းနဲ့အကျိုးအဖြစ် အပြန်အလှန်ကျေးဇူးပြုတာပါ။

ပြီးတော့ ဒီဝိပွယုတ္တပစ္စည်းဟာ အမျိုးဇာတ်မခွဲခြားဘဲ ကျေးဇူးပြုတဲ့ပစ္စည်းလို့လဲ ဆိုနိုင်ပါတယ်။

ပဋ္ဌာန်း(၂၄)ပစ္စည်းတို့ကို ကျေးဇူးပြုပုံ သဘောသဘာဝချင်း တူရာတူရာပေါင်းပြီး "အမျိုး"ခွဲခြားထားတာရှိပါ တယ်၊ အာရုံအဖြစ်နဲ့ ကျေးဇူးပြုနိုင်တဲ့ပစ္စည်းတို့ကို အာရမ္မဏမျိုး၊ အတူတကွဖြစ်ပြီး ကျေးဇူးပြုတဲ့ပစ္စည်းတို့ကို သဟဇာတမျိုး၊ ရှေ့စိတ်တစ်ခုက အခြားမဲ့ ဖြစ်တဲ့ နောက်စိတ်ကို ကျေးဇူးပြုတဲ့ပစ္စည်းတို့ကို အနန္တရူပမျိုး၊ အားကြီးတဲ့အကြောင်းတရားအဖြစ် ကျေးဇူးပြုတဲ့ပစ္စည်းတို့ကို ပကတူပနိဿယမျိုး၊ ပစ္စည်းတရားက အရင်ကြိုတင်ဖြစ်နှင့်ပြီး ကျေးဇူးပြုပေးတဲ့ပစ္စည်းတို့ကို ပုရေဇာတမျိုး၊ ပစ္စည်းတရားက နောက်မှ ဖြစ်ပြီးကျေးဇူးပြုတဲ့ပစ္စည်းတို့ကို ပစ္ဆာဇာတမျိုး စသည် ဖြင့်(၉)မျိုးခွဲခြားထားပါတယ်။

အရင်သမ္မယုတ္တပစ္စည်းကတော့ ပစ္စည်းနဲ့ပစ္စယုပ္ပန်တို့ဟာ နာမ်အချင်းချင်းလဲဖြစ်မှ အမျိုးအားဖြင့် သဟဇာတမျိုးလဲဖြစ်မှ ဆိုတဲ့ကန့်သတ်ချက်နဲ့ ကျေးဇူးပြုတာပါ။ အခုဝိပွယုတ္တပစ္စည်းကတော့ အမျိုးကန့်သတ်ချက်မထားပါဘူး၊ ပစ္စည်းနဲ့ပစ္စယုပ္ပန်တို့ဟာ နာမ်နဲ့ရူပ် ဖြစ်နေတဲ့အတွက် အချင်းချင်းတစ်ပေါင်းတည်း သမအောင် ပေါင်းစပ်လို့မရတဲ့ ပစ္စည်းတိုင်းမှာပဲ ဝိပွယုတ္တပစ္စယသတ္တိက ပါဝင် ကျေးဇူးပြုပါတယ်၊ ဒါကြောင့် ဝိပွယုတ္တပစ္စည်းကို သဘောထားကြီး ခြင်း ကမ္ဘာ(ဂလိုဘယ်)ဆန်ခြင်းတို့ရဲ့ သရုပ်သကန် တစ်ခုလို့သာ ပြောလိုက်ချင်ပါတော့တယ်။

❑

http://www.dhammadownload.com

"အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း"

အတ္ထိပစ္စည်းဆိုတာ ထင်ရှားရှိပြီး ကျေးဇူးပြုပေးတဲ့ပစ္စည်းဖြစ်ပါတယ်၊ ရှေ့မှာပြောခဲ့ပြီးတဲ့အတိုင်းပါပဲ၊ ပစ္စည်းတွေကို အမည်ပေးတာဟာ အကျိုးပစ္စယုပ္ပန်တရားကိုထောက်ဆပြီး အကျိုးပစ္စယုပ္ပန်နဲ့ အကြောင်းပစ္စည်းအတူတကွဖြစ်ရင် သဟဇာတပစ္စည်း၊ အကျိုးပစ္စယုပ္ပန် မဖြစ်မီကြိုတင်ဖြစ်ရှိနေပြီး ကျေးဇူးပြုရင် ပုရေဇာတပစ္စည်း၊ အကျိုးပစ္စယုပ္ပန်ဖြစ်ပြီးနောက်မှ ဖြစ်ပေါ် ကျေးဇူးပြုရင် ပစ္ဆာဇာတပစ္စည်း စသည် ခေါ်ဆိုရတယ်ဆိုတယ်ဆိုတဲ့ အကြောင်းပေါ့၊ အခု အတ္ထိပစ္စည်းဆိုတာလဲ အကျိုးပစ္စယုပ္ပန် တရားဖြစ်ပေါ်ချိန်မှာ အကြောင်းပစ္စည်းတရားက မချုပ်မပျောက်သေးဘဲ ထင်ရှားရှိနေပြီး ကျေးဇူးပြုတဲ့ပစ္စည်းကို ခေါ်တာပါ။

အကျိုးပစ္စယုပ္ပန်တရားဖြစ်ပေါ်ချိန်မှာ အကြောင်းပစ္စည်းတရားကလဲ ထင်ရှားရှိနေခြင်းသည်ပင် အကျိုးတရားနဲ့ မကင်းမကွာ ကျေးဇူးပြုပေးတတ်တဲ့ သဘောလဲဖြစ်တဲ့အတွက် အဝိဂတပစ္စည်းဆိုတဲ့ အမည်လဲရပါတယ်၊ အတ္ထိပစ္စည်းနဲ့ အဝိဂတ ပစ္စည်း ဆိုတာ သံကွဲကြောင်းတူဖြစ်လို့ သဘောအဓိပ္ပာယ်ချင်း အတူ တူပါပဲ။

အဋ္ဌကထာဆရာကတော့ အတ္ထိပစ္စည်းကျေးဇူးပြုပုံကို မြေကြီးတို့ မြင်းမိုရ်တောင်တို့ပေါ်မှာ ပေါက်ရောက်ရှင်သန်နေတဲ့

http://www.dhammadownload.com

နွယ်မျက်သစ်ပင်တို့ကို မြေကြီးနဲ့မြင်းမိုရ်တောင်တို့က အထင်အရှား ရှိပြီး ထောက်ပံ့ကျေးဇူးပြုပေးနေပုံနဲ့ တူတယ်။

အဝိဂတပစ္စည်းကျေးဇူးပြုပုံက မဟာသမုဒ္ဒရာထဲမှာ ရှင်သန်မွေ့လျော်နေတဲ့ ငါးစတဲ့သတ္တဝါတို့ကို မဟာသမုဒ္ဒရာရေက ကျေးဇူးပြုပေးနေပုံနဲ့တူတယ်လို့ ဥပမာပေးပါတယ်၊ ဒါကြောင့် နိဿယပြန်တဲ့ဆရာတော်ကလဲ -

"အတ္ထိပစ္စယော - မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရွှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေးသို့၊ တွက်ရေကုံထံ၊ ရုပ်နှင့် နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှား ရှိခိုက်၊ အထိုက် လျော်ထ၊ ဥပထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိငါးပါး ပစ္စည်းတရားဋင်း"

"အဝိဂတပစ္စယော - ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ မချုပ်တင်းလင်း၊ မကင်းသောအဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော အဝိဂတ ပစ္စည်းတရားဋင်း" လို့မြန်မာပြန်ပါတယ်။

ဒီပစ္စည်းနှစ်မျိုးကလဲ လုပ်ဆောင်ချက်သီးခြားရယ်လို့ မရှိပါဘူး၊ နိဿယဆရာမြန်မာပြန်တဲ့ အထဲမှာပါတဲ့အတိုင်း၊ သဟဇာတမျိုးပစ္စည်းတွေ၊ ပုရေဇာတမျိုးပစ္စည်းတွေ၊ ပစ္ဆာဇာတမျိုးပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း တို့ကိုပဲ အကျိုးပစ္စယုပ္ပန် ဖြစ်ပေါ်ခိုန်မှာ အကြောင်းပစ္စည်းကလည်း ထင်ရှားရှိနေတဲ့အတွက် အတ္ထိပစ္စည်း,အဝိဂတပစ္စည်းလည်း မည်တယ်လို့ ဆိုရတာပါ။

❑

http://www.dhammadownload.com

"နတ္ထိ ပစ္စည်း၊ ဝိဂတ ပစ္စည်း"

နတ္ထိပစ္စည်းဆိုတာ မရှိခြင်းဖြင့်ကျေးဇူးပြုတဲ့တရားတဲ့၊ "မရှိခြင်း"ဆိုတာ ပစ္စယုပ္ပန်တရားဖြစ်ပေါ်ချိန်မှာ ပစ္စည်းတရားက ချုပ်ပျောက်သွားပြီး မရှိတော့ဘူး၊ အဲဒီလို ကျေးဇူးပြုပေးတာပါ။ ဒီလိုကျေးဇူးပြုပေးတာကိုပဲ ပစ္စည်းတရားဟာ အကျိုး ပစ္စယုပ္ပန်တရားနဲ့ ကင်းကွာပြီး ကျေးဇူးပြုပေးတာဖြစ်လို့ ဝိဂတပစ္စည်းလို့လဲ ခေါ်ပါတယ်။ ဒီပစ္စည်းနှစ်ခုကလဲ သံကွဲကြောင်း တူ အဓိပ္ပါယ်တူပါပဲ။ ရှေ့မှာပြောခဲ့ပြီးဖြစ်တဲ့ အနန္တရပစ္စည်းရဲ့ အမည်ပွားများပဲ ဖြစ်ပါတယ်။ ဒီကျေးဇူးပြုပုံမျိုးဟာ အလွန်သတိ ထားစရာလဲ ကောင်းတယ်၊ လေးစားစရာလဲ ကောင်းတယ်၊ အတုယူစရာလဲ ကောင်းပါတယ်။ လောကမှာတော့ ယေဘုယျ အနေနဲ့ဆိုရင် ရှိတဲ့တရား၊ ရှိတဲ့ အရာဝတ္ထုတွေကသာ ကျေးဇူးပြု တတ်တယ်လို့ ထင်တတ်ကြတယ်၊ မရှိတဲ့အရာက ဘာမျှား ကျေးဇူးပြုနိုင်မလဲလို့ ထင်တတ်ကြတယ်။

ဓမ္မအရာမှာတော့ ရှိပြီးကျေးဇူးပြုတဲ့တရားထက် မရှိခြင်းနဲ့ ကျေးဇူးပြုတဲ့တရားက သတ္တဝါတို့ရဲ့ ရှင်သန်တိုးတက်ရေးမှာ ပိုပြီး အရေးပါတယ်လို့တောင် ဆိုနိုင်မယ်ထင်တယ်။ သက်ရှိသတ္တဝါတို့ရဲ့

http://www.dhammadownload.com

စိတ်ဖြစ်စဉ်တွေမှာ စိတ်ကလေးတစ်ခု "ဥပါဒ်၊ဋ္ဌိ၊ ဘင်"ဆိုတဲ့ ခဏငယ်သုံးချက်ပြီးရင် ချုပ်ပျောက်သွားတယ်။ အဲ စိတ်တစ်ခု ချုပ်ပျောက်သွားလို့ မရှိတော့မှ နောက်ထပ်စိတ်တစ်ခုက ဖြစ်ခွင့်ရတယ်။ အဲဒီလို စိတ်အစဉ်တွေ အလှည့်ကျအနေနဲ့ ဖြစ်ချိန်တန်ဖြစ်ပြီး ပျက်ချိန်တန်ပျက်ပေးမှ သတ္တဝါတွေရှင်သန်နိုင် တယ်။ တိုးတက်ဖြစ်ပေါ်မှုဆိုတာလဲ ရှိလာနိုင်ပါတယ်။

အဆင်းအာရုံတစ်ခုကို မြင်သိဖို့ဆိုရင် စိတ်ဖြစ်စဉ်တွေက အနည်းဆုံး(၁၇)ခုဖြစ်ပြီးမှ သိမှုက ပြည့်စုံတာ။ ပထမဆုံး မျက်စေ့နဲ့ အဆင်းအာရုံနဲ့ တိုက်ဆိုင်မိလိုက်ရင် ဘဝင်စိတ်အစဉ်က အရှိန် မသတ်နိုင်ဘဲ တစ်ကြိမ်လွန်သွားသေးတယ်၊ ပြီးတော့ ဘဝင် အစဉ် လှုပ်တယ်၊ ပြီးတော့ ဘဝင်အစဉ်ပြတ်တယ်ဆိုပြီး အဆင်း အာရုံသိ ရေးအတွက် ဘာမှမလုပ်ရသေးခင် စိတ္တက္ခဏသုံးကြိမ်လောက် ဖြစ်ပြီး ချုပ်ပျောက်ပေးရတယ်။

အဲဒီဘဝင်စိတ်တွေမရှိတော့မှ အာရုံကို ဆင်ခြင်တဲ့ ပဉ္စဒ္ဒါရာဝဇ္ဇနန်းစိတ်ဆိုတာ ဖြစ်ခွင့်ရတယ်၊ ဒီစိတ်ကလဲ ဆင်ခြင်တဲ့ သူ့တာဝန်ပြီးဆုံးရင် ချုပ်ပျောက်ပြီး နေရာဖယ်ပေးမှ အဆင်းအာရုံကို သိတဲ့ စက္ခုဝိညာဉ်စိတ်ဆိုတာ ဖြစ်ခွင့်ရပြီး အာရုံသိစိတ် ဖြစ်တယ်၊ ပြီးရင် အာရုံကိုလက်ခံတဲ့ စိတ်၊ စူးစမ်းတဲ့ စိတ်၊ ဆုံးဖြတ်တဲ့ စိတ်ဆိုတာတွေ သူ့အလှည့်နဲ့သူ ဖြစ်လိုက် ချုပ်ပျောက် ဖယ်ပေး လိုက်လုပ်ပေးနေမှ အာရုံကို ခံစားတဲ့ဇောစိတ်ဆိုတာ ခုနှစ်ကြိမ် လောက် ဖြစ်ခွင့်ရတယ်။ စိတ်ဖြစ်စဉ်ထဲမှာ ဇောစိတ်တွေကသာ အာရုံကိုခံစားခွင့်ရကြတာပါ။ ဇောစိတ်တွေကလဲ အာရုံကို ခံစားခွင့် ရတယ်ဆိုပြီး ဖြစ်ရုံပဲဖြစ်မယ်ကွာ ချုပ်ပျောက်ဖယ်ရှား ပေးတာတော့ မလုပ်နိုင်ဘူးလို့မျှား တင်းခံနေရင် သူ့နောက်က ဖြစ်ရမယ့် တဒါရုံတို့ ဘဝင်တို့ မကျနိုင်တော့ဘူး။

http://www.dhammadownload.com

ဒါက စကားအဖြစ်နဲ့သာ ပြောရတာပါ။ ဓမ္မနိယာမမှာတော့ ဒီလိုတုံးပေကတ်သတ်လုပ်လို့ ရနိုင်တာမျိုးမဟုတ်ပါဘူး။ ထားပါတော့ တကယ်လို့ အဲဒီလို ဒီအာရုံတစ်ခုကိုပဲ မလွတ်ရက်အောင် ဇွတ်ဖက်ခံစား နေမယ်ဆိုရင် ဘာဖြစ်သွားမလဲ၊ ဒီအာရုံ တစ်မျိုးကလွဲပြီး တခြားဘာအာရုံကိုမှ သိနိုင်စွမ်းမရှိတော့ဘူး၊ အာရုံအမျိုးမျိုး အတွေ့အကြုံအမျိုးမျိုးဆိုတာ မရှိခဲ့ရင် နှိုင်းယှဉ် စဉ်းစားခြင်း၊ တိုးတက်အောင်ကြံဆောင်ခြင်းဆိုတာတွေလဲ ဘယ်လိုလုပ်ဖြစ်နိုင်တော့မှာလဲ။ ဒါကြောင့် ရှိပြီးကျေးဇူးပြုတဲ့ ပစ္စည်းတရား တို့ထက် မရှိခြင်းနဲ့ ကျေးဇူးပြုတဲ့တရားက သတ္တဝါတို့ရဲ့ ရှင်သန်တိုးတက်ရေးမှာ ပိုပြီး အရေးပါတယ်လို့ ဆိုရတာပါ။

ဒီပစ္စည်းနှစ်ခုအကြောင်းစဉ်းစားရင်းပဲ ငယ်စဉ်က မိမိစာသင်သား ဘဝနဲ့နေထိုင်ခဲ့ဖူးတဲ့ မြို့က ထင်ရှားတဲ့ မိသားစုကြီးနှစ်ခုကို သွားပြီးသတိရမိပါသေးတယ်။ မိသားစုနှစ်ခုလုံးမှာ အစဉ်အလာအရ သူ့အရပ်ဒေသ လုပ်ငန်းနဲ့ စီးပွားဥစ္စာ ပြည့်စုံကြပါတယ်။ သားထောက်သမီးတွေနဲ့လဲ ပြည့်ပြည့်စုံစုံဖြစ်လို့ မိသားစု အင်္ဂါနဲ့ ပြည့်စုံတဲ့ မိသားစုကြီးတွေပါပဲ။ မိသားစုနှစ်ခုလုံးမှာ စီးပွားရေးကိစ္စတွေကို အိမ်ထောင်ဦးစီး ဒကာကြီးတွေက စီမံအုပ်ချုပ်ပြီး လုပ်ကိုင်ကြပါတယ်။

သားတွေအရွယ်ရောက်ကြလို့ တက္ကသိုလ်နေကြတဲ့ အချိန်မှာတော့ မိသားစုတစ်ခုရဲ့ ဒကာကြီးကတော့ သူ့သားတွေကို တဖြည်းဖြည်းလက်လွှဲကူညီခိုင်းတယ်။ နောက်ဒကာကြီးတစ်ဦးကတော့ သူ့သားက အလိုလိုက်ထားသူပီပီ အပေါင်းအသင်းလဲ များတဲ့အတွက် ခြေမငြိမ်ဘူး၊ ငွေရေးကြေးရေးကိစ္စတွေမှာ စိတ်မချဘူးဆိုတဲ့အကြောင်းပြချက်နဲ့ သူကိုယ်တိုင်ပဲ အစစအရာရာ ချုပ်ကိုင်ထားတယ်၊ သားကို လုပ်ခွင့်မပေးဘူး။

http://www.dhammadownload.com

သားတွေ ကျောင်းပြီးကြတဲ့အချိန်မှာတော့ ပထမဒကာကြီးက စီးပွားရေးလုပ်ငန်းတွေ အကုန်လုံးကို သားတွေနဲ့ လွှဲပြီး သူကတော့ ကျောင်းကန်ဘုရားဆိုတဲ့ ကိစ္စဘက်ကို လုံးလုံးပြောင်းလိုက်တော့တယ်။ ဒုတိယဒကာကြီးကတော့ သူ့ကိုယ်သူ မရှိမဖြစ်၊ မပါမပြီးနဲ့ စီးပွားရေးကိစ္စတွေကို ရှေးမူမပျက် စီမံလျှက်ပါပဲ။

ခေတ်ကာလအခြေအနေတွေက ပြောင်းလဲလာတဲ့အခါ သူတို့ လုပ်ကိုင်တဲ့ လုပ်ငန်းတွေရဲ့ လုပ်နည်းကိုင်နည်းတွေကလဲ ပြောင်းလဲလာပါတယ်။ အရင်က သူများတွေလာသွင်းတဲ့ ကုန်ချောတွေကို ငွေလက်ငင်းပေးပြီးတော့ဖြစ်စေ၊ တစ်ပတ်တန်သည် နှစ်ပတ်တန်သည် ချိန်းပြီး ငွေပြန်ပေါ်မှ ဖြစ်စေပေးတဲ့စနစ်နဲ့ လုပ်ကိုင်ခဲ့ရာက ကုန်ကြမ်းကို ကိုယ်က ကြိုတင်ပေးရတာတို့၊ ငွေကြိုတင်ထုတ်ပေးရတာတို့၊ နေရာဌာနလိုက်ပြီး ပေးသင့်တာပေး၊ ကုန်သင့်တာ ကြိုတင်အကုန်အကျခံရတာတို့ စသဖြင့် ကိုယ့်ဘက်က အရင်စွန့်ထားနိုင်မှ အကျိုးအမြတ်ခံစားရတဲ့ "စွန့်စွန့်စားစား" စီးပွားရေးခေတ်ရောက်လာပါတယ်။ ဒါကို ပထမ ဒကာကြီးရဲ့သား လူငယ်များကတော့ သဘောပေါက်ကြတဲ့အတွက် စွန့်စွန့်စားစားလုပ်ကြကိုင်ကြလို့ ဖခင်ကြီး ကိုင်တွယ်ချိန်ကထက် စီးပွားရေးအခြေအနေတွေ တိုးတက်ကောင်းမွန်လာကြတယ်။ ဒုတိယ ဒကာကြီးကတော့ သူ့ရဲ့ ရှေးမူကြီးအတိုင်း "စွန့်စွန့်" ဆိုတာကို လက်မခံဘူး၊ မလိုက်နာဘူး၊ "စားစား"ပဲ စိတ်ဝင်စားတယ်။ သူ့ခေတ်နဲ့သူ အံဝင်ခွင်ကျမဖြစ်တော့ စီးပွားရေးက တဖြည်းဖြည်း ဆုတ်ယုတ်လာတယ်။ နောက်ဆုံး သူ့အိုမင်းမစွမ်းဖြစ်ကာမှ သူ့သားက ဝင်ကိုင်တော့လဲ ခေတ်ကို လိုက်မမီတော့ပါဘူး။ မိသားစုအခြေအနေချင်း စီးပွားရေးအရ သိပ်ကွာခြားသွားတဲ့အခါ ဒုတိယဒကာကြီးပြောလေ့ရှိတဲ့ စကားကတော့ "ဒို့က . . မစားရလို့ လျှာမြက်ပေါက် ချင်ပေါက်ပါစေ၊ သူများတွေလို

http://www.dhammadownload.com

မရိုးမသားတော့ ဘယ်တော့မှ လုပ်မစားဘူး"တဲ့။ ကိုယ်ညံ့ဖျင်းလို့ စီးပွားပျက်တာကိုပဲ ကိုယ့်ခွေတ်ယွင်းချက် ကိုယ်မမြင်ဘဲ စီးပွားတက်လာသူတွေ အပေါ် မရိုးမသားသူတွေအဖြစ် မြင်နေပါတော့တယ်။

တကယ်ကတော့ တိုးတက်သွားတဲ့ မိသားစုကြီးက နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းတို့ရဲ့ ကျေးဇူးပြုမှုသတ္တိကို ခံစားကြရတာ။ စီးပွားကျဆင်းသွားတဲ့ မိသားစုကြီးက နတ္ထိပစ္စည်းနဲ့ ဝိဂတပစ္စည်းတို့ရဲ့ အစွမ်းသတ္တိကို မသိတဲ့အတွက် မစွန့်ရဲလို့ မစားကြရတာလို့ သဘောပေါက်မိပါတယ်။ မရှိခြင်း၊ ကင်းကွာခြင်းဆိုတဲ့ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းတို့ရဲ့ စွမ်းရည်သတ္တိဟာ လောကရေးရာ ဓမ္မရေးရာ အဖြာဖြာအတွက် ဒီလောက်အထိ အရေးပါတဲ့ပစ္စည်းများ ဖြစ်ပါတယ်။

အဋ္ဌကထာဆရာတော်ကတော့ နတ္ထိပစ္စည်းကို အမိုက်မှောင်ဖြစ်ပေါ်ရေးအတွက် မီးခွက်ငြိမ်းပေးရတာနဲ့ ခိုင်းနှိုင်း ဥပမာပေးပါတယ်။ ဝိဂတပစ္စည်းကိုတော့ ညဉ့်အခါ လသာနိုင်စေဖို့ အတွက် နေကကွယ်ပျောက်ပေးရတာနဲ့တူတယ်လို့ ဥပမာပေးပါ တယ်။

အများသူငါ သိသာမြင်သာစေတဲ့ ဥပမာအနေနဲ့တော့ ပုရစ်ဖူးရွက်နုတို့ ထွက်ပေါ်ဝေဆာနိုင်ရေးအတွက် ရွက်ဟောင်းတို့ကြွေပေးရတာနဲ့ တူတယ်လို့ ဆိုရင်လဲ မမှားပါဘူး။

နိဿယပြန်တဲ့ ဆရာတော်ကတော့ အဋ္ဌကထာဆရာပေးတဲ့ ဥပမာအတိုင်းပဲ-

"နတ္ထိပစ္စယော - မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေးရ၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရားရင်း"

"ဝိဂတပစ္စယော - နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရားရင်း"လို့ အနက်မြန်မာပြန်ပါတယ်။

http://www.dhammadownload.com

ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ (၂၄) ပါးသော ပစ္စည်းတရားတို့သည်။ အနန္တရေ၊ အနန္တရနယ သမနန္တခေါ်မှန်း မြတ်ပဋ္ဌာန်း၌။ ဌိတာ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘော သက်သက်ဖြင့်သာ ထင်ရှားရှိနေ၊ တည်ကြပါပေ၏။

ဧတေစတုဝီသတိပစ္စယာ၊ ထို (၂၄) ပါးသော ပစ္စည်းတရားတို့သည်။ ပစ္စယုပ္ပန္နာနံ၊ အကောင်းအဆိုး အမျိုးများပြား အကျိုးတရားတို့အား။ ဥပကာရာ၊ သျှီဝမဟော၊ ပရမေသွာ၊ ဗြဟ္မာ ဗိသနိုး၊ တန်ခိုးကြီးမား၊ နတ်ဘုရားမဖက်၊ ဓမ္မသတ္တိသက်သက် ဖြင့်သာ ကျေးဇူးပြုကြပါပေကုန်၏တကား . . . ။

ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း)

http://www.dhammadownload.com

နောက်ဆက်တွဲ သိမှတ်ဖွယ်

သိရှိမှတ်သား နှုတ်ငုံဆောင်ထားလိုသော စာဖတ်ပရိသတ်များအတွက် ပစ္စယုဒ္ဒေသပါဠိတော်နှင့် ဒုတိယမြောက် ရှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူအပ်သော ပရမတ္ထသရူပဘေဒနီကျမ်းလာ ပစ္စယုဒ္ဒေသ အနက်များကို ဖော်ပြပေးလိုက်ပါတယ်။

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော

http://www.dhammadownload.com

၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယော တိ။

"ပဋ္ဌာန်းခေါ်တွင် ပုံ"

နာနပ္ပကာရာ ပစ္စယာ၊ နာနာဝိဘဇနာနိ ဝါ။
နာနာဂမနာ ဝါ ဇတ္ထ၊ ပဋ္ဌာနံ တေန ဝုစ္စတိ။

ဇတ္ထ၊ ဤနှစ်ဆယ့်လေးနည်း ပစ္စည်းသမူဟ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌။ နာနပ္ပကာရာ၊ ဟေတုစသား များပြား ကုန်သော။ ပစ္စယာ၊ အကြောင်းတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဝါ၊ တနည်းကား။ ဇတ္ထ၊ ဤပဋ္ဌာန်းကျမ်း၌ နာနာဝိဘဇနာနိ၊ ကုသိုလ် စသော တရားတို့ကို ဟေတုစသောအားဖြင့် အထူးထူး အပြားပြား ဝေဖန်တတ်ကုန်သော ပစ္စည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဝါ၊ တနည်း ကား။ ဇတ္ထ၊ ဤပဋ္ဌာန်းကျမ်း၌။ နာနာဂမနာ၊ ထူးလည်ထွေလာ လိုလွန်စွာလျှင် အနာဝရဏ ဉာဏဂေါစရာ ကျက်စားရာ ပစ္စည်း

http://www.dhammadownload.com

တို့သည်။ သန္တိ၊ ရှိကုန်၏။ တေန၊ ထို့ကြောင့်။ တံပကရဏံ၊ ထို နှစ်ဆယ့်လေးနည်း ပစ္စည်းသမူဟ အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းကြီးကို။ ပဋ္ဌာန်၊ ပဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

"ပစ္စယုဒ္ဒေသ အနက်"

ဤအဋ္ဌကထာသင်္ဂဟဝိဂြိဟ်ပြဂါထာနှင့်ညီစွာ ပဋ္ဌာန်းကျမ်းကြီး၌လာသော ပဋ္ဌာန်းပစ္စည်း၌ ရှေးဦးစွာ ဥပမာ, ပစ္စုပ္ပန်,သဘာဝ သင်္ခါ,ပစ္စယသတ္တိ,ပစ္စည်းသရုပ်တို့နှင့် ပြည့်စုံသော ပစ္စယုဒ္ဒေသ အနက်ကို နှုတ်ရလေ့ကျက် ဆောင်ရွက် မှတ်သား စဉ်းစားကြံစည်ရမည်။

(၁) **ဟေတုပစ္စယော၊** ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရွှင်ညွှန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့။ သဟဇာတ်၊ ရူပ်နှင့်နာမ်ကို၊ သန္ဓေ,ပဝတ်၊ မလွတ်စေရ။ သဘာဝတာ၊ ဆယ့်နှစ်ဖြာတွင်။ ကောင်းစွာခိုင်ကျည်၊ တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားဝင်း။

(၂) **အာရမ္မဏပစ္စယော၊** တောင်ဘေးကြိုးတန်း၊ သူမစွမ်းကို၊ မပမ်းရလေ၊ ထိုင်,ထစေသို့။ စိတ်,စေလေးတန်၊ နာမက္ခန်ကို။ ဖြစ်ဟန်တူစွာ၊ ရှစ်သဘာတွင်၊ ဆွဲငင်ထောက်ရာ အာရုံ၏ အဖြစ်တည်းဟူသော အာရမ္မဏ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံခြောက်ပါး ပစ္စည်းတရားဝင်း။

http://www.dhammadownload.com

(၃) **အဓိပတိပစ္စယော**၊ စကြာဘုန်းဌ၊ များဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့။ ဟသိ, မောဟ။ ကြဉ်ပသည့်ဇော၊ လောဘ မူလ၊ အဌပုညာ၊ ကြိယာသမ္ဘယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့် ခြောက်ပါးတွင်။ ကြီးမားလွန်းမိုး၊ အစိုးရခြင်း ဟူသော အဓိပတိ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသဟူသော သဟဇာတာဓိပတိ လေးပါး, ဒုက္ခသဟ၊ မောဟကြဉ် စိတ်၊ ဣဌနိပ္ပန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏာဓိပတိခြောက်ပါး ပစ္စည်း တရားဝင်း။

(၄) **အနန္တရပစ္စယော**၊ ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို။ မကွေတူစွာ၊ ခုနစ်ဖြာ တွင်၊ သမာနဇာတ်။ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တရသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ် ခန္ဓာ လေးပါး အနန္တရပစ္စည်းတရားဝင်း။

(၅) **သမနန္တရပစ္စယော**၊ စည်းစိမ်မဖက်၊ တောကြီး ထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့။ အခြားမဲ့နေ၊ စိတ်နှင့်စေကို။ မကွေပြိုင်ဘက်၊ ခုနစ်ချက်တွင်။ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ ဆောင်လစ်ပမာ၊ ကောင်းမွန်စွာ လျှင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော သမနန္တရသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာ လေးပါး သမနန္တရပစ္စည်းတရားဝင်း။ (ဤနှစ်ပစ္စည်းတို့၌ ဥပမာကား ကျမ်းဂန်မလာ၊ ဆရာကြီးတို့ ဆောင်ကြသောပုံတည်း။ ယင်းပုံလည်း ရှေ့ နောက်ပြန်ရလျှင် သာလွန်၍ သင့်အံ့သည်)။

http://www.dhammadownload.com

(၆) **သဟဇာတပစ္စယော၊** အလင်းဖြစ်မှု၊ ဆီးမီးပြုသည်၊ တန္တြပမာ။ သဟဇာတ၊ နာမနှင့်ရူပ်၊ ဘူတုပ္ပါဒါ၊ သန္ဓေခါလည်း၊ ဝိပါဝတ္ထု၊ ယင်းခြောက်ခုအား။ တူကြားအဌ၊ သဘာဂတွင်။ တကွ မသွေ ဖြစ်စေခြင်းဟူသော သဟဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘု၊ ဝတ္ထု,ပါက၊ သဟဇာတခြောက်ပါး ပစ္စည်းတရားဝင်း။

(၇) **အညမညပစ္စယော၊** သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ ဥပကာရာ၊ ထောက်ပံ့လာသော၊ နာမ် မဟာဘု၊ ဝတ္ထု, နာမ်အား။ တူရှစ်ပါးတွင်။ ထောက်ထားလှန်ပင်း၊ အချင်းချင်းဟူသော အညမည သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘု၊ ဝတ္ထု,ပါက၊ အညမညသုံးပါး ပစ္စည်းတရားဝင်း။

(၈) **နိဿယပစ္စယော၊** သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို့၊ နှစ်ထွေရှုပ်,နာမ်၊ သဟဇံအားဝင်း။ စိတ္တကမ္မ၊ ပဋ္ဌပုံဟန်(ပန်းချီသမား၊ နောက်ခံထားသည့်၊ ကားချပ်ပုံဟန်)၊ သတ်ဝိညာဏ်အားဝင်း။ တူမှန်သဘာ၊ ဆဲ့သုံးဖြာတွင်။ တည်ရာမှီရာ ဟူသော အမိဌာနာ ကာရ, နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နာမ်,မဟာဘု၊ ဝတ္ထု,ပါကဟူသော သဟဇာတနိဿယ ခြောက်ပါး၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော ပုရေဇာတ နိဿယခြောက်ပါး ပစ္စည်းတရားဝင်း။

(၉) **ဥပနိဿယပစ္စယော၊** မိုးနှင့်မကင်း၊ စုံခပင်းကို၊ မိုးတွင်း ခြိမ့်အုန်း၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့။ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အား။ ဆဲ့လေးပါးတွင်၊ အားကြီးသော မှီရာအကြောင်း၏

http://www.dhammadownload.com

အဖြစ်တည်းဟူသော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်းလက္ခဏာ ရှိသော ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏူပနိဿယ၊ ရှေးရှေးသော နာမက္ခန်ဟူသော အနန္တရူပ နိဿယ၊ ဗလဝရုပ် စိတ္တုပ်ပညတ်ဟူသော ပကတူပနိဿယသုံးပါး ပစ္စည်း တရားဝင်း။ (ဤဥပမာလည်း အဋ္ဌကထာမရှိ)

(၁၀) ပုရေဇာတပစ္စယော၊ အလင်းမှီနေ၊ မျှားပိုလ်ခြေကို၊ ကပ္ပေ စစ္စာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့။ နောက်မှ ဖြစ်လေ၊ စိတ်နှင့်စေအား။ တူကိုးပါးတွင်၊ ရှေးဖျားဖြစ်၍၊ ပစ္စုပ္ပန္နေ၊ ပုရေဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ၊ နိပ္ဖန္နရုပ်ဟူသော အာရမ္မဏပုရေဇာတနှစ်ပါး ပစ္စည်း တရားဝင်း။(ဤလည်း အဋ္ဌကထာမလာ)

(၁၁) ပစ္ဆာဇာတပစ္စယော၊ ဂိဇ္ဈပေါတက(လင်းတပေါက်စ)၊ သရီရအား၊ အာဟာရဝယ်၊ တာတွယ်အာသာ၊ စေတနာသို့။ ပုရေ ဇာတ၊ ရူပ်ဓမ္မအား။ မျိုးလေးပါးတွင်။ နောက်ပါးဌ ဖြစ်သဖြင့်၊ ထောက်ပံ့ခိုင်မာ၊ ပစ္ဆာဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နောက်နောက် ပဋ္ဌဝေါကာ နာမ်ခန္ဓာလေးပါး ပစ္စည်း တရားဝင်း။

(၁၂) အာသေဝနပစ္စယော၊ နောက်နောက်မွန်လေး၊ သာလွန်မွှေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့။ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာ ကုသလ၊ ကြိယသဘော၊ နောက်နောက် ဇောအား။ တူခြောက်ပါးတွင်။ ခွန်အား ဟုန်ပြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ

http://www.dhammadownload.com

ရှိသော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီသ၊ အာသေဝန သုံးပါး၊ ပစ္စည်းတရားငင်း။

(၁၃) **ကမ္မပစ္စယော**၊ သစ်ပင်တို့အား၊ မျိုးစေ့လားသို့။ ကြွင်းငြားတူလတ်၊ သဟဇာတ်နှင့်၊ ကဋ္ဌတ္တာဝိပါက်၊ ဤနှစ်ချက်အား။ တဆဲ့ငါးတွင်။ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမှုအရာဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ် စေတနာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ် စေတနာဟူသော နာနာက္ခဏိကကမ္မ နှစ်ပါး ပစ္စည်းတရားငင်း။

(၁၄) **ဝိပါကပစ္စယော**၊ ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့။ မကွေဖြစ်လတ်၊ သဟဇာတ်အား။ မျိုးရှစ်ပါးတွင်။ အင်အားချည့်ပမ်း၊ ငြမ်းချမ်းစေလျှက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါက ပစ္စည်းတရားငင်း။

(၁၅) **အာဟာရပစ္စယော**၊ မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့။ နှစ်ပါးသဟဇ၊ ရူပ်နှင့် နာမ်အားငင်း, လေးတန်သန္တတိ သမုဋ္ဌာနိကရူပ်အားငင်း။ ယထာက္ကမ၊ ဒွါဒသမျိုး တူတွင်၊ ဆောင်ယူထောက်ပံ့ခြင်း ဟူသော အာဟာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ, စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရ သုံးပါး၊ အဇ္ဈတ်ဗဟိ၊ စတုသမုဋ္ဌာနိကဩဇာဟူသော ရူပ်အာဟာရပစ္စည်းတရားငင်း။

(၁၆) **ဣန္ဒြိယပစ္စယော**၊ တပြည်တွင်း၌၊ ချင်းချင်းမဟန့်၊ သီးမသန့်ပဲ၊ ခွဲခန့်ပိုင်စား၊ မင်းအမျှားသို့။ သုံးပါးပြားလတ်၊ သဟ

http://www.dhammadownload.com

ဇာတ်နှင့်၊ ဓာတ်ပဥ္စဝိညာဏ၊ ကမ္မဇရုပ်အား။ တူဆဲ့ငါးတွင်။ အခြားမသွေ၊ မိမိသို့လိုက်စေခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး ဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက၊ ပသာဒရုပ်ငါးခုဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါး ပစ္စည်းတရားဌင်း။

(၁၇) **ဈာနပစ္စယော၊** သစ်ပင်တောင်ငူ၊ တက်သသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့။ နှစ်ပါး ရုပ်နာမ်၊ သဟဇံအား။ ဆဲ့တပါးတွင်။ ထင်ရှား တပ်တပ်၊ ကပ်၍ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဥ္စဝိည်ကြဉ် စိတ်မှာယှဉ်သည့် ဈာနင်ခုနစ်ပါး ပစ္စည်းတရားဌင်း။

(၁၈) **မဂ္ဂပစ္စယော၊** ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့မသွေ။ သဟေတုကတ်၊ သဟဇာတ်အား။ ဆဲ့သုံး ပါးတွင်။ ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လစ်ဆူလှယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆဲ့နှစ်ပါး ပစ္စည်းတရားဌင်း။

(၁၉) **သမ္ပယုတ္တပစ္စယော၊** စတုမဓူ၊ ရောသည့်တူသို့။ လေးဆူနာမ်အား။ ခုနစ်ပါးတွင်။ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တပစ္စည်းတရားဌင်း။

(၂၀) **ဝိပ္ပယုတ္တပစ္စယော၊** ခြောက်ထွေရသာ၊ ပေါင်းရောပါသို့။ သဟဇာရုပ်၊ ဝတ္ထုပ်,သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကို။

http://www.dhammadownload.com

ထူးပြားသဘာ၊ ဆဲ့သုံးဖြာတွင်။ နာနာဘာဝ၊ မယှဉ်ကြခြင်းဟူသော ဝိပွယုတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ ပဋ္ဌဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်စေ၊ သန္ဓေ,ဟဒယစသော သဟဇာတဝိပွယုတ်, ပုရေဇာတဝိပွ ယုတ်,ပစ္ဆာဇာတဝိပွယုတ်သုံးပါး ပစ္စည်းတရားဝင်း။ (အာဒိသဒ္ဒါနှစ်ခုဖြင့် အစဉ်အတိုင်း ဝတ္ထုပုရေဇာတနိဿယ, ပစ္ဆာ ဇာတ နှစ်ပါးတို့၏ ပစ္စယုပွန်နှင့် ပစ္စည်းကို ညွှန်းသည်)

(၂၁) အတ္ထိပစ္စယော၊ မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရွှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့။ တွက်ရေကုံထံ၊ ရုပ်နှင့်နာမ်အား။ ဆဲ့ငါးပါးတွင်။ ထင်ရှားရှိခိုက်၊ အထိုက်လျော်ထ၊ ဥပတ္ထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထို ရုပ်နာမ်ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာ ဟာရတ္ထိ, ဣန္ဒြိယတ္ထိ ငါးပါး ပစ္စည်းတရားဝင်း။ (ဤအတ္ထိငါးပါးသည် အစဉ်အတိုင်း သဟဇာတ,ပုရေဇာတ,ပစ္ဆာဇာတ,ရုပ်အာဟာရ, ရူပဇီဝိတိန္ဒြိယငါးပါးတို့နှင့်တူ၏။ ထို့ကြောင့် အကျဉ်းမျှသာ အနက် သမ္ဘန်လိုက်သည်။)

(၂၂) နတ္ထိပစ္စယော၊ မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိ ပစ္စည်းတရားဝင်း။ (အနန္တရနည်းတူ)

(၂၃) ဝိဂတပစ္စယော၊ နေရောင်ပျောက်ကင်း၊ လရောင် လင်းသို့၊ ချုပ်ကင်းသော အဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ဝိဂတပစ္စည်းတရားဝင်း။ (အနန္တရနည်းတူ)

http://www.dhammadownload.com

(၂၄) **အဝိဂတပစ္စယော**၊ ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ မချုပ်တင်းလင်း၊ မကင်းသောအဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရားငင်း။ (အတ္ထိနည်းတူ)

(ကမ္မပစ္စည်းမှ စ၍ ဥပမာစုလည်း အဌကထာမရှိ)။

ဣတိ၊ ဤသို့။ စတုဝိသတိပစ္စယာ၊ နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏေ၊ အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်းကြီး၌။ ဌိတာ၊ တည်ကုန်၏။

ဣမိနာနန္တဋ္ဌာနမ္ပိ၊ ဆေကော ဘဝေမိ သဗ္ဗမိ။
သိတ္တာ နာဝါဝ နိဗ္ဗာနံ၊ လောကေ ကုဟိဋ္ဌိနာလယံ။

အဟံ၊ ငါသည်။ ဣမိနာ ပုညကမ္မေန၊ ဤပစ္စယုဒ္ဒေသ၊ နိဿယကို၊ ရွရွနှုတ်တက်၊ ဆောင်ရွက်ကျက်မှတ် ရွတ်ဘတ်ဖွေနည်း၊ ကြံစည်မြဲမြံ၊ ကုသိုလ်ကံကြောင့်။ သဗ္ဗမိဘဝေ၊ ဘဝတိုင်း၌။ သဗ္ဗမိ အနန္တဋ္ဌာနမ္ပိ၊ ကြွင်းမဲ့ကုန်စင် မထင်ဆုံးကမ်း ပဋ္ဌာန်းကျမ်း၌။ ဆေကော၊ တတ်ပွန်သိမြင် ကျွမ်းကျင်လိမ္မာသည်။ ဧမိ၊ ဖြစ်ရလို၏။ သိတ္တာ၊ လေးသည့်ရေဝန် ပက်သွန် ပြီးသော။ နာဝါ၊ လှေသည်။ တိတ္ထံ၊ လိုရာဆိပ်ကမ်းသို့။ ဧတိဣတိ၊ မတွယ်မတာ လျင်စွာ ထုတ်လျှောက်ရောက်သကဲ့သို့။ ကုဟိဋ္ဌိ လောကေ၊ ရူပ သဒ္ဒ စသည့် အာရုံ တစ်စုံတခုသော လောက၌။ အနာလယံ၊ မတွယ်မတာ ဆိတ်စာမထောင့်သည် ဖြစ်၍။ နိဗ္ဗာနံ၊ အမတမွန် ငြိမ်းရာမှန်သည် နိဗ္ဗာန်ပြည်နန်းသို့။ ဧမိ၊ လျင်စွာ ထုတ်ချောက်ရောက်ရလို၏။

ပစ္စယုဒ္ဒေသအနက် ပြီး၏။

❑

http://www.dhammadownload.com

http://www.dhammadownload.com